ကျေးဇူးရှင်

## ဝေဘူဆရာတော်ဘုရားကြီး၏

# အကာလိက

## တရားတော်များ




ဓမ္မာစရိယဦးဌေးလှိုင်

စုစည်းစီစဉ်သည်။


ဝေဘူဆရာတော်ဘုရားကြီး၏ အကာလိက တရားတော်များ ● ဓမ္မာစရိယဦးဌေးလှိုင်

## ကျိန်းသေပေါက် ချမ်းသာနည်း

- ယုံယုံကြည်ကြည်
- လုံ့လဝီရိယရှိရှိနှင့်
- ထိမှု - သိမှုကိုသာ

တစ်ဆက်တည်းဖြစ်အောင် ကြည့်နေ၊

ထွေလီကာလီတွေ လိုက်မလုပ်နှင့်၊

- ယခုလုပ်၊
- ယခု မီးငြိမ်း၊
- ယခုချက်ချင်းပဲ ချမ်းသာတယ်။

(အကာလိကော)

ကျေးဇူးရှင်

ဝေဘူဆရာတော်ဘုရားကြီး

(၁၂၅၇ - ၁၃၃၉)



ကျေးဇူးရှင်

ဝေဘူဆရာတော်ဘုရားကြီး၏

# အကာလိက

တရားတော်များ

ဓမ္မာစရိယဦးဒွေးလှိုင်

စုစည်းစီစဉ်သည်။

ပုံနှိပ် - ထုတ်ဝေ မှတ်တမ်း

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် - ၇၀၀ / ၂၀၀၁ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် - ၇၄၈ / ၂၀၀၁ (၁၂)

၂၀၀၂ - ခုနှစ် ၊ ဇန်နဝါရီလ
ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀ကျပ်

မျက်နှာဖုံးဒီဇိုင်းနှင့်ဖလင် - 21[st] Century Graphic Design
အတွင်းဖလင် - ဦးထွန်းဆိုင်
ကွန်ပျူတာစာစီ - ဝင်းမောက်/ပန်းစွယ်တော်
စာအုပ်ချုပ် - နိုင်မိသားစု

ထုတ်ဝေသူ
ဒေါ်ကြင်မြင့် (မြ - ၀၂၀၀၉)

ဗုဒ္ဓအသံစာပေ
အမှတ် - ၁၉ ( စ)၊ မြစ်ပယ်လမ်း၊
၈-ရပ်ကွက်၊ ဇွဲစုံရပ်၊ ကမ္ဘာအေး
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၆၆၅၂၁၁

အဖုံး-အတွင်းပုံနှိပ်သူ
ဦးလှချို (၀၄၈၂၉)
တိုက်ဂါးအော့ဖ်ဆက်
၁၅၊ သုဒ္ဓသနလမ်း၊ ကျောက်မြောင်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၅၁၈၃၅

# SELECTED DISCOURSES of WEBU SAYADAW

Published by
The International Meditation Centres
in the Tradition of Sayagyi U Ba Khin

Dhamma Texts Series 3

၁၉၉၂ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး မစ္စတာ ရိုဂျာဘိရှော့ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဩစတြေးယား ဓမ္မရောင်ခြည် စေတီဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ တရားဌာနက ထုတ်ဝေခဲ့သော စာအုပ်မျက်နှာဖုံး၊ (ရှေ့ဦးနိဒါန်းတွင် ရှု)။

# The Essential Practice

## Dhamma Discourses of Venerable Webu Sayadaw

### Part 1

THE WHEEL PUBLICATION NO 375/376

၁၉၉၁-ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့ ဗုဒ္ဓစာပေထုတ်ဝေရေး အသင်းကြီးက ထုတ်ဝေခဲ့သော အင်္ဂလိပ်လူမျိုး မစ္စတာ ရိုဂျာ ဘိရှော့ ၏ အင်္ဂလိပ်ဘာသာပြန် စာအုပ် အမှတ် (၁) မျက်နှာဖုံး (ရှေးဦးနိဒါန်း တွင် ရှု)

# မာတိကာ

ရှေးဦးနိဒါန်း ------------ ၇

၁။ လမ်းဆုံးအောင်လျှောက် တရားတော် ၁၁-၄၆
(သည့်ထက်ကောင်းတဲ့ ဘ၀မရှိ၊ တစ်ရှူ တစ်ရှိုက်ထဲက
သစ္စာ၊ ပြောမကုန်နိုင်တဲ့ချမ်းသာ၊ ရဟန်းဘ၀ ဇိမ်ကျသည်
ထင်သူ၊ ချက်ချင်းပေါက်တဲ့ ထိ၊ အိပ်မပျော်နိုင်သော
ဘုရင့်စည်းစိမ်၊ )

၂။ တစ်ခုတည်းနှင့် အကုန်ပြီးသောအကျင့် တရားတော် ၄၇-၇၈
(ဝိရိယကောင်းဖို့သာလို၊ ခေတ်အဆက်ဆက် အောင်ပွဲ၀င်၊
ယူချင်ရင် ရတာချည်းပဲ၊ အသာဆုံး ချည်းဖြစ်အောင်
လုပ်၊ အောင်နိုင်သူ၏ သည်းခံခြင်း၊ အကုန်ပြီးမယ့်
တစ်ခုတည်း ---။)

၃။ ယခု နေရာကျမှ ဖြစ်မယ် တရားတော် ၇၉-၁၁၅
(သွားမှရောက်မယ်၊ ရှင်ဘုရင်လုပ်ရင်းလဲရ၊ ကျွန်ကိုရှိခိုးတဲ့
ဘုရင်မကြီး၊ သက္ကာစွနည်းရင် အောက်တန်းကျ၊ နေ့ခင်း
ကြောင်တောင် မီးပူဇော်၊ အရှင်အာနန္ဒာကို အထင်လွဲ၊
နောက်ဘုရား ဘယ်က စောင့်မလဲ---။)

၄။ မဂ္ဂင်ဖောင်ကြီး အသင့်စီး တရားတော် ၁၁၇-၁၄၉
(အခွင့်ကောင်း---။ ရှိသေ ကိုယ်တိုင်လုပ် နှိမ့်ချ၊ သက္ကာစွ
အတုံ့အလှည့်၊ ဝိသာခါ တရားအလှူဆင်ပုံ၊ ရုပ်တွေ
နာမ်တွေ မခေါ်တတ်ပေမယ့်၊ တစ်သီတည်း သိနေပါ--။)

၅။ အပ္ပမာဒေန သမ္ပာဒေထ တရားတော် ၁၅၁-၁၇၅
(သာသနာတည်အောင်---၊ အလုပ်ထဲမှာ တရားပါ၊
ဘုရားကြိုက်ရင် အများကြိုက်မယ်၊ သူ့ ကြည်ညိုရင်
သူခိုင်းတာလုပ်၊ ထိသိထဲမှာ အကုန်ပါ၊ တကယ့်
အာမဘန္တေ ---။)

၆။ **မေတ္တာစိတ်ထား ရှေ့သွားပြု၍ တရားတော်** ၁၇၇-၂၀၂

(ဘုရားရှင်လက်ထက်ကနှင့်မထူး၊ ဒါကမှ ပိုရှင်းတာဗျာ့၊ သူ့အကြိုက်လိုက်မှ ချမ်းသာရ၊ စိတ်မဆိုးနဲ့-ကျေးဇူးတင်၊ သူမကြိုက်ရင် ကိုယ်ညှိလို့၊ မိဘမေတ္တာ၊ အင်္ဂုလိမာလ တောင်မှ၊ ခုထိ ငါနေရာ မကျသေး --- ။)

၇။ **အလုပ်ထဲမှာ တရားပါ တရားတော်** ၂၀၃- ၂၂၇

(အလုပ်ကမအားသေးလို့၊ အသက်ရှူ တတ်ရင် ထတ်ပြီ၊ ဝီရိယတွေ ဘာလို့ချန်ထား၊ ညကို အခိုးလွှတ်-နေ့ကို အလျှံလွှတ်၊ စည်းပွား ဥစ္စာ ရှာဖွေသုံးစွဲနည်း၊ ဆေးလိပ် သောက်တဲ့ရလဒ်၊ မတောင့်တဘဲ ရတဲ့ အကျိုးတွေ --။)

၈။ **လောကီရတနာနှင့် ဓမ္မရတနာ တရားတော်** ၂၂၉- ၂၄၉

(လိုမှန်းသိမှ ဖြည့်လို့ရ၊ စာအံ, စာကျက်သလို၊ ပိုက်ဆံ ထုပ်ကြီးရိုသေ လေးစားသလို၊ ဓမ္မရတနာထုပ်ကြီး မေ့ကျွန်ခဲ့ရင်။)

၉။ **အပြောရပ်ကြစို့ တရားတော်** ၂၅၁-၂၆၁

(ထိနမိဒ္ဓ ရန်သူတိုက်နည်း၊ သေသူ၏ ဝိညာဉ်အတွက် အလုပ်ရှုပ်၊ စိပ်ခဲ့ရတဲ့ ပုတီးတွေ၊ တစ်ခုသိရင် အကုန်သိ မယ်။)

၁၀။ **ဒီတခါမှ နေရာမကျလျှင် တရားတော်** ၂၆၃-၂၈၁

(တာဝန်ဝတ္တရားဖြည့်မှ သီလပြည့်၊ ဝေယျာဝစ္စထဲမှာ တရားပါ၊ ရှင်ဘုရင်-သူဌေး ဖြစ်ချင်သေးလား၊ တစ်ခါ နေရာမကျ ဒုက္ခအသချေ၊ ရဟန္တာနှင့် ဝတ်ကြောင်---။)

၁၁။ **အရိယူပဝါဒ ကံကြီးထိုက်သူ တရားတော်** ၂၀၃- ၂၉၉

(ဝိဇ္ဇာစရဏ တွဲလုပ်မှ၊ သိကြားရှိခိုးခံရအောင်၊ နားပိတ် ထားတိုင်း အကောင်းမဟုတ်၊ ကြောက်စရာ အရိယာ ပြစ်မှား မှုကြီး ---။)

၁၂။ **ဝီရိယကို ဆောင် အကျိုးမရှိတာရှောင်** ၃၀၁-၃၁၂

(ကိုယ့်ဝေစု အရယူထား၊ ပါရမီရှိမှလို့ ဘုရားမဟော၊ အကျိုး ရှိအောင် ပြောတတ် - လုပ်တတ်မှ။)


**မာတိကာပြီး၏။**

# ရှေးဦးနိဒါန်း

- ရွှေပြည်သနစ် သာသည်ခေတ် စိစစ်ကြကုန်မင်း။
- ထူးမြတ်စွာလှ လူ့ဘဝ နှမြောကြကုန်မင်း။
- လူဖြစ်ကျိုးမှ မခံရ ရှုံးလှချေ၏မင်း။
- ဘဝတိုင်းရှုံး လူ့ကျောက်တုံး စုန်းစုန်းမြုပ်၏မင်း။

**(ထွင့်ခေါင် ဆရာတော်ကြီး)**

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ အဆိုအမိန့် အဆုံးအမများကို ဘယ်အချိန်ဖတ်ဖတ်၊ မရိုးနိုင်ပါ။ ဖတ်တိုင်းဖတ်တိုင်း အသိဉာဏ်တိုးပါသည်။ ကိုယ်နေရာ မကျတာတွေ ပို၍ မြင်လာရသည်။ အသွင်မတူသော လောကကြီးထဲမှာ ဘယ်လိုနေထိုင်ရမည်ကိုလည်း ပီပီပြင်ပြင် သွန်သင်ပေးသည်။ တရားနာခံ ဦးလှကလည်း ပုထုဇဉ်တို့၏ ယောင်ချာချာဘဝကို သရုပ်ပေါ်အောင် 'အပို့' ကောင်းလှပါ၏။

စာကြီးပေကြီး အကိုးအကား အဆုံးအဖြတ်တွေ မပါ၊ စကားတန်ဆာ မဆင်၊ ပုထုဇဉ်တို့၏ စရိုက်၊ နေ့စဉ် နေနည်း ထိုင်နည်း အရပ်သုံးစကားများဖြင့် ဟောပြသွားရာ ခေါင်းနားပမ်းကြီး ကြက်သီးထလောက်အောင် ခံစားကြရပါသည်။ စကားလုံးတိုင်း စကားလုံးတိုင်း ရင်ထဲဝင်သွားသည်နှင့် 'ဟင်း' တစ်လုံး ချကြရသည်။

ဒါသည်ပင် ဆရာတော်၏ ပဋိဝေဓဖြစ်၏။

စာအုပ်ဖတ်ရင်း ရပ်တန့် ရပ်တန့်သွား၏။ ဆက်ဖတ်လို့မရ။ ကိုယ့်ကို ကိုယ် မေးခွန်းထုတ်နေမိ၏။

'တရားလုပ်နည်းကတော့ အလွယ်ကလေးပဲ၊ မင်း...ဒီဘဝ အပြတ် လုပ်နိုင်မလား? ဘာဆင်ခြင်ပေးချင်သေးလဲ?၊ ဝေ့လည်ကြောင်ပတ် လုပ်ခဲ့တာ

ကြာပြီကော၊ မဆိုင်တဲ့လူတွေ ထည့်အကြောင်းပြမနေနှင့်၊ ကိုယ့်ဟာကိုယ်ပဲ မေး၊ ဒီဘဝပြတ်အောင် မလုပ်နိုင်ရင် ဘဝတွေ ဘယ်လောက်ကျန်ဦးမယ် ထင်သလဲ။ အများကြီးလား? နည်းနည်းလေးလား?။ မင်း နတ်ပြည် ဗြဟ္မာပြည်မှာ တစ်ထောက်နားလို့ပဲဖြစ်ဖြစ်၊ တိရစ္ဆာန်အပါယ်ဘုံ အစဉ် စုန်လို့ပဲဖြစ်ဖြစ်၊ မင်း လူ့ပြည်တစ်ခေါက် ပြန်ရောက်လာရင် သာသနာက ရှိပါဦးမလား?။

စာတစ်ကြောင်းဖတ်ရင်း လန့်ဖျတ်ရပ်သွားကာ မေးခွန်းတွေက တသီကြီး ဝင်လာ၏။ ဝီရိယနည်းတာ၊ ဖျင်းတာကလွဲလို့ ဆင်ခြင်ပေးစရာမရှိ။ 'ဤကဲ့သို့ အဖိုးမဖြတ်နိုင်တဲ့ အဆုံးအမတွေ ရပြီးမှ သိလျက်ငုတ်တုတ် မေးနေမိပါ၏။ ဒါတောင်မှ ပြတ်သားသောအဖြေ ထွက်မလာသေး။

*ယခုဘဝ၊ မသိကြမှု၊ အမှတမည်ခေါ်၊
ရွှေပြည်တော်၊ အစော်မနံလျှင်း။

(ထွင့်ခေါင်ဆရာတော်)

ဆရာတော့်အဆုံးအမများ ကိုယ်တိုင်ခံစားကြရသဖြင့် တန်ဖိုးသိခဲ့ကြ၏။ တန်ဖိုးသိ၍ တိပ်ခွေသွင်းကာ အမြတ်တနိုး သိမ်းဆည်းနာယူကြ၏။ တိပ်ခွေမှ စာကူးကာ လက်နှိပ်စက်ရိုက်၍ ဖတ်ရှုကြ၏။ ပုံနှိပ်စာအုပ် ထုတ်ဝေ ဓမ္မဒါန ပြု၍လည်း ကြိုးစားကြ၏။ စာအုပ်များ ဖြစ်မလာ။

ဆရာတော် တပည့်များတွင် ပဋိပတ္တိအမွေခံများ များလှသော်လည်း စာပေမွေခံသူ၊ ဆက်လက်ဖြန့်ချိ ဟောပြောသူ ထွန်းထွန်းပေါက်ပေါက် မရှိ။ စာရေးသူကား ဖူးတွေ့ရသည့်အချိန်ကစ၍ အတ္တုပ္ပတ္တိ၊ တိပ်ခွေ၊ ဟောစာ လက်နှိပ်စက်မှုများ ရနိုင်သမျှ စုဆောင်းထားပါသည်။

စာရေးသူမှာလည်း ခိုင်လုံသော အကြောင်းပြစရာမရှိ။ ဝေ့လည်ကြောင်ပတ် နေ့ရွေ့ ညရွေ့နှင့် နှစ်ပေါင်း ၃၀–ခန့် အချိန်တွေ မျောခဲ့၏။ တကယ် မမြတ်နိုး တန်ဖိုးမထားသကဲ့သို့ ဖြစ်ခဲ့ရသည်။ မညာမတာ ပြောရလျှင် သဒ္ဓါ၊ ဝီရိယနည်း ခြင်းကလွဲ၍ အခြားမရှိ။ အသံသွင်းကြိုးခွေ အဝိုင်းကြီးမှ ကက်ဆက်၊ စာစီပုံနှိပ်စက်ခေတ်မှ ကွန်ပျူတာ ခေတ်ကလည်း ချက်ချင်း ပြောင်းလဲသွား၏။ လူပျင်းများအဖို့ အကြောင်းပြစရာတော့ ဖြစ်ခဲ့သည်။

စာအုပ်ထုထည်က ကြီး၊ အရင်းအနှီးကလည်း များ၊ ၅သိန်း၊ ၆သိန်း ရင်းထားရသော အုပ်၂၀၀၀–လောက်ကို ၅–နှစ်မှ ၁၀–နှစ်အထိ စောင့်ရောင်း ရသဖြင့် စီးပွားရေးတွက် တွက်လို့မရ။ စာအုပ်လုပ်ငန်း စကတည်းက စာရေးသူမှာ ကျော်ကြားမှုနှင့် ဤအမြတ်အစွန်း ဆန္ဒ မရှိသလောက် နည်းပါးခဲ့ပါ၏။ အကြောင်းအမျိုးမျိုးကြောင့် ၁၀–နှစ်ကျော်ကျော် ဘာစာမျှ မရေးဖြစ်, အသစ်မထုတ်ဝေဖြစ်ခဲ့ပါ။

ရံခါ စိတ်ပြေလက်ပျောက် ဆရာတော်ကိုလည်း အောက်မေ့လှသဖြင့် ပုံမနှိပ်ဘဲ ပစ်ထားမိသော ဆရာတော့် တရားစာများကို ဖတ်မိသောအခါလည်း ဖတ်မိ၏။ ဘဝတစ်ခုလုံး ပြောင်းလဲ တိုးတက်စေနိုင်သော အဆုံးအမများကြောင့် ကြက်သီးထလောက်အောင် ဝမ်းမြောက်ကြည်နူးရ၏။ 'ငါ့တာဝန်တွေ ပျက်ကွက်နေပါပကော'ဟူသော စိတ်က ကြည်နူးမှု၏နောက်က ဆက်၍ လိုက်ပါလာ၏။

## မစ္စတာရိုဂျာ ဘိရှော့၏ ကျေးဇူး

ထိုကာလအတွင်း သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့မှ ဗုဒ္ဓစာပေထုတ်ဝေရေး အသင်းကြီး (Buddhist Publication Society)က ၁၉၉၁–ခုနှစ်တွင် The Essential Practice, Dhamma Discourses of Venerable Webu Sayadaw အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်စာအုပ် ထုတ်ဝေလိုက်သည်။

အင်္ဂလိပ်လူမျိုး မြန်မာစာ ကောင်းစွာတတ်သူ လူငယ်, မြန်မာအမည် 'မောင်ငြိမ်းချမ်း'ခေါ် ရိုဂျာ ဘိရှော့ (Roger Bischoff)က အင်္ဂလိပ်လို ဘာသာပြန်သည်။ သူ့အမှာနိဒါန်းတွင် စာရေးသူ၏ အမည်နှင့် သန္တိဋ္ဌိက တရားတော် စာအုပ်နိဒါန်းပါ အချက်အလက်များကို ကိုးကားပြီးကျေးဇူးစကား ဖော်ပြထား၏။

တစ်ဖန် မစ္စတာရိုဂျာ ဘာသာပြန်သော တရားအရှည် ၈–ပုဒ်၊ မတိုမရှည် ၆–ပုဒ်၊ ၁၉၇၈–ခုနှစ်က သာသနာရေးဦးစီးဌာနတွင် စာရေးသူ စိစဉ်ရိုက်နှိပ်ခဲ့သော 'တရားအနှစ်သာရများ' (The Essence of Buddha Dhamma) စာအုပ်ငယ်နှင့် ဆရာကြီး ဦးဘခင်အကြောင်းများ အပါအဝင် စာမျက်နှာ ၂၅၀၊ ဆိုက်ကြီးစာအုပ်တစ်အုပ် သြစ တြီးယား ဓမ္မရောင်ခြည်စေတီဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ တရားဌာန (The International

Mcditation Centre)က ၁၉၉၂–ခုနှစ်တွင် ထုတ်ဝေခဲ့ပြန်သည်။

ကျေးဇူးရှင် ဝေဘူဆရာတော်၏ တရားအဆုံးအမများကို အင်္ဂလိပ်စာဖတ် ပရိသတ်များပင် ရရှိလာကြပြီဖြစ်၍ ဝမ်းသာစရာ ကောင်းပါ၏။ မစ္စတာရိဂျာနှင့် ဆရာကြီး ဦးဘခင် တရားဌာန၏ ကျေးဇူးပါပေ။

**ဘယ်တော့မှ မရိုးတဲ့ ဓမ္မ**

စာရေးသူလည်း မည်သို့သော အကြောင်းကိစ္စ ရှိသည်ဖြစ်စေ၊ ပုံမနှိပ်ရသေးသော ဆရာတော်ကြီး၏ တရားစာများကို ဆက်လက်ထုတ်ဝေပေးသွားမည်ဟု အခိုင်အမာ ဆုံးဖြတ်လိုက်ပါသည်။ ယခု 'အကာလိက တရားတော်များ' ထုတ်ဝေလိုက်ပါ၏။

'လောကကြီးတစ်ခုလုံးကို ထွင်းဖောက်သိမြင်သော အရိယာသူတော်ကောင်းကြီးများ၏ စကားလုံး တစ်လုံးတလေမျှပင် ပျောက်ဆုံး မသွားစေသင့်' ဟူသော အသိသည် (ဤတရားစာအုပ် တည်းဖြတ်ရိုက်နှိပ်သောအခါ) ပို၍ လင်းချင်းလာပါသည်။

'သတဉ္စ ဓမ္မော န ဇရံ ဥပေတိ'ဟု ဟောတော်မူသည့်အတိုင်း နှစ်ပေါင်း ၂၅၀၀–ကျော် ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း ဗုဒ္ဓစကားတော်များသည် ဟောင်းနွမ်းခြင်း၊ ရိုးသွားခြင်းမရှိ၊ အမြဲလတ်ဆတ် သစ်လွင်နေသကဲ့သို့ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ တရားတော်များကိုလည်း ဤဥပမာ အတိုင်းပင် ခံစားကြရလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း...။

ဝီရိယသန်သန်နှင့် မှန်မှန်တစ်ခုကို
တဆက်တည်း ဆောင်နိုင်ကြပါစေ။

ဌေးလှိုင်
(ဓမ္မာစရိယဦးဌေးလှိုင်)

၁၃၆၂–ခုနှစ်၊ တော်သလင်းလဆန်း ၃–ရက်၊ ရန်ကုန်မြို့။ (၃၁–၈–၂၀၀၀)

# အဂၤုတၱိုရ်

## တရားတော်များ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### လမ်းဆုံးအောင် လျှောက်

#### တရားတော်

သီလကို ဆောက်တည်၍ပြီးကြပြီ၊ ဆောက်တည်၍ပြီးလျှင် ပြည့်စုံအောင် ဖြည့် ကျင့်ကြ၊ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အကုန်လုံး ပြီးစီး အောင်မြင်ရော။ ထိုသို့ ဖြစ်သောကြောင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာ တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ကို ပြီးစီးခြင်းငှါ အလိုရှိကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ပစ္စုပ္ပန် သံသရာနှစ်ဖြာ တောင့်တရည်ရွယ်ချက်တို့ကို ပြီးစီးခြင်းငှါ စွမ်းနိုင်ပါတဲ့ သီလကို ကြိုးစားပြီးတော့ ဖြည့်၊ သီလဲ့တည်ပြီးတော့ ပြုကြတဲ့ ကုသိုလ်အဖြာဖြာတို့သည် မှန်းထားတဲ့အတိုင်း အထွဋ်အထိပ်သို့ ပြီးစီးအောင် ဆောင်တယ်။ ထိုသို့ဖြစ်သောကြောင့် သီလ၌တည်ပြီးတော့ ကိုယ်ပိုင်ဖြစ်တဲ့ ပစ္စည်းတို့ကို ကိုယ်တိုင် စိတ်နှလုံးအားဖြင့် နှစ်သက်မှ ကောင်းမွန်စွာ စီမံပြီး၊

အလှူဝတ္ထုကို ရှိသေလို့

အလှူခံကို ရှိသေလို့

စိတ်ကို ဖြောင့်မတ်စွာ ထားပြီးတော့ အတု အတူမရှိပါတဲ့ ဘုရားရှင် သာသနာတော်ကို ကိုယ်ပိုင် ကိုယ်တိုင် ဆက်ကပ်လှူဒါန်းပြီးတော့ ကိုယ်နှစ်

သက်ရာဖြစ်တဲ့ ဗောဓိဆုနှင့် နိဗ္ဗာန်သို့ စံဝင်ရပါလို၏လို့ ဆုယူ ဆုတောင်း ကြရတယ်။

**ဗောဓိသုံးမျိုးနှင့် ကောင်းခြင်းသုံးဖြာ**

သစ္စာလေးပါးကို ထိုးထွင်းပြီး သိမြင်တာကို ဗောဓိလို့ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝက ဗောဓိ၊ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီးရှိကြပါတယ်။ ဧတဒဂ် ရာထူး ဌာနန္တရနှင့် ပြည့်စုံရပါလို၏လို့ ဆုယူ ဆုတောင်းကြရတယ်။ အဲဒီလို တောင့်တတဲ့အတိုင်း ပြီးစီးအောင်မြင်လို့ နိဗ္ဗာန်သို့ စံဝင်ကြွသွားတော်မူကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင် များပြားပါတယ်ဗျ။ ဘာကြောင့်မို့ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးနိုင်ပါသတုန်းဆိုတော့

–အခါကောင်းလို့၊

–ဘဝကောင်းလို့၊

–ဝီရိယကောင်းလို့

ဤကဲ့သို့ တောင့်တချက်တွေဟာ အသီးသီး ပြီးသွားကြတယ်။

ဘုရားပွင့်တော်မူတဲ့အခါ သာသနာရှိတဲ့အခါ အခါကောင်းမည်တယ်။ လူ့ဘဝ နတ်ဘဝ သုဂတိဘဝကို ရကြမှုသည် ဘဝကောင်းမည်တယ်။ လိုအပ်တဲ့ နှစ်သက်တဲ့ ဗောဓိ မှန်းထားချက် အသီးသီးဟာ ရှိကြပါတယ်။ ဤကဲ့သို့ နှစ်သက်တဲ့ မှန်းထားပြီးသား၊ ရည်ရွယ်ပြီးသား ဗောဓိတို့ကို ပြီးမြောက်အောင် ရှေးအရှင် သူတော်ကောင်းများ၏ ဝီရိယကဲ့သို့ မီအောင် ညီအောင် ဖြည့်ကျင့်မှုကို ဝီရိယကောင်းခေါ်တယ်။ ဒီတော့ အခါဘဝ ကောင်းတာ သိပြီးတော့ ကိုယ်လိုချင်တဲ့ ဗောဓိကို ပြီးအောင် ဝီရိယထူထောင်မှုဟာ အဲဒါ ဝီရိယကောင်း မည်ပါတယ်။ ဒီတော့ အခါကောင်း ဘဝကောင်းလို့ ဝီရိယ ကောင်းကြမယ်ဆိုတော့ အကုန်လုံး နှစ်သက်ဖွယ်ဖြစ်တဲ့ တောင့်တမှု အသီးသီးတို့ဟာ အကုန်းလုံး ပြီးစီးကြရော။

**သည့်ထက်ကောင်းတဲ့ ဘဝ မရှိ**

ဘုရားရှင်လက်ထက်တော်က များစွာသော လူနတ်ဗြဟ္မာတို့ဟာ ဘုရားထံမှောက်သို့ အစဉ်အတိုင်း ရောက်ကြတယ်။ ဤကဲ့သို့ ရောက်ကြတယ် ဆိုရင်ပဲ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် လေးစားကြည်ညို နေတဲ့အခါ ကျပြီဆိုတော့ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ အားမရ မရောင့်ရဲနိုင်ပါဘူးတဲ့ဗျာ။ ဒီတော့ စိတ်အားဖြင့် ကြည်ညိုပြီးတော့ နှစ်သက် ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို အတုအတူ မရှိပါတဲ့ ဘုရားရှင် ကိုယ်တော်တိုင် ထိုးထွင်းပြီးတော့ သိပါတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် များစွာသော လူနတ်ဗြဟ္မာတို့အား သိစေတော်မူတယ်။

ဤကဲ့သို့ ဘုရားအဆုံးအမတော်ကို ရကြသည့် အချိန်ကစပြီးတော့ မချတဲ့ ဝီရိယနှင့် လေးပါးသော ဣရိယာပုတ်တို့မှာ ဤကဲ့သို့ တဆက်တည်း ထူထောင်ပြီးတော့ကို မှန်းထားတဲ့အတိုင်း ပြီးအောင်ဟာ ယူကြ ဆောင်ကြ ဖြည့် ကြတယ်။ အဲဒီအခါကျပြီဆိုတော့ အခါမလင့် တောင်းတတဲ့အတိုင်း အသီးသီးတို့ဟာ ပြီးစီးအောင်မြင်ကြပါတယ်ဗျာ။ ပြီးစီးအောင်မြင်ကြတာ တွေဟာ ဘယ်လောက် များပါသလဲဆိုရင် အချိန်တစ်ခုခုမှာတွင်ပဲ ကုဋေပေါင်း တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းမက တခါတခါကျတော့ ကုဋေပေါင်း အသင်္ချေ၊ ဤကဲ့သို့ တပြိုင်နက်တည်း စိတ်နှလုံးအလို ပြီးကြ တာတွေဟာ များပါတယ်ဗျာ။ ဘုရားပွင့်တော်မူသည့် အချိန်ကစပြီး များစွာ သော လူနတ်ဗြဟ္မာတို့ဟာ ဆက်ကာ ဆက်ကာ အချိန်တိုင်း အချိန်တိုင်း အကုန်လုံးတို့ဟာ ယူကြလို့ အချိန်တိုင်း အချိန်တိုင်း တောင့်တတဲ့အတိုင်း ပြီးကြတာဗျာ။

ဒီတော့ တစ်ခဏ တစ်မုဟုတ်ကလေးကိုပင် လူနတ်ဗြဟ္မာတွေဟာ မရေတွက်နိုင်အောင် စိတ်နှလုံးအလိုကို ပြီးတယ်ဆိုတော့ အချိန်တိုင်း အချိန်တိုင်း ဆက်ကာဆက်ကာ ယူကြပါတဲ့ လူနတ်ဗြဟ္မာတွေဟာ စိတ်နှလုံး အလို တောင့်တချက်တွေ ပြီးကြတာတွေဟာ ရေတွက်လို့ရနိုင်စရာ မရှိပါ ဘူးဗျာ။ ဒါ အခါကောင်း၊ ဘဝကောင်း၊ ဝီရိယကောင်းကြပုံဗျာ။

ပြီးတော့ ဘုရားပရိနိဗ္ဗာန် စံဝင်ကြွသွားပြီးတဲ့နောက် ဘုရားသာသနာ တော် ထားတော်မူခဲ့တယ်။ အဲဒီအခါမှာ ဘုရားအဆုံးအမ သာသနာကို မှတ်သားပြီးတော့၊ ဝီရိယတွေနဲ့ ထူထောင်ပြီးတော့ ယူကြတယ်။ ယူကြ

တော့လဲပဲ အချိန်တိုင်း အချိန်တိုင်းမှာတွင်ပဲ တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ ပြီးစီးအောင်မြင်ကြပါတဲ့ လူနတ်ဗြဟ္မာတွေဟာ မရေတွက်နိုင်အောင် ရှိပါတယ်ဗျာ့။

ဘယ်လို အချိန်မျိုးလဲဆိုတော့ ဘုရားသာသနာရှိတဲ့ အချိန်အခါ၊ ဘုရားပွင့်တော်မူတဲ့အခါမှာ ယခုလိုရထားတဲ့ ဘဝမျိုးတွေပါပဲဗျာ့။ သုဂတိလူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝမျိုးရကြတော့ မြင့်မြတ်တာကို သိပြီဆိုတော့၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ ဖြစ်ကြတဲ့ ရှေးအရှင်သခင်တွေက ကိုယ်လိုချင်တဲ့ တောင့်တချက် ပြီးလိုသည် ဖြစ်သောကြောင့် ဝီရိယထူထောင်ပြီး ပြီးမြောက်အောင် ယူကြတာဗျာ့။ ပြီးလိုတဲ့ဆန္ဒ ပေါ်ပေါက်လာတယ်။ သည်လို ဆန္ဒဖြစ်သည့်အားလျော်စွာ ပြီးလောက်တဲ့ ဝီရိယကလဲ ထက်ကြပ်ပါပြီး ဆောင်ကြယူကြတော့ အကုန်လုံး ပြီးကြတာဗျာ့။ သည်တော့ အချိန်တိုင်း အချိန်တိုင်းယူကြတဲ့ လူနတ်ဗြဟ္မာတွဟာ အကုန်လုံး ပြီးကြပါတယ်။

အခုလဲပဲ ဝီရိယတွေနဲ့ ထူထောင်ပြီးတော့ ယူကြမယ်ဆိုရင် အသီးသီးအကုန်ပြီးကြမှာပါဗျာ့။ သည်တော့ အချိန်အခါ ဘဝကောင်းတာ သိပြီးတော့ ကိုယ်လိုချင်တဲ့ ချမ်းသာကို ယူလို့ရှိလျှင် အထွင့်အထိပ်တွေပင် ပြီးတယ်ဆိုတော့ သည်အချိန်အခါ ဘဝတို့ထက် မြင့်မြတ်သာလွန်တဲ့ ဘဝများ ရှိနိုင်ပါဦးမလားဗျာ့။

ဖြေ။ ။ မရှိနိုင်ပါဘုရား။

**ဘုရားရှင်အဆုံးအမ**

သည်တော့ သည်အချိန်အခါမျိုးဟာ လိုချင်တာကို ရတဲ့အချိန်အခါဗျာ့။ ဒါကြောင့် သာသာကလေး ယူရုံပါပဲဗျာ့။

ဘယ်လိုဟာတုန်းဆိုတော့ ဘုရားဆုံးမပါတဲ့ အဆုံးအမကို အခုအားလုံးသော မေတ္တာရှင်၊ ကရုဏာရှင်ဖြစ်ကြပါတဲ့ သံဃာတော် အရှင်ကောင်းတို့ဟာ မေတ္တာတည်းဟူသော မိုးရွာပြီးတော့ အမြဲအားဖြင့် အခွင့်အခါရတိုင်းရတိုင်း အချိန်အခါ သင့်လျော်တိုင်းမှာ အလုံးစုံတို့ကို အချည်းနှီးမဖြစ်စေဘဲ သုံးဖြာပိဋကတ်တို့ကို ပို့လို့ချလို့၊ ဟောလို့ပြောလို့၊ သွန်သင်ဆုံးမလို့ အဲသည်လို နေကြပါတယ်။

သုံးဖြာပိဋကတ်တို့ဆိုတာ ဘုရားရှင်အဆုံးအမတော်တွေပါဘဲ။ ဘုရားရှင်

သာသနာပါပဲ။ သည့်လောက်များပြားကြတာဗျာ့။ သည်လိုများပြားပင် များငြား သော်လဲပဲ သည်ဟာတွေကို ထပ်တင်တလဲလဲ အစဉ်သနားပြီးတော့ သံဃာတော် အရှင်ကောင်းတို့ဟာက ညွှန်ကြားဆုံးမထားသည် ဖြစ်သောကြောင့် အားလုံး သော ဒကာကြီး ဒကာမကြီးများဟာ ကိုယ်နှင့်တန်သလိုကတော့ ပွန်းတီးလိမ္မာ တာက သေသေချာချာပါဗျာ့။ အားလုံးမှတ်သားပြီးသား ရှိကြပါတယ်။ ပြောတတ်၊ ဟောတတ်၊ ရွတ်တတ်၊ ဖတ်တတ် အဲသည်လိုပါဗျာ့။

## ဆင်းရဲမှ လွတ်မြောက်မှု

သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမတွေဟာ များပင် များငြား သော်လည်း စင်စစ်မှာတော့ အားလုံးတို့ဟာ 'ဆင်းရဲမှ လွတ်မှုတစ်ခုပဲ' ဖြစ်ပါသဗျာ့။

ဆင်းရဲမှ လွတ်မှုဖြစ်သည် ဖြစ်သောကြောင့် ကိုယ်အလိုရှိရာ နှစ်သက် ရာဖြစ်တဲ့ ဘုရားရှင်ဆုံးမတဲ့ **အဆုံးအမ မှန်မှန်တစ်ခုကို ဝီရိယသန်သန်နှင့်** ရှေးအရှင်ကောင်းတွေကတော့ ယူကြပါတယ်။ ဒါကြောင့် ဘုရားရှေ့လက်ထက် တော်က ရှေးအရှင်တွေဟာ မိမိတို့ တောင့်တတဲ့အတိုင်း ပြီးစီးကြတယ်။ အခုလဲပဲ ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမ မှန်မှန်ကို ဝီရိယသန်သန်နှင့် ရှေးအရှင်တွေရဲ့ ဝီရိယကိုမီအောင် ထူထောင်မည်ဆိုလျှင် ဝီရိယိဒ္ဓိပါဒ် ပေါ်ပေါက်လာပြီး ဤကဲ့သို့ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမ အစားစားဟာ ဆင်းရဲမှ လွတ်မှုတစ်ခုဆိုတာကို အားလုံး သိရှိနားလည်ကြပါတယ်။ ထိုထို မှတ်ပြီးထားလို့ သိရှိတာကတော့ အဲဒါကလဲ ဘုရားရှင် ဟောတော်မူတာကို မှတ်ထားတာ ဖြစ်သောကြောင့် ရွတ်တတ်၊ ဖတ်တတ်၊ ဟောတတ်၊ ပြောတတ်တာကလဲ သိတာပဲ။ အဲဒီလို သိတာကလဲ အစီးအပွားတွေပဲ။

## ရှေးအရှင်တွေလို ပျော်ရွှင်ကြရအောင်

အဲဒါက ဘယ်လို အစီးအပွားပါလဲဆိုရင် ဘုရားရှင်ဆုံးမတာကို လိုက်နာသည် ဖြစ်သောကြောင့် ချမ်းသာသုခနှင့် ဆိုက်လာတဲ့ ဥစ္စာကမှ တွေးပြီးတော့ မနေရဘဲနှင့် သေသေချာချာ ရှင်းရှင်းလင်းလင်းကြီး နားလည် တယ်။ ဘုရားရှင် ဆုံးမတော်မူတာတွေကဆိုရင် ဤကဲ့သို့ လိုက်နာတော့ တောင့်တတဲ့အတိုင်းဟာ ပြီးစီးအောင်မြင်ကြဖို့ရာ သံသရာတစ်လျှောက်လုံး

အတွက် ဆုံးမတော်မူတာဗျာ။ ဆုံးမတော်မူတဲ့ အတိုင်းသာ လိုက်နာပြီဆိုရင် အကုန်လုံးတို့ဟာ ပြီးကြအောင်မြင်ကြပါရောဗျာ။ ဘုရားရှင် ရွှေလက်ထက်တော်က အခုလိုပဲ ဘုရားသာသနာ ထားတော်မူပါတဲ့ အချိန်အခါမှာ အဆုံးအမကို ရပြီးတော့ ထူထောင်ကြမယ်ဆိုလျှင် အားလုံးတို့ဟာ ဤကဲ့သို့ချည်းပဲ ပြီးစီးအောင်မြင်မှာ ထပ်တူထပ်မျှပါဗျာ။

ဒါကြောင့် အချိန်အခါ ဘဝတွေကဆိုရင် ဘယ်လိုတုန်းဆိုတော့ အမြင့်ဆုံး အမြတ်ဆုံးဖြစ်ပါတဲ့ အဖြာဖြာသော ဗောဓိတို့နှင့် ထိုက်တဲ့တန်တဲ့ အချိန်အခါပါဗျာ။ အရယူလို့ရှိရင် သည်အချိန်တွေဟာ ထိုက်တဲ့တန်တဲ့အချိန် ဖြစ်ပေမယ့် မယူကြဘူးဆိုမှဖြင့် ချမ်းသာသုခတွေဟာ မဆိုက်သာ မရသာပါဘူးဗျာ။ သည်အချိန်လဲ နောက်ကိုပြန်ပြီးတော့ မဖြစ်ပေဘူးဗျာ။ နောက်တော်တော်ကလေးကြာမှ မှန်းထား တဲ့အချိန် ရောက်ပြန်ပြီဆိုတော့ အဲဒီအချိန်မှာ ထူထောင်ပြန်တော့ ရှေးအရှင်တွေ ရှေးအရှင်တွေရဲ့ ဝီရိယကို မီတဲ့ ညီတဲ့ အချိန်မှာ တောင့်တတဲ့အတိုင်းပြီးမယ်။ ယခုကတည်းက မယူဘူးဆိုတော့ မယူဘဲနှင့် နေတဲ့အချိန်ဟာ နောက်တစ်ခါ ပြန်မဖြစ်ဘူး။

ဒါကြောင့် အချိန်တွေ မြင့်မြတ်တာ သိပြီးတော့ အချည်းနှီး မဖြစ်ရအောင်၊ လိုချင်တဲ့ တောင့်တချက်ပြီးအောင် ရှေးအရှင်များကဲ့သို့ ဝီရိယ ထူထောင်ပြီးတော့ ကြိုးစားအားထုတ်ကြ။ အားထုတ်ကြပြီဆိုမှဖြင့် ရှေးအရှင်များကဲ့သို့ပင်လျှင် အားလုံးတို့ဟာ ရွှင်ကြ၊ ပျော်ကြရမှာပါဗျာ။

ဒါကြောင့်မို့ လုံ့လဝီရိယတွေနဲ့ ထူထောင်ပြီးတော့ အခုလို ယူကြဆောင်ကြရပါတယ်။ အဲသည်လို ယူကြဆောင်ကြရင် အားလုံးတို့ဟာ ဝမ်းမြောက် ကြရပါလိမ့်မယ်။ ဝမ်းမြောက်မှုမှာလဲ တခဏစာ၊ တဘဝစာ မဟုတ်ဘူး။ သံသရာ တစ်လျှောက်လုံးအတွက်ကို အောင်အောင်မြင်မြင်ကြီး ဝမ်းမြောက်ကြရပါသတဲ့ဗျာ။ အေး ယခုလို ဆောင်ရွက်ကြတယ်ဆိုတာ ဘယ်လိုတုန်းဆိုတော့–

မေး။ ။ဘုရားဆုံးမပါတဲ့အတိုင်း ထားသင့်တဲ့ နေရာမှာထားတော့ ရှူးရှူးစိုက်စိုက်နေတယ်။ အဲသည်လိုနေတဲ့အခါကျတော့ ဆင်းရဲမှု ပင်ပန်းမှု ရှိကြသေးသလား။

ဖြေ။ ။မရှိပါဘုရား။

မေး။ ။ထိုင်ပြီး အာရုံပြုတော့လဲ ဖြစ်တာပဲ မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။မတ်တတ်ရပ်ရင်း ထားတဲ့နေရာမှာ နေတဲ့ဟာကို တစ်ဆက်တည်း ဖြစ်အောင်၊ မတ်တတ်ရပ်တဲ့အခါ ပါအောင် ဆောင်မယ် ဆိုလို့ရှိလျှင် မဖြစ်ဘူးလားဗျာ့။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။လမ်းခရီးသွားရင်းကော သည်အတိုင်း တဆက်တည်းယူရင် မဖြစ်ဘူး လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။ဤကဲ့သို့ အစဉ်အတိုင်း ပြုဘွယ်ကိစ္စ အဖြာဖြာ ပြုနေတဲ့နေရာမှာလဲ မလစ်လပ်အောင် ဆောင်ရွက်ရင်း ထားရင်ကော ဖြစ်တာပဲ မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒီလို ဆောင်ရွက်ပြီးနေတဲ့ဟာကို သူတပါးတို့က သိသလားဗျာ။

ဖြေ။ ။မသိပါဘုရား။

မေး။ ။ပစ္စည်းရော ကုန်သလားဗျာ။

ဖြေ။ ။မကုန်ပါဘုရား။

အေးဒါဖြင့် **ပစ္စည်းလဲမကုန်ဘူး၊ အလုပ်အကိုင်လဲ မပျက်ဘူး၊ ပင်လဲမပင် ပန်းဘူး၊ ကိုယ်လိုချင်တဲ့ ချမ်းသာသုခတို့ကိုလဲ လွယ်လွယ်ကူကူနဲ့ ရကြပါတယ်ဗျာ့။** သည်တော့ ဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒဖြစ်ကတည်းက ရွှင်ရပျော်ရပါတယ်။ ဆောင်ရွက်တော့လဲ ဒီထက်တိုးပြီး ရွှင်ရပျော်ရတယ်။ ဘုရားဆုံးမကြတဲ့အတိုင်း လိုက်နာကြတဲ့အခါ ရှေးအရှင်တွေရဲ့ ဝီရိယကို မီလို့ ညီလို့ ဆိုက်လာတဲ့အခါမှာ အတိုင်းထက်အလွန် ပျော်ကြ ရွှင်ကြရပါတယ်။

ဒါဖြင့် မြင့်မြတ်တဲ့အချိန်အခါ ဘဝကို ရကြသည်ဖြစ်သောကြောင့် ဤကဲ့သို့ ဝမ်းမြောက်လို့ မဆုံးနိုင်အောင် ဖြစ်ကြရပါသတဲ့ဗျာ့။ သည်တော့ ဝမ်းမြောက်လို့ မဆုံးနိုင်ဘူးဆိုတာ ကိုယ်သည်လိုဆောင်ရွက်လို့ ဆိုက်လာတဲ့ အခါ ကျပြီဆိုတော့ တို့အတွက် ဝမ်းမြောက်ရပါတယ်။ ပြီးတော့ ဘယ်လိုတုန်း ဆိုရင် ဒါမျိုးဟာက ဝန်တိုတာ မဟုတ်တော့ ထပ်တူညီမျှ သည်လိုချမ်းသာ သုခကို ရစေချင်ပြန်တယ်။ ရရာရကြောင်းကို သိပြီးတော့ ရလောက်အောင် ထူထောင်လိုတဲ့ ဆန္ဒတွေဖြစ်၊ ဆန္ဒတွေဖြစ်တဲ့အခါကျတော့ ဘယ်လိုများ ဖြစ်မှာတုန်းဆိုတော့ ဘုရားရှင် သာ**သနာတည်ပြီဆိုမှဖြင့်** ဤကဲ့သို့ လူနတ်

ပြဟ္မာတွေဟာ အဆုံးအမကို အရယူပြီးလို့ လိုအပ်တဲ့ ချမ်းသာသုခကို အပိုင်ယူတော့ ရကြမှာကိုသိပြီး သည်လိုပြုတယ်။ သည်တော့ လူနတ်ပြဟ္မာတွေဟာ အချိန်တိုင်း အချိန်တိုင်း ယူကြလို့ ရတာမြင်တော့ အတိုင်းထက်အလွန် ပျော်ကြ ရွှင်ကြပါတယ်။

ပြီးတော့ ဤမျှ အချိန်ကလေးမှာတွင်ပင် ဘုရားသာသနာတည်ရာ တည်ကြောင်းကို ထူထောင်ပြီးပြုတော့ ဤကဲ့သို့ဖြစ်တယ်။ **ပြီးတော့ မှန်းသလောက် မကအောင် အစီးအပွားတွေများတယ်။** ငါ့မှာ ဝီရိယတွေလဲ ရှိသေးတယ်။ သည့်ထက်တိုးပြီး ပူဇော်လိုတဲ့ ဆန္ဒဖြစ်သည့်အားလျော်စွာ တိုးပြီးတော့ ပူဇော်၊ အဲဒီလို ပူဇော်တော့ အစီးအပွားတွေဟာ မြင့်မြတ်သည်ထက် မြင့်မြတ်ပြီးတော့ ချမ်းသာသုခ အများတွေဟာလဲ ဆိုက်လာကြပြီ၊ အဲဒီအခါမှာ အားမရ မရောင့်ရဲ နိုင်လောက်အောင် တသီတတန်းကြီးဟာ အကုန်ဖြစ်တာပဲဗျာ့။

## ပြောမကုန်နိုင်တဲ့ ချမ်းသာ

အဲဒါ အခါဘဝ ကောင်းသည့်အားလျော်စွာ ဝီရိယတွေ ထူထောင်ပြီးတော့ ယူကြတော့ အသီးသီးတို့ဟာ ပြောမကုန်နိုင်အောင် ပျော်ရွှင်ကြပုံပါတဲ့ဗျာ့။ အဲဒီတော့ အခါဘဝကောင်းတာ သိပြီးပြီဆိုတော့ အခုလို ဆောင်ရွက်ကြတာဗျာ့။ ဒါဟာ ရှေးအရှင်တွေက မှတ်သားပြီးပြီဆိုတော့ သည်လိုသွားတာဗျာ့။ အခုလဲပဲ အားလုံးတို့ဟာ ဤကဲ့သို့ ဆင်းရဲမှ လွတ်မှုဖြစ်တဲ့ ဘုရားရှင် ဆုံးမတာတွေကိုလဲပဲ ပြွန်းတီးလိမ္မာကြတယ်။ ပြီးတာ့ ရှေးအရှင်တွေ ဒ်ာသီးသီးဟာလဲ မိမိတို့လိုချင်တဲ့ ချမ်းသာသုခတွေ ဆိုက်နေတာကို မှတ်သားထားတာကလဲ များတယ်။ ပြောလို့မကုန်နိုင်အောင် ဖြစ်တယ်။ အဲဒီလို ဖြစ်သည့်အားလျော်စွာ ကိုယ်ကလဲပဲ ဤကဲ့သို့ ထပ်တူညီမျှ အရယူပါမယ်လို့ ဆန္ဒဖြစ်ပေါ်ပြီဆိုတော့ ဝီရိယနှင့်တကွ ပါလာတော့ အပြီးအဆုံးတိုင်မှာကိုလည်း ဧကန္တသိပြီး၊ ဤကဲ့သို့ ဆန္ဒတွေ မဖြစ်ပေါ်သေးလို့ ရှိလျှင်လဲ ပေါ်အောင်၊ ပေါ်ပြီးသားရှိလျှင်လဲ မပျောက်မပျက်ဘဲနှင့် အစဉ်အတိုင်း တိုးတက်အောင် သည်လိုပြုပြီးတော့ အားလုံးတို့ဟာ ယူကြဗျာ့။

**သောဝစသာတာ=နာခံလွယ်ခြင်း**

ဤကဲ့သို့ အရေးအခွင့်ကို ရတာဟာလဲ ဘာသိဘာသာ ရသည်မဟုတ်၊ နောက်တုန်းက ဤကဲ့သို့ အချိန်အခါမျိုးရအောင် များများကြီး သည်ပိုး ရွက်ဆောင် လာကြရပါသဗျာ့။ ဤကဲ့သို့ ရွက်ဆောင်တော့မှ သည်လိုရတာဗျာ့။ သို့သော်လဲပဲ သောဝစဿတာဂုဏ်နှင့် အဲသည်လို ပြည့်စုံတော့မှ ယခုလို ရပါတယ်။ သည်လိုမှ မပြည့်စုံရင်တော့ မရဘူးတဲ့ဗျာ့။ ဒို့ဘုရား ရွှေလက်ထက် တော်က အခုလို ဘုရားအဆုံးအမကို သိတယ်။ သိပင်သိသော်ငြားလည်း မလွဲနိုင်အောင် သိနား လည်ချင်သည် ဖြစ်သောကြောင့် အမှန်ကို ပို့ဆောင်နိုင်တဲ့ အရှင်မြတ်များ အသီးသီးရှိတာကို သိပြီးတော့ ဆည်းကပ်ပူဇော်လိုတဲ့အတွက် ဒို့အရှင်မြတ်ဆီ ရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ ဘာမေးသလဲ ဆိုရင် "သင်တို့သည် ငါပြောတဲ့ ဥစ္စာကို လိုက်နာနိုင်ပါ့မလား"လို့ မေတ္တာ ကရုဏာရှင် မေတ္တာတည်းဟူသော မိုးရွေပြီး ချမ်းသာစေချင်သည် ဖြစ်သော ကြောင့် ဤကဲ့သို့ မိန့်တော်မူတယ်။

**ဆရာ့စကား နားထောင်သူ ရဟန်းသုံးပါး**

သည်အခါမှာ တပြိုင်နက်တည်း ဆိုက်လာတဲ့ သုံးပါးသော ရဟန်းတို့ဟာ အရှင်မြတ်ကို သည်လိုလျှောက်တယ်။

"မှန်လှပါဘုရား၊ ဆုံးမတဲ့အတိုင်း ဘုရားတပည့်တော်များ လိုက်နာနိုင်ပါ တယ်။ ဘယ်လိုများ လိုက်နာနိုင်ပါသလဲဆိုရင် မှန်လှပါအရှင်ဘုရား၊ အရှင်ဘုရားမှာ အနည်းငယ်မျှသော အစီးအပွားဟာ ရှိပါတယ်ဆိုရင် တပည့်တော်သည် ခြေဖနောင့်က စပြီးတော့ ကျောက်မှာ တိုသွားအောင် သွေးပါမယ်ဘုရား" နည်းနည်းကလေး အကျိုးရှိရုံနှင့် သည်လို ဆောင်မှာ ပါတဲ့ဗျာ့။

နောက်တစ်ပါးကတော့ ဘယ်လိုလဲဆိုရင် "မှန်လှပါဘုရား၊ အရှင် ကောင်းဟာ အနည်းငယ်မျှသော အစီးအပွား ရှိမည်ဆိုလျှင် အလွန်နက်ဝှမ်း ပါတဲ့ တောင်ကမ်းပါးပြတ်က ဘုရားတပည့်တော် ခုချက်ချင်း ခုန်ချနိုင်ပါ တယ်ဘုရား။" ဒါဘာလဲဆိုရင် အရှင်မြတ်ရဲ့ အစီးအပွားတွေ လိုလားကြ၊ တောင့်တကြပုံဗျာ့။

တစ်ပါးကတော့ "အနည်းငယ်မျှသော အစီးအပွား ရှိမည်ဆိုလျှင်

ထွက်လေဝင်လေ နှစ်ရပ်တို့ကို ချုပ်ပျောက်စွန့်ပစ်နိုင်ပါတယ် ဘုရား”လို့ အဲသည်လို လျှောက်သတဲ့ဗျာ။

အဲဒီလို တည့်တည့်ဖြောင့်ဖြောင့် လျှောက်တဲ့အခါကျတော့ အရှင်မြတ်က သိတာပေါ့။ သည်တော့ကို “ဟယ်– ဒါဖြင့် တောင်းတတဲ့အတိုင်းဟာ ကေန္တ ပြီးစီးကြတော့မယ်။” သောဝစဿတာဂုဏ်နှင့် ပြည့်စုံကြပုံတွေဗျာ့။ သည်တော့ လိုက်နာပုံတွေက သည်လိုဗျာ့။ သည်အရှင်တွေကဲ့သို့ ဝီရိယတွေ ညီမယ် မိမယ်ဆိုရင် အားလုံးတို့ဟာ အခုလိုချည်းပဲ ဖြစ်မှာပါဗျာ။ သို့သော် လဲပဲ မိဖို့ ညီဖို့ရာဆိုရင် သည်အရှင်တွေရဲ့ စိတ်ဆန္ဒက ပြောနေပေမယ့် အဟုတ်ပြောတာဗျ။ လျှောက်တာက အဟုတ်လျှောက်တာဗျာ့။ ‘သည်လို ပြောရင် ဘုရားရှင်ရဲ့ အလိုတော်ကျနှင့် တည့်တယ်’လို့ဆိုပြီး ပြောတာနှင့် အခုလို အဟုတ်ပြောတာ မတူဘူးဗျာ့။

မေး။ ။ကြားကြရဲ့လား၊ တူပါ့မလား။

ဖြေ။ ။မတူနိုင်ပါဘုရား။

အဟုတ်ကို သည်အပင်က သီးတဲ့အသီးဟာ အဟုတ်ကို သည်အပင်က ထွက်သီးတာဗျာ့။

မေး။ ။သည်အပင်က သီးလို့ ထွက်လာတာ မဟုတ်ဘဲ သည်အပင်က အသီးဖြစ်ချင်တယ်ဆိုပြီး တခြားအသီးကို ယူပြီး ဆက်ထားတာနှင့်ဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။လိမ်တပ်တာနှင့် တကယ်အသီးနှင့် ခြားနားပါတယ်ဘုရား။

တကယ်အသီးက တကယ်ဗျာ့၊ အမှတ်မဲ့ ဆိုရင်တော့ တကယ်သီးနေတယ်။ တကယ်ပွင့်နေတယ်လို့ပဲ ပြောလိမ့်မယ်။

မေး။ ။တကယ်မြင်လို့ တကယ်သိတဲ့ အခါကျတော့ ဒါဟာ အဟုတ်အပင်က သီးတာ မဟုတ်ဘူးလို့ သည်လိုသိမယ် မဟုတ်လား။

ဖြေ။ ။သိမှာပါဘုရား။

အဟုတ်ဟာကျတော့မှ အဟုတ်မြင်တာဗျာ့။ ယခုလဲပဲ တောင့်တတဲ့ အချိန် အတိုင်း အချိန်အခါ ဘဝအားလျော်စွာ သိလိုပါတယ်ဆိုရင် သည်အရှင်များ တို့ကဲ့သို့ မြင့်မြတ်တဲ့ ဆန္ဒတွေ ပေါ်ပေါက်လာမယ်။ အဲဒီလို ပေါ်ပေါက်လာပြီ ဆိုမှဖြင့် အသီးသီးတို့ဟာ အခါမလင့် ချမ်းသာသုခတွေ ဆိုက်လာပါလိမ့်မယ်ဗျာ့။ အဲဒါ မြင့်မြတ်ကြပုံတွေဗျာ့။

## ဖြဟ္မာ့ပြည်က အပ်ကိုချ မြေက အပ်တစ်စင်း

မေး။ ။သည်အချိန်အခါ ဘဝမျိုးကို ရဘို့ရာ ဘယ်နှယ်လဲ လွယ်ပါ့မလား။

ဖြေ။ ။အင်မတန် ခဲယဉ်းပါတယ်ဘုရား။

ခဲယဉ်းပုံက ဘယ်လိုလဲဆိုရင် လူ့ဘဝသာသနာနှင့် တွေ့ဖို့ မဟုတ်သေးဘူး။ လူ့ဘဝ ရဖို့တွင်ပဲ အင်မတန် ခက်ပါတယ်ဗျာ့။ ဘယ်လို ခက်ပါသလဲဆိုရင် လူ့ပြည် က အပ်တစ်စင်းနှင့် ဟိုဖြဟ္မာ့ပြည်က အပ်တစ်စင်းကို သာသာကလေး သည်က အသွားကလေးနှင့် ထောင်ထား။ ဟိုဖြဟ္မာပြည်က အပ်ကို သာသာကလေး ချိန်ပြီးချရင် အပ်သွားချင်း ဒက်ခနဲ ထိဖွယ်ရာ ရှိပါတယ်။ သို့သော်လည်း လူ့ဘဝ ရဖို့ရာကတော့ ခဲယဉ်းလှချည်ရဲ့တဲ့ဗျာ့။ အခုလို ခက်ခဲတယ်ဆိုတာမှာလဲ ဖြဟ္မာပြည်နှင့် လူ့ပြည် မဟုတ်သေးပါဘူး။ သာသာကလေး လက်တစ်ဘက်က အပ်တစ်စင်းကိုကိုင် အခြားလက်တစ်ဘက်က အပ်တစ်စင်းကို ကိုင်ပြီး သာသာ ကလေး အပ်သွားချင်းထိအောင် ချစမ်းပါ။

မေး။ ။အကြိမ်ပေါင်း ဘယ်ရေ‌ေကာက်ချရင် အပ်သွားချင်း ထိပါ့မလဲ။

ဖြေ။ ။မထိနိုင်ပါဘုရား။

မေး။ ။နိမ့်နိမ့်ကလေး ချမယ်ဗျာ။

ဖြေ။ ။ဒါလဲ မထိနိုင်ပါဘုရား။

## အပ်သွားချင်းသာ ထိဘွယ်ရာ ပမာမှတ်ကြမင်း

အေးဒါကြောင့် ဖြဟ္မာ့ပြည်က အပ်တစ်စင်း လူပြည်က အပ်တစ်စင်းကို ခုနလို ချိန်ပြီးချရင် အပ်သွားချင်းသာ ထိဘွယ်ရာ ရှိပါတယ်။ လူ့ဘဝကို ရဖို့ ဆိုတာ ခက်လှချည့်တဲ့ဗျာ့။ ဒါဟာ ဘုရားသာသနာနှင့် တွေ့ဖို့ရာ မဟုတ်သေးဘူးတဲ့ဗျာ့။ လူ့ဘဝ ရဖို့ကိုတောင် အဲသည်လောက် ခက်ပါသတဲ့ဗျာ။

မေး။ ။အဲဒါကတော့ လူပြည်က အပ်တစ်စင်း ဖြဟ္မာပြည်က အပ်တစ်စင်းကို ထားစမ်းပါဦး။ ခုလောက်ကလေး ကိုယ်ဟာကိုယ် အပ်ကိုကိုင်ထားပြီး အပ်သွားချင်းထိအောင် ထိုးရင်ကောဗျာ ထိပါ့မလား။

ဖြေ။ ။မထိနိုင်ပါဘုရား။

မေး။ ။သည်လောက်တောင် ဖြစ်လုတာ အပ်သွားချင်း အနားတေ့ပြီး ထိုးစမ်းဗျာ့။ ထိပါ့မလား။

ဖြေ။ ။မထိနိုင်ပါဘုရား။

အဲသည်လိုဗျာ့၊ လူဘဝ ရဖို့ရာဟာ အဲသည်လောက်ပဲ ခက်ပါတယ်။ လူ့ဘဝဟာ မြင့်မြတ်တဲ့ ဘဝဗျာ့။ ပြီးတော့ ဘုရားဆုံးမတဲ့ အဆုံးအမတွေလဲ ရလိုက်ကြတာဗျာ။

မေး။ ။ဒို့ပြောတာ ဟောတာက နည်းတယ်။ သူတို့ဟောမှာက များပါတယ် ဗျာ့။ ဟုတ်ကဲ့လားဗျာ။

ဖြေ။ ။တရားဟောတာ မများပါဘူးဘုရား။ တစ်နေ့က အရှင်ဘုရား သစ္စာလေးပါးနှင့် ထိသိနေတာဟော သွားတာ တပည့်တော်တို့ ပြန်ပြောစမ်းပါဆိုရင် ဘာမှ မပြောတတ်ပါဘုရား။ ထိသိတာနှင့် သစ္စာလေးပါးတရား ဘယ်လို ဆက်စပ်တယ်ဆိုတာ တပည့်တော် မေ့သွားပါပြီဘုရား။ ယနေ့ ထပ်ပြီးတော့ သနားပါဦးဘုရား။

## လုပ်ယူရတဲ့ တရားငါးမျိုးမဟုတ်

မေး။ ။အံမယ် တကတဲပါမှပဲ ဆားငန်တယ်ဆိုပြီး နေပေမယ့် "ဆားငန်တယ်၊ ဆားငန်တယ်၊ ဆားငန်တယ်"လို့ ဆိုနေလို့ ဆားငန်တာ သိပါ့မလား။

ဖြေ။ ။အခုဒကာကြီး၊ဒကာမကြီးတွေမှာ အနည်းငယ်မျှ ဆားတော့ မြီးကြည့်။

အနည်းငယ်မျှ ငန်နေမှန်း သိနေပါပြီဘုရား။ လုံ့လဝီရိယစိုက်လို့ အတော်ပဲ ထမြောက်တဲ့ ဒကာမကြီးတွေ အတော်များနေပါတယ်ဘုရား။ သစ္စာလေးပါးနှင့် ပတ်သက်ပြီးတော့ မပြောတတ်ပါဘုရား။

ကဲဗျာ၊ ဒါဖြင့် ဒါကတော့ သူတို့ သစ္စာလေးပါးကို ဆိုတဲ့ဟာမျိုးက ရှာရတာမျိုး မဟုတ်ဘူး မဟုတ်လား။ ဒါက အရှိတရားဗျာ့၊ ဒကာကြီး၊ ဒကာမကြီးများရဲ့။ **လုပ်ပြီးတော့ ကြည့်ရတဲ့ တရားမျိုး မဟုတ်ဘူး။** ရှိတဲ့တရားဗျာ့။ ရှိတဲ့တရားဆိုတာ ဘယ်လိုများလဲဆိုရင် ခုနထားရမယ့် နေရာကလေးမှာ ထားတယ်။ ထားပြီဆိုတော့ နေတယ်။

မေး။ ။ခုနလိုထားလို့ တည်နေတယ်ဆိုတဲ့ နှာသီးနှာဝဆိုတာ ရုပ်လား၊ နာမ်လား။

ဖြေ။ ။နှာသီးနှာဝက ရုပ်ပါဘုရား။ ထိတာကလေးကို သိတာက နာမ်ပါ ဘုရား။

မေး။ ။စိတ်ကို အခုလို သာသာကလေးထားတော့ နေတယ်။ နေတဲ့အခါကျပြီ

ဆိုတော့ သည်ရုပ်နာမ်နှစ်ခုဟာ ဖြစ်ပြီးတော့ ပျက်နေတယ် မဟုတ်လား။

ဖြေ။ ။သည်နေရာမှာ ဒကာမကြီးတစ်ယောက်က တပည့်တော်ကို ဓာဒက တက်ပါတယ်ဘုရား။ နာ၀ကရုပ်၊ အဲသည်ရုပ်က ဖြစ်ပျက်တယ်ဆိုတာ ပြောစမ်းပါဦးဆိုတော့ တပည့်တော် မပြောတတ်ပါဘုရား။

ဖြစ်ပျက်ဆိုတဲ့ဟာက အခုထားပြီးတော့ ကြည့်လို့ရှိလျှင် အခု သာသာ ကလေး စဉ်းစားပြီးတော့ ကြည့်လိုက်လျှင် နေတယ်။ နေတဲ့အခါကျပြီဆိုတော့ ဖျောက်ဖျောက် ဖျောက်ဖျောက်နှင့်။ ဒါကတော့ ပါးစပ်ကပြောတာ။ ပျက်တာကို စဉ်းစားလိုက်လျှင် ငြိမ်ငြိမ်မနေဘူး။ သူ့လက္ခဏာက ဖြစ်ပျက်ပြီး နေပါတယ်။

မေး။ ။ရုပ်ရော နာမ်ရော ဖြစ်ပျက်ပြီးနေတဲ့ ဥစ္စာဟာ အရှိဖြစ်တော့ ဤကဲ့သို့ ထားလိုက်ပြီဆိုတော့ သိတယ်မဟုတ်လား။

ဖြေ။ ။သိမှာပါဘုရား။

အဲသည်တော့ ဖြစ်ပြီးတော့ ဖြစ်ပြီးတော့ ပျက်နေတဲ့ **ရုပ်နာမ်ဟာ တဖြစ် ထဲဖြစ်ပြီး တပျက်ထဲပျက်နေတယ်။ ဘယ်လောက်များ များပါ သလဲဆိုရင် လျှပ်တပြက်မှာကို** ဘယ်လောက်လဲ။ ကုဋေတစ်သိန်းတဲ့ဗျာ့။

သည်လောက် ဖြစ်ပျက်နေတဲ့ ဥစ္စာဟာ များလိုက်တာ၊ ကုဋေတစ်သိန်း ဆိုတော့ ဖြစ်ပျက်နေတဲ့ နေရာမှာ လျင်မြန်လိုက်တာ၊ များလိုက်တာကို ပြောတာဗျာ့။

မေး။ ။အဲသည်လို ဟာတွေဟာ အကုန်မရေတွက်နိုင်သော်လဲ စဉ်းစားလိုက်လို့ ရှိရင် ခုနပြောတဲ့ ဖျောက်ဖျောက်ဖျောက်ဖျောက်ကတော့ ခုချက်ချင်း တွေ့တာ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

**တစ်ရှူတစ်ရှိုက်ထဲက သစ္စာ ၄–ပါး**

အခုတော့ စိတ်ကလေးကို ထားလို့နေမယ်။ အဲဒီလိုနေလို့ စဉ်းစား လိုက်ရင် ဒါကို သိရမယ်။ အဲသည်လို သိတော့ ရုပ်တို့နာမ်တို့ဟာ ဖျောက် ဖျောက် ဖျောက်ဖျောက်နှင့် ဖြစ်ပျက်နေတာဟာ ဖြစ်ပြီးတော့ ပျက်သွားတာပဲ မဟုတ်လား။

ဖြေ။ ။ပျက်သွားပါတယ်ဘုရား။

မေး။ ။ဒို့ပြင် မရှိပါဘူး။ ဖြစ်ပြီး အဲသည်လို ပျက်နေတဲ့ဥစ္စာဟာ ဘာတုန်းဗျာ့။

ချမ်းသာလား ဆင်းရဲလား။

ဖြေ။ ။ဆင်းရဲပါဘုရား။

မေး။ ။ဖြစ်ပျက်နေတဲ့ဥစ္စာ ဘာတုန်းဗျာ့။ မြဲတာလား မမြဲတာလား။

ဖြေ။ ။မမြဲတာပါဘုရား။

မေး။ ။အဲသည်လို ဖြစ်ပျက်နေလို့ မမြဲတဲ့ ဥစ္စာဟာ ချမ်းသာသလား၊ ဆင်းရဲသလား။

ဖြေ။ ။ဆင်းရဲပါတယ်ဘုရား။

မေး။ ။ဆင်းရဲတဲ့ဗျာ့။ သည်တော့ ဆင်းရဲတဲ့ ဥစ္စာကို ဘာခေါ်မလဲ။

ဖြေ။ ။ဒုက္ခလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ဒုက္ခတဲ့ဗျာ့။ အဲသည်ဒုက္ခကို သိပြီမဟုတ်လား။

ဖြေ။ ။သိပါပြီဘုရား။

မေး။ ။သည်ဒုက္ခကြီးကို နှစ်သက်သလားဗျာ့။

ဖြေ။ ။မနှစ်သက်ပါဘုရား။

မေး။ ။လိုချင်သလားဗျာ့။

ဖြေ။ ။မလိုချင်ပါဘုရား။

မေး။ ။မလိုချင် မရချင်ဘူးဆိုတဲ့ ဥစ္စာ ဘာလဲ။

ဖြေ။ ။မလိုချင် မရချင်တာက ပယ်တဲ့သဘောပါလားဘုရား။

မေး။ ။လိုချင်တာ ရှိသေးသလား။

ဖြေ။ ။လိုချင်တာမရှိလို့ မလိုချင်တာကို ပယ်တာပါဘုရား။

မေး။ ။ရချင်တာ လိုချင်တာက ဘာလဲ။

ဖြေ။ ။သမုဒယ ခေါ်ပါတယ်ဘုရား။

မေး။ ။လိုချင်တာ ရချင်တာကတော့ အမှန်မဟုတ်လား။

ဖြေ။ ။လိုချင်တာ ရချင်တာကတော့ လူတိုင်း လိုချင်ပါတယ်ဘုရား။

မေး။ ။ခုနဟာကို မသိလို့ လိုချင်တာ၊ ရချင်ဟာဗျာ့။ အဲဒါကို သိတော့၊ မြင်တော့ လိုချင်သေးသလား။

ဖြေ။ ။အနိစ္စဖြစ်နေတာကို သိရင် မလိုချင်ပါဘုရား။

မေး။ ။မလိုချင်တာဟာ ပယ်တာမဟုတ်လား၊ ပယ်တယ်ဆိုတော့ ဒုက္ခကို သေသေချာချာ သိတာမဟုတ်လားဗျာ။

ဖြေ။ ။ဒုက္ခကို သေသေချာချာမြင်၍ သိ၍ မလိုချင်တော့ ပယ်ပါတယ်ဘုရား။

မေး။ ။အဲဒါ **ဒုက္ခသစ္စာ**၊ သည်တော့ကို ယခုန မလိုချင်ဘူးတဲ့ဗျာ။ အဲသည်တော့ ဒါတွေဟာ ဖြစ်ပြီးတော့ ပျက်နေတာ ချုပ်တာလဲ မြင်တယ်မဟုတ်လား။

ဖြေ။ ။မြင်ပါတယ်ဘုရား။

မေး။ ။အဲဒါက ဘာခေါ်သလဲ။

ဖြေ။ ။**နိရောဓ သစ္စာ**လို့ ခေါ်ပါတယ်ဘုရား။

မေး။ ။ဤကဲ့သို့ ချမ်းသာသုခ ရရာ ရရာရကြောင်းလေးတွေကို မပျက်ဘဲနဲ့ အထက်ကို တိုးတက်ချင်သည် ဖြစ်သောကြောင့် သည်ဟာကလေးကို တစ်ရှုထဲရှု၊ တမှတ်ထဲ မှတ်နေတာကို ဘာခေါ်သလဲဗျာ့။

ဖြေ။ ။**မဂ္ဂသစ္စာ** ခေါ်ပါတယ်ဘုရား။

မေး။ ။အဲသည်လို တဆက်တည်းထားတော့ ဘယ့်နှယ့်လဲ၊ ရပ်နေသလား, သွားနေသလား။

ဖြေ။ ။သွားနေပါတယ်ဘုရား။

မေး။ ။အဲဒါ ဘာခေါ်သလဲ။

ဖြေ။ ။**မဂ္ဂ–ခရီး** ခေါ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ဘယ်သွားဖို့ ခရီးဖြစ်မလဲ။

ဖြေ။ ။နိဗ္ဗာန်သွားဖို့ ခရီးဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ဘာခေါ်သလဲ။ မဂ္ဂသစ္စာပဲမဟုတ်လား။

ဖြေ။ ။**မဂ္ဂသစ္စာ** ခေါ်ကြပါတယ်ဘုရား။

ဟိုဟာကို မပြောတာကတော့ အားထုတ်ကြတဲ့ သူတော်ကောင်းများဟာ သည်လိုထားကြတော့ ဒါက ခဏကလေး ခန့်မှန်းတာ။ သည်ထက်သည် ရင့်သန်ပြီး သည်အတိုင်းတိုင်း သွားတဲ့အခါကျတော့ တခါတည်းပဲ တောင့်တတဲ့ အတိုင်းဟာ ဆိုက်လာလို့ အသီးသီး အောင်မြင်ကြပါရောတဲ့ဗျာ။ ဒါကတော့ ဒို့ဒကာကြီး ဒကာမကြီးတွေ သူတို့ ရထားတဲ့ဟာကို အခုမေးတော့ သူတို့ သိတဲ့အတိုင်း သည်လိုသည်လို ပြောလို့ အခုလိုပဲလျှောက်ပြီး ပြောလိုက်တာ ပါပဲဗျာ့။ မြင်တယ်ဆိုတာ သည့်ပြင်ဟာ မဟုတ်ဘူး။ သည်ဟာ ပြောတာဗျာ့။ ရုပ်တို့ နာမ်တို့ကို ပြောတာ။ အနိစ္စဆိုတာ၊ ဒုက္ခဆိုတာ၊ အနတ္တဆိုတာ သည့်ပြင်ဟာကို ခေါ်တာ မဟုတ်ဘူး။ သည်တစ်ခုတည်းကို ခေါ်တာဗျာ့။

**ပညတ်နှင့် ပရမတ်**

မေး။ ။ဒါဖြင့် ထိနေတဲ့ နှာသီးဝနှင့် လေနှင့်ဟာ ရုပ်ဆိုတော့ ပရမတ္ထရုပ် နှစ်ဆယ့်ရှစ်ပါးထဲက ရုပ်ကို ဆိုပါသလားဘုရား။

ဖြေ။ ။ဟိုဟာကတော့ ခေါ်စရာနာမည်ဗျာ၊ ကြားလား။ နာမည်က နာမည်ဗျာ။ အခေါ်ခံတာက အခေါ်ခံတာဗျာ့။

ဖြေ။ ။အခေါ်ခံတာက ပရမတ်ပါဘုရား။ နာမည်က ပညတ်ပါဘုရား။

မေး။ ။သည်လိုဆိုတော့ ဟုတ်သွားပလား။

ဖြေ။ ။ဟုတ်သွားပါပြီဘုရား။

နှာသီးဝကတော့ အခေါ်နာမည်ဗျာ့။ အထဲက အခေါ်ခံရတဲ့ ဥစ္စာပါဗျာ့။ ယခုလိုပြောတာက ဘာလဲဆိုတော့ သည်လိုပြောနေကျမို့ သည်လိုပြောရတာဗျာ့။ သူ့ဟာနှင့်သူ သည်လိုပြောမှ နားလည်မှာ၊ သည်တော့ ဘာနှင့်ပြောပြော သည်လို နားမလည်ပေမယ့် ဒါလုပ်။ နှစ်သီးဖျားက ထားကြဲဆိုရင် ဟိုဟာ ဖြစ်သွားပြီ။ အဲသည်လို သူနားလည်တာနှင့် ပြောမှ နားလည်တာဖြစ်မှာကိုး။ နားလည်တာနှင့် မပြောရင် မဖြစ်ဘူး။

ဖြေ။ ။တပည့်တော်တို့က ကာယပသာဒ၊ ဖောဋ္ဌဗ္ဗရုပ်ဆိုတာကို ကြားဖူးနားဝ ရှိပါတယ်ဘုရား။ ဒါပေမယ့် မဆက်တတ်လို့ ဒုက္ခများနေပါတယ် ဘုရား။

မေး။ ။အခု ဘုရားဆိုဆုံးမတာဟာ သည်လိုဆိုတော့ မှတ်မိသွားပြီ မဟုတ်လား။

ဖြေ။ ။မှတ်မိပါပြီ ဘုရား။

**အခေါ်ခံတူ အခေါ်ကွဲ**

အဲသည်လို သူနားလည်တာနှင့်ပြော၊ သည်တော့ သူ့ဟာနှင့်သူ ဖြစ်တယ်။ နားမလည်နိုင်လို့ရှိရင် ဘာခေါ်မှန်းမသိဘဲပြောတော့ ပြောတာက ကိုယ်ခေါ်တာနှင့် မတည့်တော့ အဲဒါ မသိဘဲ ဖြစ်နေတာဗျာ့။ ကျေးဇူးရှင်ဖြစ်တဲ့ ဆရာတော်ကြီးတစ်ပါးက မိန့်တော်မူဖူးတယ်။ ရှမ်းပြည်နယ်ကလာပြီးတော့ မန္တလေးမြို့မှာ စာသင် ကြရော၊ စာသင်ကြပြီဆိုတော့ အသည်မှာ စာချတဲ့ ဆရာတော်က ရှမ်းပြည်နယ်ကကိုး။ ဘယ်လိုတုန်းဆိုတော့ တစ်နေ့မှာ ပါဠိနှင့် အနက်ကို တခါတည်းပဲ ပို့ချရတယ်။ ဘယ်လိုပို့ချပါသလဲဆိုရင်

"ဂိဇ္ဈာစ၊ ငွင်းတတို့သည်လည်းကောင်း၊" အဲသည်လိုဆိုတော့ သည့်ပြင်ဟာတွေကတော့ ပေါ်လွင်တယ်။ သည်နေရာကျတော့ သူဆိုလို့ မဖြစ်တော့ဘူး။ "ဂိဇ္ဈာစ၊ ငွင်းတတို့သည်လည်းကောင်း၊" အဲသည်နေရာကို သူ့မမှတ်နိုင်ဘဲကိုး။ ငွင်းတဆိုလို့သာ ဆိုလိုက်ရတယ်။ ဘာကောင်မှန်းကို မသိဘူး။ မသိတော့ မှတ်လို့ မရဘူး။ သည်တော့ သူသိချင်တာကို သည်နေရာကျရင် မေ့မေ့နေတယ်။ မဆိုတတ်လို့။ အဲသည်လို မဆိုတတ်လို့ မေ့နေတော့ ကျေးရွာရှင် ဆရာတော်ဘုရားက ဘယ်လို မိန့်တော်မူသလဲဆိုရင် "ဟေ့ မောင်ပဥ္စင်း ခွေးတွေ ဘာတွေ သေတဲ့အခါကျတော့ စားတဲ့အကောင်ကို ဘာကောင်လို့ ခေါ်သလဲ" လို့မေးတော့၊ရှမ်းပြည်နယ်ပဥ္စင်းက"မှန်လှပါဘုရား၊ အဲဒါကလို တပည့်တော်တို့ ရှမ်းပြည်နယ်မှာ ထိုးလဆိတ်လို့ခေါ်ပါတယ်ဘုရား"လို့ လျှောက်တယ်။ နောက်တော့ သူဟာနှင့် သူနဲ့ တည့်မှာဆိုတော့ ဒါဖြင့် "ဂိဇ္ဈာစ၊ ထိုးလဆိတ်တို့သည်လည်းကောင်း"လို့ ဆိုတော့မှ နားလည်သွားတယ်။ ထိုးလဆိတ်ဆိုတာလဲ သူ့အခေါ်ပေါ့လေ၊ ဘာတဲ့လဲ။

ဖြေ။ ။ငွင်းတပါဘုရား။

မေး။ ။ငွင်းတဆိုတာဘာလဲ။

ဖြေ။ ။ထိုးလဆိတ်ပါဘုရား။

အေး အဲဒါသိရင် ပြီးတာပဲကိုဗျာ့။ ယခုနလဲ ရုပ်နာမ်ဆိုတာက သည်ဟာကိုပဲ စုခေါ်တာပဲ။အေး–ဒီတော့ ဒါနားလည်သွားရော။ အနိစ္စဆိုရင် နားမလည်နိုင်ဘူး။ အနိစ္စဆိုတာ ရုပ်နာမ်ဖြစ်ပြီး ပျက်တာကိုခေါ်တာ။ အဲသည်လို ဆိုနေပြန်လည်း မှန်ပေမယ့် မဖြစ်ပြန်ဘူး။ ဟုတ်ကဲ့လား။ မှန်တော့ မှန်တာပဲ မှန်ပေမယ့် ယခုပြောသလို မသိပြန်တော့ မဖြစ်ပြန်တာပဲ။ အနိစ္စဆိုတာ အနိစ္စပဲ ခေါ်နေပါတယ်။

မေး။ ။နာသီးဝဆိုတာ မနေ့ကလဲ နာသီးဝ၊ ဒီနေ့လဲ နာသီးဝဆိုတော့ မမြင်နိုင်အောင်ဖြစ်နေပါတယ်ဘုရား။

ဒါက ဟိုမှာ မနေလို့ဗျာ့ နေတဲ့အခါ စိတ်ဟာ ငြိမ်နေပြီဆိုတော့ ဒီအမှန် ဖြစ်ပျက်တာကို သိလာနိုင်တယ်။ တဆက်တည်း ထင်နေတယ်။ အဲဒါ ဘာလို့လဲ ဆိုရင် ယခုနကို မှီကြလို့ဗျာ့။ မှီကြပြီဆိုတော့ ယခုနဟာကို သိရော။ အဲဒီလို သိနေတဲ့အခါမှာ ဒါတွေ အမှန်ဖြစ်တာ။ အဲဒါတွေကို တရားဟောတော်မူသည် ဖြစ်သောကြောင့် သဘောကျလို့ ပြောတတ်နေတာပဲ။

ခန္ဓာငါးပါး ရုပ်နာမ်ဟာ ဖြစ်ပြီးပျက်နေတဲ့ ဥစ္စာကို ဒီလိုပြောတော့ ရုပ်နာမ်မှာ ရုပ်အဋ္ဌဝီသ၊ နာမ်တေပညာသ တစ်ခုတည်းဖြင့် အနိစ္စ၊ ဒုက္ခလုပ်ရင် ဖြစ်တယ်မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။ပုတီးစိပ်တော့ ဘယ့်နှယ်ဆိုပြီး စိပ်သလဲ။

ဖြေ။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရူပက္ခန္ဓာ အနိစ္စ၊ ဝေဒနက္ခန္ဓာ အနိစ္စ၊ သညာက္ခန္ဓာအနိစ္စ၊ အဲဒီလိုပဲ ဆိုတာပဲဘုရား။

မေး။ ။ဒါတင်မကဘူး၊ အကုန်လုံးပါအောင် လုပ်လိုက်သေးတယ် မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အေး ဒါတွေဟာ အတည့်ချည်းပဲ။ သို့ပေမယ့် ယခုနလို မမြင်ဘူး။ မသိသေးဘူး။

(လျှောက်။ ။နှာသီးဝဟာ ကာယပသာဒရုပ်။ ထွက်တဲ့လေ ဝင်တဲ့လေက ဖောဋ္ဌဗ္ဗရုပ်။ အဲဒါဟာ လက်ဖျစ်တတွက်မှာ ကုဋေပေါင်း ငါးထောင်ကျော် ဖြစ်နေတယ်ဆိုတာ စိတ်က မှတ်သားထားတာနဲ့ အဟော်ဆက်မိသွားပါပြီဘုရား။)

ဒီတော့ ဒါတွေကို ယခုလိုထားလိုက်ရင်ပဲ ဒါကတော့ အသိပဲ ရှိပါသေးတယ်။ ဒီထက် သိစရာတွေ အများကြီးရှိပါသေးတယ်။ ဘာတုန်းဆိုတော့ ဖြစ်ပျက်နေတာတွင်ပဲ၊ ဒါ,အသိကလေးက စပြီးတော့ အသိဆုံးသွားအောင် သိဖို့ရှိသေးတယ်။ ဒီတော့ ဝီရိယတွေနဲ့ ဒီဟာကို တဆက်တည်းဖြစ်အောင် ဒီလို ဂရုစိုက်ပြီး ယူကြရပါတယ်။

**အသိကလေး ဆုံးသွားအောင်**

မေး။ ။အသိ ဆုံးသွားအောင်ဆိုတာကို လင်းပါဦးဘုရား။

အဲ အသိ ဆုံးသွားအောင်ဆိုတာက ဘာလဲဆိုရင် တိုးတိုးသွားဦးမှာ ကိုးဗျာ့။

မေး။ ။ဒကာကြီးအိမ်သွားချင်ရင် လမ်းမှာ ဘာမှမကြည့် မငေးဘဲ သွား၊ လမ်းဆုံးတော့ ဒကာကြီးရဲ့အိမ် ရောက်တယ်မဟုတ်လား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

အဲဒီလိုရောက်ရင် သွားချင်တဲ့ ဒီလမ်းဟာ ဆုံးတာပဲ မဟုတ်လား။

ယခုလဲ သွားလိုက်တဲ့အခါမှာ ကိုယ်ရောက်ချင်တဲ့ နေရာရောက်ရင် အဲဒါ လမ်း ဆုံးတာပဲဗျာ့။ ဘယ်အထိ သွားမလဲ။ အဲဒီရောက်အောင် သွားကြ၊ အဲဒီကျမှ နားကြဗျာ့။ လမ်းဆုံးရောက်အောင် သွားကြ။

မေး။ ။တပည့်တော်တို့ကတော့ လမ်းဆုံးရောက်အောင် စသွားပါပြီဘုရား။

အဲဒီလမ်းဆုံးကျမှ နားကြဗျာ့။ ဒီအတိုင်းတော့ မနားကြပါနဲ့ဗျာ့။ အေး– အဲဒီလိုဗျာ့။ ဒါကြောင့်မို့ ဝီရိယ ထူထောင်ပြီးတော့ ယခုလို ဆောင်ရွက်ကြရပါတယ်။ ဒီဟာ ဘာတုန်းဆိုတော့ အချိန်ရှိတဲ့ အခါကလေးမှာ သွားလို့ဖြစ်တယ်။ ဘုရား သာသနာ မရှိတဲ့အခါမှာဆိုတော့ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ ဒါကြောင့်မို့ အချိန်ကောင်း၊ အခါကောင်း၊ ဘဝကောင်းကလေး ရထားတဲ့အခါမှာ ဒီအချိန်ကလေး ပြီးအောင် ယူကြရပါတယ်ဗျာ့။ ဒီဟာ မပြီးဘဲ ခုလိုခုလပ်မှာ ပျင်းပျင်းရိရိနဲ့သွားရင် အပါယ်ကျမယ်ဗျာ့။ ယခုန ထားဆိုတဲ့ နေရာကလေးမှာ ထားလို့နေရင် သက်တမ်းစေ့လို့ စုတိ ကျသွား မယ်ဆိုရင် ဆက်မိသွားပါလိမ့်မယ်။

မေး။ ။လုပ်မယ်ဆိုပြီး လုပ်နေရပေမယ့် ထားဆိုတဲ့ နေရာကလေးမှာ မထားဘဲ စိတ်တခြားသွားနေတဲ့ အချိန်နှင့်သာ သေသွားမယ်ဆိုရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်သွားပါလိမ့်မယ်ဘုရား။

ဒီလိုဖြစ်ရင် ဘယ့်နှယ်တတ်နိုင်မလဲ။ မတတ်နိုင်ဘူး။ ယခု အားလုံးတို့ ဟာဆိုရင် ကိုယ်တတ်နိုင်သလောက် ကုသိုလ်တွေတော့ ပြုလိုက်တာ၊ ဘယ်လိုတုန်းဆိုတော့ အားချိန် နားချိန်မထားဘူး။ မြင့်မြတ်တာချည်းပဲ ပြုနေတာပဲ။ ယခုနပြောတဲ့ သိပြီးသားတွေကလဲ သုတ်အဘိဓမ္မာတွေကို ထပ်တလဲလဲ ပြောရမယ်ဆိုရင် ဘယ်ဟာမှ အကြွင်းအကျန်မရှိအောင် သူများထက်သာအောင် ပြောတတ်တယ်။ ပြုလိုက်တဲ့ ကုသိုလ်ဆိုတာလဲ ဘယ်ဟာများ လပ်သေးသလဲ။ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစုံလို့ပဲ။ ပြုလိုက်တာတွေကလဲ အကောင်းချည်းပဲ။ ပွားများ အား ထုတ်တယ်ဆိုတာလဲ ဘယ်ဟာ လပ်သေးသလဲ။

ဖြေ။ ။မလပ်ပါဘုရား။

အေး ဘယ်ဟာမှ မလပ်ဘူးဗျာ့။ အဲဒီလိုချည်းပဲ ဝီရိယတွေနဲ့ မပြတ် အောင် လုပ်နေတာကို သူတကာမြင်တော့ ချီးမွမ်းကြတယ်ဗျာ့။ ဒါသိတ

မြင်တာ မဟုတ်လား။ ဒီတော့ ခေါ်ကြတယ်မဟုတ်လား။ ကျောင်းဒကာကြီး၊ ကျောင်းအမကြီး၊ ပစ္စည်းလေးပါး ဒကာကြီး၊ ပစ္စည်းလေးပါး ဒကာမကြီး ခေါ်ကြတယ်။

မေး။ ။သူတို့လဲ အားလုံးက ရိုသေလေးစားသမှု ပြုကြ၊ ချီးကျူးကြတာတွေလဲ ခံရတယ်မဟုတ်လား။

ဖြေ။ ။ခံရပါတယ်ဘုရား။

မေး။ ။ခံရပေမယ့် ဥပမာ– သက်တမ်းစေ့လို့ သေသွားမယ်ဆိုရင် ဘယ်သွားမလဲ။ သေသေချာချာ ပြောစမ်းပါဆိုရင် ဘယ့်နှယ်တုန်းဗျာ့။

ဖြေ။ ။သက်တမ်းစေတဲ့ အခါမှာ သတိလွတ်နေရင် အပါယ်သွားပါလိမ့်မယ်ဘုရား။

မေး။ ။သေသေချာချာ ဘယ်သွားမှာတုန်းလို့ မေးရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်တို့ ပုထုဇဉ်မှာ ဒီအပါယ်ဘေးက မလွတ်သေးပါဘုရား။

မေး။ ။ဘယ်လို သေသေချာချာ ပြောနိုင်သလဲ။

ဖြေ။ ။မပြောနိုင်သေးပါဘုရား။

မေး။ ။သူတကာတို့ ချီးမွမ်းကြတာဗျာ။ ဒကာကြီးများ ချီးမွမ်းမခံရဘူးလား။ ဒကာကြီးဟာ သီလရှိတယ်၊ သမာဓိရှိတယ်၊ ပညာရှိတယ်ဆိုပြီး ဒီလို ချီးမွမ်း မခံရဘူးလား။

ဖြေ။ ။ချီးမွမ်းတာ တစ်ဝက်ပဲ ချီးမွမ်းပါတယ်ဘုရား။

မေး။ ။ဒကာကြီးကို ဘယ်သူက မချီးမွမ်းသေးဘူးလဲ။

ဖြေ။ ။တစ်ဝက်ကသာ ဒီဒကာကြီး တောင်ပြော မြောက်ပြောနဲ့ သိလိုက်တာ၊ ထိသိလုပ်ပါဆိုတော့ တပည့်တော် တူမကလေးတွေက ပြောတယ်။ ကျွန်မတို့လောက်တော့ ဒီဒကာကြီး မလုပ်နိုင်ဘူးလို့ ပြန်ကဲ့ရဲ့နေပါတယ်ဘုရား။

မေး။ ။ဒီလိုပဲ အဆိုခံရသလား။

ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။ဟုတ်ကဲ့လား၊ ဒါဆိုတာ မဟုတ်ဘူး။ ကြားကြရဲ့လား။ သူ အတည့်ကို ပြောတာဗျာ့။ ဒကာကြီးကရော တည့်ရဲ့လား။

ဖြေ။ ။တည့်ပါတယ်ဘုရား။

မေး။ ။သူတကာတို့က တော်ပါပေတယ်လို့ ချီးမွမ်းနေကြတဲ့အထဲမှာ 'အံမာ–

နင်တို့က' ဒီလိုမျိုး လုပ်သေးသလား။

ဖြေ။ ။မလုပ်ပါဘူးဘုရား၊ တပည့်တော်က သာခု ခေါ်လိုက်ရပါသေးတယ် ဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။သူများက ငါ့ကို ချီးမွမ်းတာ သူတို့က ငါ့ ဒီလိုမျိုး လုပ်နေတယ်လို့မျိုး ပြန်မပြောဘူးလား။

ဖြေ။ ။စိတ်မဆိုးတဲ့အပြင် သူတို့က ဒီလိုပြောလို့ ချီးမွမ်းမိပါသေးတယ်ဘုရား။ သူတို့က တပည့်တော်ကို ကဲ့ရဲ့တာ မဟုတ်ပါဘူး။ ဘကြီး ဘကြီး ဒီလို ဒီလို လုပ်ပါလို့ အင်မတန် မေတ္တာကရုဏာနှင့် ပြောတာပါဘုရား။

မေး။ ။ပြောတော့ ဒကာကြီးက ဘယ်နှယ်တုံး၊ သူတို့လိုဖြစ်အောင် လုပ်သလား ဗျာ့။

## ချက်ချင်းပေါက်တဲ့ ထိ

မေး။ ။တပည့်တော်ကတော့ လုပ်မယ် လုပ်မယ်နဲ့ နေပါအုံး။ မနက်ဖြန်မှ။ နောက်ဒီလိုနဲ့ပဲ ဒီနေ့ ရောက်လာပါတယ်ဘုရား။

မေး။ ။အနို့ လုပ်မယ် လုပ်မယ်ဆိုတာ လိမ်တာလား။

ဖြေ။ ။လိမ်တော့ မလိမ်ပါဘုရား။ လုပ်မယ့်ဆန္ဒတော့ ရှိပါတယ်ဘုရား။ ဝီရိယ နည်းလို့ပါဘုရား။

မေး။ ။အဲဒါ လိုချင်လို့ နေတာလား။ မလိုချင်လို့ နေတာလား။

ဖြေ။ ။အမှန်စင်စစ်တော့ မလိုချင်သေးဘူးလို့ ဆိုရမှာပဲဘုရား။

မေး။ ။အဟုတ်ကို မလိုချင်တာလား။

ဖြေ။ ။လိုတော့ လိုချင်ပါတယ်ဘုရား။ တပည့်တော် လိုချင်တာက ဒီနေ့ ထိနှစ်ကျပ်ဖိုး ထိုး၊ မနက်ဖြန် တစ်သိန်းပေါက်၊ ဒီလိုဟာ လိုချင်နေတာ ဘုရား။

မေး။ ။ထိထိုးတာလဲ ဒီကနေ့ထိုးရင် မနက်ဖြန်ပေါက်ပါ့မလား။

ဖြေ။ ။ထိဖွင့်နေတုန်းထိုးရင်၊ တစ်ခါတလေ ထိုးနေတုန်း ဟိုကပေါက်ချင် ပေါက်မှာပဲဘုရား။

မေး။ ။နို့ ဒကာကြီး ယခုကော ထိဖွင့်တဲ့ အချိန်ပါပဲဗျာ့။ ဒကာကြီးက

ထိုးရုံပဲ ရှိပါတယ်ဗျာ။

ဖြေ။ ။တပည့်တော်က ဒီထိတော့ လက်နှေးပါတယ်ဘုရား။ ဒါအဟုတ်ကို ထိဖွင့်တဲ့အချိန် မဟုတ်လား။ ငွေနှစ်ကျပ် မပေးပါနဲ့ဗျာ။ ငွေနှစ်ကျပ် မပေးဘဲနဲ့ ဒီထိက ထိုးလို့ ရပါတယ်ဗျာ။ မလွယ်ဘူးလား။ ဒကာကြီးက **အလွယ်လိုက်တာနဲ့ နေရာကျတာပေါ့။**

မေး။ ။ဒါဖြင့် ယခုထိုးတော့မှာလား။

ဖြေ။ ။ထိုးပါမယ်ဘုရား။

မေး။ ။အဟုတ်လုပ်မှာ ဟုတ်ကဲ့လား။

ဖြေ။ ။တပည့်တော်က အရှင်ဘုရားကို မလိမ်ဝံ့ပါဘုရား။ ထိုးပါ့မယ် လုပ်ပါ့မယ်ဘုရား။

မေး။ ။ယခု လုပ်ပါ့မယ်ဆိုတာ အဆင်သင့်လား။

ဖြေ။ ။အဆင်သင့်ပါဘုရား။

မေး။ ။အားထုတ်တဲ့အခါကျတော့ ယိုင်ရင်း ဘယ့်နှယ်ဖြစ်သလဲ။

ဖြေ။ ။ယိုင်ရင်းက ပျင်းပျင်းလာပြီး အိပ်ငိုက်လာပြီး အိပ်ပျော်သွားပါတယ် ဘုရား။

ဒကာကြီးက အိပ်ကောင်းတဲ့ နေရာမျိုးမို့ အိပ်ငိုက်တာဗျာ။ ဘယ်လို နေရာမျိုးမှာ လုပ်ရမလဲဆိုရင် အိပ်ငိုက်လိုက်ရင် လိမ့်ကျမယ့်နေရာမျိုးမှာလုပ်ရင် ဒကာကြီး အိပ်ငိုက်မှာ မဟုတ်ဘူး။

မေး။ ။ဟုတ်ကဲ့လား။

ဖြေ။ ။မှန်ပါဘုရား၊ ဒီလိုနေရာမျိုးဆိုရင် လိမ့်ကျမှာစိုးလို့ အိပ်ငိုက်မှာ မဟုတ်ပါဘူးဘုရား။

အေး–ဒါဖြင့် အဲဒါလုပ်။ ဒကာကြီးက သေမှာကြောက်ရင် ဘယ်တော့မှ အိပ်ပျော်မှာ မဟုတ်ဘူး။ ကျမှာကြောက်တာနဲ့ ဒကာကြီး အိပ်ငိုက်မှာ မဟုတ်ဘူး။ (မှန်လှပါဘုရား။)

မေး။ ။အေး–ဒါဖြင့် ခပ်မြင့်မြင့်နေရာကလေးမှာ ထိုင်မယ်ဆိုတော့ ဘယ်နေရာ မှာ ထိုင်မလဲ။

ဖြေ။ ။လှေကားပေါ်မှာ ထိုင်မှ ထင်ပါရဲ့ဘုရား။

မေး။ ။အေး–အဲဒါလုပ်ရင် ဒကာကြီး သေသေချာချာ မငိုက်ဘူးဗျာ။

ဖြေ။ ။မငိုက်ပါဘူးဘုရား။ ဘယ်လိုလဲဆိုရင် လိမ့်ကျရင် ခြေထောက်တို့

လက်တို့ ကျိုးမှာစိုးတာနဲ့ မငိုက်ဝံ့ပါဘုရား။

အဲဒါ ထိနမိဒ္ဓ ချက်ချင်းနိုင်တာပဲဗျာ့။ အဲဒါနဲ့သာ လုပ်ကြ၊ ကြား လား။ (တင်ပါ့ဘုရား။)

လုပ်ပါ လုပ်ပါဆိုရင်လဲ အဲဒါနဲ့သာ လုပ်ကြ။ ရှေးအရှင်တွေက ဒီလို လုပ်ထာဗျာ့။ **သေမှာတော့ သိတယ်မဟုတ်လား။** (သိပါတယ်ဘုရား။)

မေး။ ။ဒါဖြင့် အိပ်ပျော်ဦးမလား။

ဖြေ။ ။အိပ်ပျော်တာပဲဘုရား။

မေး။ ။ဒါဖြင့် သေမှာ မသိလို့ နေမှာပါဗျာ။

ဖြေ။ ။တပည့်တော်တို့ အရွယ်ကတော့ မသာပို့ချည်းပါပဲဘုရား။ သောပို့တဲ့ အခါ သချိုင်းရောက်ရင် ရယ်လို့ မောလို့၊ သူသာ သေတာ ငါ,မသေဘူးဆိုပြီ အဲဒီလိုနဲ့ အချိန်ကုန်တာပါပဲဘုရား။

မေး။ ။အဲဒီတော့ ယခုန သေမှာကို အဟုတ်သိသလား။

ဖြေ။ ။အဟုတ်မသိဘူးလို့ ပြောရမှာပဲဘုရား။

အဟုတ်သိရင် ဒဟုက်ကို အိပ်ပျော်မှာ မဟုတ်ဘူးဗျာ့။ (မပျော်နိုင်ပါ ဘုရား။)

ဘယ်လိုလဲဆိုရင် ရှေးက ဓမ္မာသောက မင်းကြီးရဲ့ ညီတော် အိမ်ရှေ့ မင်းဟာ တိဿဆို တင်ပါရဲ့၊ ဟုတ်ကဲ့လား။ (တင်ပါ့ဘုရား။)

## ရဟန်းဘဝ မိမ်ကျသည်ငေ်သူ

ဓမ္မာသောက မင်းကြီးကတော့ ဘုရားရှင်သာသနာ၊ ဘုရားအဆုံးအမ တွေ ရလို့ ပါရမီရှိတော့ ကြည်ညိုပြီး ပြုလိုက်တာ တကျွန်းလုံးမဟုတ်လား။ အကုန်လုံးမှာ အတုအဘူ မရှိအောင် အဲဒီလိုပြုပါတယ်။ ဒါပေမယ့် ညီတော်အိမ်ရှေ့မင်းသားကတော့ ဘာသိဘာသာ နေတာဗျာ့။

တစ်နေ့မှာတော့ သူဟာ ငြိုးငွေ့လို့ တောထဲကို လျှောက်ပြီး သွားတဲ့ အခါကျတော့ သမင်တွေ ပျော်လို့ရွှင်လို့ မြူးလို့နေတာကို သူမြင်တယ်။ မြင်တဲ့ အခါမှာ သူ့စိတ်ဟာ အကြံတစ်ခုဖြစ်တယ်။ ဘယ်လို အကြံတစ်ခု ဖြစ်သလဲဆိုရင် သူတို့တတွေဟာ မြက်သစ်ရွက်ကို စားပြီးတော့ မြူးကြ၊ ပျော်ကြ၊ ရွှင်ကြတယ်။ နောင်တော်ဘုရားဟာ မြင့်မြတ်ပေ့ဆိုတဲ့ ခံဘွယ် ဘောဇဉ်တွေနဲ့ အတုအဘူ မရှိအောင် သည်လိုပူဇော်တယ်။ နေရာထိုင်ခင်းကလဲ

မြင့်မြတ်ပေ့ဆိုတဲ့ နေရာထိုင်ခင်းတွေနဲ့ ချီးမြှောက်ပူဇော်တယ်။ အဲဒီလို ချီးမြှောက်ပူဇော်တဲ့ အမြင့်မြတ်ဆုံးဟာတွေနဲ့ အကောင်းဆုံး အမြင့်မြတ်ဆုံး နေရာမှာ ဒီလိုနေတဲ့ ဒီရဟန်းတွေလဲ မြူးမှာ ပျော်မှာပါပဲတဲ့ဗျာ့။ ဘာကြောင့်လဲ ဆိုရင် မြက်သစ်ရွက်တွေ စားပြီးတော့ နေကြတဲ့ တောသမင်တွေ တောင်မှပဲ ဒီလို မြူးကြ ပျော်ကြ ရွှင်ကြသေးတယ်ဆိုပြီး စိတ်ထဲမှာ တစ်ခါထဲ ဒီလို ဖြစ်တာပဲတဲ့ဗျာ့။

နန်းတော် ပြန်ရောက်တဲ့အခါမှာ နောင်တော်ဘုရားကို ဒီအတိုင်းပဲ သံတော်ဦး တင်တယ်တဲ့ဗျာ့။ နောင်တော်က ငါ့ညီတော်ကိုဖြင့် ဒီအတိုင်းတိုင်း ပြန်ပြီး ပြောလို့တော့ သိမှာ မဟုတ်သေးဘူး၊ နေပါစေဦး။ တဖြည်းဖြည်း တော့မှပဲ သိစေရတော့မှာပဲလို့ဆိုပြီး အသာနေတယ်တဲ့ဗျာ့။ နောက်တော့ အကြောင်းတစ်ခု ပေါ်ပေါက်လာတဲ့ အခါကျတော့ စိတ်ထဲက သဘောမကျပုံ၊ ဒေါသဖြစ်ဟန်နဲ့ ညီတော်ကို ခေါ်ဟောဆိုပြီးတော့ အဲဒီမှာ နောင်တော်ဘုရားက 'မင်းဟာ ငါ့ ညီတော်ဖြစ်သည့် အားလျော်စွာ ဧကရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာနဲ့ ခုနစ်ရက် နေတော့။ နေလို့ ခုနစ်ရက်စေ့ပြီဆိုရင် ညီတော်ကို သတ်ရမယ်'ဆိုပြီး အမိန့် ချမှတ်လိုက်တယ်။ အဲဒီလို အမိန့်ချမှတ်ပြီးတဲ့နောက် ဧကရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာ တွေကို လွှဲအပ်ပေးတယ်ဗျာ့။ ခုနစ်ရက်စေ့တဲ့ အခါကျရင် မင်းကိုတော့ မထားတော့ဘူး၊ သတ်ရမယ်လို့ အဲဒီလို အမိန့်တော် ထားလိုက် တယ်။ ဒီအိမ်ရှေ့မင်းဟာ ခုနစ်ရက်စေ့တဲ့ အခါကျရင် သေတော့မှာဗျာ့။ ဘယ်လိုလဲဆိုရင် သူ့မှာ အပြစ်နဲ့ပြပြီး အမိန့်ချမှတ်ထာကိုးဗျာ့။

## အိပ်မပျော်နိုင်သော ဘုရင့်စည်းစိမ်

အဲဒီလို အာဏာထားလိုက်ကတည်းက ဒီအိမ်ရှေ့မင်းဟာ ခုနစ်ရက် လယ်ရင် သေတော့မှာပဲဆိုပြီး တခါတည်း ကြောက်ပြီး နေတော့တာပဲတဲ့ဗျာ့။ အဲဒီတော့ နောက်ခုနစ်ရက် နေပြီးရင် သတ်တော့မှာကို ကြောက်တာနဲ့ စားလို့လဲမဝင် အိပ်လို့လဲမပျော် တကြောက်ထဲ ကြောက်နေတော့တာပဲ။ ခုနစ်ရက်စေ့ရင် သေမှာကိုးဗျာ့။ ကြောက်တာပေါ့။

အဲဒါနဲ့ ခုနစ်ရက်လဲစေ့ရော ညီတော်ကိုခေါ်ဟဲ့လို့ ဆိုပြီးတော့ ရောက်လာတဲ့ အခါမှာ အမယ်မင်း သူ့မှာ ပိန်လို့၊ ချုံးလို့နဲ့ အကျော့ပြိုင်း ပြိုင်းထလို့၊ အဲဒီလို ဖြစ်နေတာကိုးဗျာ့။ ဒီတော့မှ နောင်တော်ဘုရားက

ဘယ့်နှယ် မင်းဟာ ရှေးအခါကလို မဟုတ်ပါလား။ မင်းမှာ အရင်ကတော့ အလွန်ပဲ အားအင်နှင့်တကွ ကြည်လင် တောက်ပလို့ ရှုချင့်စဖွယ် အဆင်းနဲ့ တင့်တယ်၊ ယခုတော့ မင်းဟာ ဧကရာဇ်ရဲ့ စည်းစိမ်ချမ်းသာနဲ့ နေတဲ့အခါ ကျတော့မှ မင်းဘယ့်နှယ် ဖြစ်ရသလဲလို့မေးတော့–

မှန်လှပါဘုရား၊ ညီတော် ကြောက်လှပါပြီဘုရား။ ဒီတော့ နောင်တော်က ယခု မင်းဟာ ဧကရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာနဲ့ ရွှင်ရွှင်ပျော်ပျော်ကြီး နေရတော့မှပဲ ဒီလိုဖြစ်ရသလားလို့ မေးတော့၊ မှန်လှပါ မပျော်မရွှင်နိုင်ပါဘူး ဘုရား။ ညစဉ်ညတိုင်း မအိပ်နိုင်ပါဘုရား။ ဘာကြောင့်လဲဆိုတော့ ဘုရားညီလေးမှာ ခုနစ်ရက်စေ့တဲ့အခါ ဧကန္တ သေတော့မှာပဲလို့ဆိုတာ ကြောက်နေပါတယ်ဘုရား။ အဲဒီလိုကြောက်တာနဲ့ သူ့မှာ အိပ်လို့လည်းမပျော်၊ စားလို့လည်းမဝင်၊ ဘယ်လိုမှ မပျော်နိုင်၊ မရွှင်နိုင်ပါဘူးလို့ လျှောက်သတဲ့။ အဲဒီလောက်ထိ ကြောက်တာဗျာ့။ ဘယ်လောက် ကြောက်သလဲ ဆိုရင် အိပ်လို့လဲ မပျော်ဘူးတဲ့။

ကြောက်လွန်လွန်းလို့ မြင့်မြတ်တဲ့ ဧကရာဇ်မင်းရဲ့ စည်းစိမ်တွေ ရထားတော့ အစစအရာရာ အမြင့်မြတ်ဆုံး အကောင်းတွေချည်း မဟုတ်လား။ ထီးပွဲ၊ နန်းပွဲတွေနဲ့၊ ဒါပေမယ့် သူ့,မပျော်နိုင်ပေါင်တဲ့ဗျာ့။ ဘယ်လိုလဲဆိုတော့ သေရမှာကို ကြောက်လွန်လွန်းလို့တဲ့ဗျာ့။ အဲဒီလို ဘုရားညီတော်မှာ သေရမှာ ကြောက်လွန်လွန်းလို့ ဘုရားလို့ လျှောက်တော့မှ ဟဲ့ ညီတော်၊ မင်းဟာ ခုနစ်ရက်နေပြီးမှ သေရမှာ ဒီလောက် ကြောက်ရသလားလို့ ဆိုတယ်။ ဒီတော့ မှန်လှပါ ကြောက်လှပါပြီ ဘုရားတဲ့။

ဒီတော့ နောင်တော်ဘုရားက အေး–အခုမင်းဟာ ဧကရာဇ်မင်းရဲ့ စည်းစိမ်တွေကို ခံစား စံစားပြီးတော့ ခုနစ်ရက်နေပြီးမှ သေမှာကိုတောင် မင်း ယခုလောက်ထိ ကြောက်နေတယ်။ ငါ့ရဲ့ အရှင်သခင်များဟာဆိုရင် တခဏကလေးကိုပင်လျှင်ပဲ ယခုနပြောတဲ့ လက်ဖျစ်တတွက်မှာဆိုရင် ဒီရုပ်နာမ်ဟာ ဖြစ်ပျက်ပြီးနေတာ။ ဘယ်လောက်တဲ့။ လက်ဖျစ်တတွက်မှာဆိုရင် ကုဋေပေါင်းတစ်သိန်း ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

အေး–အဲဒါတွေကို မြင်ပြီးတော့ ဒါတွေကို တကြောက်ထဲ ကြောက်နေတာ၊ မင်ကမှ ခုနစ်ရက်နေပြီး သေရမှာကို ဒီလောက်တောင် ကြောက်ရသလား။ ငါ့, အရှင်များမှာတော့ ဘယ်လိုတုန်းဆိုတော့ ယခုနလိုဗျာ့။

လျှပ်တပျက် လက်ဖျစ်တခတ်မှာဆိုရင် ရုပ်နာမ်ဟာ ဖြစ်ပြီးတော့ ပျက်နေတာ၊ ဒီလိုဖြစ်ပြီးတော့ ပျက်နေ ကာဟာ တခြားမဟုတ်ဘူး။ ဒါတွေကို သိပြီးတော့၊ မြင်ပြီးတော့ အဲဒါကို ကြောက်နေတာဗျာ့။

အဲဒီတော့ ဘယ်ကသွားပြီး ရှင်နိုင် ပျော်နိုင်လိမ့်မလဲလို့ ဆိုတော့မှ သူ့မှာ သိသတဲ့ဗျာ့။ နင်ကမှ ခုနစ်ရက်နေပြီးမှ သေတာ၊ ဟိုဟာတော့ ဒီလိုမဟုတ်ဘူး။ **တသေသထဲ သေနေတာ**၊ အဲဒါတွေကို မြင်နေတော့ ငါ့အရှင်သခင်တွေဟာ နင်လောက် ဘယ်ကမလဲဆိုတော့ အဲဒီကျတော့မှ မှားပြီဆိုပြီး ကြည်ညိုလာသတဲ့ဗျာ့။ အဲဒီကျတော့မှ နားလည်တာကိုးဗျာ့။ နို့မဟုတ်ရင် ယခုနလို သူက တွေးကောမှာပဲဗျာ့။ အဲဒီလိုဗျာ့။

**လေ့ကားခုတင်**

မေး။ ။ယခုလဲ ဒီလိုပြောလို့ဟော့ ဒကာကြီး မကြောက်ဘူးပေါ့လေ။

ဖြေ။ ။ဒီလိုပြောလို့တော့ သိပ်မကြောက်သေးပါဘူးဘုရား။

မေး။ ။သိပ်မကြောက်ရင် ယခုနဟာနဲ့မှ တော်မယ်ဗျာ့။ လေ့ကားထောင်ပြီးတော့ အဲဒီပေါ်မှာသာလုပ်၊ အိပ်သာအိပ်ဗျာ။ ငိုက်ပါလို့ ဘေးကပြောဘယ့်နှယ်လဲ။

ဖြေ။ ။ဘယ်ငိုက်ဝံ့ အိပ်ဝံ့မလဲဘုရား။

မေး။ ။နောက် ဘယ်သူ မကြောက်သေးဘာ ရှိသလဲ။ ဒကာကြီး ဟစ်ယောက်ထဲလား။

ဖြေ။ ။ကြောက်တဲ့လူ လာဆိုရင် လေ့ကား ကျိုးကျပါလိမ့်မယ်ဘုရား။ ယခု ပရိသတ်တွေ အကုန်လုံး တက်လိမ့်မယ် ထင်တယ်ဘုရား။

မေး။ ။ဒကာကြီးကသာ မကြောက်ထာ၊ ကြောက်ပြီ့သားတွေကတော့ မတက်ပါဘူးဗျာ့။ ဒကာကြီး တစ်ယောက်ထဲပါပဲ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အေး...အဲဒါ သေတော့ မသေပါဘူး။ လေ့ကားပေါ်က ကျရုံနဲ့တော့ မသေနိုင်ပါဘူး။ ဒါဖြင့် အဲဒါက- အလုပ်ဗျာ့။ နိဿဇ်ခုတင်တွေ ဘာတွေ လုပ်မနေနဲ့ အဲဒါပဲလုပ်။

မေး။ ။လေ့ကားခုတင်လားဘုရား။

အေး-ဒါသာလုပ်ရင် ဒကာကြီး သေသေချာချာကို ငိုက်မှာမဟုတ်ဘူး။

ဖြေ။ ။မငိုက်ဝံ့တော့ပါဘူးဘုရား။

အေး-အဲဒါ အကောင်းဆုံးပဲ။ ဒါတောင် မဖြစ်ဘူးဟဲ့လို့ လုပ်နေဦး မလား။ အခု ဒီပရိသတ်ထဲမှာ တူမဒကာမကြီးတွေပါလား။ ပါရင် သူတို့ ကို အဲဒါသာ လုပ်ပေးလိုက် ကြားလား။ တခြားမသွားချင်ရင်လဲ ခုံခပ် ငယ်ငယ်ကလေးတစ်ခု ထုတ်ပေး၊ အဲဒီအပေါ်မှာ ထိုင်ပေစေ။

ဖြေ။ ။စားပွဲခုံပေါ်မှာ ခွေးခြေကလေး တင်လိုက်ရင် တော်လောက်ပါပြီဘုရား။

မေး။ ။အေးဗျာ့။ အဲဒါသာလုပ်၊ တကယ်လုပ်မှာလား။ တော်တော်ကြာ မလုပ်ခင် အိပ်ပျော်သွားဦးမယ် ထင်တယ်။

ဖြေ။ ။မအိပ်ပါဘူးဘုရား။

မေး။ ။အေး-အဲဒါဆိုရင် ထိနမိဒ္ဓ နိုင်တန်ကောင်းပါရဲ့။

ဖြေ။ ။နိုင်ကောင်းပါတယ်ဘုရား။

သို့သော်လဲပဲ မအိပ်ပဲ နေရုံနဲ့၊ ကြောက်ရုံနဲ့ မဖြစ်ဘူး။ မအိပ်ပဲ နေတာက ယခုနတားဆိုတဲ့ နေရာကလေးမှာ ထားလို့ နေပြီဆိုရင် နေတဲ့ အချိန်ကစပြီး ဒီထက်ဒီ အချိန့်ကြာသလောက် တိုးတက်လာမှာပဲဗျာ့။ ယခုနဟာတွေကို မြင်လာမယ်။

မေး။ ။မြင်လို့ရှိရင် ယခုန အိမ်ရှေ့မင်းသားတိသ္သ ကြောက်သလောက် မကြာဘူး ထင်တယ်။

ဖြေ။ ။သူ့ထက် ကြောက်လာပါလိမ့်မယ်ဘုရား။

မေး။ ။ယခုန အိမ်ရှေ့မင်းလို ဧကရာဇ်မင်းရဲ့ စည်းစိမ်နဲ့ နေစမ်းပါဆိုရင် ဒကာကြီး ဘယ့်နှယ်လဲ။

ဖြေ။ ။မအိပ်နိုင်ပါဘူးဘုရား။

မေး။ ။ဧကရာဇ်မင်းရဲ့ စည်းစိမ်နဲ့တောင်မှ မအိပ်နိုင်ဘူးဆိုရင် ယခုန အိမ်ပြန်သွားရုံနဲ့ဘော့ ဘယ်နည်းနဲ့မှ အိပ်မှာ မဟုတ်ဘူးထင်တယ်။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အေး ဒါဖြင့် ဒီပြင်ဟာတွေ ပြောရတာထက် ယခုလိုဆိုရင် စောစော တုန်းကပဲ ပြောပါတော့ဗျာ့။

ဖြေ။ ။တင်ပါ့ဘုရား၊ စားပွဲပေါ် ခွေးခြေတင်လိုက်တာနဲ့ပဲ တော်ပါပြီဘုရား။

မေး။ ။ဒကာကြီးလို အိပ်ပျော်တဲ့သူ ရှိသေးသလား။

ဖြေ။ ။ရှိပါလိမ့်မယ် ထင်ပါရဲ့ဘုရား။

**သူ့ကိုယ်အားကျ၊ ကိုယ့်သူ့အားကျ**

ရှိရင် ဒါမျိုးနဲ့မှ တော်မှာပဲဗျာ့။ ဒို့ဆီမှာတော့ ဒီလိုမဟုတ်ဘူး။ ဘယ်လိုတုန်းဆိုတော့ ဘယ်အချိန်ရောက်ရောက် ဒိပြင်တော့ ဘာမှ လျှောက်မပြောဘူး။ ယခုလို ပြောရတဲ့ ဥစ္စာက မဖြစ်နိုင်လို့ ပြောရတာ။ ဒို့ကတော့ ဒီလို မဟုတ်ဘူး။ ဒို့ဆီ ရောက်လာရင် ဘာလုပ်ဖို့လာသလဲ။ အားထုတ်ချင်လို့ လာတာဆိုရင် နင်တို့အားလုံး ရပြီးသားတွေပဲ။ အဲဒါ နားလည်လောက်တဲ့ နည်းနဲ့ နားလည်အောင် ပြောပြီး သွားကြပေ့လို့ ဒီလို လွှတ်လိုက်တာပဲ။

နေရာကလည်း သံဃာများရဲ့ ဒကာကြီးတွေအတွက် တစ်နေရာထားတယ်။ ဒကာမကြီးတွေအတွက် တစ်နေရာထားတယ်။ သူတို့တစ်တွေမှာလည်း အားထုတ်လိုတဲ့ ဆန္ဒပြင်းပြကြတဲ့ လူတွေချည်းပဲ။ ဒီတော့ သူတို့က အားထုတ်ဖို့ လို့လာတာ စကားပြောဖို့လာတာ မဟုတ်ဘူး။ ဘာသိဘာသာ လျှော့လျှော့ပေါ့ပေါ့ နေဖို့လည်း မဟုတ်ဘူး။ ဒီတော့ ဒို့က ယမုနကလိုပဲ ပြောပြီး လွှတ်လိုက်တာပဲ။

(လျှောက်။ ။ယခုရှိကြတဲ့ ဒကာကြီး၊ဒကာမကြီးတွေလဲ တဝက်တပျက်တော့ ရောက်နေပေါ်တယ်ဘုရား။)

အေး–ဒို့ဆီက ဒကာကြီးတွေ ဒကာမကြီးတွေဆိုရင် ယခုနလိုပဲ သွား ဆိုပြီး ဘယ်လိုမှာလိုက်သလဲဆိုရင် အဲဟိုမှာ ထိုင်နေကြလိမ့်မယ်။ အဲဒါ မသိအောင် တက်သွား။ မသိအောင် တက်သွားပြီး ဘယ်မှာ ထိုင်ရမလဲလို့မေးနေရင် ဒို့ကသွားကတည်းက ယခုနထားဆိုတဲ့ နေရာမှာထားပြီးတော့ ပါအောင်ဆောင် ရွက်သွား။ မပြတ်စေနဲ့။ ပြတ်ရင်ပြန်လာခဲ့။ တက်သွားတာလဲ သူများမသိစေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကြမ်းကြမ်းတမ်းတမ်း တက်သွားရင် ဟိုမှာရှိတာတွေက ပျက်ကုန်ဦးမှာကိုး။ ဘယ်နေရာ ထိုင်ရမလဲလို့ မေးနေနဲ့။ ဟိုမှာ ရဟန်းရော လူရောရှိတယ်။ ဒီတော့ ငါဘယ်က ထိုင်ရမလဲလို့ ဆိုပြီးတော့ လုပ်မနေနဲ့။ ထိုင်စရာရှိတဲ့နေရာ တွေ့လိမ့်မယ်။ အဲဒီနေရာမှာ မသိအောင်ထိုင်။ ဒီ အချိန်ကစပြီး ထွက်သွားကတည်းက အိပ်ဖို့မှမဟုတ်ဘဲ ထိုင်ဖို့လာတာ။ အဲဒါ ဘယ်အချိန်ကျမှ ဆင်းလာသလဲဆိုရင် လင်းပြီဆိုတော့မှ ဆင်းလာတယ်။

ဒါပေမယ့် အာဘိသမာစာရိကသီလဆိုတဲ့ ဝတ်တွေရှိတယ်။ ဒီသီလနဲ့ မပြည့်စုံရင် တောင့်တရည်ရွယ်ချက် မပြီးတာကတော့ အမှန်ကိုး။ အဲဒါ

လမ်းလာတဲ့အခါ တံမြက်စည်းလှည်းဖို့၊ အမှိုက်ကြုံးဖို့ ကိုယ်စီကိုယ်င အသီးသီး တောင်းနဲ့ တံမြက်စည်း၊ တူးရွင်းနဲ့ ဆင်းလာကြတာပဲ။

ဆင်းလာပေမယ့် ဟိုဟာကတော့ မထားခဲ့ဘူး။ ထိသိနေတာကို မလွတ်ရဘူး။ လုပ်ရမယ့်အလုပ်လဲ လုပ်ကြတယ်။ အဲဒီလိုလုပ်လို့ တော်တော်ကြာတော့ သူတို့ အသီးသီးတွေဟာ ခပ်ပြုံးပြုံးတွေ ဖြစ်လာတာကိုး။ သူတို့ဟာ အဲဒီလို အချိန်က သွားတော့ ဟိုမှာ ထိုင်နေကြတာကို တွေ့ရတယ်။ အဲဒီမှာ ကိုယ်လဲဝင်ပြီး ထိုင်ရတာပဲ။ ကိုယ်တစ်ယောက်ထဲသာ ထိုင်နေမယ်ဆိုရင် ထိနမိဒ္ဓကို မနိုင်တန်သေးလို့ အိပ်ချင်ရင် အိပ်လိုက်မယ်။ ယခုတော့ ကိုယ်တစ်ယောက်တည်း မဟုတ်တော့ အိပ်ချင်ပေမယ့် ဘေးနားမှာ ကိုယ်လို အိပ်တဲ့သူမှ မရှိဘဲ။ သူတို့က မအိပ်တော့ သူတို့ရဲ့ ဝီရိယဟာ ကိုယ့်ဆီ ရောက်လာတယ်။ အဲဒီလို ရောက်ပြီး လုပ်မယ်ဆို လုပ်တာပဲ။

သူတို့ အိပ်ချင်တဲ့ အခါကျတော့လဲ ကိုယ်က ဒီလိုထိုင်နေရင် ကိုယ့်ဝီရိယက သူတို့ဆီ ရောက်တာပဲ။ ဒီတော့ ကိုယ်တစ်ယောက်ထဲ လှဲအိပ်ရမှာက အားထုတ်မယ်ဆိုပြီး လာပြီးတော့ စင်းစင်းကြီး အိပ်မယ်ဆိုရင် သူများက မအိပ်ဘဲနဲ့ဆိုပြီး ကိုယ့်ဟာကိုယ် ရှက်နေတယ်။ အဲဒါနဲ့ ကိုယ်လဲ မအိပ်ဘဲ ဒီအတိုင်း ထိုင်နေကြရတာပဲဗျာ့။

ဒို့ဆီမှာကတော့ အဲဒီလိုပဲ ရောက်လာရင် ဟိုသွားခိုင်းလိုက်တာပဲ။ ဟိုကျတော့ ဘယ်တုန်းက ဘာတုန်းနဲ့ လုပ်မနေဘူး။ အားလုံး အားထုတ်နေကြတာပဲ။ အဲဒီမှာ ကိုယ်ကဝင်ပြီး အားထုတ်ရုံပဲ။ အခုလို အချိန်မဖြုန်းဘူး။ စားဖို့ သောက်ဖို့မှာပဲ အကုန်လုံး လုံလောက်နေတယ်။ ဘာဖြစ်လို့ လုံလောက်သလဲဆိုရင်--

**ထမင်းတစ်လုတ် အကုသိုလ်**

မေး။ ။စားဖို့သောက်ဖို့ လာခေါ်တာတောင်မှ လိုက်စားချင်ပါ့မလား။

ဖြေ။ ။မစားချင်ပါဘုရား။

မေး။ ။သို့သော်လည်း မွတ်သိပ်ဆာလောင်မှုစိုးလို့သာလျှင် လိုက်စားရတယ်။ အဲဒီလို စားရပေမယ့် ယခုနဟာကို မလွတ်ဘဲစားရင် မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒီလို စားလိုက်တဲ့အခါကျတော့ကော ကောင်းတာ မကောင်းတာ၊

အရသာရှိတာ မရှိတာ သိသေးသလား။

ဖြေ။ ။မသိပါဘုရား။

မေး။ ။ယခု ဒကာကြီးကို အိမ်က သားတွေ၊ သမီးတွေ၊ ကာမကြီးတို့က ကျွေးရင် ကောင်းလိုက်တာဆိုတဲ့ စိတ်နဲ့၊ အဲဒီလိုစားဘုန်း သေသွားရင် ဘယ် ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပါ ဘုရား။

မေး။ ။ဥပုသ်စောင့်ရင်း၊ ယခုလို အားထုတ်ရင်း ယခုလို စားနေမယ်ဆိုရင် အပါယ်ရောက်ပါ့မလား။

ဖြေ။ ။သေသေချာချာ အပါယ်ရောက်မှာပါပဲဘုရား။

မေး။ ။ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား၊ လောဘစိတ်နဲ့ကိုးဘုရား။

အဲဒါ မိုးယိုတာဗျာ။ အားထုတ်တော့လဲ ကုသိုလ်ကို အားထုတ်တာပဲ။ ယခုလို သတိပေးရင်လဲ နားလည်တာပဲ။ **ထမင်းစားတဲ့ ဥစ္စာကို တချို့က အကု သိုလ်လို့ မထင်ဘူးဗျာ။ ယုံလဲယုံမှာ မဟုတ်ဘူးဗျာ။ ဒီလို ထမင်း စားတာများ အပါယ်ကျမယ်လို့ ယုံလဲမယုံဘူး။ ငရဲလိမ့်မယ်လို့လဲ မထင်ဘူး။**

မေး။ ။အဲဒီလိုများ သေသွားရင် ဘယ့်နှယ်တုန်း။

ဖြေ။ ။အပါယ်ကျမှာပါပဲဘုရား။

မေး။ ။ဒီလို အပါယ်ရောက်သွားတော့ ပြန်လာလို့ရပါ့မလား။

ဖြေ။ ။မရပါဘုရား။

မေး။ ။အဲဒီလို မရတော့ ငရဲမှာ ပြုံးပြုံးကြီး နေမှာလား။

ဖြေ။ ။မနေပါဘုရား။ တွန့်လိမ်ပြီး ခံနေရမှာပါဘုရား။

မေး။ ။အဲဒီကျတော့ ဘယ့်နှယ်တုံး၊ မယုံဘူးလို့ ပြောအုံးမှာလား။

ဖြေ။ ။မပြောနိုင်တော့ပါဘုရား။

မေး။ ။အမယ်မင်းရဲ့လေး၊ ဟိုတုန်းကလို လုပ်ချင်လှချည့်ရဲ့လို့ တောင့်တ လို့ကောရပါ့မလား။

ဖြေ။ ။မရပါဘူးဘုရား။

**ချော်ကျတာလား၊ လျှောချတာလား**

မေး။ ။အေး–ဒါကြောင့်မို့ စောစောက ယခုလိုသတိပေးတဲ့အတိုင်း လုပ်ကြဗျာ။ ပြီးတော့ ဒကာကြီးတို့ သားသမီး၊ ဒကာမကြီးတို့က ကောင်းကောင်း မကျွေး ပြုန်တော့ကော၊ ဒကာကြီးကလဲ သီလဆောက်တည်ပြီး တရားအား ထုတ်လျက်နဲ့ဆိုတော့၊ ငါ့ကို ကောင်းကောင်း မကျွေးဘူးဗျာ့နဲ့ အဲဒီလို စိတ်ကလေးနဲ့ သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။ဒေါသအလျောက် ဒေါသစိတ်နဲ့ သေရတာမို့ အပါယ်ကျမှာပါဘုရား။

မေး။ ။ဥပုသ်သည်လား အပါယ်ကျမှာ။

ဖြေ။ ။ဥပုသ်သည်ဖြစ်ပေမယ့် စိတ်က ယခုနလိုဖြစ်ရင် အပါယ်ကျမှာပါပဲ ဘုရား။

မေး။ ။အပါယ်မကျချင်ရင် အပါယ်မရောက်အောင် ယခုလို သီလဆောက် တည်ပြီး လုပ်တဲ့ဥစ္စာ ဘာဖြစ်လို့ ကျရသလဲ။

ဖြေ။ ။မျက်စိလည်ကျသွားပါတယ်ဘုရား။

မေး။ ။မျက်စိလည်တာလား၊ ဆင်းသွားတာလား။

ဖြေ။ ။တပည့်တော်တို့က ဆင်းသွားတာပါဘုရား။

မေး။ ။လျော့လျော့ပေါ့ပေါ့နေတော့ ဟိုကမိုးယိုတာဗျာ့။ ဒီ အပေါ်မှာ ထိုင် နေအုံးဆိုတာ မထိုင်ဘဲ လျှောချတာ မဟုတ်လားဗျာ့။

ဖြေ။ ။လျှောချသလို နေတာပါပဲဘုရား။

မေး။ ။အဲဒီလို လျှောချတာ ဒကာကြီး တစ်ယောက်ထဲလား။ သူတို့တတွေ ကော နည်းနည်းမှ လျှောမချဘူးလား။

ဖြေ။ ။ဒီကဒကာကြီးတွေ ဒကာမကြီးတွေကတော့ လျှောမချပါဘုရား။

မေး။ ။ဒကာကြီးကတော့ တယ်ချိုးမွမ်းပါကလား။ ဟုတ်ကောဟုတ်ရဲ့လား။

ဖြေ။ ။ယခုရှိတဲ့ ဒကာကြီးတွေလဲ လျှောချတာပါပဲဘုရား။ (အခြားတရားနာ ပရိသတ်များက လျှောက်ကြသည်။)

ဘယ့်နယ်ဗျာ့– ဒီက ဒကာကြီးက ချီးမွမ်းတုန်းမှာ သူတို့က တိတ် တိတ်ကလေးပဲ နေကြပါကော့ဗျာ့။ သူ့မှာ အဖော်ရလို့ အားရှိသွားပါအုံးမယ်။ ငါ့တစ်ယောက်ထဲဆိုတော့ မဖြစ်ဘူးဆိုပြီး လုပ်စမ်းပါစေအုံးတော့ဗျာ။ သူတို့ကများ တိတ်တိတ်မိအောင် လုပ်ကြရောပေါ့ဗျာ။ အေး အဲဒါတဲ့တဲ့ပါပဲဗျာ။ သူများက ချီးမွမ်းလိုက်ကြမှာ တော်ပါပေ့ဗျာ။

မေး။ ။အဲဒါကို ကိုယ်က တော်ပါပေ့လို့ ကိုယ့်ကိုကိုယ် ဆိုရသေးသလား။

ဖြေ။ ။မဆိုရပါဘုရား။

မေး။ ။စိတ်ကောအေးရဲ့လား။

ဖြေ။ ။စိတ်မအေးရပါဘုရား။

အေး–ယခုနလို အေးအေးကြီး မနေနဲ့ဗျာ့။ ပြင်းပြင်းထန်ထန် လုပ်ကြဗျာ့။ အဲဒီလို လုပ်ရင် နေရာကျမှာပါပဲဗျာ့။ အားလုံးတို့ကတော့ ယခုလို လုပ်နေတာကို တော်ပေတယ်လို့ ချီးမွမ်းကြတယ် ပြောကြတယ်။

မေး။ ။အဲဒီလို အပြောခံရတဲ့ လူကကော ကိုယ်ဘယ်သွားမယ်လို့ သေသေ ချာချာ ပြောတတ်ရဲ့လား။

ဖြေ။ ။မပြောတတ်ပါဘုရား။

မေး။ ။ဘယ်ပြောတတ်မလဲ လုပ်မှမလုပ်ဘဲကိုး။ ဒကာကြီးကကော ဘယ်သွားမလဲ။

ဖြေ။ ။ကပည့်တော်ကတော့ အပါယ်ရောက်ဖို့ သေချာပါတယ်ဘုရား။

မေး။ ။ရောက်ကောရောက်ချင်သလား။

ဖြေ။ ။မရောက်ချင်ပါဘူးဘုရား။

မေး။ ။မရောက်ချင်ဘဲ ဘာကြောင့် အပါယ်ကို ပြောရသလဲ။

ဖြေ။ ။သတိက လွတ်လွတ်သွားလို့ပါဘုရား။

မေး။ ။လွတ်တာက အဟုတ်လုပ်လို့ လွတ်တာလား၊ အဟုတ်မလုပ်လို့ လွတ်တာလား။

ဖြေ။ ။အဟုတ်မလုပ်လို့ပါဘုရား။

သေသေချာချာ အဟုတ်လုပ်ရင် ကိုယ်ဘယ်ရောက်မယ်ဆိုတာ ပြောတတ်မှာပါပဲ။ အဟုတ်ပြောတတ်ပါတယ်။ ဒီနေရာမှာ ဒီလိုပြော ကြစို့။

## ချက်ပြီးသားထမင်း အသင့်စားရသလို

မေး။ ။ဒကာကြီး၊ ထမင်းစားဖို့ရာ ချက်တယ်မဟုတ်လား။ ထမင်းစားဖို့ရာ ချက်တော့ ဘယ်ဟာတွေနဲ့ ချက်သလဲ။

ဖြေ။ ။ဟင်းချို လက်သုတ်၊ ငါးဟင်းတို့ပါဘုရား။

မေး။ ။ချက်ပြီးပြီလား။

ဖြေ။ ။ချက်ပြီးပါပြီဘုရား။

မေး။ ။အဲဒါဘာလဲ။ အဲဒါ ချက်ပြီးသားမဟုတ်လား။

ဖြေ။ ။ချက်ပြီးသားပါဘုရား။

မေး။ ။ခုနပြောတာ ဘာဟင်းတွေတဲ့ဗျာ။

ဖြေ။ ။ဟင်းချို၊ ငါးဟင်း၊ မကျည်းရွက်လက်သုတ်၊ တို့စရာတွေပါဘုရား။

မေး။ ။ဘယ်နှခွက်လဲ။

ဖြေ။ ။ငါးခွက်၊ ခြောက်ခွက် ရှိပါတယ်ဘုရား။

မေး။ ။အဲဒါ ချက်ပြီးသားမဟုတ်လား။

ဖြေ။ ။ချက်ပြီးသားပါဘုရား။

မေး။ ။အဲဒီလို ချက်ပြီးတော့ တော်တော်ကြာ ထမင်းစားမယ်ဆိုပြီးတော့ စားတယ်မဟုတ်လား။ စားတဲ့အခါကျတော့ကော ခုနပြောတဲ့ ငါးဟင်းလဲ စားတယ်၊ ဟင်းချိုလဲ သောက်တယ်၊ ငပိနဲ့ တို့စရာကိုလဲ စားလိုက်ကြတာ သေသေချာချာ မဟုတ်လား။

ဖြေ။ ။သေသေချာချာ စားပါတယ်ဘုရား။

မေး။ ။အဲဒါကို ချက်ပြီးသားမို့ ဒီလိုစားနိုင်တာ။ မချက်ရသေးတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေတော့ တော်တော်ကြာ စားမယ်ဆိုရင် ဘာနဲ့ စားမလဲ။

ဖြေ။ ။သူတို့ မစားနိုင်ပါဘုရား။

မေး။ ။ဘာကြောင့်လဲ။

ဖြေ။ ။သူတို့ ချက်မှ မချက်ရသေးဘဲကိုးဘုရား။

ဟုတ်တယ်၊ သူတို့မှာချက်ပြီးသား မရှိသေးဘူးဗျာ့။ ဒီတော့ ဘာနဲ့ စားရမှန်းတောင် မသိသေးဘူးဗျာ့။ ယခုလဲပဲ ဝီရိယကို ထူထောင်ပြီးတော့ ကိုယ်အလိုရှိသလို ပြုထားကြ။ ပြုထားကြလို့ရှိရင်လဲ အဲဒါ ချက်ပြီးသားထမင်း အသင့်ရှိတာပဲ။ အဲဒီလို ချက်ပြီးသားထမင်း ရှိတဲ့အခါမှ သူ့သိနေပြီ။ ထမင်းကို ဘာနဲ့စားမယ်ဆိုတာ ချက်ကတည်းကိုက ငါဟာ ဒါတွေဒါတွေနဲ့ စားမယ်ဆိုပြီး ဒါတွေကိုပဲ ချက်တယ်မဟုတ်လား။ စားတဲ့အခါမှာ ဒါနဲ့ပဲ ချက်ပြီး စားတယ် မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အခုလဲပဲ ဘယ်လိုတုန်းဆိုရင် မွတ်သိပ်ဆာလောင်ကြတယ်။ ဘယ်လို

မွတ်သိပ်ဆာလောင်ကြသလဲဆိုရင် ချမ်းသာကို မွတ်သိပ်ဆာလောင်ကြတယ်။ ဒါတွေကလဲ သိပြီးသားတွေပါပဲ။ ဒီတော့ ကိုယ်နှစ်သက်တဲ့ ဗောဓိနဲ့ နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ဆိုပြီး လုပ်တာဟာ အဲဒါ ထမင်းချက်ပြီးသားနဲ့ တူတယ်။ ကိုယ်ချက်တာဟာ အဆင်သင့်အောင် ချက်တာ။ အဲဒီလို အဆင်သင့်အောင် ထမင်းချက်ပြီးသားနဲ့ တူပါတယ်ဗျာ။ အဲဒါ စားချင်တဲ့အခါမှာ စားရုံပဲရှိတာပဲ။ လွယ်လိုက်တာဗျာ။

ဖြေ။ ။ဘုရားဆိုဆုံးမတဲ့ အဆုံးအမရတော့ တပည့်တော်ဟာ ပကတိသာဝက ဗောဓိလောက်ပဲ ဆုတောင်းပါတယ်ဘုရား။

မေး။ ။အေးဗျာ ကိုယ်ချက်ချင်တာသာ ချက်ဗျာ။ စားလို့ရ ပြီးတာပဲ။ ဒကာကြီးက ချက်ပြီးသားရှိတော့ ဟိုအချိန်စားရင်ကော ဘယ့်နှယ်လဲ။ (ရပါတယ်ဘုရား။)

မေး။ ။ဒီအချိန်စားရင်ကော။ (ရပါတယ်ဘုရား။)

မေး။ ။ထမင်းချက်ပြီးသားရှိရင် ဘယ်အချိန်ချိန်စားစား ရတယ်မဟုတ်လား။ (ရပါတယ်ဘုရား။)

မေး။ ။ဒါဖြင့် တခြားဘာမှ မေးမနေနဲ့ ချက်မှာသာချက် ဟုတ်လား။

ဖြေ။ ။သို့သော်လဲပဲ တပည့်တော်မှာ ဝီရိယ လိုနေပါတယ်ဘုရား။

မေး။ ။ဝီရိယဆိုတာ တိုးလိုက်ရုံပဲ ရှိတာပဲမဟုတ်လား။ ဟုတ်ကဲ့လားဗျာ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အဲဒါခက်သလား (မခက်ပါဘုရား။)

အေး–ရှေးအရှင်တွေများ မမြင်ဘူးလား၊ ဘုရားပွင့်တော်မူဘယ်ဆိုရင်ပဲ ဘုရားထံမှောက် ရောက်၊ ဘုရားအဆုံးအမကိုရ၊ လိုက်နာကြတော့ ကိုယ်လိုချင်တဲ့ တောင့်တရည်ရွယ်ချက်တွေ အပြီးအဆုံးတိုင်အောင် ရကြတယ်မဟုတ်လား။ (ရပါတယ်ဘုရား။)

မေး။ ။ဒါတွေကလဲ အားလုံးတို့ဟာ သိပြီးသားတွေပဲ။ ကဲ–ယခု ယူမယ်ဆိုရင်ကော ဘယ့်နှယ်လဲ။ မရဘူးလား။

ဖြေ။ ။ရနိုင်ပါတယ်ဘုရား၊ ဒါပေမယ့် ဟာချို့ကတော့လဲ ပါရမီမရှိဘဲနဲ့ ဘယ်ရနိုင်မလဲ။ တိဟိတ်ပုဂ္ဂိုလ်မှ ရတယ်။ တပည့်တော်တို့က ပါရမီလဲ မရှိ၊ တိဟိတ်ပုဂ္ဂိုလ်လဲ မဟုတ်သည့်အတွက် ခင်ဗျားတို့ ဘယ်ရမလဲလို့ အပြောခံရပါတယ်ဘုရား။

**ဝီရိယပိုက်ဆံရှိက ဝယ်ချင်တာရ**

နို့ ကိုယ်လိုချင်လို့ လုပ်ရင် ဖြစ်တာပဲမဟုတ်လား။ ဒကာကြီးတွေ လူ့ပြည်မှာ တပြိုင်နက်တည်းရောက်လာတော့ အဲဒါ ကုသိုလ်ချည်းပဲ။ အဲဒီ အထဲမှာ ငါတော့ ရှင်ဘုရင် လုပ်ရမှလို့ အဟုတ်ကို ရှင်ဘုရင်ဖြစ်ချင်တဲ့ လူတွေ ရှိတယ်။ သူကတော့ ရှင်ဘုရင်လုပ်မယ်ဆို ရှင်ဘုရင် ဝီရိယထားရင် မဖြစ်ဘူးလား။ သူက အစကတည်းကိုက ရှင်ဘုရင်လုပ်ချင်လာတာ။

မေး။ ။အဲဒီလို မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။တချို့ကလဲ ငါတော့ သူဌေးဖြစ်ချင်တယ်။ သူဌေးလုပ်မယ်လို့ မှန်းတဲ့သူ မရှိဘူးလား။ မှန်းတဲ့အတိုင်း သူဌေးဖြစ်လောက်အောင် ဝီရိယနဲ့လုပ်တော့ သူဌေးမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။တချို့ကတော့ ရှင်ဘုရင်, သူဌေး မလုပ်ချင်ပါဘူး။ ဒါပေမယ့် သူ့မှာ မှန်းထားတာကလေးတွေ ရှိတော့ရှိတယ်။ ဒီမှန်းထားတဲ့အတိုင်း အဟုတ်ဖြစ်အောင် မလုပ်ဘူးလား။ (လုပ်ပါတယ်ဘုရား။)

မေး။ ။လုပ်တဲ့အတိုင်းကော ဖြစ်ကြတာပဲ မဟုတ်လား။

ဖြေ။ ။ဖြစ်ကြပါတယ်ဘုရား။

မေး။ ။ဒီအတိုင်းပါပဲဗျာ။ **ကိုယ်လုပ်သလို ဖြစ်တာပဲဗျာ့။ ကုသိုလ်က မြှောက်တင်လိုက်ပြီ။** ကြားကြရဲ့လား။ ဘယ်လိုတုန်းဆိုတော့ အဝတ်တွေ ရှိတယ်မဟုတ်လား။ ဒကာကြီး ဘာအရောင်ကြိုက်သလဲ။

ဖြေ။ ။တပည့်တော် အဖြူကို ကြိုက်လို့ အဖြူဝတ်လာပါတယ်ဘုရား။

မေး။ ။ကိုယ်ဝတ်ချင်တာ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။ဒီပြင် လူတွေကကော ကိုယ်ကြိုက်တာ ကိုယ်ဝတ်လာကြတာပဲ မဟုတ်လား။ (တင်ပါ့ဘုရား။)

ဒကာကြီးကို ဘယ်ဟာ လှပါတယ်၊ အဲဒါကို ဝတ်သွားစမ်းပါဆိုရင် ဒကာကြီးဝတ်မလား။ ဘာပဲဖြစ်ဖြစ် ဒါပဲကောင်းပါတယ်လို့ လုပ်မှာဗျာ့။ (တင်ပါ့ဘုရား။) အေး-ဒါဖြင့် ကောင်းပြီ။ ကိုယ်ကြိုက်တာသာ ဝတ်ကြဗျာ့။ ရှိတော့ ရှိပြီးသားချည်းပဲ မဟုတ်လား။ ပွဲသွားမယ်ဆိုရင် ကိုယ်ကြိုက်တာသာ ဝတ်ပြီး သွားကြပါဗျာ။ ပွဲရောက် ပြီးတာပဲ မဟုတ်လား။ (တင်ပါ့ဘုရား။)

မေး။ ။ကြိုက်တာရှိရင် ဖြစ်အောင်လုပ်ကြ ဖြစ်မှာပဲ။ မှန်းထားတဲ့အတိုင်း ဖြစ်မှာမဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒါက ဘာနဲ့ ပေးဝယ်ရသလဲ။

ဖြေ။ ။ဘာနဲ့မှ ပေးမဝယ်ရပါဘုရား။ အဝတ်ကဘော့ ပိုက်ဆံ ပေးဝယ်ရပါတယ်ဘုရား။

ယခုလဲ ဘယ့်နှယ်တုန်းဆိုတော့ ကိုယ်ကြိုက်တဲ့ ဥစ္စာကို ဝီရိယတွေနဲ့ ထူထောင်ပြီး ယူလိုက်ကြ။ ဝီရိယပိုက်ဆံနဲ့ ပေးဝယ်ရင် ရတာပေါ့ဗျာ။ ဘာကြိုက်ကြိုက် အဲဒါနဲ့ဝယ်ဗျာ။ ရပါတယ်ဗျာ။

မေး။ ။အဲဒါတော့ မရှိဘူးလား။

ဖြေ။ ။ဝီရိယတော့ ရှိပါတယ်ဘုရား။

မေး။ ။မရှိရင် ယူသုံးပါဗျာ။ ပြန်မပေးပါနဲ့။ မဟုတ်လား။

ဖြေ။ ။ဒါဖြင့် အရှင်ဘုရားဆီ ရွှေဒင်္ဂါးတည်းဟူသော ဝီရိယယူသွားမှ ထင်ပါရဲ့ဘုရား။

ယူသွားပါဗျာ။ ဘယ်လောက်ယူယူ ပြန်မပေးပါနဲ့။ အေး ဒါကြောင့်မို့ ဘုရားရှေ့လက်ထက်တော်က ရှေးအရှင်တွေဟာ ကိုယ်နှစ်သက်တာတွေကို ဝီရိယတွေနဲ့ ထူထောင်ပြီး ယူလိုက်ကြတာ အချိန်တိုင်း အချိန်တိုင်းမှာတွင်ပဲ လိုချင်တာတွေ ပြီးစီးအောင်မြင်သွားကြတာဟာ အချိန်တိုင်း အချိန်တိုင်းမှာတွင်ပဲ မရေမတွက်နိုင်ပါဘူးဗျာ။ အဲဒီလို အသီးသီးရကြတယ်။

မေး။ ။အဲဒီလို ရကြတာဟာ ဘယ့်နှယ့်တုန်းဗျာ၊ ရေတွက်နိုင်ရဲ့လား။

ဖြေ။ ။မရေတွက်နိုင်ပါဘုရား။

မေး။ ။ယခုကော ဒီလိုယူရင် မရဘူးလား။

ဖြေ။ ။ရပါတယ်ဘုရား။

အေး–ဒါကြောင့်မို့ ယခုလဲပဲ ရှေးအရှင်တွေကဲ့သို့ တောင့်တရည်ရွယ်ချက် အသီးသီးပြီးသလို ကိုယ်မှန်းထားချက်တွေ ပြီးအောင်ဟာ ဒီလို ဝီရိယတွေနဲ့ ထူထောင်ပြီးတော့ ကြိုးစားကြ။ အားထုတ်ကြဗျား။

(သာဓု–သာဓု–သာဓု––။)

(၁၉၅၅–ခုနှစ်၊ မေလ (၉)ရက်နေ့ ည၊ ရက်ကုန်တက္ကသိုလ်မှော်ရုံ၌ ဟောကြားတော်မူသည်။ တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်သည်။)

# တစ်ခုတည်းနှင့် အကုန်ပြီးသော အကျင့်

## တရားတော်

သီလကို ဆောက်တည်လို့ပြီးကြပြီ။ ဆောက်တည်ပြီးရင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တ ရည်ရွယ်ချက်တို့ဟာ အသီးသီး ပြီးစီးအောင်မြင်ကြရော။ ထိုသို့ဖြစ်သောကြောင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာ တောင့်တရည်ရွယ်ချက် အသီးသီးတို့ကို ပြီးစီးခြင်းငှါ အလိုရှိပါတဲ့ သူတော်ကောင်း အစားစားတို့ သည်လို ကြိုးစားပြီးတော့ ဖြည့်ကြ၊ ကျင့်ကြ။

သီလဥ္စတည်ပြီးတော့ ပြုရတဲ့ ကုသိုလ်ပုညသမ္ဘာရအစုစုတွင် အလိုရှိတဲ့ အတိုင်းဟာ ကေန္တ ဆိုက်အောင်၊ ရောက်အောင် ဆောင်တော့ ပို့တော့တာပဲဗျာ။ ဒါကြောင့် သီလဥ္စ တည်ပြီးတော့ ကောင်းမွန်စွာ စိမ်ပြီးလျှင်

သူတကာကို မစေမဖန် မခိုင်းဘဲနဲ့ ကိုယ်ပိုင်ကိုယ်တိုင်

အလှူခံကို ရှိသေလို့၊

အလှူခံ ဝတ္ထုကိုရှိသေလို့၊

စိတ်ကို ဖြောင့်မတ်စွာ ထားပြီးတော့

အတုအတူမရှိပါတဲ့ ဘုရားရှင်သာသနာကို ကိုယ်ပိုင်ကိုယ်ကိုင် ဆံည်းကပ်လှူဒါန်းပြီး ကိုယ်နှစ်သက်တဲ့ ဗောဓိဆုနှင့် နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ အဲသည်လို ဆုယူ ဆုတောင်းကြရတယ်။

**ဝီရိယကောင်းဖို့သာ လို**

ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီး သိတာမြင်တာကို ဗောဓိလို့ ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ၊ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီး ရှိကြပါတယ်။ တေဒဂ် ရာထူးဌာနန္တရမှာလဲ ကိုယ်နှစ်သက်တဲ့ တေဒဂ်ရာထူး ဌာနန္တရနဲ့ နိဗ္ဗာန်ကို စံဝင်ရပါလို၏။ အဲဒီလို ဆုယူ ဆုတောင်းကြ။ တောင့်တတဲ့ အတိုင်း ပြီးစီးအောင်မြင်ကြလို့ နိဗ္ဗာန်သို့ စံဝင်ကြွသွားတော်မူကြပါတဲ့ သူတော်ကောင်း အစားစားတို့ဟာ ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင် များပြားပါတယ်ဗျာ။ ဘာကြောင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း အကြွင်းအကျန်မရှိ ပြီးစီးကြပါသလဲဆိုရင်–

အခါကောင်းလို့၊

ဘဝကောင်းလို့၊

ဝီရိယကောင်းလို့ ဤကဲ့သို့ ပြီးစီးအောင်မြင်ကြပါတယ်။

ဘုရားပွင့်တော်မူတဲ့အခါ ဘုရားသာသနာရှိတဲ့အခါဟာ အခါကောင်း မည်တယ်။ လူဘဝ နတ်ဘဝ ဤကဲ့သို့ သုဂတိကို ရကြတာဟာ ဘဝကောင်းမည်တယ်။

ကိုယ့်လိုအပ်မှန်းထားတဲ့ ဗောဓိ အသီးသီးတို့ ပြီးစီးအောင်မြင်အောင်ဟာ ဝီရိယထူထောင်ပြီးတော့ ရှေးအရှင် သူတော်ကောင်းတို့ဟာ ဖြည့်ကြကျင့်ကြတယ်။ ဤကဲ့သို့ ဖြည့်ကျင့်တာဟာ ဝီရိယကောင်း မည်တယ်။

အခါကောင်းတာ ဘဝကောင်းတာကို သိပြီးတော့ လိုအပ်တဲ့ တောင့်တချက် ပြီးအောင်ဟာ ဝီရိယထူထောင်ပြီးတော့ ယူကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ အခုလို ပြီးစီးအောင်မြင်ကြတာဗျ။

**ခေတ်အဆက်ဆက် အောင်ပွဲဝင်**

ဘုရားရှေ့လက်ထက်တော်က ဘုရားပွင့်တော်မူတဲ့အခါ၊ ဘုရားသာသနာရှိတဲ့အခါဖြစ်တော့ မြင့်မြတ်တဲ့ အချိန်အခါဘဝကို ရကြပြီဆိုပြီးတော့ ဘုရားထံမှောက်သို့ အစဉ်အတိုင်း များစွာ လူနတ်ဗြဟ္မာတို့ ရောက်လာကြတယ်။ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုကြတဲ့အခါမှာ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ မရောင့်ရဲ နိုင်ကြဘူးတဲ့ဗျ။

စိတ်အားဖြင့် ကြည်ညိုပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့နှင့် အသီးသီး မြတ်နိုးပူဇော်ခြင်းကို ပြုကြတယ်။

အတုအတူမရှိပါတဲ့ ဘုရားရှင်သည် ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိစေဟော်မူတယ်။ ဤကဲ့သို့ သိစေတော်မူသဖြင့် ဘုရားဆုံးမတဲ့ အဆုံးအမကို ရသည့်အချိန်က စပြီးတော့ မချတဲ့ ဝီရိယနှင့် ထူထောင်ပြီး **ဣရိယာပုတ်လေးဖြာမှာ တဆက်ထဲပါအောင်**ဟာ ယူကြတာပါပဲဗျ။ အဲသည်လို ယူကြတဲ့ အခါကျပြီဆိုတော့ အခါမလင့် ချမ်းသာသုခတွေဟာ ဆိုက်ရောက်လာလို့မို့ စိတ်နှလုံးအလိုအတိုင်း ပြီးကြတယ်။ ပြီးကြပြီဆိုတော့ ဝမ်းမြောက်ကြရတယ်။ ဘယ်လို ဝမ်းမြောက်ကြရပါသလဲဆိုတော့ တစ်ခဏစာ တစ်ဘဝစာ မဟုတ်ဘူး။ သံသရာ တစ်လျှောက်လုံးအတွက် လုံလောက်ပြီဂို့ အဲသည်လို ဝမ်းမြောက်ကြရပါတယ်။

သည်တော့ အဲဒါတွေဟာ ဘယ်လောက်များ များပါသလဲဆိုတော့ ဘုရားပွင့်တော်မူတဲ့ အချိန်ကစပြီး ဆက်ကာဆက်ကာ များစွာသော လူနတ်ဗြဟ္မာတို့ဟာ အချိန်တိုင်း၌ လိုအပ်တဲ့ တောင့်တချက်တွေကို ယူကြတယ်။ ယူကြတဲ့ လူနတ်ဗြဟ္မာ တို့ဟာ အသီးသီး တဆက်တည်း တသီတတန်းကြီးဗျာ။ တခါတည်း စိတ်နှလုံးအလို ပြီးကြတာပဲတဲ့ဗျာ။

ဒါဟာ တို့ဘုရား ရွှေလက်ထက်တော်ကသာလားဆိုတော့ မဟုတ်သေးဘူး။ ဘုရားရှင် ပရိနိဗ္ဗာန် စံကြွသွားပြီးတဲ့နောက် ဘုရားဆုံးမတဲ့ အဆုံးအမကို ကောင်းမွန်စွာ မှတ်သားပြီးတော့ လိုက်နာကြပါတဲ့ များစွာသော လူနတ်ဗြဟ္မာတို့ဟာ ထပ်ကူညီမှု လုံ့လဝီရိယ စိုက်ကြသည်ဖြစ်သောကြောင့် အချိန်တိုင်း အချိန်တိုင်း မှာပင်လျှင်ပဲ အစီးအပွားတွေဟာ များကြပါတယ်။ ဘယ်လောက်များပါ သတုန်းဆိုတော့ မရေမတွက်နိုင်အောင် များပါသတဲ့ဗျ။

သည်တော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတွေဟာ ဘယ်ဒင်း ဘယ်ဒင်း တွေလဲ လို့ဆိုရင် အားလုံးသော ဒကာကြီး၊ဒကာမကြီးတွေသည် မေတ္တာရှင် ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော်ကောင်း အရှင်ကောင်းတို့က မေတ္တာတည်း ဟူသော မိုးစွေပြီး သကာလ သုံးဖြာသော ပိဋကတ်တို့ကို အစဉ်အားဖြင့် သနားပြီးတော့ ပို့ချလို့ ဟောလို့ ပြောလို့ သွန်သင်ဆုံးမပြီးတော့ အခါအခွင့် ရတိုင်းရတိုင်း ဤကဲ့သို့ ချီးမြှောက်တော်မူကြတယ်။ ချီးမြှောက်တော် မူကြသည်ဖြစ်သောကြောင့် အားလုံးသော ဒကာကြီး၊ဒကာမကြီးတွေဟာ

ဘုရားဆုံးမတဲ့ အဆုံးအမဖြစ်တဲ့ သုံးဖြာသော ပိဋကတ်တို့ကို ကိုယ်နှင့်တန်သလိုကတော့ ပွက်လတ်ဖျတ်လတ်ပြီး ပွန်းတီးလိမ္မာ သိရှိနားလည်ပြီးသားရှိကြပါတယ်။ အေး–အဲသည် ဘုရားဆုံးမပါတဲ့ အဆုံးအမတွေဟာ သာသနာတော်ခေါ်တယ်။

ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတော်တွေဟာ ဘယ်လောက် များပါသတုန်းလို့ဆိုရင် မမှတ်မိအောင်ကိုပဲ များပြားပါတယ်။ ဒီတော့ ဒီလိုများပြီးနေပင်နေငြားသော်လည်း အားလုံး ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမသည် စင်စစ်မှာ **'ဆင်းရဲမှလွတ်မှု တစ်ခုတည်း'**ပါပဲဗျာ။

သည်တော့ ဤကဲ့သို့ ဘုရားဆုံးမပါတဲ့ အဆုံးအမတော်တို့ကို မှတ်သား ပြီး၊ ရှေးအရှင်တွေဟာ လိုက်နာလို့ ချမ်းသာသုခတွေ ရကြတယ်။ အခုကော ဆိုတော့ အခုလဲ ကိုယ်မှတ်ပြီး ထားတာတွေက များများကြီးရှိတယ်။ အဲဒီ များများကြီးထဲက အကုန်လုံးမဟုတ်ပါဘူး။ ကိုယ်မှတ်ထားကဲ့အထဲက ကိုယ်အနှစ် သက်ဆုံး သဘောအကျဆုံးဟာ ရှိတယ်။ ဘုရားဆုံးမတာတွေဟာ တူတယ်ဆိုပေမယ့် စိတ်က သည်လိုရှိဦးမှဗျာ့။

အဲဒီလို ကိုယ်နှစ်သက်ရာ ဘုရားဆုံးမတဲ့ **အဆုံးအမ မှန်မှန်တစ်ခုကို** မချွတ်ချော် မတိမ်းပါးရအောင် မှတ်သားပြီးပြီဆိုတော့ ဝီရိယသန်သန်နှင့် ရှေးအရှင်ကို့ရဲ့ ဝီရိယကို အမှီအညီ ငါတော့ဖြင့် ထူထောင်မယ်လို့။ ဘာကြောင့် လဲဆိုရင် မှန်းထားတဲ့ မှန်းထားချက်နှင့် ပြီးချင်လို့ ဆိုက်ချင်လို့ဗျာ့။ အဲသည်လို ထားတဲ့အခါကျတော့ ထိုထိုတပါး အာရုံတွေ မသွားရအောင် ဝီရိယထူထောင်ပြီးတော့ စိုက်စိုက်စူးစူး ထားရမယ့်နေရာမှာ ထားရင်နေမယ်။

မေး။ ။အဲသည်လို နေတဲ့အခါကျတော့ ကိုယ်ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့ လောဘဟာ ရှိပါဦးမလား။ (မရှိပါဘုရား။)

မေး။ ။ဒေါသကော။ (မရှိပါဘုရား။)

မေး။ ။မောဟကော (မရှိပါဘုရား။)

မေး။ ။အဲသည်အချိန်မှာ ဘယ့်နှယ်တုန်းဗျ။ စိုးရိမ်ကြောင့်ကြ ပူပန်ရမှုဟာ ရှိပါဦးမလား (မရှိပါဘုရား။)

မေး။ ။စိုးရိမ်ကြောင့်ကြ ပူပန်ရမှု မရှိဘူးဆိုတော့ ဘယ့်နှယ်လဲ

ဖြေ။ ။ချမ်းသာပါတယ်ဘုရား။

မေး။ ။ဒါဖြင့် စိုးရိမ်ကြောင့်ကြ ပူပန်ရမှုဟာ ဘာလဲ။

ဖြေ။ ။ဆင်းရဲပါဘုရား။
မေး။ ။ဒီတော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတွေကို ကောင်းမွန်စွာမှတ်သားပြီး ဖြည့်ကျင့်ကြတယ်၊ ဆည်းကပ်တယ်၊ ကိုးကွယ်တယ်ဆိုရင် ဒါဟာ ပစ္စုပ္ပန်ဆင်းရဲ၊ သံသရာဆင်းရဲက ထုတ်နုတ်ပြီ ဆောင်တာ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

## ဝီရိယအခြေခိုင်မှ ကိုယ်တိုင်သိ

သည်လို ပစ္စုပ္ပန်ဆင်းရဲ သံသရာဆင်းရဲမှ ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာက ကျေကျေပွန်ပွန်ကြီးကို ငယ်ငယ်ကလေးကတည်းက မေတ္တာရှင် ကရုဏာရှင်တွေက အစဉ်သနားပြီး ဆုံးမသွန်ကြားထားတာဖြစ်လို့ နားလည်လိုက်တာကတော့ ပြောလို့ မကုန်နိုင်အောင် ဖြစ်ပါတယ်။ အဲဒါဘာလဲဆိုရင် ပြောထားတာကို မှတ်သားပြီး ပြောတတ်တာ၊ ဟောတတ်တာ ကိုယ်မှာ ဒီလိုသိတာဗျ။ အဲသည်လို သိတဲ့ အတိုင်းဟာလဲ အစီးအပွားတွေဟာ မြင့်မြတ်လှပြီ။ များလှပြီ။ သို့သော်လည်းပဲ အချိန်တိုင်းမှာဆိုရင် ဆင်းရဲဟာကို ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာကတော့ သည်လို ပြောရုံဆိုရုံနဲ့ ကိုယ့်မှာ နားလည်ချင်မှလည်မှာ။

အေး...အခုနလို ဆုံးမပါတဲ့ အဆုံးအမ မှန်မှန်ကို သန်သန်ဝီရိယနှင့် ထိုထိုတပါး အာရုံမသွားရအောင် ဤကဲ့သို့ ဝီရိယထူထောင်တော့ နေတယ် ဆိုတာ ဝီရိယိဒ္ဓိပါဒ်ပါပဲ။ ဤကဲ့သို့ နေတဲ့အချိန်မှာ ယခုနပြောတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ သန့်ပြန့်စင်ကြယ်တော့ စိုးရိမ်ကြောင့်ကြ ပူပန်ရမှု မရှိပါဘူး။ အခုရော နောက်ရော လိုက်ပါတဲ့အခါမှာ ဆင်းရဲက ထုတ်နုတ်၍ ဆောင်ပုံတဲ့ဗျ။ နောက်အတွက် ဆင်းရဲမှ လွတ်ရမယ်ဆိုတဲ့ဟာကို သေသေ ချာချာ ကိုယ်ပိုင် သိတယ်ဆိုတာ ဒါကတော့ ကိုယ့်ဝီရိယရှိသလောက် ဝီရိ ယိဒ္ဓိပါဒ် ပေါ်လာရင် အဲဒါ အခြေရတာပဲ။ အခုတစ်ခဏကလေးကိုပင်လျှင်ပဲ ဤကဲ့သို့ ပစ္စုပ္ပန် သံသရာအတွက် ငြိမ်းရ အေးရတယ်။ လုံလောက်တယ်။
မေး။ ။ဒါကြောင့် စိတ်မှာ အခုတွင်က ဘုရားဆုံးမတဲ့ အဆုံးအမကို ထား

လိုက်တဲ့ အခါမှာ ဤကဲ့သို့ ဖြစ်ပါတယ်ဆိုတာက သူတကာတို့ ပြောတာကို မှတ်သားပြီးတော့ ပြန်ဖြေရတဲ့ အဖြေလား၊ ကိုယ်တိုင်ကို အခုန ထားစမ်းကြပါဆိုလို့ ထားတော့ နေတဲ့အခါ တည်တဲ့အခါမှာ သိလို့

ဖြေတာလားဗျ။

ဖြေ။ ။ကိုယ်တိုင် တွေ့သိလို့ ဖြေတာပါဘုရား။

မေး။ ။အေး...ဒီလိုဟာကတော့ ယုံမှားသံသယကင်းပြီးတော့ ကိုယ်နှင့်တန်သလောက်ကတော့ ရှင်းတယ်မဟုတ်လား။ (ရှင်းပါတယ်ဘုရား။)

မေး။ ။အေး...အဲသည်လိုဗျ။ သည့်ထက် ကြာကြာထားလိုက်မယ်ဆိုရင် အခုလောက် ကပ့ါမလား။ (မကပါဘုရား။)

သည်တော့ ဆင်းရဲက လွတ်မြောက်၍ နိဗ္ဗာန်ကို လိုချင်သည်ဖြစ်သောကြောင့် ရှေးအရှင်များကဲ့သို့ ကိုယ်နှစ်သက်ရာ ဗောဓိနှင့် အသီးသီးဟာ ငါ့,ဘယ်ဗောဓိနှင့် နိဗ္ဗာန်ကို စံဝင်မယ်လို့ အဲသည်လို မှန်းထားချက်တွေ ရှိတယ်။

## မဖြစ်ဘဲ မနေပေါင်ဗျာ

မေး။ ။ဤကဲ့သို့ မှန်းထားသည့်အားလျော်စွာ ဝီရိယနှင့် ထူထောင်တဲ့အခါကျတော့ ငါ့,မှန်းထားတဲ့အတိုင်းဟာ ပြီးမှ ပြီးပါ့မလား၊ အောင်မှ အောင်မြင်ပါ့မလားလို့သည်လိုများ စိတ်ထဲမှာ နှစ်ခွသံသယ ဖြစ်နိုင်ဦးမလား။

ဖြေ။ ။ယုံမှားသံသယ မဖြစ်နိုင်ပါဘုရား။

မဖြစ်ဘူးဗျ။ ဘယ်လိုသာ ဖြစ်မလဲဆိုရင် ငါမှန်းထားတဲ့ ဗောဓိနှင့် ပြီးမယ် ဧကန္တ၊ မှန်းသလောက်တောင် မကဘူး ပြီးနိုင်တယ်ဆိုတဲ့ဟာ အသီးသီးတို့မှာ သေသေချာချာကို ဖြစ်မှာဗျ။ မဖြစ်ဘဲ မနေပေါင်ဗျာ။ ဒီတော့ အမြင့်မြတ်ဆုံးဖြစ်တဲ့ ဗောဓိအဖြာဖြာကိုပဲ သေချာနိုင်တယ်။ ပြီးစီးနိုင်တယ်။ရှေးက အရှင်တွေဟာ သည်လို အောင်မြင်ကြ ပြီးစီးကြတယ်ဗျ။

အခုလဲ ဝီရိယနှင့် ထူထောင်ပြီးတော့ ဘုရားဆုံးမတဲ့ အဆုံးအမကို သိပြီး ပြည့်အောင် ဖြည့်မယ်၊ ဖြည့်လိုတဲ့ ဆန္ဒနှင့် ပေါင်းပြီး သည်လို ယူမယ်ဆိုရင် ရတာတွေကို သိတော့ ပိုကောင်းတဲ့ အချိန်အခါ ဘဝ၊ သည့်ထက်သာတဲ့ အချိန်အခါ ဘဝများဟာ ရှိနိုင်ဦးမလား။

ဖြေ။ ။မရှိနိုင်ပါဘုရား။

အေး...ဒါကြောင့်မို့လို့ အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ မှန်းထားချက်တွေကို လှမ်းပြီးတော့ သာသာကလေး ယူလိုက်ရုံပါပဲတဲ့ဗျ။ သည်တော့

ခုနလို စိတ်ထဲမှာ ထားတာကတော့ ဘယ့်နှယ့်လဲ၊ ထိုင်ပြီးတော့ သာသာကလေး ထားတယ်။

မေး။ ။အဲသည်လို ထားရတာဟာ ပင်ပန်းသလား။ (မပင်ပန်းပါဘုရား။)

မေး။ ။ဆင်းရဲသလား။ (မဆင်းရဲပါဘုရား။)

မေး။ ။ပစ္စည်းရော ကုန်သလား။ (မကုန်ပါဘုရား။)

မေး။ ။အလုပ်အကိုင်ရော ပျက်သလား။ (မပျက်ပါဘုရား။)

မေး။ ။အေးဗျာ၊ အဲဒါ သက်သာတာဗျ၊ သူတကာကော သိသေးသလား။

ဖြေ။ ။သူတကာလဲ မသိပါဘုရား။

## ယူချင်ရင် ရတာချည်းပဲ

အေးအေး–ပစ္စည်းလဲ မကုန်ဘူး။ အလုပ်အကိုင်လဲ မပျက်ဘူး။ သူတကာလဲ မသိဘူးဆိုတော့ ကိုယ်လိုအပ်တဲ့ မှန်းထားချက်တွေဟာ မအောင်မြင်နိုင်စရာ မပြီးစီးနိုင်စရာ မရှိဘူးပေါ့ဗျာ။ သက်သာလိုက်တာ၊ ဟင်–ရှေးအရှင်တွေဟာလဲ အဲသည်လို တောင့်တချက် ပြီးမှုအတွက် ဘုရားရှင်ပွင့်တော်မူတဲ့အခါ ဘုရားရှင် သာသနာတော်ကို တွေ့အောင် ဆည်းပူးတော်မူကြတယ်။ တွေ့ကြသည်နှင့် တပြိုင်နက် ဘုရားပွင့်တော်မူတဲ့အခါနှင့် သိတဲ့အခါမှာ သူတို့လိုချင်တာတွေ အကုန်လုံး ရတာဗျာ။ အခုလဲပဲ ကိုယ်အလိုရှိတဲ့တွေဟာ ရနိုင်တဲ့ အချိန်အခါ ဘဝပါပဲ။ ယူရုံကလေးပါဗျာ။ ရှေးအရှင်တွေဟာ သည်လို အချိန်မျိုးနှင့် ကြုံကြိုက်ကြပြီဆိုတော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်းဟာ အရယူကြတာဗျာ။ အနည်းငယ်မျှသော အချိန်ကိုမှ အချည်းနှီး မဖြုန်းဘူးဗျာ။ အခုလဲ အချိန်ဟာ ယူမယ်ဆိုလို့ရှိရင် ဘယ်ဇောဓိမဆို အချိန်တိုင်း အချိန်တိုင်းမှာ ရနိုင်တယ်ဗျာ့။

ဣရိယာပုတ်မှာလဲ လေးပါးရှိတယ်။ ဘယ်ဣရိယာပုတ်နှင့်မဆို ဝီရိယ ထူထောင်ပြီးတော့ ယူမယ်ဆိုရင် ရတယ်။ နေရာကကောဗျာ၊ ဘယ်နေရာ မဆိုဗျ။ တောထဲမှာဖြစ်ဖြစ်၊ မြို့ထဲမှာဖြစ်ဖြစ်၊ အဲသည်လို ယူရင် ဖြစ်နိုင်တာချည်းပဲ။

မေး။ ။သည်တော့ တစ်ယောက်တည်းသာ ဘုရားဆုံးမတဲ့အတိုင်း ဘုရားအလို တော်ကျအောင် ဝီရိယ ထူထောင်ယူရင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား။)

မေး။ ။အများကြီးနဲ့ကော။ (အများကြီးနဲ့လဲ ဖြစ်ပါတယ်ဘုရား။)

မေး။ ။သူတကာတို့က စကားတွေ ပြောနေရင်ကော ကိုယ့်ဟာကိုယ် ထူထောင်မယ်ဆိုရင် မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်နိုင်ပါတယ်ဘုရား။

ဖြစ်နိုင်ပါတယ်ဗျ လွယ်လိုက်တာ ဟင်။

(သို့ပေတဲ့ ဘုရားတပည့်တော် သည်နေ့ ငွေစာရင်းကလေး လုပ်ကြည့်ပါတယ်ဘုရား၊ ငွေစာရင်းလေး ပေါင်ကြည့်တဲ့အခါကျတော့ အချက်ကလေးကလဲ တော်တော် များပါတယ်ဘုရား၊ နှစ်ကျပ်ခွဲက တစ်ခု၊ သုံးဆယ်ကျပ်တစ်မတ်က တစ်ခုစသဖြင့် အတော်များတော့ ဒါကလေး ပေါင်းနေရင်း ထိသိကို မလုပ်နိုင်ဘူးဘုရား။ ထိသိကို လုပ်ကြည့်တော့လဲ ပေါင်းတာတွေ မှားလိုက်တာ ပေါင်းလို့ကို မဖြစ်ဘူးဘုရား။ ဒါကြောင့် ငွေစာရင်းလေးကလဲ ပေါင်းလို့ဖြစ်အောင် ထိသိလဲ မလွတ်တဲ့ နည်းကလေး သနားပါအုံးဘုရား။)

မေး။ ။ဒကာကြီး စာရင်းပေါင်းမယ်ဆိုတာက ဒါဟာ ပေါင်းနေကျပဲဗျ။ ဒါကို လေ့ကျင့်ရတာ မဟုတ်ဘူး။ လုပ်နေကျ အလုပ်မဟုတ်လား။

ဖြေ။ ။လုပ်နေကျ အလုပ်ပေမယ့် စိတ်အင်မတန် စိုက်ရပါတယ်ဘုရား။

မေး။ ။လုပ်နေကျ အလုပ်ဆိုတော့ ဝန်မလေးဘူးဗျာ။ အဲသည်လို လုပ်နေကျ အလုပ်ကို လုပ်ရင်း ကိုယ်အလိုရှိတဲ့ဟာကို ထားတော့ မဖြစ်ဘူးလားဗျ။

ဖြေ။ ။တပည့်တော်ကတော့ ခြံထဲမှာ မော်တော်ကားတို့ဘာတို့ မရှိတဲ့ နေရာမျိုး ရောက်ရင်တော့ ရပါတယ်ဘုရား။

မေး။ ။ထိုင်နေရင်းကော။ (ရပါတယ်ဘုရား။)

မေ။ ။စကားပြောရင်းကော။

ဖြေ။ ။အခုပဲ စကားပြောရင်း လွတ်နေပါတယ်ဘုရား။

မေး။ ။စကားပြောတာနဲ့ ဒကာကြီးက ထားမှမထားဘဲ။ မထားလို့ လွတ်တာဗျာ။ ထားရင် လွတ်ပါ့မလား။

ဖြေ။ ။ထားတော့ ထားပါတယ်ဘုရား။ ဒါပေမယ့် လွတ်တာက များနေပါတယ်ဘုရား။

မေး။ ။အစတုန်းက ဒကာကြီးဟာ ခုလို ဘယ်အခါမှ မထားတော့ ဘယ်တော့မှ မနေဘူး မဟုတ်လား။

ဖြေ။ ။အရင်တုန်းကတော့ သတိကို မရပါဘုရား။

မေး။ ။အခုတော့ ဘယ့်နှယ်လဲ။ တစ်နေ့လုံးနေရင် အခုလို လောဘ၊ ဒေါသ၊ မောဟ ဘယ်လောက်များ စင်ကြယ်သတုန်းဗျာ့။

ဖြေ။ ။ရှေးတုန်းကတော့ စင်ကြယ်တဲ့ အခါရယ်လို့ မရှိပါဘုရား။

မေး။ ။သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမကို ထားရမယ်ဆိုရင် လိုက်နာပြီး အခုထား၊ အခု စင်ကြယ်နိုင်တယ်မဟုတ်လား။

ဖြေ။ ။စင်ကြယ်နိုင်ပါတယ်ဘုရား။

မေး။ ။ဒါဖြင့် ဒကာကြီး ရှေးတုန်းကဟာက ထားလျက်သားနဲ့ မစင်ကြယ်တာလား၊ မထားလို့ မစင်ကြယ်တာလား။

ဖြေ။ ။ရှေးက မထားလို့ မစင်ကြယ်တာပါဘုရား။

မေး။ ။အခု အဟုတ်ထားလိုက်တော့ အဟုတ်စင်ကြယ်တယ်မဟုတ်လား။

ဖြေ။ ။အဟုတ်ထားပေမယ့် လွတ်လွတ်သွားပါတယ်ဘုရား။

မေး။ ။အဟုတ်ထားတော့ မလွယ်ဘူးဗျ။ လွတ်လွတ်သွားတာဟာ အဟုတ် မထားလို့ဗျ။

မေး။ ။အဟုတ်ထားတယ်ဆိုတာက တခါတခါ စကားပြောရင်း မလွတ်အောင် ဘယ်လို အဟုတ်ထားရမှာလဲဘုရား။

မေး။ ။ဒကာကြီးများတို့ အဟုတ်ကလေး ဂရုပြုပြီး ထားရင်း သွားရင်း ဖြစ်တယ် မဟုတ်လား။

ဖြေ။ ။အဟုတ် အလေးဂရုမပြုတတ်အောင် ဖြစ်နေပါတယ်ဘုရား။ ဒကာကြီးများ ပြုတတ်ပါတယ်ဗျာ။ သည့်ပြင်ဟာ မပြောပါနဲ့ အဖိုးထိုက်တန်ကြီး မဟုတ်ပါဘူး။

## ဆီကို မဖိတ်အောင် ယူတတ်ရင်

မေး။ ။ကဲ–ဒကာကြီး၊ဒကာမကြီးတို့ အသီးသီးကို ဆီပေးမယ်၊ ယူလှဲ့ကြဆိုရင် ဒကာကြီး၊ဒကာမကြီးတွေဟာ ထည့်စရာ အသီးသီး ယူခဲ့ကြရမယ် မဟုတ်လား။

ဖြေ။ ။ယူခဲ့ရမှာပဲဘုရား။

မေး။ ။အေး–ယူခဲ့တော့ ပါသလောက် ခွက်တွေကို အကုန်ပြည့်အောင် ထည့်ပေးလိုက်မယ် ယူကြမယ်မဟုတ်လား။

ဖြေ။ ။ယူမှာပါဘုရား။

မေး။ ။အဲသည်လို ယူတဲ့အခါကျတော့ မဖိတ်အောင် ယူကြမှာပဲမဟုတ်လား။

ဖြေ။ ။မဖိတ်အောင်ယူမှာပါဘုရား။

မေး။ ။ဒီတော့ တို့က ပြောရဦးမယ်။ ထည့်ပေးလိုက်တာကလေးတွေ မဖိတ်အောင် ယူကြလို့ ပြောရဦးမလား။

ဖြေ။ ။မပြောဘဲနဲ့ကို မဖိတ်အောင် ယူမှာပါဘုရား။

မေး။ ။ဒီတော့ ဘယ်လိုယူမလဲ၊ယူရမှာက လူတွေ အများကြီးကြားက ယူရမှာ မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။ဒီတော့ သတိဆောင်ပြီး မဖိတ်အောင် ယူရမယ်မဟုတ်လား။ သည်လိုယူတော့ လူတွေက ဖယ်ပေးကြမှာလား။

ဖြေ။ ။တပည့်တော်က ရှောင်ပြီး သွားရမှာပါဘုရား။

မေး။ ။ဒီတော့ လူတွေကိုလဲ ရှောင်ရသေးတယ်။ ဆီကိုလဲ အဟုတ် မဖိတ်စေရအောင် စိတ်ကထားတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။အဟုတ် မဖိတ်ပါဘုရား။

မေး။ ။ရှောင်တယ်ဆိုတာက ဘယ်လိုလဲ၊ ကျော်တန်ကျော်ရမယ်၊ ကွေ့တန်ကွေ့ရမယ်၊ ကောက်တန်ကောက်ရမယ် မဟုတ်လား။ သည်နေရာမှာ ဒို့က ပြောရဦးမလား။ ဒီနေရာမှာ ကျော်လိုက်ဦး၊ ဟိုနေရာတော့ ကွေ့လိုက်ဦး၊ ဒီနေရာကျတော့ ဒီဘက်ကို ကောက်လိုက်ဦးလို့ ပြောရဦးမလား။

ဖြေ။ ။မပြောရပါဘုရား။

မေး။ ။ခြေလှမ်းကတော့ ပကတိလှမ်းတာထက် တစ်ခါတလေကျရင် ခပ်များများ ပိုလှမ်းရတဲ့အခါလဲ မရှိဘူးလား။

ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။တိမ်းတတ် ရှောင်တတ်ဆိုတာကလဲ ကိုယ်အခါခပ်သိမ်း လှမ်းနေကျအတိုင်း မဟုတ်ဘဲ၊ နည်းနည်းလှမ်းရတဲ့အခါ ကြဲကြဲလှမ်းရတဲ့အခါကော မရှိဘူးလား။

ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။ဒါတွေကို ပြုပြင်ရမယ်မဟုတ်လား။

ဖြေ။ ။ဒါတွေကိုလဲ အကုန်လုံး လျှောက်ပြုရမှာပါဘုရား။

မေး။ ။ဒီတော့ စိတ်က ဘယ်လိုထားရမလဲဆိုတော့ အခုန ထည့်ပေးလိုက်တဲ့ ဆီလဲ မဖိတ်စေရဘူးဆိုတဲ့ စိတ်ပဲ ထားရမယ်မဟုတ်လား။

ဖြေ။ ။ဆီမဖိတ်အောင် အင်မတန် လုံ့လဝီရိယ စိုက်သွားရမှာပါဘုရား။

မေး။ ။ဒီလို စိတ်က စိုက်ပြီးသွားတော့ အခုနက ကွေ့ရမယ့်နေရာကို စောစောကတင် ကြိုပြီးကွေ့ဖို့ မသိဘူးလား။

ဖြေ။ ။စောစောက တင်ကြိုပြီး သိပါတယ်ဘုရား။

မေး။ ။သိတော့ ဆီဖိတ်သေးသလား။

ဖြေ။ ။ဆီမဖိတ်အောင် ထားတာလဲ စိတ်ပဲ၊ လူတွေကို ဖယ်ရှောင်ရ ကွေ့ရတာလဲ စိတ်ပဲဘုရား။

မေး။ ။ဒီတော့ စိတ်က တပြိုင်နက်တည်း တစ်ခုလား နှစ်ခုလားဗျ။

ဖြေ။ ။တစ်ခုပြီးမှ တစ်ခုပါဘုရား။

မေး။ ။အေး–သို့သော်လဲ ဝီရိယထားသွားပြုဆိုတော့ စိတ်က အင်မတန် မြန်တယ်ဗျ။ စိတ်မြန်ပုံဟာ ဘယ်လိုလဲဆိုတော့ လျှပ်တပြက်မှာကိုပဲ ကုဋေကစ်သိန်းဆိုတာ မှန်တယ်မဟုတ်လား။

ဖြေ။ ။မှန်ပါတယ်ဘုရား။

မေး။ ။ဒီတော့ ဒကာကြီးလဲ အလုပ်လုပ်ရင်း သည်လိုလုပ်ပါ။

ဖြေ။ ။သည်လိုမှတ်ပြီး လုပ်ပါ့မယ်ဘုရား။

မေး။ ။အခုလို ကြားထဲ လပ်သွားမှာလား။

ဖြေ။ ။မလပ်ပါဘုရား။

မေး။ ။အခုန ထားတယ်ဆိုတာက ဒကာကြီးက အဟုတ်ထားလျက်နဲ့ မဖြစ်တာလား။ မထားလို့လား။

ဖြေ။ ။မထားလို့ ဆီဖိတ်တာပါဘုရား။

မေး။ ။အခုတော့ ထားလျက်သားနဲ့ မဖြစ်ဘူးလို့ ပြောတယ်။ အခုတော့ အဟုတ်ထားလို့ အဟုတ်သိပြီ မဟုတ်လား။

ဖြေ။ ။နားလည်ပါပြီဘုရား။

မေး။ ။အဟုတ်သိတော့ အဟုတ်လုပ်ဖြစ်တယ် မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

**တန်ဖိုးမဖြတ်နိုင်သော တရားဆီ**

အခုန ဆီယူသွားရတာလို ဆီလဲ မဖိတ်ရအောင် စိတ်ကထားပြီး သွားရတယ်။ အသွားလဲ မပျက်ဘူး။ သည်နေရာကျတော့ ခြေလှမ်းကြဲကြဲ လှမ်းရဦးမယ်။ ဟိုနေရာကျတော့လဲ ကိုယ်လှမ်းချင်သလို လှမ်းလို့မဖြစ်ဘူး။ ဟိုရှေ့ကို သိပ်လှမ်းလို့ကို မဖြစ်ဘူး။ သည်လောက်ကလေး လှမ်းမှနဲ့ ပြီးတော့ ဟိုနေရာကျရင် ကွေ့ရဦးမယ်၊ သည်နေရာကျတော့ ကျော်ရဦးမယ်နဲ့ စိတ်က သည်လိုထားပြီး သွားရတယ်မဟုတ်လား။ အဲဒါ ဘာလဲဆိုရင် စိတ်ကို အတင်းထားပြီး ကိုယ်လိုချင်တဲ့ ဆီကိုလဲ မဖိတ်အောင်၊ လူတွေကိုလဲ ရှောင်လို့လွတ်အောင် အတင်းထားတာဗျ။

မေး။ ။အေး–အခုလဲ ဘုရားဆိုဆုံးမတဲ့ဟာနဲ့ ဆီဟာ ဘယ်ဒင်းက အဖိုးထိုက်တန်သလဲဗျ။

ဖြေ။ ။ဘုရားဆိုဆုံးမတဲ့ဟာက အဆမတန် အဖိုးထိုက်တန်ပါတယ်ဘုရား။

မေး။ ။ဆီကို ယူသွားတဲ့အခါကျတော့ မဖိတ်စေနဲ့ ဘာနဲ့လို့ မှာရဦးမလား။ ကွေ့တန်ကွေ့ ကောက်တန်ကောက်၊ ကွင်းတန်ကွင်းလို့ မှာရဦးမလား။ ကွင်းပုံက ဘယ်လိုလုပ်ရမှာလို့ သည်လို လျှောက်ပြောရမယ်ဆိုရင် ဘယ်လောက်ကြာကြာ မှာရမလဲ။ ဖြေ။ ။အကြာကြီးပါဘုရား။

မေး။ ။စာအုပ်ရေးရင် ဘယ်လောက်ရေးရမလဲ။

ဖြေ။ ။စာအုပ်ရေးရင် စက္ကူမလောက်ပါဘူးဘုရား။

မေး။ ။လျှောက်ဖတ်ရင်ကောဗျာ။

ဖြေ။ ။တစ်နေ့လုံး တစ်ညလုံး အတော်ကြာကြာကြီး ဖတ်ရမှာပါဘုရား။ ဟုတ်တယ်ဗျ၊ သို့သော်လည်း မင်စစ်မှာတော့ ဒါဟာ ဆီမဖိတ်ဖို့ ကလေးပါပဲဗျ။ (တင်ပါ့ဘုရား။)

မေး။ ။အေး–ဆီမဖိတ်အောင်ဟာ သည်လိုလဲ မပြောလိုက်ဘူး။ မပြောလိုက်ပေမယ့် မဖိတ်အောင် ယူရမှာမဟုတ်လား။

ဖြေ။ ။မဖိတ်အောင် ယူရမှာပါဘုရား။

မေး။ ။အေး၊ ဒကာကြီး၊ဒကာမကြီးတွေကိုလဲ အခု သတိပေးတယ်၊ ဘုရား ဆုံးမတဲ့ အဆုံးအမကို ရပြီး ဒါကို မလွတ်စေနဲ့၊ တဆက်တည်းသာ ယူကြလို့ဆိုရင် ဒီက ပြီးလို့ အိမ်ပြန်တော့ အိမ်ရောက်အောင် တဆက်တည်း ပါရဲ့လား။

ဖြေ။ ။မပါပါဘုရား။

မေး။ ။ဒါဖြင့် ဆီနှင့် ဘုရားဆုံးမတဲ့ အဆုံးအမဟာ ဘယ်ဒင်းက အဖိုးတန်သလဲဗျ။

ဖြေ။ ။ဘုရားဆုံးမတဲ့ အဆုံးအမဟာ အဆပေါင်း မရေတွက်နိုင်အောင် သာလွန် အဖိုးထိုက်တန်ပါတယ်ဘုရား။

မေး။ ။ဆီကို မဖိတ်အောင် ဧရာမခွက်ကြီးနဲ့ ထည့်ပြီးယူရင် ဘယ်လောက်ပါသလဲ။

ဖြေ။ ။နှစ်ပိဿာအပြင် တိုးမပါပါဘူးဘုရား။

မေး။ ။မဖိတ်အောင် ယူသွားရင် ဆီနှစ်ပိဿာရဲ့တန်ဖိုးဟာ ဘယ်လောက်ရှိမလဲ။

ဖြေ။ ။သုံးကျပ်လေးကျပ်လောက်ပဲ တန်ပါတယ်ဘုရား။

မေး။ ။ဒီသုံးကျပ် လေးကျပ်တန်ကို 'မဖိတ်အောင် ယူသွား'လို့ မမှာဘဲနဲ့ မဖိတ်အောင် ယူရမှာဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။တင်ပါ့ဘုရား၊ ဒါက လောဘကလေးနဲ့ကိုးဘုရား။

မေး။ ။ကဲ-ဒါဖြင့် ဒါကို တဆက်တည်းပါအောင် ဆောင်ကြဆိုတော့ တဆက်တည်း ပါရဲ့လားဗျာ။

ဖြေ။ ။မပါပါဘုရား။

မေး။ ။ဘယ်ကျန်ရစ်ခဲ့သလဲ။

ဖြေ။ ။ကားပေါ်အတက်မှာ ကျန်ရစ်ခဲ့ပါတယ်ဘုရား၊ ကားပေါ်အတက်မှာ လူတွေက ကျိတ်ကျိတ်တိုးပြီးနေတော့ တပည့်တော်က မစ္ဆရိယ စိတ်ကြီးနဲ့ နင်တို့ မတက်နဲ့ဦး၊ ငါဦးဆုံး တက်မယ်ဆိုတဲ့ စိတ်ကြီးနဲ့ဆိုတော့ ကျန်ရစ်ခဲ့ပါတယ်ဘုရား။

မေး။ ။ဆီလိုယူရင် ဖိတ်ပါမလား။

ဖြေ။ ။မဖိတ်ပါဘုရား။

မေး။ ။ဒါဖြင့် ဘုရားဟောတာနဲ့ ဆီနဲ့ ဘယ်ဟာက တန်ဖိုးရှိသလဲဗျ။

ဖြေ။ ။ဘုရားဟောတာက အဆမတန် တန်ဖိုးရှိပါတယ်ဘုရား။

မေး။ ။အေး-သည်လောက်သိရင် တော်ပါပြီ။ ဒါကတော့ မမှတ်တတ်စရာ မလုပ်တတ်စရာ မရှိပါဘူးဗျ။ ဆီကတော့ ယူနေကျမဟုတ်လား။

ဖြေ။ ။ယူနေကျပါဘုရား။

မေး။ ။ရေတွင်းထဲက ရေခပ်မယ်ဆိုရင် ရေခပ်တဲ့အခါမှာ မဖိတ်ရအောင် ယူရတယ်မဟုတ်လား၊ သည်လိုယူတော့ မဖိတ်မယိုဘဲနဲ့ ဘယ်လောက် ထိအောင်ပါသလဲဗျ။

ဖြေ။ ။မဖိတ်မယိုဘဲနဲ့ ကိုယ်လိုချင်တဲ့အထိ ရောက်အောင်ပါပါတယ်ဘုရား။

မေး။ ။မြတ်စွာဘုရားရဲ့ တရားတော်ကတော့ကော။

ဖြေ။ ။မြတ်စွာဘုရားရဲ့ တရားတော်ကတော့ တယ်မကြာဘူးဘုရား။ အဟုတ်ကို မလိုချင်လို့ပါဘုရား။

မေး။ ။ဒါပေမယ် ဆုတောင်းတော့ ဘယ်လိုတောင်းသလဲ။

ဖြေ။ ။ဒါကတော့ အမေသင်ပေးတဲ့ ဩကာသကို လျှောက်ဆိုတာပဲဘုရား။

မေး။ ။လိုတော့ မလိုချင်ဘူးလား။

ဖြေ။ ။လိုတော့ လိုချင်ပါတယ်ဘုရား၊ ဒါပေမယ့် နိဗ္ဗာန်ဆိုတာကလဲ သေသေချာချာ မသိတော့ လိုချင်တယ်ဆိုတာလဲ ပါးစပ်ပြောပါဘုရား။

ကဲ လိုချင်တာ မလိုချင်တာ နေပေ့စေ၊ လိုချင်သည်ဖြစ်ဖြစ်၊ မလိုချင်သည် ဖြစ်ဖြစ် ဒါဆိုရင် လုပ်သာလုပ်၊ အဲသည်အတိုင်းဆိုရင် ရမှာပါပဲဗျ။ လိုချင်လဲလုပ်၊ မလိုချင်လဲလုပ်၊ ကြားလား။ (မလိုချင်ဘဲနဲ့လုပ်ရင် ရလိမ့်မယ် မထင်ပါဘုရား။)

ဒါတွေကို ခဉ်းစားမနေနဲ့၊ အခုန လုပ်ဆိုတာသာ လုပ်ဗျာ။ (အဲသည် အဟုတ်တကယ် လုပ်ဆိုတဲ့ နည်းကို မယ်မယ်ရရ မသိတာနဲ့ ပျင်းတာနဲ့ သည်လို ဖြစ်နေပါတယ်ဘုရား။)

မေး။ ။အခုန သည်လိုသားဆိုလို့ ထားတယ်မဟုတ်လား။

ဖြေ။ ။ချက်ချင်းထားလိုက်ပါတယ်ဘုရား။

မေး။ ။ထားတော့ နေတယ်မဟုတ်လား။

ဖြေ။ ။ထိုင်နေတုန်းတော့ အတော်အတန် နေပါတယ်ဘုရား၊ ဒါပေမယ့် လွတ်လွတ်သွားပါတယ်ဘုရား။

## များများလုပ်၊ သာအောင်လုပ်

မေး။ ။အဲဒါ ဘာလိုလို့လဲ။ (ဝီရိယလိုလို့ပါဘုရား။)

လိုတာသိရင် မလိုအောင်လုပ်ဗျာ၊ လွယ်ပါတယ်ဗျာ၊ ဝီရိယ များများ ထားရင် ကုသိုလ်များတာပဲဗျာ။

ဖြေ။ ။တပည့်တော်တို့ကတော့ သိပ်ကုသိုလ်အရ များမှာပါပဲဘုရား။
မေး။ ။ဘာဖြစ်လို့လဲ။
ဖြေ။ ။တပည့်တော်က များများလွတ်လို့ပါဘုရား။
များများလွတ်ရင် များများထားဗျ၊ များများထားဖို့ဟာက အခုန ပြောသလို ဘယ်ဒင်းမျိုးမဆို များများလုပ်ရင် နေရာကျတာချည်းပဲဗျာ့။
မေး။ ။ဘယ်အပိုင်းထဲက ဖြစ်ဖြစ် များရင် နေရာကျတာချည်းပဲ မဟုတ်လား။
ဖြေ။ ။တင်ပါ့ဘုရား။
မေး။ ။ဒါကြောင့် ကိုယ်လိုချင်တဲ့ဟာကို လုပ်တော့မယ်ဆိုရင် မဖြစ်တာကို သိရင် ဝီရိယ ထူထောင်ဖို့ရာချည်းပဲ မဟုတ်လား။
ဖြေ။ ။တင်ပါ့ဘုရား။

ဒါကြောင့် စတဲ့အခါမှာ ဘယ်ဟာမျိုးမဆို သီလဘက်၊ သမာဓိဘက်၊ ပညာဘက် အကုန်လုံးမှာ များများကြီး လုပ်သွားလျှင် အကောင်းဆုံးပဲဗျာ့။ အဲဒါ အမျိုးမျိုးအဖြာဖြာတို့မှာ အသာဆုံး အကောင်းဆုံး ဖြစ်တာပဲဗျာ့။ ပစ္စုပ္ပန်ရော၊ သံသရာရော၊ ရွှေငွေရတနာ အမျိုးမျိုးအဖြာဖြာ များများကြီး ရနိုင်မယ်ဆိုရင် မောတာ ညောင်းညာတာ အမျိုးမျိုးအဖြာဖြာတို့ကို ဘယ်လို တုန်းဗျာ့၊ သည်းခံရမယ် မဟုတ်လား။ (မှန်ပါ့ဘုရား။)
မေး။ ။သည်းခံတဲ့ နေရာမှာလဲ အကုန်လုံး သူများထက် ပိုသည်းခံပြီး ဝီရိယ ထူထောင်နိုင်သွားပြီဆိုရင် ဘယ့်နှယ်လဲ။
ဖြေ။ ။သူများထက် ပိုက်ဆံတိုးရပါတယ်ဘုရား။
မေး။ ။နေရာတိုင်းမှာ ရကြမယ်မဟုတ်လား။ အလတ်စား သည်းခံနိုင်တဲ့ လူကကော။
ဖြေ။ ။အလတ်စားပဲ ရပါတယ်ဘုရား။
မေး။ ။ညံ့သေး ဖျင်းသေးဆိုတဲ့ လူကကော။
ဖြေ။ ။သူကတော့ ငတ်ငတ်ပြတ်ပြတ် ဖြစ်နေပါတယ်ဘုရား။
မေး။ ။အကုန်လုံး မရှိတဲ့လူကကော။
ဖြေ။ ။သူကတော့ ဓါးပြကလေး ဘာကလေး တိုက်စားရပါတယ်ဘုရား။

အေး–ဒါကိုသိရင် နေရာတိုင်းမှာ အသာဆုံးဖြစ်အောင် လုပ်ကြပါဗျာ့။ အကုန်လုံး သည်းခံချင်အောင် မေတ္တာရော လုံ့လ ဝီရိယရော သာသထက် သာချည်းပဲ ဖြစ်အောင်လုပ်ကြ။ သည်လိုလုပ်ရင် အသာဆုံးကတော

အားလုံးတို့ထက် လွှမ်းမိုးသွားပါလိမ့်မယ်ဗျာ့။

## အသာဆုံးချည်း ဖြစ်အောင်လုပ်

ဒါကြောင့်မို့ ကိုယ်ကသာချင်လျှင် အသာဆုံးချည်းပဲ ဖြစ်အောင်လုပ်ပါဗျာ့။ အခုန တဏှာဘက် သည်ဘက် အကုန်လုံးတွေပေါ့ဗျာ။ အဲဒါမှာလဲ သည်းခံခြင်း မေတ္တာတွေနှင့် အားလုံးတို့ထက် အသာဆုံးဖြစ်အောင် လုပ်ကြပါဗျာ့။ အဲဒီလို အသာဆုံးတွေချည်းပဲ ဖြစ်အောင်ဆိုလျှင် ပစ္စုပ္ပန်ရောသံသရာရောဟာ အားလုံးတို့ထက် လွှမ်းမိုးပြီးတော့ အသာဆုံးချည်းပဲ ဖြစ်မှာဗျာ့။ (တင်ပါ့ဘုရား။)

သည်လိုဖြစ်ချင်ရင် သည်လိုလုပ်ရုံပဲ ရှိပါသဗျာ့။ သည်းခံခြင်းဆိုတာမှာလဲ ဘယ့်နှယ်တုန်း နည်းနည်းသည်းခံနိုင်ရင် နည်းနည်းဗျာ့။ များများသည်းခံနိုင်ရင် များများဗျာ့။ သူတကာနှင့်မတူအောင် သည်းခံနိုင်ရင် ဘယ်သူနဲ့မှ မတူအောင် အစီးအပွားတွေဟာ ရပါတယ်ဗျာ့။ သည်လိုဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

ဤကဲ့သို့ ဘုရားအဆုံးအမကို လိုက်နာမိကြပြီဆိုမှဖြင့် အဲဒါတွေကလဲ အကျိုးအာနိသင်တွေကို သိလာကြတဲ့ အခါကျပြီဆိုတော့ နောက်မဆုတ်ကြတော့ဘူး။ အကုန်လုံးတို့ဟာ ထူထောင်ပြီးတော့ တခါတည်းပဲ သာသည်ထက်သာချည်းပဲ။ သာတော့တာပဲတဲ့ဗျာ့။ သူတို့ ဒါကို မစွန့်တော့ဘူးဗျာ့။ ဘာဖြစ်လို့လဲဆိုတော့ နေရာကျမှန်း သိနေတာကိုးဗျာ့။ သူများမေးဖို့မလိုပဲ ကိုယ်တိုင်ကို နားလည်တာကိုးဗျာ့။ အဲသည်လိုဗျာ့။ (တင်ပါ့ဘုရား။)

ဒါကြောင့်မို့ အခု အကုန်လုံး နေထိုင်သွားလာရာမှာ အကုန်လုံး သည်းခံကြရမယ်ဗျာ့။

မေး။ ။ခုန ဒကာကြီး လွတ်လွတ်သွားတယ်ဆိုတော့ သည်းခံတာ လုံလောက်လို့လား၊ မလုံလောက်လို့လား။

ဖြေ။ ။သည်းခံတာ မလုံလောက်လို့ပါဘုရား။

မေး။ ။ဒါဖြင့် လုံလောက်အောင်လုပ်ဗျာ။ သည်လို နောက်ကိုနေသွားတော့ ဘယ့်နှယ်တုန်းဗျာ့။ အမှုမပြီးစေတာ ရှိသေးသလား။

ဖြေ။ ။အမှုမပြီးစေတာ မရှိပါဘုရား။

မေး။ ။အကုန်လုံး နေရာတိုင်းမှာ၊ အချိန်တိုင်းမှာ အစီးအပွားတွေ၊ ရစရာရှိတာ

တွေ ဆက်ကာဆက်ကာ မလပ်အောင် အချိန်တိုင်းမှာ ရှိတယ်ဗျာ့။ ဟုတ်ကဲ့လားဗျာ။ (ရှိပါတယ်ဘုရား။)

မေး။ ။ဘာတုန်းဆိုတော့ အချိန်တိုင်း အချိန်တိုင်း၊ နေရာတိုင်း နေရာတိုင်း၊ ဣရိယာပုတ်တိုင်း ပြောလို့မကုန်နိုင်ဘူးတဲ့ဗျာ ရနိုင်တဲ့ အစီးအပွား တွေဟာ။ ဘာကြောင့်လဲဆိုလျှင် ချမ်းသာနှင့် ဆင်းရဲဆိုတာ နှစ်ခုမရှိတဲ့ အချိန်ရယ်လို့ ရှိသလားဗျာ့။

ဖြေ။ ။မရှိတဲ့ အချိန်ရယ်လို့ မရှိပါဘုရား။

မေး။ ။တစ်ခုခုကတော့ဖြင့် ရှိနေတော့တာပဲဗျာ့။ သည်တော့ ဆင်းရဲဖို့ရာ သဘောမကျပေတဲ့ ဆင်းရဲဖို့ရာကို တွေ့တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ဆင်းရဲဖို့ရာနှင့် တွေ့တော့လဲ သည်းခံရမှာပဲဘုရား။

မေး။ ။ပြီးတော့ ကုသိုလ်ထောက်မသည်ဖြစ်သောကြောင့် လေးစားကြည်ညို ပူဇော်ခြင်း နှင့် အမျိုးမျိုးအဖြာဖြာ လုံလုံလောက်လောက်နှင့် ဘာမျှ မလိုရအောင် အဲသည်လို ဟာတွေနှင့် တွေ့ရင်ကော။

ဖြေ။ ။ဝမ်းမြောက်ရမှာပဲဘုရား။

မေး။ ။အဲသည်လို ဝမ်းမြောက်နေရင်းနှင့် ဝမ်းမြောက်နေတာကို နှစ်သက် နေရင် ကောင်းပါ့မလား။

ဖြေ။ ။အာရုံထဲက ဆိုလျှင် ဘာမှမကောင်းပါဘုရား။

မေး။ ။ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။လောကီဘက်က တစ်ပါးအာရုံတွေကတော့ ကောင်းပါတယ်ဘုရား။

မေး။ ။ဒကာကြီးကို အိမ်က သားသမီးတွေ ဒကာမကြီးတွေက ကောင်း ကောင်းမွန်မွန် လေးလေးစားစားနှင့် ကိုယ်နှင့်ပြု နှုတ်နှင့်ပြုလို့ ဆိုရင်ကော။

ဖြေ။ ။အာရုံထဲကဆိုလျှင် ဘာမှမကောင်းပါဘုရား။

မေး။ ။ဘယ့်နှယ်ဖြစ်ဖြစ် ကောင်းကောင်း မကောင်းကောင်း တစ်ခုခုနှင့် တွေ့နေရင်ကော။

ဖြေ။ ။သူတို့ကို မေတ္တာစိတ်နဲ့ဆိုရင် ကုသိုလ်ဖြစ်ပါတယ်ဘုရား။ သူတို့ကို ကြည့်ပြီး ကာမဂုမျက်စိနှင့်၊ နားနှင့်၊ နှာခေါင်းနှင့် ကာမဂုဏ်အာရုံတွေနှင့် နှစ်သက်ရင် အကုသိုလ်ဖြစ်ပါတယ်ဘုရား။

မေး။ ။ကိုယ်ရာ စိတ်ရော နှုတ်ရော ဒကာကြီးကိုမတည့်အောင်၊ သဘောမက

အောင်ချည်း လုပ်ရင်ကော။

ဖြေ။ ။သည်တော့လဲ ဒေါသထွက်ပြီး ဒေါသစိတ်တွေ ဖြစ်ပြီး အကုသိုလ်တွေ ဖြစ်ပါတယ်ဘုရား။

မေး။ ။နို့–အခုန သည်းခံစိတ်ထားတာက အကောင်းဆုံးဆိုပြီး အခုလိုဆိုတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။သည်းခံတာက မိုးမရွာခင်သာ လုံတာပါဘုရား။ တပည့်တော်တို့မှာ သည်းမခံနိုင်တဲ့ စိတ်ကလေးတွေ ရှိပါတယ်ဘုရား။

မေး။ ။ဘယ့်နှယ်လုပ်လို့ သည်းမခံနိုင်တာလဲ။

ဖြေ။ ။သည်းမခံနိုင်တာက သည်းခံနိုင်အောင် မိမိစိတ်ကို မဆုံးမရသေးလို့ သည်းမခံနိုင်တာပါဘုရား။

မေး။ ။အခုနတော့ လုပ်ပါတော့မယ်ဆိုပြီးတော့ အခု ဘယ့်နှယ်ဖြစ်ကုန်ပြီလဲ။

ဖြေ။ ။လုပ်ပါ့မယ်ဆိုတာက သည်လို ဒေါသထွက်စရာဖြစ်တော့ ကိုယ်မနိုင်တဲ့ အခါမှာသာ သည်းခံလိုက်တာပါဘုရား။

မေး။ ။ဘယ့်နှယ် မနိုင်တာလဲ။

ဖြေ။ ။သူငယ် ခတ်သန်သန်နှင့် တွေ့တော့ တပည့်တော်ကို သူက ရိုက်ပေမယ့် လက်သီးနှင့် ပြန်မထိုးဝံ့ပါဘုရား။ ခေါင်းငုံ့ ခံရပါတယ်ဘုရား။ နုံချာပြီး လူမမာကြီးကိုတော့ တပည့်တော်က ထိုးလွှတ်တာပါပဲဘုရား။

မေး။ ။အဲဒါက သည်းခံတာလား။

ဖြေ။ ။ဒါ သည်းခံတာ မဟုတ်ပါဘုရား။ မနိုင်လို့ ငုံ့ခံတာဖြစ်ပါတယ်ဘုရား။

မေး။ ။ကိုယ်မှန်းထားတဲ့ဟာတွေကိုတော့ သေသေချာချာ လိုချင်တာ၊ ပြီးချင်တာပဲမဟုတ်လား။

ဖြေ။ ။လွယ်လွယ်နှင့် ရရင်တော့ ပြီးချင်တာပဲဘုရား။

မေး။ ။ဒါဖြင့် အခုနဟာတွေက ခက်သလား။

ဖြေ။ ။ခက်တော့ မခက်ပါဘုရား။ ဒါပေမယ့် အတော်လုပ်ရမှာပဲဘုရား။

မေး။ ။ဒါဖြင့် ဘာလိုသလဲ။ (ကိုယ့်ကိုယ်ကို ဆုံးမဘို့ပဲ ရှိပါတယ်ဘုရား။)

မေး။ ။ဘာကုန်သေးသလဲ။ (ဘာမှ မကုန်ပါဘုရား။)

မေး။ ။ဘာမှမကုန်ဘဲနဲ့ ဘယ့်နှယ်ကြောင့် ခက်ရသလဲ။

ဖြေ။ ။မိမိကိုယ်ကို မိမိ မနိုင်သည့်အတွက် သည်လိုဖြစ်ရပါတယ်ဘုရား။

မေး။ ။လိုချင်တာက ဘယ်သူလိုချင်တာလဲ။ (တပည့်တော်ပဲ လိုချင်တာပါ

ဘုရား)။

မေး။ ။ဒါဖြင့် တပည့်တော်ဆိုတာက သည်လိုဖြစ်လဲလိမ်၊ ဟိုလိုဖြစ်လဲလိမ်နှင့် ဘယ့်နှယ်ဖြစ်တာလဲ။

ဖြေ။ ။တပည့်တော်ဟာ စိတ်ပျက်စရာကောင်းနေတဲ့ တပည့်တော် ဖြစ်နေပါတယ်ဘုရား။

မေး။ ။ဒီလို စိတ်ပျက်နေမှန်းသိရင် စိတ်ကောင်းအောင်လုပ်ဗျာ့။ အခု စိတ်ပျက်နေသလား။ ဘယ်တုန်းက ပျက်သလဲ။

ဖြေ။ ။အနမတဂ္ဂ အစမရှိတဲ့ သံသရာကစပြီး ပျက်တာ အခုထက်ထိ ပျက်တုန်းပါပဲဘုရား။

မေး။ ။အခု အပျက်ကြီးအတိုင်း ထားမှာလား၊ ပြင်မှာလား။

ဖြေ။ ။အခု ပြင်ပါတော့မယ်ဘုရား။

မေး။ ။ဘယ့်နှယ်ပြင်မလဲ။ အခု အိမ်ပြန်မယ်မဟုတ်လား။ အိမ်ပြန်ရင် နှစ်သက်ဖွယ်ရာ၊ မနှစ်သက်ဖွယ်ရာ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ တစ်ခုခုနှင့်တော့ တွေ့မှာပဲဗျာ့။ တွေ့ရင် ဘယ့်နှယ်လုပ်မှာလဲ။

ဖြေ။ ။နှစ်သက်ဖွယ်နဲ့တွေ့ရင် လောဘစိတ်မဖြစ်အောင်၊ မနှစ်သက်ဖွယ်နဲ့ တွေ့ရင် ဒေါသစိတ်မဖြစ်အောင် မိမိစိတ်ကို မိမိ ဆုံးမရမှာပါဘုရား။

မေး။ ။သည်းခံတော့မယ်ဆိုတာက ဘယ်လိုလဲ။ မတည့်အောင် လုပ်ရင် ကောဗျာ့။

ဖြေ။ ။မတည့်အောင် လုပ်ပေမယ့် တပည့်တော်က နည်းရနေပါပြီဘုရား။

မေး။ ။ဘယ်လိုလဲဗျာ့။

ဖြေ။ ။နှာသီးဝမှာ တိုးတာကလေးကို အမြဲ စိတ်စိုက်ထားရင် သူဆဲတာကို မသိတော့ပါဘုရား။

မေး။ ။နှစ်သက်ဖွယ် အမျိုးမျိုးအဖြာဖြာတွေနှင့် ဝတ္ထုရားတွေ ကျေပွန်အောင် သဘောကျအောင် ဆီးလုပ်ကြရင်ကောဗျာ။

ဖြေ။ ။သည်လို ဆီးလုပ်တော့ တပည့်တော်က အခုနည်းအတိုင်းပဲ နှာသီးဝမှာ ထွက်လေ၊ ဝင်လေကလေးတွေ တိုးနေတာကို သိအောင်လုပ်တော့ လောဘတွေဖြစ်ရင် အကုသိုလ် ဖြစ်လိမ့်မယ်လို့ မိမိစိတ်ကို ဆုံးမပြီး ထိသိမလွတ်အောင် လုပ်ပါမယ်ဘုရား။

မေး။ ။အဲသည်တော့ သည်းခံတာ ဘယ်နေရာမှာလဲ။

ဖြေ။ ။သည်းခံတာက ထိသိကို စိတ်မှာစွဲနေရင် သည်းခံပြီးသား ဖြစ်နေပါတယ်ဘုရား။

မေး။ ။ကောင်းပါ့ဗျာ။ အခု သည်လိုလုပ်တော့မှာလား။

ဖြေ။ ။အခု သည်လိုပြောတော့ နေတာပဲဘုရား။

မေး။ ။မခံချင်အောင် ပိုလုပ်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။မခံချင်အောင် ပိုလုပ်တော့ နည်းနည်းတော့ သည်းခံမှာဘဲဘုရား။

မေး။ ။များများကြီးလုပ်တော့ကော။

ဖြေ။ ။များများကြီးလုပ်တော့ တပည့်တော် မဆိုနိုင်သေးပါဘူးဘုရား။

မေး။ ။အခုတော့ ဘုရားဆုံးမတဲ့ အဆုံးအမကို ရပြီးသားလို့ဆိုတယ်။ အခု ဘယ်ချထားတော့မှာလဲ။

ဖြေ။ ။သည်ကျတော့ လစ်လစ်သွားပါတယ်ဘုရား။

မေး။ ။အေး–ခုနဟာက ကိုယ်လုပ်ရမှာချည်းပဲ၊ ပိုထားရမှာပဲမဟုတ်လား။

ဖြေ။ ။ပိုထားဖို့ ဘာဝနာဆိုတဲ့ဟာကို အမြဲပွားဖို့က လိုနေသေးလို့ပါဘုရား။ များများ ပွားရင်တော့ဖြင့် ဖြစ်ကောင်းဖြစ်စရာ ရှိပါတယ်ဘုရား။

မေး။ ။အေး–ဒါဖြင့် သည်အတိုင်းတိုင်း ထူထောင်ယူသွားလို့ရှိလျှင် ခက်တာ မပါပါဘူးဗျာ။

ဖြေ။ ။ခက်တာ မပါပါဘူးဘုရား။

မေး။ ။ခက်တာမပါဘဲနှင့် ဒကာကြီးဟာ ခု,မဖြစ်တာက ဘာကြောင့်လဲ။

ဖြေ။ ။ဝီရိယနှင့် သတိနှင့် ဆန္ဒနှင့် လိုနေပါတယ်ဘုရား။

မေး။ ။အခုန ဖြစ်တယ်ဆိုတာက ဘာဖြစ်ဖြစ် သည်းခံမှု မရှိလို့ဗျာ။ ရှေးအရှင်တွေက သည်လိုမဟုတ်ဘူး။ ဘယ်လိုတုန်းဆိုတော့ အခုနလို မဖြစ်ဘူးဆိုတာ သည်းခံမှု လိုတာလား၊ မလိုတာလား။

ဖြေ။ ။သည်းခံမှု သိပ်လိုနေပါတယ်ဘုရား။

မေး။ ။များများကြီး ဖြစ်လာတဲ့အခါကျတော့ ဘယ့်နှယ်လုပ်သလဲ။

ဖြေ။ ။များများကြီး သည်းခံတဲ့ဘက်က ကျင့်ပေးရမှာပါဘုရား။

မေး။ ။အေး–ဟုတ်တယ်ဗျာ။ များများကြီး သည်းခံမှုပြုတဲ့ အခါကျတော့ ကိုယ်ရှာတဲ့ဟာ ဘယ့်နှယ်လဲ။

ဖြေ။ ။များများကြီး သည်းခံမှုရှိရင် ကိုယ်ရတဲ့ချမ်းသာ အများကြီး ဖြစ်ပါတယ်ဘုရား။

## အသူရာနှင့် သိကြားမင်းစစ်ပွဲ

ဖြစ်ဖို့ရာ အလုပ်ကတော့ အကုန်လုံး အစီးအပွား များတာချည်းပဲဗျာ့။ ရှေးအရှင်တွေက အဲသည်လို လုပ်သွားတာဗျာ့။ သည်ဟာကို ဘယ်နေရာမှ ချမထားခဲ့ဘူးဗျာ့။ အကုန်လုံးပါအောင် ယူသွားတော့ လုံလုံလောက်လောက် ရကြတာဗျာ့။ ဒါကြောင့်မို့ သူတို့မှာ ပကတိအားဖြင့်လည်း တည်တယ်။ ရှေ့ကိုလဲ အကုန်လုံး အစဉ်အတိုင်းသာ တိုးတက်နေတော့တာပဲဗျာ့။ ဘာတုန်းဆိုတော့ သူတို့ဟာ သည်ဟာတွေကို အမြဲသုံးစွဲနေတော့ သည်ဟာတွေရဲ့ အစီးအပွားကို မြင်သလောက် မြင်တယ်။ သည်တော့ သူတို့ဟာ ဒါကို ဘယ်နေရာမှ လွှတ်မပစ်ခဲ့ဘူး။

အခု နတ်ပြည်မှာ သိကြားမင်းဆိုတာ ရှိတယ်။ သူတို့ဟာလဲ သည်ဟာကို ဘယ်အချိန်မှ မစွန့်ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် တနေ့သ၌တော့ ဟိုအသူရာနှင့်သိကြားမင်းနှင့် စစ်တိုက်ကြတယ်။ စစ်တိုက်တော့ အသူရာတွေ ရှုံးပြီး အသူရာ မင်းကြီးကို ဖမ်းပြီးတော့ သူတို့ နတ်စစ်သည်တွေက ဓမ္မာရုံဇရပ်မှာ လည်ပင်းကို ကြိုးငါးခုနှင့် ချည်ပြီး ချုပ်နှောင်ထားတယ်ဗျာ့။ သည်တော့ သည်အသူရာမင်းကြီးက စိတ်တိုနေတာပေါ့ဗျာ။ မတည့်နေတာ ပေါ့ဗျာ့။ အဲသည် အသူရာမင်းကြီးဟာ သိကြားမင်းက မိမိရဲ့ ဝေဇယန္တာ ပြာသာဒ် ဘုံနန်းကိုဝင်တာ မြင်ပြီဆိုရင် သူက သည်ကနေပြီး ကြိမ်းလိုက်၊ မောင်းလိုက်၊ ဆဲလိုက်နှင့်ပေါ့ဗျာ။ ထွက်တာမြင်ရင်လဲ ရိပ်ခနဲမြင်လိုက်တာနဲ့ ဆဲလိုက်၊ ဆိုလိုက်၊ ကြိမ်းလိုက်၊ မောင်းလိုက်နှင့် မပြတ်တော့ဘူးတဲ့ဗျာ့။ မခံချင်အောင် လုပ်တာဗျာ့။

ဒါပေမယ့် သိကြားမင်းကတော့ သာသာကလေး နေတယ်ဗျာ့။ ဒါကို မာတလိက မြင်တော့ သိကြားမင်းကို မေးတယ်။

"အရှင် သိကြားမင်း၊ အသူရာမင်းကြီးက ဆဲတယ်၊ ဆိုတယ်၊ ကြိမ်းတယ်၊ မောင်းတယ်၊ အဲဒါကို အရှင်သိကြားမင်းက အခုလို သာသာကလေး သည်လိုနေတာဟာ သည်အသူရာမင်းကြီးကို ကြောက်လို့လား။ ဘာကြောင့် သာသာကလေး နေသလဲ"လို့ မေးတယ်။ သည်တော့ သိကြား

မင်းက ပြန်ပြီးတော့ ပြောသတဲ့ဗျာ့။

"အမောင် မာတလိ၊ သည်းအသူရာနတ်မင်းကြီးဟာ ငါ့လက်တွင်းကို ရောက်နေတာ ငါပြုချင်သလို ပြုလို့ဖြစ်တယ်။ ငါမကြောက်ပါဘူး အမောင် မာတလိရဲ့။"သည်တော့ မာတလိက "မကြောက်ရင် ဘယ့်နှယ်ကြောင့် သည်းလိုနေတာတုံး"ဆိုတော့၊ သိကြားမင်းက "ကိုယ်ပြုချင်သလို ပြုလို့ ဖြစ်တယ်။ သည်းအသူရာမင်းကြီးက ငါ့လက်တွင်းမှာ ရှိနေတာ။ နောက်ပြီး ငါပြုနိုင်တဲ့ ဟာတွေလဲ အကုန်ရှိတယ်။ အဲသည်လို ပြုနိုင်တဲ့ဟာတွေ ရှိလျက်သားနှင့် သည်းလို သည်းခံတာ"တဲ့ဗျာ့။

## အောင်နိုင်သူ၏ သည်းခံခြင်း

သည်းအစီးအပွားတွေကို မြင်သိပြီးတော့ မြင့်မြတ်တာဗျာ့။ ဘာကြောင့်လဲ ဆိုရင် သည်းခံတာဟာ ကိုယ့်မှာ ဘယ်လိုပဲ နိုင်တဲ့အင်အားတွေ သေသေချာချာ ရှိပြီး နေပေမယ့်လဲ သူက ဘယ်လိုပြုပြု ကိုယ်က ဘယ်လိုမှ ပြန်မပြုဘဲနှင့် မြင့်မြတ်တဲ့ အမြင့်မြတ်ကို သိထားပြီးတော့ သူက သည်းလိုပြုတာဗျာ့။ မတတ်နိုင်လို့ မဟုတ်ဘူး။ တတ်နိုင်လဲပဲ သည်းလိုပြုတာဗျာ့။

ဒါကြောင့် ဘုရားရှင်က ဘယ်လိုလဲဆိုရင် သည်းလို တတ်နိုင်ပါလျက် သားနှင့် ကိုယ်က အင်အားရှိပြီး တတ်နိုင်လျက်နှင့် သည်းခံပြီး သည်းလို နေတာက အကောင်းဆုံးလို့ ဟောတာဗျာ့။ ကိုယ်က မတတ်နိုင်လို့ သည်းခံ တာလဲ ကောင်းတော့ ကောင်းပါရဲ့။ ကောင်းပေမယ့် ကိုယ်တတ်နိုင်ပေမယ့် ကိုယ်က နိုင်လျက်နှင့် သည်းခံတာကမှသာ ကောင်းတာ အမြတ်ဆုံးတဲ့ဗျာ့။ (တင်ပါ့ဘုရား။)

မေး။ ။နို့ မနိုင်လို့ သည်းခံတာကကော။ အဲတာက ကောင်းတော့ ကောင်း တာပဲဗျာ့။ မနိုင်ပေမယ့်လို့ သည်းမခံနိုင်ဘူးဆိုရင်လဲ ဒါက တိုးပြီး အမှုမရောက်ပေဘူးလားဗျာ။ ဟုတ်ကဲ့လားဗျာ့။

ဖြေ။ ။အမှုရောက်မှာပါဘုရား။

မေး။ ။သူက ဘုန်းတန်ခိုးကြီးနေတယ်။ သည်တော့ မနိုင်မှန်း သိလျက်နှင့် သည်းမခံနိုင်ဘဲ လုပ်လို့ရှိလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။အခုန အသူရာမင်းကြီးလို သူကလဲ စစ်ရှုံးပြီး အချုပ်အနှောင် ခံနေရသေးတယ်။ သူကပဲ ဒေါပွနေတယ်။ သူ့မှာသာ နစ်နာတာပါ

ဘုရား။

မေး။ ။ဟုတ်တာပေါ့ဗျာ၊ အများကြီး နေရာမကျတာပါဗျာ။ မတုရမည့်ဟာကို တုလိုက်လျှင် သူ့မှာ မနည်းဘူးကို နှစ်နာသွားမယ်မဟုတ်လား။

ဖြေ။ ။ဟိုက သည်းခံတတ်တဲ့ သိကြားမင်းနဲ့ တွေ့လို့ပေါ့ဘုရား။ သည်းမခံတတ်တဲ့ သိကြားမင်းနဲ့တွေ့ရင် သည်ထက် ဆင်းရဲမှာပါဘုရား။

## သည်းခံခြင်းနှင့် မေတ္တာ

ဒါကြောင့်မို့ အခုနကပြောတဲ့ဟာ ဘာလဲဆိုရင် သူ့ကို မပြိုင်ဆိုင်နိုင်သည် ဖြစ်သောကြောင့် သူ့တော့ မဖြစ်ဘူးဆိုပြီး သူ့လို သာသာကလေးနေရင် သည်လို သည်းခံတာလဲ ကောင်းတာပဲ။ သည်လိုမဟုတ်ဘဲ ဒင်းတော့ဆိုပြီး အမျိုးမျိုးအဖုံဖုံ အကုန်စလုံး စွမ်းနိုင်တယ်။ စွမ်းနိုင်ပေမည့် သူတော်ကောင်းတို့ ထုံစံရှိသည့် အားလျော်စွာ သည်းခံခြင်းဆိုတဲ့ စိတ်နှင့် နေမည်နေလျှင် ဒါက အမြတ်ဆုံးကိုးဗျာ့။ **အမြတ်ဆုံးဆိုတာက လိုချင်တာ အထွတ်အထိပ် ဖြစ်အောင် ရတာဗျာ့။**

ရှေးက သူတော်ကောင်းတွေ လောကကြီးတစ်ခုလုံးမှာ အားလုံးတို့ထက် အသာဆုံးချည်းပဲ ဖြစ်နေတယ်။ လောကကြီးတစ်ခုလုံးမှာ အားလုံးတို့ဟာက ဘာလဲဆိုရင် သည်းခံခြင်း မေတ္တာနိဝါတမရှိဘူး။ နေရာမကျအောင်ချည်းဘဲ လျှောက်လုပ်တာပဲ။ အခု အရှင်သခင်တွေက ဒါတွေကို ဘယ့်နှယ်မှ မလုပ်ဘူးမဟုတ်လား။ သူတို့လုပ်မှာက သူတို့ အမြတ်ဆုံးနှင့် သူတို့ လုပ်ယူသွားတာပဲ။ ဘယ့်နှယ်မှ မလုပ်ဘူး။ (တင်ပါ့ဘုရား။)

## သီလပျက်မှာစိုးတဲ့ ဘူရိဒတ်နဂါးမင်း

ကိုယ့်ဟာကိုယ် လုပ်ယူသွားတာပဲ။ အခုန သိကြားမင်းလဲ သည်လိုပဲတဲ့ဗျာ့။ အလောင်းတော်တွေဟာလဲ သည်လိုပဲမဟုတ်လား။ ဒို့မှတ်မိတဲ့ဟာတွေကို ကြည့်ပါလား။ လူ့ပြည်မှာ သီတင်းသီလ ဆောက်တည်ချင်တယ်ဆိုပြီးတော့ ဘူရိဒတ် နဂါးမင်းဟာ သူ့မှာ စည်းစိမ်ချမ်းသာ အင်မတန် မြင့်မြတ်တယ်။ သိကြားမင်းနှင့် ထပ်တူညီမျှပဲ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။)

အဲဒါတွေကို ပစ်ထားခဲ့ပြီး ဥပုသ်စောင့်လာတာဗျာ့။ ဥပုသ်စောင့်တဲ့

အခါကျတော့ အလမ္မာယ်ဆရာက လာတယ်။ လာတော့ ဒီဘုရားအလောင်းကို တွေ့တယ်မဟုတ်လား။ တွေ့တော့ သူက ဘာမျှ တန်ခိုးရှိတာမဟုတ်ဘူး။

မေး။ ။ဒီဘုရားအလောင်းတော်ကတော့ ဘယ့်နှယ်လဲ တန်ခိုးရှိသလား မရှိဘူးလား။

ဖြေ။ ။သည်ဇာတ်ကို တပည့်တော် မသိပါဘုရား။

မသိဘူးဆိုတာ မဟုတ်ပါဘူးဗျာ။ သူတို့ မောမှာစိုးလို့ မပြောရအောင် ကြံတာဗျာ့။ သူတို့ သိပါတယ်ဗျာ့။ သူ့ဘယ်လို တန်ခိုးရှိသလဲဆိုရင် နည်းနည်း ကလေး မျက်စောင်းငြိမ့်လိုက်ရင် အားလုံးတို့ဟာ ဖွဲပြာဖြစ်သတဲ့ဗျာ့။ အဲဒါကို သည်အလမ္မာယ်ဆရာက လူစွမ်းကောင်းကြီး လုပ်ပြီးတော့ သူ့မန္တန်ဆိုတာကလဲ ဘာအသုံးကျသလဲ။ သူ့ဟာ ဘာမှမဟုတ်ဘူး။ သည်က သည်းခံခြင်းနှင့် သူ့သီလ ပျက်မှာစိုးလို့ သာသာကလေး နေလိုက်တာဗျာ့။ မျက်စိဖွင့်တောင် မကြည့်ဘူးတဲ့ဗျာ့။ အဲဒါ သူက လူစွမ်းကောင်းကြီး လုပ်ပြီး ဖမ်း။ ဖမ်းပြီးပြီဆိုတော့မှ အမျိုးမျိုးအဖုံဖုံ ပြုတယ်မဟုတ်လားဗျာ့။

မေး။ ။သူ မခံချင်လို့ရှိရင် ဘာခက်သလဲ၊ ကောင်းကင်ပြန်သွားလဲ ဖြစ်တယ် မဟုတ်လား။ မြေလျှိုးသွားလဲ ဖြစ်တယ်မဟုတ်လား။ နောက်ဆုံး မျက်စောင်းကို သာသာကလေး ငြိမ့်လိုက်ရင် ဘယ်နှယ့်လဲ။

ဖြေ။ ။ဖွဲပြာ ဖြစ်သွားမှာပါဘုရား။

မေး။ ။သည်လိုမှ မဟုတ်ဘဲ သိကြားမင်း အသွင်အပြင်၊ ဗြဟ္မာမင်း အသွင်အပြင် သည်လိုနေလိုက်ရင်လဲ ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

ဒါပေမယ့် သူက ဘာမှမလုပ်ဘူးတဲ့ဗျာ့။ သည်တော့မှ သူက အနိုင် ယူပြီး သကာလ အလွန် သန့်ပြန့်စင်ကြယ်တဲ့ နတ်သုဒ္ဓါတွေကိုသာ သုံးစွဲ နေတဲ့ ဒီ ဘုရားအလောင်းတော်ကို သူက လူစွမ်းကောင်းဝာယ်ဆိုပြီး တံတွေးနှင့် ခံတွင်းထဲကို ထည့်ဆိုပဲဗျာ့။ သည်တော့လဲပဲ သာသာကလေး နေတာပဲဗျာ့။

မေး။ ။ဒါက သူ့ကို မနိုင်လို့လား၊ သူ့မှာ ဘာမှမရှိလို့လား။

ဖြေ။ ။ရှိပါတယ်ဘုရား။ ဒါပေမယ့် သည်းခံနေပါတယ်ဘုရား။

မေး။ ။ဒါ ဘာကြောင့်လဲ။

ဖြေ။ ။ဘုရားဆုပန်တဲ့ ယောကျ်ားမြတ် ပါရမီဖြည့်တာပါဘုရား။

မေး။ ။ဒကာကြီး ဥပုသ်စောင့်တဲ့အခါ သည်လိုလုပ်ရင် ခံမှာလားဗျာ့။

ဖြေ။ ။တပည့်တော်တော့ မခံပါဘုရား။ အခုနလို နိုင်မည့်လူဆိုရင်တော့ ဖိထိုးမှာပဲဘုရား။

မေး။ ။သည်လိုများ တန်ခိုးတွေ ဘာတွေနဲ့ဆိုရင်ကော။

ဖြေ။ ။ဘယ်လောက် ကောင်းလိုက်မလဲလို့ဘုရား။

မေး။ ။မျက်လုံးကသာ နေ့မှာလားဗျာ့။

ဖြေ။ ။မျက်လုံးကသာ နေမှာမဟုတ်ပါဘုရား။ မျက်လုံးကို ချာချာလည်နေမှာပဲဘုရား။

မေး။ ။သည်လိုနေရင် ကိုယ်လိုချင်တဲ့ဟာ ရမလား။ (မရပါဘုရား။)

အေး ဟိုကတော့ ဒီလိုလုပ်တာဗျာ့။ ဒါပေမယ့် မရပ်သေးဘူး။ ခဝါသည်များ အဝတ်ဖွပ်သလို လုပ်သေးသကိုးဗျာ့။ သို့သော်လည်း သူကတော့ သာသာကလေးပဲ မဟုတ်လား။ တော်တော်ကြာ အလမ္ပာယ် ပြရမယ်ဆိုပြန်တော့လဲ သူခိုင်းတာ လုပ်တယ်မဟုတ်လား။ အဲဒါ မတတ်နိုင်လို့လား။ တတ်နိုင်ရဲ့သားနှင့် ခိုင်းတာကို သည်းခံပြီး လုပ်ပါတယ်ဗျာ့။ သူခိုင်းတာ ထက်တောင် ပိုလုပ်တယ်။ ဒါ ဘာကြောင့်လဲ ဆိုရင် သူလိုချင်တာပြီးအောင်ဗျာ့။ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။အဲတာ ဘယ်လိုကြောင့်လဲဗျာ့။ ဘူရိဒတ်နဂါးမင်းဟာ မတတ်နိုင်လို့လား။

ဖြေ။ ။တတ်နိုင်ပါတယ်ဘုရား။

မေး။ ။အေး...အဲဒါဟာ ပါရမီဖြည့်နေတာဗျာ့။ များများကြီးလုပ်တာဗျာ့။ များများကြီးလုပ်တော့ ဘယ့်နှယ်လဲ သူများထက် နည်းရသလား။

ဖြေ။ ။သူများထက် ထိပ်တန်းက ရပါတယ်ဘုရား။

မေး။ ။အဲတာ များများကြီး လုပ်တာဗျာ့။ ကြားလား။ ဘာမှမတတ်နိုင်လို့ သည်းခံနေလဲ တော်သေးတာပဲ။ ဘာမှ မတတ်နိုင်ဘဲနှင့် သည်းမခံနိုင်ဘူးဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။သာပြီး နာတော့မှာပေါ့ဘုရား။

## ကြိုက်ကြိုက်၊ မကြိုက်ကြိုက်...သည်းခံ

အေး-ဒါကြောင့် သည်းခံခြင်းကို အခုနည်းနည်းကလေးလောက်

ပြောတာ၊ ပြောမယ်ဆိုရင် မဆုံးနိုင်ဘူးဗျာ့။ သည်းခံခြင်းဆိုတာက ပစ္စုပ္ပန် သံသရာနှစ်ဖြာမှာ နေရာတိုင်းမှာ နေရာကျတာဗျာ့။ ဒကာကြီး၊ ဒကာမကြီး များဟာ အခုလဲ ချမ်းသာချင်ရင် သည်းဟာလုပ်ကြ။ နောင် ချမ်းသာချင်ရင်လဲ သည်းဟာလုပ်ကြ။ ယခု လောကမှာလဲ ဘာပြီးချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ လုပ်ချင်ရင် သည် သည်းခံချင်းကိုပဲလုပ်။ နောင်သံသရာမှာပဲ ပြီးချင်ရင် တာကိုပဲ လုပ်ကြ။

မေး။ ။ခုနဟာ တစ်ခုတည်းနှင့် အကုန်မပြီးဘူးလား။

ဖြေ။ ။အကုန်ပြီးပါတယ်ဘုရား။

ဟုတ်တယ်ဗျာ့။ အခုန ဘူရိဒတ် နဂါးမင်းဂဗ္ဘာလဲ သီလဆောက်တည် တာဗျာ့။

မေး။ ။တကယ်လို့သာ သူ့တိမ်းရှောင်သွားရင် သူလိုချင်တဲ့ သီလ ရပါ့မလား။

ဖြေ။ ။မရပါဘုရား။

မေး။ ။သည်အကောင်လာပြီ၊ ငါ့မြေလျှိုးသွားမှပဲဆိုပြီး သွားရင် သည်ကောင် နှင့်ကော တွေ့ပါ့မလား။ (မတွေ့ပါဘုရား။)

မေး။ ။ကောင်းကင်ပျံသွားတော့ကော သည်အလမ္ပာယ်နှင့် တွေ့ပါ့မလား။ (မတွေ့ပါဘူးဘုရား။)

မေး။ ။အဲသည်လို မတွေ့တော့ သူလိုချင်တာကော ရပါ့မလား။ (မရနိုင် ပါဘုရား။)

မေး။ ။သိကြားမင်းယောင် ဖန်ဆင်းနေရင်ကော။ (မရနိုင်ပါဘုရား။)

မေး။ ။သို့သော်လည်း သူက ဒါတွေ ဘယ်တော့မှ မသုံးဘူး။ ငါ့ကို နေရာ မကျအောင် လုပ်တဲ့ အကောင်ပဲဆိုပြီး မျက်စောင်းကလေး ငြိမ့်လိုက်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အလမ္ပာယ် ပြာဖြစ်သွားမှာပဲဘုရား။

ဒါပေမယ့် သူက မလုပ်ဘူးဗျာ့။ သူ့လိုချင်တာကလေးကို ရအောင်ဟာ အခုလို သာသာကလေး နေတာဗျာ့။ မမွေ့ပေါင်ဗျာ။ သူက ဥပုသ်စောင့်မလို့ လာတာဗျာ့။ ဥပုသ်စောင့်တဲ့ အခါကျတော့ သူ့ကို ပြုချင်သလို ပြုပေ့စေဆိုပြီး အကုန်လုံး သည်လို ဆောက်တည်ပြီးထားတာဗျာ့။ အဲဒါဟာ ဒါတွေ အဟုတ်လုပ်ပြီးတဲ့ အခါကျတော့ အဟုတ်ကို သည်လိုနေတာဗျာ့။ (တင်ပါ့ ဘုရား။)

မေး။ ။ဒကာကြီး ဥပုသ်စောင့်တော့ကော ကနေ့ ဥပုသ်ယူမယ်ဆိုပြီး စောင့်တယ် မဟုတ်လား။ (ဥပုသ်တော့ စောင့်ပါတယ်ဘုရား။)

မေး။ ။သီလဆောက်တည်ပြီးတော့ တစ်ရက်ပြည့်ပြည့် စောင့်မယ်ဆိုပြီး စောင့်တယ် မဟုတ်လား။ (စောင့်ပါတယ်ဘုရား။)

မေး။ ။သီလဆောက်တည်ပြီးတော့ တစ်ရက်ပြည့်အောင်ဟာ အခုလို ဘယ်လိုဟာနှင့်တွေ့တွေ့ ကိုယ်က အရယူသလား။

ဖြေ။ ။အရချည်း မယူပါဘုရား။

မေး။ ။ဘယ့်နှယ်လုပ်သလဲ။ (ဘယ်သင်းမှ မရပါဘုရား။)

မေး။ ။တစ်ရက်ပြည့်အောင်ရော ရသလား။ (တစ်ရက်ပြည့်အောင် မရပါဘုရား။)

မေး။ ။တစ်ရက်မှာ ဘယ်လောက်ရသလဲ။

ဖြေ။ ။တစ်ရက်မှာ တစ်ရက်ထက်တောင် လျော့တာက ပိုပါသေးတယ်ဘုရား။

မေး။ ။ဘယ်လောက်ထိအောင် ပိုသွားသလဲ။

ဖြေ။ ။တစ်ရက်ခွဲလောက် ဖြစ်မယ်ထင်ပါတယ်ဘုရား။

မေး။ ။စောင့်တာက တစ်ရက်၊ လျော့တာက တစ်ရက်ခွဲဆိုရင် ကမှကပါ့ မလား။

ဖြေ။ ။မကပါဘူးဘုရား။

အဲဒါ ဝီရိယနှင့် ထူထောင်ပြီး သည်းခံခြင်းနှင့် ယှဉ်သွားကြမယ်ဆိုလျှင် အကုန်လုံး ပြီးစီးအောင်မြင်တာဗျာ့။ သည်တော့ နေရာတိုင်းမှာ အခုနဟာတွေနှင့် မဖြစ်ဘူးလား။ အခု သည်ကနေပြီး အိမ်ပြန်သွားရင် အိမ်ကျတော့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ နှစ်ခုရှိတယ်။ သည့်ပြင်ဟာတွေက နေပစေ။ အဲသည် နှစ်ခုမှာ တစ်ခုခုနှင့်တော့ မတွေ့ဘဲမနေဘူး။ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံမှာ တစ်ခုခုတော့ တွေ့ ရမှာပဲဗျာ့။

မေး။ ။မတွေ့ရတဲ့အခါ ရှိပါ့မလား။

ဖြေ။ ။ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံ တစ်ခုခုတော့ တွေ့နေရမှာပဲဘုရား။

မေး။ ။အဲဒါတွေနှင့်တွေ့တဲ့အခါမှာ သည်းခံခြင်းနှင့်ချည်းပဲ သွား။ သည်းခံခြင်းနှင့်သွားလို့ရှိရင် ဒါတွေ နည်းနည်းနှင့်တွေ့ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ဣဋ္ဌာရုံ နည်းနည်းနှင့်တွေ့ရင် သူ့ကိုလဲ ဝီရိယနှင့် ပယ်မှာပဲဘုရား။ အနိဋ္ဌာရုံကို တွေ့ရင်လဲ သူ့အားသန်သည်ထက် ဝီရိယနှင့် သည်းခံ

ပြီးတော့ ပယ်ပစ်ရမှာပဲဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။ ဣဋ္ဌာရုံနှင့် တွေ့လို့ရှိလျှင်လဲ အပြစ်တွေက လာဦးမှာလား။

ဖြေ။ ။ဒါကြောင့် သူမလာအောင် သည်းခံပြီးတော့ ဝီရိယနှင့် ထူထောင်ရမှာပါဘုရား။

မေး။ ။များများကြီးဆိုရင်ကောဗျာ့။

ဖြေ။ ။များများကြီး သည်းခံရမှာပဲဘုရား။

မေး။ ။နည်းနည်းတွေ့ရင်ကော။

ဖြေ။ ။နည်းနည်း သည်းခံရမှာပါဘုရား။

မေး။ ။အနိဋ္ဌာရုံနှင့် တွေ့လျှင် နည်းနည်းတွေ့ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။နည်းနည်းဝီရိယနှင့် သည်းခံရမှာပါဘုရား။ များများတွေ့ရင်လဲ များများ ဝီရိယနှင့် သည်းခံရမှာပါဘုရား။

မေး။ ။အဲ–အခု ဒကာကြီးအိမ်ကျတော့ သားသမီးတွေက နည်းနည်းကလေးမှ မခံသာအောင် ဆိုကြမယ်၊ ပြောကြမယ်ဆိုရင် ဘယ့်နှယ်လဲဗျာ့။

ဖြေ။ ။ဒါဆိုရင် ခပ်များများ ဝီရိယနှင့် သည်းခံရမှာပါဘုရား။

မေး။ ။အဲသည်တော့ ဘယ့်နှယ်လဲ ပိုမရဘူးလား။ (ပိုရပါတယ်ဘုရား။)

မေး။ ။ဒီထက်ပိုပြီး မခံနိုင်အောင် လုပ်ပြန်ရောမယ်။

ဖြေ။ ။သည်တော့ တပည့်တော်က အင်မတန် များများဝီရိယနှင့် သည်းခံမှာပါဘုရား။

မေး။ ။ဟုတ်ကဲ့လားနော်၊ အဟုတ်လုပ်မှာလား။

ဖြေ။ ။ဒါ အဆင်ပြေအောင် ပြောတာပါဘုရား။

ဟော–အိမ်မရောက်သေးဘူး၊ အခုကတည်းက လုပ်နေပြီ။ အေး–ဒါပေမယ့် ဆောင်ရွက်ရမယ့် နေရာမှာ အားတွေရှိပါတယ်။ ဘာမှ ပင်ပန်းစရာ မရှိဘူးဗျာ့။

မေး။ ။ဘယ့်နှယ်လဲ သည်လို လုပ်လိုက်ရတာ ပင်ပန်းမှာလား။

ဖြေ။ ။မပင်ပန်းပါဘူးဘုရား။

မေး။ ။ပစ္စည်းရော ကုန်သလားဗျာ့။ (ပစ္စည်းလဲ မကုန်ပါဘူးဘုရား။)

မေး။ ။ဘာများ လျော့စရာရှိသလဲ။ အကျိုးယုတ်စရာများ ရှိသလား။

ဖြေ။ ။အကျိုးယုတ်စရာ မရှိပါဘူးဘုရား၊ အကျိုးများစရာသာ ရှိပါတယ် ဘုရား။သို့သော် သဒ္ဓါနဲ့ ဝီရိယနဲ့၊ အလိမ္မာနဲ့၊ ပညာနဲ့ လိုနေလို့ပါဘုရား။

**အကုန်ပြီးမယ့် တစ်ခုတည်း**

အဲတာတွေနှင့် ရှုပ်နေရင် ဟိုဟာလုပ်ရမလား၊ သည်ဟာ လုပ်ရမလားနှင့် ရှုပ်နေမယ်။

သည်တော့ သည်းခံတာတစ်ခုတည်းပဲ မှတ်ထား။

ဟိုဟာသုံးရမလား။ သည်ဟာသုံးရလား။ ပြီးတော့ ဟိုဟာ ရှာရဦးမယ်။ သည်ဟာ ရှာရဦးမယ်။ ဟိုဟာမပါဘဲ နေမယ်နှင့် အကုန်လုံး ပျက်ကုန်မယ်။ သည်တော့ အခုနပြောတဲ့ဟာ တစ်ခုတည်းနဲ့ပဲ သွားဗျာ့။

မေး။ ။သည်းခံရမယ် ဆိုတာလားဘုရား။

ဟုတ်တယ်ဗျာ့။ အကုန်လုံးဟာ တစ်ခါတည်း အဲဒါနှင့်ဆိုရင် အကုန်လုံး နေရာကျသွားမှာပဲ။ ဘာဖြစ်ဖြစ် နေရာကျမှာပဲ။

ဒို့ငယ်ငယ်တုန်းက လျှောက်ပြီး ဆွမ်းခံတော့ကို မြန်မာလူမျိုးတွေ ကတော့ တယ်နေရာမကျဘူး။ ကုလားကြီးတွေက တော်တော်နေရာကျ တယ်ဗျာ့။ ဒို့က လျှောက်ဆွမ်းခံတာဗျာ့။ အဲဒီမှာ-

ဒို့ကို မြင်တော့ ပြေးပြေးလောင်းလိုက်သေးတယ်ဗျာ့။ ရောမ အရွယ်ကြီးနှင့် ယိုင်တိုင်ယိုင်တိုင်နှင့် သည်ကုလားကြီးဟာ လျှောက်ရောင်းတာဗျာ့။ တို့မြင်ရင် အဝေးကြီးက ပြေးလာပြီး လောင်းလိုက်သေးတယ်။

ပြီးပြီဆိုတော့ ဘာတုန်းဆိုရင် ဒို့မြန်မာလူမျိုးဆိုတဲ့ ဟာကလဲ တယ်နေရာကျတာ မဟုတ်ဘူးဗျာ့။ ဘာနေရာ မကျသလဲဆိုရင် သည်အဘိုး ကြီးကို သူတို့ မိဘများက ပိုက်ဆံနည်းနည်းကလေးတွေ ပေးထားတော့ သူတို့ မုန့်ဝယ်တာကိုးဗျာ့။ သည်အဘိုးကြီးကလဲ သူတို့က ဝယ်တတ်တဲ့မုန့် ရောင်းတာကိုးဗျာ့။

ဟိုကခေါ်၊ သည်ကခေါ်၊ သူက ဘယ့်နှယ်လဲဆိုရင် ပြုံးပြုံးကြီးနှင့် "လာမယ် လာမယ်"လို့ ပြုံးပြုံး ကြီး လုပ်ထားပြီး အရင်ခေါ်တဲ့ လူဆီကို အရင်သွားရတယ်။

"အဲသည်လို ခေါ်တဲ့ဆီလဲ ပြေးသွားတာပဲဗျာ့။ 'သည်ကောင်ကလေးတွေဟာ ငါ့လို အဘိုးကြီးကို ပိုက်ဆံတစ်ပြားနှင့် သည်လိုခေါ်ရမလား'လို့ သည်လိုမဟုတ်ဘူး။ သူကတော့ ပြေးလာတာပဲ။ အဲသည် ကလေးတွေဆီ ရောက်အောင် ပြေးတာပဲဗျာ့။ တစ်ခါတလေ အခေါ်ဆုံတဲ့ အခါကျတော့ သည်ကိုလဲ လာမယ်၊ လာမယ်နှင့် ပြေးတာပဲ။ ဟိုကိုလဲ ပြုံးပြုံးကြီး လုပ်ပြီး အခုနလို သွားလိုက်တာပဲ။

မေး။ ။အခု ဒကာကြီး၊ ဒကာမကြီးကို သည်အဘိုးအိုကြီးကို ခေါ်သလိုသာ ငယ်ငယ်ကလေးတွေက ခေါ်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်ဆိုရင် စိတ်ဆိုးမှာပေါ့ဘုရား။

မေး။ ။စိတ်ဆိုးရုံလား၊ သာသာတိတ်နေမှာလား။

ဖြေ။ ။တိတ်တိတ် မနေပါဘူးဘုရား။ သည်ကလေးတွေကို ရိုက်ချင် ရိုက်မိမှာပဲဘုရား။

မေး။ ။သည်လိုဆိုရင် သူ့ဆီက ပိုက်ဆံတစ်ပြားမှ ရပါ့မလား၊ မရတဲ့အပြင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်ကိုတော့ မြန်မာတွေ ဝိုင်းရိုက်မှာပါဘုရား။

အေး သူမှာတော့ သည်လိုမဟုတ်ဘူး။ အဲသည်လို လုပ်တာဗျာ့။ သူ့မှာ အပြစ်လဲ ရှိမှာမဟုတ်ဘူး။ စိတ်ကလဲ မဆိုးပေါင်ဗျာ။ အဲဒါ ဒို့ငယ် ငယ်တုန်းက ဆွမ်းခံတော့ မြင်တာဗျာ့။ သူ့ကို သည်လိုခေါ်တာ စိတ်မဆိုးဘူးဗျာ့။

မေး။ ။ဒီလို စိတ်ဆိုးရင် ဘယ့်နှယ်လဲ၊ ကုသိုလ်လား၊ အကုသိုလ်လား။

ဖြေ။ ။အကုသိုလ်ပါဘုရား။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးများ ဘုရားဆုံးမတာကို သည်းခံထား လိုက်တဲ့ ဟာကလေး လုပ်ပါဆိုတော့၊ လိုတော့ လိုချင်တယ် မဟုတ်လား။

ဖြေ။ ။ဒါကလေး လုပ်နေပေမယ့် တပည့်တော်တို့က ဆတ်ဆတ်ထိ မခံပါ ဘူးဘုရား။ သို့သော်လဲ ရတာတွေ အကုန်လျှောက်လုပ်မနေနှင့်။ သည်းခံမယ်ဆိုတာ တစ်ခုတည်းကိုပဲ လုပ်၊ ကြားလား။ အိမ်သူများက မတည့်အောင် ဘယ်လိုပဲ လုပ်လုပ်၊ ကိုယ့်ဟာကိုယ်သာ မဲလုပ်၊ ဟုတ်ကဲ့ လားဗျာ့။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။သူတို့တတွေက ကောင်းကောင်းမွန်မွန် လုပ်ရင်ရော။

ဖြေ။ ။သဘောကျအောင်ချည်းပဲ လျှောက်လုပ်နေရင်လဲ သာယာပြီးတော့ လောဘတဏှာ ဖြစ်သွားရင် အကုသိုလ် ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒီတော့ မဝင်သာအောင် ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။သည်းခံရမှာပါပဲဘုရား။

အေး-အဲဒါသာ မှတ်ထားဗျာ့။ သည်ပြင်ဟာတွေနှင့် လျှောက်လုပ်မနေနှင့်၊ ဟိုစာက ဘယ်လို၊ သည်ဟာက ဘယ်လိုနဲ့ တော်တော်ကြာ ကိုယ့်ဟာတွေ ပျက်သွားမယ်။ အဲဒါကြောင့် သည်းခံမှု တစ်ခုတည်းနဲ့ပဲ လုပ်သွားပါဗျာ့။ အဲဒါ တစ်ခုတည်းနှင့် လုပ်သွားရင် အကုန်ဖြစ်ပါပြီဗျာ့။ (မှန်ပါဘုရား။)

မေး။ ။တော်တော်ကြာ တခါတခါ ညောင်းလာဦးမှာလား။

ဖြေ။ ။ညောင်းနေရင်လဲ သည်းခံနေရမှာပဲဘုရား။

မေး။ ။သည်းခံပြီး ဘယ့်နှယ်လုပ်မှာလဲ။

ဖြေ။ ။သည်းခံပြီး သည်ညောင်းလာတဲ့ အာရုံကို မရောက်အောင် အာရုံတစ်ခုခုကို စူးစိုက်နေရပါမှာဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။ ဒါဖြင့် နေရာကျပြီနော်၊ အိပ်ချင်တယ် ဖြစ်တော့ကော။

ဖြေ။ ။အိပ်ချင်တယ်ဖြစ်တော့ ထိသိကို မလွတ်အောင် အင်မတန် ဝီရိယစိုက်ပြီး နေရမှာပဲဘုရား။

မေး။ ။အင်း နေရာကျတော့မှာပဲ ထင်ပါရဲ့။

ဖြေ။ ။နေရာကျမှာပါဘုရား။

မေး။ ။ကြပ်ကြပ်ကြီး အိပ်ချင်တော့ကော။

ဖြေ။ ။ကြပ်ကြပ်ကြီး ဝီရိယ တိုးပေးရမှာပါဘုရား။

မေး။ ။ဟုတ်ကဲ့လား။ တစ်ယောက်ယောက်က မတည့်အောင်တွေ လုပ်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။သည်လိုပဲ တိုးတိုးပြီး လုပ်ရမှာပဲဘုရား။

မေး။ ။တိုးတိုးပြီး ဘယ့်နှယ်လုပ်မှာလဲ။

ဖြေ။ ။စိတ်ကိုမလွတ်အောင် ဝီရိယတိုးပြီး လုပ်ရမှာပါဘုရား။

မေး။ ။ကောင်းပြီ၊ အခုနပြောတော့ များများလာတော့ များများသည်းခံ။ နည်းနည်း မတည့်အောင်ဖြစ်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။အိမ်က သားသမီးတွေက ဘာပြောပြော သည်းခံရမှာပဲဘုရား။
မေး။ ။နည်းနည်းကလေး သဘောမကျအောင် ပြောမယ်၊ ဘယ့်နှယ်လုပ်မလဲ။
ဖြေ။ ။နည်းနည်းကလေး သည်းခံရမှာပါပဲဘုရား။
မေး။ ။များများသည်းခံရတာ၊ ကောင်းတယ်မဟုတ်လား။ သည့်ထက်များ ငါ့ကို မခံချင်အောင် လုပ်စမ်းပါလို့ သည်လိုပြောရ မကောင်းဘူးလား။
ဖြေ။ ။သည်လို ပြောရတာထက် မပြောဘဲနေတာက ကောင်းပါတယ်ဘုရား။
မေး။ ။ဘာဖြစ်လို့လဲ။
ဖြေ။ ။သိပ်ကဲလာမှာ စိုးရပါတယ်ဘုရား။ သူတို့က သိပ်ကဲလာရင် တပည့်တော်မခံနိုင်ရင် ငရဲကြီးကုန်မှာပါဘုရား။ တပည့်တော်က သည်လို အဆင့်အတန်း မရောက်သေးပါဘူးဘုရား။
မေး။ ။ဒါက ဘယ့်နှယ်လဲ ခက်သလား။
ဖြေ။ ။ခက်တော့ မခက်ပါဘုရား။
သူတို့မှာ ဘုရားရှင်အဆုံးအမတွေကို မှတ်ထားတာ အများကြီးရှိတယ်။ အဲသည် မှတ်ထားတာ အများကြီးထဲက တစ်ခုကို ပြောတာဗျာ့။
မေး။ ။ဒါကလေး တစ်ခုတည်းနှင့် လုပ်ရင်လဲ မှတ်ထားတာ အကုန်လုံး မပါဘူးလား။ (ပါပါတယ်ဘုရား။)
သည်တစ်ခုတော့ မမှတ်မိစရာလဲ မရှိပါဘူး။ ခက်လဲ မခက်ပါဘူး။ မခက်ရင် ဝီရိယထူထောင်ပြီး ရှေးအရှင်တွေ ပြုကြသလို ပြုကြ။

ရှေးအရှင်တွေသည် ဤကဲ့သို့ ဝီရိယတွေနှင့် ထူထောင်ပြီးတော့ သွားကြသည် ဖြစ်သောကြောင့် သူတို့ ရည်ရွယ်တဲ့အတိုင်း ပြီးစီးကြပါတယ်ဗျာ့။ အသီးသီးသော ဗောဓိတွေဟာ ပြီးပြီ ဆိုတော့မှ အဲသည်မှာ စိတ်ဆန္ဒအတိုင်း ပြီးစီးအောင်မြင်ကြလို့မို့ တောင့်တတဲ့အတိုင်း အကြွင်းအကျန်မရှိ အကုန် ပြီးပါတယ်ဗျာ့။

သည်တော့ ရှေးအရှင်တွေရဲ့ သည်းခံမှုတွေကို သိပြီးတော့ ငါတို့လဲ ဤကဲ့သို့ ပြုမယ်လို့၊ အမီဆောင်မယ်လို့ စိတ်ဆန္ဒကို ဖြစ်စေပြီးသကာလ မီအောင် ညီအောင် ကြိုးစားကြ၊ အားထုတ်ကြဗျာ့။

(သာဓု–သာဓု–သာဓု။)

[၁၉၅၅–ခုနှစ်၊ မေလ ၁၀ရက်နေ့ည ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားသည်။]

# ယခု နေရာကျမှ ဖြစ်မယ်

## တရားတော်

### သင်္ဂါယနာတင်ခြင်း

အားလုံးသော သံဃာတော် အရှင်ကောင်းတို့ဟာ မေတ္တာတည်းဟူသော မိုးစွေပြီး အမြဲတမ်းအားဖြင့် သွန်သင်ဆုံးမပြီး နေကြတယ်။ အဲဒါတွေဟာ သုံးဖြာသော ပိဋကတ်တွေပါပဲ။ သာသနာတော် ထားတော်မူခဲ့တယ်ဆိုတာ ဒါကို ခေါ်တာဗျာ့။ အဲဒါကို အခု မပျက်ပြားရအောင် ဆိုပြီး ဆက်ကာ ဆက်ကာနှင့် ဘုရားရှင် ဟောတော်မူတာတွေကို မပျောက်ပျက်ရအောင် တပည့်သား တပည့်သမီး များစွာတို့ဟာ တစ်ခါတစ်ခါ ကျပြီဆိုတော့ ဟိုကတစ်မျိုး သည်ကတစ်ဖြာ ဖြစ်မှာစိုးသည့်အတွက် သံဃာတော် အရှင်ကောင်းတို့က မေတ္တာကရုဏာ မိုးစွေပြီး စုပြီးတော့ တပြိုင်နက်တည်း ထပ်တူညီမျှ ရွတ်ကြတယ်ဗျာ့။ အဲဒါကို သင်္ဂါယနာ တင်တယ်လို့ ခေါ်တယ်ဗျာ့။ ဘုရားရှင် ဟောတော်မူတာတွေ ချွတ်ယွင်းမှာစိုးလို့ သူကတစ်ဖုံ ကိုယ်ကတစ်မျိုး မဖြစ်ရအောင် လုပ်တာပဲ။

### သွားမှရောက်မယ်

ဘုရားဟောတော်မူတာ တစ်ခုတည်းကိုပဲ တစ်မျိုးစီဖြစ်နေရင် ဘယ်တော့မှ တည့်မှာမဟုတ်ဘူး။ မတည့်လို့ရှိရင် လိုချင်တဲ့ ခရီးကိုလဲ ရောက်မှာ မဟုတ်ဘူး။ ဒါကြောင့် ခရီးမမှားရအောင် အမှန်တစ်ခုတည်းကိုပဲ အမျိုးမျိုး တွေ

ဖြစ်ပြီး နေမှာစိုးလို့ အဲသည်လို ပြုကြရတာဗျာ့။ ဘုရားဆုံးမတော်မူတာတွေဟာ ဆက်ကာဆက်ကာ မပျတ်ဘဲ တည်အောင် ထားကြတာကိုး။ အဲသည်လို ဆောင်ထားပြီးပြီဆိုတော့၊ မမှားအောင် ရှေးအရှင်တွေ သွားတဲ့ခရီးကို မှတ်ပြီးပြီဆိုတော့၊ အဲသည်လို သွားကြရမှာဗျာ့။ မသွားဘဲနဲ့ မရောက်ဘူးဗျာ့။

မေး။ ။ကိုယ့်မှာ ကား ရထား ရှိတယ်မဟုတ်လား။ အဲသည်အပေါ်မှာ စီးသွားလို့ရှိရင် ကိုယ်လိုချင်တဲ့ ခရီးကို မရောက်ဘူးလား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

မေး။ ။ကား ရထားတော့ ရှိပါရဲ့၊ သည်အတိုင်းထားပြီး စီးမသွားဘဲနဲ့ ကိုယ်လိုချင်တဲ့နေရာကို ရောက်ပါ့မလား။

ဖြေ။ ။မရောက်ပါဘုရား။

မေး။ ။ပါးစပ်က ဆိုနေရုံနှင့်ကော ရောက်သလား။

ဖြေ။ ။မရောက်ပါဘုရား။

မေး။ ။လမ်းတော့ သိပါရဲ့ဗျာ၊ ဘယ်နေရာဆိုရင် ဘယ်လမ်းက သွားရတာဗျာ ဆိုပြီး သိနေတယ်။ ဒါပေမယ့် မသွားဘဲနဲ့ ရောက်မလား။

ဖြေ။ ။မသွားဘဲနှင့် မရောက်ပါဘုရား။

မေး။ ။အေး–သိတော့ ရောက်ပါဗျာ့၊ ပြီးတော့ ကိုယ် မသွားချင် နေပေ့စေ။ ကား ရထား အရှင်တွေက သိပြီးနေတော့ "ဒါလဲ သွားပို့ရမှာပဲ"ဆိုပြီး ပို့တာကို တက်သာစီး။ ပို့တဲ့လူက သိနေတော့ ရောက်တာပဲ မဟုတ်လား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

သူများမပြောနှင့် ဒို့ဟာ ဘယ်မှ မသိဘူးဗျာ့။ သူတို့က မနက်ဆွမ်းခံသွားမယ်လို့ပြောရင် သွားရတာပဲ။ ဆွမ်းခံသွားမယ်ဆိုရင် သာသာ ကားပေါ် တက်ပါလို့ဆိုတော့ တက်လိုက်သွားတာပဲ။ ပြီးတော့ ဆွမ်းခံဖို့ရာအရပ် ရောက်သွားတာပဲ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အေး၊ တို့တော့ ဘယ်မှ မသိဘူးဗျာ့။ အရပ်ကို မသိဘူးဗျာ့။ ဒါပေမယ့် ရောက်တာပဲဗျာ။ အဲတာ တစ်ရက် မဟုတ်ဘူး။ နေ့တိုင်းပဲဗျာ့။ အဲဒါကြောင့်မို့ ဒို့ဆွမ်းစားနေရတာဗျာ့။ ဒို့ လာတုန်းကဆိုရင် သပိတ်ကလေးသာ ပါလာတာဗျာ။ ဒါတောင်မှ အဲဒီသပိတ်က မကောင်းဘူးဆိုပြီး သူတို့မြို့က လှူတဲ့သပိတ်နှင့် ဆွမ်းခံရတာဗျာ့။ ဆွမ်းခံသွားဖို့ရာ လမ်းလဲ ဒို့ကတော့

မသိပေါင်ဗျာ။ ဒါပေမယ့် ကားစီးပါဆို တက်စီးလိုက်တာပဲ။ ဆွမ်းခံတဲ့ နေရာရောက်ပြီဆိုတော့ ဆင်းပြီး ဆွမ်းခံလိုက်တာပဲ အဲဒါ ဆွမ်းရတာပဲဗျာ့။

အခုလဲပဲ ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမတွေဟာ ဘာလဲဆိုတော့ ကိုယ်တောင့်တတဲ့အတိုင်း ရည်ရွယ်ချက်အတိုင်းဟာ ရောက်နိုင်တဲ့ဟာတွေပါပဲ။ အဲဒါတွေကို မှတ်သားပြီးပြီဆိုတော့ သည်အတိုင်း လိုက်နာနေပြီဆိုတော့ ရှေးအရှင်တွေလို ချမ်းသာသုခ အသီးသီးတွေဟာ ပြီးစီးအောင်မြင်ကြလိမ့်မယ်ဗျာ့။။ ဆိုက်ကြရောက်ကြပါလိမ့်မယ်ဗျာ။ အခု ကားပေါ်တက်စီးလို့ တပါတည်း ကားသွားကတည်းက ဟိုနေရာကို ရောက်တော့မှာပဲဗျာ့။ အခုလဲပဲ ဘုရားဆုံးမတာတွေ ရှိတယ်။ အဲသည်လို ရှိတာကို သိတယ်။ ပိဋကတ်သုံးပုံဆိုတာလဲ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ အဲဒါတွေကိုလဲ သံဃာတော် အရှင်ကောင်းတွေက မေတ္တာတည်းဟူသော မိုးရွာပြီး ပို့ချကြနဲ့၊ အခါအခွင့် ရတိုင်း ထပ်ပြန်တလဲလဲ အမျိုးမျိုး အဖြာဖြာတွေ သိအောင် အဲသည်လို သွန်သင်ဆုံးမထားကြတော့ အားလုံးတို့ဟာလဲ အသိုးသီး မှတ်သားပြီးသား ရှိကြပါတယ်။ ဘုရားရှင် ရွှေလက်ထက်တော်က စပြီးတော့ တစ်ခါတစ်ခါမှာ ယခုတွင်ကလို ဆင်းရဲမှ လွတ်မှုတစ်ခုတည်းကိုပဲ တစ်မျိုးစီဖြစ်ပြီးတော့၊ ကွဲပြီးတော့ နေကြမှာစိုးလို့ သင်္ဂါယနာ တင်ကြရတာဗျာ့။

(တပည့်တော်တို့တော့ တစ်ခုတည်းသော နေရာကို သိချင်လှပါပြီဘုရား။)

မေး။ ။အမယ် သူတို့မှာ ကားတွေ ပေါလိုက်တာ၊ ဘယ်ကားစီးစီး ရတာဗျာ့။ ကားတစ်ခုတွင် ကမှ ကပ့်မလား။ ဘယ်နှခုလောက်ရှိသလဲ။

ဖြေ။ ။သုံးလေးစီး ရှိပါတယ်ဘုရား။

မေး။ ။တချို့က ဒီထက် ကပ့်မလား။

ဖြေ။ ။တချို့ကလဲ လေးငါးခြောက်စီး ရှိပါတယ်ဘုရား။

မေး။ ။အဲသည်ကားတွေ တက်သာစီးဗျာ့။ ဘယ်ကားစီးစီး လိုချင်တဲ့နေရာကို သွားနိုင်တယ်မဟုတ်လား။ (တင်ပါ့ဘုရား။)

မေး။ ။အခုလဲ ဘုရားဆုံးမတဲ့ အဆုံးအမတွေဟာ သူတို့မှာ သုံးဖြာပိဋကတ်ဆိုတာကို မေတ္တာရှင် ကရုဏာရှင်တွေက သွန်သင်ဆုံးမထားတော့ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဆိုတာ အသီးသီး မှတ်ထားတာ ရှိတယ် မဟုတ်လား။

ဖြေ။ ။ဒါကလဲ ပါးစပ်မှာ ဖြစ်နေပါတယ်ဘုရား။

အဲသလို မှတ်ထားတဲ့ဟာကို ကိုယ်က သာသာကလေး တက်စီးရုံပါ ပဲဗျာ့။

လျှောက်။ ။ဘယ်ကား တက်စီးရမလဲ မသိပါဘုရား။ ကားတွေ ထွက်သွားတော့ ကားမော့ပြီး ကျန်ရစ်ခဲ့ပါတယ်ဘုရား။

ကိုယ်ပိုင်ကားဆိုတော့ ကိုယ်စီးချင်တဲ့ကား တက်စီး။ သည်ကားကတော့ လိုချင်တဲ့နေရာကို သိတဲ့ ကားတွေပါပဲဗျာ့။

လျှောက်။ ။တပည့်တော်တို့က လိုချင်တဲ့နေရာ မသိတတ်လို့ သိတတ်တဲ့ကားကို စီးချင်လှပါပြီဘုရား။

လျှောက်။ ။အမယ်မင်း၊ သူတို့ကားတွေ ရှိသားနဲ့ဗျာ။ တက်သာစီး ဘယ်ဟာဖြစ်ဖြစ် ရောက်မှာချည်းပဲရယ်။ မှတ်ထားလိုက်တဲ့ဟာတွေ အဲဒီ အထဲက တစ်ခု မှန်မှန် ကိုယ်သဘောကျနှစ်သက်တဲ့ဟာ တစ်ခုခုကို ဝီရိယ သန်သန်နှင့် ထိုထိုအာရုံ မသွားရအောင် အဲသည်လိုထားဗျာ့။ ထားပြီဆိုတော့ အဲဒါ ကားတက်စီးတာပါဘဲဗျ။

လျှောက်။ ။တပည့်တော်တို့ တရားနာ ပုဂ္ဂိုလ်တွေအားလုံးက ဟိုကား သည်ကား မစီးဘဲနှင့် တစ်မျိုးတည်းသော ကားတစ်စီးထဲကိုပဲ စုသွားချင် ပါတယ်ဘုရား။ တစ်ယောက်နှင့် တစ်ယောက် မလွဲဘဲနှင့် တစ်ကားထဲကိုပဲ စီးချင်ပါတယ်ဘုရား။

သူတို့ဟာ အကုန်လုံး ဆင်းရဲမှ လွတ်မှုချည်းပဲဆိုတာ နားလည်ထားပါတယ်ဗျာ့။

လျှောက်။ ။တစ်မျိုးစီ ဖြစ်ကုန်မှာ စိုးလို့ပါဘုရား။

တစ်မျိုးစီ မဟုတ်ပါဘူးဗျာ့။ ဘာဖြစ်ဖြစ် အတူတူ တစ်ခုတည်းပဲ၊ ကိုယ်ကသာ တက်စီး၊ စီးရင် ကိုယ်ရောက်ချင်တဲ့နေရာကို သေသေချာချာ ဆိုက်မှာချည်းပဲပေါ့။ အဲသည်ကို သွားတဲ့ ကားချည်းပဲဗျာ့၊ အခုလဲ ဘုရားရှင် ဆိုဆုံးမတဲ့ အဆုံးအမတွေ ရထားကြတယ်။ ပြောတတ်တယ်။ အဲသည် မှတ်ထားတဲ့ တစ်ခုခုကိုသာလျှင် ထိုထို အာရုံတစ်ပါးမသွားရအောင် ဘုရား အလိုတော်ကျ ဝီရိယသန်သန်နှင့်သာ သည်လို အာရုံပြုပြီးထားကြ။

မေး။ ။အဲသည်လိုထားတော့ မနေဘူးလား။ (နေပါတယ်ဘုရား။)

မေး။ ။အေး နေတယ်ဆိုရင် နေတဲ့အချိန်မှာ ဆင်းရဲကိုဖြစ်စေတတ်တဲ့

လောဘ၊ ဒေါသ၊ မောဟတို့ဟာ ရှိသေးသလား။ (မရှိပါဘူးဘုရား။)

မရှိဘူးဆိုရင် အကုသိုလ် စင်ကြယ်တာပေါ့ဗျာ။ စင်ကြယ်တယ်ဆိုတော့ သည်အချိန်မှာ စိုးရိမ်ကြောင့်ကြ ပူပန်ရမှုကော ရှိသေးသလား။ (မရှိပါဘုရား။)

မေး။ ။ဒါဟာ အခုအာရုံပြုရင် အခုချက်ချင်းမဟုတ်လား။

ဖြေ။ ။အခုချက်ချင်းပါဘုရား။

မေး။ ။အခုလို စိတ်ကလေးကို စူးစူးစိုက်စိုက်ထားလို့ နေတဲ့အချိန်ကလေးမှာ သက်တမ်းစေ့လို့ စုတိကျတယ်ဆိုရင် ဘယ့်နှယ်လဲ။ စိုးရိမ်ကြောင့်ကြ ပူပန်ရဦးမလား။

ဖြေ။ ။မပူပန်ရပါဘုရား။

မေး။ ။ဒါဟာ ခဏကလေး ရှိသေးတယ်ဗျာ။ သည့်ထက် အချိန်များများကြီး ထားမယ်ဆိုရင် ဤမျှ ကပ်မလား။ (မကပါဘုရား။)

**အားလုံးတူတာ ရှိပြီးသား**

ရှေးအရှင်တွေဟာ အဲသည်လိုသွားတာဗျာ၊ ဒါကြောင့် သူတို့မှန်းထားတဲ့ ရည်ရွယ်ချက်အတိုင်း အသီးသီး အကုန်ပြီးတာပါဗျာ။ ဘုရားရှင်ဆုံးမတဲ့ သုံးပုံသော ပိဋကတ် အကုန်လုံးဟာ ဆင်းရဲမှလွတ်မှု တစ်ခုတည်းပါပဲဗျာ။ ဘုရားရှင်ကလဲ သည်ဆင်းရဲမှလွတ်မှု တစ်ခုတည်းကိုသာလျှင် အမြဲအားဖြင့် ညွှန်ကြားဆုံးမတာဗျာ။ ဒါကြောင့် အခုနထားဆိုတဲ့ နေရာကလေးမှာသာ နေအောင်ထားကြဗျာ။ အဲသည်လိုထားလို့ တော်တော်ကလေး နေပြီဆိုရင် ရိပ်မိလာကြလိမ့်မယ်။ အဲသည်မှာ ခုနလို အခုလဲမကြောက်ရဘူး။ နောင်လဲ မကြောက်ရဘူး။ အခုလဲ မစိုးရိမ်ရဘူး၊ နောင်လဲ မစိုးရိမ်ရဘူး။

မေး။ ။သက်တမ်းစေ့လို့ သေရင်လဲ မင်းဘယ်သွားမလဲဆိုရင် ဘယ့်နှယ်လဲ။ သည်အတိုင်းနေရင်တော့ မပြောနိုင်ဘူးထင်တယ်။

ဖြေ။ ။မပြောနိုင်ပါဘုရား။

မေး။ ။ဥပုသ်စောင့်ရင်ကော ပြောနိုင်ပါ့မလား။

ဖြေ။ ။ဥပုသ်စောင့်ရင်လဲ မပြောနိုင်ပါဘုရား။ ဥပုသ်စောင့်ရင်လဲ ထားဆိုတဲ့နေရာ မထားတတ်တာနှင့် လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်ပါပဲ ဘုရား။

## ပြောလို့မကုန်နိုင်

မေး။ ။မထားတတ်တာ မဟုတ်ပါဘူးဗျာ့။ မထားလို့ မနေတာပါဗျာ။

ဖြေ။ ။မထားတတ်သေးပါဘူးဘုရား။ ဘယ်လိုထားရမယ်ဆိုတာ ချီးမြှင့်တော်မူပါဦးဘုရား။

ဒါကတော့ဗျာ သူတို့အားလုံး သိပြီးသားတွေပါပဲဗျာ့။ ပြောကြစမ်းပါဆိုရင် ပြောလို့ မကုန်နိုင်အောင် များပါတယ်ဗျာ။

မေး။ ။သို့သော်လဲ သူတို့အားလုံး တစ်မျိုးစီ၊ တခြားစီ ဖြစ်ချင် ဖြစ်နေမယ် မဟုတ်လား။

ဖြေ။ ။တစ်မျိုးစီ၊ တခြားစီ ဖြစ်နေပါတယ်ဘုရား။

အေး၊ ဒါကြောင့် အားလုံး တပြိုင်နက်တည်း တူတဲ့ဟာဆိုရင်တော့ အကုန်လုံး ဒကာကြီး၊ဒကာမကြီးတွေမှာ ရှိပြီးသားဗျာ့။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးတွေ အသက်မရှုကြဘူးလား။

ဖြေ။ ။ရှုကြပါတယ်ဘုရား။

မေး။ ။အသက်မရှုတဲ့ ဒကာကြီး၊ဒကာမကြီးတွေ ပါသေးသလား။

ဖြေ။ ။မပါပါဘုရား။

မေး။ ။အသက်ရှုတဲ့အခါ ဘာနှင့် ရှုရသလဲ။

ဖြေ။ ။နှာခေါင်းနှင့် ရှုရပါတယ်ဘုရား။

ဖြေ။ ။ဒါကတော့ တညီတညာတည်း ဖြစ်ရဲ့လား။

မေး။ ။တညီတညာတည်းပါဘုရား။

## တခြားသွားရင် တခြားရောက်မှာပဲ

မေး။ ။အသက်ရှုတာက ဘယ်လိုလဲဆိုတော့ ထွက်လေ ဝင်လေ လေနှစ်ရပ်တို့ဟာ၊ အေးအေး၊ အေးအေးနှင့် တိုက်ဝင်တယ်။ ပြီးတော့ အေးအေး အေးအေးနှင့် တိုက်ပြီး ပြန်ထွက်တဲ့ဟာကို ခေါ်ထင်ပါရဲ့ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

ဒါကြောင့် လေနှစ်ရပ်တို့ဟာ ဘယ်နေရာကလေးမှာ အေးအေး အေးအေးနှင့် တိုက်ထွက်တယ်၊ တိုက်ဝင်တယ်၊ ဘယ်နေရာကလေးမှာ ထင်ထင်ရှားရှား တိုက်ပြီး ဝင်တယ်၊ ထွက်တယ်ဆိုတာ အခု စဉ်းစားကြစမ်းပါဗျာ့။

မေး။ ။စဉ်းစားတော့ သိတယ်မဟုတ်လားဗျာ့။ (သိပါတယ်ဘုရား။)

မေး။ ။ဘယ်နေရာကလေးမှာ အေးအေး အေးအေးနှင့် တိုက်ပြီးတော့ ထွက်သတုန်းဗျာ့။

ဖြေ။ ။နှာသီးဝမှာ အေးအေး အေးအေးနှင့် တိုက်ထွက်တာ ထင်ရှားပါတယ်ဘုရား။ ဝင်တော့လဲပဲ နှာသီးဝမှာ အေးအေး အေးအေးနှင့် တိုက်ပြီးတော့ ဝင်ပါတယ်ဘုရား။

မေး။ ။သည်တော့ ဘယ်နေရာကလေးမှာ ထင်ရှားသတုန်းဗျာ။

ဖြေ။ ။နှာသီးဝမှာပဲ ထင်ရှားပါတယ်ဘုရား။

မေး။ ။အဲသည်နေရာမှာ လက်နှင့် သာသာကလေး တို့ထိပြီးထားရင် မသိပေဘူးလား။

ဖြေ။ ။လက်နှင့် ထိတော့ သိနေပါတယ်ဘုရား။

မေး။ ။ဒီတော့ ကိုယ့်စိတ်ဟာ ကိုယ့်ကိုယ်မှာပဲ စိုက်စိုက်စူးစူး တည်ပြီး နေသလား။

ဖြေ။ ။မနေပါဘူးဘုရား။

မေး။ ။မနေတော့ တခြားတစ်ပါးကို သွားနေသလား။

ဖြေ။ ။သွားနေပါတယ်ဘုရား။

မေး။ ။သည်လိုသွားတော့ ကုသိုလ် အကုသိုလ် နှစ်ခုရှိတဲ့နေရာမှာ ကုသိုလ်လား၊ အကုသိုလ်လား။

ဖြေ။ ။တခြားသွားတာက အကုသိုလ်ချည်းပါပဲဘုရား။

မေး။ ။အကုသိုလ်ဆိုတော့ ကိုယ်အလိုရှိတဲ့ နှစ်သက်တဲ့ တောင့်တချက်တွေကို ရပါ့မလား။

ဖြေ။ ။မရပါဘုရား။ လွဲသွားပါတယ်ဘုရား။

မေး။ ။အေး–အကုသိုလ်တွေနှင့် တခြားသွားနေရင် သက်တမ်းစေ့လို့ စုတိကျရမယ်ဆိုရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပဲဘုရား။

မေး။ ။အပါယ်ဆိုတာ ဘယ်ဒင်းလဲ။

ဖြေ။ ။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ပါဘုရား။

မေး။ ။ငရဲကိုကော ဘယ်သူရောက်ချင်သလဲ။

ဖြေ။ ။ဘယ်သူမှ မရောက်ချင်ပါဘုရား။

မေး။ ။တိရစ္ဆာန်ကော (မရောက်ချင်ပါဘုရား။)

မေး။ ။ပြိတ္တာရော။ (မဖြစ်ချင်ပါဘူးဘုရား။)

မေး။ ။အသူရကာယ်ရော။ (မဖြစ်ချင်ပါဘူးဘုရား။)

မေး။ ။အဟုတ်မဖြစ်ချင်တာလား၊ လိမ်ပြောတာလား။

ဖြေ။ ။အဟုတ်ကို မဖြစ်ချင်တာပါဘုရား။

ကောင်းပါ့ဗျာ၊ မဖြစ်ချင်ရင်ဖြင့် လေးပါးသော အပါယ်ကို မသွားနှင့်ဗျာ့၊ သွားရင်တော့ ရောက်မှာပဲ။

မေး။ ။မရောက်ချင်ဘူးဆိုတော့ အဟုတ်မရောက်ချင်တဲ့လူဟာ အဲဒီကို သွားပါ့မလား။

ဖြေ။ ။မရောက်ချင်တဲ့လူကတော့ မသွားပါဘုရား။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးတွေဟာ မရောက်ချင်ဘူးလို့ ပြောကြတယ် မဟုတ်လား။ ဒါပေမယ့် အဲဒီကော မသွားဘဲ နေရဲ့လား။

ဖြေ။ ။မသွားဘဲ နေလို့ မဖြစ်ဘူး ထင်ပါတယ်ဘုရား။

မေး။ ။ဘာဖြစ်လို့လဲ၊ သွားချင်လို့လား၊ ရောက်ချင်လို့လား။

ဖြေ။ ။တပည့်တော်တို့က ချွတ်ယွင်းနေပါတယ်ဘုရား။

မရောက်ချင်လို့ရှိရင်တော့ မသွားဘို့ရှိတာပဲ။ အေး–ဒါပေမယ့် အခုနလို ထိုထို အာရုံတပါး သွားနေတာဟာ တခြားသွားသည်မဟုတ်၊ အပါယ်လေးပါး ရှိသည့်အနက် တစ်နေရာရာကို သူသွားတာပဲဗျာ့။

လျှောက်။ ။တစ်နေရာရာကတော့ သေချာပါတယ်ဘုရား။
လေးပါးလုံးတော့ တပြိုင်တည်း မရောက်ပါဘူး။

လျှောက်။ ။တလှည့်စီ ရောက်နေမှာ ထင်ပါရဲ့ဘုရား။
သည်အတိုင်းနေရင်တော့ တနေရာရာကတော့ သေချာတယ်ဗျာ့။
(သေချာပါတယ်ဘုရား။)
ဒကာကြီး၊ဒကာမကြီးတွေက သူ့ကို မနိုင်ဘူးဗျာ့။ သည်တော့ သူက သူတို့ကမှ မနိုင်းဘဲနှင့်ဆိုပြီး လျှောက်သွားနေတာဗျာ့။

မေး။ ။သူသွားတတ်တာ ဘယ်နေရာတွေလဲဗျာ့။

ဖြေ။ ။အပါယ်ဘက် သွားပါတယ်ဘုရား။

မေး။ ။အေးပါ...အပါယ်လေးရွာဘက်ကို သွားတတ်တာဗျာ။ ဘယ်ရွာတွေ

လဲဗျာ့။

ဖြေ။ ။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ပါဘုရား။

အဲသည်ရွာတွေကို သွားတတ်ထာဗျာ့။ ဒကာကြီး၊ဒကာမကြီးတွေက အခု ဘုရားဆုံးမတဲ့ အဆုံးအမတွေကို ရတော့ 'သည်မှာနေဟဲ့'ဆိုရင် အဟုတ်သာထား၊ နေလိမ့်မယ်ဗျ၊ အဟုတ်မထားလို့ရှိရင်တော့ 'ငါ့ကို ကောင်းကောင်းလဲ ပြမထားဘူး၊ အဖက်လဲ မလုပ်ဘူး။ သည်တော့ ငါသွားတတ်တဲ့နေရာ သွားမယ်'ဆိုပြီး သွားတာဗျာ့။ သူက အအားမနေဘူးဗျာ့။ သည်တော့ ငါသွားတတ်တဲ့နေရာ သွားမယ်ဆိုပြီး၊ သွားတာပဲဗျာ့။

မေး။ ။သူဟာ နားနေသလား။ (အနားမနေပါဘုရား။)

သူက အင်မတန် အလုပ်ကောင်းတာဗျာ့။ ဒကာကြီးက သူ့ကို မခိုင်းဘဲကိုး။ ('နေဟဲ့'လို့ ပြောလဲ မနေဘူးဘုရား။)

ဒကာကြီးက အဟုတ်ခိုင်းတာမှ မဟုတ်ဘဲကိုးဗျာ့။ (တပည့်တော်ကတော့ အဟုတ်ခိုင်းတာပါပဲဘုရား။)

ဒကာကြီးမှာ သားတွေသမီးတွေ ရှိတယ်မဟုတ်လား။ အဲသည်လို သားတွေ သမီးတွေကို ခေါ်ခိုင်းတယ်မဟုတ်လား။ အဲသည်လိုခိုင်းတော့ကို သူတို့ကလဲ သိတယ်ဗျာ့၊ ငါ့ကို အဟုတ်ခိုင်းတာ မဟုတ်ဘူး ဟုတ်တယ်ဆိုတာ သိတယ်ဗျာ့၊ သိတော့ 'ငါတို့ တော်သလို နေလိုက်မယ်'ဆိုပြီး မလုပ်ဘဲ နေတယ်မဟုတ်လား။ ဒါပေမယ့် အဟုတ်ခိုင်းတော့ ဘယ်နေလဲ။ (အဟုတ် လုပ်ပါတယ်ဘုရား။)

ဒါက ရိုက်ခိုင်းတာဗျာ့။ (ဒါကတော့ လုပ်အောင် ခိုင်းရမှာပေါ့ဘုရား။)

ဖြစ်အောင် ခိုင်းရင်တော့ ဖြစ်ပါတယ်ဗျာ့။ မရိုက်ရပေါင်ဗျာ။ သားငယ် သမီးငယ်တွေဟာ သူတို့ ဘာကြိုက်သလဲ။ သူတို့ဟာ မုန့်တို့ ထမင်းတို့ ကြိုက်လိမ့်မယ်။ အဝတ်အစား ကြိုက်လိမ့်မယ်။ အဲဒါက ကိုယ့်သားသမီးတွေ ဘာကြိုက်တယ်ဆိုတာလဲ သိတယ်ဗျာ့။

မေး။ ။အဲဒီတော့ သူတို့ကြိုက်တာကို ပေးမယ်ဆိုရင် ကိုယ်ခိုင်းချင်တာ ခိုင်းလို့မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အေးဗျ၊ ပိုတောင်ဟုတ်ဦးမယ်။ အဲသည်တော့ ရိုက်ရသေးသလား။

ဖြေ။ ။မရိုက်ရပါဘုရား။

မေး။ ။ကဲဒါဖြင့် ကနေ့ ဒီလိုဆိုရင် နက်ဖြန်ခါ **ဘယ့်နှယ်လဲ။**

ဖြေ။ ။နက်ဖြန်ခါတော့ သူတို့ လိုချင်တဲ့ဟာ ပေးရင် လုပ်မှာပါပဲဘုရား။

အေး၊ ဖြစ်ပါတယ်ဗျ။ အခုလဲ ဒကာကြီး ဒကာမကြီးတွေက နိုင်းကို မနိုင်းတာဗျ။ သားသမီးတွေကို သည်လိုနိုင်းလို့ဖြစ်ရင် ကိုယ့်စိတ်ကိုတော့ သည်လိုနိုင်းလို့ မဖြစ်ဘူးလား။ လူတောင် ခိုင်းလို့ဖြစ်ရင် စိတ်ကို နိုင်းလို့ မဖြစ်ဘူးလား။ ဒကာကြီးက စိတ်ကို မနိုင်းဘူးဗျာ့။ မနိုင်းတော့ ငါသွားတတ်တဲ့နေရာ သွားမှာပဲဆိုပြီး သွားတာပဲဗျာ့။ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

## မယ်မယ်ရရ မနိုင်းလို့ပါ

မေး။ ။ဒါကြောင့် ကောင်းကောင်း နိုင်းထားဗျာ့။ ပြီးတော့ အဲသည်လို အလုပ်နိုင်းရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အိပ်ချိန်တန်ပြီဆိုပြီ အိပ်တာပဲဘုရား။

ကောင်းကောင်းသာ နိုင်းထားရင် 'မအားဘူး၊မအားဘူးနဲ့ ငါ့ကို နိုင်းထားတယ်'ဆိုပြီး မအိပ်ဘဲနေမှာဗျာ့။။ ဒါကြောင့် ကိုယ်ကသာ နိုင်းဖို့လိုတာဗျာ့။ စိတ်ကလေးကို မေးရင် သူတို့က သည်လိုပြောမှာဗျာ့။ 'မင်းဘာကြောင့် ဟိုဟို သည်သည် သွားရသလဲ'ဆိုရင် ဒကာကြီး၊ဒကာမကြီးတွေက မနိုင်းဘူးလို့ ပြော မှာဗျာ့။ ဒကာကြီး၊ဒကာမကြီးတွေကလဲ မယ်မယ်ရရ မနိုင်းသေးလို့ပါဗျာ့။ သူတို့က အင်မတန် ချမ်းသာကြိုက်တာဗျာ့ ကြားလား။ အဲသည်လို ချမ်းသာကို မနှစ်သက်တဲ့လူ မရှိဘူးဗျာ့။ နှစ်သက်ကြတာချည်းပဲဗျာ့။

သို့သော်လည်း သည်စိတ်ကလေးကို ချမ်းသာကြိုက်တယ်၊ ကြိုက်တယ်။ ကြိုက်ပေတဲ့ ဟိုသွား သည်သွား သွားတယ်ဆိုတာ သူ့ခမြာများမှာ ချမ်းသာ မလာဘူး။ ချမ်းသာမလာဘူးဆိုပြီး သွားရတာဗျာ့။ သို့သော်လဲ ချမ်းသာမှာကို သူမသိတတ်ဘူး။

## အပါယ်ကို ဘယ်သူမှ ပို့တာမဟုတ်

အဲသည်လို သွားတာက ဘယ်သူကမှ ပို့တာမဟုတ်ဘူး။ ဘယ်လူ၊ ဘယ် နတ်၊ ဘယ်ဗြဟ္မာကမှ ပို့တာမဟုတ်ဘူး။ ဒါကြောင့် အဲသည်နေရာကို မရောက်ချင်ရင် မသွားနဲ့။

ဒါကို ဘာဖြစ်လို့ ပြောရသလဲဆိုရင် အခုန လက်နှင့်ထိတော့ သိတယ်လို့ ပြောကြတယ်မဟုတ်လား။ ပြောသည့်အတိုင်း ကိုယ့်စိတ်ဟာ အဲသည်လို အကုသိုလ်တွေ ငြိမ်းစေရအောင်၊ အဲသည်အပါယ်လေးပါးကို မသွားရအောင် သည်နေရာမှာ လက်နှင့်ထိတော့ သိလို့ စိတ်ကလေးကို အဲသည်လိုထားကြဗျာ။ ထားတော့ကို ဘယ်မှမသွားဘဲ နေတယ်မဟုတ်လား၊ ဘယ်မှမသွားဘဲ နေတာက အဟုတ်ထားတော့ အဟုတ်နေတယ်မဟုတ်လား။ (နေပါတယ်ဘုရား။)

ထိုင်ထားရင်ကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အဲသည်လို **ထားတဲ့**အချိန်မှာ အကုသိုလ်တွေ စင်ကြယ်ပြီးတော့၊ ကြည်ပြီးတော့၊ **တည်ပြီး**နေတယ်ဗျာ့။ ဒါကြောင့် စိုးရိမ်ကြောင့်ကြမှု အဖြာဖြာတို့ဟာ **ဘာမှမ**ရှိဘဲနှင့် ချမ်းသာသကိုးဗျာ့။

**မေး။** ။သည်တော့ သည်ချမ်းသာကလေးကို မပျက်ရအောင်၊ သည်ဟာကို မလွတ်ရအောင် စိတ်ကဆောင်ပြီးပြီဆိုတော့ ထိုင်ရာက မတ်တပ် ရပ်ချင်လဲ ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။လမ်းခရီး သွားမယ်ဆိုရင်လဲ တဆက်တည်း မပျက်ဘဲနဲ့သွားရင် မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။ခန္ဓာဝန်အတွက် စားဖို့သောက်ဖို့ ဆောင်ရွက်တဲ့ နေရာမှာကော ထိထားပြီးတော့ ဆောင်ရွက်ရင် ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။အဟုတ်ထားရင် ဖြစ်ပါတယ်ဘုရား။

အဟုတ်ထားရတာပေါ့ဗျာ၊ စိတ်ထားဖို့ဆိုတာ လွယ်တာပေါ့ဗျာ၊ မော်တော်ကား ပေါ်တယ်ဆိုတာကမှ လျှောက်သွားပြီး ဟိုရောက်တော့ တက်ရသေးတာဗျာ့၊ အခုဟာကတော့ လွယ်လိုက်တာဗျာ။

မေး။ ။စိတ်ကလေးကို အခုထားဆိုရင် အခုဖြစ်တယ်မဟုတ်လား။ နေရာက ရွေးရသေးသလား။

ဖြေ။ ။မရွေးရပါဘုရား။

မေး။ ။အေး အဲဒါ လွယ်တာပေါ့ဗျာ့၊ ကားပေါ် တက်ရတာလောက် ခက်ပါ့မလား။ (မခက်ပါဘုရား။)

မေး။ ။အဲသည်လို ထားတဲ့အခါမှာ ပင်ပန်းသလား။ (မပင်ပန်းပါဘုရား။)

မေး။ ။ပစ္စည်းရော ကုန်သေးသလား။ (မကုန်ပါဘုရား။)
မေး။ ။အလုပ်အကိုင်ရော ပျက်သလား။ (မပျက်ပါဘုရား။)

## ရှင်ဘုရင် လုပ်ရင်းလဲ ရ

အေး ဘာမှမကုန်ဘူးဗျာ့၊ ဒါကြောင့် ဘုရားရှေ့လက်ထက်တော်က ဘုရား ဆုံးမတဲ့ အဆုံးအမတွေကို မှတ်ပြီးတော့ ဒီလိုလိုက်ကြတာဗျာ့၊ ရှင်ဘုရင်တွေက ရှင်ဘုရင်လုပ်ရင်း၊ သူဌေးတွေက သူဌေးလုပ်ရင်း၊ ရှင်ဘုရင် သူဌေးမဟုတ်တဲ့ အားလုံးတို့မှာလဲ သူတို့အလုပ်တွေလုပ်ရင်း မပျက်ပေါင်ဗျာ၊ သည်လို ဆောင်ကြ တာဗျာ့။ ဒါကြောင့် လိုချင်တဲ့ အတိုင်းဟာ ရပါသတဲ့ဗျ၊ သည်တော့ နေရာတကာမှာ ဘယ်လိုနေရာဖြစ်ဖြစ်၊ ရှင်ဘုရင်လဲ ရှင်ဘုရင်နေရာ၊ ထီးနှင့် နန်းနှင့် သည်လိုနေပြီး သူလဲ ရတာပဲဗျာ့၊ သူဌေးလဲ သူဌေးနေရာမှာ အခြံအရံတွေနှင့် နေကြတာပဲဗျာ့။

မေး။ ။သည်လိုနေရင်း သည်အတိုင်းယူတာ မရဘူးလား။ (ရပါတယ်ဘုရား။)

အေး လွယ်လိုက်တာဗျာ၊ အခုလဲ ကိုယ့်နေရာ ကိုယ်နေပါ။ဘယ်မှ မသွားပါနှင့် ၊ ကိုယ့်အိမ်ကို နှစ်သက်သလို စီမံပြီး ဝင်းနှင့် ခြံနှင့် နေတယ် မဟုတ်လား။

မေး။ ။အဲသည်လိုနေရာမှာ သည်လိုထားလို့ မရဘူးလား။
ဖြေ။ ။လူကတော့ ရပါတယ်ဘုရား။ စိတ်က ထွက်ထွက်သွားပါတယ်ဘုရား။
မေး။ ။ဘာကြောင့် လူက သည်ကိုနေပြီး စိတ်ကိုထားလို့ မဖြစ်ရသလဲ။ စိတ်က 'ကဲဟဲ့'ဆိုတာဖြစ်ပဲဗျာ့။
ဖြေ၊ ။အခုလဲ တပည့်တော် လူကတော့ သည်နေရာမှာပါပဲဘုရား။

## ချမ်းသာမယ်ထင်လို့ လျှောက်သွား

ဒကာကြီးက ဟိုသွားချင်နေတာကိုးဗျာ့၊ **စိတ်ဆိုတာ ချမ်းသာကို ကြိုက်တယ် ဗျာ့**။ ချမ်းသာမှန်းသိရင် နင်သွားဆိုလို့တောင် မသွားဘူးဗျာ့၊ အခု သွားတယ်ဆိုတာဟာ ဘာလဲဆိုရင် ချမ်းသာချင်လို့ ဟိုနေရာရောက် ချမ်းသာမလား၊ သည်နေရာရောက် ချမ်းသာမလားနှင့် လျှောက်သွားနေတာ။ ပြီးတော့ သူသွားနေကျ နေရာကိုပဲ သွားတာပဲဗျာ့။ တကယ့်ကို ထားရင်တော့ ဘယ်မှ မသွားတော့ဘူးဗျာ့။

ဒါကြောင့် ဘုရားရှင် ရွှေလက်ထက်တော်က ဘုရားထံမှောက်ရောက်၊ ဘုရားရှင်က သည်လိုသည်လိုဆိုတာကို မှတ်ထား၊ မှတ်ထားပြီးတော့ကာ ဆိုက်လာ ရောက်လာတော့ သူတို့ သွားသေးသလား။

ဖြေ။ ။မသွားတော့ပါဘုရား။

မေး။ ။အဲဒါ အဟုတ်လုပ်တာဗျာ့။ အဲသည်တော့ 'အရင်ကလို လုပ်ပါဦး' ဆိုလို့ကော လုပ်သေးသလား။

ဖြေ။ ။မလုပ်ပါဘုရား။

မေး။ ။မလုပ်နဲ့လို့ကော ပြောရသေးသလား။

ဖြေ။ ။မပြောရပါဘုရား။

## သာမာဝတီနှင့် ခုဇ္ဇုတ္တရာ

အေး-ရှေးကအရှင်တွေက အဲသည်လို သွားတာဗျာ့။ ဘုရားဆုံးမတဲ့ အဆုံးအမကို ရတယ်။ ရတာကို လွှတ်မပစ်ဘူး။ ရတယ်ဆိုရင် သည်ဟာကို ဘယ်တော့မှ စွန့်မပစ်ရဘူး။ တောက်လျှောက်ကြီး ရထားတာဗျာ့။ ရှေးကလဲ သည်လိုယူကြတာ ရှိတယ်မဟုတ်လား။

ကောသမ္ဗီပြည်မှာ ဘုရားရှင်ကြွရောက် ချီးမြှင့်တော်မူတော့ သာမာဝတီဆိုတဲ့ ရှင်ဘုရင်မကြီးရှိတယ်။ သည်ရှင်ဘုရင်မကြီးကို ဝတ်ကြီးဝတ်ငယ်ပြုနေတာက ဘယ်သူလဲ။ သူကျွန်ဟာလေ၊ ခုဇ္ဇုတ္တရာတဲ့ဗျာ့။ သူက အကုန်လုံး ဆောင်နေတာဗျာ့။ သူနဲ့ဆိုရင် အတည့်ဆုံး အချစ်ဆုံး အကြည်ညိုဆုံးဗျာ့၊ ဘယ်အခါမှ မခွဲဘူးဗျာ့၊ ရှင်ဘုရင်မကြီး မဖြစ်ခင်ကလဲ သူနှင့်နေတာပဲ၊ ရှင်ဘုရင်မကြီး ဖြစ်တော့လဲ သူနှင့်အတူ လိုက်ပြီး နေတာပဲ။ နည်းနည်းကလေးမှ ခွဲမနေဘူးဗျာ့။ ချစ်လိုက်တာ၊ လိုလားလိုက်တာ။

အဲသည်အချိန်မှာ သူက ရှင်ဘုရင်မကြီး ပန်းပန်ဖို့ဆိုပြီး သွားသွားပြီး ပန်းဝယ်တယ်ဗျာ့။ သည်တော့ ပန်းဖိုးတွေကို အကုန်မဝယ်ဘဲ သူက တစ်ဝက်တစ်ဝက် ဖြတ်ဖြတ်ထားလိုက်တာတဲ့ဗျာ့။

အဲသည်လိုပဲ သူသွားပြီး ပန်းဝယ်ရာမှာ တစ်နေ့တော့ ရှင်ဘုရင်ကြွရောက်ချီးမြှင့်တဲ့ အချိန်အခါနှင့် တိုက်ဆိုင်နေပါသတဲ့ဗျာ့။ သူသွားတဲ့နေရာက ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူဒါန်းပူဇော်နေတာနဲ့ ကြုံကြိုက်တော့ သူကဝင်ပြီး ဘုရားရှင်ရဲ့ အကုန်လုံးသော ပြုဖွယ်ကိစ္စတွေ

ပြု၊ ဘုရားဆုံးမတဲ့ အဆုံးအမတွေကို ကြားရ၊ အဲသည်လို ကြားရသည်နှင့် တပြိုင်နက်တည်း သူဟာ နေရာကျသွားတယ်။ အဲသည်လို နေရာကျတော့ သူ့မှာ ပျော်လို့ဗျာ့၊ ရွှင်လို့ဗျာ့။

ဟိုတုန်းကဆိုရင်တော့ သူဟာ ပန်းဖိုး ရှစ်အသပြာငွေ ပေးသော်လဲ လေးအသပြာငွေကို ယူယူထားပြီး အဲသည်လိုပဲ တစ်သက်လုံး လုပ်နေတာဗျာ့။ ရှင်ဘုရင်မကြီးကတော့ သူဝယ်လာတဲ့ ပန်းတွေ ပေးလိုက်တယ်ဆိုရင်ပဲ ဒါအကုန် ပဲလို့ မှတ်နေတာပဲ။ ဒါပေမယ့် ဒီနေ့တော့ သူဟာ အကောင်းဆုံး အမြင့်မြတ် ဆုံး ကြားရလို့ လိုက်နာလိုက်တဲ့အခါ သူ့မှာ အကောင်းဆုံး ရွှင်ရ ပျော်ရလို့ ဖြစ်တဲ့အခါကျတော့ အဲဒါ မလုပ်တော့ဘူးတဲ့ဗျ။ ပေးလိုက်တဲ့ ပန်းဖိုး ရှစ်အသပြာ အကုန်လုံးဝယ်ပြီး ယူသွားတော့သတဲ့ဗျာ့။ အဲသည်တော့ ရှင်ဘုရင်မကြီးက စစ်ပါရောတဲ့ဗျာ့။ စစ်တော့ ပန်းတွေကို နေ့တိုင်းတော့ သူက တစ်ဝက်တစ်ဝက် ယူထားတာ။ ဒါပေမယ့် ဒီကနေ့တော့ ပန်းတွေ က များနေတာကိုးဗျာ့။

သည်တော့ ရှင်ဘုရင်မကြီးက "ဘယ့်နှယ်လဲ မိခင်၊ ပန်းတွေက များလှပါကလား၊ ရှေးကထက် ပန်းဖိုးတွေ တိုးပေးသလား"လို့ မေးတော့၊ သူက "မဟုတ်ပါဘူးဘုရား၊ နေ့တိုင်းလိုပဲ ပေးတာပါပဲဘုရား"လို့ဆိုတော့၊ ရှင်ဘုရင်မကြီးက "သည်ကနေ့တော့ နေ့တိုင်းထက် များပါကလား၊ ဘာဖြစ်လို့လဲ"လို့ မေးတော့၊ "ဘုရားကျွန်မ နေ့တိုင်းတော့ ပေးတဲ့ပန်းဖိုးကို အကုန်မဝယ်ဘဲ တစ်ဝက်သာ ဝယ်ခဲ့ပါတယ်ဘုရား၊ တစ်ဝက်တော့ ဘုရားကျွန်တော်မ ယူထားပါတယ်ဘုရား။ ဒါပေမယ့် ဒီကနေ့တော့ ပေးလိုက်တဲ့ ပန်းဖိုး ရှစ်အသပြာဖိုး အကုန်လုံး ဝယ်ခဲ့ပါတယ်ဘုရား"လို့ သံတော်ဦးတင်တော့၊ ဘုရင်မကြီးက "မိခင်က နေ့တိုင်းလိုပဲ လေးအသပြာ ယူပါလား၊ ဘာဖြစ်လို့ မယူသလဲ"ဆိုတော့၊ "အခု မယူတာက တခြားကြောင့် မဟုတ်ပါဘူး။ သည်နေ့ ကောသမ္ဗီပြည်မှာ ဘုရားရှင် ကြွရောက် ချီးမြှောက်တော်မူတယ်။ သည်တော့ ဘုရားရှင်ရဲ့ အသရေတော်ကို ဖူး မျှော်ခဲ့ရတဲ့အကြောင်း၊ ဘုရားရှင် ဟောတော်မူတဲ့ တရားတော်ကို နာရလို့ အဲဒါကြောင့် သူ့မှာ ချမ်းသာသုခ ရတဲ့အကြောင်း၊ ဒါကြောင့် အခု မယူတော့ပါ ဘုရားလို့ သံတော်ဦးတင်သတဲ့ဗျာ့။ အဲဒါ မကောင်းမှန်းသိလို့ မလုပ်တာဗျာ့။

မေး။ ။အရင်တုန်းက အခုလို တစ်ဝက်တစ်ဝက် ယူနေတာဟာ အကောင်းပဲ လို့ဆိုပြီး လုပ်နေတာ မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အဲသည်လို သူနေတာကိုပဲ ပျော်နေတယ်မဟုတ်လား။

ဖြေ။ ။ပျော်နေပါတယ်ဘုရား။

အဲသည်လို သာသာကလေး ယူနေတာကလဲ သူ့ကို ဟိုက အကုန်လုံး ယုံကြည်တော်မူထားတာဗျာ့။သည်တော့ သည်လေးအသပြာကလဲ သူ့မှာ ဘာမှ လုပ်တာမဟုတ်ဘူး။ သည့်ပြင်ကလဲ ဘယ်လောက် ခိုးသလဲ မသိသေးဘူး။ အခု လေးအသပြာက ပန်းဖိုးတင်ဗျာ့။ ဒါပေမယ့် အခုတော့ သူ့မှာ အကောင်းဆုံး အမြင့်မြတ်ဆုံးကို ရလို့ ပြုံးပြုံး ပြုံးပြုံးနှင့် ပျော်နေတာဗျာ့။ ပျော်နေပြီး သည်ဟာကို မလုပ်တော့ဘူးဗျာ့။ ဘယ်သူကမှ သူ့ကို မလုပ်နဲ့လို့ မပြောရဘူး။ တရားရလို့ပါဗျာ့။ ဒါကြောင့် ယခုနပြောတဲ့ မြင့်မြတ်တာကို ရပြီဆိုမှဖြင့် ဘယ်သူကမှ လုပ်ပေးတာ မဟုတ်ဘူး။ သူ့ဟာသူ အပါယ်ကို လားစေတာဟူသရွေ့တော့ မလုပ်တော့ဘူးဗျာ့။ သေသေချာချာ မလုပ်တာဗျာ့။

မေး။ ။ဘယ်သူက မလုပ်နဲ့လို့ ပြောရသေးသလဲ။

ဖြေ။ ။မပြောရပါဘုရား။

အဲဒါ တရားရလို့ဗျာ့။ သေသေချာချာကြီးကို ချက်ချင်း မလုပ်တော့တာပဲဗျာ့။ ဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကိုရပြီး ဆိုက်လာလို့ရှိရင် အားလုံးတို့ဟာ သည်လိုမလုပ်ဘဲ နေမှာပဲဗျာ့။ အခု ဒကာကြီးတွေ၊ ဒကာမကြီးတွေ အပါယ် မရောက်ချင်ဘူးလို့ ပြောတယ်။

မေး။ ။တစ်နေ့တစ်နေ့မှာ အပါယ်ရောက်ဖို့ ဘယ်နှမျိုးလောက်များ လုပ်သလဲ။

ဖြေ။ ။မရေတွက်နိုင်ပါဘုရား။

မေး။ ။တစ်နေ့တစ်နေ့ထဲကို ပြောတာပါဗျာ့။

ဖြေ။ ။တစ်နေ့ထဲလဲ မရေတွက်နိုင်ပါဘုရား။

## အပါယ်ထိုထို ဥဒဟို

မေး။ ။ရောက်တော့ မရောက်ချင်ဘူးမဟုတ်လား။

ဖြေ။ ။ဘယ်သူမှ မရောက်ချင်ပါဘုရား။

ဘာကြောင့်လဲဆိုရင် အဲဒါ နေရာမကျသေးဘူးဗျာ့။ ဘုရားဆုံးမတဲ့ အဆုံးအမတွေ ရထားပြီးတော့ ခုန လိုချင်တဲ့ အတိုင်းရအောင် ရောက်အောင် သွားမှ၊ အဲသည်လို မသွားလို့ အခုနပြောတဲ့ ချမ်းသာသုခ မဆိုက်တာဗျာ့။ မဆိုက်လို့ဘဲ အဲဒါတွေ လုပ်နေတာ။ ဆိုက်လာရင် အခုနပြောတဲ့ ဒကာမကြီးလို မလုပ်ဘဲ နေတော့မှာဗျာ့။ အခုန ပန်းဖိုးကို အကုန်လုံး မဝယ်ဘူးဆိုတာ ခိုးတာဗျာ့။ ခိုးတာ။ အဲဒါကို ဟိုက မသိအောင်ဗျာ့။ စစ်လဲမစစ်ဘူး။ သူ့အစီးအပွားကိုပဲ ဆောင်နေတယ်လို့ ထင်နေတာဗျာ့။ သူ့ကို မေးလဲ မေးမှာမဟုတ်ဘူး။ ဘာမှုမှုလဲ မရောက်ဘူး။

ဟိုတစ်ခုကတော့ ရောက်မှာပဲ။ သည်အတိုင်း သေရင်း ရှင်ဘုရင်မကြီးက မသိပေမယ့် သူလုပ်တာက တော်တော်ကြာတော့ ဆောင်သွားသွားမှာဗျာ့။ ဟိုက မစစ်ပေမယ့် သူ့ဟာသူ သွားမှာဗျာ့။

သို့သော်လဲ ဘုရားဆုံးမတဲ့ အဆုံးအမကို ကြားရတဲ့အခါကျတော့ သည်ဟာ ကိုက ဘယ်လိုလဲဆိုရင် သီလဆိုတာက အခုလုပ်လိုက်ရင် အခု စင်ကြယ်သွား တာဗျာ့။ ခုန တရားနာတယ်ဆိုတာ သီလဆောက်တည်ပြီးသား ဖြစ်တယ်ထင်ပါရဲ့။ ဘုရားဆုံးမတဲ့ အဆုံးအမကို မှတ်သားလိုက်တော့ နေရာကျသွားတာ မဟုတ်လားဗျာ့။ (တပည့်တော်တို့လဲ သည်လို နေရာ ကျချင်လှပါပြီဘုရား။)

မေး။ ။သူကတော့ နေရာကျကတည်းက ထိုင်ရာမထ လုပ်သွားတာဗျာ့။ ဒကာကြီးက ယခုတည်းက အိမ်ဘယ်နှစ်ခေါက် ရောက်သလဲ။

ဖြေ။ ။လေးငါးခြောက်ခေါက် ရောက်ပါတယ်ဘုရား။

မေး။ ။အိမ်က ဘယ်အိမ်လဲဗျာ့။

ဖြေ။ ။တပည့်တော်နေတဲ့ အိမ်ပါဘုရား။

မေး။ ။သည်အိမ်က သည်တစ်ဘဝမှာ နေတဲ့အိမ်၊ သည်ဘဝမှာ သည်အိမ်နှင့် နေတာက ဘယ်နှစ်နှစ်ရှိပြီလဲ။

ဖြေ။ ။ဆယ်နှစ်လောက် ရှိပါသေးတယ်ဘုရား။

မေး။ ။သည်အိမ်က သည်လာက် မကြာသေးပါဘူး။ နေနေကျအိမ်ကတော့ ဘယ်နှစ်ခေါက် ရောက်သလဲ။

ဖြေ။ ။နေနေကျအိမ်ကတော့ သံသရာလဆန်း တစ်ရက်ကတည်းက နေလာ

တာပါဘုရား။

မေး။ ။နေလာတာထားပါဦး၊ အခုခဏကလေးမှာပဲ ဘယ်နှစ်ခေါက် ရောက်သလဲ။

ဖြေ။ ။အခေါက်နှစ်ဆယ်လောက် ရောက်ပါတယ်ဘုရား။

မေး။ ။အဲသည်က ပြန်မှပြန်လာရဲ့လားဗျာ့။

ဖြေ။ ။အဲသည်အိမ်က မပြန်ဘဲနဲ့ကို ဟိုမှာ နေတာပါဘုရား။ ဒါနှင့် အခုနတော့ လေးငါးခြောက်ခေါက် လုပ်နေသေးတယ်။ (တင်ပါဘုရား။)

မေး။ ။ဒကာကြီး၊ဒကာမကြီးများက ဟိုလိုတော့ သိနေကြတယ်။ သိပေမယ့် သည်လိုတော့ မစကြသေးဘူး၊ ဒါ တည့်ရဲ့လား။

ဖြေ။ ။မတည့်ပါဘုရား။

မေး။ ။ဒါနှင့် အပါယ်လေးပါးကို မရောက်ချင်ဘူးဆို ဟုတ်ကဲ့လား။

ဖြေ။ ။တပည့်တော်တို့က အမေသင်ပေးထားတဲ့အတိုင်း ဘုရားရှိခိုးတဲ့ဟာ လျှောက်ဆိုတာပါဘုရား။

ဟိုက အဟုတ်သင်ထားတာဗျာ့။ (ဆိုတဲ့လူက ပါးစပ်ဖျားတင် ဆိုလို့ပါဘုရား။) ဒါနှင့်များ မေတ္တာရှင် ကရုဏာရှင်များဟာ သည်လောက်ပဲ သင်တာလို့ ပြောချင်သေးတယ်။ (တပည့်တော်တို့က သင်ထားပေမယ့် သင်ထားတဲ့အတိုင်း မလုပ်ဘူးဘုရား။)

ဒါနှင့် အမေမိဘများကို သွားပြီး သည်လောက်သင်တာပါလို့ ပြောနေတယ်။ သင်ထားတဲ့အတိုင်း မလုပ်တာတော့ မပြောဘူး။ (သင်တော့ သင်ပါတယ်ဘုရား။ တပည့်တော်တို့က ပါးစပ်ဖျားတင် သိနေတာပါဘုရား။)

## နေရာကျတော့ မလိမ်ချင်တော့ဘူး

အေး အခုတွင်ကဟာကို ကြည့်ပါ။ ခဏကလေးဗျာ့။ သည်အတိုင်းတိုင်း ပန်းတွေဝယ်လာတဲ့အခါမှာ နောက်တုန်းက ခိုးလာတဲ့ဟာတွေကို အကုန်လုံး ပြောလိုက်တာပဲ။ မမေးရဘူးဗျာ့။ သူကလည်း မလိမ်ချင်တော့ဘူး။ မခိုးချင်တော့ဘူး။ နင် ခိုးရမလားဆိုပြီး သတ်မှာကိုလည်း မကြောက်တော့ဘူး။ ဟိုလိုဟာသာ ကြောက်တော့တာဗျာ့။ သူ့နေရာမကျတာကိုသာ ကြောက်တာ။ နေ့တိုင်း တစ်ဝက်တစ်ဝက် ခိုးနေတာ တစ်သက်လုံးပါဗျာ့။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးများဟာ ကိုယ်နေရာ မကျတာကို အကုန်လုံး လျှောက်ပြောမှာလား။

ဖြေ။ ။မပြောပါဘုရား။

မေး။ ။အဟုတ်ပြောမယ် ဆိုပေမယ့် အကုန်တော့ ပြောမှာလား။

ဖြေ။ ။မပြောပါဘုရား။

မေး။ ။ဘယ်လောက်ချန်ထားမှာလဲ။

ဖြေ။ ။အကုန်လုံး ချန်ထားမှာပဲဘုရား။

မေး။ ။လုပ်တာမြင်တာတောင် ဟုတ်တယ် ဟုတ်ပါတယ်လို့ ပြောမှာလား။

ဖြေ။ ။လိမ်ပြောမှာပါဘုရား။ မြင်တာတောင်မှ လွဲလို့ပါ၊ ကျွန်တော် မယူပါဘူးလို့ ပြောမှာပါဘုရား။

ကြည့်ဗျာ၊ သူတော်ကောင်းများကတော့ သည်လိုမဟုတ်ဘူး။ အဲဒါ ကောင်းမှန်းသိပြီးဆိုတော့ အသက်ကို စွန့်ပါတယ်ဗျာ။ ဟိုဒကာမကြီးက ရှင်ဘုရင်ပါဗျား။ သူ့အယုံကြီးယုံနေတာဗျာ။ ဒါပေမယ့် မမြင်သလို လုပ်ရမလားဆိုပြီ သတ်ပစ်ရင် ခံရမှာပဲ။ သို့သော်လဲ အဲဒါကို မကြောက်ဘူးဗျာ။ ဒါ မပြောဘဲ နေရင်လဲ ဖြစ်တာမဟုတ်ဘဲကိုး။ ဒီတော့ ဖြောင့်ဖြောင့်ကြီး 'သေချင်သေပါစေ'ဆိုပြီး ပြောလိုက်တာပဲ။ အဲသည်လို သူက အသက်ကို စွန့်တာဗျာ။

မေး။ ။သည်လို လိမ်နေမယ်ဆိုရင် ယခုတွင်က အရိယာဆိုတဲ့ဟာက ဘယ့်နှယ်လဲ။

ဖြေ။ ။အရိယာ မဟုတ်တော့ပါဘုရား။

မေး။ ။တစ်ခါတလေ အားထုတ်တဲ့အခါ 'ငါဘယ်သင်း'လို့များဆိုပြီး ထင်နေသေးသလား။

ဖြေ။ ။ထင်နေပါတယ်ဘုရား။

မေး။ ။သည်လိုဟာ လုပ်သလား။

ဖြေ။ ။မလုပ်ပါဘုရား။

## ကျွန်ကိုရှိခိုးတဲ့ ဘုရင်မကြီး

ကဲ–ဒါဖြင့် ထင်ချင်ထင် မထင်ချင်နေ၊ ဒို့ကတော့ ဟုတ်တယ်ပြောနေလဲ မဖြစ်ဘူး။ မဟုတ်ဘူးပြောလို့လဲ မဖြစ်ဘူး။ ဘယ်လိုမှ ပြောလို့ မဖြစ်ဘူးဗျာ။

ကြည့်ပါ။ သူ့ကို ဘယ်သူက စစ်ရသလဲ၊ ဘယ်သူကမှ မစစ်ဘဲ ရှင်ဘုရင်မကြီးကို သွားပြီး သံတော်ဦး ဆင့်လိုက်တာဗျာ့။ နေ့တိုင်းတော့ ခိုးနေတာတဲ့။ သည့်ပြင်ဟာတွေလဲ ပြောမှာပဲ။ ဒါက သည်လောက်တင်ပြောတာဗျ။ ဒါကတော့ သူ့မှာ သီလရဲ့ဂုဏ်များ ကြည့်စမ်းဗျာ့။ အပြစ် ဘယ်လိုမှ မဆိုဘူးတဲ့ဗျာ။ ဘာဖြစ်လို့ ခိုးတာလဲ၊ ဘာကြောင့်လဲ။

အခု ဘာဖြစ်လို့ နေ့တိုင်းလို မလုပ်သလဲ။ အဲသည်လို မေးတော့တာဗျာ့။ ဒီတော့ သူရခဲ့တဲ့အကြောင်း ပြောတယ်။ သည်တော့မှ ကြည်ညိုပြီး သူရတာကို လက်ဝါးကလေးနှင့် တောင်းတယ်ဗျာ့။ သည်တော့မှ 'သည်လို မဟုတ်ဘူး။ သူ, ရခဲ့တဲ့ဟာက ဘယ်ဟာလဲဆိုတော့ ဘုရားရှင် ဆိုဆုံးမတော်မူတဲ့ အဆုံးအမကို နားအားဖြင့် ကောင်းမွန်စွာ ပန်ဆင်ပြီး စိတ်မှာ အဲသည်လိုမှတ်သားပြီး သည်လို ပွားများအားထုတ်တော့မှ ရတာ'လို့ပြောတယ်။ ချမ်းသာသုခကလဲ သည်လိုတဲ့ဗျာ့။

အဲသည်လို ပြောတော့မှ "ဒါဖြင့်ရင် ဘုရားဆုံးမတဲ့ အဆုံးအမကို ရခဲ့တယ်ဆိုရင် ဘုရားဟောတော်မူတဲ့အတိုင်း အခုပြောတတ်ပါရဲ့လား" ဆိုတော့ ပြောတတ်တယ်တဲ့။ ပြောတတ်တယ်ဆိုရင် ရှင်ဘုရင်မကြီးက "ဟောပါ" ဆိုပြီး သူ့ကို ရာဇပလ္လင်ပေါ်မှာ ထားတယ်။ ထားပြီးတော့ လေးလေးစားစားကြီး ယခု တွင်က ကျွန်မကြီးကို ရှိခိုးပြီး ရှင်ဘုရင်မကြီးက တရားနာတယ်တဲ့ဗျာ့။ သူ ဟောတဲ့ဟာကို နာရတော့ သေသေချာချာ သူတို့မှာ အရိယာတွေ ဖြစ်ကုန်တယ်တဲ့ဗျာ့။ အဲဒါ လေးစားတာဗျာ့။

မေး။ ။အခု ဘုရားဆိုဆုံးမတာတွေကို ရကြတဲ့ အခါကျလို့ရှိလျှင် သည်လို လေးစားသလားဗျာ့။ (မလေးစားပါဘုရား။) ရကောရရဲ့လား။ (မရပါဘုရား။)

## နေရာမကျတာတွေ ကုန်မှ နေရာကျမယ်

လေးမှ မလေးစားဘဲ ရပါ့မလားဗျာ့။ 'သက္ကစ္စ'ဆိုတာဟာ သည်လိုဟာဗျာ့။ ဘုရားဆုံးမတဲ့ဟာကို သည်ဒကာမကြီးက ဟောတတ်ပြောတတ်တော့ သူလိုပဲ အတူတူရတာဗျာ့။ အခုကောဆိုလျှင် သည်လိုရလို့ရှိရင် စင်ကြယ်သွားတာပဲ။ လေးစားတယ်ဆိုတာ အခု ဘုရားအဆုံးအမကို လိုက်နာ။ **အဟုတ်လိုက်နာလို့ရှိရင် အဟုတ်ဆိုက်လာလိမ့်မယ်။** ဆိုက်လာတော့

အကောင်းနှင့် တွေ့တော့ ဟိုဟာတွေ ဘယ့်နှယ်လဲ အရင်ကလို လုပ်ချင်သေးသလား။ သူဟာ သာသာကလေး လေးအသပြာ ယူခဲ့တာကို မယူဘဲ နေလိုက်တာဗျာ့။

မေး။ ။အရင်ကလို လုပ်ပါလားဆိုတော့ကော ဘယ့်နှယ်လဲ။

ဖြေ။ ။မလုပ်တော့ပါဘုရား။

မေး။ ။မလုပ်ဘူးတဲ့ဗျာ။ အခုလဲ ဒကာကြီးများ တစ်နေ့တစ်နေ့ လုပ်နေကြတာတွေ ဘယ်လောက်များသလဲ။

ဖြေ။ ။မရေမတွက်နိုင်ဘုရား။

ခုတွင်က တစ်ယောက်နှစ်ယောက် ပြောနေတယ်။ အခုတော့ မရေတွက်နိုင်ဘူးတဲ့။ အဲဒါ ဘုရားဆုံးမတဲ့ အဆုံးအမတော်ကို လိုက်နာရင် ဒါးမျိုးချည်း ဖြစ်မှာပဲ။

မေး။ ။ယခုတွင်ကလို လုပ်ဦးမလား။

ဖြေ။ ။မလုပ်တော့ပါဘုရား။

သည်တော့ သူဟာလဲ သီလကိုတော့ မစွန့်ဘူးဗျာ့၊ အသက်ကိုသာ စွန့်တာဗျာ့။ ဤကဲ့သို့ သူတန်ခိုးကြီးသွားလိုက်တာ အစက ကျွန်မဗျာ့။ ဒါ ဆောင်လိုက်တော့ ရာဇပလ္လင်ပေါ်မှာ သူ့ကို တင်ထားပြီးတော့ အဲသည်မှာ ပူဇော်ကြတယ်တဲ့ဗျာ့။ သူရဲ့ တရားကို တဆင့်နာရတဲ့အခါမှာ သူ့ကို ကျွန်မအရာက နှုတ်ပြီး အမိအရာ၌ ထားတယ်တဲ့ဗျာ့။ သူ ဘာမှ မလုပ်ရတော့ဘူးတဲ့ဗျာ့။ သူက နေရာမကျတာတွေ အကုန် စွန့်လိုက်တာကိုးဗျာ့။ နေရာမကျတာတွေ စွန့်လိုက်တော့ နေရာမကျတာတွေ ကုန်သွားရော၊ သူဟာ နေရာကျ ဖြစ်သွားလိုက်တာဗျာ့။

နဂိုကတည်းက သူ့မှာ ဉာဏ်ကောင်းတယ်။ ဉာဏ်ကောင်းလို့ ယခုတွင်က ဘုရားတစ်ကြိမ် ဟောတော်မူတာနှင့် သူရတာဗျာ့။ ပြီးတော့ ဘုရားဆုံးမတဲ့ အတိုင်းဟာ နည်းနည်းကလေးမှ မချွတ်ယွင်းရအောင် ဘုရားဆုံးမတဲ့အတိုင်း ပြန်ဟောတတ်တယ်ဗျာ့။ သည်လိုလဲ အမြင့်အမြတ်ဉာဏ်တွေလဲ ကောင်းတယ်။ ဘုရားဆုံးမတဲ့အတိုင်း ဟောတတ်တယ်။

နို့ ဘာဖြစ်လို့ ကျွန်ဖြစ်တာလဲဆိုတော့ အစတုန်းကတော့ အကောင်းတွေ ချည်းပဲ။ သည်အကောင်းတွေမှာ သတိမထားမိဘဲ အပြစ်တစ်ခု ပြုမိလို့ သည်လိုဖြစ် သွားတာဗျာ့။ သည်လိုပြုမိလို့ သည်လိုဖြစ်တာ။ ဒါကြောင့်

သူ့မှာ အခုလာပြီး ကျွန်ဖြစ်ရတာဗျ။

**ကျွန်မ ဖြစ်ရပုံက**

ဘာအတွက်ကြောင့်လဲဆိုရင် ရှေးကတော့ သူဟာ အမြင့်မြတ်တွေချည်းပဲ ဖြစ်တာ။ တစ်ခါတည်း နေရာမကျတာဗျာ့။ သူ့,သူဌေးသမီးကိုဗျာ့။ သူဌေး သမီးဆိုတော့ သဒ္ဓါတရားနှင့်လည်း ပြည့်စုံတယ်။ သည်တော့ မထေရ်ကြီး များက သူ့ဆီ၌ ယခုတွင်ကလို အချိန်အခါမျိုးမှာ ဆွမ်းခံလျှောက်တာနှင့် တူပါရဲ့။ သည်လို ပြောကြပါစို့ဗျာ့။ သူက အလှပြင်နေတဲ့ အချိန်နှင့် တွေ့တာကိုး။ သည်လို အချိန်အခါမျိုးမှာပဲ သည်လို ပူဇော်နေကျ ထင်ပါရဲ့ဗျာ့။ ဒါပေမယ့် သူ့မှာက အလှပြင်လို့ မပြီးသေးဘူးနှင့် တူပါရဲ့။ အနား ရောက်လာတော့ အဲသည် အရှင်မြတ်ကို သည်လိုဆိုတာတဲ့ဗျာ့။ သူပြင်ဖို့ ထည့်ထားတဲ့ ဟာကလေးကို ပေးစမ်းပါလို့ ဆိုတာဗျာ့။

သည်အခါမှာ အရှင်မြတ်က မပေးဘဲနေရင် သူသဘောကျမှာ မဟုတ် ဘူး။ သည်တော့ သူစိတ်ဆိုးမှာ။ စိတ်ဆိုးရင် သူ အပါယ်ကျမှာဗျာ့။ သည် တော့ သူအပါယ်ကျမှာစိုးလို့ သူခိုင်းတာကို လုပ်ရင်တော့ဖြင့် အပါယ်တော့ကျမှာ မဟုတ်ဆိုပြီး လုပ်ပေးလိုက်တယ်ဗျ။ အဲသည်လို ခိုင်းတဲ့အတွက် သူ အပါယ်တော့ မကျဘူး။ နောက် ဘယ်လိုဖြစ်သလဲဆိုရင် အဲသည့်ကစပြီး အောက်တန်းကျတဲ့ အမျိုးအနွယ်ချည်းပဲ ဖြစ်တာပဲဗျာ့။ အခု သည်မှာလဲ ကျွန်လာဖြစ်တယ်။ အဲတာ ခိုင်းမိတာဗျာ့။ ကြားလား။ လုပ်တာကတော့ အင်မတန် အကျိုးများခဲ့တယ်။ ခိုင်းတာဆိုတာ ရှိသေလို့လား၊ မရှိသေလို့လား။ (မရှိသေလို့ပါဘုရား။)

ဟိုလိုကတော့ ရှိသေနေတယ်။ ဒါပေမယ့် တောက်လျှောက်ကြီး မရှိ သေဘူး။ တောက်လျှောက်သာ ရှိသေနေမယ်ဆိုရင် မခိုင်းဘူး။ ကိုယ်တိုင် လုပ်မှာပါဗျာ့။ သည်အရှင်မြတ်ကိုလဲ နှုတ်နှင့် စိတ်နှင့် ရှိသေနေမယ်ဆိုရင် သည်လိုမခိုင်းဘူး။ သူကသာလျှင် ယုယုယယ အကုန်လုပ်မှာဗျာ့။ ဒါပေမယ့်လဲ လုပ်သလောက်တော့ လုပ်တယ်ထင်ပါရဲ့။ ဒီအချိန်မှာက သူ အလှပြင်နေတဲ့ အချိန်နှင့် တွေ့တာကို သည်လို အချိန်အခါမှာပဲ သည်လို ပူဇော်နေကျ ထင်ပါရဲ့ဗျား။ ဒါပေမယ့် သူ့မှာက အလှပြင်လို့ မပြီးသေးဘူးနှင့် တူပါရဲ့။ အနားရောက်လာတော့ အဲသည် အရှင်မြတ်ကို သည်လိုဆိုတာတဲ့ဗျာ့။ အလှ ပြင်နေတဲ့ အချိန်မှာဆိုတော့ အလှပျက်မှာစိုးလို့ သူက 'အဲဒါကလေး

ပေးစမ်းပါ’ဆိုပြီး လုပ်လိုက်တာ ထင်ပါရဲ့။

မေး။ ။ဒကာကြီးဆိုရင်လဲ လုပ်မှာထင်ပါရဲ့။

ဖြေ။ ။လုပ်မှာထင်ပါရဲ့ဘုရား။

မေး။ ။သူက ပြင်တုန်း ဆင်တုန်းဆိုတော့ ပြီးချင်လှပြီထင်ပါရဲ့။ ဒါယူနေရင် အလုပျက်သွားမှာစိုးလို့နှင့် တူပါရဲ့ဗျာ။ ဒကာကြီးတွေကော သည်လို လုပ်သလား။

ဖြေ။ ။လုပ်ပါတယ်ဘုရား။

## သက္ကစ္ဆနည်းရင် အောက်တန်းကျ

အခုလဲ အဲသည်လို ခိုင်းမိလို့ဗျာ့။ အဲသည်လို သူ့မှာ တစ်ခါ ခိုင်းပြီး တာနှင့်ပဲ ပြီးပါရောဗျာ။ ဒါပေမယ့် အပါယ်တော့ မကျဘူးတဲ့။ အဲဒါဟာ ဘာလဲဆိုရင် ‘သက္ကစ္ဆနိဝါတ’လိုလို့ဗျား။ သူက သူဌေးသမီးဆိုပြီး ခိုင်းတာဗျာ။ ဒါ တကယ်လို့ ဆိုရင် သူဟာ သည်လို သက္ကစ္ဆနိဝါတရှိရင် ယခုတွင်က မထေရ်မကြီးကို မခိုင်းဘူးဗျာ့။ အဲဒါမရှိလို့ ခိုင်းတာဗျာ့။ အဲဒါ သက္ကစ္ဆနိဝါတ လိုတာဗျာ့။ သို့သော်လည်းပဲ နည်းနေတာနှင့် တူပါရဲ့။ နည်းနေလို့ သည်လို ဖြစ်တာနှင့် တူပါရဲ့။

လျှောက်။ ။မထေရ်ကြီးကို မတော်တဆ ခိုင်းမိလို့လားဘုရား။

သည်လိုခိုင်းမိလို့ မဟုတ်ဘူး။ ဝတ်ဖို့ဆင်ဖို့ကလေးကို ခိုင်းတာဗျာ့။ သည့်အတွက်ပါပဲ။ သည့်ပြင် ကုသိုလ်တွေ နည်းနေတာနှင့် တူပါရဲ့။ အဲဒါကြောင့် ကျွန်ဖြစ်တာဗျာ့။ သက္ကစ္ဆနိဝါတ ရှိတဲ့လူဆိုရင် မြင့်မြတ်တဲ့ အမျိုးအနွယ်မှာ ဖြစ် မယ်။ သူဌေးမျိုး၊ ရှင်ဘုရင်မျိုး၊ စကြဝတေးမျိုးဖြစ်တယ်။ နတ်ဖြစ်တယ်ဆိုရင်လဲ နတ်အစားစားမှာ အောက်တန်းစား မဟုတ်ဘူး။ အထက်တန်းကျ တန်ခိုးကြီးတဲ့ အနွယ်ဇာတ်မှာ ဖြစ်တယ်။ နတ်ပြည် သွားဖြစ်တယ်ဆိုပေမယ့် နတ်ချင်းမတူဘူးဗျာ။ လူ့ပြည်လဲ လူဆိုပေမယ့် လူချင်း လူမတူဘူးဗျာ့။ သက္ကစ္ဆနိဝါတတွေ များတဲ့ဟာက များတဲ့နေရာမှာ ဖြစ်တယ်။ သက္ကစ္ဆနိဝါတ ချွတ်ယွင်းပြီး နေတယ်ဆိုရင် ယခုတွင်ကလို အောက်တန်းကျတာ ဖြစ်တာဗျာ့။ အဲဒါ ဘုရား ဆိုဆုံးမတာဗျာ့။ အခု နတ်ပြည်မှာ သွားဖြစ်တယ်ဆိုပေမယ့် သက္ကစ္ဆ နိဝါတ ချွတ်ယွင်းနေရင်း

နတ်ပေမယ့် ဝေါထမ်း ယာဉ်ထမ်းနတ်သား ဖြစ်တာဗျာ့။

မေး။ ။နတ်ပြည်မှာ တိရစ္ဆာန် မရှိဘူးလားဘုရား။

ဖြေ။ ။နတ်ပြည်မှာ တိရစ္ဆာန်မရှိဘူးဗျာ့။

မေး။ ။နတ်ပြည်မှာ မြင်းတွေရောဘုရား။

ဖြေ။ ။မြင်းတွေဆိုတာက နတ်ပြည်မှာ နတ်သားသွားဖြစ်တော့ တန်ခိုးဘုန်းကံကြီးတဲ့ နတ်သား နတ်သမီးတွေ သွားမယ်လာမယ်ဆိုရင် တချို့က မြင်း၊ ဆင် လုပ်တတ်တဲ့နတ်က အဲသည်လို လုပ်ပေးရတာဗျာ့။ ဝေါထမ်း ယာဉ်ထမ်းက ဝေါထမ်း ယာဉ်ထမ်း လုပ်ရတာဗျာ့။

ဥယျာဉ်သွားမယ်ဆိုရင် က,တဲ့သူက က၊ တီးတဲ့တီးသူ တီး၊ တူရိယာ အဖြာဖြာနှင့် လုပ်ရတာဗျာ့။ သိကြားမင်းစီးတဲ့ ဆင်ရထားတွေလဲ နတ်သားတွေပဲ လာပြီး အသွင်အားဖြင့် ထင်ထင်ရှားရှားနှင့် သူတို့စိတ်နှင့် မွေ့လျော်သလို သည်နတ်သားတွေက လုပ်ရတာဗျာ့။ ဥယျာဉ်ဝင်မယ်ဆိုရင်လဲ သူတို့စိတ်နှင့် မငြီးငွေ့ရအောင်ဆိုပြီး သည်နတ်သားတွေ နတ်သမီးတွေက တချို့ကလဲ ဇင်ရော်ယောင်၊ ကရဝိက်ယောင်၊ ပီတုန်းယောင် ဖန်ဆင်ပြီး ဝဲပြရတယ်။ ပိတုန်းဆိုရင် လဲ ပျားဝတ်ရည် ဝတ်လွှာအကြားမှာ ပိတုန်းကြီးမျိုး ဖန်ဆင်ပြီး ရစ်ပြရ၊ ဝဲပြရနှင့်၊ အဲသည်လို လုပ်ရတာဗျာ့။ သက္ကစ္စ ချွတ်ယွင်းတယ်ဆိုလျှင် အောက်တန်းစားမှာ အားလုံးတို့ရဲ့ အစေအပါးအဖြစ် လုပ်ရတာဗျာ့၊ သို့ပေမယ့် သည့်ပြင်နေရာ ဖြစ်တာထက်တော့ တော်သေးတာ ပေါ့လေ။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးများဟာ အခုလို တဆက်တည်းပါအောင် အချိန်တိုင်း အချိန်တိုင်း လုပ်ကြရဲ့လား။

ဖြေ။ ။အချိန်တိုင်း အချိန်တိုင်းပါအောင် လုပ်ကြပါပြီဘုရား။

မေး။ ။ဘယ်နေရာမှ မလပ်ဘူးလား။

ဖြေ။ ။လပ်တဲ့နေရာလဲ ရှိပါလိမ့်မယ်ဘုရား။

မေး။ ။ဘယ်လောက်များ လိုနေပါလိမ့်မလဲ။

ဖြေ။ ။လိုနေတာကတော့ဖြင့် အများကြီးထင်ပါရဲ့ဘုရား။

မေး။ ။အခုနတော့ လုပ်ကြပြီဆိုပြီးတော့ လိုနေတာက အများကြီးဆိုပြန်ပြီ။ ကဲဗျာ တစ်ပိဿာမှာ ဘယ်လောက်လိုနေသလဲ။

ဖြေ။ ။တစ်ပိဿာမှာ တစ်ပိဿာပဲ လိုနေပါတယ်ဘုရား။

မေး။ ။ဒါဖြင့် နည်းနည်းပဲ လိုပါတော့လား။
ဖြေ။ ။တပည့်တော်တို့က ပါးစပ်ကသာ လုပ်တာပါဘုရား။
လုပ်ကြဗျာ့။ ဘယ်က စ,လုပ်ရမလဲဆိုရင် ကိုယ့်အိမ်ကစပြီး လုပ်ကြ။
အိမ်နားနီးချင်း မပါချင်နေပေ့စေ။ ကိုယ့်အိမ်ကစပြီး လုပ်ကြ။
ဟုတ်ကဲ့လား။ (လုပ်ပါတော့မယ်ဘုရား။)

**ဥစ္စာပစ္စည်း အသုံးနှင့်အဖြုန်း**

ဟုတ်ကဲ့လားနော်၊ တော်တော်ကျပြီဆိုမှဖြင့် အကုန်လုံး အမိဖြင့်လဲ အမိ၊ အဖဖြင့်လဲ အဖ၊ သားဖြင့်လဲ သား၊ သမီးဖြင့်လဲ သမီး၊ ဒါတွေဟာ လုပ်တော့ ဖြစ်တာချည်းပဲ။ သက္ကာယဒိဋ္ဌိဟာ သား၊ သမီး၊ မြေး၊ မြစ်တွေ ရှိလဲ ရနိုင်တယ် မဟုတ်လား။ သူ့တို့တတွေနှင့် ပြုသင့်ပြုထိုက်တာ၊ ဆောင်သင့် ဆောင်ထိုက်တာတွေ သိပြီး အဲသည်လို ဆောင်ကြတာဗျာ့။ မထိမဲ့မြင်ဆိုတာက တစ်မျိုးကြီးပဲ။ ဘယ်ဟာ ငါ့သား၊ ငါ့သမီးပဲ၊ ငါ့မြေးပဲရယ်လို့ အဲသည်လို မဟုတ်ဘူး။

နိဝါတသက္ကာယဆိုတာ ခုနပြောတဲ့ အမိအဖ ပြုရသလို ပြုရတာ မဟုတ်ပါဘူး။ ရတနာသုံးပါး ပြုရသလို ပြုရတာ မဟုတ်ပါဘူး။ သူနှင့်သူနှင့် တန်သလို ရှိတယ်မဟုတ်လား။ သားသမီးဆိုရင်လဲ သားသမီးနှင့် တန်သလို၊ အဲသည်လို ဌာနာဌာန ကောသလ္လဉာဏ်က အင်မတန်လိုတာ။

ဥပမာ ဒကာ၊ဒကာမတွေက ဖယောင်တိုင်တို့ ဘာတို့ လှူလိုက်တယ်ဗျာ့။ အဲသည်လို လှူလိုက်တာက အလင်းရောင်ရဖို့အတွက် လှူလိုက်တာပဲဗျာ့။ ဒါပေမယ့် နေ့ခင်းကြီးမှာ ထွန်းထားတယ်ဆိုရင် အားလုံးမြင်ရင် ဘယ်လိုတုန်းဆိုတော့ ဒါဟာ ကိုယ့်အရှက်ကွဲတာ၊ ဘာမှမသိတဲ့ ရဟန်းဗျာ့၊ ဒါဟာ သက်သက်မဲ့ ကုန်တာ ဟုတ်ကဲ့လား။ ဒကာကြီး၊ဒကာမကြီးများ မှတ်ကြနော်။ အဲသည်လိုဟာတွေ အများကြီးရှိတယ်။ ငါ့ပစ္စည်း ငါလုပ်ချင်သလို လုပ်မယ်ဆိုရင်လဲ ဖြစ်တော့ဖြစ်တာဘဲ။ ဒါပေမယ့် သက်သက်မဲ့ ပစ္စည်းဖြုန်းတာဗျာ့။

**နေ့ခင်းကြောင်တောင် မီးပူဇော်**

လျှောက်။ ။ရွှေတိဂုံဘုရားမှာတော့ နေ့ခင်းလဲ မီးထွန်းကာဘဲဘုရား။
ဆရာတော်။ ။အဲဒါကတော့ သူ့ခမျာများမှာ ခရီးသည်ဗျာ့။ ဘုရားကိုလဲ

လျှူချင်တယ်။ လျှူချင်ပေမယ့် ညကို လာပြီး မီးမထွန်းနိုင်ဘူး။ ပြီးတော့ သူများကို တစ်ဆင့် လှူလိုက်ပါဆိုရင်လဲ စိတ်မချဘူး။ ဒကာကြီးလဲ ကိုယ်လုပ် နေကျဆိုတော့ သူများအပ်ရင် ငါ့လို လုပ်မှာပဲဆိုပြီး ထင်မှာပဲ။ ဒါကြောင့် မအပ်တာဗျာ့။ (တပည့်တော်လဲ သည်လိုပဲ လုပ်နေကျကိုးဘုရား။)

ဟုတ်တယ်ဗျာ့။ အခုလို လုပ်တတ်တဲ့လူကို သွားအပ်ထားလိုက်ရင်လဲ ကုသိုလ်ရမှာ မဟုတ်ဘူး။ ဒါကလေးမှ ဘာမှ မဖြစ်လောက်ဘူး။ မဖြစ်လောက် ပေမယ့် ဝါသနာပါတာက ယူတတ်တဲ့ ဝါသနာ ပါတယ်။ တစ်ခါယူမိရင်လဲ ဘယ်တော့မှ ရပ်မှာမဟုတ်ဘူး။ အဲသည်တော့ သူ့မအပ်ချင်တာက အကယ်၍ အပ်လိုက်ရင် သူ့ကို အပါယ်ချလိုက်တာနှင့် အတူတူပဲ။ နင် အပါယ်က မတက်နဲ့တော့လို့ အဲသည်လို ခိုင်းတာနှင့် အတူတူပဲ။ ဒါကြောင့် သူတို့ကို မအပ်ဘဲ လုပ်တာနှင့် ကူတယ်။ တချို့လဲ ရမ်းလုပ်တာနှင့် တူတယ်။

မေး။ ။ရမ်းလုပ်တာနှင့် အခုလိုလုပ်တာ ဘယ်သင်းကများသလဲ။

ဖြေ။ ။ရမ်းလုပ်တာက များပါတယ်ဘုရား။

ဒါ အပိုပြောတာ မဟုတ်ဘူး။ ကိုယ့်ပစ္စည်းကိုယ် သုံးတာပေါ့လို့ သုံးပေမယ့် ဒါဟာ မသုံးသင့်ဘူး။ သည်လိုသုံးတာကို သုံးတာမြင်တဲ့ လူတကာက ဘာဖြစ်လို့ သုံးတယ်ဆိုတာ မြင်မှာပဲ။ သက်သက်မဲ့ ကိုယ့်ပစ္စည်းလဲ ကုန်သေးရဲ့၊ မြင်တဲ့လူက ဘယ်လိုမှတ်သွားမလဲ။ ဘာမှနားလည်တဲ့ အကောင် မဟုတ်ဘူး။ ပြီးတော့ သူဟာ တစ်ခုကို မြင်တာနှင့် သည်နေရာမှသာလျှင် မဟုတ်ဘူး။ သည့်ပြင်နေရာမှာလဲ ဒါမျိုးချည်းပဲ လုပ်မှာပဲဆိုပြီး တစ်ခါတည်း မှတ်လိုက်မှာပဲ။ ဟုတ်လဲဟုတ်တယ်။ ဟုတ်တဲ့အတိုင်းပဲ ဒါမျိုးသုံးမှာပဲ။ သည်နေရာမှာတွင် လွဲမှာ မဟုတ်ဘူး။ သည့်ပြင်နေရာမှာ ပွဲစရာရှိတဲ့နေရာ အကုန်လွဲမှာဗျာ့။

တစ်ခုကို သေသေချာချာ တတ်သွားရင် သည်မနေရာသာမဟုတ်ဘူး။ နေရာကိုင်းမှာ တတ်သွားတယ်။ သို့သော်လဲ ဒါကို လေ့ကျင့်ကြနော်။ ကြားကြရဲ့လား၊ အဲဒါ ဘုရားဟောတော်မူတာတွေကို ပြောတာဗျာ့။

ဒါကြောင့် သဒ္ဓါတရားနှင့် လှူလိုက်တဲ့ ပစ္စည်းကို ဘုရားရှင် ဟော တော်မူတာက နည်းနည်းကလေးမှ မပျက်စီးစေရဘူးတဲ့၊ တစ်လုံးတစ်ခြမ်းမှ မပျက်ဘဲ ဒါတွေ အကုန်တတ်ရတယ်။ သုံးတဲ့နေရာမှာ ခရီးရောက်သွားအောင် သုံးရမယ်။ သည်လို သုံးတော့မှလဲ သာသနာ ထွန်းတောက်သင့်သလောက်

ထွန်းတောက်မယ်။ အသုံးလိုတဲ့နေရာ မနည်းဘူးရှိတယ်။ အဲသည်နေရာမှာ သုံးရမယ်။ အလကား ကုန်သွားမယ့်နေရာမှာ မသုံးရဘူး။ အလှူရှင်က ငါလှူလိုက်တာက သည်လို လုပ်ရအောင် လှူတာ။ သင်းတို့တတွေက ခုလို နေရာမကျတာကြီး လုပ်ထားတော့ အလကား ပစ္စည်းကုန်တာပဲဗျာ့။ တကယ်လို့ အခုလို သုံးရမယ့်နေရာမှာ သုံးရင် များများကြီး နေရာကျမယ်။ အခုတော့ သက်သက်မဲ့ အချည်းနှီး ဖြုန်းတာပဲ။ သည်လို ဌာနာဌာန ကောသလ္လဉာဏ်က အင်မတန်န ည်းတယ်ဗျာ့။

အခုပြောတာက နည်းနည်းကလေးပြောတာ၊ အများကြီးရှိသေးတယ်။ သည်တစ်ခုတည်းပဲ အများကြီးရှိတယ်။ဒကာ၊ ဒကာမကြီးများက သဒ္ဓါ တရားနှင့် လှူလိုက်တဲ့ ပစ္စည်းတွေကို အခုလို မဖြစ်ရအောင် လုပ်ရမယ်။ ဘုရားဟောတာလဲ အားလုံး သိပြီးသားဖြစ်တယ်။ သည်အဆုံးအမကိုလဲ မှတ်သားပြီးသားရှိတယ်။ မှတ်ပြီးတော့ ထားတာထဲက သည်အလုပ်ကို ကောင်းမွန်စွာ ကျေပွန်အောင် လုပ်တတ်ရမယ်။ အကုန်မှတ်ရမယ်၊ ကြားလား။

ကိုယ့်ပစ္စည်းကို ကိုယ်သုံးတယ် ဆိုပေမယ့် အခုလို ပိုင်းခြားပြီး မှတ်ရမယ်။ နည်းနည်းကလေးမှ မပျက်စီးရဘူး။ တစ်လုံး တစ်စေ့ တစ်ခြမ်းမှ မပျက်စီးရဘူး။ အဲဒါကို အသုံးချအောင် အသုံးချရမယ်။ ဒါတွေကို အသုံးချစရာကလဲ အများကြီးရှိတယ်။ အကျိုးမရှိတာ နည်းနည်းကလေးမှ မလုပ်ရဘူး။ ဘုရားဆုံးမတော်မူတာတွေဟာ အင်မတန်ကောင်းတယ်။ သူတို့လဲ ပြောတတ်ပါတယ်ဗျာ။

## ထောပတ်တစ်စက် မပစ်ရက်

ရှေးက သူဌေးမကြီးတစ်ယောက် လုပ်တာကို ကြည့်စမ်းပါ။ ဇီဝကဆေး ကုတဲ့နေရာမှာ ကြည့်စမ်း၊ သည်ဒကာမကြီး သူဌေးမကြီးဗျာ့။ သူ့မှာ ဝေဒနာတစ်ခု ဖြစ်ကော့၊ ဇီဝကနှင့်ကုမယ်ဆိုပြီး ဆေးကုတယ်။ ကုတော့ သူရဲ့ ဝေဒနာအတွက် ထောပတ်ကလေး တလက်ဆွမ်းတဲ့ဗျာ့။

မေး။ ။တလက်ဆွမ်းဆိုတာ ဘယ်လောက်များမလဲ။

ဖြေ။ ။တစ်ဇွန်းလောက် ရှိပါလိမ့်မယ်ဘုရား။

မေး။ ။ဘယ်ဇွန်းနှင့် တစ်ဇွန်းလဲ။

ဖြေ။ ။လက်ဖက်ရည်ဇွန်း တစ်ဇွန်းလောက် ရှိပါလိမ့်မယ်ဘုရား

အဲသည်လောက်ရှိတဲ့ ထောပတ်ကလေးနှင့် သူ့ဆေးနှင့် ရောနှောစိမ်ပြီး နှာနှပ်တာဗျာ့။ အဲသည်လို နှာနှပ်တော့ သူဌေးမကြီးက ချေလိုက်တဲ့အခါမှာ သည်ထောပတ်ကလေးက ပြန်ထွက်လာတယ်ဗျာ့။ အဲသည်လို ပြန်ထွက်လာတော့ ထောပတ်ကလေးကို သူဌေးမကြီးက သူ့ကျွန်မတွေ ခေါ်ပြောသတဲ့ဗျာ့။ "ဟဲ့ သမီးတို့ သမီးတို့၊ ဝွမ်းနှင့် တို့ယူထားကြ"ဆိုပြီး ထောပတ်ကို ဝွမ်းနှင့်တို့ပြီး ယူခိုင်းတယ်ဗျာ့။ ထောပတ်ကလဲ အခုနလို လက်ကလေးနှင့်ယူပြီး ဆရာရဲ့ ဆေးနှင့်ကလဲ ရောနှောထားသေးတယ်။

သည်တော့ နှာနှပ်လို့ ချေလိုက်တဲ့အခါ ပြန်ထွက်လာတဲ့ ထောပတ်ဆိုတော့ ဘယ်လောက်များ ရှိမှာလဲ။

ဖြေ။ ။တစ်ဝက်တစ်စိတ်လောက်ပဲ ရှိပါတော့တယ်ဘုရား။

အေး-အဲသည်လို ချေလိုက်လို့ ကျလာတဲ့ ထောပတ်ကလေးကို "ဟဲ့ သမီးတို့၊ ဝွမ်းနှင့်တို့ပြီး ယူထားကြဟဲ့"လို့ ခိုင်းသတဲ့ဗျာ့။ ဟိုလိုတော့ ယူလို့မှ မရဘဲကိုး။ ဝွမ်းကလေးနှင့်တို့ပြီး ယူမှရလို့ အဲဒါကို ဝွမ်းကလေးနှင့်တို့ပြီး ယူထားလို့ ပြောသတဲ့ဗျာ့။ အဲဒါ သူဌေးမကြီးက ခိုင်းတာဗျာ့။

မေး။ ။ဒို့အခု သည်နေရာမှာ သူဌေးတွေ၊ သူဌေးမကြီးတွေ ပါကြရဲ့လား။

ဖြေ။ ။ပါကြပါတယ်ဘုရား။

မေး။ ။အဟုတ်ကို သူဌေးကြီးလို့ ခေါ်နေတာ ပါသလားဗျာ့၊ ဒကာကြီးက သူဌေးကြီးလား။

ဖြေ။ ။တပည့်တော်ကတော့ သူဌေးကြီး မဟုတ်ပါဘုရား။ သည့်ပြင် ဒကာသူဌေးကြီးတွေ၊ ဒကာမသူဌေးမကြီးတွေ ပါပါတယ်ဘုရား။

မေး။ ။အေး-အဲသည် သူဌေးကြီးတွေကတော့ သည်လို လုပ်ကြမှာလားဗျာ့။

ဖြေ။ ။မလုပ်ပါဘုရား။

မေး။ ။ဟိုလို သူဌေးမို့ မလုပ်တာထားပါဦး၊ အခုဒကာကြီးရော လုပ်သလား။

ဖြေ။ ။မလုပ်ပါဘုရား။

မေး။ ။သည်လို ထောပတ်ကလေး ထွက်လာတဲ့ဟာကို မြင်တော့၊ ဘယ့်နှယ်လဲ၊ "ဟဲ့ သမီးတို့၊ ဝွမ်းကလေးနှင့် တို့ယူထားဟဲ့"လို့ ခိုင်းမှာလား။

ဖြေ။ ။မခိုင်းပါဘုရား။ လွှတ်ပစ်လိုက်မှာပါဘဲဘုရား။

**ဆရာဇီဝက အထင်လွဲ**

အေး–အခုန သူ့ဌေးမကြီးကတော့ သည်လိုမဟုတ်ဘူးဗျာ။ ဂွမ်းကလေးနှင့် တို့ယူထားလိုက်လို့ ခိုင်းသတဲ့ဗျာ။ အဲသည်လို လုပ်တာကို ဆေး ကုတဲ့ ဇီဝကက တွေ့သတဲ့ဗျာ။ တွေ့တော့ 'အင်း ငါ့မှာတော့ ပညာတော့ အဖိုးထိုက်ပါတယ်။ သို့ပေမယ်လို့ အခု ဆေးကုတာဖြင့် ငါ့ပညာနှင့် ထိုက်သလောက် တန်သလောက် ရမှာမဟုတ်ဘူး'ဆိုပြီး စိတ်ထဲက သည်လိုပြောတာတဲ့ဗျာ။ သည်လို ဇီဝက ဖြစ်တာကို သူက သိတယ်ဗျာ။ သည်တော့ ပြောလိုက်တာတဲ့ဗျာ။ ဘယ်လို ပြောသလဲဆိုရင်

'ဆရာရဲ့ ကုပါတဲ့၊ ဆရာရဲ့ ကျေးဇူးကို သိပါတယ်တဲ့။ အရာရာမှာ သူ့နားလည်ပါသတဲ့။ သူ့ကို ကုသာကုပါ။ သည်ဟာကလေးတော့ အချည်းနှီး မဖြစ်ရအောင် ပစ္စည်းဆိုတာမျိုးဟာ အလကား မကုန်ရဘူးတဲ့။ ဒါကလေးကို ဒီလို တို့ယူထားတော့ အသုံးကျတယ်။ ဘယ်လို အသုံးကျသလဲဆိုတော့ ကြောင်တို့ ခွေးတို့ အနာဖြစ်တဲ့အခါမှာ ဒါကလေးနှင့် သုတ်လိုက်လို့ ခိုင်းရတယ်တဲ့။ နောက်ပြီး မီးတို့ ဘာတို့ ညှိချင်တယ်ဆိုရင်လဲ ဒါနှင့် ညှိလိုက်လို့ ခိုင်းရတယ်တဲ့။ ဒါကြောင့်မို့ ဆရာရဲ့ ပစ္စည်းဆိုတာ အလကား အချည်းနှီး မဖြစ်စေရဘူးတဲ့။ ဆရာရဲ့ ကျေးဇူးကို သိပါတယ်'လို့ ပြောသတဲ့ဗျာ။ သည်တော့ ဇီဝက စိတ်အေးသတဲ့ဗျာ။ ဆေးကုလို့ ပျောက်တဲ့ အခါကျတော့ ဘယ်လောက်များ ပေးသလဲဆိုရင် ပေးလိုက်တာ အတော် များများကြီးကို ပေးလိုက်ပါသတဲ့ဗျာ။ကျေးပေါင်း၊ ကျွန်ပေါင်း၊ သတ္တုဒါမိ ကညာ၊ ရထား၊ ကျေးနှင့် ကျွန်နှင့် ဘာမှမလိုဘူးဗျာ့။ သည်တခါပေသည်း ဆေးကုလိုက်တာ ဒါတွေ အကုန်ရသတဲ့ဗျာ။ အဲသည်ကျတော့ သည်လို မဟုတ်ဘူးဗျာ့။ သူ့နေရာနှင့် သူကိုးဗျာ။

ဒါကြောင့်မို့ အကုန်လုံးတို့ဟာ သည်လိုဟုတ်ရမယ်၊ သည်လိုမှတ်ရမယ် ကြားလား။ အခုပြောတာ ရတနာသုံးပါးနှင့် ပတ်သက်ပြီး ပြောတာ။ အထွင်ရှ အထိပ်တွေကို များများဟုတ်ရမယ်။ များများကြီး ဟုတ်ပြီဆိုတော့ အစီးအပွားတွေက သည်လိုမကဘူး။ ဆက်ကာဆက်ကာ အကုန်လုံးတို့ဟာ အသုံးချသလို အသုံးဝင် သွားပြီဆိုတော့ မြင်တဲ့လူများ မပြောရဘူး။ သူများမြင်တာ မမြင်တာ နေပေ့စေ၊ ကိုယ့်ဟာကိုယ် သိတယ်။

ဒကာကြီးက အခုန ရွှေတိဂုံဘုရားကြီးကို ပြောတယ်။ အဲဒါကလဲ

မြင်တဲ့လူတွေ ရှိတယ်။ သူ့ခများများမှာ ခရီးသည်တွေ ဖြစ်လေတော့ ပူဇော်ချင်တာကလဲ သည်လိုမှဖြစ်တယ်။ ဒါကြောင့် သည်လိုလုပ်တာ။ သည်လို မလုပ်ဘဲ အခုတွင်က ပြောသလို ခိုင်းရင်လဲ သူများကိုသွားပြီး အပါယ်ချတာနှင့် မတူဘူးလား။ ကိုယ့်အတွက်နှင့် ဒီလို မဖြစ်ရအောင်ဆိုပြီး သည်လို လုပ်တာနှင့် တူတယ်။ (နားလည်ပါပြီဘုရား။) အပါယ်ကျမည့်ဟာကို မခိုင်းရဘူး ဟုတ်ကြလား။ (ဟုတ်ပါပြီဘုရား။)

အခု ဒကာကြီးများမှာ သား၊ သမီး၊ မြေး၊ မြစ်တွေရှိတယ်။ စိန်တွေ၊ ရွှေတွေကလဲ ပေါများတယ်။ သား၊ သမီးတွေကလဲ စိန်တွေ ရွှေတွေ ဆွဲချင် ဝတ်ချင်လိမ့်မယ်။

မေး။ ။ကိုယ်က ချီးမြှောက်တာကို သားတို့ သမီးတို့ခံနိုင်မယ်၊ မခံနိုင်ဘူး ဆိုတာကို ပြန်မကြည့်ဘူးလား။

ဖြေ။ ။ကြည့်ပါတယ်ဘုရား။

မေး။ ။အေး–ကိုယ်က ဆင်ခြင်ပေမယ့် မခံနိုင်ဘူးဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ဆင်ခြင်ပေမယ့် မဆင်ပါဘူးဘုရား။

မေး။ ။မခံနိုင်သေးရင် သည်အတိုင်းပဲ ထားရတယ်မဟုတ်လား၊ ပစ္စည်းတွေ ရော မဆင်ခြင်ဘူးလား။ ဘာဖြစ်လို့ မအပ်သလဲ။

ဖြေ။ ။မတော်သေးလို့ပါဘုရား။

မေး။ ။အဲဒါဟာ မြင်ပြီးသားမို့၊ ဒါ အပ်လိုက်ရင် သူတို့မှာ အစီးအပွားများ တော့မှာ မဟုတ်ဘူး၊ ဟုတ်ကဲ့လား။

မေး။ ။သူတို့မှာ အန္တရာယ်ဖြစ်သွားမှာပါဘုရား။

မေး။ ။ပြီးတော့ အန္တရာယ်ဖြစ်တော့ သူတို ဖြစ်ချင်ဖြစ်ဆိုပြီး လွှတ်ထားမလား။

ဖြေ။ ။မလွှတ်ပါဘုရား။

အေး–အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အခုန ဌာနာဌာနကောသလ္လဉာဏ် မရှိလို့၊ နောက်တော့ အရေးအခွင့် မသိရာရောက်တယ်။ သည်လိုလုပ်လိုက်ရင် ဒင်းကလေး ဆင်းရဲပြီး ဒင်းကလေး အမှုရောက်ရတယ်လို့ ဗိုင်းပြီး ဆိုကြမှာပဲဗျာ။ ခုနလို စိတ်နှစ်မျိုးရှိလျှင် နောက်ကျတော့ သူတို့ဘာသာ သူတို့ သိလိမ့်မယ်။ အခုတော့ သူတို့ကို မအပ်လိုလို့တော့ မဟုတ်ဘူး။ အခုလို အပ်လိုက်ရင် သူတို့လဲ အမှုရောက်မယ်။ ကိုယ်လဲ အမှုရောက်မယ်။

ဘယ်တော့မှ မဆုံးနိုင်အောင် သံသရာတခွင်မှာ နေရာကျမယ်မဟုတ်ဘူး။ ဘုရားဆုံးမတော်မူတာတွေက အင်မတန် ကျယ်ဝန်းတယ်။ အခုလဲ ဘုရားဆုံးမတော်မူတာတွေကို လျှောက်ပြောရတာဗျာ့။ ဒါဟာ သီလပိုင်းက ပြောတာ။ ပြောတာက နည်းနည်းကလေးရယ်၊ အစီးအပွား ပြောရတာ။

နေရာမကျတာတွေ နေရာကျအောင် လုပ်ပေးရမယ်။ အဲဒါမှ ဘုရားရှင်ရဲ့ သာသနာ တည်တံ့အောင်၊ ရှင်လူရဟန်းများဟာ သိနေအောင် နားလည်ရမယ်။ အပါယ်ကျမည့်ဟာ မကျအောင် သည်လိုလုပ်ရမယ်ဗျာ့။ ဆွမ်းတစ်စေ့ တစ်လုံးကအစ အလကား မဖြစ်ရဘူး။ ဥပမာ–ဒကာကြီး၊ ဒကာမကြီးများ ဆွမ်းကပ်ရော၊ ဆွမ်းကပ်တော့ ဒို့က စားရော။ စားတဲ့နေရာမှာ အခုလို ချွတ်ယွင်းနေတာကို မြင်ရင် ဒကာကြီး သဘောကျပါ့မလား၊ သဘောမကျရင် ပစ္စည်းလဲ ကုန်သေးတယ်။

မေး။ ။သည်လို သဘောမကျဘဲ သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပါဘုရား။

## သာမာဝတီနှင့် မာဂဏ္ဍီ

အဲသည်လို မဖြစ်ရအောင် တို့က ဆောင်ရမယ်ဗျာ့။ အေး...ရှေးက အရှင်တွေက သည်လို ဆောင်တာဗျာ့။ သည်လို ဆောင်သွားပြီဆိုတော့ များများကြီး အစီးအပွားတွေ ရှိတော့တာပဲဗျာ့။ အခုန သာမာဝတီတို့ကိုပဲ ပြောကြပါစို့ရဲ့။ သာမာဝတီဟာ ဘုရားနှင့် ကင်း၍ မနေနိုင်ဘူးတဲ့ဗျာ့။ ဘုရားရှင်ကို အမြဲဆည်းကပ် ပူဇော်နေသတဲ့ဗျာ့။ အဲသည်လို နေတဲ့အခါမှာ သူတို့နှင့် မတည့်တဲ့ မာဂဏ္ဍီဆိုတာက ရှိသေးတယ်။ သူကလဲ ရှင်ဘုရင်မကြီးပဲ။ သူက ဘာကြောင့် မတည့်သလဲဆိုရင် သူ့ဟာသူ မတည့်တာ။ အဲဒါကလဲ ဘုရားရှင်က မတည့်အောင် လုပ်တာမဟုတ်ဘူး။ သူနောက်တုန်းက ဆည်းပူးခဲ့တဲ့ ပရိစယက လွန်လွန်းလို့ ခုနဟာ မတတ်လို့ ဖြစ်သွားတာဗျာ့။ သူက သူများထက် ပိုလှသတဲ့ဗျာ။ သည်တော့ သူ့မိဘများက မှန်းထားတာက သူ့ရွှေသမီးဆိုတော့ မိဘတွေက အကုန်ကြည့်ရတာ ထင်ပါရဲ့ဗျာ။ သားနှင့် သမီးနှင့် တန်ရုံလောက်တော့ သူတို့က မှန်းထားတာဗျာ့။ သမီးမာဂဏ္ဍီနှင့် သင့်တော်မည့်ယောကျ်ားကို ကြည့်နေတာဗျာ့။ မတွေ့ဘူးတဲ့ဗျာ။

နောက်ကျတော့မှ ဘုရားရှင် ကြွလာတာကို တွေ့ရတော့မှ အဖ

ပုဏ္ဏားကြီးက "ငါ့သမီး မာဂဏ္ဍီဟာ ဘယ်သူနှင့်မှ မထိုက်တန်ဘူး။ သည် ယောကျ်ားမြတ်နှင့်မှပဲ ထိုက်တန်တယ်"ဆိုပြီးတော့ တစ်ခါတည်း အိမ်ပြန်ပြီး ပြေးတယ်မဟုတ်လား။ အိမ်ရောက်တဲ့ အခါကျတော့တဲ့ တစ်ခါဖြင့် နေရာကျပြီ။ "မြန်မြန်လုပ်ကြဟဲ့" "ဟဲ့ သမီးကို တင့်တောင့်တင့်တယ်ဖြစ်အောင် လုပ်။ အပ်နှံဖို့ မြန်မြန်လုပ်ကြ"တဲ့လို့ ပြောတယ်။ သူက အလုပ်အကျွေး မှန်းထားတာကိုးဗျာ့။

သူက ပျာယီပျာယာနှင့် ဘုရားရှင်ရှိရာကို ပြန်လာတဲ့အခါကျတော့ ဘုရားရှင်ကို မတွေ့တော့ဘူး။ မမြင်ရတော့မှ သူက ဆူတာပူတာပေါ့ဗျာ။ "နင်တို့နှေးလို့ အခု မရှိတော့ဘူး"ဆိုပြီး ဆူတာပေါ့ဗျာ့။ ဒါပေမယ့် ဘယ်ဒင်းတွေ ရှိသလဲဆိုတော့ မြတ်စွာဘုရားရဲ့ စက်တော်ရာ ချထားခဲ့တာကို တွေ့သတဲ့ဗျာ။ တွေ့တော့မှ "ဟဲ့ သည်မှာကြည့်ဟဲ့။ ယော်ကျ်ားမြတ်ရဲ့ခြေရာ ကြည့်ကြ"ဆိုတော့မှ ကြည့်ဗျာ့။ သည်အခါမှာ ပုဏ္ဏေးမ ဒကာမကြီးက "အမယ်မင်း မောင်နှားမလည်လို့ သည်လိုပြောတာ"။ ဒကာမကြီးက မြင့်မြတ်တာ သိသတဲ့ဗျာ။ ဤကဲ့သို့ အရှင် သခင်ကို "သည်လိုမဟုတ်ဘူး။ မောင့်သမီး မောင်မှန်းသလို မဖြစ်နိုင်ဘူး"၊ အဲသည်လိုဆိုတော့မှ "နင် ဘာပြောပြော မဟုတ်ဘူး"တဲ့။

## မာဂဏ္ဍီရဲ့ရန်ငြိုး

တော်တော်ကြာ ဘုရားရှင် ဆွမ်းခံသွားလို့ ပြန်လာတော့မှ ခုနဟာ သူမှန်းထားတဲ့အတိုင်း ရောက်တော့တာပဲဗျာ့။ သည်အခါကျတော့မှ ဘုရား ရှင်က ဆုံးမတော်မူသတဲ့ဗျာ့။ သည်အခါကျတော့မှ သူတို့ဟာ အားလုံး နေရာကျသွားရောဗျာ့။ ဒါပေမယ့် မာဂဏ္ဍီကတော့ ဘယ်လိုမှတ်သလဲဆိုတော့ ဘုရားရှင်က မနှစ်သက် မမြတ်နိုးဘဲနေတော့ သူက "နေပေ့စေ။ အခုလို ငါ့ကို ကဲ့ရဲ့ရှုတ်ချမှုဟာ နောင်ကို သိစေမယ်"ဆိုပြီး ရန်ငြိုးဖွဲ့တာဗျာ့။ သူ့မိဘတွေကတော့ နေရာကျသွား ကြတယ်။သူ့မှာသာ နေရာမကျတာနှင့် အခုသည်မှာလာပြီး ရှင်ဘုရင်မကြီးဖြစ်တော့ ဘုရားရှင်ကြွလာတဲ့အခါ သာမာဝတီတို့က ကြည်ညိုပူဇော်လို့။ သူကတော့ အခုလို ဘုရားရှင်ကို ကြည်ညိုရမလားဆိုပြီး ရန်ငြိုးဖွဲ့တာဗျာ့။ ဒါပေမယ့် သူလုပ်လို့တော့ မဖြစ်ဘူး။ နောက်ဖြစ်သွားတာက သူလုပ်လိုတဲ့အတိုင်း ဖြစ်သွားတာပဲဗျာ့။ သူက

အမျိုးမျိုးအဖုံဖုံတွေ ချွတ်ချော်အောင် ရှင်ဘုရားကို ပြောတယ်။

တနေ့သဉ္ဇကျတော့ ရှင်ဘုရင်ကလဲ ထင်ရောင်ထင်မှားဖြစ်ပြီး သေသေချာချာကို သာမာဝတီကိုခေါ်ပြီး မြားနှင့် ပစ်သတ်တာပဲ မဟုတ်လား။ အဲသည် လိုမြားနှင့် ပစ်တဲ့အခါကျတော့ သာမာဝတီကို မြားမရောက်ဘူးတဲ့ဗျာ။ သူ့မှာတော့ မောလို့တဲ့ဗျာ။ သည်ကျတော့မှ ရှင်ဘုရင်က "ငါကတော့ အသက်ရှိတဲ့မင်း။ ငါဟာ အသက်မရှိတဲ့ မြားလောက်မှ ကျေးဇူးဂုဏ်ကို မသိဘူး"ဆိုပြီး သာမာဝတီကို တောင်းပန်ရတာဗျာ။ သည်တော့မှ သာမာဝတီက ကျေးဇူးဂုဏ်သိဖို့ရာ ဘာမျှ မလိုပါဘူး။ "အရှင်မင်းကြီးဟာ ဘုရားရှင်ကို ဆည်းကပ်ပူဇော်ပါ၊ ကိုးကွယ်တော်မူပါ"လို့ အဲသည်လို သံတော်ဦးတင်သတဲ့ဗျာ။

သည်တော့မှ ရှင်ဘုရင်ကလဲ ဘုရားရှင်ကို ကြည်ညိုလေးစားပြီး ဘုရား ရှင်ကို ပင့်ပြီးတော့ ဘုရားရှင် ဟောတော်မူတဲ့ အဆုံးအမကို ခံယူပြီး ကြည်ညိုတာဗျာ။ အရင်လိုတော့ မဟုတ်တော့ဘူး။ ပြီးတော့ ဘုရားရှင်ရဲ့ အဆုံးအမတွေကို ဆုံးမတတ် ညွှန်ကြားတတ်တဲ့ ရဟန်းများကိုလဲ နေ့စဉ်နှင့်အမျှ နန်းတော်သို့ ကြွရောက်ချီးမြှောက်ဖို့ရာ ရဟန်းသံဃာတော် ပေးပါဆိုတော့မှ သူ့အလိုလိုက်ပြီး ရဟန်းတော်တစ်ပါး ပေးရတယ်။ ပြီးတော့ သံဃာတော် နှင့်တကွ အခြွေအရံ ငါးရာကို အဝတ်အထည်တွေ တစ်စုံစီ ပေးသတဲ့ဗျာ။

## အရှင်အာနန္ဒာကို အထင်လွဲ

သည်လိုပေးလိုက်တဲ့ အဝတ်အထည်တွေကို သံဃာတော်တွေကို သူတို့ဆံ အကုန်လှူလိုက်ကြတာဗျာ။ သည်လို လှူလိုက်တော့ ရှင်ဘုရင်က သူ့ဆီ ဝတ်ပြီး လာတာ မမြင်တော့ "နင်တို့ ပေးလိုက်တဲ့ ဝတ်ဖို့ဆင်ဖို့ ပေးလိုက်တာ ဘယ်မှာလဲ"မေးတော့၊ "ဘုရားကျွန်မများ ညီတော်အာနန္ဒာကို လှူလိုက်ပါ တယ်" ဆိုတော့မှ ရှင်ဘုရင်က စိတ်ထဲမှာ ဘယ်လိုလဲဆိုတော့ ပြောတော့မပြောဘူး။ ညီတော်အာနန္ဒာ လာပါ့တည်းရှယ်။ 'မောင်မငါးရာ ဝတ်ဖို့ ပုဆိုးအစုံ ငါးရာဆိုတော့ များလွန်းတယ်။ ဒါတွေကို သူဘယ့်နှယ်လုပ် မလို့ပါလဲ။ သူအလှူခံတာ များလွန်းတယ်'လို့ သဘောမကျဘူး။ သဘော မကျပေမယ့် ဘာသာပဲ နေတယ်။

နောက်တော့မှ ညီတော်အာနန္ဒာ ကြွလာတဲ့အခါကျတော့မှ ဆည်းကပ်

ပူဇော်ပြီးတော့ လျှောက်သတဲ့ဗျာ။

"အရှင်ဘုရား။ သာမာဝတီတို့က ပြောတယ်။ ပုဆိုးအစုံငါးရာ လှူတယ် ဆိုပါတယ်။ အရှင်ဘုရားတော့ တစ်ပါးတည်းပါလား"ဆိုတော့မှ ညီတော်အာနန္ဒာက "ငါကတော့ တစ်ပါးတည်းပဲ။ သို့သော် အခုငါ့မှာတော့ မရှိဘူး။" ဘယ်လိုတုန်းဆိုတော့ "အဝတ်သင်္ကန်း ဆွေးမြည့်နေတဲ့ တခြား သံဃာတော်တွေ အများကြီးရှိတယ်။ အဲသည်လို သင်္ကန်းဆွေးမြည့်နေတဲ့ သံဃာတွေကို လှူလိုက်ရတယ်"လို့ ပြောတယ်။ အဲသည်လိုဆိုတော့မှ "ဒါဖြင့် အရင်တုန်းက သင်္ကန်းတွေ ဘယ်ရောက်သွားသလဲ။" "အရင်က သင်္ကန်းက ရှိတယ်။ အဲဒါက ဆွေးမြည့်နေပြီ။ အဲဒါကြောင့် အဲသည် ဟာကို လဲရမယ်။" "လဲလိုက်တဲ့ သင်္ကန်းကကော"ဆိုတော့ အဲဒါက "အိပ်ရာခင်း ပြုရတယ်"တဲ့ဗျာ။ ဒါဖြင့် "အရင်က အိပ်ရာခင်းက ဘယ်ရောက် သွားသလဲ။" "အဲဒါက ဆွေးမြည့်နေပြီ။ အဲဒါက ဆွေးမြည့်နေပေမယ့် အချည်းနှီး မဖြစ်ရအောင် ဒါကို ခြေသုတ်ကြိုးဝန်း လုပ်ရတယ်။" ခြေသုတ် ကြိုးဝန်းဆိုတာ ရှေးကတော့ ရှိတယ်။ ဒကာကြီးများ မသိဘူးလား။ (မသိပါဘူးဘုရား။)

မသိဘူးဆိုတာ မဟုတ်ဘူး။ သင်္ကန်းစုတ်နေတဲ့ ဟာတွေကို ဆုတ်ပြီးတော့ ကြိုးလုပ်ရတယ်။ ကြိုးလုပ်ပြီး အဝိုင်းကြီး လုပ်ရတယ်။ အဲသည် သင်္ကန်းတွေ စုတ်နေတာ ဝတ်ဖို့လဲ မဖြစ်ဘူး။ ခင်းလို့လဲ မဖြစ်ဘူး။ သည်တော့ ခြေသုတ်ကြိုးဝန်း လုပ်ရတယ်။

မေး။ ။ဒါကတော့ သင်္ကန်းစုတ်နေတာကို နောက်ဆုံးပိတ် အသုံးပြုတာပေါ့ ဘုရား။

အဲဒါ နောက်ဆုံး မပိတ်သေးဘူး၊ အဲဒီ သင်္ကန်းစုတ်တွေကို အခွေကြီး ခွေပြီး ကျောင်းအတက်အဆင်းမှာ ထားရတယ်။ အဲသည်လို ထားတာက ကျောင်းပေါ် တက်လာတဲ့အခါ အဲဒီနေရာမှာ ခြေသုတ်ရတယ်၊ ခြေသုတ် တာကလဲ သန့်ပြန့် စင်ကြယ်စေချင်လို့ မဟုတ်ဘူး။ ကျောင်းတွေ ဘာတွေ မပျက်စီးရအောင်လို့၊ မြူတွေ ဘာတွေနှင့် တက်လာရင် ကျောင်းတွေ ကြမ်းတွေ ပေမှာစိုးလို့၊ ပျက်စီး မှာစိုးလို့ မပျက်စီးရအောင် ဒါကို လုပ်ရ တာ။

"ဒါဖြင့် အရင်က ခြေသုတ်ကြိုးဝန်းကကော ဘုရား"လို့ မေးတော့

"အရင်က ခြေသုတ်ကြိုးဝန်းကလဲ ဆွေးမြည့်ကုန်တော့ သုတ်လို့ မဖြစ်တော့ဘူး။" (ခြေသုတ်ကြိုးဝန်းဆိုတာကို ဒကာကြီးတို့ သတိထားမိရင် မြင်ပါလိမ့်မယ်၊ အရင် ကသက်န်းတွေ ဝတ်မဖြစ်၊ ရုံမဖြစ်တဲ့ကို ခြေသုတ်ကြိုးဝန်း လုပ်တာပဲဗျာ။) အရင်က ခြေသုတ်ကြိုးဝန်းက ဆွေးမြည့်ကုန်တော့ သည်ဟာကို ဘယ့်နှယ်လုပ် ရသလဲဆိုရင် တောင်းတောက်စဉ်းပြီးတော့ မြေကြီးနှင့်နယ်ပြီး ထရံကို လိမ်းကျံရသတဲ့ဗျာ။

ရှေးက အခုလို လုပ်ရတယ်၊ အင်္ဂတေမရှိတော့ အခုလိုပဲ ရွှံ့နှင့်မံရတယ်။ သည်အတိုင်းထားတော့ ကြာကြာမခံဘဲ ကွဲဝာယ်၊ အက်တယ်။ အခုလို သင်္ကန်း စုတ်နှင့် တွဲတော့ မအက်ဘူး။ မြဲမြဲခိုင်အောင် သည်လိုလုပ်ရတယ်လို့ ပြောတော့မှ 'အသုံး အင်မတန် စေ့စပ်လှပါကလား'ဆိုပြီး သူက ထပ်ပြီးတော့ လှူသတဲ့ဗျာ။

ဟိုတုန်းကတော့ သူက အလှူခံတာ များလွန်းတယ်လို့ ဆိုပြီးတော့ စိတ်ထဲမှာ ဖြစ်သတဲ့ဗျာ။ သို့သော်လဲ ဘယ့်နှယ်တုန်းဆိုတော့ နောက်တစ်ခါကျတော့မှ ဘုရားသာသနာမှာ အင်မတန် မြင့်မြတ်တဲ့ ဟာတွေနှင့် ဆင်းရဲမှ လွတ်ဖို့ရာ အကြောင်းတွေ၊ ပြီးတော့ သဒ္ဓါတရားနှင့် လှူလိုက်တဲ့ ပစ္စည်းတွေကို အချည်းနှီး မဖြစ်စေရအောင် ဆောင်ပုံတွေ၊ အဲဒါတွေကို သိရသတဲ့ဗျာ၊ အဲသည်လို သိရတော့မှ အရင်တုန်းကဟာတွေ ဘယ်မှာလဲလို့ မေးစရာ ရှိသေးသလား။ (မရှိတော့ပါဘုရား။)

**ရဟန်းသံဃာ ဆည်းကပ်ရကျိုး**

အေး-အဲသည်တော့မှ သူ့ကြည်ညိုပြီးတော့ လှူတာဗျာ၊ ဒါကြောင့် ဘုရားဆုံးမတော်မူတာတွေက မကြည်ညိုသေးတဲ့လူကို ကြည်ညိုဖို့၊ ကြည်ညိုနေတဲ့ သူတော်ကောင်းအစားစားတို့မှာဆိုရင် အတိုင်းထက်အလွန် တိုးပြီး ကြည်ညိုဖို့တဲ့ဗျာ၊ အခုလဲ ရှင်ဘုရင်က အလှူခံတာ များတယ်ဆိုပြီး တယ်မတည့်ဘူးဗျာ၊ အခုန ရှင်ဘုရင်မကြီးက သံတော်ဦးတင်လိုက်တော့ သည်ရှင်ဘုရင်မ ကြီးက လှူတာကဟုတ်ပြီ။ ဒါပေမယ့် အလှူခံတဲ့ အရှင်က တစ်ပါးတည်းဆိုတော့ များလွန်းတယ်ဆိုပြီး တယ်သဘောမကျဘူးဗျာ။ သဘောမကျပေမယ့် သူက သာသာကလေး နေဟယ်ဗျာ။ နောက်တော့မှ အရှင်မြတ် ကြွတော်မူတော့မှ အနားနားကပ်ပြီး လျှောက်သတဲ့ဗျာ။ သည်လိုသာ အနားနားကိုလဲ မလာဘဲ သဘော မကျတဲ့အတိုင်း နေမယ်ဆိုရင် သူနေရာကျမှာ

မဟုတ်တော့ဘူးဗျာ့။

အေး-ဒါကလဲ မင်္ဂလသုတ်ထဲမှာ ပါပါတယ်ဗျာ့။ ရဟန်းသံဃာတော်များကို ဆည်းကပ်ရတယ်၊ ပူဇော်ရတယ်ဆိုတာ မင်္ဂလာတစ်ပါးပဲဗျာ့။ ဒါတွေလဲ သူတို့အားလုံး သိပြီးသားတွေပါဗျာ။ အခုသူဟာ နဂိုတုန်းက ကြည်ညိုလို့မဟုတ်ဘူး။ ဟိုဟာကြောင့် မေးတာ။ မတည့်လို့လို့ ပြောမှတော်မယ်။ သဘောမကျလို့ဗျာ့။ သို့သော်လဲ ဘုရားဆုံးမတော်မူတာမှတ်ပြီးတော့ သည်အတိုင်း လိုက်နာပြီး ပြုလိုက်တဲ့ အခါကျတော့ မကြည်ညိုတဲ့ဟာ ကြည်ညိုလာတယ်။ သူကတောင် ထပ်လှူလိုက်သေးတယ်ဗျာ့။

**နောက်ဘုရား ဘယ်က စောင့်မလဲ**

အဲသည်လိုဗျာ့။ အခုနပြောတဲ့ ဘုရားဆုံးမတာရယ်။ ပြီးတော့ အခုနသုံးသွားလိုက်ပုံကလဲ အချည်းနှီး မဖြစ်အောင် သာသနာအတွက် နေရာတိုင်းမှာ သည်လိုလုပ်ရတယ်။ သည်လို အသုံးတတ်ရတယ်။ အဲဒါဟာ ဘုရားဆုံးမတာတွေ ပဲဗျာ့။ သီလဘက်ကရော သာသနာဘက်ကရော တပြိုင်နက်တည်းပါတယ်။

မေး။ ။သည်အတိုင်းသွားကြတဲ့ အရှင်တွေဟာ ဆင်းရဲတဲ့ နယ်တခွင်မှာ ရှိသေးရဲလား။

ဖြေ။ ။မရှိတော့ပါဘုရား။

မေး။ ။ထင်မိထင်ရာလုပ်တဲ့ လူတွေက ဘယ့်နှယ်လဲ။

ဖြေ။ ။အပါယ်မတက်ပါဘုရား။

မေး။ ။အခုလို နေရာမကျဘူးဆိုရင် နောက် ဘယ်ထိအောင် မျှော်ရဦးမလဲ မပြောတတ်ဘူး။ နောက် သတင်းကြားထားတဲ့ ဘုရားတစ်ဆူက ဘယ်လောက်မှ ပွင့်မှာလဲ။

ဖြေ။ ။အင်မတန်ကြာမှ ပွင့်မှာပါဘုရား။

အေး-သည်ကြားမှာတော့ ပွင့်မှာပဲဗျာ့။ ဘယ်တော့လဲဆိုရင် သူ့အချိန်ကျရင် ပွင့်မှာပဲ။ ဘုရားသာသနာ ကုန်ဆုံးသွားပြီဆိုရင် နောက်ကို မြေကြီးတစ်ယူဇနာကျော်ကျော် တက်လာတဲ့အခါကျမှ ပွင့်မှာဗျာ့။ ဒါကတော့ ကေန္တ ပွင့်မှာပဲဗျာ့။

မေး။ ။အခု ဒကာကြီး ဒကာမကြီးတွေ သည်ကပြီး ဘယ်သွားမလဲဆိုတာ သိပါ့မလား။ (မသိပါဘုရား။)

မေး။ ။ဘုရားပွင့်တော်မူမှရယ်လို့ မှန်းထားတယ်မဟုတ်လား။ ဘုရားပွင့်တော်မူတော့မှ ဘယ်သွားပြီး ဘယ်ကစောင့်မှာလဲ။

ဖြေ။ ။တပည့်တော်တို့ နေရာတော့ ရနေပါပြီဘုရား။

မေး။ ။ဘယ်မှာလဲ။ (အပါယ်က စောင့်နေမှာပါဘုရား။)

မေး။ ။အဲသည်အခါကျတော့ ဘယ့်နှယ်လဲ၊ ဘုရားရှင်ကို တွေ့နိုင်ပါ့မလား။

ဖြေ။ ။မတွေ့နိုင်ပါဘုရား။

**ဆေးလိပ်နှင့် အပါယ်လေးပါး**

အေး–ဒါကြောင့် အခုနထားဆိုတဲ့ နေရာကလေးမှာ ထားကြ။ အဲသည်လို ထားလို့ စူးစူးစိုက်စိုက်ကလေး နေပြီဆိုရင်တော့ အပါယ်တော့ ဧကန္တမကျတော့ဘူးလို့ မှတ်ရမယ်။ သို့ပေမယ့် အခု ဒကာကြီး ဆေးလိပ်သောက်တဲ့အခါမှာ အခုန ထားဆိုတဲ့ နေရာကလေးမှာ ရှိသေးရဲ့လား။

ဖြေ။ ။မရှိပါဘုရား။

မေး။ ။အဲသည်လို ဆေးလိပ်သောက်ရင်း သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပါဘုရား။

မေး။ ။ကောင်းလိုက်လေရဲ့ဆိုပြီး လောဘစိတ်နှင့် သေသွားရင်ကော။

ဖြေ။ ။အပါယ်ရောက်သွားမှာပါဘုရား။

မေး။ ။အဲသည်လို ရောက်သွားတာဟာ ဆေးလိပ်ကချတာ မဟုတ်ဘူးဗျာ၊ သည်ဟာ သည်ရဟန်းက အလကားပြော၊ ဘယ်ပိဋကတ်သုံးပုံမှာမှ သည်ဆေးလိပ် မပါဘူးလို့ ပြောချင်ပြောမှာ၊ အခု ပြောနေတာက သည်ဆေးလိပ်မှာ စွဲနေတဲ့ လောဘ၊ ဒေါသ၊ မောဟကို ပြောတာ။

ဖြေ။ ။သိပါပြီဘုရား၊ သည်ဆေးလိပ်သောက်ရင်းလဲ အပါယ်ကျတယ်ဆိုတာ နားလည်ပါပြီဘုရား။

မေး။ ။ဒကာကြီး ဆေးလိပ် မသောက်ဘူးမဟုတ်လား။

ဖြေ။ ။သောက်ပါတယ်ဘုရား၊ ဒါပေမယ့် သည်တစ်ခါတော့ ဆေးလိပ်သောက်ရင် နှာသီးဝမှာ ထိသိမလွတ်အောင် သောက်ပါတော့မယ်ဘုရား။

မေး။ ။ဒါဖြင့် အဲသည်နေရာကလေးမှာ ထားတုန်းရော ဆေးလိပ် သောက်ပါဦးလားလို့ဆိုတော့ ခုနဟာကလေးကို သိပါဦးမလား။

ဖြေ။ ။နှာသီးဝမှာ အဟုတ်ထားရင် ဆေးလိပ်သောက်ချင်စိတ် မရှိတော့ပါဘူးဘုရား။

မေး။ ။ပြီးတော့ အခုလို ဆေးလိပ်သောက်ရင်း ထားရတာက နှစ်ခု ဒုက္ခ ရောက်နေတယ်။ သည်တော့ မသောက်ဘဲနှင့် ထားရင် မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

**အဟုတ်'အာမဘာန္တေ'**

အေး–ဒါကြောင့် အခုန ထားဆိုတဲ့နေရာမှာ စူးစူးစိုက်စိုက် ထားကြဗျာ့။ ဆင်းရဲကလွတ်အောင် ဘယ်လိုများ ဘုရားဆုံးမတော်မူသလဲဆိုရင် **'အပ္ပမာဒေန သမ္ပာဒေထ'**လို့ ဘုရားဆုံးမတော်မူတယ်မဟုတ်လား၊ ဒါဟာ ဘုရားအလို တော်ကျ **အကောင်းဆုံး အဆုံးအမတော်ပဲ။**

မေး။ ။အခုနတုန်းက 'အပ္ပမာဒေန သမ္ပာဒေထ'ဆိုတော့ ဒကာကြီး၊ဒကာမ ကြီးတွေက ဘယ်လိုဆိုလဲ။

ဖြေ။ ။အာမဘာန္တေလို့ ဆိုပါတယ်ဘုရား။

အဲဒါဆို တို့သိတာကတော့ ဘုရားဆုံးမတော်မူတဲ့အတိုင်း ထားရမည့် နေရာကလေးမှာ စူးစူးပိုက်စိုက်ကလေး မလွတ်အောင် တဆက်တည်းပါအောင် ထားပါမယ့်ဘုရားလို့ အဲသည်လို သိတာပဲ။

မေး။ ။ဒကာကြီးတွေ 'အပ္ပမာဒေန သမ္ပာဒေထ'က ဘယ်လိုလဲ။

ဖြေ။ ။ပါးစပ်က ဆိုနေကျမို့ ဆိုလိုက်တာပဲဘုရား။

မေး။ ။ဒါဖြင့် အခုနလိုတော့ မဟုတ်ဘူးပေါ့။

ဖြေ။ ။မဟုတ်ပါဘူးဘုရား။

ရှေးအရှင်ဘွေ့ကတော့ သည်လိုမဟုတ်ဘူးဗျာ့၊ အဟုတ်ကို 'အာမဘာန္တေ' လိုက်တာဗျာ့။ ဒါကြောင့် သူတို့မှာ အလိုရှိရာ နှစ်သက်တဲ့ ဗောဓိတွေ အသီး သီးဟာ ပြီးစီးအောင်မြင်ပြီး နိဗ္ဗာန်ကို စံဝင်သွားကြတာဗျာ့၊ ဒါကြောင့် အခုလဲ သည်လို ရှေးအရှင်တွေလို မှန်းထားတဲ့အတိုင်း ပြည့်အောင် ဟာ ရှေးအရှင်တွေ ဆောင်တာကို သိနေတော့ သည်အတိုင်း ပြည့်အောင် ဝီရိယထူထောင်ပြီး ကြိုးစားကြ အားထုတ်ကြဗျာ့။

(သာဓု–သာဓု–သာဓု။)

[၁၉၅၅–ခုနှစ်၊ မေလ (၁၁)ရက်ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားသည်။]

**အချိန်အခါကောင်းဆိုတာ**

" သည်အချိန်အခါကလေးမှာ၊
သည်လို အခွင့်အရေးရှိနေတဲ့
အချိန်ကလေးအတွင်းမှာ
မယူလိုက်ဘူးဆိုရင်
ရှေးအခါကဲ့သို့ပဲ
သံသရာတစ်ခွင်မှာ
နစ်မယ် - မြုပ်မယ်ဗျ။"

# မဂ္ဂင်ဖောင်ကြီး အသင့်စီး

## တရားတော်

ကောင်းမွန်စွာမှတ်သားပြီး နားလည်ထားတဲ့ အထဲက ဘုရားအဆုံးအမကို မှန်မှန်တစ်ခုကို ဝီရိယသန်သန်နှင့် ဤကဲ့သို့ ပြုကြမည်ဆိုလျှင် တပါးအာရုံတွင် မသွားစေဘဲ ယခုလို ထားမည်ဆိုလျှင် ထားတဲ့အတိုင်းသာနေ။ ဤကဲ့သို့နေတဲ့ အခါကျတော့ ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့၊ လေးပါးသော အပါယ်ကို ဆောင်တတ် ပေးတတ်ပါတဲ့ လောဘ ဒေါသ မောဟတို့ မရှိဘူး ဆိုတော့ အကုသိုလ် စင်ကြယ်တာပေါ့ဗျာ။

မေး။ ။အဲသည်လို စင်ကြယ်ပြီး ရှူးရှူးစိုက်စိုက် တည်နေတဲ့အချိန်မှာ စိုးရိမ်ကြောင့်ကြ ပူပန်ရသောအရာ ရှိပါဦးမလား။ (မရှိပါဘုရား။)

မေး။ ။စိုးရိမ်ကြောင့်ကြ ပူပန်ရတယ်ဆိုတာ ဆင်းရဲလား ချမ်းသာလား။ (ဆင်းရဲပါ ဘုရား )

မေး။ ။ဒီတော့ ကြောင့်ကြ စိုးရိမ်ပူပန်မှု မရှိဘူးဆိုတာ ဒါဟာ ဆင်းရဲထုတ်နုတ်ပြီး ဆောင်တာ မဟုတ်လားဗျ။ (မှန်ပါ့ဘုရား။)

မေး။ ။အခုချက်ချင်း ဝီရိယနှင့် ယှဉ်ထောင်လိုက်သည်ရှိသော် ဝီရိယိဒ္ဓိပါဒ်ဟာ ဆိုင်းငံ့ပြီး နေပါဦးမလား။ (မနေပါဘူးဘုရား။)

မနေဘူးဗျ။ အခုချက်ချင်းဖြစ်တယ်။ ဒါဟာ ပစ္စုပ္ပန် သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာဟာ ယခုလိုထားတဲ့အတိုင်း နေရမယ်လားလို့ မေးတဲ့အခါ ပါနေတယ်လို့ပြောတယ်။

မေး။ ။ဤကဲ့သို့ ပြောတာဟာ သူတကာကို မေးပြီးတော့မှ သူတကာပြော တာကို မှတ်ပြီးတော့၊ အတူယူပြီးတော့ ဖြေရတာလား။ ကိုယ်ပိုင် ကိုယ်တိုင်သိလို့ ဖြေကာလား။

ဖြေ။ ။ကိုယ်ပိုင်ကိုယ်တိုင် ဒိဋ္ဌိသိလို့ ဖြေတာပါဘုရား။

သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာကြပြီဆိုမှဖြင့် ဝီရိ ယိဒ္ဓိပါဒ် ဟာ ပေါ်လာတာကို နားလည်ပါသဗျ။ သည်တော့ ပစ္စုပ္ပန်ဒွိသာလား၊ သံသရာအတွက်ကောဗျ။ ဤကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကင်းပြီး စင်ကြယ်လို့ တည်နေတဲ့အချိန်မှာ သက်ဟမ်းစေလို့ သေမည်ဆိုလျှင် စိုးရိမ် ကြောင့်ကြ ပူပန်ရဦးမလား။

ဖြေ။ ။စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်း မဖြစ်တော့ပါဘုရား။

မေး။ ။အေး–ဒါဟာ သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာဟာ မှန်ရဲ့လား။ (မှန်ပါတယ်ဘုရား။)

ဤမျှ အချိန်ကလေးကိုပင် ဤကဲ့သို့ ပစ္စုပ္ပန်ဆင်းရဲ၊ သံသရာဆင်းရဲမှ ထုတ်နုတ်ပြီး ဆောင်သည်ဖြစ်သောကြောင့် ချမ်းသာသုခအဖြာဖြာ အသီးသီးတို့ဟာ ရပါသတဲ့ဗျ။ သည့်ထက် အချိန်ကြာကြာ ဘုရားဆုံးမပါတဲ့ အဆုံးအမကို လိုက် နာသောအားဖြင့် ထားကြမည်ဆိုလျှင် ဤမျှလောက် က,ပါ့မလား။ (ဤမျှ မကပါဘုရား။)

## ယုံမှားသံသယမရှိ ကိုယ်တိုင်သိ

ဤကဲ့သို့ ထားကြည့်လိုက်ပြီဆိုတော့ ကိုယ်အလိုရှိရာ နှစ်သက်တဲ့ ဗောဓိကို သံသရာတစ်လျှောက်လုံးက ပြီးအောင်သာ ယူမယ်လို့ မှန်းထား တာရှိတယ်။ ဤကဲ့သို့ မှန်းထားချက်တွေကို ဝီရိယထူထောင်ကြတဲ့ ဝီရိယ အရှင်သခင်ဖြစ်တဲ့ သူတော်ကောင်း အစားစားတို့ဟာ ငါမှန်းထားတဲ့ ဗောဓိအသီးသီးတို့ဟာ ပြီးမှ ပြီးပါ့မလား။ ပြည့်မှ ပြည့်စုံပါ့မလားလို့ အဲသည်လို ယုံမှားသံသယ ဖြစ်နိုင်ဦးမလား။

ဖြေ။ ။ယုံမှားသံသယ ကင်းပါတယ်ဘုရား။

ဒါဟာ ဘာကြောင့်လဲဆိုရင် အချိန်အခါ, ဘဝကောင်းမှာ ဝီရိယ ကောင်းကြတဲ့ သူတော်ကောင်း အပေါင်းတို့ဟာ တောင့်တရည်ရွယ်ချက် အသီးသီးကိုဟာ ပြီးစီးအောင် ဆောင်ကြပုံတဲ့ဗျ၊ ဒါကြောင့် သည်အချိန်

သည်ဘဝက အထွင်ရအထိပ် မြင့်မြတ်တဲ့ဘဝဗျ၊ အဲသည် အချိန်အခါများဟာ ရှိနိုင်ပါဦးမလား။ (မရှိနိုင်ပါဘုရား။)

**အခွင့်ကောင်းကို လက်မလွှတ်စေနှင့်**

အေး–ရှေးအရှင်တွေဟာ အချိန်အခါ ဘဝကောင်းတာ သိပြီးတော့၊ သည်အချိန် အခါဘဝကို သိကြ တွေ့ကြ ကြုံကြပြီးတော့ လုံ့လဝီရိယနဲ့ ယှူတောင်ပြီး အစဉ်အတိုင်း မပြတ်အောင် သည်လိုယှူကြတယ်။ ရတဲ့အခါ ကျပြီဆိုတော့ မြင့်မြတ်တဲ့ အချိန်အခါဘဝကို ငါတို့မှာ တောင့်တလို့ရပြီ၊ အဲသည်လို သိပြီးပြီဆိုတော့ အအားအနားမထားဘဲ စိတ်နှလုံးအလို ပြီးအောင်ဟာ ယှူကြဆောင်ကြတာဗျ၊ အားလုံးတို့မှာလဲ မြင့်မြတ်တဲ့ အချိန် အခါ ဘဝရတာ သိပြီးပြီဆိုတော့ ရှေးအရှင် သူတော်ကောင်းများလို ဤကဲ့သို့ ဝီရိယထူထောင်ပြီးတော့ ယှူကြ၊ ဤကဲ့သို့ လေးပါးသော ဣရိယာပုဒ်တို့နှင့် ထူထောင်ပြီး ယှူတဲ့နေရာမှာ ယခုန ထိုင်ပြီး ဘုရား ဆုံးမတာနှင့် စိုက်စိုက်စူးစူး ထားတယ်။

မေး။ ။ဤကဲ့သို့ စူးစူးစိုက်စိုက် ထားရတာဟာ ပင်ပန်းသလားဗျ။ (မပင်ပန်းပါဘုရား။)

မေး။ ။ပစ္စည်းရော ကုန်သေးသလား။ (မကုန်ပါဘုရား။)

မေး။ ။အလုပ်အကိုင်ရော ပျက်သေးသလား။ (မပျက်ပါဘုရား။)

မေး။ ။သူတစ်ပါးရော သိသလား။ (မသိပါဘုရား။)

အေး–ဘုရားဆုံးမတဲ့ အဆုံးအမကို ရကြပြီဆိုလျှင် ဤကဲ့သို့ ချမ်းသာ သုခတွေနှင့် ပြည့်စုံကြပါတယ်ဗျ။ ဒါကြောင့်မို့ ရှေးက အရှင်တွေဟာ ဤအချိန် အခါကို သိလို့ မျှော်ကြ၊ တောင့်တကြတယ်။ တောင့်တပြီးပြီဆိုမှဖြင့်၊ တွေ့ကြပြီ ဆိုမှဖြင့် အအားအနားမထားဘဲ သည်လို ဆောင်ကြဲ ယှူကြတာဗျ၊ သည်တော့ ရှေးအရှင်ကဲ့သို့ မီအောင် ညီအောင် ထူထောင်ကြမည်ဆိုလျှင် အားလုံးသော သူတော်ကောင်း အစားစားတို့သည် တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ အလုံးစုံ ပြီးစီးအောင်မြင်ကြပါလိမ့်မယ်ဗျ။

သို့သို့ဖြစ်သောကြောင့် အချိန်အခါတွေ မြင့်မြတ်တာ သိပြီးတော့ မဖြုန်းကြနဲ့ဗျ၊ ကိုယ်အလိုရှိတဲ့ ချမ်းသာသုခတွေဟာ ပိုင်ပိုင်ကြီးရအောင် ကြိုးစားကြ။ အခွင့်အခါတွေရော သည်လိုရကြတာဗျ၊ သည်အချိန်အခါ

ကလေးမှာ၊ သည်လို အခွင့်အရေး ရှိနေတဲ့ အချိန်ကလေးအတွင်းမှာ မယူလိုက်ဘူးဆိုရင် ရေးအခါကဲ့သို့ပဲ သံသရာ တစ်ခွင်မှာ နစ်မယ် မြုပ်မယ်ဗျ။

**စပ်ရာအားလုံး ပျော်မဆုံး**

သည်လိုဝီရိယနှင့် ထူထောင်နေပြီဆိုတော့ တစ်ခါတည်း အစဉ်အတိုင်း တိုးတက်ပါလိမ့်မယ်ဗျ၊ အဲဒီလို မြင့်မြတ်တာဗျ၊ အဲဒီလို ကောင်းတာဗျ၊ သည် တော့ သာသာကလေးသာထား၊ ထားပြီဆိုမှဖြင့် သီလ၊ သမာဓိ၊ ပညာတွေဟာ အစဉ်အတိုင်းသာလျှင် တစ်ခါတည်း ရပ်ခြင်း၊ ဆိုင်းခြင်း မရှိအောင်တဲ့ဗျ၊ တိုးတက်တော့တာပဲဗျ၊ ဒီလို တိုးတက်ပြီဆိုတော့ကာ အားမရနိုင်ကြ၊ မရောင့် ရဲနိုင်ကြပဲ အားလုံးတို့ဟာ ပျော်ကြ ရွှင်ကြရပါသတဲ့ဗျ။

အခုကောဆိုတော့ လိုက်နာကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ သည်အရှင်များကဲ့သို့ ထပ်တူညီမျှ ချမ်းသာသုခတွေဟာ ဆုတ်ယုတ်ခြင်းမရှိကဲ တိုးတက်တော့မှာ ကေန္တ။ တိုးတက်တဲ့အခါမှာ ကေန္တ ရွှင်ကြ ပျော်ကြရမှာပဲ။ အားပါနားပါ ဆိုပေမယ့် အအားအနား ရှိကြမယ် မဟုတ်ပါဘူးဗျ။ အားရရောင့်ရဲ နိုင်ကြမှာ မဟုတ်ဘူး။ ယခုလဲပဲ ဝီရိယနှင့်ထူထောင်ပြီး အဆုံးအမတွေကျတော့ကို စိတ်ဆန္ဒ တွေနှင့်တကွ ပျော်သင့်သလောက်တော့ ပျော်ကြရပါတယ် မဟုတ်လား။ ပျော်ကြရပါတယ်။

ဒါကြောင့်မို့လို့ အချိန်တိုင်းမှာ ယခုလို ဝီရိယတွေနှင့် ထူထောင်ပြီးတော့ ယူက ရကြပြီဆိုမှဖြင့်ရင် ကိုယ်တွင်မှ မကပါဘူး၊ ငါဟာ ဝီရိယနှင့် ထူထောင်ပြီး ဆိုပေမယ့် ကိုယ်တွင်မှ မကပါဘူးဗျ။ နီးရာဖြစ်တဲ့ အားလုံးတို့ဟာ မြင်တာ ကြားတာတို့ဟာ အစည်းအပွားတွေ တောက်လျှောက်ချည်း လာကြပါတယ်ဗျ၊ အားလုံးတို့မှာလဲ ရွှင်ကြ ပျော်ကြရပါတယ်။

**ချမ်းသာရတာ ပြောမကုန်**

ဤကဲ့သို့ ကိုယ့်ဝီရိယနှင့်ကိုယ် ထူထောင်မယ်ဆိုလျှင်.ကိုယ်တွင်မျှမက အဲသည်လို ချမ်းသာသုခတွေဟာ ရကြတယ်ဗျ။ ဘာကြောင့်လဲဆိုရင် သီလ၊ သမာဓိ၊ ပညာ အရှိန်တွေက လွှမ်းမိုးပြီးတော့ ယခုတွင်ကလို ချမ်းသာကြရောဗျ၊ ဒါကြောင့် အတ္တဟိတ၊ ပရဟိတတို့ကို လိုလားတောင့်တ

ကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဤကဲ့သို့ ဝီရိယတွေ ထူထောင်ပြီး တော့ အသီးသီးယူကြတယ်။ ယူကြတော့ကို အစဉ်အတိုင်းဟာ မြင့်မြတ် ကြတာပဲဗျ။

ချမ်းသာသုခဆိုတာမျိုးဟာ ပြောလို့ ဆုံးနိုင်တာမဟုတ်ဘူး။ သို့သော် အကျိုးအာနိသင်ကို ပြောစမ်းပါဆိုတော့ ပြောလို့ဖြစ်ပါရဲ့။ သိလဲ သိပါရဲ့။ သို့ပေမယ့် ပြောလို့ သိမယ့်ဥစ္စာဟာ သည့်လောက် နားလည်တာ မဟုတ်ဘူး။ ဆုံးအောင်လဲ ပြောနိုင်တာ မဟုတ်ဘူး။ နည်းနည်းကလေးရယ်ဗျ။

ဆောင်ရွက်လို့ ချမ်းသာဆိုက်လာတဲ့ အခါကျတော့မှ သူတော်ကောင်း အစားစားတို့ဟာ သိကြမယ်။ အဲသည်လို သိတဲ့အခါကမှ အဟုတ်သိတာ ဖြစ်ပါလိမ့်မယ်။ အခုလို နားလည်တာကမှ အဟုတ်အစစ် နားလည်တာ ဖြစ်ပါလိမ့်မယ်။ အဲသည်အခါကျတော့ အားလုံးပင်လျှင် ဘယ်လိုဖြစ်မလဲ ဆိုတော့ သည့်ဟာကတော့ အစီးအပွား ပြည့်စုံလုံလောက်တယ်။ သို့သော်လဲ ဘယ်လိုဟုန်းဆိုတော့ ပြည့်စုံ လုံလောက်တာက ကုန်စင်အောင် မပြောနိုင်ဘူး။

ဤသို့သာလျှင် တောင့်တရည်ရွယ်ချက် အသီးသီးပြီးတော့ကို ပိုမိုပြီး တော့ ရတဲ့ ချမ်းသာသုခက ဘယ်သင်းလဲဆိုရင် ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာကြ၊ ဘယ်လို လိုက်နာကြမလဲဆိုရင် ယခုနလို ရှေးသူတော်ကောင်းတွေ သိကြတဲ့ ကိုယ်နှုတ် စိတ်ပေါ့ဗျာ။ အဲဒါကို နားလည်အောင် သည်အတိုင်း လိုက်နာကြရမယ်။ လိုက်နာကြတဲ့ အခါကျပြီဆိုတော့ ဆိုက်လာတဲ့အခါမှာ အားလုံးတို့ပင်လျှင်ပဲ ရွှင်ကြ ပျော်ကြ အဲသည်လို ဖြစ်မှာပေါ့ဗျာ။

သို့သော်လဲ အသီးသီးကုသိုလ်တွေ ပြုတဲ့နေရာမှာ လိုလားနှစ်သက်တဲ့ ဗောဓိဖြစ်တဲ့ဟာကို ယူကြ။ ကုသိုလ်မှာက ဒါနဖြစ်ဖြစ်၊ သီလဖြစ်ဖြစ်၊ ဘာဝနာ ဖြစ်ဖြစ် ဒါတွေကို ပြုတဲ့အခါ တောင့်တချက် ဘယ်လိုရှိသလဲဆိုရင် **ဝဋ္ဋနိဿိတနှင့် ဝိဝဋ္ဋနိဿိတ** နှစ်မျိုးရှိတယ်။ ဒါနပြုရင် နှစ်သက်ရာဖြစ်တဲ့ ဗောဓိကို မှန်းထားတယ်။ သည်မှန်းသားတဲ့ ဗောဓိကို လှမ်းယူကြဗျ။ လှမ်းယူကြပါဆိုတာက ဒါက သံသရာဝဋ်ရှင် ကျင်လည်တာဟာ ဆင်းရဲ သည်ဖြစ်သောကြောင့် သည်ဆင်းရဲမှုတွေ မခံချင်လို့ သည်ဆင်းရဲက လွတ် အောင် လှမ်းယူကြလို့ ပြောတာဗျ။ ဒါက ဝဋ္ဋနိဿိတလား။

ဖြေ။ ။နှစ်သက်တဲ့ ဗောဓိနှင့် ဆုတောင်းတာက ဝိဝဋ္ဋနိဿိတပါဘုရား၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ခံစားလို့ မတောင့်တဘဲနှင့် နိဗ္ဗာန်ချမ်းသာ

သက်သက်ကို သာလျှင် တောင့်တ၍ပြုသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို ဝိဝဋ္ဋနိဿိတ ခေါ်ပါတယ်ဘုရား။

အဲဒါကြောင့်မို့ သူတို့မှာ ဒါတွေကတော့ သိပြီးသားချည်းပဲ ဖြစ်ပါတယ်။ သို့သော်လဲ ပြုတဲ့အချိန်မှာ သည်လိုအားလုံး ပြုကြပြီး လိုသည်ထက် သန်သည်ထက် သန်အောင် သည်လို သတိပေးရတာဗျ။ ဟုတ်ကဲ့လား။ (မှန်ပါ့ဘုရား။)

သည့်လိုမလုပ်ရင် အခုနပြောတဲ့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဆိုတာကတော့ အဟုတ်ချမ်းသာတာ အစစ်မဟုတ်ဘဲ သည်ဒုက္ခတွေက လွတ်မြောက်အောင် ဆုမတောင်းဘဲ ဖြစ်နေတာမျိုး၊ အိုလိုက်၊ နာလိုက်၊ သေလိုက်နှင့် ဒုက္ခတွေဟာ မရေတွက်နိုင်ဘူးဗျ၊ အဲဒါကတော့ ဘာလဲဆိုလျှင် ကုသိုလ်ပြုတဲ့အခါမှာ သည်လို လူနတ်ချမ်းသာ လိုချင်နေတာ၊ ဒါကသော့ ဝဋ်ကိုမှန်းပြီး ပြုတာမို့ ဝဋ္ဋနိဿိတတဲ့။ တော်တော်ကြာ ဆင်းရဲဒုက္ခတွေနှင့် မပြီးဆုံးနိုင်ပါဘူး၊ သည်ဆင်းရဲ ဒုက္ခတွေထဲမှာ ကျွံလို့ နစ်လို့ဗျား။

ဒါကြောင့်မို့ ကုသိုလ်ပြုပြီဆိုတော့ ဆုတောင်းတတ်ဖို့ သတိပေးတာဗျ။ သတိပေးပေးသည့် တစ်ခါတစ်ခါ သူတို့က အဲဒါမဟုတ်ဘူးဗျာ။ ဘယ်ဟာတွေ ရောက်ရောက်သွားမှန်း မသိဘူး။

ဖြေ။ ။တပည့်တော်တို့က လူ့ရွာ၊ နတ်ရွာ နတ်စည်းစိမ်ချမ်းသာကို တောင်းကောင်း အတည့်ဆိုပြီး ဒါတွေပဲ မျှော်လင့်နေတာပဲဘုရား။

မေး။ ။အဲဒါက ဘယ်လိုလဲဆိုတော့ လူမမာတွေနှင့် တူကယ်။ လူမမာဟာ ကျန်းမာမှု မရကြ၊ လူ မကျန်းမာတော့ ကိုယ့်ဝေဒနာနှင့် မတည့်တဲ့ အစာတွေဟာ မရှိဘူးလား။

ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။ဝေဒနာ ငိုးတက်စေတဲ့အစာကို စားတာနှင့်တူသတဲ့ဗျာ၊ ဝေဒနာရှိနေတယ် မပျောက်သေးဘူး၊ မပျောက်တော့ ဝေဒနာကိုးစေတတ်တဲ့ အစာတွေကို သည် ဝေဒနာသည်ဟာ နားမလည်တော့ သူ့ဝေဒနာပျောက်အောင် ဒါကိုစား၊ ဘယ်သင်း ဘယ်သင်းကို မစားနှင့်၊ ရှောင်လိုက် ကြဉ်လိုက် သည်လိုပြောထားတယ်။

မေး။ ။ပြောထားပေမယ့် နားမထောင်ဘဲနှင့် မတည့်တာတွေချည်းပဲ စားတော့ သည်ဝေဒနာဟာ ပျောက်ပါ့မလား။

ဖြေ။ ။ဝေဒနာ မပျောက်တဲ့အပြင် တိုးပါတယ်ဘုရား။

မေး။ ။တိုးလာတော့ ဘယ့်နှယ်ဖြစ်မလဲ၊ ချမ်းသာပါ့မလား။

ဖြေ။ ။တိုးလေလေ ဆင်းရဲလေလေပါဘုရား။

မေး။ ။တိုးတော့ ကိုယ်ခံရတဲ့ ဝေဒနာဟာ မသက်သာတော့ ဆင်းရဲတယ်။ ပြီး သေသွားတော့ ဘယ်ရောက်မလဲ။

ဖြေ။ ။သေသွားတော့ သွားနေကျအိမ် ပြန်သွားပါတယ်ဘုရား။

မေး။ ။အိမ်ဆိုတာ ခုဒကာကြီး ဆောက်ထားတဲ့အိမ်လား။

ဖြေ။ ။တပည့်တော်ဆောက်ထားတဲ့ အိမ်ဆိုလဲ မမှားပါဘူးဘုရား။

မေး။ ။အဲဒါက ဘယ်မှာလဲ။

ဖြေ။ ။အပါယ်မှာပါဘုရား။

မေး။ ။ဘယ်နေရာမှာလဲ၊ ဗိမာန်ပဲ ထင်ပါရဲ့။

ဖြေ။ ။ဗိမာန်လေးမျိုး ရှိပါတယ်ဘုရား၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ **အသူရ** ကာယ်ပါဘုရား။

မေး။ ။အေး၊ အဲဒါသွားချင်သလား။

ဖြေ။ ။ပါးစပ်ကတော့ မသွားချင်ပါဘူးဘုရား၊ ချမ်းသာကို လိုလားတောင့်တ ကြပြီး လုပ်တော့ခြင့် အိမ်ပြန်တဲ့ အလုပ်ချည်း လုပ်နေပါတယ်ဘုရား။

အေး၊ အဲဒါကြောင့်မို့ ကုသိုလ်ပြုတာကတော့ အအားအနား မထားကြဘူး။ သို့သော်လဲ အဲသည်လို ပြုကြတာကြောင့်မို့ သတိပေးရတာ၊ သီလဆောက်တည်ပြီး ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြဗျာ။ နှစ်သက်ဖွယ်ဖြစ်တဲ့ ပစ္စည်းတို့ကို ကိုယ် သဘောကျ စီမံပြီး နှစ်သက်ရာ ဗောဓိဟာလဲ မှန်းပြီးသားရှိတယ်။ အဲသည် နှစ်သက်ရာဖြစ်တဲ့ ဗောဓိကို ဝီရိယသန်သန်နှင့် မရွေ့ရအောင် မှန်းယူကြပါလို့ ဆိုတော့ ဝိဝဋ္ဋနိဿိတ အလုပ်တွေကို သည်အချိန်ကလေးမှာ နားလည်တော့ အဲဒါလိုဗျာ၊ အဲသည်လိုပြုတော့ကို ယခုနလို ဆင်းရဲပြီးနေကြတဲ့ အားလုံးတို့ဟာ ဆင်းရဲကို လွှက်စေတတ်ပါတယ်။ ယခုဘုင်က အစာအာဟာရ စားတာနှင့် တူပါ တယ်။ ဝေဒနာသည်တွေမှာ ပေဒနာဟာ ကောင်းမွန်စွာ သန့်ပြန့်စင်ကြယ်ပြီး ကော့ပျောက်သွားတော့ လူမာဖြစ်တာပေါ့ဗျာ။ (တင်ပါဘုရား။)

အေး၊ အဲသည်လိုဗျာ့၊ ဒါကြောင့် လူမမာတွေဗျာ့၊ စားတဲ့သောက်တဲ့ အခါဟာ ဒါနပြုတာပါပဲဗျာ့၊ သို့ပေမယ့် မတည့်တာကလေး ထည့်လိုက်ရင် ဝေဒနာ တိုးပါရောဗျာ့။ (တင်ပါ့ဘုရား။)

သည်တော့ ယခုလို မှန်မှန် ပြုသွားရန်ရှိတဲ့ ဝေဒနာတွေဟာ သန့်ပြန့်စင်ကြယ်လို့ ချမ်းသာကြပါရောဗျာ့။ သို့သော် ယခုလိုအချိန်မှာ ကုသိုလ်ပြုတဲ့ နေရာမှာ လျှောက်သတိပေးတာဗျာ့။ သတိပေးတဲ့အတိုင်းလဲ ဖြစ်မှ၊ သို့မဟုတ်ရင် ဘယ်လိုတုန်း ဆိုတော့ ဝေဒနာသည်ဖွေ ဆိုတဲ့ဟာက ကိုယ်တည့်တာတော့ တယ်မစားချင်ဘူးတဲ့ဗျာ။ (မတည့်တာမှ စားချင်ပါတယ်ဘုရား။)

သို့သော်လဲ အဲဒါကတော့ ဝေဒနာခံရတယ်ဆိုတာ ဆင်းရဲတယ်။ ဒီလို ဆင်းရဲတယ်ဆိုတာကို သေသေချာချာ အဟုတ်ခံရတာကို မသိလို့ဗျာ့။ အဟုတ်ခံရတာသိရင် အဟုတ်ပျောက်ချင်လာလိမ့်မယ်။ အဟုတ်ပျောက်ချင်ရင်လဲ အဟုတ်ပျောက်ပါ လိမ့်မယ်ဗျာ့။ ဒီဆေးပဲစာ.။ ဘယ်လိုဟာဖြစ်ဖြစ် ပျောက်တော့ သည်ဟာ စားတာပဲဗျာ့။ (တင်ပါ့ဘုရား။)

ခုတော့ သူတို့ ဝေဒနာတော့ ခံစားနေရတာပဲ။ ဆင်းရဲဒုက္ခတွေ ခံနေရပေမယ့် ဆင်းရဲဒုက္ခ ခံရတာကို မသိဘူးဗျာ့။ ဘာကြောင့်လဲဆိုရင် ဝေဒနာများကို မသိတာဗျာ့။ တစ်ခါတစ်ခါ ဝေဒနာသည်တွေဟာ ဝေဒနာ များကြတယ်။ များကြတော့ အစကတော့ အများအားဖြင့် ခေါင်းကိုက်တာ၊ ခေါင်းမူးတာဆိုပြီး ညည်းသေးသလားဗျာ့။ (ညည်းပါတယ်ဘုရား။)

သည့်နောက် ဝေဒနာတွေ ကျပ်ကျပ်များလာတော့ ဘယ်နဲ့လဲ ညည်းသေးသလား။ အဟုတ် သည့်ထက်သည်များတော့ သူ မေ့ပါရောဗျာ။ (မညည်းနိုင်ပါဘုရား။)

မေး။ ။နေမကောင်းခါစ ဝေဒနာဟာ အဲသည်လောက်ရှိသလား။ ဘာကြောင့် မေ့သွားသလဲ။

ဖြေ။ ။ဝေဒနာ ကြီးလွန်းတော့ မအော်နိုင်ပါဘုရား။

ယခုလဲ ဆင်းရဲတာဟာ မသိသာပါဘူးလို့၊ မသိတာဟာ ဘာကြောင့်လဲ ဆိုရင် မတည့်တဲ့အစာတွေ စားတာဗျာ့။ ကုသိုလ်ပြုရင် ဘယ်လိုဖြစ်ရပါလို၏နဲ့ ဆုတောင်းတယ်။ ဒါကတော့ ဖျားအောင်၊ နာအောင်၊ နေရာမကျအောင် လုပ်တာဗျာ့။

မေး။ ။ဖျားမှု နာမှုဟာ လုပ်မှုဖြစ်သလားဗျာ့။

ဖြေ။ ။ဖျားမှု နာမှုဟာ အလိုလို ဖြစ်လာပါတယ်ဘုရား။
မေး။ ။မဖြစ်ခင်က စောင့်ရှောက်ရတာမျိုး။ ဖြစ်တဲ့အခါကျတော့ ပျောက်အောင် လုပ်ရတာက တစ်မျိုး။ ဝေဒနာဖြစ်အောင် ဝေဒနာတိုးအောင် အမျိုးမျိုး လုပ်ရသလား။
ဖြေ။ ။မလုပ်ရပါဘုရား။

## ရှိသေ၊ ကိုယ်တိုင်လုပ်၊ နှိမ့်ချ

သို့သော်လဲ သည်အချိန်အခါမှာ ကုသိုလ်ပြုကြတယ်။ ပြုကြတဲ့အခါမှာ ယခုနလို ပြုရပါတယ်ဗျာ၊ ပြုတဲ့အခါမှာလဲ ကိုယ်စိတ် သီလဌ်တည်ပြီး သန့်ပြန့် စင်ကြယ်စေပြီးတော့မှ ကိုယ်စိတ်သဘောကျသလို ဆန္ဒပေါ်လို့ သည်လိုပြုရတာဗျာ။ နှစ်သက်သလို ပြုကြ။ သူတကာများကို မစေမပါး မခိုင်းဘဲနှင့် ကိုယ်ပိုင်ကိုယ်တိုင် ပြုကြဗျာ။ ပြီးတော့မှ နှစ်သက်ရာ ဗောဓိကို ယူကြဗျာ။ ဒါတွေကတော့ သူတို့ မှတ်မိပြီးတော့ သူများကောင်း ပြောနေရတာဗျာ။ ပြောပေမယ့် သေသေချာချာ အလှူဝတ္ထု၊ အလှူခံကို ရှိသေပြီး သက္ကစ္စနိဝါတတွေနှင့် ရှိကြပါလို့ဆိုပေမယ့် ဒါတွေကတော့ အချိန်တိုင်းမှာ အဟုတ် ပြုသွားပြီဆိုတော့ အချိန်တိုင်း အချိန်တိုင်း အကုန်ရတာကိုးဗျာ။ (တင်ပါ့ဘုရား။)
မေး။ ။အဲသည်လို ပြုကိုင်း အချိန်တိုင်း အချိန်တိုင်းမှာ ဒါတွေ အကုန် တဆက်တည်း လိုချင်တယ်။ တောင့်တတယ်။ ပြီးတက်ထာလို့ သိပြီးတော့ သည်လို ယူကြရဲ့လား။
ဖြေ။ ။သည်လိုယူတဲ့ ပုဂ္ဂိုလ် နည်းနေပါသေးတယ်ဘုရား။
မေး။ ။မပြတ်အောင်ယူရဲ့လား။ (မပြတ်အောင် မယူကြသေးပါဘုရား။)

အေး၊ ဒါက ဘာမှ အရာခက်တာ မဟုတ်ဘူးဗျာ။ သည့်ပြင်ဟာတွေ နေပါစေ။ အားလုံး သူတို့ အဟဲဆုံ.တွေ အချစ်ဆုံးတွေနှင့် နေတယ်။ ကိုယ်နေတဲ့ နေရာမှာ အမိနှင့်၊ အဖနှင့်၊ သားနှင့်၊ သမီးနှင့် အတဲ့ဆုံးနေတယ်။ အတဲ့ဆုံးတွေဟာ ဘုရားဆုံးမတဲ့အတိုင်း မမှားရအောင် တဲ့ရမယ်။ သည့်လို တဲ့တာက မတဲ့သေးဘူးဗျာ။
ဖြေ။ ။ဟိုလိုတဲ့တာက ကာမဂုဏ်နှင့် တဲ့တာပါဘုရား။
မေး။ ။အဲဒါက ချမ်းသာဖို့ရာ တကယ်တဲ့တာ မဟုတ်ဘူးဗျာ။ ဒီလို

ဖြေ॥ ॥ဆင်းရဲဖို့ရာ တဲ့တာပါဘုရား॥

မေး॥ ॥ဘယ်လဲ...॥ (အပါယ်တဲ့နေတာပါဘုရား॥)

**အကုန်လုံး အရယူ**

ဟိုတဲ့တာကတော့ ချမ်းသာတာတွေနှင့် မဆိုက်ရောက်ဘဲ အထက်ဆန်တက်အောင် ပြောရတာဗျာ့॥ ဒါကြောင့်မို့ အချိန်တိုင်းမှာ သည့်ပြင်ဟာက တစ်မျိုး॥ ဘာမှမဟုတ်ဘဲ အခုန အမိအဖတွေနှင့် အတူတကွ နေကြတာတွေရှိတယ်॥ ရှိတော့ ကိုယ်ကလဲ သက္ကစ္စနိဝါတရှိတယ်॥ စိတ်ကလဲ သက္ကစ္စနိဝါတကို မပြတ်အောင် အဲသည်လို သွားနေရင်ပဲ မနည်းဘူးဗျာ့॥ ပြီးတော့ ကိုယ်ပြုတဲ့ သီလ သမာဓိရဲ့ အရှိအသေ သက္ကစ္စနိဝါတ॥ ပညာရဲ့ အရှိအသေ သက္ကစ္စနိဝါတ၊ သည်လို အရှိအသေ သက္ကစ္စနိဝါတ ရှိပြီဆိုတော့ ဒါတွေဟာ အကုန်စလုံး အရယူရင် သက္ကစ္စနိဝါတ ဖြစ်တာဘဲ॥ (ဟုတ်ပါတယ်ဘုရား॥)

မေး॥ ॥အေး၊ ဒါကို သက္ကစ္စ နိဝါတခေါ်တာဗျာ့॥ သီလဘက်က အရှိအသေ သက္ကစ္စ နိဝါတ॥ ပညာဘက်ကလဲ သက္ကစ္စ နိဝါတ॥ သမာဓိဘက်မှာလဲ အဲသည်လိုဆိုတော့ အချိန်တိုင်းမှာ ဘယ့်နှယ်တုန်းဗျာ့॥

ဖြေ॥ ॥အထက်ဆန်ချင်လေလေပါဘုရား॥

အခုတော့ အစတုန်းက သည်လိုမစတာနှင့် သူတို့ဟာ သည်လိုဖြစ်နေတာဗျာ့॥ သည်တော့ နည်းနည်းကလေးသာ စပြီးထူထောင်ကြပြီဆိုရင် သူ့ဟာနှင့်သူ ဆန္ဒများ တက်လာပါလိမ့်မယ်ဗျာ့॥

ဖြေ॥ ॥ပညာဘက်က သက္ကစ္စနိဝါတဆိုတာ အကျယ်တဝင့် မိန့်ပါဦးဘုရား॥ အခု ဘယ်လိုတုန်းဆိုတော့ အားလုံးတို့ဟာ အိမ်ကိုပဲ ပြောကြပါစို့ရဲ့॥ သည့်ပြင်ဟာတွေတော့ မပြောပါနှင့်॥ အခုလို အတူတူနေတာတွေနှင့် ပြောတော့မယ်॥

မေး॥ ॥အမိ အဖ သား သမီး မြေး မြစ်ဆိုတဲ့ အတည့်ဆုံးတွေနှင့် အတူနေတယ်မဟုတ်လား॥

ဖြေ॥ ॥အတူနေပါတယ်ဘုရား॥

မေး॥ ॥အတူမနေချင်တဲ့ စိတ်များ ဘယ်အခါရှိသလဲဗျာ့॥

ဖြေ॥ ॥ဘုရားတရား စိတ်ဝင်စားနေတဲ့အခါမှာ တစ်ခါတလေ သူတို့နှင့်

ရှောင်နေချင်တဲ့ စိတ်ကလေး မကြာခဏ ပေါ်လာပါတယ်ဘုရား။

မေး။ ။အဟုတ်ဆင်းရဲရင် ဘယ်ရှောင်နေချင်လိမ့်မလဲ။ သားသမီးတွေကို ကိုယ့်လို ဖြစ်စေချင်လို့ တံခါးသွားမှာတောင် မစိုးဘူးလား။

ဖြေ။ ။စိုးပါတယ်ဘုရား။

ဒါက ကိုယ်နေရာကျရင် ပြောကာ။ အဟုတ်တည့်ပြီဆိုတော့ မိဘက ချမ်းသာသုခ ရပါတယ်ဆိုရင် သားတွေ သမီးတွေကိုလဲ ရစေချင်တယ်ဗျာ့။ သားသမီးတွေက ရပါတယ်ဆိုရင်လဲ အမိအဖတွေကို သည်လိုချမ်းသာ ရစေချင်တယ်ဗျာ့။ ကိုယ်က ရတယ်ဆိုရင် သည့်ပြင်မိတ်ဆွေတွေ သင်္ဂဟ တွေနှင့် ကိုယ်နှင့် အကျွမ်းဝင်တဲ့ လူတွေကိုလဲ ရစေချင်တယ်မဟုတ်လား။ (ရစေချင်ပါတယ်ဘုရား။)

## သာတာဂိရိနှင့် ဟေမဝတ

အဲဒါ ဘာလဲဆိုရင် အဟုတ်ဆိုတော့ အဲသည်လို ဖြစ်တာဗျာ့။ ဘယ်ကွင်းချင် ရှောင်ချင်လိမ့်မလဲ။ တို့ဘုရားရှင်ဟာ ပထမဦးဆုံး ဤကဲ့သို့ သတ္တဝါအများကို တရားဟောတော်မူပါတယ်။ ဆင်းရဲမှလွတ်မှုကို ဆုံးမ တော်မူပါတယ်။ သည်အချိန်မှာ အားလုံးတို့၏ ရှေးဦးစွာ နတ်သိကြား ဗြဟ္မာတွေ ရောက်ကြတယ်။ သည့်ပြင် ဘယ်သူရှိသလဲဆိုရင် သာတာဂိရိနှင့် ဟေမဝတတို့ကလဲ ရှိတယ်။

သာတာဂိရိနှင့် ဟေမဝတတို့ဟာ အင်မတန် ချစ်ကျွမ်းဝင်တယ်။ ကဘိကဝတ်တွေကလဲ ရှိတယ်။ သည်တော့ သာတာဂိရိဟာ ဘုရားရှင်ပွင့်တော် မူလို့ တရားဟောပါတယ်ဆိုတော့ ပထမဦးဆုံးကြီး သူရောက်တော့ သည့်ပြင်က နတ်၊ သိကြား၊ ဗြဟ္မာတွေဟာ သူတို့ပရိသတ်၊ သူတို့အခြံအရံတွေနဲ့ လာလိုက်ကြတာ မနည်းဘူး။ သည်တော့ သူ့မှာ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုရတယ်။ ဘုရားဆုံးမတဲ့ အဆုံးအမတွေကို နာရတယ်ဆိုတော့ ချမ်းသာတယ်။ သည်လောက်ထင်ရှားပြီး သည်လောက် မြင့်မြတ်တဲ့ အချိန်အခါမှာ ငါ့အဆွေတော်လဲ ဘုရားပွင့်တော်မူတဲ့ အကြောင်းကို သိပါလိမ့်မယ်။ သူ့မှာကတော့ ဘုရားရှင်ကို မျက်မှောက်အားဖြင့် ဖူးမြော်ရတော့ ရွှင်ရ၊ ပျော်ရ၊ ဆုံးမတာ နာရတော့လဲ ရွှင်ရ၊ ပျော်ရတယ်။

သည်အခါမှာ သူ့ရဲ့ အဆွေတော် ဟေမဝတလဲ လာပါလိမ့်မယ်လို့မျှော်။ ဟိုကလဲ ပေါ်မလာ၊ သည်လိုတဲ့ဗျာ့။ သူတို့ဟာ အတည့်ဆုံး အချစ်ဆုံးတွေဗျာ့။ သည့်ပြင်ဟာဟွေကတော့ ပေါ်လာတာ သူ့အခြံအရံတွေနှင့်၊ အဲသည်လို လာတာ။ သူကတော့ ဘာလုပ်နေပါလိမ့်မတုန်းနှင့်။ သူ့မှာ နေရာတော်တော်နှင့် မကျဘူး။ သည်လိုနေရင်း မလာတော့ဘူး၊ သွားခေါ်မှပဲဆိုပြီး သွားခေါ်တာဗျာ့။ သည်တော့ အဟုတ်ဆိုရင် ဘယ်ကွင်းချင် ဒရောင်ချင်နေပါလိမ့်မလဲ။ အတူ ဖြစ်ချင်တာဗျာ့။ (ဟုတ်ပါတယ်ဘုရား။)

အဟုတ် ဒကာကြီးဖြစ်မယ်ဆိုရင် သားတွေ သမီးတွေနှင့် ချစ်ကျွမ်းဝင်ကဲ့ လူတွေဆိုရင် "နင့်ဘာသာနေပါ၊ ငါ့နားမလာနဲ့"လို့ပြောမှာ မဟုတ်ဘူး၊ လုပ်လုပ်နှင့် ပြောမှာဗျာ့။ ဘယ်လိုမှ ကျယ်ကျယ်ဝန်းဝန်းကြီး တရားပေဘာနေဖို့ မဟုတ်ဘူး။ လုပ်မှဖြစ်မှာကိုး။ နေရာကျမှာကို နားလည်လည် မလည်လည် လုပ်ဟဲ့ဆိုပြီးတော့ သူ့နေရာမှာ သူလုပ်မှာဆိုရင် "သည်လိုမလုပ်နှင့်။ နင်မဖြစ်ဘူး ငါသိတယ်။ ငါ့ဆီလာ"ဆိုပြီး သည်လို မခေါ်ဘူးလား။ (ခေါ်မှာပါဘုရား။)

မေး။ ။ငါ့လို သည်လိုနေ၊ ငါပြီးမှပြီး၊ ငါလုပ်သလို လုပ်ဆိုပြီး အဟုတ်ကိုခိုင်းမှာ မဟုတ်လား။

ဖြေ။ ။တင်ပါ့ဘုရား။ အဟုတ်ကို ခိုင်းမှာပါဘုရား။
အဟုတ်ခိုင်းရင် ပျင်းပျင်း၊ ပျော်ပျော်လုပ်မှာပဲ။ အေး၊ အခုလဲပဲ ယခုနလို ဆောင်ကြ။ ဘယ်နှယ်တုန်းဆိုတော့ ခုန သူပြောတာ ဘာတဲ့။ (ပညာပိုင်းကပါဘုရား။)

## စိန်ဖူးတင်စရာ အခြေခံဆောက်ဦ

ပညာပိုင်းက ပြောပေမယ့်လို့ ဘယ်လိုတုန်း ဆိုလို့ရှိရင် စိန်ဖူးတို့ ဘာတို့ ဆိုတာ အမြတ်ဆုံးမဟုတ်လား။ စိန်ဖူးကြီးကို သည်အတိုင်းတိုင်း ကောင်းကင်မှာ ထားလို့ရသလားဗျာ့။

မေး။ ။ဘယ့်နဲ့လုပ်ရမလဲ။

ဖြေ။ ။ပြာသာဒ်ကြီးမှာ တပ်ရမှာပါဘုရား။

မေး။ ။ပြာသာဒ်ကြီးဆိုရင် တိုင်တွေက စရမှာပါဗျာ့။ ဘာတွေ ထားရမလဲ။

ဖြေ။ ။အောက်က အနည်းဆုံး ဂါးတိုင်လောက် သားရမှာပါဘုရား။
မေး။ ။ဘယ်ပေါ်ထားရမလဲ။
ဖြေ။ ။မြေကြီးပေါ်မှာ ထားမှာပါဘုရား။
မေး။ ။သည်အတိုင်းတိုင်း မြေကြီးပေါ်မှာ မလုပ်ဘဲ မဖြစ်ဘူးလား။
ဖြေ။ ။မြေကြီးပေါ်မှာ မလုပ်ဘဲ ဘယ်နည်းနဲ့မှ မဖြစ်ပါဘူးဘုရား။
မေး။ ။အေး၊ ဒါကြောင့် သည်ကစရမှာ။ သည်တော့ သူတို့တတွေနှင့် ကိုယ်နှင့် ကိုယ်အမူအရာက ဘယ့်နဲ့ပြုရမလဲ။
ဖြေ။ ။မြေကြီးသဖွယ်ဖြစ်သော သီလမှာ မှီတည်ပြီး ဖြည့်ကျင့်ရမှာပါပဲဘုရား။ သားသမီးတွေကို ပြုရတဲ့ ကျင့်ဝတ်တရားတွေနှင့် ပြည့်စုံအောင် ပြုရပါ့မယ်ဗျာ့။ ဘယ်ဟာမှ မချွတ်ယွင်းဘဲ မေတ္တာတွေ အလုံးစုံနှင့် ဖြည့်ရ ကျင့်ရမယ်ဗျာ့။ (တင်ပါ့ဘုရား။)

## သဏ္ဌာန် အတုံ့အလှည့်

မေး။ ။အေး၊ အဲဒါတွေ လုံလောက်ပြီဆိုတော့ ကိုယ်နှင့် နှုတ်နှင့် စိတ်နှင့်၊ ကိုယ်ကလဲ သူတို့ကို ရှိသေရမယ်။ နှုတ်ကကော။
ဖြေ။ ။နှုတ်ကလဲ ရှိသေရပါမယ်ဘုရား။
မေး။ ။စိတ်ကကော။
ဖြေ။ ။စိတ်ကလဲ ဖြောင့်စင်းနေရပါမယ်ဘုရား။
မေး။ ။အဲသည်လို ပြုရမယ်ဗျာ့။ သားသမီးတို့ အကုန်စလုံးအပေါ်မှာ သည်လိုပြုရမယ် မဟုတ်လားဗျာ့။
ဖြေ။ ။သည်လိုပြုရမှာပါဘုရား။

သည်လိုပြုပြီးမှ အကုန်စလုံး ပြည့်စုံ လုံလောက်ပြီဆိုတော့မှ ကိုယ်ကလဲ အားရ။ ဒင်းတို့အပေါ်မှာ စားမှု၊ သောက်မှု၊ ဝတ်မှု၊ နေမှု၊ ထိုင်မှု အဲဒါတွေ အကုန်စလုံး လုံလောက်လို့ပြီးတော့။

မေး။ ။ကိုယ်က ကိုယ်နှင့်၊ နှုတ်နှင့် စိတ်နှင့်ကလဲ အကုန်စလုံးပြု၊ ချမ်းသာ မှုကြီးဘဲ။ အလေးဂရုပြုပြီးလုပ်တော့ သူတို့တတွေ သဘောကျမလား၊ မကျဘူးလား။ (သဘောကျပါတယ်ဘုရား။) သဘောကျတဲ့အခါကျတော့ သူတို့က ဘယ့်နယ်ပြု မလဲ။ သည်လို ပေးတာကမ်းတာ ဘာမှမလိုရအောင် သူ့တို့လိုချင်သလို အဲသည်လို ပြည့်စုံအောင် ပြုထားတယ်။

မေး။ ။သူတို့စိတ်ထဲက သဘောကျမလား၊ မကျဘူးလား။

ဖြေ။ ။သဘောကျပါတယ်ဘုရား။

အဲသည်လို ထားပြီးတော့မှ ကိုယ်နှင့် နှုတ်နှင့် စိတ်နှင့် သူတို့သဘောကျ သူ့တို့အပေါ်မှာ မထိမဲ့မြင်မပြုဘဲ သည်လိုဆောင်တယ်ဆိုရင် သူတို့ကပြန်ပြီး ဤကဲ့သို့ပဲ လူကြီးမိဘများကို ပြန်ပြုပါလိမ့်မယ်ဗျာ့။

မေး။ ။သည်တော့ သူ့တို့ သည်လို သဘောကျနေတာကို မြင်တော့ မိဘက ဘယ့်နှယ်လဲ။ ဆင်းရဲမှာလား၊ ချမ်းသာမှာလား။

ဖြေ။ ။ချမ်းသာပါတယ်ဘုရား။

မေး။ ။အဲသည်လို ကိုယ် နှုတ် စိတ် ချမ်းသာပြီဆိုတော့ ထားရမယ်ဆိုတဲ့ နေရာကလေးမှာ သားတယ်။ ထားတော့ မနေဘူးလား။

ဖြေ။ ။နေပါတယ်ဘုရား။

**စရဏ, ဝိဇ္ဇာ အစုံပါ**

မေး။ ။အဲဒါ စရဏဗျ။ ပြီးတော့ သားတွေ သမီးတွေ၊ မြေးတွေ၊ မြစ်တွေနဲ့ အတူတူနေရင်း အခုန ထားရမယ်ဆိုဟဲ့ နေရာကလေးမှာ စိုက်စိုက်စူးစူး ကလေး ထားကာဟာ ချမ်းသာမှု ရှိတော့မနေဘူလား။ (နေပါတယ် ဘုရား။)

မေး။ ။ထိုင်နေရင်ကော ထားလို့ မနေဘူးလား။ (နေပါတယ်ဘုရား။)

မေး။ ။မတ်တတ်ရပ်ရင်ကော။ (နေပါတယ်ဘုရား။)

မေး။ ။လမ်းသွားရင်ကောဗျာ။ (နေပါတယ်ဘုရား။)

မေး။ ။ပြီးတော့ ခန္ဓာဝန်အတွက် ပြုဘဖယ်ကိစ္စတွေ၊ အခုန သားသမီး မြေးမြစ်တွေရဲ့ ပြုသင့်ပြုထိုက်တဲ့ ကိစ္စတွေကို ပြုရင်းကောဗျာ။

ဖြေ။ ။ပြုရင်းလဲ ထားတော့ နေပါတယ်ဘုရား။

မေး။ ။အဲသည်လို အမှန်ကို သိပြီးနေတာက ဘာလဲဗျ၊ စရဏကား၊ ဝိဇ္ဇာ လား။

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။ဝိဇ္ဇာဆိုတော့ အခုနပြောတဲ့ အချိန်တွေ အကုန်စလုံးမှာ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေနဲ့ အတူတူနေရင်းမှာ စရဏရော ဝိဇ္ဇာ ရော တပြိုင်နက်တည်း အတူတူ ပြည့်လျက် ကျင့်လျက် မနေဘူးလား။

ဖြေ။ ။တပြိုင်နက်တည်း စရဏ၊ ဝိဇ္ဇာနှစ်ခုစလုံး ပါသွားပါတယ်ဘုရား။

မေး။ ။ဒီတော့ ဘယ့်နှယ်လဲ။ တစ်ခါတည်းပဲ ဆောက်လိုက်တဲ့ ပြာသာဒ်ဘုံနန်းကြီးဟာ တစ်ခါတည်း ထိုးတက်သွားလိုက်တာ အထက်က စိန်ဖူးကြီးဟာ ဝင်းဝင်း ဝင်းဝင်းနဲ့၊ ပြာသာဒ်ကြီးကလဲ ထင်းထင်းလင်းလင်းကြီး ဖြစ်တော့ကို သည်ပြာသာဒ်ဆောင်ကြီးကို အသုံးမပြုနိုင်ဘူးလား။

ဖြေ။ ။အသုံးပြုနိုင်ပါပြီဘုရား။

မေး။ ။ဒါဖြင့် အခုနပြောတဲ့ ပညာဘက်က ပြောပါဆိုတာ၊ ဒါ ပညာဖြစ်ပါသလားဗျာ။ (ပညာဖြစ်သွားပါပြီဘုရား။)

မေး။ ။သည်လိုပြုဖို့ရာဟာ ခက်သလားဗျ။ (မခက်ပါဘုရား။)

မေး။ ။အဲသည်လိုဖြစ်လို့ရှိရင် သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေဟာ ဘယ့်နှယ်လဲ၊ ဆင်းရဲဖြစ်ရဦးမှာလား။

ဖြေ။ ။ဆင်းရဲ မဖြစ်ရတော့ပါဘုရား။

မေး။ ။ကိုယ့်အတွက်ရောဗျာ။ (ကိုယ့်အတွက်လဲ မဖြစ်ရပါဘုရား။)

မေး။ ။နောက်သံသရာအတွက်ကောဗျာ။ (နောက်သံသရာအတွက်လဲ မဖြစ်ရပါဘုရား။)

ဘုရားဆုံးမတဲ့ အဆုံးအမကို ကောင်းမွန်စွာမှတ်သားလို့မို့ ရကြပြီဆိုမှဖြင့် ဤကဲ့သို့ ဝီရိယတွေနဲ့ ထူထောင်ပြီး သွားကြပြီဆိုတော့ အကုန်လုံးဟာ မိမိပညာ ရပ်တွေနဲ့ ဘယ်ဟာမှ မလိုဘဲနဲ့ တစ်ခါတည်း တရှင်တည်းရှင်၊ တစ်ပျော်တည်း ပျော်ရတယ်မဟုတ်လား။

ဖြေ။ ။ပျော်ရပါတယ်ဘုရား။ နောက်သံသရာတစ်ခွင်မှာ ပျော်ရတယ်ဆိုတော့ အပါယ်ကို မကျတော့ဘူးလားဘုရား။

မေး။ ။အခု သည်ဟာကလေးနဲ့သာ နေမယ်ဆိုရင် ဒုက္ခကြီးရယ် ကျပါဦးမလား။

**သင်္ဘောလှေဖောင် စီးသလို**

ဖြေ။ ။ဒါကလေးနဲ့ချည်း နေမှ မကျမှာပါဘုရား။

ဒါကလေးနဲ့ချည်းနေမှ မကျမှာဗျ။ ရံဖန်ရံခါ ပြုတ်သွားရင်ကောဗျ။ အဲဒါ ကတော့ လှေနဲ့သင်္ဘောနဲ့ သွားတဲ့အခါမှာ သင်္ဘောပေါ်က မခောင်းရင် ရေမြုပ်ပါ့မလား။

ဖြေ။ ။မမြုပ်ပါဘုရား။

မေး။ ။သဘော်ပေါ်က ဆင်းလိုက်ရင်ကောဗျာ။ (ရေမြုပ်သွားပါကယ်ဘုရား။)

မေး။ ။အဲဒါက ဘာကြောင့်လဲဗျ။ (ထိသိလို လွတ်သွားလို့ပါဘုရား)။ ဒါကြောင့် သဘော်ပေါ်က မဆင်းနဲ့ဗျ။ ဆင်းရင်တော့ မြုပ်မှာဗျ။ ကြားလား။ (တင်ပါ့ဘုရား။)

မေး။ ။အခုနပြောတဲ့ ရေဆင်းလို့မြုပ်တာက သည့်တစ်ခါ ရေထဲကျလို့ သေတယ်ဆိုရင် ဘယ်နှစ်ခါ ဘယ်နှစ်ဘဝ သေမှာလဲ။

ဖြေ။ ။သည့်တစ်ခါ ရေထဲကျလို့ သေရင်တော့ တစ်ဘဝထဲ သေရမှာပါဘုရား၊ ထိသိသဘော်ပေါ်က ဆင်းရင်တော့ နောက်အဆုံးအဆမရှိအောင် သေနေမှာပါဘုရား။

အခု သံသရာတစ်ခွင်မှာ ဘုရားရှင်ပွင့်တော်မူတော့ သဘော် လှေဖောင်နဲ့ အခုလို ဆောင်တဲ့ပို့တဲ့အခါမှာ ဒီသဘော်ပေါ်တက်ပြီးတော့ လိုက်သွား။ တစ်ခါတည်း ဘယ်တော့မှ မနစ်မြုပ်ဘူးဗျ။ တောက်လျှောက်ကြီး ချမ်းသာမယ်။ သည့်တစ်ခါ အခုလို တင်ပို့တဲ့ သဘော်ပေါ်မှာ နေပါဆိုတာ မနေဘဲ ဆင်းရင်တော့ နောက်ကို စခန်းလမ်း မြင်ပါဦးမလား။

ဖြေ။ ။နောက်စခန်းလမ်း မမြင်ပါဘုရား။

မေး။ ။ဘယ်နှစ်ခါလောက် သေဦးမလဲ။

ဖြေ။ ။တပည့်တော်တို့က အသေကော်တော် ကြိုက်နေပါတယ်ဘုရား။

သဘော်ကြီး လာပေမယ့် ခဏနေပါဦး။ နောက်တစ်ခေါက်မှ လိုက်ပါရစေ၊ အရိမေတ္တေယျလာမှ လိုက်ပါရစေဆိုပြီး ဆုတောင်းနေပါတယ်ဘုရား။

အေး အဲဒါက ဟုတ်ပြီ။ အရိမေတ္တေယျဘုရား ပွင့်တော်မူမှာကတော့ ကြာဦးပဲဗျ။ ဘယ်လိုတုန်းဆိုတော့ ယခု ဘုရားရှင် သာသနာကုန်ဆုံးလို့မှ တစ်ခါတည်းပဲ ပြီးလွယ်အောင် ပြောရမယ်ဆိုရင် သူတို့ နားလည်သိပြီးသား နေမှာပါပဲ။ အစဉ်အတိုင်း မြေကြီးတွေဟာ တစ်ယူဇနာကျော်ကျော်လောက် တက်တဲ့အခါကျမှ ဘုရားရှင် ပွင့်တော်မူမယ်။ သည့်တော့ ဘဝပေါင်း ဘယ်နှစ်ပြန် လောက် သံသရာတစ်ခွင်မှာ နေရဦးမလဲ။

ဖြေ။ ။ဘဝပေါင်း မရေမတွက်နိုင်အောင်ပါဘုရား။

**ယောဉ်မောင်းပို့သူ ရှိတုန်း**

သည့်တော့ မရေမတွက်နိုင်တဲ့ ဘဝတွေနေမယ်ဗျ။ ဒါပေမယ့် အခါ

ခွင်မှာ မနစ်မြုပ်ဘဲနဲ့ သုဂတိခွင်မှာနေရင် ဘုရားရှင်ပွင့်တော်မူတာနဲ့ သေသေချာချာ တွေ့မယ်။ တွေ့ရင် ဖူးမြော်ရမယ်။ ပြီးတော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမကို လိုက်နာပြီဆိုရင် ချမ်းသာသုခရမှာ ဧကန္တပဲ။ သို့သော်လဲပဲ ဘယ်နှစ်ဘဝ နေရမှန်း မသိသေးဘူး။ အဲဒါ မမြုပ်ဘဲနေမှ၊ မြုပ်ပြီးသွားမယ်ဆိုရင် အပါယ်ခွင်မှာဆိုရင် ဘယ့်နှယ်မှ ဘုရားရှင်ကို ဖူးမြော်နိုင်မှာ မဟုတ်ဘူးဗျာ့။

ဖြေ။ ။အပါယ်ခွင်မှာဆိုရင် မဖူးနိုင်ပါဘုရား။ အရိမေတ္တေယျ ပွင့်တော်မူတဲ့အခါမှာ တပည့်တော်က တိရစ္ဆာန်ကြီး ဖြစ်နေရင်လဲ အလကားပါပဲ ဘုရား။

အဲဒါကတော့ ဘဝအတန်တန်ကို မျှော်ကြည့်နေရသေးတယ်။ အခု သေသေချာချာ လူ့ဘဝ ရနေကြတယ်ဗျ။ ရနေပေမယ့် အခု သက်တမ်းစေ့အောင် နေရမယ်ဆိုရင် တစ်ရာကျော်ကျော် နေရမယ်။ သည်တော့ ကိုယ့်အသက် ဘယ်လောက် ရှိပြီဆိုတာ သိတယ်။ သိတော့မှ မှန်မှန် နေရဝာယ်ဆိုရင် ဘယ်လောက် နေရတော့မှာလို့ဆိုတာ သေသေချာချာ တွက်ကြည့်ရင် မသိဘူးလား။ (သိပါတယ်ဘုရား။)

မေး။ ။သည်တော့ ကိုယ့်ဝင်း ကိုယ့်ခြံ ကိုယ့်ဗိမာန်နဲ့ နေတယ်။ ငါ့အသက် ဘယ်လောက်ရှိပြီး ဘယ်လောက်ကြာရင် သေမှာဆိုတာ သေသေချာချာ သိတယ်။ သည်တော့ကာ ဒါ့ကိုယ့်ဗိမာန်ဟုတ်ရဲ့လား။ ရွှေငွေ ငွေတွေ ရှိတာကကော ကိုယ့်ဥစ္စာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘုရား။)

မေး။ ။ကိုယ့်သား ကိုယ့်သမီးတွေကကော။ (ဒါလဲ ကိုယ့်ဟာ မဟုတ်ပါဘုရား။)

မေး။ ။မဟုတ်ပေမယ့် အခုတော့ ဟုတ်နေတယ်မဟုတ်လား။

ဖြေ။ ။ဟုတ်နေပါတယ်ဘုရား။

မေး။ ။ဟုတ်နေတော့ ဘုရားဆုံးမတဲ့ အဆုံးအမနှင့် မညီညွတ်ဘူးဗျ။ အဲဒါတွေနှင့် နေပြီး၊ အဲဒါတွေနဲ့ သေမယ်ဗျာ၊ ဘယ့်နှယ်လဲ။

ဖြေ။ ။အပါယ်ကျမှာပါဘုရား။

မေး။ ။အခုဟာက ဘဝကောင်းတယ်၊ အခါကောင်းတယ်ဗျ။ သည်အခါကောင်း၊ ဘဝကောင်းက သက်တမ်းစေလို့ သေတဲ့အခါ အပါယ်ကျမယ်ဆိုရင် ဘုရားသာသနာ မရှိတဲ့အခါမှာ ဘယ်လိုလုပ်မလဲ။

ဖြေ။ ။ဘုရားသာသနာ မရှိတဲ့အခါကျတော့ အခုသင်္ဘောကြီး မလာတော့ပါဘူးဘုရား။

မေး။ ။အခု လာတုန်းကော ဘယ်သွားမှာလဲ။

ဖြေ။ ။အပါယ်သွားမှာပါပဲဘုရား။

မေး။ ။အခုလာတုန်းတောင် သင်္ဘောကို တက်မစီးဘူးဆိုရင်၊ နို့ သင်္ဘောကြီးကတော့ အချိန်ကျရင် လာတော့လာမှာပဲ။ သည်လိုလာတော့ ကိုယ်က ဘယ်ကနေ စောင့်မလဲ။

ဖြေ။ ။တပည့်တော်က အပါယ်က နေမှာပါဘုရား။

မေး။ ။ဒီသင်္ဘောကြီး လာမှာကို တွေ့ဦးမလား။

ဖြေ။ ။ဒီသင်္ဘောကြီးကို မြင်တောင် မမြင်ရတော့ပါဘူးဘုရား။

ဒါကြောင့် အခုလိုချင်တယ်ဆိုရင် သင်္ဘောပေါ်က မဆင်းကြနဲ့၊ ကြားရဲ့လား။ နောင်ကို အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူတဲ့အခါလဲ အဲသည်ကျမှ ချမ်းသာသုခ မှန်းတဲ့အတိုင်း လိုချင်ရင်လဲ သင်္ဘောပေါ်က မဆင်းနဲ့၊ ဒါမှာသာလျှင် အခု လိုချင်လဲ ရမယ်။ နောင်အတွက်လဲ ဒါမှသာလျှင် တွေ့မယ်ဗျ။ ဒါကြောင့် အခု သည်လို စီးကြဗျား။ အခု သက်တမ်းစေ့ပြီဆိုရင် သေသေချာချာ ရွေ့ရလိမ့်မယ်။ သည်တော့ ဘယ်သွားမယ်ဆိုတာ လုံလုံလောက်လောက်နဲ့ ငါတော့ကိုဆိုပြီး မှန်းနိုင်တယ်မဟုတ်လား။

ဖြေ။ ။မှန်းနိုင်ပါတယ်ဘုရား။

မေး။ ။ဘယ်ကိုတုန်းဗျ။

ဖြေ။ ။သေတော့ သေချာပါတယ်ဘုရား။ အခုသင်္ဘောကြီးနဲ့ လွဲသွားပါပြီဘုရား။

ဟုတ်ကဲ့လားဗျ။ အဲဒါကတော့ အခုလိုထားရင် မလွဲဘူးပေါ့ဗျ။ လျှော့လျှော့ပေါ့ပေါ့ကြီး နေမယ်ဆိုရင်တော့ သေသေချာချာပဲဗျ။

ဖြေ။ ။လျှော့လျှော့ပေါ့ပေါ့နဲ့နေရင် သင်္ဘောပေါ် တက်မိရင်တောင်မှ လိမ့်ကျမှာပါဘုရား။

ဒါကြောင့် အခုနဟာက မြန်မြန်ကြီး နားလည်လွယ်တယ်။ ဟိုလိုကတော့ ပြောရတာ ကြာလို့ဗျ။ ဒါကြောင့် ဘယ်တော့မှ အခုရော နောက်ရော နေရင် မကြောက်ရဘူး။ မနေဘဲနဲ့ ဆိုရင်တော့ သေချာသဗျ။

မေး။ ။အခုန အရှင်ဘုရား အမိန့်ရှိသွားပါတယ်ဘုရား။ နှာသီးဝမှာ ထိသိ

ကလေးကို ခေတ္တကလေး အာရုံစိုက်လိုက်တာနဲ့ ပဋ္ဌပ္ပန်ရော သံသရာရော ချမ်းသာမယ် ဆိုတော့ ခေတ္တလောက်ပဲ စိတ်ကလေးကို စူးစိုက်လိုက်တာနဲ့ သံသရာတစ်ခွင်လုံးမှာ အတော်စိတ်ချရပြီလို့၊ သည်လိုဖြစ်ပါသလားဘုရား။

ဖြေ။ ။ခဏကလေးဆိုတာ သည်လိုပြောကြပါစို့ရဲ့။ နေပူကြီးမှာ အရိပ်အေးအေးကြီး ရှိတယ်ဗျ။ နေပူမခံချင်တော့ အရိပ်အေးကြီးထဲ ဝင်လိုက်တော့ နေပူသေးသလားဗျာ။ (မပူပါဘုရား။)

မေး။ ။ထွက်လိုက်တယ်ဆိုတော့ကော။

ဖြေ။ ။နေပြန်ပူပါတယ်ဘုရား။

ဟုတ်ကဲ့လားဗျာ။ သာသာကလေးသာ အရိပ်အေးကြီးထဲ ဝင်နေရင် အေးနေမှာပဲဗျ။ ဒါ အပူမကြောက်ရင်တော့ ထွက်ဗျ။ ဟုတ်ကဲ့လား။ နောက်ပြီး ဒကာကြီးရဲ့ ဝင်းအိမ်ခြံကို သွားချင်တယ်ဆိုတော့၊ ကဲ–ကားနှင့် လိုက်ပို့မယ်ဗျာ။ ဘယ့်နှယ်တုန်းဗျ။ တကယ်ရောက်ချင်ရင် ကားပေါ်က ဆင်းကြအုံးမှာလား။

ဖြေ။ ။မဆင်းပါဘုရား။

မေး။ ။ရောက်တော့ ရောက်ချင်တယ်ဆိုပြီး ကားပေါ်က ဆင်းရင် ရောက်ပါ့မလား။

ဖြေ။ ။ကားပေါ်က ဆင်းရင် မရောက်ပါဘုရား။

မေး။ ။အခုလဲ ပို့တော့ ပို့မှာပဲ၊ ပို့တဲ့အခါ သည်ကားပေါ်က မဆင်းကြနဲ့။ အဲဒီလို မဆင်းဘဲ တစ်ယောက်တည်းကော ထားလို့မဖြစ်ဘူးလား။

ဖြေ။ ။ထားလို့ဖြစ်ပါတယ်ဘုရား။

မေး။ ။အများနှင့်ကော။ (ထားလို့ဖြစ်ပါတယ်ဘုရား။)

မေး။ ။စားရင်း သောက်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။ကိုယ့်သားသမီး မြေးမြစ်တွေနဲ့ စားဖို့သောက်ဖို့ အလုပ်တွေ လုပ်ရင်းကောဗျာ။ (ဖြစ်ပါတယ်ဘုရား။)

အေး၊ ရှေးက အရှင်ကောင်းတွေက သည်လိုလုပ်ကြတာဗျ။ ဒါကြောင့် မမြုပ်ဘူးဗျ။ ဒါကြောင့် ကိုယ့်ဟာကိုယ် ဝီရိယတွေနဲ့ ထူထောင်ပြီးပြီဆိုတော့ အခုလို လွယ်တဲ့အချိန်အခါမှာ ထူထောင်ပြီးတော့ ယူကြ။ တကယ်လို့ သုဂတိခွင်မှာ ဆက်မိလို့ လူ့ခွင်မှာပဲ ပြန်ဖြစ်ဦးတော့ အခုလို လွယ်ချင် မှလွယ်မယ်။ အခုတော့ ကိုယ့်ဟာကိုယ် ဘုရားဆုံးမတာတွေ နားလည်တော့

ကိုယ်တွင်မကဘူး၊ သားသမီး မြေးမြစ်တွေကိုပါ 'လာကြဟေ့'ဆိုပြီး လုပ်ရင် ဖြစ်နိုင်တယ်။ အဲသည်လို ပြီးတော့တစ်ခါ 'သားသမီးတွေတော့ တော်တော်ကလေး စိတ်ချရပြီ။ အိမ်နီးနားက ဆွေမျိုးတွေ ခေါ်ဦးမှ တော်မယ်'ဆိုပြီးတော့ ခေါ်ဦးမှာ။ ဒါတွင် မကသေးဘူး။ တစ်မြို့လုံး ခေါ်ဦးမယ်ဆိုရင်လဲ လာပါတယ်ဗျ။ ကိုယ်ကသာ အဟုတ်လုပ်နေ။ မလာပါနဲ့ဆိုလို့ မဖြစ်ဘူးဗျ။

## ဝိသာခါ တရားအလှဆင်ပုံ

ဘာကြောင့် အဟုတ်လုပ်ရင် ဖြစ်သလဲဆိုတော့'ဒို့ဘုရား ရှေ့လက်ထက်တော်က ကျောင်းအမကြီး ဝိသာခါဗျ။ သူကတော့ သူ့ဟာသူလဲ အဟုတ်လုပ်တာဗျ။ သူက နောက်တုန်းကလဲ အဟုတ်လုပ်။ အခုလဲ အဟုတ်လုပ်တာဗျ။ အဟုတ်လုပ်နေတော့ ဘယ့်နှယ်များ ဖြစ်ပါသလဲဆိုတော့ ဝီရိယကလဲ သူ့ဟာသူ ရတနာသုံးပါးရဲ့ ကိစ္စတွေကို အအားအနားမထားဘဲ ကိုယ်ရော၊ စိတ်ရော၊ နှုတ်ရောတို့ဟာ အမြဲ လုပ်နေတာဗျ။ သူ့မှာ အားချိန်မရှိဘူးတဲ့ဗျ။

သည်တော့ အားလုံးတို့ဟာက သူ့ကို ကြည့်ရတာဟာ ကြည်ညိုလိုက်တာ အားမရနိုင်ဘူးကဲ့ဗျ။ ဘယ်လိုတုန်းဆိုတော့ ဝိသာခါ ထိုင်နေတယ်ဆိုရင် ဒို့အရှင် သခင်မကြီးဟာ အခုလို ထိုင်နေတာ အင်မတန်မှ ကြည်ညိုစရာ ကောင်းတယ်။ ကြည့်လို့ကောင်းတယ်။ 'မထပါစေနဲ့။ သည်လို တထိုင်တည်း ထိုင်နေပါစေ။ ထိုင်နေပြီး သည်လိုပဲ မလှုပ်ဘဲ နေပါစေ'နဲ့ ကြည့်လို့ အားမရနိုင်ဘူးတဲ့ဗျ။ လှုပ်လိုက်ပြန်ပြီဆိုတော့လဲ 'အမယ်မင်း သည်လိုသာ အမြဲလှုပ်နေပါစေ'နဲ့၊ လှုပ်ဘာကလဲ ကြည့်ကောင်းသတဲ့ဗျ။ လမ်းသွားပြန်ရင်လဲ 'အမယ်မင်း ဒို့အရှင်သခင်မကြီး သည်လိုသာ တသွားတည်း သွားနေပါစေ။ မရပ်ပါစေနဲ့'ဆိုပြီး ကြည့်လို့ကို အားမရနိုင်ဘူးတဲ့ဗျ။ ငုံ့ငုံ့စောင်းစောင်း နေပြန်ရင်လဲ 'ဟန်မပျက်ပါစေနဲ့'တဲ့ဗျာ။ စကားပြောပြန်ရင်လဲ 'မရပ်လိုက်ပါစေနဲ့'၊ နားထောင်ကောင်းလို့တဲ့ဗျ။

သူ့ဟာ အကောင်းချည်းပဲဗျ။ ဘယ်လိုယုပ်နေနေ သူ့ဟာက ကောင်းမှာပေါ့။ ယခုပြောတဲ့ သီလနဲ့၊ သမာဓိနဲ့၊ ပညာနဲ့ ဘယ်အခါမှ မပြတ်ဘူး။ မေတ္တာတွေနဲ့၊ သက္ကစ္စနိဝါတတွေနဲ့ မပတ်သက်တာ ဘာမှမရှိဘူး။ စိတ်ကလဲ ယခုန ဟာတွေနဲ့ အလုပ်ကလဲကောင်း၊ အလုပ်ကောင်းတော့ လုပ်နေတုန်းလဲ

ကောင်းတာပဲ။ ကိုယ်လုပ်တာတွေ ပြုတာတွေကလဲ အကောင်းဗျ။ အဲဒီလိုတဲ့ဗျာ့။ အဲဒါ ဘာလဲဆိုရင် ယခုနဟာ ကောင်းတာဗျာ့။ (တင်ပါ့ဘုရား။)

အဲဒီလိုပြုနေတဲ့အခါ ကိုယ်တွင်မှုမကဘူး။ သူ့ကို နှစ်သက်ကြည်ညိုကြတာနဲ့ ဒီအာရုံနဲ့ သွားလိုက်တာ၊ မနည်းပေါင်တဲ့ဗျာ။ တသီတတန်းကြီးတဲ့ဗျာ့။

ဒါပေမယ့် သူဟာ သာဝတ္ထိပြည်ကနေ သာကေတရောက်တော့ လိမ်လိမ်မာမာနဲ့ အိမ်ရောက်သလား။

ဖြေ။ ။လိမ်လိမ်မာမာ နေကြတဲ့အိမ် မရောက်ပါဘုရား။ တခြားဘာသာကိုးကွယ်တဲ့ ယောက္ခမတဲ့အိမ် ရောက်သွားပါတယ်ဘုရား။

မေး။ ။သူ့မှာ နေရာကျတာရှိသလား။ (နေရာမကျပါဘုရား။)

မေး။ ။သူ့စိတ်ထဲမှာ နေရာကျသလား။(နေရာမကျပါဘုရား။)

မေး။ ။လုပ်ပုံက နေရာကျသလား။ (ယောက္ခမလုပ်ပုံက နေရာမကျပါဘုရား။)

မေး။ ။သူကကော ကိုယ်ရော နှုတ်ရော စိတ်ရော အကုန်လုံးတွေဟာ နေရာကျရဲ့လား။

ဖြေ။ ။ရောက်စက နေရာမကျပါဘုရား။

## မိဂါရသူဌေးကြီး

အေးပါဗျာ့၊ ဒါပေမယ့် သူကတော့ သူ့ဟာသူ လုပ်နေတာဗျ၊ ရန်မဖြစ်ပါဘူးဗျ။ တော်တော်ကြာကျတော့ အဲဒီလိုလုပ်နေတာနဲ့ မိဂါရနဲ့ အခြံအရံတွေဟာ ဘယ်လို ဖြစ်သလဲ။ ဝိသာခါ တရားဟောတာ၊ သူလုပ်တာကိုင်တာပြတာနဲ့ပဲ မိဂါရ သူဌေးကြီးဟာ သောတာပန် ဖြစ်ပါရောတဲ့ဗျ။ အေး–သူကောင်းတာနဲ့ပဲ အကုန် လျှောက်ကောင်းသွားတာဗျ။ သူ့ဟာသူ ကောင်းတာနဲ့ ဟိုက တပြုံးလုံး ကောင်းသွား တာဗျ။ တစ်ယောက်ကစပြီး တရာပွားသွားပါတယ်ဗျ။ အခုန ဒကာကြီးကတော့ ဘယ့်နှယ်လဲ၊ အနားမလာနဲ့လို့ ပြောမှာလား။

ဖြေ။ ။တပည့်တော်ကတော့ အစရှိသေးတာကိုးဘုရား၊ သူတို့လာတော့ ပျက်သွားပါတယ်ဘုရား။

သူတို့လာတော့ ဘယ်ပျက်သွားရမလဲ။ ကိုယ်ချည်းပဲဆိုရင် အိပ်ချင်အိပ်နေမှာ၊ သူတို့တွေ အနားမှာနေတော့ 'အဘိုးလိမ်တာ အဘိုးလိမ်တာ' ပြောမှာစိုးလို့ ထိုင်တော့မှာဗျ။

(တစ်ခါတလေ သူတို့ကို စမ်းကြည့်တယ်ဘုရား။ တပည့်တော် စိတ်ငြိမ်သလား၊ မငြိမ်သလားလို့၊ ရင်ပတ်ပေါ် တက်ခုန်လိုက်သေးတယ်။)

အဲဒါဆို နေရာကျတာပဲဗျ။

(နေရာကျမှာ မကျမှာတော့ မပြောတတ်ဘူးဘုရား၊ မြွေတွေက ရင်ပတ်ပေါ် တက်ခုန်လိုက်တော့ တပည့်တော်က ခုန်ခုန်ဆင်းသွားတာပဲဘုရား။)

ဒါဖြင့် ကျွမ်းသိရင် နောက်တစ်ခါမကျအောင် ကြိုးစားတော့မှာပဲ။ နောက်တော့ တောက်လျှောက်ကြီး သည်လိုသွားပါလိမ့်မယ်။ ရှေးက သူတော် ကောင်းတွေက သည်လိုသွားတာဗျ။ (တင်ပါ့ဘုရား။)

ဒါကတော့ ရှေးသူတော်ကောင်းတွေ အစီးအပွားများတာကို လျှောက်ပြော နေတာဗျ။ အခုလဲပဲ သည်လိုသာ လုပ်ဖြစ်မှာပဲ။ အခုတော့ ဘယ့်နှယ်လဲ သားတွေ သမီးတွေ ရှိနေတော့ သူတို့အတွက် လုပ်ရတာက တစ်မျိုး၊ အဲဒါတွေ လုပ်လို့ ပြီးပြန်တော့ ကိုယ့်အာရုံ ကိုယ်ပြုမယ်ဆိုပြန်တော့လဲ ဒါတွေက ရှိနေလို့ မဖြစ်ဘူးဆိုပြီး သည်လိုပဲ လုပ်နေတယ်မဟုတ်လား။ ဖြေ။ ။သည်လိုပဲ လုပ်နေပါတယ်ဘုရား။

အခုပြောတာက သူတို့ ဘယ်လိုပဲလုပ်လုပ် ဘယ်လိုပဲနေနေ၊ အဲသလိုသာ လုပ်ဗျာ။ ဘုရားရှင် ရွှေလက်ထက်တော်ကလဲ ဖြစ်တာပဲ။ အခုလဲပဲ ဖြစ်တာပဲ။ ဒို့ကတော့ တော်သလို ဘာသိဘာသာ နေတာဗျ၊ နေပေမယ့် ဒို့က ပြောစရာ မဟုတ်တဲ့ နေရာတွေမှာ သာသာနေတာဗျ။

အဲသည်မှာ သူတို့က ရောက်ရောက်လာတာဗျ။ သူတို့ချည်း မဟုတ်ဘူးဗျ။ ဒို့ဒကာကြီး၊ဒကာမကြီးတွေမှာ အတဲ့ကလေးတွေ ပါပါလာတယ်ဗျ။ သူတို့နဲ့လိုက် ပြီး သူ့တို့ ဘယ်လိုနေသလဲ။ သူတို့နေသလို အတူတူနေတာဗျ။ 'လုပ်ကြဟဲ့'ဆို ထိုင်တာပဲ။

ထိုင်တယ်ဆို လူကြီးတွေကတော့ ပြောစရာမရဘူး။ သူတို့ကတော့ ပြော စရာရတယ်ဗျ။ ဒါပေမယ့် သူတို့ချည်း လွှတ်လိုက်လို့ မဖြစ်ဘူးဗျ။ နောက်ကျတော့ ဘယ်လိုလဲဆိုရင် သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေက သူတို့ တော်သလိုလုပ်မယ့် နေရာသွားမယ်ဆိုရင် အမယ်မင်း လိုက်ချင် လိုက်ကြတာဗျ။ သည်တော့ အကုန်လုံး မခေါ်နိုင်ရင်တောင် အလှည့်ကျ ခေါ်ရတယ်ဗျ။ ပြန်မယ်ဆိုရင်လဲ ငိုလိုက်ကြတာတဲ့ဗျ။

အဲဒါ တို့ဘုရားရွှေလက်ထက်တော်က သည်လိုပဲ ဖြစ်တာကို လျှောက်

ပြောတာဗျ။ အခုလဲ အားလုံးတို့ဟာ သည်လိုပဲ ဖြစ်မှာပါဗျ။ ဒကာကြီး ဒကာမကြီးများဟာလဲ သည်လိုလုပ်လို့ သေသေချာချာဖြစ်တယ်။ (သေသေချာချာဖြစ်တယ် ဆိုတာက သောတာပန် ဖြစ်တာလားဘုရား။)

ဘာမှ မဖြစ်ချင်နေ၊ ဖြစ်ချင်ဖြစ်၊ အခုနဟာလောက် ဖြစ်ရင်တော်ပြီ၊ သောတာပန်တွေ ဘာတွေ လုပ်မနေနဲ့။

(တပည့်တော်က အရင်လိုတယ်ဘုရား။ အခုပဲ သောတာပန် ဖြစ်ချင်လှပြီ သောတာပန်ဆိုရင် အပါယ်မလားဘူးလို့ သိရပါတယ်ဘုရား။)

အခုလောက်ဆိုရင်ပဲ ဆင်းရဲမသွားဘူး မဟုတ်လား။

(ခေတ္တခဏကလေး လုပ်လိုက်တာနဲ့လားဘုရား။)

အေး၊ သည်လောက်ဆို တော်ပါပြီဗျ။ ငါဘာမှ မဖြစ်ချင်တော့ဘူးလို့ လုပ်ဗျ။ ဘာဖြစ်ချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုပြီး မော့မော့ချည်း နေရင် ဘာမှ ဖြစ်မှာမဟုတ်ဘူး။

(တပည့်တော်က စိတ်ကြီးဝင်နေတဲ့ ဒကာကြီးပါဘုရား။ သောတာပန် ဖြစ်ချင်နေပါ တယ်ဘုရား။)

## ရုပ်တွေ နာမ်တွေ မခေါ်တတ်ပေမယ့်

မေး။ ။သက္ကာယဒိဋ္ဌိဆိုတာက ငါပဲ၊ သူပဲ၊ ငါ ငါနဲ့ သည်လိုပြောနေတာ မဟုတ်လား။

ဖြေ။ ။သည်လိုပြောနေတာပါပဲဘုရား။

မေး။ ။သည်လိုပြောနေတော့ ဒကာကြီးဟာ ရုပ်ရယ်၊ နာမ်ရယ်ဆိုတာ သိတယ်မဟုတ်လား။

ဖြေ။ ။ရုပ်–၂၈၊ နာမ်–၅၃ ရှိပါတယ်ဘုရား။

မေး။ ။ဒါမျိုးကတော့ ဒကာကြီး၊ဒကာမကြီးတွေ သိပြီးသားပါဗျာ။ အရှည်လျှောက်ပြောရင် အချိန်ကုန်နေမှာပါဗျ။ နှာသီးဖျားကရုပ်၊ သိတာက နာမ်၊ အဲသည်တော့ အဟုတ်သိနေတဲ့ အချိန်ကလေးမှာ ငါဆိုတာ လာရဲ့လား။

ဖြေ။ ။အဟုတ်နေတဲ့ အချိန်မှာ စဉ်းစားစရာ မရှိပါဘုရား။ ထိတာကို မှတ်နေတဲ့ စိတ်ပဲ ရှိပါတယ်ဘုရား။

မေး။ ။သည်လို မလာဘူးဆိုတော့ ဘာတုန်းဗျ၊ အဲသည်အချိန်မှာ သက္ကာယဒိဋ္ဌိ

ကပ်သလား၊ ကွာသလား။

ဖြေ။ ။သက္ကာယဒိဋ္ဌိ ကွာပါတယ်ဘုရား။

မေး။ ။ကွာချင်ရင် အဲသည်လိုသာ ကွာထားဗျ၊ ကြားရဲ့လား။ အဲသည်အချိန်မှာ သေသွားရင် ဘယ့်နှယ်လဲ၊ သွားနေကျနေရာ အပါယ်သာ သွားပါရစေလို့ ဆုတောင်း၊ ဘယ့်နှယ်လဲ။

ဖြေ။ ။ဘယ်လို ဆုတောင်းတောင်း၊ မကျပါဘူးဘုရား။ အထက် သွားမှာပဲဘုရား။

မေး။ ။အဲတာ တည့်တာပဲဗျ၊ ဟုတ်ရဲ့လားဗျာ့။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။သူတကာတို့က ကြမ်းကြမ်းတမ်းတမ်း မခံချင်အောင် သည်ဆရာကြီးဟာ အလကားပါ၊ အပါယ် သေသေချာချာ ကျမှာပါလို့ ဆိုပေမယ့် ဘယ့်နှယ်လဲ ကျမှာလား။ (မကျပါဘူးဘုရား၊)

မေး။ ။အေး ကိုယ်ကတော့ အခုနလို မလွတ်စေနဲ့၊ ကြားလား။ ဘာမှ မဖြစ်ချင် နေပေ့စေ၊ သည်လိုသာနေ ကြားလား။

ဖြေ။ ။ထိသိနေတဲ့ အချိန်ကလေးမှာ ငါဆိုတာ ပျောက်နေတဲ့အတွက် သက္ကာယ ဒိဋ္ဌိကွာတယ်လို့ ဒီလိုပဲ မှတ်ပါတော့မယ်ဘုရား။

မေး။ ။အေး၊ ဒါဖြင့် အဲသည်လိုသာ မှတ်ထားဗျ၊ ဟုတ်ကဲ့လား။

ဖြေ။ ။စာထဲမှာတော့ ခက်လိုက်တာဘုရား၊ သက္ကာယဒိဋ္ဌိဆိုသည်မှာ ပဉ္စုပါဒါနက္ခန္ဓာဆိုတော့ ဘာမှ မသိပါဘုရား။

မေး။ ။အခုဟာက ခန္ဓာငါးပါး မပါဘူးလား။

ဖြေ။ ။ဘယ်လို ပါပါသလဲဘုရား။

မေး။ ။ခန္ဓာငါးပါးဆိုတာ မပါဘူးလားဗျ။

ဖြေ။ ။ဘယ်လိုပါတယ်ဆိုတာ သနားပါအုံးဘုရား။

မေး။ ။အဲဒါဖြင့် ခန္ဓာငါးပါးဆိုတာ ဘယ်ဒင်း ဘယ်ဒင်းလဲ ပြောစမ်းပါအုံးဗျ။

ဖြေ။ ။ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါဘုရား။ ဒါကတော့ ရလို့ ဒေါက်ဒေါက်နဲ့ ပြောတာပါဘုရား။

မေး။ ။ဒကာကြီးဟာ ရုပ်က ဘယ်လောက်လဲ။

ဖြေ။ ။ရုပ်က ၂၈–ပါဘုရား။

မေး။ ။နှာသီးဖျားဟာ အဲသည်ရုပ် ၂၈–ထဲမှာ မပါတာ ရှိသလား။

ဖြေ။ ။မပါတာ ရှိပါသေးတယ်ဘုရား။

မေး။ ။ဘယ်ဟာလဲ။

ဖြေ။ ။ကလ္လတ္ထိဘာဝရုပ် ကျန်နေပါတယ်ဘုရား။

မေး။ ။အဲဒါဘာလဲ၊ ပြောလို့သာ ပြောတာ၊ စင်စစ်တော့ ရုပ်ထဲမှာ ဘယ့်နှယ်လဲ၊ ဘာကိုများ ခေါ်တာလဲ၊ ကလ္လတ္ထိဘာဝ ရုပ်ဆိုပြီးတော့ တစ်မျိုးရှိသေးသလား။

ဖြေ။ ။ဟိုလိုဟာတွေနဲ့ဆိုရင် ယောကျ်ား ၂၇၊ မိန်းမ ၂၇ ပါလို့ သည်လိုအမှန်ထားပါတယ်ဘုရား။

မေး။ ။အမှန်ထားပေမယ့် တစ်မျိုးရှိသေးသလား။

ဖြေ။ ။တစ်မျိုးမရှိပါဘူးဘုရား။ ကလ္လတ္ထိဘာဝလို့၊ ပုမ္ဘာဘဝလို့ ထားရုံပါပဲဘုရား။

မေး။ ။ကျန်သေးသလား။

ဖြေ။ ။မကျန်ပါဘူးဘုရား။

မေး။ ။နာမ်ကကော ဘယ်လောက်လဲ။

ဖြေ။ ။စေတသိက် ၅၂ ပါဘုရား။

မေး။ ။အခုန သိနေတယ်ဆိုတာ နာမ်မှာ ကျန်သေးသလား။

ဖြေ။ ။ဘယ်နေရာမှ မကျန်ပါဘုရား။

မေး။ ။သည်တော့ တပြိုင်နက် မပါဘူးလားဗျ။

ဖြေ။ ။ပါပါတယ်ဘုရား။

မေး။ ။ဒါဖြင့် အခုန ဘယ်ဟာများ လိုနေသေးသတုံး။

ဖြေ။ ။ဘယ်နေရာမှ မလိုပါဘုရား။

မေး။ ။အခုနတော့ လိုနေသလို ပြောတယ်မဟုတ်လား။

ဖြေ။ ။ရုပ်နှင့် နာမ်တော့ သိပါပြီဘုရား၊ ခန္ဓာငါးပါးနှင့် ဘယ်လိုများဆက်ပါသလဲဘုရား။

မေး။ ။အခုနဟာ ခန္ဓာငါးပါး မပါဘူးလား။

ဖြေ။ ။ပါတော့ ပါပါတယ်ဘုရား။ ဒီလောက်ပြောရုံနဲ့ မသိပါဘူးဘုရား။

မေး။ ။ရုပ်ကတော့ ရူပက္ခန္ဓာ၊နာမ်ကတော့ ဘယ်နှစ်ပါးလဲ၊ နာမ်ခန္ဓာဘယ်လောက်လဲ။

ဖြေ။ ။နာမ်ခန္ဓာ လေးပါးပါဘုရား။

မေး။ ။ဘာတွေလဲ။

ဖြေ။ ။ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာပါဘုရား။

မေး။ ။အဲဒါကလေး ထားလိုက်သည်ရှိသော် သည်အချိန်ကလေးမှာ ဘယ်ဟာ လပ်နေမှာလဲဗျ။

ဖြေ။ ။ဘယ်ဟာမှ မလပ်ပါဘုရား။ တစ်ချိန်တည်းမှာ လျှောက်ပြီး ဖြစ်သွားတာပဲဘုရား။

မေး။ ။သည်တော့ အကုန်မပါဘူးလား။

ဖြေ။ ။အကုန်ပါပါတယ်ဘုရား။

မေး။ ။ဒါဖြင့် ရှင်းလင်းပြီလား။

ဖြေ။ ။ရှင်းပေမယ့် ခပ်ရှုပ်ရှုပ်ပါပဲဘုရား။

မေး။ ။နေ့ပါအုံးတော့ ဒကာကြီးရယ်၊ ဒကာမကြီးအိမ်မှာ ကနေ့ ဘာဟင်းနဲ့ စားသလဲ။

ဖြေ။ ။ကနေ့ ငါးဟင်းနဲ့ စားပါတယ်ဘုရား။

မေး။ ။ငါးဟင်းဟာ ကောင်းသလား။

ဖြေ။ ။ကောင်းပါတယ်ဘုရား။

မေး။ ။အဲသည်ငါးဟင်းထဲမှာ ရေမပါဘူးလား။

ဖြေ။ ။ရေ၊ ဆား၊ နနွင်း၊ ကြက်သွန်ဖြူ–နီ အစရှိသည်တို့ အကုန်ပါပါတယ်ဘုရား။

မေး။ ။စားလိုက်သည်နှင့်တပြိုင်နက် ဘယ့်နှယ်လဲ ငါးဟင်းချည်းပဲလား၊ အခုနဟာတွေ မပါဘူးလား။

ဖြေ။ ။ရေတို့ ဘာတို့ အကုန်ပါပါတယ်ဘုရား။

မေး။ ။ဆီကော မပါဘူးလား။

ဖြေ။ ။ဆီလဲ ပါပါတယ်ဘုရား။

မေး။ ။ကောင်းလိုက်တာဆိုတော့ ဘယ်ဟာ ကျန်သေးသလဲ။

ဖြေ။ ။ဘယ်ဟာမှ မကျန်ပါဘုရား။
အေး၊ အဲသည်လို ကောင်းဗျ။ (တင်ပါ့ဘုရား။)

မေး။ ။ဒါကတော့ ထည့်သလောက် လျှောက်ကောင်းမှာချည်းပဲ၊ ဟုတ်ကဲ့လား။

ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။ဒါဖြင့် ရှင်းသွားပလား။

ဖြေ။ ။ရှင်းသွားပြီလို့ ဆိုပေမယ့် တပည့်တော် နားမလည်သေးပါဘုရား။

မေး။ ။နားမလည်ရင် ဘာရယ်၊ ညာရယ် လုပ်မနေနဲ့၊ အခုနလိုသာ ထားဗျ။

ဖြေ။ ။ထိ သိလားဘုရား။

## ယာဉ် လုပ်တတ်ဖို့မလို

မေး။ ။အေး၊ အဲဒါပဲ ထားဗျ။ နေရာကျလိမ့်မယ်။ ဒါနဲ့ ဒကာကြီး ကားတွေ ဘာတွေ လေယာဉ်ပျံတွေ စီးဖူးတယ်မဟုတ်လား။

ဖြေ။ ။လေယာဉ်ပျံတော့ မစီးဘူးပါဘုရား။

မေး။ ။သင်္ဘောတွေ ဘာတွေတော့ စီးဖူးတယ်မဟုတ်လား။ (စီးဖူးပါတယ် ဘုရား။)

မေး။ ။သင်္ဘောမောင်းတတ်သလား။ (မမောင်းတတ်ပါဘုရား။)

မေး။ ။မမောင်းတတ်ပေမယ့် တက်စီးတော့ ကိုယ်လိုချင်တဲ့နေရာ မရောက် ဘူးလား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

အေး၊ တက်သာစီး မောင်းတတ်သည်ဖြစ်စေ၊ မမောင်းတတ်သည်ဖြစ်စေ၊ တက်သာစီးရင် ကိုယ်လိုချင်တဲ့နေရာ ရောက်မှာပဲဗျ။ သင်္ဘောမှာခေါ်တဲ့ အခေါ်အဝေါ်တွေကိုကော သိသလား။

ဖြေ။ ။မခေါ်တတ်ပါဘူးဘုရား။

မေး။ ။ဒီ့ပြင်ဟာတွေကော ပြောတတ်သလား။ (မပြောတတ်ပါဘုရား။)

မေး။ ။ဒါပေမယ့် တက်စီး မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား။)

မကျအောင်သာ စီးသွား၊ ရောက်မှာပဲဗျ။ အဲဒီသင်္ဘောကြီးဟာ သွားနေရင် ဒီသင်္ဘောဟာ အကုန်ကောင်းလို့ပဲလို့ မှတ်ပေတော့။ နားလည်လည်၊ မလည်လည်၊ သိသိ၊ မသိသိ၊ ရပ်နေတယ်ဆိုရင်တော့ ဒီသင်္ဘောကြီး ကောင်းပါတယ်လို့ ဒကာကြီးကို ပြောမယ်။ ဒကာကြီး ယုံမှာလား။

ဖြေ။ ။ရပ်နေရင်တော့ သင်္ဘောကြီးပျက်လို့ ဆိုရမှာပဲဘုရား။

မေး။ ။ပျက်တာ ဘာပျက်သလဲလို့ ဒကာကြီးကို မေးရင် ပြောတတ်ပါ့မလား။

ဖြေ။ ။မပြောတတ်ပါဘုရား။

မေး။ ။ဒါဖြင့် ဘာဖြစ်လို့ ပျက်တယ်ပြောသလဲ။

ဖြေ။ ။မသွားလို့ ပျက်တယ်လို့ပြောတာပါဘုရား။

မေး။ ။အခုလဲ မှတ်ထား၊ ထားတဲ့အတိုင်းနေရင် သဘော်ကြီးသွားတာပဲ။ မနေရင်တော့ သဘော်ကြီး ပျက်တာပဲ။ ဟိုလိုလျှောက်ပြောရင် သိမှာမဟုတ်ဘူး။ အခုပြောတာ မှတ်မိပြီမဟုတ်လား။

ဖြေ။ ။မှတ်မိပါတယ်ဘုရား။ နေရင် သဘော်ကြီးသွားပြီ။ မနေရင် သဘော်ကြီး ပျက်ပြီ။

မေး။ ။ပျက်လို့ နစ်ရင်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ဟိုအောက်ထဲထိအောင် ရောက်မှာပဲဘုရား။

မေး။ ။တက်နိုင်ပါဦးမလား။

ဖြေ။ ။မတက်နိုင်ပါဘူးဘုရား။

အဲဒါကြောင့် ဘာရယ် ညာရယ် လုပ်မနေနဲ့၊ လွယ်လွယ်ပဲ။ အဲဒါကလေးသာ ထားဆိုတဲ့ နေရာမှာထား၊ မနေရင်တော့ သဘော်ပျက်တာပဲ။ ပျက်ရင် ပြင်ဖို့ ခက်သလားဗျ။

ဖြေ။ ။ပြင်တတ်ရင်တော့ မခက်ပါဘူးဘုရား။ စက်ဆရာ ခေါ်ပြင်ရင်တော့ ရမှာပဲဘုရား။

စက်ဆရာတွေ ဘာတွေ ခေါ်မနေနဲ့၊ အဲဒီနေရာမှာ မနေရင် နေအောင် ထားဗျ။ ဟုတ်ကဲ့လား၊ မှတ်ထားနော်၊ စက်ဆရာတွေ ဘာတွေ ခေါ်နေရင် ရှုပ်နေဦးမယ်။ တော်တော်ကြာ စက်ဆရာခေါ်မရလို့ ဘယ်နေရာမှန်း မသိလို့နဲ့ လုပ်နေဦးမယ်။ နေရင် ဘာတုန်းဗျ။

ဖြေ။ ။သဘော်ကြီး သွားတာပဲဘုရား။

မေး။ ။မနေရင်ကော။ (သဘော်ကြီး ပျက်တာပဲဘုရား။)

မေး။ ။ပျက်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။သဘော်ကြီး သွားအောင် ထိသိကို ပြန်ပြီး နေအောင် ထားရမှာပဲဘုရား။

မေး။ ။တောက်လျှောက်ကြီး သွားချင်တော့ကော။

ဖြေ။ ။တောက်လျှောက်ကြီး ထိသိကို ထားရမှာပဲဘုရား။

မေး။ ။ဒါ ဟုတ်ပလား။ (ဟုတ်ပါပြီဘုရား။)

မေး။ ။ဘယ်နေရာ ခက်သေးသလဲ။ (မခက်ပါဘုရား။)

မေး။ ။ဘုရားရှင် သည်လိုဆုံးမတော်မူတာတဲ့ဗျ။ ကြားလား။

ဖြေ။ ။တင်ပါ့ဘုရား။

ဘုရားရှင်ဟာတော့ အကုန်လုံး လူနတ်ဗြဟ္မာတွေ ကိုယ်လိုချင်အောင်

ရအောင် သိအောင် သည်လိုဆောင်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရအောင် ပါရမီဖြည့်ရတယ်။ သည်လိုဖြည့်လို့ ဘုရားဖြစ်တော့မှ သည်လို ဟောနိုင်တာဗျ။ သည်တော့ ဒကာကြီးများရယ် နိဗ္ဗာန်လိုချင်တယ်ဆိုရင် ဘုရားဖြစ်ရမှာလား။

ဖြေ။ ။ဘုရားမဖြစ်လဲ ရပါတယ်ဘုရား။

ဘယ်လိုတော့ ဖြစ်ရမှာလဲ၊ ဘုရားရှင်ပွင့်တော်မူတဲ့ အခါကျပြီဆိုတော့ ဘုရားရှင်က ဒါလုပ် ဒါလုပ်ဆိုရင် အဲဒါကို နားထောင်ပြီး လုပ်သွားရင် ဘုရား မဖြစ်ပေမယ့် နိဗ္ဗာန်ရတာပဲ မဟုတ်လား။ (ရပါတယ်ဘုရား။)

မေး။ ။အခုလဲ ဒကာကြီး သင်္ဘောတည်နိုင်သလား။ (မတည်နိုင်ပါဘုရား။)

မေး။ ။မတည်နိုင်ပေမယ့် သူများတည်တဲ့ သင်္ဘောတက်စီးရင် မရောက် ဘူးလား။ (ရောက်ပါတယ်ဘုရား။)

အေး၊ အခုနပြောတဲ့ သင်္ဘောကို တက်သာစီး ကြားလား။ မခက်ပါဘူးဗျ။ အဲဒီလိုသာ လုပ်ပါဗျ။ ဒကာကြီးတင်မကဘူး။ သားသမီး မြေးမြစ်တွေ၊ ဆွေတွေ မျိုးတွေ၊ မြို့သူမြို့သားတွေ အကုန်လုံး လုပ်ဆိုရင် ဘယ့်နှယ်လဲ။ အကုန်လုံး မပါဘူးလား။

ဖြေ။ ။ပါပါတယ်ဘုရား။ သင်္ဘောကြီးမှာ ပျော်စရာကြီး နေမှာပါဘုရား။

မေး။ ။အခုနလို 'အနားမလာနဲ့'လို့ လုပ်နေရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်က ထိသိကို လုပ်နေရတာ အင်မတန် ဆိတ်ငြိမ်တဲ့နေရာမှာ လုပ်နေတာတောင်မှ တပည့်တော်က သင်္ဘောပေါ်က ခုန်ဆင်းချင်နေ တာကိုးဘုရား။

မေး။ ။ဒါက သက်သက်မဲ့ ခုန်ချနေတာဗျ။ အခုနလိုဆိုရင်ကော။

ဖြေ။ ။မခုန်ချဘဲ တွယ်ကပ်နေရင်တော့ မကျပါဘူးဘုရား။

မေး။ ။အခု ဒကာကြီးတို့ ကားတွေ ဘာတွေနဲ့ သွားကြတော့ ဥပမာ– ကိုယ့်ကားက ညှံ့နေပြီး သူများကားက ကျော်သွားရင် ဒကာကြီး ကြိုက်သလား။

ဖြေ။ ။မကြိုက်ပါဘူးဘုရား။ တပည့်တော်က ထိပ်ကဝင်မှ ကြိုက်ပါတယ် ဘုရား။

မေး။ ။အခုလို ထိပ်ကဝင်မှ ကြိုက်ရင် အခုနလိုသာ သွားဗျ။ အခု သည်လို သွားတော့မှာလား။

ဖြေ။ ။သည်လိုသွားဖို့ ရည်ရွယ်ပါတယ်ဘုရား။

**တော်တယ်ထင်တိုင်း မတော်**

အင်း–သူ့ဟာက ရည်ရွယ်တုန်း ရှိသေးတာကိုးဗျ။ အေး–လွယ်ပါတယ်ဗျ။ အခုပြောတာ ပေါ့တော့တော့ ပြောတာမဟုတ်ဘူးနော်။ သည်လိုပြောမှ ဖြစ်မှာမို့ သည်လိုပြောတာ ကြားလား။ ဟိုလိုပြောတော့ နေရင် ကုသိုလ်၊ မနေရင် အကုသိုလ်ဗျ။ ဒါနဲ့သွားမှ ကျော်ကြတယ်။ ဒါနဲ့မသွားရင် ဘယ်သူမှ မကျော်ဘူးဗျ။ လူရော နတ်ရောဗျ။ ဒို့ ရဟန်းတွေ ဘာတွေတော့ အားလုံးက 'တော်ပါပေတယ်' လို့ ပြောမှာဗျ။ ဒါပေမယ့် ဘယ်သူဖြစ်ဖြစ် သည်နေရာမှာမနေဘဲ သေရင် 'တော်ပါပေ့' ဆိုတာ အလကားဗျ။ မနေရင် သည်တော်ပါပေ့ ဆိုတာ ဘယ်ရောက်မလဲ။ (အပါယ်ရောက်မှာပဲဘုရား)။

အေး ဒါကြောင့် သည်လိုဆောင်ရွက်ကြဗျား။ လွယ်လိုက်တာဗျ။ ဒါကြောင့် အားလုံးတို့ဟာ သည်လိုဆောင်ရွက်ကြဗျ။ ဒါပေမယ့် အချိန်တိုင်း နေရာကျမှ စိတ်ချရမှာဗျ။ နေရာမကျတဲ့ အချိန်ရှိရင် စိတ်မချရဘူးဗျ။ တောက်လျှောက်ကြီးသာ နေရာကျရင်တော့ ဒကာကြီး၊ဒကာမကြီးတွေ ဘာမှ မစိုးရိမ်ရတော့ဘူး။ ကိုယ့်သား ကိုယ့်သမီးတွေလဲ သည်လိုလုပ်နေရင် သူတို့ နေရာကျပြီဆိုတော့ မနားချင်တဲ့ အဖြစ်မျိုး ဖြစ်ကုန်လိမ့်မယ်။ အဲသည်အခါကျရင် စိတ်ထဲက အားရနေလိမ့်မယ်။ 'ငါ့သားတွေ သမီးတွေတော့ လုံလောက်နေပြီ'ဆိုပြီး အခုလဲ အားရနေလိမ့်မယ်။ နောင်လဲ အားရနမှာပဲ။ တောက်လျှောက်ကြီးကို အားရနေလိမ့်မယ်။ သို့လိုမှ မဟုတ်ဘဲ ငါဟာ မမြဲဘူး။ ဘယ်အချိန် သေမယ်မှန်းမသိဘူး။ သည်တော့ သေတဲ့အချိန်များ သည်အဖြစ်မျိုးနဲ့ သေသွားရင် အောက်ရောက်ကုန်ရော။ တက်မှာမဟုတ်ဘူး။ (တစ်သက်လုံးလုပ်ပြီး သေခါနီးကျမှ လွတ်သွားရင် ဘယ့်နှယ်လဲ ဘုရား။)

လွတ်သွားရင်တော့ ရောက်သွားမှာပေါ့ဗျ။ ရောက်ခါနီးကျမှ ခုန်ချရင် ဘယ့်နှယ်လဲ။ နစ်သွားမှာပေါ့ ဒကာကြီးရဲ့။ (တင်ပါ့ဘုရား။)

အေး–အဲဒါသာ မှတ်ထား၊ သည့်ပြင်ဟာ လျှောက်ပြောလို့ မဖြစ်ဘူး။ တော်တော်ကြာ အဲသည်လိုတဲ့ဆိုပြီး လျော့တော့ကြီး လုပ်နေဦးမယ်။ အဲဒါသာ မှတ်သား။ (တင်ပါ့ဘုရား။)

ရှေးကအရှင်တွေက သည်လိုသွားတာဗျ။ ဒါကြောင့်မို့ သူတို့မှာ

စောစော ကတည်းက ကိုယ့်အတွက် သူ့အတွက်တွေ စိတ်ချရတယ်။ တချို့ သားသမီးတွေကို ဆုံးမထားတယ်။ ဆုံးမပြီး သာသာကြည်ကြည် နေလိုက်တာပဲ။ မလုံလောက်ဘူးဆိုရင် နည်းနည်းလုံလောက်အောင် သူ့ဟာနဲ့သူ ပြောလိုက်တာပဲ။ အားလုံး တပြိုင်နက်တည်း လုပ်ကြတာပဲ။ တချို့ တော်နေတယ်။ တော်နေတော့ သားသမီး တွေကလဲ လွန်ချင် လွန်သွားတာပဲ။ အဲဒါ အဟုတ်ဆောင်တာဗျ။ အခုလဲ အားလုံးတို့ဟာ ဘယ်သူမှ ကယ်နိုင်တာ မဟုတ်ဘူး။ ကြားရဲ့လား။ (မကယ်နိုင်ပါဘူးဘုရား)။

## တသိတည်း သိနေပါ

ဘုရားရှင်ကလဲ ဒါပဲ ဆောင်ပေးတာပဲ။ သည်တော့ တပည့်သားဖြစ်တဲ့ လူနတ်ဗြဟ္မာတွေဟာ ဘုရားဆုံးမတဲ့အတိုင်း လိုက်နာရင် ဘုရားရှင်က ဘာတုန်းဆိုတော့ အသီးသီးတောင့်တတဲ့အတိုင်း ပြီးအောင်ဆုံးမရုံပဲ။ ဒါ ဘုရားအလုပ်။ တပည့်သား သာဝကတွေကသာ ကိုယ်မှန်းထားတဲ့ ကိုယ်လိုချင်တဲ့ဟာကို 'ဟဲ့–ချစ်သား ချစ်သမီးတို့၊ လာဟဲ့ဆိုပြီး တာလုပ်' လို့ဆုံးမတာပဲ။ ဒါကို မှတ်ထားပြီး လုပ်ကြရတာပဲ။ ဒါ ဘုရားတာဝန်ပဲ။ လုပ်ရမယ့် တပည့်သားဖြစ်တဲ့ လူနတ်ဗြဟ္မာတွေဟာ လုပ်ရင် ဘုရားဖြစ်အောင် လုပ်ဖို့ မလိုဘူး။ **တိုတိုဖြစ်ချင်ရင်တော့ တိုတိုလုပ်၊** ဟုတ်ကဲ့လား။ (တင်ပါ့ဘုရား။)

သဗ္ဗညုတ ရွှေဉာဏ်တော်ကို လိုချင်ပြီး ဘုရားဖြစ်အောင်လုပ်ချင်ရင် ' အဲ ဟိုလိုလုပ်' ဆိုပြီး ဘုရားက ဟောတာပဲ။ အခုနပြောတာတွေ မဖြစ်နိုင်ဘူး မအောက်မေ့နဲ့။ သားသမီး မြေးမြစ်တွေအထိ ဖြစ်တယ်။ ရှေးကလဲ ဖြစ်တာပဲ။ အခုလဲ လုပ်ကြပါ၊ ဖြစ်မှာပါပဲ။ ဖြစ်တာကလဲ သည်လိုခိုင်းထားရုံနဲ့ လိုတာ ဘယ်ဟာမှ မဖြစ်ဘူး။ အခု ဒကာကြီး၊ဒကာမကြီးတွေဟာ ကလေးတွေကို ကျောင်းအပ်တယ်။ စာအံခိုင်းတယ်။ စာအံခိုင်းတာတောင်မှ အနားနားမှာ အံလို့ ပြောရတယ်ဗျ။ ဟုတ်ကဲ့လား။ အနားနား အံတာတောင်မှ နားနားပြီး မော့မော့နေလို့ ဆိုရသေး ရိုက်ရသေးတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အေး၊ အဲဒါကြောင့် သူတို့ စာကျက်တာဗျ။ အခုလဲပဲ ဒါမျိုးမှတ်ရတယ်။ သည်တော့ အခုတွင်ကလို အပါယ်မရောက်ချင်ဘူးဆိုရင် ဘယ်လိုတုံး၊ နေရင် အပါယ်မရောက်ဘူး။ မနေရင်တော့ သေသေချာချာမှာ ရောက်မှာပဲ။ ဒါတွေဟာ

ရပြီးသားဆိုရတော့ အမှတ်ရလွယ်ပါတယ်ဗျာ့။ ဒါကြောင့် သေသေချာချာ ဖြည့် ကြ။ သူများပြောတာက တော်အောင်ပြောနေကြတာ။ အခုဒကာကြီးတို့ ပြောကြ တယ်မဟုတ်လား၊ ကျောင်းဒကာကြီး၊ သီလရှိတယ်၊ သမာဓိရှိတယ်နဲ့ မပြောကြဘူးလား။ (ပြောပါတယ်ဘုရား။)

အေး ဘယ်သူ ဘာပြောပြော အခုနလိုနေရင် အခုလဲ ကောင်းတယ်၊ နောင်လဲကောင်းတယ်။ မနေရင် ဘယ်တော့မှ မကောင်းဘူး။ အောက်ရောက်မှာ ချည်းပဲ။ ဒါ ဖြောင့်ဖြောင့်မဟုတ်လား။ (ဖြောင့်ဖြောင့်ပါဘုရား။)

ဒါသာ မှတ်ထားကြဗျ။ သူများ အားကိုးလို့ မဖြစ်ဘူးဗျ။ 'ငါသိ ပါတယ်'ဆိုရင် သည်အတိုင်း လုပ်ကြ။ သိပါတယ်ဆိုပြီး အလုပ်မလုပ်ဘဲနေရင် သည်လူကြီးဟာ ဘယ့်နှယ်လဲ၊ ဘယ်ရောက်မှာလဲ။ (အပါယ်ရောက်မှာပါ ဘုရား။)

အဲဒါ ဖြောင့်ဖြောင့်ပဲဗျ။ အေး-ဒါကြောင့် အခုနလိုသွားကြ။ ကိုယ့် အတွက် သည်လိုထူထောင်ပြီး ယူကြ။ ဒါပဲ တတ်နိုင်တာပဲ။ ဘုရားရှင်ကလဲ အခုလိုပဲ ညွှန်ကြားဆုံးတော်မူမှာပဲ။ လုပ်ပါလို့ မပြောဘူးဗျ။ (မပြောပါဘူး ဘုရား။)

ဥပမာ အခုလိုပြောပါတယ်ဗျ။ ဒို့က ရေသောက်ချင်လိုက်တာလို့ ပြော တယ်။ သည်တော့ ဒကာကြီးများက သည်ရဟန်း သနားပါတယ်။ ရေသောက်ချင်ရှာလှပြီ။ သူလဲ မသောက်ဘူး။ သည်တော့ ငါတို့ သောက်ပေး ပါ့မယ်ဆိုပြီး သောက်ပေးရင် ဒီရဟန်း ရေသောက်ချင်တာ ပျောက်မလား။ (မပျောက်ပါဘုရား။ သောက်တဲ့လူသာ အဆာအပျောက်မှာပဲဘုရား။)

အေး-မဖြစ်ဘူးဗျာ့။ သည်လိုလုပ်မယ်ဆိုရင် အခုနလို ပျင်းနေတယ်ဆိုရင် သာသာ ပျင်းချင် ပျင်းကြဆိုပြီး ဘုရားရှင်က ဝီရိယတွေ အများကြီးရှိတာ၊ သည် ကောင်ချည်းပဲ လုပ်ပေးမယ်ဆိုပြီး လုပ်ပေးမှာပေါ့။ သည်လိုလုပ်လို့ မဖြစ်ဘူးဗျ။ ဒါကြောင့် ဝီရိယတွေနဲ့ သည်လိုဆောင်ကြဗျ။ လွယ်လိုက်တာဗျာ။ အခုအချိန် အခါထက် လွယ်တာ မရှိပါဘူးဗျ။ ဒါကြောင့် ကိုယ်တွင်မက အကုန်လုံးကို သည်လို ဖြစ်ပါတယ်ဗျ။ ဆောင်ရမယ်ဆိုတာမှာလဲ မမေ့ မလျော့ဘဲ အပ္ပမာဒတရားဆိုတာ သည်ရုပ်နဲ့ နာမ်ကို သည်လိုထားတော့ **တသီတည်း သိနေရင်** ဒါ,မမေ့ တာဘဲဗျ။ ဝိဇ္ဇာဆိုတာ သည်လိုထားရင်၊

ရုပ်နှင့် နာမ်ကို သိနေရင် ဒါ,ဝိဇ္ဇာခေါ်တာပဲ။ သည်တော့ ကိုယ်လိုချင် နှစ်သက်တဲ့ ဗောဓိဟာ မှန်းထားတဲ့အတိုင်း ပြီးတာပဲဗျ။

ဒါကြောင့် ရှေးအရှင်တွေကဲ့သို့ အအားအနားမထားဘဲ ထူထောင်ကြ၊ ဆောင်ကြဗျား။ ။

(သာဓု–သာဓု–သာဓု။)

[၁၉၅၅–ခုနှစ်၊ မေလ ၁၂ရက်နေ့ ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားသည်။]

ကြံ့နေရင်ကျန်ခဲ့လိမ့်မယ်

- " ကြံ့နေရင် ကျန်နေခဲ့အုံးမှာပဲ။
ကျန်ချင်ရင် ကြံ့နေဗျ။
မကျန်ချင်ရင် ဘယ့်နှယ်လုပ်ရမလဲ။"

# အပွမာဒေန သမ္မာဒေထ

## တရားတော်

များစွာသော လူနတ်ဗြဟ္မာတို့ဟာ အချိန်တိုင်း ဘုရားဆုံးမတဲ့ အဆုံးအမကို ရပြီးပြီဆိုမှဖြင့် အချိန်တိုင်း အချိန်တိုင်း ဝီရိယနှင့် ထူထောင်ပြီး ပြီးကြတယ် ဖြည့်ကျင့်ကြတယ်။ ဖြည့်ကျင့်ကြပြီဆိုမှဖြင့် စိတ်နှလုံးအလိုဟာ တောင့်တတဲ့အတိုင်း အသီးသီး ဘယ်အခါမှ မပြတ်အောင် ရကြမယ်ဆိုတာ သိပြီဆိုတော့ ဘုရားရှင်ရဲ့ သာသနာ တည်ရာတည်ကြောင်းတွေကို ပြုကြတယ်။ ပြုတော့ကို တည်ရော။ တည်တော့ကို များစွာသော လူနတ်ဗြဟ္မာတို့ဟာ ဘုရားဆုံးမပါတဲ့ အဆုံးအမကို ရပြီးတော့ ကြိုးကြတဲ့အခါမှာ စိတ်နှလုံးအလို ပြီးတာတွေ မြင်ရတော့ သူတို့ မှန်းသလောက် မကအောင် ပိုပြီးတော့ များတာတွေကို မြင်ရတယ်။ မြင်တဲ့အခါ ကျပြီဆိုတော့ အားမရ မရောင့် ရဲနိုင်အောင် တခါတည်းပဲ သူတို့မှာတော့ ပျော်ရွှင်ကြပြီးတော့ ပြုကြတော့တာပါ ပဲတဲ့ဗျ။

ဘယ်လိုများ ပြုပါသလဲဆိုရင် ဤကဲ့သို့ ဘုရားသာသနာကို ချီးမြှောက် တယ်။ ယခု မှန်းသလောက်မကဘဲ အချိန်တိုင်း အချိန်တိုင်းမှာ မြင့်မြတ် တိုးတက်နေတယ်။ ငါ့မှာ လုံ့လ ဝီရိယတွေဟာ မကုန်သေးဘူး။ သည့်ထက် သည် တည်ကြောင်းကို ပြုလို့ရှိရင် သည့်ထက် အစီးအပွားတွေ များလာအုံးမှာလို့ အဲဒီလို သိပြီးတော့ရင် ပျော်ပြီးပြီဆိုတော့ အအား အနားမထားဘဲနှင့် တခါ တည်း ပြုကြတော့တာပဲတဲ့ဗျ။

## ရာဇဂြိုလ်ကြွစဉ်က

ဘုရားရှေ့လက်ထက်တော်က အားလုံးသော နိုင်ငံတို့ထက် ရှေးဦးစွာ ဘုရားရှင် ချီးမြှောက်တော်မူတာ ဘယ်မှာလဲဗျ။ ရာဇဂြိုလ်ပြည်မှာ ကြွပြီးတော့ ချီးမြှောက်တော်မူတယ်။ ဘုရားရှင်ကြွပြီးတော့ ချီးမြှောက်တော်မူတာကို ခဏ တမဟုတ်ချင်းအားဖြင့် ကြားတဲ့အခါကျတော့ ရာဇဂြိုလ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးဟာ အလွန်ဝမ်းမြောက်ပြီး အင်မတန် သွက်လက်ပြီးတော့ ဘုရားရှင်ထံမှောက်သို့ ရောက်တော့တာပဲ။ သည်အခါကျတော့ များစွာသော မှူး၊ မတ်၊ ဗိုလ်ပါ မောင်းမမိဿံ အခြံအရံ နိုင်ငံသူ နိုင်ငံသား တွေဟာလဲ မင်းကြီးက သည်လိုဆိုတော့ သူတို့ကလဲ မင်းကြီးကို ချစ်ခင် လေးစား ကြည်ညိုပြီး နောက်က လိုက်ကြတာဗျ။

ဟိုရောက်ပြီး တို့ဘုရားရှင် အသရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုရော၊ ဘုရားလို့ ကြားကတည်းက ဘယ်လိုတုန်းဆိုတော့ သည့်ပြင် အာရုံတွေ မရှိဘူးတဲ့။ ဟိုရောက်တော့ ဘုရားရှင်အသရေတော်ကို မျက်မှောက် အားဖြင့် ကြည်ညိုရော၊ သည့်ထက်သည် လျော့မှာလားဗျ။ (မလျော့ပါဘူး ဘုရား။)

မေး။ ။ဘယ်လောက်တိုးလိမ့်မလဲ။

ဖြေ။ ။အဆပေါင်းများစွာ တိုးပါတယ်ဘုရား။

မေး။ ။နေရာလပ်ပြီး တိုးမှာလား။

ဖြေ။ ။တဆက်တည်း တိုးမှာပါဘုရား။

မေး။ ။တစ်ယောက်တစ်မျိုး လုပ်မှာလား။

ဖြေ။ ။တစ်ယောက်တစ်မျိုး မဟုတ်ပါဘူးဘုရား။ ရှေးအရှင်ကောင်းများ ကတော့ တပည့်တော်တို့လို နားနားမနေပါဘုရား။

မေး။ ။ဒကာကြီးကို ဘယ်သူက နားတယ်လို့ ပြောသလဲ။

ဖြေ။ ။တပည့်တော်တို့က နားနားနေတော့ အရှင်ဘုရား ဟောလိုက်တာနဲ့ လာ ကိုက်နေလို့ လျှောက်တာပါဘုရား။

ဘယ်သူမှ သူ့ကို နားတယ်လို့ မပြောဘူးဗျ။ အေး. . .သည်တော့ ဘယ့် နှယ်လဲဆိုရင် မအားနိုင်ဘူးဗျ။ မျက်မှောက် ကြည်ညိုရတယ်ဆိုပြီးတော့ ဘုရား ထံမှောက်ကိုရောက်တော့ အတုအတူမရှိတဲ့ ဘုရားရှင်ရဲ့ အသရေတော်ကို

ဖူးရ တွေ့ရတဲ့ အခါကျတော့ ဤမျှ မကသေးဘူးကိုးဗျ။ တစ်ခါတည်းပဲ မပြောင်းချင်၊ မရွေ့ချင်အောင်တဲ့ဗျ။ အဲသည်လိုတဲ့ဗျ။ သည်အခါကျတော့မှ ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် လျော်တဲ့အချိန်မှာ ဆင်းရဲမှ လွတ်မှုကို ညွှန်ကြား ဆုံးမပြီးတဲ့အခါကျတော့ အဲသည်မှာ အကုန်လုံးမှန်းထား၊ ရည်ရွယ်ထားတဲ့ အတိုင်းတွေဟာ ခဏတမဟုတ်ချင်း ပြီးကြတာတဲ့ဗျ။ အဲဒါ ဘာကြောင့်လဲဆိုရင် သန့်ပြန့်စင်ကြယ်ပြီးသား ဖြစ်ကြလို့ဗျာ့။

**အဝတ်ဖြူစင်မှ ဆေးဆိုးရသလို**

မေး။ ။အညစ်အကြေး မရှိတဲ့ အဝတ်များဟာ ကိုယ်အလိုရှိတဲ့ အသွေးအရောင် အဆင်ဆိုးလို့ ရတယ်။ အရောင်တွေ ဘယ်သင်းများသလဲဗျ။

ဖြေ။ ။အနီ အဝါ အညိုကြီးပါပဲဘုရား။

မေး။ ။အဲဒီလို အများကြီးမှာ ကိုယ်နှစ်သက်တဲ့ အသွေးအရောင်ကို အညစ်အကြေး မရှိတဲ့၊ သန့်ပြန့်စင်ကြယ်နေတဲ့ အဝတ်ကို ဆိုးမယ်ဆိုရင် ဘယ့်နယ်တုန်းဗျ။

ဖြေ။ ။အဝတ်ဖြူနေရင် ကိုယ်လိုချင်တဲ့ အသွေးအရောင်ဆိုးလို့ ရပါတယ်ဘုရား။

မေး။ ။အခုဆိုး ဘယ့်နှယ်လဲ။

ဖြေ။ ။ချက်ချင်း အရောင်ရပါတယ်ဘုရား။

မေး။ ။အေး ဒီလိုပဲတဲ့ဗျ။ သန့်ပြန့်စင်ကြယ်နေတော့ သည်လိုဖြစ်တာတဲ့ဗျ။ ဒို့ ဟိုထမင်းဟင်း ချက်ရာမှာ လက်မပူအောင် ခုခံပြီး ကိုင်တဲ့ အဲဒီ အဝတ်က ဘာလဲဗျ။

ဖြေ။ ။လက်နှီးစုတ်လို့ ခေါ်ပါတယ်ဘုရား။

မေး။ ။အေး–အဲဒီလက်နှီးစုတ်ကို ယခုနလို ကိုယ်နှစ်သက်တဲ့ အသွေးအရောင် ဆိုးရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အဝါရောင်ဆိုးလို့လဲ· မရဘူးဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။အစကတည်းကိုက ညစ်နေတော့ အဝါရောင်ပေါ်မယ် မဟုတ်ပါဘူး ဘုရား။

မေး။ ။သည့်ပြင် အသွေးကောဗျ။ အနီရောင်ကောဗျ။

ဖြေ။ ။အနီလည်း ပေါ်မှာ မဟုတ်ပါဘူးဘုရား။

မေး။ ။အပြာကောဗျ။ (အပြာလဲ ပေါ်မှာမဟုတ်ပါဘူးဘုရား။)

မေး။ ။အနက်ကိုကောဗျ။

ဖြေ။ ။အနက်တော့ဖြင့် ထပ်တူထပ်မျှ ပိုမိုပြီး နက်မယ်လို့ ထင်ပါတယ်ဘုရား။

မေး။ ။အစိမ်းကောဗျ။ (အစိမ်းလဲ ပေါ်မယ်မဟုတ်ပါဘုရား။)

မေး။ ။ဘယ်လိုကြောင့်လဲဗျ။ (အောက်ခံကိုက မဲညစ်နေလို့ပါဘုရား။)

မေး။ ။အဲသည်အဝတ်ကို ကိုယ်ကြိုက်နှစ်သက်တဲ့ အသွေးအရောင်ကလေး ဆိုးချင်တယ်ဆိုရင် သည်အတိုင်းတိုင်း ဆိုးလို့ရမလား။

ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။ဘယ့်နှယ်ပြုရမလဲ။

ဖြေ။ ။ဆပ်ပြာနှင့် ဘာနှင့် တကယ့်ကို ဖြူသွားအောင် ပွတ်ပစ်ရမှာပါဘုရား။

မေး။ ။အဲသည်လို လျှော်ဖွတ်လိုက်ရင် ယခုနပြောသလို သန့်ပြန့်စင်ကြယ်ပြီး ဖြူဖွေးလာမယ် မဟုတ်လား။ အဲဒီလို ထပ်တူထပ်မျှ ဖြူဖွေးလာတဲ့ အခါကျတော့ ကိုယ်လိုချင်တဲ့ အသွေးအရောင် ဆိုးလို့ မရလာဘူး လားဗျ။

ဖြေ။ ။ရပါတယ်ဘုရား။

**သာသနာတည်အောင် အကုန်ဆောင်**

ယခုလည်း ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာကြပြီဆိုတော့ သန့်ပြန့် စင်ကြယ်ကြတယ်။ ဘုရားရှင်ကို ကြည်ညိုပြီးနေတဲ့အခါမှာ အဲဒီလို ကြည်ညိုလို့ တည်တဲ့အခါမှာ ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ် ရှင်ဖြစ်သောကြောင့် အဲသည်အချိန်မှာ ဆုံးမတော်မူတာကိုးဗျ။ အဲဒါကြောင့် ချမ်းသာသုခ ရကြတယ်။ ရကြတော့ စိတ်နှလုံးအလိုပြီးတာ သိတော့ ဝမ်းသာတာပေါ့လေ။ အဲဒီတော့ ငါတို့မှာတော့ ချမ်းသာသုခတွေ ရပြီးပြီ။ ထပ်တူထပ်မျှ များစွာသော လူနတ်ဗြဟ္မာတွေကိုလည်း ရစေချင်တယ်။ ရအောင် ပြုမယ်ဆိုတော့ ရအောင်ကလဲ လုပ်တတ်တာ ကိုး။ သိတာကိုး။

ဘယ့်နှယ်ပြုသလဲဆိုတော့ ဘုရားရှင်သာသနာ တည်ပြီဆိုမှဖြင့် တည်ရာ တည်ကြောင်းကို ဘယ်လိုပြုရမလဲဆိုတာ ကျောင်း သင်္ကန်း ဆွမ်း ဆေးနဲ့ အဲဒီလို ဟာတွေနဲ့ ပြုရမယ်ဆိုတာ သိတယ်။ သိတော့မှ ခဏတမုဟုတ်ချင်း

မြင်တာပေါ့ဗျ။ ယခု ဘုရားရှင်ကြွရောက် သီတင်းသုံးနေတဲ့ ထန်းတော ဥယျာဉ်ထက်သာတဲ့ ဝေဠုဝန် ဥယျာဉ်ကြီးကို ဘုရားရှင်အား ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ပြုပြီး အမြတ်ဆုံးကို ပူဇော်သတဲ့ဗျ။ ပူဇော်တော့ သည်နေရာ၌ပင်လျှင် သီတင်းသုံးတော် မူတယ်။ သီတင်းသုံးတော်မူတဲ့အခါ လူရော နတ်ရော၊ အားလုံးတို့ဟာ ဘုရားရှင်ထံမှောက်မှာ မရှိတဲ့ အချိန်ရယ်လို့ ရှိသလားဗျ။ (မရှိပါဘူးဘုရား။)

မေး။ ။အဲဒီလို ရောက်ကြတဲ့ လူနတ်ဗြဟ္မာတွေဟာ တောင့်တတဲ့အတိုင်း စိတ်နှလုံးအလို မပြီးတာများ ရှိသလားဗျ။

ဖြေ။ ။အကုန်လုံး ပြီးပါတယ်ဘုရား။

မေး။ ။အဲဒီလို အချိန်တိုင်း အချိန်တိုင်းမှာ များစွာသော လူနတ်ဗြဟ္မာတို့၏ အစီးအပွားများတာကို မြင်တော့မှ ယခုန ရာဇဂြိုလ်ပြည်ကြီးရဲ့ အရှင်သခင် ဘုရင် ဗိမ္ဗိသာရမင်းကြီးဟာ ဘယ့်နှယ်လဲ။ တော်လောက်ပြီ ဆိုပြီးတော့ အားရမှာလား။

ဖြေ။ ။အားမရ မတင်းတိမ်နိုင်ပါဘူးဘုရား။

မေး။ ။သည်လောက်တွင် မဟုတ်ဘူး။ သည့်ထက် တိုးရဦးမယ်ဆိုပြီး တောက်လျှောက်ကြီး တိုးတာပဲတဲ့ဗျ။ ဟုတ်ကဲ့လားဗျ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။တိုးလေလေ ဘယ့်နှယ်လဲ အားလုံးတို့ကလည်း မှန်းသလောက်မကဘဲ တိုးတိုးသွားတော့တာပဲတဲ့ဗျ။ အဲဒါ တစ်ဦးတစ်ယောက်တည်းက သည်လိုပြုတာလားဗျ။ များလိုက်တဲ့ အစီးအပွားတွေဟာ ဒါတွေအကုန် လုံး ရတာတဲ့ဗျ။ (ရပါတယ်ဘုရား။)

## ကိုယ်နှင့်ထပ်တူ ရစေချင်ကြ

ဒါဟာ အချိန်ဘဝ ကောင်းကြပြီဆိုတော့ ဝီရိယကောင်းကြတဲ့ လူနတ်ဗြဟ္မာ အပေါင်းတို့ဟာလဲ အဲဒီလို တစ်ခါလောက် နေရာကျလိုက်ရင် အစီးအပွား များကြတာဗျာ့။ သူတော်ကောင်း အသီးသီးတို့ဟာ ကိုယ်ထင်တာ မျှမက အားလုံးတို့ကိုလဲ ထပ်တူညီမျှ များစေချင်ပြီးတော့ အားရှိသလောက် တသီတတန်းကြီး အကုန်ဆောင် ကြတော့တာပဲတဲ့ဗျ။

အသီးသီးတို့ဟာ အစီးအပွား ရကြပြီဆိုတော့ အေးအေးနေတာ

မဟုတ်ဘူး။ အားလုံးတို့ကို ထပ်တူထပ်မျှ ရစေချင်တယ်။ ရစေချင်ပြီးတော့ ရလောက်အောင် အစဉ်လိုက်ဆောင်ဆိုပြီးတော့ ဘုရားဆုံးမတာတော့ သိထားတယ်။ သိထားပြီးတော့ လိုက်နာကြရမယ်။ ဘယ်လို လိုက်နာရမှာလဲ ဆိုရင် မေးမနေရဘူး။ သည်အရှင်မြတ်တွေဟာ တစ်ခါတည်း ဆုံးမတဲ့ အတိုင်းဟာ လိုက်နာပြီးတော့ ကိုယ်နှင့် နှုတ်နှင့် စိတ်နှင့်တွေ့ပြီးတော့ အဲဒီလို ဖြစ်တာကိုးဗျ။ အဆုံးအမရကြတဲ့ အရှင်တွေက ဤကဲ့သို့ ကိုယ်နှုတ် ဝီရိယတို့ဟာ ရှေးကသွားတဲ့ အရှင်တွေ မြင်ရတော့ လိုက်တာပေါ့ဗျ။ အဲဒီလိုဆိုတော့ ရှင်သာရိပုတ္တရာထံ ရောက်တဲ့ အရှင်တွေကလည်း ရှင်သာရိပုတ္တရာနှင့် အတူတူ၊ ရှင်မဟာမောဂ္ဂလာန်ထံ ရောက်တဲ့ အရှင်တွေကလည်း ရှင်မောဂ္ဂလာန်နှင့် အတူတူ နေရာကျတာပဲဗျ။ ရှင်မဟာကဿပထံ ရောက်ကြတော့လဲ အတူတူ နေရာကျပါသတဲ့ဗျ။ ညီတော်အာနန္ဒာဆီ ရောက်ရင်ကောဗျာ။

ဖြေ။ ။သည်အတိုင်းတိုင်းပါပဲဘုရား။

အကုန်လုံးဗျ။ သူတို့ဟာ မြင်ရလို့ရှိရင် အားမရနိုင်သေးဘူးတဲ့ဗျ။ အဲဒါ အတုခိုးပြီး လိုက်ကြတာဗျ။ အမှန်ကိုးဗျ။ ဒို့ ဥပါသကာ– ဥပါသိကာမဖြစ်တဲ့ အနာထပိဏ်တို့ထံ ရောက်တော့ကော။

**အလုပ်ထဲမှာ တရားပါ**

ဖြေ။ ။သည်အတိုင်းတိုင်းပါပဲဘုရား။

မေး။ ။ဝိသာခါ ဒကာမကြီးထံ ရောက်ပြန်တော့ကော။

ဖြေ။ ။သည်လိုပြီးမြောက်တာပဲဘုရား။

မေး။ ဝိသာခါဒကာမကြီးဟာ ကိုယ်ရော နှုတ်ရော စိတ်ရော ဘုရားဆုံးမတဲ့ အဆုံးအမကိုရပြီး အကုန်တည်နေတာကိုးဗျ။ သူ့အချိန်ဟာ ဘယ်အခါမှ အအား အနား ရှိသေးသလဲ။

ဖြေ။ ။အအား အနား မထားပါဘူးဘုရား။

မေး။ ။ဘုရားသခင်ကို လေးစားကြည်ညိုပြီး နေတာဗျ။ အဲဒီလို ကြည်ညိုပြီး နေတော့ သူ့မှာ အချိန်တိုင်း အချိန်တိုင်း ရတနာသုံးပါးရဲ့ အမှုကိစ္စကို မပြုတဲ့ အချိန်ရယ်လို့ ရှိရဲ့လားဗျ။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။စိတ်ကလည်း အဲဒီလိုပြုရင်း နေတာဗျ။ နှုတ်ကကော။

ဖြေ။ ။နှုတ်ကလည်း ဖြူစင်ဖြောင့်မတ် နေပါတယ်ဘုရား။
မေး။ ။ရတနာသုံးပါးရဲ့ အမှုကိစ္စတွေကို စိတ်ကလဲ စီစဉ်နေတော့တာပဲ။ နှုတ်ကကောဗျာ။
ဖြေ။ ။နှုတ်ကလဲ ဖြောင့်မတ်စွာ ပြောဆိုနေပါတယ်ဘုရား။

အဲဒီတော့ အားလုံးတို့ဟာ ရပ်နေတုန်းကြည့်လဲ အားမရပါဘူးတဲ့ဗျ။ ဘယ်လို အားမရသလဲဆိုတော့ 'ဒို့အရှင်သခင်မကြီးဟာ သည်လိုမတ်တတ် ရပ်ပြီး နေပါစေတော့'တဲ့။ ကြည့်ကောင်းလို့တဲ့။ ကြည့်ကောင်းမှာပေါ့။ သူရပ်နေရင်လဲ ဘုရားဆုံးမတဲ့ အဆုံးအမတို့ကို မလွှတ်ဘူးဗျ။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။ဒကာကြီး၊ ဒကာမကြီးများ ခုနက ထားဆိုတော့ ထားလိုက်ကြတယ် မဟုတ်လား။
ဖြေ။ ။ထားလိုက်ပါတယ်ဘုရား။
မေး။ ။ထားလိုက်တော့ နေတယ်မဟုတ်လား။
ဖြေ။ ။နေပါတယ်ဘုရား။

အဲဒီ အနေကလေးကို မလွှတ်ရဘူးတဲ့ဗျ။ (တင်ပါ့ဘုရား။)

အဲဒီလို မလွှတ်လို့ သာသာကလေး ထိုင်နေဖို့ မဟုတ်ဘူး။ ဘုရားရှင် သာသနာတည်ရာ တည်ကြောင်းဖြစ်တဲ့ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ် ကိစ္စတွေ တစ်ဦးတည်းပြုမယ်ဆိုပြီး ပြုတာဗျ၊ သည်တော့ စိတ်ကလဲ သည်လို ဆောက်တည်ထားပြီး အဲဒါတွေကို ပြုနေတာဖြစ်တော့ ယခုနဟာကလေး ပါလျက်ပဲဗျ။ မတ်တတ်ရပ်ရင်လဲ သည်အတိုင်းတိုင်း ရှိတာမဟုတ်ဘူး။ ယခုနပြောတဲ့ ရတနာသုံးပါး အမှုကိစ္စတွေကို ဆောင်ဖို့ရာ ရပ်တာဗျ။ မတ်တတ်ရပ်ပြီး ဆောင်တာဗျ။ သည်တော့ ဟိုဟာလဲပါ သည်ဟာလဲပြုဆိုတော့ ပြုံးရွှင်ကြည်ပြီး နေတော့ ဘယ့်နှယ်နေလိမ့်မလဲ။ (ပျော်နေမှာပဲဘုရား။)

## တရားအလှ တရားအရှိန်အဝါ

မေး။ ။ဘေးနားကကြည့်တဲ့ လူကရော။
ဖြေ။ ။ဘေးနားကကြည့်တဲ့ လူကလဲ အားရတင်းတိမ်ခြင်း မရှိပါဘူးဘုရား။

အေး၊ အဲဒါကြောင့် 'ဒို့အရှင်သခင်မကြီးဟာ မတ်တပ်ရပ်နေတာ သည်လိုသာ ရပ်နေပါစေ'လို့ ပြောတာဗျ။ လမ်းသွားနေရင်လဲ 'ဒို့အရှင်

သခင်မကြီး သည်လိုသာ တသွားတည်း သွားနေပါစေ’တဲ့ဗျ။ အဲဒါကို ကြည့်လို့ကောင်းလို့တဲ့ဗျ။ သူ့ ကျေးကျွန်တွေနဲ့ အကုန်လုံး စိမ်ခန့်ခွဲတဲ့အခါမှာ အသံကြားလိုက်တဲ့ အခါမှာလဲ ‘သည်လိုသာ တစ်ခါတည်း ခေါ်နေပါစေ’တဲ့၊ ခိုင်းတဲ့ နေရာမှာလဲ ‘ငါကိုသာပဲ တစ်ခါတည်း ခိုင်းနေပါစေ’တဲ့။ သည်လိုစိတ် ဖြစ်နေတော့ ခိုင်းတဲ့နေရာမှာ မလုပ်ဘဲနေမှာလား။

ဖြေ။ ။အင်မတန် အားရဝမ်းသာနှင့် လုပ်မှာပါဘုရား။ သူ့တို့ခိုင်းဖို့တောင် မျှော်နေမှာပဲဘုရား။

မေး။ ။ခိုင်းလိုက်တဲ့ အခါကျတော့ လုပ်ချင်နေတဲ့လူကို ခိုင်းတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။အင်မတန်ပြီးမြောက်အောင် အားရဝမ်းသာနှင့် လုပ်မှာပါပဲဘုရား။

မေး။ ။သူတို့တတ်သလောက် ချန်ထားဦးမလား။

ဖြေ။ ။မချန်ပါဘူးဘုရား။

သူတို့လဲ မတတ်တာ ရှိမှာမဟုတ်ဘူး။ အဲသည်တော့ ဘုရားရှင်လဲ ကြည်ညို ၊ဝိသာခါဒကာမကြီးကိုလဲ လေးစားကြည်ညိုစွာ လုပ်ကြတော့ သူတို့မှာ ဘယ့်နှယ်လဲ ပန်းမှု၊ နွမ်းမှု ရှိပါဦးမလား။

ဖြေ။ ။မရှိပါဘုရား။

မေး။ ။ဘုရားရှင် ကြည်ညိုတာက တစ်မျိုး၊ ပြီးတော့ အနှစ်အရသာနှင့် ပြည့်စုံတဲ့ လိုက်နာလို့ တိုးတက်တဲ့ဟာက တစ်မျိုးဆိုတော့ ဘယ့်နှယ် နေမလဲ။

ဖြေ။ ။အင်မတန်ပြီး မြောက်သွားမှာပါဘုရား။

## ဘုရားကြိုက်ရင် အများကြိုက်မယ်

အဲသည်လို တပျော်တည်း ပျော်နေတာတဲ့ဗျ။ သူတို့မှာတော့ အကုန်လုံးဟာ မရပ်ပါစေနဲ့၊ သည်အတိုင်းပဲ နေပါစေ၊ ငဲ့ငဲ့စောင်းစောင်း နေရင်လဲ ငဲ့ငဲ့ စောင်းစောင်းကလေးပဲ အားမရနိုင်ဘူးတဲ့ဗျ။ ခိုင်းနေပြန်လဲ တခိုင်းတည်း ခိုင်းနေပါစေတဲ့။ ခေါ်ပြန်လဲ တခေါ်တည်း ခေါ်နေပါစေ။ ရပ်သွားမှာကိုပဲ စိုးရိမ် နေသတဲ့ဗျ။ ဘာကြောင့် သည်လိုဖြစ်ရသလဲဆိုရင် သူက ကိုယ်ကောင်း၊ စိတ်ကောင်း၊ နှုတ်ကောင်း ဖြစ်နေတာကိုးဗျ။

ပြီးတော့လဲ ဘုရားရှင်ကိုလဲ အကုန်လုံး ပူဇော်လိုတဲ့စိတ်၊ သူတို့တတွေလဲ

ထပ်တူညီမျှခြင်း ထားစေချင်တဲ့ စိတ်တွေနဲ့ကိုး။ သူ့ဟာက ပြောလို့ မကုန်နိုင်ဘူးတဲ့ဗျ။ သည်တော့ သူတို့ဟာ ဘယ်တော့မှ အားမရနိုင်ဘူးတဲ့ဗျ။ အနာထပိဏ်တို့လဲ သည်လိုပဲတဲ့ဗျ။ အရှင်မြတ်တွေ ဖြစ်ကြတဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကလဲ အခုလိုပဲ ဘုရားရှင်ကို ကြည်ညိုလေးစားပြီး လိုက်နာလိုက်ကြတာ ဘာမှ မချို့ယွင်းဘူးတဲ့ဗျ။ ပြီးတော့လဲ သူတို့နဲ့ ထပ်တူညီမျှ အားလုံးကို ရချင်တယ်။ သည်တော့ ဘယ်တော့မှ အားမရ မရောင့်ရဲနိုင်ဘူးတဲ့ဗျ။ ပြုလိုက်တာ ဟူသမျှ့ကလဲ လူရော နတ်ရော အကုန်လုံး သဘောကျချည်းပဲတဲ့ဗျ။

ညီတော်အာနန္ဒာတို့များ ဘုရားအနားမှာ အလုပ်အကျွေးအဖြစ်နှင့် အကုန်လုံး ဘုရားရဲ့ အမှုကိစ္စတွေကို လုပ်ရတယ်။ ဘုရားရဲ့ အမှုကိစ္စတွေဆိုတာက ဘုရားရှင်ကို အမျိုးမျိုးအဖြာဖြာ မြတ်နိုးပြီးပြုတာ၊ ဘုရားရှင်ထံမှောက်သို့ ရောက်လာကြတဲ့ အားလုံးသော လူတွေ၊ အရှင်တွေ၊ နတ်တွေ၊ ဗြဟ္မာတွေ အကုန်လုံး သဘောကျချည်းပဲ ပြုရတယ်။ ဒါတွေကို အကုန်လုံး သူပြုတတ်တယ်။ ပြောပုံ၊ ဆိုပုံ၊ ထားပုံ၊ သိပုံ၊ ထိုင်ပုံ အကုန်လုံးပေါ့ဗျာ။ ဘာကြောင့်လဲဆိုရင် ချမ်းသာသုခတွေ ရစေချင်တာကိုးဗျ။

ဘုရားရှင်အပေါ်မှာလဲ ချစ်ခင်လေးစား ကြည်ညိုတာမှာ သူ့လိုဟာ ဘယ်သူမှ မရှိဘူးတဲ့ဗျ။ အာနန္ဒာအပြင် မရှိဘူးတဲ့ဗျ။ ပြီးတော့ ဌာနာဌာန ကောသလ္လဉာဏ်ကလဲ ရှိတယ်။ နေပုံထိုင်ပုံကလဲ ဘုရားအနားတော်မှာ နေပြီး လုပ်ရတာ ကိုင်ရတာကိုပဲ နှစ်သက်လိုက်တာတဲ့ဗျ။ ပြီးတော့ ဘုရားအနားတော်မှာလဲ လူတွေ နတ်တွေ ဗြဟ္မာတွေ အစားစား ပရိသတ်တွေရှိတယ်။ အဲဒါ သူ့တစ်ခွန်းပြောလိုက်ရင် အားလုံး လူနတ်ဗြဟ္မာတွေ အကုန်လုံးက နှစ်သက်တာချည်းပဲဗျ။

ပရိသတ်တွေမှာလဲ အမြင့်အမြတ် အစားစားတွေရှိတယ်။ အဲဒီ အစားစားတွေ အားလုံးဟာ တပြိုင်တည်း သဘောကျတာချည်းပဲဗျ။ သူလုပ်လိုက်တာ၊ သူပြောလိုက်တာ၊ သူစီမံလိုက်တာ အဲသည်ကိစ္စတွေ အားလုံးမှာလဲ သူက သေသေချာချာကို တတ်ပြီးသားချည်းပဲကိုး။ သူလုပ်လိုက်တာကလဲ ဘုရားရှင်ရဲ့ အလိုတော်ကျချည်းပဲတဲ့ဗျ။ အားလုံး သူတတ်တာချည်းပဲ၊ မတတ်တာမရှိဘူး။ ဘယ်ဟာမှ မဖြစ်ဘူးဆိုတာ မရှိဘူး။ အားလုံး ဒို့ထက် သာတာချည်းပဲဗျ။

ဒါကြောင့် ဘုရားအနားတော်မှာ ဧတဒဂ်ရပြီးတော့ ဘုရားရှင်ကတောင် ချီးမွမ်းရသေးတာဗျ၊ သည့်ပြင် လူနတ်ဗြဟ္မာတွေက မချီးမွမ်းဘဲ နေပါ့မလား။ မချီးမွမ်းတဲ့ လူနတ်ဗြဟ္မာရယ်လို့ မရှိဘူးတဲ့ဗျ။ ဘုရားရှင်ကတော့ ဘယ်ဟာမှ အကြွင်းအကျန်မရှိ၊ အတုအတူ မရှိပါတဲ့ သဗ္ဗညု အရှင်သခင်ကပင်လျှင် နှစ်သက်တယ်ဆိုတော့မှ ဘာမှမလိုလို့ နှစ်သက်တာဗျ။ အခု ဒကာကြီး၊ ဒကာမ ကြီးများ သိထားတယ်ဆိုတာက ဘာမှ ပြောလောက်တာ မဟုတ်ဘူး။ (မပြောလောက် ပါဘူးဘုရား။)

တည့်တော့ တာလုပ်တယ်ဆိုရင် ဟိုကလို၊ သည်ကလိုဆိုရင် သူများ မတည့်တာပဲဗျ။ (တပည့်တော်တို့က ဘာမှသည်လောက် မသိသေးပါဘူး ဘုရား။ နည်းမှန်မှန်ကို မရကြသေးပါဘူးဘုရား။)

အခုနလို ဘုရားအလိုတော်ကျသာ လုပ်ဗျ။ (တင်ပါ့ဘုရား။)

အေး၊ အဲသည်လိုသာ ဆောင်သွားမယ်ဆိုရင် ဖြစ်တာပေါ့ဗျ။ ကိုယ်သိတာကိုပဲ လုပ်ဗျ။ မသိတာနေပါစေ။ (ဘုရားရှင်လက်ထက်တုန်းက ပုထုဇဉ်၊ ဗုဒ္ဓဘာသာ မဖြစ်သေးတဲ့ ပုဂ္ဂိုလ်များကို မည်ကဲ့သို့ တရားစ,ဟော ပါသလဲဘုရား။)

ဘုရားရှင်ထံမှောက် ရောက်ပြီဆိုတော့ ဘုရားရှင်ရဲ့ အသရေတော်ဟာက လူတွေ နတ်တွေ ဗြဟ္မာတွေမှာ မကြည်ညိုတဲ့သူ မရှိဘူးတဲ့ဗျ။ ကြည်ညိုတာမှာလဲ အားကို မရနိုင်ဘူးတဲ့ဗျ။ တစ်မျိုးခိုင်းရတာ တစ်မျိုးဆောင်ရတာ မဟုတ်ဘူး။ ကြည်ညိုပြီဆိုမှဖြင့် ဘုရားရှင်ကို ဖူးလို့မှ မရောင့်ရဲနိုင်တာ ဘယ်မှာ ထသွားဦးမလဲ။

ဖြေ။ ။သဒ္ဒါတရား အင်မတန် ပြည့်စုံကြပါတယ်ဘုရား။

မေး။ ။ဘုရားရှင်က ဘာတဲ့လို့ဆိုရင် ဘယ့်နှယ်လဲ မလုပ်ချင်တာများ ရှိသေးသလား။

ဖြေ။ ။သေသေချာချာ လုပ်မယ့် ဒကာကြီး၊ဒကာမကြီးတွေပါဘုရား။

ရှေးတုန်းကတော့ ဟုတ်တယ်ဗျ။ တစ်မျိုးလုပ်ရတာ မဟုတ်ပါဘူး။ အဲသည်တိုင်းတိုင်း လုပ်တာဗျ။ ပြီးတော့ ဘုရားရှင်ကလဲ ဘာလဲဆိုတော့ အားလုံးတို့ ယခုချမ်းသာ နောင်ချမ်းသာအောင် ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း သဗ္ဗညုတဉာဏ်တော်ဖြင့် သည်လိုဆုံးမတာဖြစ်တော့၊ အဲသည်မှာ သည်လိုဖြစ်ကုန်တာပဲဗျ။ တစ်မျိုးလုပ်ရတာ မဟုတ်ပါဘူး။

**အကောင်းဆုံးကိုမှ ကျွေးချင်**

မေး။ ။အခု ဒကာကြီး တည့်ပြီဆိုရင် ဘာလုပ်လိုက်လို့ ပြောရသေးသလား။

ဖြေ။ ။မပြောရပါဘုရား။

မေး။ ။ကဲပါဗျ၊ အဲ့အဲ့၊ ဧည့်သည် ဒကာကြီးအိမ် ရောက်ပြီဆိုပါတော့၊ ချစ်ခင်တဲ့ ဧည့်သည်ရောက်တော့ ဘာတုံး၊ ဒကာကြီးက ဘယ့်နှယ်လဲ။

ဖြေ။ ။ကျွေးမွေးဧည့်ခံပြီး သူ့အလိုဆန္ဒအတိုင်း အကုန်လုံး ပြည့်ဝအောင် ဧည့်ခံပါတယ်ဘုရား။

မေး။ ။မြင်ကတည်းက ဘယ့်နှယ်လဲ၊ 'သူများ အလုပ်ရှုပ်နေရတဲ့ အထဲမှာ သူက လာပြန်ပြီ'လို့များ စိတ်က ဖြစ်သလား။

ဖြေ။ ။သည်လို မဖြစ်ပါဘူးဘုရား။ အားရဝမ်းသာနဲ့ အလုပ်တွေ ချထားပြီး သူရဲ့ အလိုဆန္ဒပြည့်အောင် ဖြည့်ရမှာပါပဲဘုရား။

မေး။ ။အိမ်မှာရှိတဲ့ အခင်းအကျင်းတွေကတော့ကော ဘယ်လိုလဲ။

ဖြေ။ ။အိမ်မှာရှိတဲ့ အကောင်းဆုံးဟာတွေနဲ့ ခင်းကျင်းပြီး ပြုစုမှာပဲဘုရား။

မေး။ ။စားဖို့သောက်ဖို့ရောဗျ၊ ချန်ထားဦးမှာလား။

ဖြေ။ ။မချန်ပါဘူးဘုရား၊ ရှိတဲ့ဟာ အကုန်ကျွေးမွေးမှာပါဘုရား။

မေး။ ။အိမ်မှာမရှိတဲ့ဟာကော ဘယ့်နှယ်လဲ။

ဖြေ။ ။အိမ်မှာမရှိဘူးဆိုရင် တခြားက ဝယ်ပေးမှာပါဘုရား။

မေး။ ။အိမ်မှာမရှိတဲ့ဟာကို ဧည့်သည်က သိမလား။ (မသိပါဘုရား။)

မေး။ ။အိမ်မှာ ဟင်းက ဘယ်ဟာ အကောင်းဆုံးရှိတယ်၊ ဘာရှိတယ်၊ ညာရှိတယ်ဆိုတာကို ဧည့်သည်က သိပါ့မလား။ (မသိပါဘူးဘုရား။)

မေး။ ။သည်တော့ သူမှ မသိဘဲနဲ့၊ တာနဲ့ပဲ နေပေ့စေဆိုပြီး ထားမလား။

ဖြေ။ ။မထားပါဘူးဘုရား။ အင်မတန်ချစ်ခင်လို့ အင်မတန် ပြုစုနေချင်တဲ့ အခါပါဘုရား။

မေး။ ။ဒီတော့ ဘယ့်နှယ်လဲ၊ သိမ်းထားတဲ့ အကောင်းဆုံးတွေ အကုန်ထုတ်ပြီး ဘယ့်နှယ်လုပ်မှာလဲ။

ဖြေ။ ။သိမ်းထားတဲ့ အကောင်းဆုံးတွေ အကုန်ထုတ်ပြီး တည်ပါတယ်ဘုရား။

မေး။ ။သူက အဲတာရှိတယ်၊ အဲတာယူခဲ့လို့ ပြောမလား။

ဖြေ။ ။မပြောပါဘူးဘုရား။

မေး။ ။ပြောမှမပြောဘဲ၊ ကိုယ်မစားဘဲ၊ ကိုယ်မခင်းဘဲ သိမ်းထားတဲ့ဟာကို ဘာကြောင့် ထုတ်ပြီးတော့ တည်ရသလဲ။

ဖြေ။ ။မိမိစိတ်ကိုက အင်မတန်ကြည်ညိုတဲ့ သဒ္ဓါတရား ဖြစ်နေပါတယ်ဘုရား။

မေး။ ။သူက မိတ်ဆွေရယ်၊ ဘာကလေးတော့ မရှိဘူးလားလို့ ဆိုလိုက်ရင် ဘယ့်နှယ်လဲ။ မတည့် သွားမှာလား။

ဖြေ။ ။အင်မတန် တည့်ပါတယ်ဘုရား။

မေး။ ။တည့်ပြီးတော့ကော ဘယ့်နှယ်လဲ။

ဖြေ။ ။ဝမ်းသာအားရနဲ့ မရရအောင် ရှာပြီး ကျွေးမွေးမှာပဲဘုရား။

အေး၊ အဲသည်လိုဗျ။ ဘုရားရှင်ထံမှောက်သို့ ရောက်ကြတဲ့ လူနတ်ဗြဟ္မာတွေဟာ သည်လိုနေတာဖြစ်တော့ ဘုရားရှင်ကလဲ အားလုံးတို့အား ပစ္စုပ္ပန်သံသရာ ချမ်းသာအောင် အလွန်ကြီးမားတဲ့ မဟာကရုဏာတော်၊ မေတ္တာတော်နဲ့ ဆုံးမတာဖြစ်တော့ ဟိုကလဲ သည်လိုနေတော့ အကုန်ပြီးတာပေါ့ဗျာ။ နားထောင် တာကိုး။

ဖြေ။ ။နားထောင်တော့ ပြီးပါတယ်ဘုရား။

မေး။ ။အခုလဲပဲ ဘုရားရှင်ကို အားလုံးတို့ဟာ ကြည်ညိုကြတယ် မဟုတ်လား။

ဖြေ။ ။ကြည်ညိုပါတယ်ဘုရား။

မေး။ ။အဟုတ်ကို ကြည်ညိုလို့ရှိရင် ဘုရားရှင်က သည်လို သည်လိုဆိုရင် ဘယ့်နှယ်လဲ။ လုပ်တော့ လုပ်ချင်တာပေါ့။ မအားသေးဘူးလို့ လုပ်မှာလား။

ဖြေ။ ။အားပါးတရ လုပ်ဖို့တော့ အတော် စိတ်ဝင်စားနေကြပါပြီဘုရား။

မေး။ ။စိတ်ဝင်စားတာ ဟုတ်ကဲ့လား။ အခုနလို လုပ်ကဲ့လား။

ဖြေ။ ။အခုန ဧည့်သည်ကို ပြုစုသလိုတော့ ချက်ချင်း ပြောလျှင်ပြောချင်း လုပ်ဖို့ နဲနဲ နှေးနေပါတယ်ဘုရား။

မေး။ ။ဒါဖြင့် ကြည်ညိုတာဟုတ်ကဲ့လား။

ဖြေ။ ။ကြည်ညိုတာ အစစ်ကြီး မဟုတ်သေးဘူးလို့ ဆိုရမှာပဲဘုရား။

မေး။ ။ပြီးတော့ လိုချင်တာက ဘယ်လို လိုချင်တာလဲ။ အစစ်လိုချင်တာလား။ အတုလိုချင်တာလား။

ဖြေ။ ။လိုချင်တာကတော့ အစစ်ချည်း လိုချင်ပါတယ်ဘုရား။

မေး။ ။နို့ တစ်ထောင်တန်တာကို ငါးရာပေးလို့ ရမလား။
ဖြေ။ ။မရပါဘုရား။
မေး။ ။ငါးရာပေးလို့ မရရင်၊ ရှစ်ရာ၊ ကိုးရာပေးလို့ကော ရမလား။
ဖြေ။ ။မရပါဘူးဘုရား။
မေး။ ။တို့မှာ တစ်ထောင်တော့ မပြည့်ဘူး။ တစ်ပြားတစ်ချပ်လောက် လျှော့ပေးရင် ရမလား။
ဖြေ။ ။မရပါဘူးဘုရား။
မေး။ ။ဘယ်လိုမှ ရမလဲ။
ဖြေ။ ။တစ်ထောင်အပြည့် ပေးရမှာပါဘုရား။
မေး။ ။ကိုယ်လိုချင်တဲ့ အရာဝတ္ထု တစ်ထောင်တန်တဲ့ဟာကို တစ်ထောင် ပေးဝယ်ရင် ဘယ်အချိန်မဆို ရနိုင်တယ်မဟုတ်လား။
ဖြေ။ ။ရနိုင်ပါတယ်ဘုရား။
အခုလဲ ဘယ်အချိန်မဆို ရနိုင်ပါတယ်ဗျ။ ကိုယ်လိုချင်တဲ့ဟာကို ရအောင် ထိုတ်သလောက်ကလေးသာ ဂရုစိုက်ပါဗျာ။ (တင်ပါ့ဘုရား)။

## သူ့ကြည်ညိုရင် သူနိုင်းတာ လုပ်

ဟိုလိုလျှောက်ပြောရင် ကြာနေလိမ့်မယ်။ ဘုရားရှေ့လက်ထက်တော်က ဘုရားရှင်ကို လူနတ်ဗြဟ္မာတွေက သည်လိုကြည်ညိုတာဗျ။ ဘုရားရှင်ကလဲ မဟာကရုဏာရှင်မို့ ပါရမီဖြည့်တုန်းကိုကပဲ ဘုရားရှင်ကိုယ်တော်ရဲ့အတွက် ဘာကိုမှ လုပ်တာမဟုတ်ဘူး။ ဟုတ်ကြရဲ့လား၊ သတ္တဝါ အများတွက်ချည်းပဲ မဟုတ်လား။
ဖြေ။ ။သတ္တဝါ အများအတွက်ချည်းပါဘုရား။
သည်တော့ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရလို့ ဘုရားဖြစ်လာတဲ့ အခါကျတော့ ဘယ်ပြောစရာရှိတော့မလဲဗျ။ ဒါကြောင့် ဘုရားရှင်ရဲ့ မဟာကရုဏာတော်က သည်လိုဗျ။ လူနတ်ဗြဟ္မာတွေ ကြည်ညိုတာကလဲ အခုလိုဗျ။ အခုလဲပဲ-ဒကာကြီး၊ ဒကာမကြီးတွေဟာ အခုနလို ကြည်ညိုပြီးတော့ ဘာ့များ ခိုင်းမှာပါလိမ့်လို့ လုပ်ချင်ပြီး မျှော်နေတာ ဟုတ်ရဲ့လား။
ဖြေ။ ။မျှော်နေပါတယ်ဘုရား။
မေး။ ။မျှော်နေရင် အခုနလို၊ တဲ့ပါဟဲ့လို့ဆိုတော့ ဘယ့်နှယ်လဲ၊ လုပ်မှာလား။

ဖြေ။ ။လုပ်ကြမှာပါဘုရား။
မေး။ ။အခုနလို လုပ်မှာလား။
ဖြေ။ ။ရှေးအရှင်ကောင်းများရဲ့ သဒ္ဓါတော့ မီလိမ့်မယ် မထင်ပါဘူးဘုရား။
မေး။ ။လိုတော့ လိုချင်တယ်မဟုတ်လား။
ဖြေ။ ။လိုချင်ပါတယ်ဘုရား။
အေး–မီတဲ့အချိန်မှာ သေသေချာချာ ရမှာပဲဗျ။ (တင်ပါဘုရား။)
မေး။ ။နေပါအုံး၊ မီဖို့ရာ ဘယ်လောက်များ လိုနေသလဲ။
ဖြေ။ ။သိပ်ပြီးတော့ ကွာနေတယ်ဆိုပါတော့ဘုရား။
မေး။ ။ဘယ်လောက်လဲ၊ အကနိဋ္ဌနဲ့ အဝီစိလောက်လား။
ဖြေ။ ။တင်ပါဘုရား။
မေး။ ။အေး အေး၊ ဘယ်လောက်ပဲဖြစ်ဖြစ်၊ ငါ့အခုပြုမယ်ဆိုရင် ပြီးနိုင်တယ် မဟုတ်လား။
ဖြေ။ ။ပြီးနိုင်ပါတယ်ဘုရား။
မေး။ ။အေး–လိုတာသိရင် တော်ပါပြီ၊ လိုတာကိုသိလို့ ဖြည့်လိုက်ရင် ပြည့်တာပဲ မဟုတ်လား။
ဖြေ။ ။ပြည့်ပါတယ်ဘုရား။
မေး။ ။မလိုဘူးထင်နေရင်တော့ အခုနဟာ ရလိမ့်မယ်မဟုတ်ဘူး။
ဖြေ။ ။တပည့်တော်တို့ကတော့ လိုတာတော့ သိနေပါပြီဘုရား။

လိုတာသိရင် မလိုအောင် ဖြည့်ဖို့ရာက မခက်ပါဘူးဗျ။ ပြည့်အောင်သာ ဖြည့်ကြဗျား။ ပြည့်အောင် ဖြည့်ပြီဆိုရင် ပြီးပါလိမ့်မယ်ဗျား။ အခုဟာမျိုးလို လုပ်ကြ၊ ကြားလား။ မသိတာ နေပေ့စေ၊ သိတာတွေကလဲ ဒကာကြီး၊ ဒကာမကြီး တွေမှာ မနည်းဘူးရှိတယ်ဗျ။ သည်တော့ ကိုယ်ထင်တဲ့အတိုင်း ဘယ်ဟာမှ မလိုရအောင် လုပ်စမ်းကြပါဗျာ။ သိတဲ့အတိုင်းကတော့ သိနေကြပါပြီဗျ။

## ထိသိထဲမှာ အကုန်ပါတယ်

လျှောက်။ ။နှာသီးဝမှာ ထွက်လေဝင်လေ တိုက်တဲ့နေရာကို အမြဲ သတိထားပြီး နေဖို့ရာက လုပ်လဲ လုပ်ကြပါပြီဘုရား။ တချို့လဲ အတော့်ကို စိတ်စူးစိုက်စွာနဲ့ တည်ကြည်နေပါပြီဘုရား။ သို့သော်လဲ ဒါလို

လုပ်တဲ့အခါမှာ ဥဒယဗ္ဗယဉာဏ်ဆိုတာနဲ့ မဆက်သွယ်တတ်သေးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါသေးတယ်ဘုရား။

အော်–ဒါကလဲ ဘုရားဆုံးမတော်မတာတွေက ပိဋကတ်သုံးဖြာ ရှိပါတယ်။ သို့သော်လဲ ဆင်းရဲမှလွတ်မှု တစ်ခုကိုတော့ ဘယ်ဟာပဲ မှတ်ထားထား၊ မှတ်ထားတာကလဲ အများကြီးရှိတယ်။ အဲသည် မှတ်ထားတဲ့အထဲက တစ်ခုခုသာ လုပ်၊ အဲသည် တစ်ခုခုလုပ်လို့ရှိရင် အကုန်လုံးပါမယ်။ အခုလို နှာသီးဖျားမှာ ဝီရိယနှင့် ထူထောင်ပြီး ထားမယ်ဆိုရင် ပိဋကတ်သုံးဖြာ ဘယ်ဟာ ကျန်ဦးမလဲ။

ဖြေ။ ။ မကျန်ပါဘူးဘုရား။

မေး။ ။ပါရမီ ၁၀–ပါးကော။ (မကျန်ပါဘူးဘုရား။)

မေး။ ။ပြီးတော့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပညတ်၊ ပရမတ်၊ သစ္စာဆိုတာတွေကော၊ ရုပ်တို့ နာမ်တို့ဆိုတာတွေကော။ (အကုန်လုံး ပါပါတယ်ဘုရား။)

မေး။ ။ဒါတွေကတော့ မှတ်ပြီးသားမို့ လျှောက်ပြောရတာကိုးဗျ၊ ရုပ်အဠဝီသ၊ နာမ်တေပညာသဆိုတာ ရုပ်နာမ်ကိုပြောတဲ့ အပြောမဟုတ်လား။ အဲဒါတွေလဲ ပြောတတ်တယ်မဟုတ်လား။

ဖြေ။ ။ပြောတတ်ပေမယ့် မသိသေးပါဘူးဘုရား။

သိပါတယ်ဗျာ၊ အကုန်လုံး မေတ္တာရှင်၊ ကရုဏာရှင်ဖြစ်ပါတဲ့ အရှင်မြတ်တွေက ဘယ့်တော့မှ မပြတ်အောင် အခါအခွင့် ရတိုင်းရတိုင်း အမြဲ နေ့နေ့ ညည ဆုံးမနေတာပါဗျ။ အအား အနားကို မထားပါဘူးဗျ။ ဒါကြောင့် နားလည်ပါတယ်။ သူတို့ မတတ်တာ မရှိပါဘူး။ စ,ပြောကတည်းကိုက သည်က စ,တယ်ဆိုရင်ပဲ သူတို့က သိပြီးပါပြီ။ ဒါက သုတ်ပါဗျာ။ ဒါက အဘိဓမ္မာပါဗျာ။ ဒါက ဝိနည်း ပါဗျာနဲ့ သိတယ်မဟုတ်လား။

ဖြေ။ ။တချို့တော့ သိပါတယ်ဘုရား။

တချို့မဟုတ်ပါဘူး၊ အကုန်လုံး သိပါတယ်ဗျ။ ဒို့ကတော့ တောထဲနေတော့ တော်သလိုကြီးဗျ။ 'ဖြည်းဖြည်းနဲ့ လေးလေးကြီး လုပ်နေလိုက်တာ။ ဒို့လိုများ ပြောလိုက်ပါတော့၊ ဖြောင်းဖြောင်းနဲ့ ပြောရောပေါ့'လို့ သည်လိုများ စိတ်ထဲ မအောက်မေ့ဘူးလား။ အခု ဒို့ပြောတယ်ဆိုရင် ဟိုကမပါ သည်ကလဲ မပါနဲ့ အစဉ်အတိုင်း သူတကာ မဝင်သာအောင်

သည်လိုသည်လို လုပ်လိုက်ပါလို့များ မပြောချင်ဘူးလား ဒကာကြီးရဲ့။

မေး။ ။မပြောချင်ပါဘုရား။ တပည့်တော်က မတတ်ပါဘူးဘုရား။

မေး။ ။ဒကာကြီးတို့ကတော့ သည်လိုကို နေမှာပါဗျ။ သို့သော်လဲပဲ အခုန ပြောတဲ့ **မသိတာက ရုပ်၊ သိတာက နာမ်**ဆိုတာ မရှင်းလင်းဘူးလား။ နှာသီးဖျားဆိုတာက ရုပ်လား၊ နာမ်လား။

ဖြေ။ ။ရုပ်ပါဘုရား။

မေး။ ။သိတာက ဘာလဲ။

ဖြေ။ ။နာမ်ပါဘုရား။

## သူ့ဟာသူ တိုးလာလိမ့်မယ်

သည်တော့ နှာသီးဖျားမှာ လက်နှင့်ထိတော့ သိသလို စိတ်ကလေးကို သာသာကလေး ထားလိုက်ပါ။ သည်တော့ ထိုထို–ဤထို တစ်ပါးအာရုံတွေ မသွားနိုင်တော့၊ ထိသိတာကို သိနေမယ်။ သိတဲ့အခါ ရုပ်နှင့်နာမ် နှစ်ခုစလုံးကို တစ်ခါတည်းပဲ သိနေတယ်မဟုတ်လား။

ဖြေ။ ။တစ်ခါတည်း၊ တစ်ချိန်တည်း ရုပ်နှင့် နာမ်ကို သိပါတယ်ဘုရား။

မေး။ ။အဲသည်လို ရုပ်နှင့်နာမ်ကို သိနေတဲ့အချိန်မှာ [illegible]

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။မသိတဲ့အခါမှာရော။ (အဝိဇ္ဇာပါဘုရား။)

မေး။ ။အဲသည်လို ရုပ်နှင့် နာမ်ကို သိနေတဲ့အချိန်မှာ ဘယ့်နှယ်လဲ။ စိုးရိမ် ကြောင့်ကြ ပူပန်ရမှု ရှိပါဦးမလား။

ဖြေ။ ။ဝိဇ္ဇာနှင့် နေတဲ့အခါမှာ စိုးရိမ်ကြောင့်ကြ ပူပန်ရမှု မရှိပါဘုရား။

မေး။ ။ဘာမှမဖြစ်ချင်နေပေ့စေ၊ ယခုလို လက်နှင့်ထိတော့ သိသလို သိနေရင် ရုပ်နှင့်နာမ်ကို သိတာတော့ မှန်ပြီ။ ဝိဇ္ဇာဖြစ်နေပြီ။ သည်ထက် မတိုးရင် နေပေ့စေ၊ သည်အတိုင်း သက်တမ်းစေ့ယို့သာ [illegible] ဘယ့်နှယ်လဲ၊ ကြောက်ရဦးမလား။

ဖြေ။ ။မကြောက်ရပါဘုရား။

နောက်တော့ သူ့ဟာသူ တိုးလိမ့်မယ်၊ ဒါသာ မှတ်ထား။ ကြားရဲ့လား။ သည်တော့ နာရမှာ ကြောက်ဦးမလား။

ဖြေ။ ။မကြောက်ပါဘူးဘုရား။

မေး။ ။ဒါဖြင့် သူသေချင်တဲ့အခါ သေပါစေ၊ ဒါကို မလွတ်ရင် ဘယ့်နှယ်လဲ။
ဖြေ။ ။ဘယ်အချိန်သေသေ၊ အပါယ်ကိုတော့ ကျဖို့ စိုးရိမ်ကြောင့်ကြ ပူပန်ခြင်း မရှိတော့ပါဘူးဘုရား။
အဲသည်လိုနေရက်နဲ့ တပည့်တော်တို့ နေနေကျ အပါယ်လေးဘုံကိုပဲ ရောက်ပါရစေလို့ ဆုတောင်းဦး။ ဘယ့်နှယ်လဲ။
ဖြေ။ ။ဘယ်လိုပဲ အပါယ်လေးဘုံကို ဆုတောင်းပေမယ့် မကျပါဘူးဘုရား။
မေး။ ။အဲဒါက ဒါနဲ့နေမှနော်၊ မနေရင် ဘယ့်နှယ်လဲ။
ဖြေ။ ။အပါယ်ကို ကျမှာပါပဲဘုရား။
အေး–အဲဒါ သည့်ပြင် မပြောသေးဘူး။ သည်လောက်ပဲ ရှိသေးတယ်။

**ကြံနေရင် ကျန်ခဲ့လိမ့်မယ်**

လျှောက်။ ။ဒါဖြင့် ဘုရား၊ သေခါနီးကျမှ ထိသိကလေးကို မလွတ်အောင်ထားပြီးတော့ တစ်သက်လုံး လွတ်လွတ်လပ်လပ်နေလို့ မဖြစ်ဘူးလားဘုရား။
မေး။ ။နေပါအုံး ဒကာကြီးရယ်၊ ဒကာကြီး အခု ထမင်းစားရင် ဘယ်အချိန်မှာ စားသလဲ။
ဖြေ။ ။ကိုးနာရီခွဲ ဆယ်နာရီ စားပါတယ်ဘုရား။
မေး။ ။ဒါဖြင့် အဲသည် ကိုးနာရီကျမှ ထမင်းချက်သလား။
ဖြေ။ ။ထမင်းကတော့ စောစောကတည်းက ချက်ပါတယ်ဘုရား။
မေး။ ။ကိုးနာရီခွဲမှာ ထမင်းစားတယ်ဆိုတော့ အဲသည်အချိန်ကျမှ ထမင်းချက်ရင် ဘယ့်နှယ်လဲ။
ဖြေ။ ။ဒီအချိန်မှ ချက်ရင် မစားရတော့ပါဘူးဘုရား။
မေး။ ။ဒါ ဟုတ်ကဲ့လား။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။
မေး။ ။အခု ဒကာကြီး ထမင်းစားတာ ဘယ်အချိန်စားသလဲ။
ဖြေ။ ။ကိုးနာရီတိတိ ထမင်းစားချင်တော့ ဘယ်အချိန်ကစပြီး ထမင်းချက်ရသလဲ။
ဖြေ။ ။ခုနစ်နာရီလောက်စပြီး ချက်ပါတယ်ဘုရား။
မေး။ ။အဲသည့်ကစပြီး ချက်တော့ ပြီးရောလား။

ဖြေ။ ။ပြီးပါတယ်ဘုရား။

မေး။ ။အေး–အဲသည် ကိုးနာရီကျတော့ သေသေချာချာကို ပြီးပြီသားဆိုတော့ စားရတယ်မဟုတ်လား။

ဖြေ။ ။ပြီးပြီးသားဆိုတော့ စားရပါတယ်ဘုရား။

မေး။ ။အေး–အခုလဲပဲ အခုနအချိန် စားရအောင် သေသေချာချာ ချက်ထားဗျ။ ကြားရဲ့လား၊ ဟုတ်ပါရဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။မှတ်မိပြီနော်။

ဖြေ။ ။တပည့်တော် တစ်သက်လုံး လျော့လျော့ပေါ့ပေါ့နေ၊ သေခါနီး ပန်းဝင်ခါနီးကျမှ ကြိမ်သွင်းပြီး ထိသိကလေးကို မမေ့အောင် ကြံနေတာကိုးဘုရား။

မေး။ ။**ကြံနေရင်** အခုနလို **ကျန်နေခဲ့**အုံးမှာပဲ။ ကျန်ချင်ရင် ကြံနေဗျ။ မကျန်ချင်ရင် ဘယ့်နှယ်လုပ်ရမလဲ။

ဖြေ။ ။မကျန်အောင် စောစောကတည်းက မအိုမီ၊ မနာမီ၊ မသေမီ အခု အချိန်ကစပြီး ထိသိကို မလွတ်အောင်သာ စူးစူးစိုက်စိုက်နဲ့ နေမှ ဖြစ်မှာပါဘုရား။

မေး။ ။အေး၊ ဒါဖြင့် အခုက စကြေဗျာ၊ ဟိုအချိန်ကျမှဆိုရင် ထမင်းတောင် ကိုးနာရီ စားချင်တယ်ဆိုရင် ဘယ်အချိန်ကစပြီး ချက်ရမလဲ။

ဖြေ။ ။ခုနစ်နာရီလောက် စ,ချက်ရပါတယ်ဘုရား။

မေး။ ။ဒါမှ ကိုယ်စားချင်တဲ့ ကိုးနာရီအချိန်မှာ သေသေချာချာ စားရတယ် မဟုတ်လား။

ဖြေ။ ။သေသေချာချာ စားရပါတယ်ဘုရား။

မေး။ ။ဖြေးဖြေးနှေးနှေးဆိုရင် ကိုယ်စားချင်တဲ့ဟာ စုံအောင်ကျက်ပါ့မလား။

ဖြေ။ ။နှေးရင်တော့ မစုံနိုင်ပါဘူးဘုရား။

**ပန်းကုံးအသွင် ဉာဏ်စဉ် ၁၀–ပါး**

မေး။ ။စားချင်လို့ စားလျှင် မကျက် ကျက်ကျက်၊ ရှိတာ စားရတော့မှာပဲ။ အကုန်စုံပါ့မလား။

ဖြေ။ ။အကုန် မစုံပါဘူးဘုရား။

ဒါဖြင့် ဝီရိယ သွက်သွက်လက်လက်နဲ့ သည်လိုလုပ်ကြဗျာ။ (လုပ်ပါမယ် ဘုရား။)

မေး။ ။အေး–ဒီလောက်ပဲ မှတ်ထားကြဗျာ။ ဘာကြောင့် သည်လို ပြောရသလဲဆိုရင် နေပါအုံး၊ ဒကာကြီး သိချင်တယ်ဆိုတာက ဘာလဲ။

ဖြေ။ ။ဥဒယဗ္ဗယဉာဏ် စတဲ့ ဉာဏ်စဉ် ၁၀–ပါးနဲ့ ထိသိနဲ့ဟာ ဘယ်လိုများ အဆက်အသွယ် အကူးအသန်း ရှိတယ်ဆိုတာကို မသိလို့ပါဘုရား။

မေး။ ။အခုမသိသော သိသော လုပ်မနေနဲ့၊ ပန်းပွင့်တွေဟာ ကုံးထားတယ် ဆိုပါတော့ဗျ။ သည်လို ကုံးထားလို့ရှိရင် ဒကာကြီး ပန်ကုံးပေးပါလို့ ဆိုရင် ဘယ်က ယူမလဲ၊ တစ်နေရာ သာသာကလေး ယူလိုက်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တစ်နေရာက ကြိုးကလေးကို ဆွဲလိုက်ရင် အကုန်လုံး ပါပါတယ် ဘုရား။

မေး။ ။ပန်းပွင့်ပေါင်း ဘယ်လောက် ကုံးထားထား ပါမလား။

ဖြေ။ ။ပန်းပွင့်ပေါင်း ကြိုးရှည် ရှည်သလောက် ပါပါတယ်ဘုရား။

မေး။ ။အခုလဲပဲ ဒကာကြီးဉာဏ်စဉ်က ဘယ်လောက်လဲ။

ဖြေ။ ။ဆယ်ပါးပါဘုရား။

မေး။ ။အဲဒါ သီကုံးထားတာနဲ့ မတူဘူးလား။
သည်တော့ အခုနဟာကလေးက အစဖြစ်တယ်။ အဲသည်ကသာ ဆွဲလိုက်ပါ။ ဘယ်ဟာမှ ပြုတ်ကျမှာ မဟုတ်ပါဘူး။

ဖြေ။ ။အကုန်လုံး ပါမှာလားဘုရား။

မေး။ ။ပါမပါ ဆွဲကြည့်ပါလား၊ ဒါလဲ ကုံးထားတာပဲ။

ဖြေ။ ။တပည့်တော်တို့ ပန်းလဲ မကုံးတတ်သေးဘူးဘုရား။ ဘယ်နေရာက ကုံးရမှန်းလဲ မသိပါဘူးဘုရား။

မေး။ ။ဒါက ဒကာကြီးကုံးရတာ မဟုတ်ဘူး။ ဘုရားရှင်က ကုံးတော်မူထားတာ။

ဖြေ။ ။ဘယ်နေရာမှာ ဆွဲရမှန်း မသိလို့ပါဘုရား။

မေး။ ။အဲဒါ မလွှတ်နဲ့၊ အဲဒါအစပဲ၊ မှတ်ထား ကြားလား။ အဲဒီကနေသာဆွဲ အကုန်လုံး ပါလိမ့်မယ်။ ဟုတ်ပါရဲ့လားဗျာ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။ ဒါဖြင့် ထိသိနေရာကလေးက ကြိုးဆွဲပါတော့မယ်

ဘုရား။

အားစိုက်လို့သာ ဆွဲကြည့်ပါဗျ။ ဘယ်ဟာက မပါဘဲ နေဦးမှာလဲ။ အကုန်လုံး ပါမှာပဲဗျ။ ကုံးပြီး သီးပြီးသားတွေပဲဗျ။

**ရုပ်နာမ်သဘာဝ လျက်ဆားစားရသလို**

သည့်ပြင်လဲပဲ ကိုယ်ကြိုက်တဲ့ ဝေဒနာပျောက်တဲ့ ဆေးလို့လဲ ပြောချင် ပြောပါဗျာ။ ချောင်းဆိုးပျောက်ဖို့ လျက်ဆားတော့ ဖော်တတ်တယ်မဟုတ်လား။

မေး။ ။ဒကာကြီး လျက်ဆား ဘယ်နှစ်မျိုးလဲ။

ဖြေ။ ။တပည့်တော်က ဝယ်ဝယ်စားပါတယ်ဘုရား။

မေး။ ။ဝယ်စားတာလဲ ဘယ်သူ့ဆိုင်ကလဲ။

ဖြေ။ ။မိကျောင်းခေါင်းတံဆိပ် လျက်ဆားပါဘုရား။

မေး။ ။အဲသည်ဆိုင်ကလဲ လျက်ဆားဆိုတော့ စားကြည့်တော့ ဘာပါသတုံး။

ဖြေ။ ။နွယ်ချို၊ ဇဝက်သာ၊ သိန္ဓော ပါပါတယ်ဘုရား။

မေး။ ။သုံးခုထဲလား။

ဖြေ။ ။အများကြီး ပါပါတယ်ဘုရား။ တပည့်တော် မသိတဲ့ အမည်တွေလဲ ပါပါတယ်ဘုရား။

မေး။ ။ချောင်းဆိုးတော့ ပျောက်တယ်မဟုတ်လား။ သူ့မေးရင် ဘယ်နှစ်မျိုး ဆိုတာ သိပါတယ်။ စာရေးပေးပါဆိုရင် ပေးမှာပဲ။ အခု ဒကာကြီးဟာက မိကျောင်းခေါင်း လျက်ဆားဆိုတော့ အဲဒါပဲ ပေးပါဆိုပြီး စားလိုက်တာပဲ မဟုတ်လား။

ဖြေ။ ။စားလိုက်တာပါပဲဘုရား။ စားလိုက်တော့ နွယ်ချိုရယ်၊ ဇဝက်သာရယ်၊ သိန္ဓောရယ်၊ ဒါတွေကတော့ မပါဘဲ မနေဘူးဆိုပြီး နမ်းကြည့်တော့ ပါတယ်ထင်တယ်။ လျက်ကြည့်လိုက်ရင်ပဲ ပါတယ်ဘုရား။

မေး။ ။သာသာကလေး စဉ်းစားလိုက်ရင် နွယ်ချိုတင်မကဘူး၊ သည့်ပြင်ဟာတွေလဲ ပါမှာပဲဆိုပြီး စဉ်းစားလိုက်ရင် သိတယ်မဟုတ်လား။ ပြီးတော့ အနံ့ကကော။

ဖြေ။ ။အနံ့ကလဲ ဘာပါတယ် ဘာပါတယ်ဆိုတာ သိပါတယ်ဘုရား။

မေး။ ။အဲသည်လိုမှတ်။ ကြားလား၊ သည်လျက်ဆားကို သာသာကလေး စားရင် အခုနပြောသလို ပါတာတွေကွာ့တော့ တစ်ခါတည်း စားလိုက်ရုံနဲ့

နွယ်ချိုက ငါ့,မပါပေါင်ဗျာဆိုပြီး မပါဘဲ နေမှာလား။

ဖြေ။ ။တစ်ခါတည်း စားရင် အကုန်လုံး ပါပါတယ်ဘုရား။

မေး။ ။ခုနပြောတဲ့ သိန္ဓောကော။ (သိန္ဓောကလဲ ကျန်မနေပါဘူးဘုရား။)

မေး။ ။ဇဝက်သာကကော။ (သူလဲ အတူတူလိုက်မှာပဲဘုရား။)

မေး။ ။သူက ငန်ရုံသာ ငန်စေမယ်၊ ငါ့အနံ့တော့ မသိစေရဘူးလို့ အနံ့ကို ဖွက်ထားမှာလား။

ဖြေ။ ။အနံ့ကတော့ ရှေ့ဆုံးက နေပါတယ်ဘုရား။

အေး အေး–သည်လိုပြောကြပါစို့ရဲ့။ ဒါက တခြားကို ပြောသည်မဟုတ်။ ရုပ်တို့ နာမ်တို့ လက္ခဏာ သဘောဆိုတာ သိရှိပြီးသား။ အဲသည် လျက်ဆားစားတဲ့ အခါကျတော့ 'သိန္ဓောတော့ မပါစေနဲ့ဗျာ'ဆိုပြီး ချန်ထားပြီး စားလို့ ဖြစ်သလား။ 'နွယ်ချိုတော့ နေပါစေ'ဆိုပြီ ရွေးစားလို့ ဖြစ်သလား၊ စားချင်လို့ စားရင် ဒါတွေ မပါဘဲ နေဦးမှာလား။

ဖြေ။ ။မပါဘဲ မနေပါဘူးဘုရား။

မေး။ ။များများစားရင် ဘယ့်နှယ်လဲ။ (အကုန်လုံး ပါမှာပဲဘုရား။)

မေး။ ။နည်းနည်းကလေးစားဗျာ။ (နည်းနည်းကလေးစားလဲ အကုန်လုံးပါမှာပဲ ဘုရား။)

မေး။ ။သူ့ထဲပါတဲ့ဟာ အကုန်ပါမှာလား။ (အကုန်လုံး ပါမှာပဲဘုရား။)

မေး။ ။အရသာကတော့။

ဖြေ။ ။အရသာကလဲ သူ့သတ္တိနှင့်သူ အကုန်ထွက်ပြမှာပဲဘုရား။

မေး။ ။အနံ့ကတော့။

ဖြေ။ ။အနံ့ကလဲ သည်လိုပဲ ပြမှာပဲဘုရား။

မေး။ ။ချောင်းဆိုးပျောက်အောင် စားတဲ့ မိကျောင်းခေါင်းလျက်ဆား ကောင်း တယ် ကောင်းတယ်ဆိုတာမှာ နွယ်ချိုက အခုစားတဲ့အထဲမှာ မပါ အောင်ဆိုပြီး ကပ်သီးကပ်သတ် လုပ်နေမှာလား။

ဖြေ။ ။လုပ်မနေပါဘူးဘုရား။ နွယ်ချိုဆိုတာက သူက ပါစမြဲပါဘုရား။

အေး–အဲသည်လိုသာ မှတ်ကြ၊ သည်လိုပြောမှ ဖြစ်မယ်။ ဟိုလိုကတော့ အားလုံး ပြောတတ်ကြတယ်။ မေတ္တာရှင် ကရုဏာရှင်တွေက အခါအခွင့် သင့်တိုင်းသင့်တိုင်း သင်ကာပြလို့ အရှင်ကောင်းတွေက ဒကာကြီး၊ဒကာမကြီး တွေ ပျင်းတာကို သိတယ်မဟုတ်လား။

ဖြေ။ ။သိပါတယ်ဘုရား။

မေး။ ။သိပေမယ့် ဖိဟောတာပဲ မဟုတ်လား။ တိုတိုဟောစေချင်ပေမယ့် ရှည်ရှည်ကြီး ဟောတာပဲ မဟုတ်လား။

ဖြေ။ ။ဟောပါတယ်ဘုရား။

မေး။ ။သည်တော့ မနာချင်ပေမယ့်လဲ နာရတာပဲမဟုတ်လား။ နာချင်ရင်လဲ စိတ်လက်ပါပါ နာကြတာပဲမဟုတ်လား။

ဖြေ။ ။တရားနာပါများတော့ မှတ်မိနေပါတယ်ဘုရား။

**လျက်ဆားတစ်တို့ တစ်ရှူတစ်ရှိုက်**

အဲသည်လို အရှင်မြတ်တွေက အကုန်ဆုံးမထားတော့ အကုန်လုံး လိမ်မာ တယ်မဟုတ်လား၊ အခု ဒကာကြီးတို့က မစားလို့ ချောင်းဆိုး မပျောက်တာဗျ။ ရှိတဲ့ဟာကို မစားလို့ဗျ၊ အခုနဟာတွေတော့ မှတ်မိပြီ မဟုတ်လား၊ အဲသည်လို လက္ခဏာသဘော သတ္တိကလေးရှိတယ်။ သတ္တိ ရှိတဲ့အတိုင်း စားသာစား၊ သတ္တိတော့ ပြမှာပဲ၊ ချောင်းဆိုးတော့ ပျောက်မှာပဲ။ အခုလဲ ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာတယ်ဆိုတာ ဘာပျောက် ချင်လို့လဲ။

ဖြေ။ ။ဆင်းရဲမှ လွတ်ချင်လို့ပါဘုရား။ သက္ကာယဒိဋ္ဌိဆိုတဲ့ အနာကြီးဟာ မပျောက်နိုင်ပါဘူးဘုရား။

အေး၊ အဲဒါသာ စားပါဗျ။ ပျောက်ပါလိမ့်မယ်။ ပျောက်သွားကြတဲ့ အရှင်တွေဟာ ရေတွက်နိုင်ရဲ့လား။ (မရေတွက်နိုင်ပါဘူးဘုရား။)

သူတို့လဲ သည့်ပြင် ဆေးမဟုတ်ဘူး။ သည်ဆေးပါပဲဗျ။

(သက္ကာယဒိဋ္ဌိအနာဟောင်းကြီးကို မြတ်စွာဘုရား၏ ထိသိဆေးကို စားရင် ပျောက်မယ်ဆိုတာ သိနေပါပြီဘုရား။)

သိရင် ဒီဆေးကိုစားဗျာ့။

(ဆေးမစားခင် တပည့်တော်က ဆေး အမယ်လေးကို ရေးမှတ်ပြီး တယ် ရွတ်ချင်သေးတာကိုးဘုရား။)

မေး။ ။အဲဒါ ရွတ်နေလို့ ပျောက်ကဲ့လား။

ဖြေ။ ။တပည့်တော် ရွတ်နေရုံနဲ့ တော်လောက်ပြီလို့ဆိုပြီး တစ်သက်လုံး ရွတ်နေချင်တာပါဘုရား။

မေး။ ။ဒကာကြီးဟာ ရွှတ်ရုံမဟုတ်ဘူး၊ 'နိဗ္ဗာန်ရလိုပါ၏'လို့ ဆုတောင်းတယ် မဟုတ်လား။

ဖြေ။ ။ငယ်ငယ်ကတည်းက ဆုတောင်းနေတာပဲဘုရား။ တပည့်တော်က သည်လိုပဲ ရလိမ့်မယ်လို့ ထင်နေပါတယ်ဘုရား။

မေး။ ။အခုဒကာကြီး ရပြီလား။

ဖြေ။ ။မရသေးပါဘူးဘုရား။ တပည့်တော်က မြန်မြန်ကြီးတော့ မဟုတ်ပါဘူး။ နိဗ္ဗာန်ကို နောက်မှ ရောက်တဲ့အချိန်မှာ ရောက်မှာပဲ။ ဒါပေမယ့် မရောက်ခင် လူ့ဘဝ နတ်ဘဝမှာ စုံချည် ဆန်ချည် လူးလာခေါက်တုံ့ ပျော်ချင်သေးတာကိုးဘုရား။

မေး။ ။ဒါဖြင့် အခုနဟာသာလုပ်၊ လစ်လပ်နေရင်တော့ ဘယ်ရောက်မလဲ။

ဖြေ။ ။ချမ်းသာသုခ မရောက်ဘဲ ဆင်းရဲတဲ့အပါယ်ကို ရောက်မှာပဲဘုရား။

**ရောဂါပျောက်ချင် စားသာစား**

အေးဗျ၊ ဒါကြောင့် အခုနဟာသာ မှတ်ထားကြ၊ သည့်ပြင် အများကြီး လျှောက်ပြောရင် မကုန်နိုင်ဘူး ကြားလား။ အဲသည်များများကြီးထဲက ဒါကလေး တစ်ခုသာ မှတ်ထား။။ ဒါတော့ မလုပ်ချင်ဘူး၊ သည့်ပြင် ကောင်းတဲ့ဟာ ရှိတယ်။ ရှိရင်လဲ အဲဒါပဲလုပ်၊ အခုနပြောတဲ့ ဒကာကြီးရဲ့ မိကျောင်းခေါင်း လျက်ဆားဟာ ပုလင်းငယ်ကလေးနဲ့ ရှိတယ်မဟုတ်လား။

ဖြေ။ ။တင်ပါ့၊ ပုလင်းကြီးနဲ့လဲ ရှိပါတယ်ဘုရား။

မေး။ ။ပုလင်းကြီးထဲကဟာကို စားတော့ ချောင်းဆိုးပျောက်သလား။

ဖြေ။ ။ပျောက်ပါတယ်ဘုရား။

မေး။ ။အထုပ်ကလေးထဲကကော။ (ပျောက်ပါတယ်ဘုရား။)

မေး။ ။ပုလင်းငယ်ထဲကကော။ (ပျောက်ပါတယ်ဘုရား။)

အေး၊ အခုလဲပဲ ဘုရားဆုံးမတဲ့ သုံးဖြာသော ပိဋကတ် အသွယ်သွယ် အဝဝတွေဟာလဲ အကုန်လုံး မိကျောင်းခေါင်းချည်းပါပဲဗျ။ သူလုပ်ချင်သလို လုပ်ထားတာဗျ။ စားသာစားဗျ။ စိတ်ထဲက တစ်ခုခု ဖြစ်နေမှာစိုးလို့ ပုလင်းကြီးထဲက စားချင်စား၊ ပုလင်းငယ်ထဲက စားချင်စား၊ အထုပ်ထဲက စားချင်စား။ ဘယ်ဟာ စားစား ပျောက်မှာပဲဗျ။ ဒကာကြီးက ဝယ်မစားချင်ရင် ဘယ်သူ့ဆီမှာ ဝယ်ထားတာ ရှိသလဲ။ တောင်းစားရင်လဲ ရပါတယ်ဗျ။

ဒကာကြီးမှာ မိတ်ဆွေသင်္ဂဟ ဘယ်နှစ် ယောက်ရှိသလဲ။
ဖြေ။ ။အများကြီးပါဘုရား။
မေး။ ။အိမ်နားမှာ ဘယ်သူရှိသလဲ။ (ဦးဖြူရှိပါတယ်ဘုရား။)
မေး။ ။ဦးဖြူဆီကဟာ တောင်းစားဗျ။ ခပ်ဝေးဝေးကကော ဘယ်သူရှိသလဲ။
ဖြေ။ ။ဦးနီရှိပါတယ်ဘုရား။

ဦးနီဆီကဟာ တောင်းစား၊ မိကျောင်းခေါင်းသာ မှန်ပါစေ၊ တောင်းစားရင် ချောင်းဆိုးပျောက်မှာပဲ၊ ဟုတ်ကဲ့လား။ အဲဒါမှတ်ထားဗျ။ အိမ်မှာ ဝယ်ထားတာ ရှိတယ်မဟုတ်လား။ အေး အေး ဘယ်ကဟာ စားစား ပျောက်မှာပဲ။

ဖြေ။ ။တပည့်တော်က ပုလင်းဝယ်ပြီး ကြည့်ကြည့်နေတာပဲဘုရား။
မေး။ ။အခုလို လျှောက်ပြောတော့ ပေါပေါ့တန်တန် ပြောတယ်လို့ မမှတ်နဲ့ ကြားလား။
ဖြေ။ ။တပည့်တော်က ပုလင်းကြီး ကြည့်ကြည့်နေတယ်ဆိုတော့ အရှင်ဘုရား တရားကို ညစဉ်တိုင်း နာနေတော့ သိနေပါတယ်ဘုရား။
မေး။ ။ဒါကတော့ ဘယ်အရှင်ရေးတာ၊ ဒါက ဘာစာအုပ်၊ ဘယ်နံပါတ်မှာ မယုံရင် သွားကြည့်နဲ့၊ သည်လို မလုပ်ကြနဲ့၊ မအောက်မေ့ကြနဲ့၊ ကြားလား။
ဖြေ။ ။တပည့်တော်တို့က ငြင်းလှပေါ့ဘုရား။

အေး၊ ဒါကြောင့် မပျောက်ဘူး ပျောက်တယ်ဆိုတာ အခုနဟာသာ စားကြည့် ကြားလား။ ကနေ့ထိုင်စား၊ နက်ဖြန်ခါ ချောင်းဆိုးမပျောက်ဘဲ မနေ ပါဘူး။ ပျောက်မှာပဲ၊ ဆက်ပြီးတော့ စားလိုက်ရင် သေသေချာချာကို အမြစ်ပါ ပြတ်သွားပါလိမ့်မယ်။ နည်းနည်းသက်သာရုံနဲ့ နားမထားနဲ့။ မပြတ်သေးရင် ပေါ်လာဦးမယ်။

ဖြေ။ ။တင်ပါ့ဘုရား။ တဆက်တည်း စားပါတော့မယ်ဘုရား။

**တကယ့် အာမဘာန္တွေ**

ကောင်းပါ့ဗျာ၊ ရှေးတုန်းက အပ္ပမာဒတရားဆိုတာ ဘာလဲဆိုရင် သည့်ပြင်ဟာ မဟုတ်ဘူး။ 'အပ္ပမာဒေန သမ္ပာဒေထ'ဆိုတာ အရှင်မြတ်တွေအားလုံးဟာ ဘယ်နေရာ ဘယ်ဌာနမဆို ဆင်းရဲမှလွတ်မှု ဘုရား အဆုံးအမကို ရကြပြီဆိုတော့ အပြီးအဆုံးမှာ အကောင်းဆုံးကို ထည့်ပေးတာပဲ။

မေး။ ။'အပမာဒေန သမ္ပာဒေထ'ဆိုပြီး။ သည်တော့ ဒကာကြီးတွေက ဘယ့်နှယ်လဲ။

ဖြေ။ ။'အာမ ဘန္တေ'ဆိုပြီး ရဲရဲကြီး နှုတ်က ဆိုလိုက်တာပဲဘုရား။

ရှေးက အရှင်တွေကတော့ အခုနလို သိထားတယ်။ ပေးတဲ့အခါမှာ 'အာမ ဘန္တေ'ဆိုပြီး တစ်ခါနက်တည်း၊ တပြိုင်တည်း ထားလိုက်တာ နည်းနည်းကလေးမှ မလွတ်တော့ဘဲကိုးဗျာ့။ အဲသည်လို 'အာမဘန္တေ' လိုက်တာဗျ။

ဒါကြောင့် သည်အရှင်မြတ်တွေမှာတော့ မှန်းထားတဲ့ ဗောဓိတွေဟာ အသီးသီး အောင်မြင်ပြီးတော့ နိဗ္ဗာန်ကို စံဝင်ကြွသွားတော်မူကြတာဗျ။ ဒါကလဲ သူတို့ပြောတာ မှတ်ပြီးတော့ ပြောတာဗျ။ သည်တော့ အခုလို သတိပေးတာက ဘာလဲဆိုရင် 'အပ္ပမာဒေန သမ္ပာဒေထ'ဆိုတာက အခုန ထားဆိုတဲ့နေရာမှာ မရွေ့အောင် နေကြလို့ ပြောတာတဲ့။

ရှေးက အရှင်တွေ အာမဘန္တေ ဆိုတာက ဘယ်တော့မှ မချတော့ဘူးဗျ။ အဲသည်လိုဖြစ်သောကြောင့် နှစ်သက်တဲ့ အသီးသီးဗောဓိတွေဟာ သည် အာမဘန္တေနှင့် အကုန်လုံး ပြီးတာတဲ့ဗျ။ ဒါဆောင်သွားရင် သည့်ပြင်ဟာတွေက ဘယ်ကမှ မကျန်ခဲ့ပါဘူး ထင်ပါရဲ့။

ဖြေ။ ။ကြိုးဆွဲလိုက်ရင် တသီတတန်းကြီး ပါသွားမှာပဲဘုရား။

မေး။ ။အရင်တုန်းကတော့ နှုတ်တိုက်ရတာ ဆိုလိုက်တာပဲ။ အဟုတ်ကို အာမဘန္တေလို့ မမှတ်လိုက်သေးဘူး ထင်တယ်။

ဖြေ။ ။စိတ်ထဲက လျော့လျော့ပေါ့ပေါ့နဲ့ သူများအတုခိုးပြီး ဆိုလိုက်တာပဲ ဘုရား။

အေး၊ ဒီတစ်ခါတော့ လှိုက်လှိုက်လှဲလှဲ ရှေးအရှင်တွေကဲ့သို့ ထပ်တူညီမျှ ကျသွားအောင် ပျော်ရွှင်ပြီး၊ အခုလို စိတ်ဆန္ဒ ဖြစ်စေပြီးတော့ 'အာမဘန္တေ' လုပ်ကြဗျား။

(သာဓု–သာဓု–သာဓု။)

[၁၉၅၅–ခုနှစ်၊ မေလ ၁၃ရက်နေ့ ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားသည်။]

ဝီရိယဆိုတာ မြန်မှ

"ဝီရိယနည်းနည်းနဲ့
နှေးနှေးဆိုတာမျိုးက
ဘယ်ဟာမှ မကောင်းဘူးဗျ။
သွက်လက်ဖျတ်လတ်ပြီး
ဝီရိယရှိတာဟာ
အကောင်းဆုံးပဲ။"

# မေတ္တာစိတ်ထား ရှေ့သွားပြု၍...

တရားတော်

**ဗောဓိဆု–သုံးမျိုး**

သီလတော့ ဆောက်တည်လို့ ပြီးကြပြီ။ ဆောက်တည်လို့ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ဟာ အကုန်လုံး ပြီးစီးအောင်မြင်ကြပါရောဗျ။

သီလဋ္ဌတည်ပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို ကိုယ့်စိတ်ထဲမှာ သဘောကျသလို ကောင်းမွန်စွာ စိမ့်ပြီးပြီဆိုတော့ ကိုယ်ပိုင်ဖြစ်တဲ့ ပစ္စည်းတွေကို ကိုယ်ပိုင် ကိုယ်တိုင်, သူတစ်ပါးကို မစေမပါး မခိုင်းဘဲနှင့် အလှူဝတ္ထု၊ အလှူခံရှိသေလို့၊ စိတ်ကိုဖြောင့်မတ်စွာ ထားပြီးတော့ အတုအတူမရှိတဲ့ ဘုရားရှင်၊ ဘုရားသာသနာမှာ ကိုယ်ပိုင်ကိုယ်တိုင် ဆည်းကပ်လှူဒါန်းပြီးတော့ အလိုရှိရာ နှစ်သက်တဲ့ ဗောဓိနှင့် 'နိဗ္ဗာန်ကို စံဝင်ရပါလို၏'လို့ ဆုယူဆုတောင်းကြ။

ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီး သိမြင်တာကို ဗောဓိလို့ ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ။ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီးရှိကြတယ်။

တေဒဂ်ရာထူးဌာနန္တရတို့မှာလည်း ကိုယ်အလိုရှိတဲ့ တေဒဂ် ရာထူး

ဌာနန္တ ရတို့နှင့် နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ အဲသည်လို ဆုယူ ဆုတောင်းကြ။ တောင့်တတဲ့အတိုင်းဟာ ပြီးစီးအောင်မြင်လို့ နိဗ္ဗာန်ကို ဝင်ကြွသွားတော်မူကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် များပြားကြတယ်။ ဒါကြောင့်မို့ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးရပါသတုန်းဆိုလို့ရှိရင် အခါကောင်းလို့၊ ဘဝကောင်းလို့၊ ဝီရိယကောင်းလို့။

**ဘုရားရှင်လက်ထက်ကနှင့် မထူး**

ဘုရားရှင်လက်ထက်တော် ဘုရားပွင့်တော်မူတာကို သိကြတဲ့ များစွာသော လူနတ်ဗြဟ္မာများသည် ဘုရားရှင်ထံမှောက်သို့ အစဉ်အတိုင်း လာရောက်ကြတယ်။ ဘုရားဆုံးမပါတဲ့ အဆုံးအမကို ရကြပြီဆိုမှဖြင့် မချတဲ့ ဝီရိယဖြင့် ဣရိယာပုတ် လေးပါးမှာ တဆက်တည်းပါအောင် ထူထောင်ပြီး ယူကြတယ်။ ယူကြပြီဆိုတော့ အခါမလင့် တောင့်တတဲ့အတိုင်း ချမ်းသာသုခ ဆိုက်ပါတယ်။ ဆိုက်တဲ့အခါကျပြီဆိုတော့ ဝမ်းမြောက်ကြ၊ ဝမ်းသာကြရတယ်။

ဘယ်လိုများ ဝမ်းမြောက်ကြ၊ ဝမ်းသာကြရပါသလဲဆိုလျှင် လူ့ဘဝ ဘဝဟူ၍ ပြောစလောက်ပြီး သံသရာ တစ်လျှောက်လုံးအတွက်ဟာ ငြိမ်းရအေးရပါပြီလို့ ဤကဲ့သို့ တခဏစာ၊ တဘဝစာမဟုတ်၊ သံသရာတစ်လျှောက်လုံးအတွက် ဝမ်းမြောက်ကြရ၊ ဝမ်းသာကြရပါသတဲ့ဗျ။ များစွာသော လူနတ်ဗြဟ္မာတို့ဟာ ခဏ တမုဟုတ်ချင်းမှာ အသီးသီး တောင့်တချက်ပြီးကြတယ်။ ဘယ်လောက်များ ပြီးဆုံးကြပါသလဲဆိုတော့ ကုဋေပေါင်း၊ ရာပေါင်း၊ ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း တခါတခါကျပြီဆိုတာ ကုဋေပေါင်းအသင်္ချေ။ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တချက် ပြီးကြသတဲ့ဗျ။

ဒါဘာကြောင့်လဲဆိုတော့ အချိန်အခါ ဘဝကောင်းကြတာ သိပြီးတော့ လိုအပ်တဲ့ဆန္ဒပြီးအောင် အအားအနားမထားဘဲ အဲသည်လို ယူကြတာဗျာ့။ ဒါဟာ ဘုရားရှင် ရှေ့လက်ထက်တော်ကသာ မဟုတ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ဘုရားရှင် သာသနာတော် ထားတော်မူခဲ့တယ်။ ထားတော်မူခဲ့ပါတဲ့ အဆုံးအမကို ရကြပြီးတော့ မချတဲ့ ဝီရိယနှင့် ထူထောင်ကြတယ်။ အဲဒီလို မြဲမြဲမြံမြံ ခိုင်ခိုင်ခံ့ခံ့ အခါခပ်သိမ်း အချိန်တိုင်းမှာ ယူကြတော့ ရကြပါသတဲ့ဗျ။

သည်အဆုံးအမမှန်မှန် ကိုယ်နှစ်သက်ရာ တစ်ခုခုကို ကောင်းမွန်စွာ စိစစ်ပြီးပြီဆိုတော့ ဝီရိယသန်သန်နဲ့ လိုက်နာကြတဲ့ သူတော်ကောင်းများရဲ့

ဝီရိယကို မိအောင် ညီအောင် ထူထောင်ကြ။ ထူထောင်ကြပြီဆိုရင် ထိုထို တစ်ပါး အာရုံမသွားဘဲနှင့် ဘုရားဆုံးမတဲ့ အဆုံးအမမှာ တည်မယ်။ တည်တဲ့အခါ ကျပြီဆိုမှဖြင့် ဤကဲ့သို့ တည်အောင်ပြုတဲ့ ဝီရိယရှိပြီဆိုလျှင် ဝီရိယိဒ္ဓိပါဒ်ဟာ ပေါ်လာမယ်။

ဘယ်လိုဖြစ်ပါသလဲဆိုရင် တည်နေတဲ့အချိန်မှာ ဘုရားဆုံးမပါတဲ့ အဆုံးအမကို စိုက်စိုက်စူးစူးနဲ့ တခါတည်း သက်ဝင်ပြီး တည်နေတဲ့အချိန်မှာ ဆင်းရဲကို ဖြစ်စေတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ ရှိနိုင်ပါဦးမလားဗျာ။ (မရှိပါဘုရား။)

အဲဒီအချိန်မှာ လောဘ၊ ဒေါသ၊ မောဟတို့ မရှိဘူးဆိုတော့ ဒါဟာ အကုသိုလ်တွေ စင်ကြယ်တာပေါ့ဗျ။ အဲဒီလို အကုသိုလ် စင်ကြယ်တဲ့အချိန်မှာ စိုးရိမ်ကြောင့်ကြ ပူပန်မှုဟာ ရှိပါဦးမလား။

ဖြေ။ ။မရှိပါဘုရား။

မေး။ ။သည်လို စိုးရိမ်ကြောင့်ကြ ပူပန်ရတာက ဆင်းရဲတာလား၊ ချမ်းသာတာလား။

ဖြေ။ ။ဆင်းရဲပါတယ်ဘုရား။

မေး။ ။စိုးရိမ်ကြောင့်ကြ ပူပန်မှု မရှိဘူးဆိုတော့ ဘယ့်နှယ်လဲဗျာ။

ဖြေ။ ။ချမ်းသာပါတယ်ဘုရား။

မေး။ ။အဲဒီတော့ ဘုရားဆုံးမပါတဲ့ အဆုံးအမမှန်မှန်ကို ဝီရိယသန်သန်နဲ့ ထူထောင်လိုက်ပြီ ဆိုတဲ့အခါကျတော့ ဒါဟာ ဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာ မဟုတ်ဘူးလားဗျ။

ဖြေ။ ။တင်ပါ့ဘုရား။

### ဒါကမှ ပိုရှင်းတာဗျာ့

ဒါဟာ အခုချက်ချင်းကိုပဲ ဝီရိယထူထောင်ကြတဲ့ အရှင်တွေကို ယခု ချက်ချင်း ဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာပါပဲဗျ။ ယခုအချိန်ကစပြီး နောက်ကို စိုက်စိုက်စူးစူးနဲ့ ဘုရားဆုံးမပါတဲ့ အဆုံးအမ၌ သက်ဝင်ပြီးတော့ နေရင် သက်တမ်းစေ့လို့ စုတိကျမယ်ဆိုလျှင် ဤကဲ့သို့ မြင့်မြတ်တဲ့ ဘုရား အဆုံးအမ၌ သက်ဝင်တည်နေတဲ့ သူတော်ကောင်းဟာ စိုးရိမ်ကြောင့်ကြ ပူပန်ခြင်း ဖြစ်ရဦးမလား။ (မဖြစ်ရပါဘုရား။)

ဒါဟာ ခဏကလေးပါ။ အချိန်ကြာကြာကြီး မဟုတ်ပါဘူး။ ခဏကလေးကိုပဲ ဒီလို အာရုံပြု၊ ဝီရိယထူထောင်ရုံနဲ့ ပစ္စုပ္ပန် ချမ်းသာအတွက် သေသေချာချာ လုံလောက်တာကလားဗျ။ သည်တော့ သည်ထက် အချိန်များများကလေး ထားမယ်ဆိုရင် ဤမျှလောက် ကပါ့မလား။

ဖြေ။ ။ဤမျှမကပါဘုရား။

ဤမျှလောက် မကဘူးဆိုတာက ဘယ်လိုလဲ။ ဘုရားဆုံးမပါတဲ့ အဆုံးအမတွေကို အစဉ်အတိုင်း ရပြီးတော့ ပြောတတ်ကြတယ်။ သည်လို ပြောတတ်တာဟာ တွေးပြီးတော့ မှန်းပြီးတော့ မှတ်ပြီးတော့ ပြောရတာလား။

ဖြေ။ ။ကိုယ်တိုင် ဒိဋ္ဌသိလို့ ပြောရတာပါဘုရား။

ဘုရားဆုံးမတာတွေကို မှတ်ပြီးတော့ အသီးသီး ထားကြတာတွေလည်း မေတ္တာရှင် ကရုဏာရှင်တွေရဲ့ ဆုံးမတော် မူခဲ့သည်ဖြစ်သောကြောင့် အဲဒါတွေကို မှတ်ထားတယ်။ ဒါတွေလည်း ကျေးဇူးဂုဏ်တွေ ပါပါတယ်။ အဲဒီလို စိတ်ထဲက မှတ်ပြီး သိရှိနားလည်တာတွေရဲ့ အကျိုးအာနိသင်ကို ပြောစမ်းပါဆိုရင် ဒါဟာ မကုန်နိုင်အောင် ကြီးကျယ်ခမ်းနား မြင့်မြတ်ပါတယ်ဗျ။ ယခုလို ဘုရားဆုံးမတဲ့အတိုင်း လိုက်နာလို့ ဝီရိယထူထောင်လို့ ဝီရိယိဒ္ဓိပါဒ် ပေါ်သည်ဖြစ်သောကြောင့် ဝီရိယရှင်သခင်တွေဟာ သိတယ်ဆိုတော့ ဒါကမှ သာပြီးတော့ ရှင်းတာဗျ။

သည်တော့ ဤကဲ့သို့ အချိန်တွေ မြင့်မြတ်တာကိုသိပြီး ဝီရိယ တိုးလိုက်တယ်။ တိုးလိုက်တဲ့အခါကျတော့ ရှေးကအရှင်တွေဟာ အားမရ မရောင့်ရဲနိုင်အောင် အစဉ်အတိုင်းသာ တခါတည်း ဆောင်ရွက်ခဲ့ကြတော့တာ ပဲဗျ။ အားလုံးတို့ဟာ သည်လိုရွက်ဆောင်ကြတယ်။ ရွက်ဆောင်တော့ ကိုယ့်တောင့်တချက် ပြီးတယ်။

ပြီးတဲ့အခါကျတော့လဲ သည်ထက်သာလျှင် ပိုပြီးတော့ ကိုယ်တိုင်မျှမကပဲ များစွာတို့ကိုလဲ ချမ်းသာသုခ ရစေလိုတဲ့ ဆန္ဒတွေဖြစ်ပြီးတော့ ရရာရကြောင်း တွေကိုလဲ သိပြီးပြီဆိုတော့ သိတဲ့အတိုင်းလဲ ဆောင်လိုတဲ့ ဆန္ဒများပြီး အဲဒီလို အစဉ်အတိုင်း ဆောင်ကြတော့တယ်ဗျ။

ဆောင်ကြပြီဆိုတော့ ဆောင်သည့်အားလျော်စွာ မှန်းထားသလောက် မကပဲ များစွာ တိုးတက်ဟာတွေကို ကိုယ်တိုင်မြင်ရတယ်။ ကိုယ်တိုင်မြင်ရတော့၊

သိတော့ ဝမ်းမြောက်တယ်။ အားမရနိုင်ဘူး။ ဘုရားရှင်သာသနာ တည်ပြီ ဆိုမှဖြင့် တောင့်တချက်အတိုင်း လူနတ်ဗြဟ္မာတွေ သိပြီဆိုတော့ မှန်းသလောက် မကအောင် ပိုပြီးတော့ အစီးအပွားများတာ သိပါတယ်။ သိပြန်တော့လဲ သည့်ထက် တိုးအောင် ဆောင်လို့ မြင့်မြတ်လိုက်ကြတာတွေကို မှန်းပြီးတော့ သိတယ်။ သည်လိုသိလေလေ၊ သည်လိုမြင်လေလေ၊ အစီးအပွားများ အောင်မြင်အောင် ဆောင်လိုတဲ့ မြင့်မြတ်တဲ့ ဆန္ဒတွေ များလေလေ ဆောင်လေလေ၊ အဲသည်လိုပါတဲ့ဗျ။

## တသီတတန်းကြီး ဆောင်ကြ အောင်ကြ

ဘုရားရှင် ရှေ့လက်ထက်တော်က မြင့်မြတ်ကြတဲ့ သူတော်ကောင်း အစားစားတို့သာလျှင် ဤကဲ့သို့ အားမရ မရောင့်ရဲနိုင်ဘဲ ဖြစ်ကြသလားဆိုတော့ မဟုတ် ပါဘူးဗျ။ ယခုလည်း အားလုံးသော သူတော်ကောင်း အစားစားတို့ဟာ ဘုရားအဆုံးအမကို ရကြသည့် အားလျော်စွာ ရှေးအရှင်တွေကဲ့သို့ ထူထောင် ကြတယ်ဆိုလျှင် ရှေးအရှင်တွေလို ထပ်တူညီမျှ အားမရ မရောင့်ရဲနိုင်အောင် ဖြစ်ကြမှာပါပဲဗျ။ ဒါကြောင့်မို့ အချိန်အခါ ဘဝမြင့်မြတ်တာကို သိပြီးပြီဆိုတော့ ကိုယ်အလိုရှိတဲ့ မှန်းထားချက်တွေ မြန်မြန်ကြီးပြီးအောင် ဝီရိယသန်ကြဗျ။ ဝီရိယသန်ကြမည် ဆိုမှဖြင့် အလုံးစုံတို့ဟာ တခါတည်း တသီတတန်းကြီးဟာ ချမ်းသာကြပါလိမ့် မယ်ဗျ။ ရှေးအရှင်တွေဟာ ဤကဲ့သို့ ပြီးစီးအောင်မြင် ကြပြီဆိုတော့ အားလုံးတို့ကို ထပ်တူညီမျှ ရကြစေချင်သည်ဖြစ်သောကြောင့် သည်အဆုံးအမကိုပဲ လိုက်နာမှ တောင့်တတဲ့အတိုင်း ပြီးမှာကို သိပြီး ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာလို့ ဆိုလာပြီး ချမ်းသာသုခ ရပြီးတဲ့ အရှင်မြတ်များက အားလုံးတို့ကို လိုက်စေချင်၊ ရစေချင်ကြသဗျာ့။ ကြိုးစား ပြီးတော့ မီရအောင်၊ တွေ့ရအောင်၊ ကြည့်ရအောင် ရှေ့က မားမားမတ်မတ် ကြီးပါဗျ။ ကိုယ်နှင့် နှုတ်နှင့် ရှေ့က မြင်သာအောင် ဆောင်တော်မူကြတာဗျ။

မြင်တော်မူကြတဲ့ အခါကျတော့လဲ ချမ်းသာသုခ လိုလားတဲ့ အရှင် တွေဟာ ဘုရားဆုံးမတဲ့ အဆုံးအမ ရပြီးပြီဆိုတော့ စိတ်ထားဖြင့် တည်ပြီး ရောက်ကြတယ်။ ရောက်ကြတော့ တချို့ တမင်ဆိုဆုံးမရသည် မဟုတ်ပဲ သည်အရှင်တွေရဲ့ လုံ့လ ဝီရိယကို မီအောင်၊ ညီအောင်ဟာ ပျော်ပျော်ရွှင်ရွှင်ကြီး- လိုက်နာတော့တာပဲ။ လိုက်နာတော့လဲ အရှင်မြတ်တွေနဲ့ ထပ်တူညီမျှ

အကုန်လုံး တညီတည်း ဖြစ်ကြပါသတဲ့ဗျ။

ရှင်သာရိပုတ္တရာထံ ရောက်ကြတဲ့ ဘုရားရှင်ရဲ့ တပည့်သားသမီးတွေဟာ ရှင်သာရိပုတ္တရာလိုပဲ။

ရှင်မောဂ္ဂလာန်ထံ ရောက်ကြတဲ့ ဘုရားရှင်ရဲ့ တပည့်သားသမီးတွေကလဲ ရှင်မောဂ္ဂလာန်လိုချည့်ပဲ။

ရှင်မဟာကဿပထံ ရောက်ကြတဲ့ ဘုရားရှင်ရဲ့ တပည့်သားသမီးတွေလဲ သည်လိုပါပဲတဲ့ဗျ။

အသီးသီး အရှင်မြတ်တွေဆီ ရောက်ကြတဲ့ဟာ အသီးသီး အရှင်မြတ်တွေနှင့် တူတာချည့်ပဲ။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပတို့နှင့် တူကြတယ်ဆိုတော့ ရှင်သာရိပုတ္တရာက တစ်မျိုး၊ ရှင်မောဂ္ဂလာန်က တစ်မျိုး၊ ရှင်မဟာကဿပက တစ်မျိုး မဟုတ်ဘူးဗျ။ ဘုရားဆုံးမတာက ညီတယ်၊ တူတယ်၊ လုံ့လဝီရိယ သဒ္ဓါကလဲ ညီတယ်။ အဲဒီတော့ ချမ်းသာသုခတွေကလဲ အတူတူချည်းပဲ။ တပြိုင်နက်တည်းပါတဲ့ဗျ။ အဲသည်လို တူကြတာဗျ။

ယခုလဲ လိုက်နာကြတဲ့အခါ ချမ်းသာသုခ ဆိုက်လာပြီဆိုတော့ သည်လို အင်အားတွေနဲ့ သည်လို ဆောင်ခိုင်းကြမှာချည်းပဲဗျ။ ယခုလဲ အားလုံးတို့ဟာ ဘုရားဆုံးမပါတဲ့ အဆုံးအမတွေကို မှတ်သားထားပြီး လိုက်နာကြတော့ အားလုံးတို့ဟာ အားမရ မရောင့်ရဲနိုင်အောင် ထူထောင်ကြတာပဲဗျ။

လေးပါးသော ပစ္စည်းနှင့်တကွ ချီးမြှောက်ပါလို့ရှိလျှင် ဘုရားအဆုံးအမ သာသနာတည်မယ်။ တည်ပြီဆိုမှဖြင့် အားလုံးတို့ဟာ အစီးအပွားတွေ များမယ်ဆိုတာ သိပြီးတော့ လေးပါးသော ပစ္စည်းတွေနဲ့တကွ ထူထောင်ပြီးပြီဆိုတော့ သာသနာတည်အောင် ချီးမြှောက်ကြတာတွေပါဗျ။ ချီးမြှောက်တဲ့နေရာမှာ ဘာမျှ လိုတယ်လို့ မရှိပေါင်ဗျာ။ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး အမျိုးမျိုး အပြားပြားတွေ ပူလိုက်ကြတာ ဘယ်ဟာမှ လိုတာ မရှိပါဘူးတဲ့ဗျ။ သည်လောက်နှင့် တော်ရောပေါ့လို့ ဒကာကြီး ဒကာမကြီးတွေဟာ အားရမလားဗျ။ (အားမရပါဘုရား။)

သည်လောက်ကလေးများ အားရပြီ မပြောချင်ပါဘူးလို့ အဲဒီလို ဖြစ်တာဗျ။ အဲဒါ ဘာ့ကြောင့်လဲဆိုရင် ယခုနဟာတွေကို မြင်လို့ သိလို့ဗျ၊

ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

ပြုနေရင်းပင်လျှင် သည်လောက်ကလေးများတော့ အားမရပေါင်။ သည်တခါ ပေးလိုက်အုံးမယ်နဲ့ ဟုတ်လားဗျ။ (ဟုတ်ပါတယ်ဘုရား။)

ရှေးက အရှင်တွေကလည်း သည်လိုပဲတဲ့ဗျ၊ ပြီးတော့ အစဉ်အတိုင်းဟာ သည်လို ဝီရိယတွေ ထူထောင်ပြီးတော့ ယခုလို ထားကြတာဗျ။ ပစ္စည်းလေးပါးနှင့်တကွ သည်လို ချီးမြှောက်တော့ ဘာမှမလိုဘဲ အကုန်လုံးဖြစ်နေတော့ သူတို့မှာ စိတ်ချမ်းသာတာကိုးဗျ။ ယခုလို ချမ်းသာတဲ့အခါကျတော့ စိတ်တို့ ဘာတို့ဟာ ငြိမ်လွယ်တယ်၊ တည်လွယ်တယ်။ သည်လို တည်တဲ့အခါကျတော့ ယထာဘူတတဲ့။ အမှန်ကို သိကြ၊ မြင်ကြ၊ ကြားရသတဲ့ဗျ။ အဲဒါသိတော့ သည်လိုချည်းပဲ ပြုတာဗျ။ ဘယ်လိုတုန်းဆိုတော့ ဘုရားရှင်ရဲ့ တပည့်သားသမီးတွေဟာ စိတ်နှလုံးအလို အတိုင်းပြီးအောင် ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ အဲသည်လို ဆောင်ကြတယ်။ ဆောင်ကြလို့ ချမ်းသာတဲ့အခါကျတော့ သူတို့ တောင့်တတဲ့အတိုင်း ပြီးတာကိုးဗျ။

## သူ့အကြိုက်လိုက်မှ ချမ်းသာရ

ဒါကြောင့်မို့ အတူတကွ နေတာထိုင်တာမှာလည်း ရှေးအရှင်တွေက ဘယ်လိုလည်းဆိုလျှင် ယခုလို လင်းပြီးနေတဲ့ဟာကို ကိုယ်က ခပ်မှောင်မှောင်ကလေးနဲ့ နေချင်တယ်လို့ စိတ်ဆန္ဒဖြစ်တယ်။ အဲသည်လိုမှလည်း အစီးအပွားများမှာကို သေသေချာချာကို သိတယ်။ သိတော့လဲ လင်းတဲ့ဟာကို မှောင်အောင်လုပ်လို့ ကိုယ့်ဟာကိုယ် သည်လိုမလုပ်ရဘူးတဲ့ဗျ။

ဘယ်လိုလုပ်ရမလဲဆိုရင် ကိုယ်နဲ့အတူရှိတဲ့ အားလုံးသော သီတင်းသုံးဖော် ရဟန်းသံဃာတော်တွေကို လျှောက်ဦးတဲ့။ ဘယ်လိုလဲဆိုတော့ ရဟန်းသံဃာတော်များ လင်းတာက ကောင်းတော့ ကောင်းပါတယ်။ ဒါပေမယ့် သည့်ထက် ခပ်မှောင်မှောင်ကလေးမှ ပိုပြီး မကောင်းဘူးလား။ ဒါကြောင့် တပည့်တော် မလင်းအောင် ပြုလိုက်မယ်လို့ သည်လိုပြောရတယ်။ ကိုယ်ကတော့ မှောင်သွားလို့ရှိရင် သေသေချာချာ သဘောကျနေပြီ။ သို့သော်လဲ ကိုယ့်သီတင်းသုံးဖော်တွေက ဘယ်လိုမှန်း မသိသေးလို့ ကိုယ်က ဘယ်လိုဖြစ်ချင်သလဲဆိုရင် ကိုယ်ရဲ့ သီတင်းသုံးဖော်တွေရဲ့ စိတ်နှလုံး အလိုအတိုင်း သဘောကျအောင် ဆောင်စေတာကိုးဗျ။

သဘောကျတာကလဲ ကိုယ့်လို ဟုတ်ချင်မှ ဟုတ်မှာကိုး။ သည်တော့ ကိုယ့်အကြိုက်ကို မစီမံရဘူး။ ကိုယ့်ဆန္ဒအတိုင်း မလုပ်ဘူး။ အားလုံးသော သီတင်းသုံးဖော်တွေ စိတ်ဆန္ဒအတိုင်း ဆောင်ချင်သည်ဖြစ်သောကြောင့် သေသေချာချာ အတွေးနဲ့ လုပ်လျှင်လည်း ကိုယ်တွေးတောတာနဲ့ ကိုယ်မှန်းတာ မတဲ့လို့ရှိလျှင် အားလုံးတို့ ဆင်းရဲသွားမှာကိုး။ ဒါကြောင့် အားလုံးတို့ရဲ့ စိတ်ဆန္ဒကို သိချင်သည်ဖြစ်သောကြောင့် 'ဘုရားတပည့်တော်သည် ခပ်မှောင် မှောင်ကလေးဖြစ်အောင် ပြုပါရစေ။ အရှင်ဘုရားများ နှစ်သက်တော်မူပါ ရဲ့လား' လို့ လျှောက်ရ တယ်။ လျှောက်တဲ့အခါကျတော့ သီတင်းသုံးဖော်တွေက 'ငါ့ရှင်ရဲ့ သည်လိုပဲ လင်းလင်း ကောင်းပါတယ်ဆိုရင်' ဒါကို ကိုယ်က သဘောကျလိုက်ရမှာ၊ ဘာဖြစ်လို့လဲဆိုရင် အားလုံး အရှင်တွေရဲ့ စိတ်နှလုံး အလိုအတိုင်း ဆောင်ချင်တာကိုးဗျ။ သိလိုတာကိုးဗျ။

ယခုပြန်ပြီး မိန့်တော်မူတဲ့ အခါကျတော့ သူ့စိတ်မှာ ချမ်းသာပြီး သည်အရှင်တွေ ချမ်းသာမှုကို ငါဆောင်လိုက်ရတယ်။ ကိုယ်ကတော့ ဥပမာအားဖြင့် ဘယ်လိုပဲ မှောင်နေတာကို နေချင်နေချင် သည်အရှင်တွေ ချမ်းသာအောင် ပြုချင်သည်ဖြစ်သောကြောင့် သဘောကျလိုက်တာတဲ့ဗျ။ ပြီးတော့ ခပ်မှောင်မှောင်ကပဲ ကိုယ်က လင်းလင်းနေချင်ရင်လဲ သည်လိုပဲတဲ့ဗျ။ ကိုယ်ကတော့ သည်လို လင်းလင်းနေချင်ပြီး၊ သို့သော်လည်း သည့်ပြင် ကိုယ့်သီတင်းသုံးဖော်တွေကို အဲသည်လို လျှောက်ဦး။

'အရှင်ဘုရားများ ဘုရားတပည့်တော်ဟာ သည်လို မှောင်မှောင် နေတာကို မကြိုက်သေးပါဘူးဘုရား။ တပည့်တော် လင်းလင်းကြီး ပြုပါရစေ' လို့ လျှောက်ရမယ်။ သည်တော့ သီတင်းသုံးဖော်တွေက–

'ငါ့ရှင် သည်လို ခပ်မှောင်မှောင်ကပဲ ကောင်းပါတယ်' ဆိုလို့ရှိရင် အရှင်ဘုရားက ခပ်မှောင်မှောင်ကြိုက်တာ၊ ဘုရားတပည့်တော်က လင်းလင်း ကြိုက်တယ်လို့ သည်လိုမလုပ်ရဘူး။ ဘာကြော[illegible]ို့ဆိုရင် သူတော်ကောင်း များဟာ ဘယ်လိုလဲဆိုရင် **အားလုံးသော သီတင်းသုံးဖော်တွေရဲ့ ချမ်းသာမှု ကိုသာ ရှေးရှုပြီး** ဆောင်နေတာကိုးဗျ။ အဲသည်တော့ ကိုယ်က သည်လို သဘောကျတယ်။ သည့်ပြင် အရှင်တွေက ဟိုလို သဘောကျတာ၊ အဲသည်လို မတူဘူး။ အဲသည်တော့ ငါ သဘောကျသလို လုပ်မယ်လို့ စိတ်ထဲမှာ

မရှိဘူးတဲ့ဗျ။ အားလုံးရဲ့ ချမ်းသာမှုချည်းကိုပဲ ရှေးရှုနေတာတဲ့။

ရှေးက သူတော်ကောင်း အစားစားတို့ဟာ သည်လိုချည်းပဲဗျ။ သူကလဲ သီတင်းသုံးတာဟာ ပရိယာယ်မဟုတ်ဘူး။ အဟုတ်ကို ချမ်းသာစေချင်တာဗျ။ ကိုယ့်စိတ်ထဲ သဘောကျသလို ကိုယ်က သည်လိုဖြစ်ပေမယ့် သူတို့က ဖြစ်ချင်မှဖြစ်မှာ၊ ဘာကြောင့် အဲသည်လို လျှောက်ပြီး လုပ်ရတုံးဆို ချမ်းသာအောင် လုပ်တယ်ဆိုပေမယ့် 'ငါက ချမ်းသာအောင် လုပ်တာ၊ သူ့မချမ်းသာတာတော့ ဘယ်တတ်နိုင်မလဲ'လို့ မလုပ်ရဘူး။ သည်တော့ ယခုနက မှန်းတဲ့အတိုင်း ပြီးမြောက်မှာ မဟုတ်ဘူး။ အားလုံးတို့ကို ချမ်းသာစေချင်ရင် ချမ်းသာအောင် ယခုရော၊ နောင်ရော ဒီလို ဆောင်ရတယ်။

ဥပမာအားဖြင့် ယခုလို တံခါးတွေ ဘာတွေ ဖွင့်ပြီးတော့ နေတာကို ကိုယ်က မကြိုက်ဘူး။ ကိုယ်ကတော့ အကုန်ချမ်းသာအောင် ပိတ်မှ ချမ်းသာမှာ ထင်ပါရဲ့လို့ သည်လိုအတွေးနဲ့ မလုပ်လိုက်နဲ့၊ ကိုယ်က အားလုံးချမ်းသာမယ် ထင်ပြီး မလုပ်လိုက်နဲ့၊ ဘယ်လိုလဲဆိုရင် လျှောက်ပါဦး။

'အရှင်ဘုရားများ ယခုလိုဆိုတော့ လေကတိုက်လိုက်တာ၊ ဘုရားတပည့်တော် ဒီတံခါးများကို ပိတ်လိုက်မယ်ဘုရား။ အရှင်ဘုရားများ နှစ်သက်တော်မူပါသလား'လို့ လျှောက်ရမယ်။ သည်တော့ 'ငါ့ရှင် နေပါစေ၊ သည်လိုပဲ ကောင်းတယ်'ဆိုရင် ဒါကို ဝမ်းသာပြီး ကိုယ်က ယခုနလို တံခါးပိတ်ထားတာကို ဘယ်လောက်ပဲ နှစ်သက်လို့ သဘောကျပါစေ၊ ယခုနဟာ လိုပဲဗျ။ အဲဒါ ဘာလဲဆိုရင် အကုန်လုံးရဲ့ အတွက်ကို ရွက်ဆောင်လိုလို့တဲ့ဗျ။

ဥပမာ သည်လို သီတင်းသုံးဖော်တွေနဲ့ အတူတကွ နေကြတယ်။ ကိုယ်က သွားချင်လာချင်တဲ့အခါမှာ အသွားကြမ်း အလာကြမ်း အနေကြမ်းနဲ့ အဲသည်လို ဖြစ်သွားပြီဆိုရင် 'ငါ့သီတင်းသုံးဖော်တွေဟာ အစီးအပွားပျက်သွားလိမ့်မယ်'၊ ပျက်လဲပျက်မှာကိုးဗျ။

**စိတ်မဆိုးနဲ့၊ ကျေးဇူးတင်**

သည်တော့ အဲသည်လို သိပြီးပြီဆိုတော့ ယခုနပြောတဲ့ ကိုယ်တို့နှုတ်တို့ဟာ အလွန်နူးညံ့ပြီးသွားတယ်။ မကြမ်းအောင် သွားတယ်။ ပြုတာပြုတယ်၊ ဘာမှ မကြမ်းတမ်းရဘူးတဲ့ဗျ။ အဲသည်လို ပြုရတာတဲ့ဗျ။ သည်လို အလုပ်လဲ–

'သူတို့ဟာသူတို့ ဘယ့်နှယ်နေနော်၊ ငါကလည်း ကိုယ်သွားတတ်သလို သွားတယ်။ ကိုယ်ပြောတတ်သလို ပြောမှာ'လို့ သည်လိုမလုပ်ရဘူး။ သည်လိုပြုလျှင် ဆင်းရဲမှ လွတ်မှုအတွက် လုပ်နေတာဟာ ကိုယ့်အတွက်နဲ့ ပျက်သွားရင် ကိုယ့်မှာ နစ်နာမယ်ဗျ။ ဒါကြောင့် အားလုံးတို့ဟာ သည်လိုချည်းပဲ ရှေးက ဆောင်တော် မူတာတဲ့ဗျ။

ကဲ–သည့်ပြင်လူတွေက သူတို့ဟာနဲ့သူတို့ သွားတယ်။ သွားတဲ့နေရာမှာ ကိုယ်အမူအရာတွေ အသံတွေ ကြမ်းကြမ်းတမ်းတမ်းပြုလို့ ထိခိုက်လာရင်တော့ 'သူကတော့ ဘုရားအဆုံးအမအတိုင်း မတည်ဘူး။ အလွန်ယုတ်မာတယ်။ အလွန်ဆိုးတယ်'လို့ စိတ်မဆိုးရဘူး။ ဘယ်လိုပြောရမလဲဆိုရင် အဲသည်လို အသံတွေကြားရင် 'ငါ့သီတင်းသုံးဖော်တွေက အင်မတန် နူးညံ့သိမ်မွေ့တယ်။ ငါ့ရဲ့ ချမ်းသာမှုကို ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရော ဆောင်နေတာ။ ယခု သည်ကဲ့သို့ တားရတာဟာ ဘယ်လိုဖြစ်သလဲဆိုရင် နင်လျော့လို့၊ နင်ပေါ့လို့၊ နင်ပျင်းလို့၊ နင်ဖျင်းလို့ပေါ့၊' သည်တော့ ဝီရိယ တိုးလိုက်ဦးလို့ အဲသည်လိုတိုး၊ တိုးပြီဆိုတော့ သီတင်းသုံးဖော်တွေက သူ့ကို ပြုချင်တိုင်း ပြုနေ၊ ကိုယ်က ဝီရိယ တိုးလိုက်ပြီဆိုတော့ ယခုန ဟာတွေဟာ အကုန်လုံး ဘာမျှမကြားဘဲ ဖြစ်သွားလိမ့်မယ်ဗျ။

သည်အခါကျတော့ ကျေးဇူးလည်း တင်ရမယ်။ 'ယခုတော့ ငါ့သီတင်းသုံးဖော်တွေဟာက သူတို့ ပကတိ သွားနေတယ်ဆိုပေမယ့် ယခုလို အသံတွေ ကြားရလို့ ငါက သည်လိုတိုးလိုက်တော့ ယခုနလို အစီးအပွားတွေ ရှိသကိုး' လို့ အဲသည်လို သီတင်းသုံးဖော်တွေကို ကျေးဇူးတင်တတ်အောင် တင်ရမယ်ဗျ။ တဲ့လဲတဲ့တယ်ဗျ။ (တဲ့ပါတယ်ဘုရား။)

အဲသည်ဟာက ကိုယ့်အစီးအပွားနဲ့ အကုန်လုံးရဲ့ အစီးအပွားတွေဗျ။ ဘုရားရှေ့လက်ထက်တော်က သည်လို တဆောင်တည်း ဆောင်နေတာဗျ။ အဲသည်လို ဆောင်နေသည်ဖြစ်သောကြောင့် အချိန်တိုင်း အချိန်တိုင်းမှာ အဲသည်လို တိုးတက်တာတဲ့ဗျ။ တောင့်တရည်ရွက်ချက် အသီးသီးတွေဟာ ယခုလို ကိုယ်နှုတ်တွေနဲ့ ဥပမာ–တံမြက်စည်းလှဲတာ မြင်ရ၊ အမှိုက်ကျုံးတာ မြင်ရ၊ သာတောင့်သာယာနဲ့ နေကြရတဲ့ သီတင်းသုံးဖော်တွေက ယခုန ဘုရားရှင် ပူဇော်တာတွေကိုလည်း မြင်ရ၊ ကြည်ညိုရတယ်။ အဲသည့်လို

ကြည့်ညှိရတဲ့ အခါကျတော့ ဒီလို ကိုယ်မှု၊ နှုတ်မှုကို တခါမြင်ရပြန်တော့ ကိုယ့်မှာ ကြည်သွားတယ်ဆိုရင် ဒါဟာ ငါ့သီတင်းသုံးဖော်တွေကို မှီပြီး ကိုယ့်မှာ ဘာဖြစ်နိုင်သတုန်းဗျ။ စိတ်နှလုံးအလို တောင့်တချက် အသီးသီး ဖောခိပြီးဖို့ရာ လာမှီပြီး အထက်ကို ဆန်တက်တယ်မဟုတ်လား။ (ဆန်တက်ပါတယ်ဘုရား။)

အဲဒီလို ဆန်တက်သွားတာဗျ။ ပြီးတော့ ကိုယ့်သီတင်းသုံးဖော်တွေဟာ ကိုယ်နှင့် နှုတ်နှင့်တကွ သောင်းကျန်းပြီး ဆဲရေးတိုင်းထွာ ပြုပါရင် ဘယ်လို ဟန်းဆိုတော့ ယခုန ကျေးဇူးဂုဏ်တွေကို အောက်မေ့လိုက်တယ်။ သူ ငါ့ကို ပြောသင့်ဘယ်၊ ဆိုသင့်တယ်။ ဆဲရေးတိုင်းထွာ ပြုသင့်တယ်။ ငါ့ကျေးဇူးရှင် ပါလားလို့။ နောက်ပြုတော့ တော်တော်မြင့်မြတ်တာကို မှတ်မိတော့ ကျေးဇူး တင်ပြီး ကိုယ်က ကျေးဇူးဆပ်ဖို့ရာဟာလည်း အောက်မေ့ပြီး နေတယ်။ သူတို့က ဘယ်လိုလိုပြုပြုတဲ့ဗျ။ အဲဒါကို သူတော်ကောင်းလို့ ပြောတာတဲ့ဗျ။ (တင်ပါ့ဘုရား။)

သူ့ကျေးဇူးရှိတာ သိပြီးတော့ ယခုရော၊ နောင်ရော အတွက်ဆို အဲသည်လိုပဲ ဆောင်ဖို့ရာ သူတော်ကောင်းက အဲသည်လို စိတ်ထဲမှာ ထားတာတဲ့ဗျ။ ယခု ဒါယကာကြီး၊ ဒါယိကာမကြီးများဟာ ထပ်တလဲလဲ ကိုယ်ကောင်း၊ စိတ်ကောင်း၊ နှုတ်ကောင်းတွေနဲ့ အကုန်လုံး နေရာကျတာ။ တစ်ခါတလေ ဒကာကြီးဟာ စိတ်ထဲ သဘောမကျလို့ တုတ်နဲ့ရိုက်မယ်ဆိုရင် ဘယ်နှယ်လဲ။

ဖြေ။ ။တပည့်တော်က ပြန်ရိုက်မှာပဲဘုရား။

မေး။ ။သည်လိုလားဗျ။ ယခုနဟာတွေ မမှတ်မိဘူးလား။

ဖြေ။ ။ယခုနဟာတွေဟာ တရားနာတုန်းပဲ အမှတ်ရပါတယ်ဘုရား။ တရား နာပြီး မေ့သွားပါတယ်ဘုရား။

ဟုတ်ရဲ့လားဗျ။ ရှေးကအရှင်တွေက အခုနလို အမှတ်ရပြီး ယခုနလို ကြည့်ညှိကြတာဗျ။ ပြုထားတဲ့ ကျေးဇူးကို အဲဒီလို သတိရတာဗျ။ အဲသည်လို မြင်ပြီးတော့ သည်အရှင်ရဲ့ ကျေးဇူးကို သိပြီဆိုတော့ သည်အရှင်အတွက် ယခုရော နောင်ရောအတွက် ချမ်းသာကြောင်းသာလျှင် ဆောင်နေတော့တာ ပဲတဲ့ဗျ။ အဲသည်လို ရှေးက အရှင်တွေက တောင့်တရည်ရွယ်ချက်အတိုင်း

ပြီးအောင် ကတညုတ ကတဝေဒီဆိုတာ အစဉ်အားဖြင့် ဘယ်အခါမှ မစွန့်ဘဲ သည်လို သုံးစွဲတာတဲ့ဗျ။ ဟုတ်ကဲ့လားဗျ။ (တင်ပါ့ဘုရား။)

မေး။ ။အဲသည်လို မှတ်ပြီး အဲသည်လို သွားကြဗျား။ အဲသည်လို သွားဖို့ရာဟာ ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘုရား၊ ရှေးအရှင်ကောင်းများ၏ ထုံးစံဓလေ့ကို မှတ်သားထားပါမည်ဘုရား။

## သူ မကြိုက်ရင် ကိုယ် ညံ့လို့မှတ်

အဲဒီလို သွားကြရသဖြင့် အကုန်လုံးတို့ဟာ ညီညွတ်အောင်၊ သဘောကျအောင် လုပ်ဆောင်တာပဲတဲ့ဗျ။ အားလုံး သဘောကျအောင်ချည်းပဲ။ တခါတလေ ခေါ်လိုက်တဲ့ အခါကျရင် သူကတော့ ကောင်းကောင်းခေါ်တာပဲ။ ခေါ်ပေမယ့် အခေါ်ခံရတဲ့လူက သဘောမကျဘူးဆိုရင် ဘယ်နှယ့်ပြုမလဲဗျ။

မေး။ ။ငါကတော့ ကောင်းအောင်ပြုတာ၊ ခေါ်တာတောင်မှ ငါ့ကို အကောင်းမထင်ဘူးလို့ ပြောပြီး ရန်ဖြစ်ရမှာလား။

ဖြေ။ ။ယခုနတုန်းက သူတော်ကောင်းတရားတွေ မေ့နေရင်တော့ ရန်ဖြစ်မှာပဲဘုရား။

ရှေးကအရှင်တွေက သည်လိုမဟုတ်ဘူး။ ယခုနပြောတဲ့အတိုင်း ပြုလိုက်တယ်ဆိုရင် ငါက သည်လိုပြုတာပဲ၊ သဘောကတော့ ချမ်းသာအောင် ခေါ်တာပဲ၊ ပြောတာပဲ။ သို့ပေမယ့် သဘောမကျဘူးဆိုရင် ငါ့ရဲ့ သီတင်းသုံးဖော်ရဲ့ အပြစ် မဟုတ်ပါဘူး။ ငါနေရာမကျလို့ ဖြစ်တာပဲဆိုပြီး တခါ သဘောမကျလျှင် နောင်ကို သဘောကျအောင် သည်လိုပြောတာတဲ့ဗျ။ သဘောမကျသေးဘူးဆိုရင် သဘောကျအောင်သည်လိုပြောတာတဲ့ဗျ။ သဘောမကျသေးဘူးဆိုရင် သဘောကျအောင် နေရာတိုင်းမှာ မှတ်ထားတယ်။ ကိုယ့်အပြစ်ကိုသာ မြင်ပြီးတော့ သူတို့ကို သင့်တော်သလို ပြုစုရမှာဗျ။

ဖြေ။ ။သူတို့ အပြစ်မရှိဘူးလို့ ထားရမှာပဲဘုရား။

မေး။ ။ကိုယ်က ချမ်းသာအောင် ပြုတယ်ဆိုပေမယ့် ဟိုက သဘောမကျလို့ရှိလျှင် ဒါ ကိုယ်ညံ့လို့ပေါ့ဗျ။

ဖြေ။ ။မိမိရဲ့ ညံ့ဖျင်းချက်ပါဘုရား။

မေး။ ။ကိုယ်ပြုတာက သဘောကျအောင် ပြုလိုက်တာပဲ၊ ဒါပေမယ့် အားလုံးက

သဘောမကျရင် အဲဒါ အားလုံး အပြစ်မဟုတ်ဘူး၊ ဘယ်သူ့အပြစ်လဲ။
ဖြေ။ ။ကိုယ့်အပြစ်ပါဘုရား။
မေး။ ။ကဲ–ဒါဖြင့် ကျွေးကြ၊ မွေးကြတယ်ဆိုရင်လဲ အားလုံးကို ကျွေးမယ်၊ သူတို့က သဘောမကျရင် ဘယ့်နှယ်လဲဗျ။
ဖြေ။ ။ဒါ ချက်တဲ့လူ အပြစ်ပါဘုရား။
မေး။ ။အေး–ကိုယ်က သဘောကျအောင် လုပ်တာပဲ၊ သူတို့သဘောမကျလျှင် ဒါဟာ ကိုယ်လိုနေတာပေါ့ဗျ၊ မဟုတ်လား။
ဖြေ။ ။ကိုယ်လိုတာပါဘုရား။
မေး။ ။အဲဒါ အဟုတ် ဟုတ်တာဗျ၊ ဟုတ်ကဲ့လား။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အဲဒီလို ကိုယ်လိုတာ ကြိုသိပြီးနောက် သည့်ထက်ကောင်းအောင်၊ သူတို့ စိတ်တိုင်းကျဖြစ်အောင် လုပ်တယ်။ ဒါပေမယ့် စိတ်တိုင်းကျ မဖြစ်ရင် ကိုယ်ညံ့လို့ပဲလို့ မှတ်ရမယ်။ အဲဒီလို တောင်းတောင်းပန်ပန်နဲ့ လုပ်ရမယ်ဗျ၊ အဲဒီလိုလုပ်ရင် နောက်တော့ အကုန်လုံး သဘောကျအောင် ဖြစ်မသွားပေဘူးလား။
ဖြေ။ ။ဖြစ်သွားမှာပဲဘုရား။

အဲဒီလိုဖြစ်သွားရင် ဘုရားရှင်အလိုတော်ကျတာပဲဗျ။ အဲဒါ အမြဲကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ဟာ အများသဘောကျချည်းပဲ။ အဲဒီလို ဆောင်ရမှာပါတဲ့ဗျ။ သို့သော်လည်း ဘုရားဆုံးမတာကို နားလည်မယ်။ နားလည်ပြီးတော့ အဲဒီလိုပြုရမှာ၊ ရမ်းပြီးတော့ လုပ်ရင် လုပ်လေလေ၊ နေရာမကျလေလေ ဖြစ်လိမ့်မယ်ထင်တယ်။ (တင်ပါ့ဘုရား။)

ရှေးအရှင်ကောင်းတွေကတော့ သည်လိုသွားတာဗျ။ သည်တော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမကို ရထားပြီးသည်အတိုင်း လိုက်နာကြတာပဲ။ လိုက်နာနေတဲ့ အခါမှာ တော်တော်ကြာ ကိုယ်က အကောင်းလုပ်ပေမယ့် တခါတလေ ဘုရားဆုံးမတာနဲ့ မညီညွတ်တာ ဖြစ်ချင်ဖြစ်သွားမယ်။ အဲဒီလို ဖြစ်သွားတော့ မေတ္တာရှင်၊ ကရုဏာရှင်တွေက သည်လို နေရာကျမဖြစ်တာကလေးတွေကို မြင်လျှင် ယခုလို မဟုတ်ဘူးလို့ သတိပေးရမှာလား။ အဲဒီလို သတိပေးရင်လဲ ကိုယ်က အကောင်းချည်း ထင်နေတော့ ကောင်းအောင်ပြောတာကို ဘယ့်နှယ်

မတဲ့မှာလား၊ ကျေးဇူးတင်ရမှာလား။

ဖြေ။ ။ကျေးဇူးတင်ရမှာပါဘုရား။

မေး။ ။ရှေးအရှင်တွေက အဲဒီလိုပါဗျ ဒကာကြီး။ အကောင်းလုပ်တာပဲဗျ။ လုပ်ပေမယ့် ချွတ်ယွင်းတာကို မြင်လို့၊ တစ်ဦးဦးကပြောရင် ဘယ့်နှယ်လဲ။

ဖြေ။ ။သူ့ပြန် ကျေးဇူးတင်ရမှာပါဘုရား။

မေး။ ။ယခုနဟာတွေကို မသိရင် ဘယ်နှယ့်လဲ။

ဖြေ။ ။ငါက ကောင်းအောင် လုပ်ထားတာ၊ သူက လာကဲ့ရဲ့ပြန်ပြီလို့ တတောင်နဲ့ တွက်မိမလား၊ ဆဲမိမလား မသိပါဘုရား။

## ရှင်သာရိပုတ္တရာနဲ့ ကိုရင်ကလေး

ရှေးအရှင်တွေကတော့ ယခုနလိုတဲ့ဗျ။ လောကမှာ အသာဆုံးပေါ့ဗျာ။ ဘုရားရှင်ဆိုတာ အတုအတူ မရှိဘူးဗျ။ သည်တော့ ဘုရားရှင် သာဝကထဲမှာလဲ ဘယ်သင်းလဲဆိုရင် ရှင်သာရိပုတ္တရာဟာ တပည့်သာဝကထဲမှာ အားလုံးတို့အနေမှာ သူ့အသာဆုံး မဟုတ်လား။ နေရာတိုင်းမှာ အသာဆုံးမဟုတ်လား။ ပြီးတော့ တို့ဘုရားရှင်မှတပါး သည်အရှင်ထက်သာတာ ရှိသေးသလား။

ဖြေ။ ။လူ့ခွင် နတ်ခွင် တလောကလုံးမှာ သည်အရှင်ထက်သာတာ မရှိပါဘူးဘုရား။

မေး။ ။ဘုရားဟောတာတွေမှာလဲ သည်အရှင်လောက်သိတာ ရှိသေးသလား။

ဖြေ။ ။မရှိပါဘုရား။

မေး။ ။ဝီရိယအရာမှာကော။

ဖြေ။ ။ဝီရိယမှာလဲ မရှိပါဘုရား။

မေး။ ။ပြည့်စုံပြီးမြောက်မှုကောဗျာ။

ဖြေ။ ။ပြည့်စုံပြီးမြောက်မှုတွေမှာလဲ ရှင်သာရိပုတ္တရာက ထိပ်ပါဘုရား။

အကုန်လုံး အသာချည်းပါပဲ။ သို့ပေမယ့် တစ်နေ့သဌမှာ အရှင်မြတ်သည် အကုန်လုံးသော ရှက်ဆောင်စရာ ကိစ္စများ ရှက်ဆောင်ပြီး အကြောင်းညီညွတ်တဲ့ အခါကျတော့ ရပ်တုန်း၊ နားတုန်းမှာ သင်္ကန်းက နည်းနည်းတွဲကျနေတယ်တဲ့။ သည်လို တွဲကျနေတဲ့ဟာကို ရှင်သာမဏေလေးက မြင်တော့–

"အရှင်ဘုရား သာရိပုတ္တရာ၊ သင်္ကန်းနည်းနည်း တွဲကျနေပါတယ်"လို့

လျှောက်တော့၊ သူ့မှာ သဘောကျလွန်းလို့တဲ့ဗျ။ အခုလို လျှောက်တဲ့အခါ ကျတော့ ချက်ချင်းပြင်တဲ့ပြီး ဘုရားအလိုတော်ကျ ပရိမဏ္ဍလ ဝတ်လဲပြီးတော့မှ ပြန်ပြီးတော့–

'ဆရာကလေး သာမဏေ၊ အခုလိုဆိုရင် တော်လောက်ပြီလား' လို့ မေးသတဲ့ဗျ။ ဘုရားဆုံးမတာက ရှိတယ်မဟုတ်လား။ အဲဒါနဲ့ ကိုက်အောင် ညီအောင်ဝတ်တဲ့ပြီး 'ငါ့ရှင်သာမဏေ၊ အခုဆိုရင် တော်လောက်ပြီလား' လို့ မေးသတဲ့ဗျ။ နောက် ကျေးဇူးတင်လွန်းလို့ ကျေးဇူးတင်စကား ပြောတယ်တဲ့ဗျ။ ဒါကြောင့်မို့ သည်ကျေးဇူးကို ချီးကျူးလို့ မကုန်နိုင်ဘူးတဲ့ဗျ။ ဘာကြောင့်လဲဆိုရင် သာမဏေကလေးဟာ သူ့အပြော ပြောကာမဟုတ်ဘဲ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ ပရိမဏ္ဍလဝတ်ကို ပြောတော့တာဟာ ဘုရားရှင်ရဲ့ ကိုယ်စား မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အေး–အဲဒါလို ပြောတာကို ချမ်းသာလွန်းလို့ ကျေးဇူးတင်လွန်းလို့တဲ့ဗျ။ သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမအတိုင်းပြောတော့ အခုလို အဟုတ်ကို ကျေးဇူးများပြီး အဟုတ်ကို ကျေးဇူးတင်တော့ နောက်တခါ ဒီလိုမြင်ရင် အဟုတ် မပြောချင်ဘူးလား။ (ပြောချင်ပါတယ်ဘုရား။)

အေးဗျ၊ တကြည့်ထဲ ကြည့်နေမှာဗျ။ သည်လို မဟုတ်ဘဲ ဘုရားဆုံးမတဲ့ အဆုံးအမနှင့် မညီတဲ့အခါမှာ သည်လိုပါလို့ မေတ္တာနဲ့ ပြောတဲ့အခါမှာ 'မသိလို့မို့ဟာ ကို၊ သူက ငါ့သည်လို ပြောရမလား' ဆိုရင်၊ ဘယ့်နှယ်လဲ အစီးအပွား များပါဦးမလား။

ဖြေ။ ။အစီးအပွား မရှိနိုင်ပါဘုရား။

မေး။ ။နောက်ကော သည်အရှင်က ဘယ့်နှယ်လဲ။ ဘုရားဆုံးမတာကို တည်ဖို့ရာ သည်လိုစိတ် ဖြစ်ပါ့မလား။

ဖြေ။ ။မဖြစ်ပါဘုရား။

အဲသည်လို ဖြစ်ကုန်တာဗျ၊ ဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကို မှတ်လဲမှတ်၊ ပြီးတော့ ပြုလဲပြု၊ ပြုတဲ့နောက် အခုနပြောတဲ့ဟာတွေလည်း အားလုံးတို့ဟာ မချွတ်ချော် မတိမ်းပါးပဲ နေမှာမဟုတ်ဘူး။ လျော့တာ၊ ပေါ့တာက အမှန်ဗျ။ (တင်ပါ့ဘုရား။)

မေး။ ။အဲသည်လိုဆိုတော့ မေတ္တာတည်းဟူသော မိုးရွာပြီးသကာလ ပြောကြ

ပါ၊ ဆိုကြပါ၊ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အဲသည်လို တဖိတ်တည်း ဖိတ်ထားတော့မှ အခုနလို ပြောကြပြီဆိုတော့ အင်မတန် ဝမ်းမြောက်ရပါတယ်ဗျ။ ကျေးဇူးတင်ရတယ်ဗျ။ အခုလဲပဲ အားလုံးတို့ဟာ သည်လိုကိုပဲ စိတ်ဖြစ်စေပြီး နေကြမယ်ဆိုရင် တောင့်တတဲ့ အတိုင်းဟာ မပြီးလွယ်ဘူးလားဗျာ။

ဖြေ။ ။ပြီးလွယ်ပါတယ်ဘုရား။

မေး။ ။တကယ်လို့ ဝီရိယနဲ့ ထူထောင်နေရာမှ မတော်တဆ ထိနမိဒ္ဓ မနိုင် သေးခင် လဲတဲ့၊ ယိုင်တဲ့လူရှိရင် ဘေးနားက မထူချင်ဘူးလား။

ဖြေ။ ။ထူချင်ပါတယ်ဘုရား။

မေး။ ။ထူချင်ရင် အဟုတ်ထူမှာဗျ၊ အဟုတ်စီးပွားများချင်တာကိုးဗျ။ သူက ဒီလိုထူတာကို စိတ်တိုပြီး ပြန်ပြောမယ်ဆိုရင် နောက်ဒီလို အကူအညီ ရပါအုံးမလား။

ဖြေ။ ။နောက်ဒီလို အကူအညီ မရနိုင်ပါဘုရား။

**မိဘမေတ္တာ လူတိုင်းအပေါ်မှာ**

အဲဒါ အခုပြောတဲ့ ဘုရားအဆုံးအမလဲ သိတယ်။ သိပြီးတော့ မေတ္တာတွေကလည်း ထပ်တူညီမျှ ချမ်းသာသချင်ပြီး သွားထူတာတဲ့ဗျ။ ဒါကြောင့်မို့ သူတကာများက ဘယ်က စ,သလဲဆိုရင် 'မေတ္တာ စိတ္တံ ပုရက္ခတွာ–မေတ္တာ စိတ်ရှေ့ထား၍' တဲ့ဗျ။ ကိုယ့်မှာ ချမ်းသာသုခ ရတယ်။ သည်လို ချမ်းသာသုခ ထပ်တူညီမျှရအောင် သည်လိုဆောင်ကြတာဗျ။ အကုန်လုံးချည်း ချမ်းသာအောင် သည်လိုဆန္ဒတွေနဲ့ သည်လို ဆောင်ကြတာဗျ။ မေတ္တာထားရင်ဖြင့် အကုန်လုံး အကောင်းချည်းပဲ ဖြစ်ကုန်တာဗျ။ သည်ဟာ မရှိဘဲ ကင်းနေပြီဆိုမှဖြင့် အကောင်း ပြုပေမယ့် အကောင်းထင်သေးသလား။

ဖြေ။ ။ အကောင်းကို အကောင်း မထင်တော့ပါဘုရား။

ဒါကြောင့်မို့ မေတ္တာဟာ သည်လိုနေရာကျတာဗျ။ မေတ္တာနဲ့ ကိုယ့်ဆီမှာ လာဖြစ်တဲ့ သားသမီးဆိုရင် ကိုယ့်သား ကိုယ့်သမီးဆိုပြီး ချစ်တယ်၊ ခင်တယ်။

ဖြေ။ ။ချစ်ပါတယ်ဘုရား။

မေး။ ။သူတို့က ဘာမျှ နားမလည်ဘူးမဟုတ်လား။
ဖြေ။ ။နားမလည်ပါဘုရား။
မေး။ ။နားမလည်တော့ ဘာမှ မသိပေါင်ဗျာ။ မိဘက ရင်ခွင်မှာ မြင့်မြတ်တဲ့ နေရာမှာ မြင့်မြတ်တဲ့ အဝတ်အစားနဲ့ ကြိုင်လှိုင်အောင် ထားတယ်။ သူတို့က ဘာတွေ ယိုစီးသလဲဗျ။
ဖြေ။ ။သူတို့က အပေါ့ရော၊ အလေးပါ ယိုစီးပါတယ်ဘုရား။
မေး။ ။နှစ်သက်ဖွယ်တွေလားဗျာ။
ဖြေ။ ။မနှစ်သက်ဖွယ်တွေပါဘုရား။
မေး။ ။မနှစ်သက်ဖွယ်တွေကိုတော့ ကိုယ့်သား ကိုယ့်သမီးပဲဆိုပြီး စိတ်ထဲက ချစ်ကြည်လေးစားနေတော့ အင်မတန် မေတ္တာတွေနဲ့နေတဲ့ မိဘတွေက စိတ်ဆိုးသလားဗျာ။
ဖြေ။ ။စိတ်မဆိုးပါဘုရား၊ ဝမ်းတောင် သာပါသေးတယ်။
မေး။ ။ဘယ်လိုလဲဗျ။
ဖြေ။ ။အမယ်ဟယ်၊ ဆီးမှန် ဝမ်းမှန် ကျန်းမာတဲ့ ကလေးပဲလို့ ဝမ်းမြောက် ဝမ်းသာဖြစ်ကြရပါတယ်ဘုရား။
မေး။ ။ကိုယ့်သား ကိုယ့်သမီး မဟုတ်ဘဲ မတည့်တဲ့လူက အဲသည်လိုလုပ်ရင် ကောဗျာ။
ဖြေ။ ။တကတဲ ထပြီး၊ ရိုက်မိ ဆဲမိ လုပ်မှာပါဘုရား။

အေး– အဲဒါ မေတ္တာမရှိတာဗျ၊ အေး၊ မေတ္တာများ အင်မတန် ကောင်းပါ့ဗျာ။ ဒါကြောင့် ဘုရားဆိုဆုံးမတဲ့ အဆုံးအမတွေကိုသာလျှင် လုံ့လဝီရိယနဲ့ ထူထောင်၊ ထူထောင်ပြီဆိုရင် ချမ်းသာသုခ ဆိုက်လာလိမ့်မယ်။ ဆိုက်လာတဲ့အခါကျတော့ ဘယ်လိုဖြစ်မလဲဆိုရင် အားလုံးတို့ဟာ သံသရာ တစ်ခွင်မှာ ကျင်လည်ရတာ ဆင်းရဲတာကို သိတယ်။ ချမ်းသာသုခ ဆိုက်လာတဲ့ အခါကျတော့ သည်ဆင်းရဲက လွတ်ပြီလို့ဆိုတာ ရိပ်မိတယ်။ ရိပ်မိတော့ အားလုံးတို့ကို ကိုယ့်လို ထပ်တူညီမျှ ရသမျှ ရသချင်တယ်။ ရှေးက သူတော်ကောင်းတွေဟာ ဆိုက်လာပြီဆိုမှဖြင့် အားလုံးတို့ကို သူတို့လို ထပ်တူညီမျှ ဖြစ်သွားပါသတဲ့ဗျာ။ (တင်ပါ့ဘုရား။)

အခုလဲပဲ အဲသည်လိုချည်းပဲ ထပ်တူညီမျှ ရသချင်တော့တာပဲတဲ့ဗျ။

ရှေးက ဘယ်သူတုံးဗျ၊ ဟိုဒကာမကြီးဟာ ပုထုဇဉ် လေ့ဆိုပြီး အလကားနေရင်း မ,တဲ့ ပြီးတော့ ဟိုမှာ ထောက်ပတ်ပူတွေနဲ့ သေရောဟဲ့ဆိုပြီး အသေလောင်းတဲ့ ဒကာမကြီးဟာလေ။

ဖြေ။ ။လောင်းတာက သီရိမာ၊ အလောင်းခံရတာက ဥတ္တရာပါဘုရား။

သီရိမာဗျ။ အဲဒါ သက်သက်မဲ့ဗျ။ သူက ဘာတုန်းဆိုတော့ သူဌေး ရဲ့စည်းစိမ် ဥစ္စာတွေနဲ့တကွ အကုန်လုံး အပ်နှင်းပြီးတော့ များများကြီး ပေးထားလိုက်တာဗျ။ (တင်ပါ့ဘုရား။)

## သီရိမာနှင့် သူဌေးသမီး ဥတ္တရာ

ဒါကို သူက ငြူစူပြီးတော့ တကတဲပါမှပဲ မ,တဲ့ပြီးတော့ သူက အသေလုပ်တာတဲ့ဗျ။ သည်တော့ ဟိုက ဘုရားအမှူးရှိတဲ့ သံဃာတော်တို့ကို သီလဣ တည်ပြီးတော့ လုပ်ကျွေးပူဇော်ပြီး နေတာဟာ ဘယ်လိုလဲဆိုရင် ဘုရားရှင်ကို ကြည်ညိုလို့ ဘုရားရှင်နဲ့တကွ သံဃာတော်များကို အမျိုးမျိုး အဖြာဖြာ လျှောက်ပတ်တာတွေကို စီမံပြီး နေလိုက်တာဟာ အအားမထား ဘူးတဲ့ဗျ။ ပြီးတော့ စိတ်တွေကလဲ အခု ဒကာကြီးများ ဒကာမကြီးများ ထားသလိုနေတာတဲ့ဗျ။ အကုန်လုံး သွက်လက် ဖျတ်လတ်နေတာဖြစ်တော့ သူ့ကို တခါတည်း တကြိမ်တည်းနဲ့ သေအောင်လုပ်ဖို့ ယူလာတာလဲ သိတာပဲဗျ၊ သူ့စိတ်မှာ ဖြစ်တာကိုလဲ သိတာပဲဗျ။ သိပေမယ့် သူက ဘယ်လိုအောက်မေ့သလဲဆိုရင်–

'အခု မိမိ သီတင်းသီလဆောက်တည်ပြီး ဘုရားရှင်အမှူးရှိတဲ့ သံဃာ တွေကို ငါကြည်ညိုချင်သလို ကြည်ညိုဖို့၊ ပူဇော်ချင်သလို ပူဇော်ဖို့ အခွင့်ရတာဟာ အခု ငါ့ ညီမဖြစ်တဲ့ သီရိမာရဲ့ ကျေးဇူးတွေ အင်မတန်ကြီးတယ်၊ ဘယ်လို ကြီးပါသလဲဆိုရင် သီရိမာရဲ့ ကျေးဇူးဟာ မြင်းမိုရ်တောင်နဲ့ သီရိမာရဲ့ ကျေးဇူးနဲ့ နှိုင်းစာကြည့်ရင် မြင်းမိုရ်တောင်က သေးပါ ငယ်ပါသေးတယ်။ ငါ့ညီမ သီရိမာရဲ့ ကျေးဇူးဟာ အင်မတန်ကြီးပါတယ်'လို့ သူက အဲသည်လို ကျေးဇူးတင်ပြီးတော့ မေတ္တာတွေနဲ့ကိုးဗျ။

'အခု ငါ့လောင်းမလို့လာတာ၊ သူ ဘယ်လိုပြုပြု ငါဘယ်လိုမှ ပြန်မပြုဘူး။ ကျေးဇူးရှင်ဖြစ်တယ်'လို့ ကျေးဇူးတင်ပြီးတော့ အဲဒီလို နေလိုက် တာတဲ့ဗျ။ သည်လိုမေတ္တာနဲ့ နေလိုက်တဲ့အခါကျတော့ သူ့မှာ ဘယ့်နှယ်မှ

မရှိဘူးတဲ့ဗျ။ ထောပတ်ပူနဲ့ သေအောင် လောင်းလိုက်တာဟာ ဘယ်လိုလဲ ဆိုတော့ အင်မတန် အေးမြတဲ့ စန္ဒကူးနဲ့ လောင်းလိုက်သလို ချမ်းသာသွား လိုက်တာတဲ့ဗျ။ သည်လို ဖြစ်တာတဲ့ဗျ။

သည်ကျတော့မှ 'ငါက မတဲ့ဘဲ တခါတည်းသေအောင် လောင်းလိုက်တာ သူ့မှာ ဘယ်နှယ့်မျှမရှိဘူး။ ငါက ယူတာက နေးနေလို့ ထင်ပါရဲ့'ဆိုပြီး သူက ထပ်လုပ်ပြန်တာတဲ့ဗျ။ ပထမ တခါတုန်းကတော့ ကျေးကျွန်တွေက မမြင်ဘူးတဲ့ဗျ။ နောက်တခါလုပ်တော့ ကျေးကျွန်တွေကမြင်ပြီး 'ဟဲ့ အယုတ်မ' ဆိုပြီး အတင်း ရိုက်ကြတာပဲတဲ့ဗျ။

**ကတညုတ ကတဝေဒီ**

ဒီတခါကျတော့ သူက သူ့မေတ္တာရှင် ကရုဏာရှင်ကိုပဲ မြင်တော့မှ တခါတည်း သွက်လက်ဖျတ်လတ်ပြီး ပြောလဲပြော ဆိုလဲဆိုနဲ့ ဟဲ့ဟဲ့ဆိုပေမယ့် မရဘူးတဲ့ဗျ။ ဟိုက အကုန် လုပ်ကုန်တာပဲတဲ့။ သည်တော့မှ သူက–

'မဟုတ်ဘူး။ ဒါ ငါ့ ကျေးဇူးရှင်၊ ငါ့ညီမကို ဒီလိုမပြုကြနဲ့'ဆိုပြီး ဟိုမှာ နည်းနည်းကလေး ထိခိုက်သွားတာကို အဟုတ်ကို ယုယုယယနှင့် ဆုပ်နယ် လုပ်ပေးတာတဲ့ဗျ။ အဲဒီလို လုပ်ပေးပြီးတော့မှ ဟိုက သူ့ဟာသူ စိတ်ထဲမှာ အမှန်ကို ရတာတဲ့ဗျ။ အဲဒါ မေတ္တာဗျ။ သည်ကျတော့မှ နေရာ မကျတဲ့ အဖြစ်မျိုးကနေပြီး အမှန်ကို ရတာတဲ့ဗျ။ သည်တော့မှ–

'မဖြစ်ဘူး၊ ဤကဲ့သို့ မြင့်မြတ်တဲ့ အရှင်မကို ဤကဲ့သို့ ငါပြုမိတယ်။ ငါ့ အပြစ်အားလျော့စွာ သည်အတိုင်းတိုင်း လုပ်နေမယ်ဆိုရင် ငါ့ ဦးခေါင်းဟာ အစိတ်စိတ်အမွှာမွှာသာလျှင် ကွဲစရာရှိတယ်။ သည်တော့ အပြစ်အလျော့က် တောင်းပန်မှ တော်မယ်'ဆိုပြီးတော့ တောင်းပန်တာဗျ။ တောင်းပန်တော့ ကြီးလိုက်တဲ့ မေတ္တာဗျ။ သူ့မှာ ဘယ်နှယ့်မှလဲ စိတ်ဆိုးတာမဟုတ်ဘူး။ သူက မေတ္တာများပြီး ကျေးဇူးတင်လိုက်သေးတယ်။ သူက သည်လောက်တင် မကဘူး၊ သူ့လို ထပ်တူထပ်မျှ ဖြစ်ချင်သေးတယ်ဗျ။ ဖြစ်သချင်တော့ သူက အခုနလို တောင်းပန်တဲ့အခါမှာ သာသာကလေး အေးအေးနေမယ်ဆိုရင် ဖြစ်တယ်မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား။)

သို့သော်လဲ သူ့မှာ သည်လိုဆိုရင် အေးမှာမဟုတ်ဘူး။ သည်တော့ အေးရာအေးကြောင်းဖြစ်အောင် ဘယ်လိုပြောရသလဲဆိုရင်–

'သူ့မှာ အဖရှိတယ်၊ ဤကဲ့သို့ ဖြစ်လို့ အဖကို တောင်းပန်ပါ'လို့ ပြောသတဲ့ဗျ။ အဖဆိုတာ ဘယ်ဟာကို ပြောတာလဲဆိုရင် အခုန သံသရာ တစ်လျှောက်လုံးအတွက် ချမ်းသာအောင် ချီးမြှောက်ပါတဲ့၊ မွေးမြူပါတဲ့ အဖဟာ ဘယ်သူလဲဆိုတော့ ဘုရားရှင်ကို သူက အဖလို့ ပြောတာဗျ။

အဲသည်လို ပြောတဲ့အခါကျတော့ သိရိမာက 'သူ့မှာ ဘုရားရှင်နဲ့လဲ အကျွမ်းမဝင်ဘူး၊ အမြင့်အမြတ် ပူဇော်စရာကလဲ ဘုရားရှင်နဲ့ ထိုက်ထိုက် တန်တန် သူ့မှာ စီမံထားတာ မရှိဘူး'လို့ ပြောတော့၊ အေး–ကိစ္စမရှိဘူး၊ နက်ဖြန်ခါ သင်စွမ်းနိုင်တာသာ ယူခဲ့ပါ။ သည်အတိုင်းတိုင်း လာခဲ့ပါ။ ဘုရားရှင်ကို ပူဇော်ဖို့ ထိုက်ထိုက်တန်တန်တွေ ဘာမှ အကြွင်းအကျန်မရှိအောင် သူစီမံထားတာရှိတယ်။ အဲဒါနဲ့ ပူဇော်ပါ'လို့ ပြောသတဲ့ဗျ။

သည်တော့ အခုနပြောတဲ့အတိုင်း လာတာဗျ။ လာပြီးတော့မှ ဘုရား ရှင်ကို ကန်တော့စေတာဗျ။ သည်တော့ ဘုရားရှင်က အမှန်ကို ညွှန်ကြားဆုံးမတဲ့ အခါကျတော့ကို ဘယ်နှယ့်တုံးဗျ။ သူ့မှာ ပုထုဇဉ်အနွယ်က ဖြတ်ပြီးတော့ အရိယာဘုံသား ဖြစ်တယ်ဗျ။ ကြီးလိုက်တဲ့ မေတ္တာဗျ။ အဲသည်လို မေတ္တာ နေရာကျပြီဆိုတော့ ကိုယ့်ကို သေသေချာချာ သတ်တဲ့ဟာကို သူက သနား ပြီးတော့ ကျေးဇူးတင်နေတာ၊ အတည့်တွေ မြင်နေတာဗျ။ ကတည့တ ကတဝေဒီတဲ့။ အဲသည်လို မြင်ပြီးတော့မှ ထပ်တူညီမျှ ချမ်းသာသုခရအောင် ဆောင်ပေးလိုက်သတဲ့ဗျ။ (တင်ပါ့ဘုရား။)

## အဟုတ်လုပ်တော့ အဟုတ်သိ

အခုလဲပဲ ဘယ်လိုတုန်းဆိုတော့ သည်လိုသာ ဝီရိယထူထောင်ပြီးတော့ သည်လို ဖြည့်ကြမယ်ဆိုရင် အချိန်တစ်ခုနဲ့တစ်ခု မတူအောင် မြင့်မြတ် ကြလိမ့်မယ်ဗျ။ မြင့်မြတ်တာ ဘယ်လိုပါလဲဆိုရင် ဒကာကြီး သည်လိုလုပ်ဆောင် နေတာကို အားလုံးသော ဒကာကြီး၊ ဒကာမကြီးတွေက မြင်လိမ့်မယ်။ ဒကာကြီးကလဲ ဘုရားဆုံးမတဲ့ အဆုံးအမကို သေသေချာချာကို ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ လိုက်နာ။ အဲသည်လို လိုက်နာရင် မြင်တဲ့လူရှိတယ်။ မြင်တော့ ဒကာကြီးကို သည်အတိုင်း ပစ်ထားလို့ မတော်ဘူးဆိုပြီး သေသေ ချာချာကို ချမ်းသာအောင် ပြုကြလိမ့်မယ်။ ကိုယ်ရော၊ နှုတ်ရော သဘော ကျတွေဗျ။ သူတို့မှာ မြင့်မြင့်မြတ်မြတ် စားစရာတွေ ရှိတယ်ဆိုရင် သူတို့

မစားဘဲ ဒကာကြီးကို ပေးချင်လိမ့်မယ်။ အပေးဘက်ကို ပေးချင်မှာဗျ။ ကိုယ်ကလဲ အဟုတ်လုပ်မှနော်၊ အဟုတ်သာလုပ်။ အဲသည်လို ဖြစ်လိမ့်မယ်။ ကိုယ်ကရောဆိုရင် သည့်ပြင် ဒကာကြီး၊ ဒကာမကြီးတွေ လုပ်နေတာကို မြင်လျှင် ဒကာကြီးမှာ မြင့်မြင့်မြတ်မြတ် ထိုက်ထိုက်တန်တန် ပါလိမ့်မယ်။ ဒါကို ကိုယ်က မစားချင်ဘဲ ကိုယ့်သီတင်းသုံးဖော်တွေကို စားသချင်၊ ကျွေးသချင် ဖြစ်လိမ့်မယ်။ ဒါ ဟန်လုပ်တာမဟုတ်ဘူး။ အဟုတ်ဖြစ်မှာဗျ။ အဟုတ်ပြုတော့ အဟုတ်သိမှာဗျ။ ဒါပေမယ့် တို့တတွေ အဲသည်လို ဖြစ်လိမ့်မယ် မထင်ဘူးလို့ သည်လိုအောက်မေ့ရင် အောက်မေ့လိမ့်မယ်။ ဘယ့်နှယ်လဲဗျ။ (သည်လိုအောက်မေ့ဖို့ မသင့်ပါဘုရား။)

မ,သင့်ပေတဲ့ တခါတခါ အောက်မေ့ချင် အောက်မေ့မှာဗျ။ သူ့မှာတော့ ပါရမီရှိလို့ဖြစ်တယ်။ တို့မှာတော့ ပါရမီ မရှိဘူးလို့ အောက်မေ့လိမ့်မယ်၊ မဟုတ်ဘူး။ သည်အတိုင်းသာ ရှက်ဆောင်သွား၊ သူ့အချိန်ကျရင် ဖြစ်မှာဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။ အခုန သီရိမာတောင်မှ အင်မတန်ဆိုးသွမ်းတဲ့ ဒကာမတောင်မှ အရိယာနွယ်ဝင် ဖြစ်သေးတာ။ တပည့်တော်တို့ သည်လောက် မဆိုးသေးပါဘူးဘုရား။

မေး။ ။ဒါကြောင့် အခုဟာတွေ ဘာလဲဆိုရင် အချိန်အခါဘဝ မြင့်မြတ်ကြတယ်။ မြင့်မြတ်တာကို သိပြီးတော့ ဤကဲ့သို့ ထူထောင်သွားကြမယ်ဆိုရင် သည်လိုဖြစ်မယ်၊ ဟုတ်ကဲ့လားဗျ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

**အင်္ဂုလိမာလတောင်မှ ခဏကလေး**

သူတို့က ဖြစ်နိုင်လိမ့်မယ် ပေါင်းရှုံး ပြောပြော၊ ဘာပဲဖြစ်ဖြစ် ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာပြီး စိတ်က အာရုံပြုရင် ဖြစ်တာပဲ။ သည်ထက် ဆိုးတာတွေလဲ ရှိတယ်။ ဆိုးတာပေါ့ဗျ။ အင်္ဂုလိမာလဆိုတာ သူက ဘာတွေ လုပ်သလဲဗျ။

ဖြေ။ ။လူတွေကို လျှောက်သတ်တာပဲဘုရား။

သို့သော်လဲ သူက မြင့်မြတ်တော့ မြင့်မြတ်တယ်။ သူ့ဆရာက နေရာမကျအောင် လုပ်တာနဲ့ သည်လို လျှောက်ဖြစ်နေတာဗျ။ ဟိုက လုပ်တာကို

သူက မသိဘူး။ ဘာကြောင့် လုပ်တယ်ဆိုတာလဲ သူမသိဘူး။ သူကတော့ ဆရာကို ရိုသေလေးစားပြီး ဆရာအလိုရှိတဲ့ဟာကို ရအောင်လုပ်တာပဲဗျ။ ဒါပေမယ့် နောက်ကျတော့ ဘယ်နှယ့်လဲ၊ ဘုရားရှင်နဲ့ တွေ့ပြီဆိုတော့ ခဏကလေးတွေ့တာ ဘယ့်နှယ်လဲ။

ဖြေ။ ။ခဏကလေးတွေ့ပြီး ခဏလေးနဲ့ပဲ အရိယာအဖြစ် ကူးသွားပါတယ် ဘုရား။

မေး။ ။စိတ်ကို အဲသည်လို ဆောက်တည်တာပဲ မဟုတ်လား။ အဲသည်လို ဆောက်တည်တော့ ခဏကလေးနဲ့ သည်လို ပြီးတယ်မဟုတ်လား။

ဖြေ။ ။ခဏကလေးနဲ့ အရိယာနွယ်ဝင် ဖြစ်သွားပါတယ်ဘုရား။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးတွေက ကိုယ့်ကိုကိုယ် နေရာမကျဘူးလို့ တခါတခါ တွေးနေကြတယ်မဟုတ်လား။

ဖြေ။ ။ တွေးနေပေမယ့် တစ်နေ့နေ့တော့ သောတာပန် ဖြစ်လိမ့်မယ်လို့ ထင်နေပါတယ်ဘုရား။

မေး။ ။အခုမဟုတ်သေးဘူးလား။

ဖြေ။ ။အခုတော့ လုပ်ဖို့ ကြံနေပါပြီဘုရား။

မေး။ ။သူ့ဟာက ကြံကြံမနေနဲ့၊ မြန်မြန်လုပ်ဗျ၊ ဘုရားက ဘယ့်နှယ် ဟောသလဲ၊ ဖြည်းဖြည်းလုပ်လို့ ဟောသလား။

ဖြေ။ ။ဖြည်းဖြည်းမဟုတ်ပါ။ အခုလုပ်ဖို့ ဟောပါတယ်ဘုရား။

မေး။ ။အေး-'အဇ္ဇေဝကိစ္စ မာတပ္ပံ'ဆိုတာဟာ နေ့နေ့လုပ်ဖို့ ဆုံးမတာလား။

ဖြေ။ ။မဟုတ်ပါဘူးဘုရား။

မေး။ ။အေး-ဒါကြောင့်မို့ **ဝီရိယနည်းနည်းနဲ့ နှေးနှေးဆိုတာမျိုးက ဘယ်ဟာမှ မကောင်းဘူးဗျ။ သွက်လက်ဖျတ်လတ်ပြီး ဝီရိယရှိတာဟာ အကောင်းဆုံးပဲ။**

မေး။ ။နှေးတယ်ဆိုတာ ဝီရိယနည်းတာပါဘုရား။

နှေးနှေးလုပ်ရင် အကျိုးပေးတော့လဲ နှေးနှေးချည်းပဲ အကျိုးပေးတယ်ဗျ။ ဥပမာ-ကုသိုလ်တစ်ခုပြုတယ်၊ နှေးနှေးနဲ့ ဖြည်းဖြည်းလုပ်ရင် နှေးနှေးနဲ့ ဖြည်းဖြည်း အကျိုးပေးမှာပဲ။

**ခုထိ ငါ နေရာမကျသေး**

ဥပမာ–ရှင်ဘုရင်လုပ်ရမယ် ဆိုပါတော့၊ ရှင်ဘုရင်ကတော့ ဖြစ်မှာပဲ။ ရှင်ဘုရင်ဖြစ်ဖို့ရာ လူ့ဘဝကို ရောက်လာပြီး၊ ဒါပေမယ့် ရှင်ဘုရင်မဖြစ်ခင် မင်းသားလုပ်နေတာက အနှစ် ၈၀၊ ၉၀ လောက် လုပ်နေရမှာ ထင်ပါရဲ့။

ဖြေ။ ။မှန်ပါတယ်ဘုရား။ သေခါနီးကျမှ ရှင်ဘုရင်ဖြစ်မှာပါဘုရား။

မေး။ ။သည်တော့ ရှင်ဘုရင်ဖြစ်ဖို့ရာ မင်းသား မင်းသမီးအဖြစ် အကြာကြီး လုပ်နေရတာနဲ့ အခုချက်ချင်း ရှင်ဘုရင်ဖြစ်ရတာဟာ ဘယ်ဒင်းက ကောင်းသလဲဗျ။

ဖြေ။ ။အခုချက်ချင်း ရှင်ဘုရင်ဖြစ်ရတာက ကောင်းပါတယ်ဘုရား။

မေး။ ။ဒါဖြင့် အခုနတုန်းက ဘာကြောင့် နှေးနှေးလို့ ပြောရသလဲ။

ဖြေ။ ။သည်လိုဆိုရင် အခုက စပြီး လုပ်ပါတော့မယ်ဘုရား။

ဖြေးဖြေးလုပ်တယ်ဆိုတာဟာ ကုသိုလ်က အောင်မြင်သွားအုံးတော့ အကျိုးပေးတဲ့ နေရာမှာ နှေးနှေးကြီး အကျိုးပေးတာဗျ။ အခုလဲ ဒကာကြီးဟာ မဂ်ဖိုလ် ရရာရကြောင်းကို လုပ်တဲ့နေရာမှာ စိတ်ထားက ဖြည်းဖြည်းဆိုရင် ဖြည်းဖြည်း ဖြစ်မှာပဲ။ ဒကာကြီး ငယ်ငယ်တုန်းကသာ ဘုရားဆုံးမတဲ့အတိုင်း မေတ္တာရှင် ကရုဏာရှင်တွေရဲ့ စကားကို နားထောင်မယ်ဆိုရင် အခုလောက်ရှိ အတော် နေရာကျပြီ ထင်တယ်ဗျ။ အခု ဒကာကြီးအသက် ဘယ်လောက် ရှိပြီလဲ။

ဖြေ။ ။တပည့်တော်အသက် ၆၆–နှစ် ရှိပါပြီဘုရား။

မေး။ ။အသက် ၆၆–နှစ်ဆိုရင် သည်မြို့ပေါ်မှာ ဆရာတော်ကြီး ဖြစ်နေမှာပဲ။

ဖြေ။ ။ဆရာတော်တောင် ကြီးကြီးဖြစ်နေမှာပါဘုရား။

မေး။ ။အေး. . .ဗျ၊ ငယ်ငယ်တောင် မဟုတ်ဘူး။ ကြီးကြီးတောင် ဖြစ်နေမှာဗျ။ အခုန မေတ္တာရှင် ကရုဏာရှင်တွေက ကောင်းအောင်တော့ ပြောတယ် မဟုတ်လား။

ဖြေ။ ။ပြောပါတယ်ဘုရား။

မေး။ ။အဲဒါ နားထောင်ရဲ့လား။

ဖြေ။ ။နားမထောင်လို့ အခု သည်လိုပဲ လာဖြစ်နေရပါတယ်ဘုရား။

မေး။ ။အဲဒါ နားမထောင်တာဗျ။ အခါကောင်းတယ်။ ဘဝကောင်းတယ်ဗျ။

ပြီးတော့ မေတ္တာရှင် ကရုဏာရှင်တွေကလဲ ကောင်းကောင်းလှလှကြီးကို ဆုံးမတယ် မဟုတ်လားဗျ။

ဖြေ။ ။ဆုံးမပါတယ်ဘုရား။ သည်လို ဆုံးမတာကို နားထဲမဝင်လို့ အခုလို လူ့ဘောင်မှာ အင်မတန် ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ နေရပါတယ်ဘုရား။

## ပေါ့ပေါ့လျော့လျော့ မတော်တော့

အဲဒါဟာ ဘာကြောင့်လဲဆိုရင် ဘုရားဆုံးမတဲ့အတိုင်း မလိုက်နာလို့ဗျ။ ဒါကြောင့် အခုသည်လို ဖြစ်တာဗျ။ ငယ်ငယ်တုံးကသာ စ,မယ်ဆိုရင် အခု သူ ဆရာတော်ကြီး အကြီးဆုံး ဖြစ်နေမှာဗျ။

ဖြေ။ ။တပည့်တော်က ဟိုတုန်းကသာ ဆရာတော်ကြီး ဖြစ်လာရင် ဆရာတော်ကြီးနဲ့တောင် တင်းတိမ်မှာ မဟုတ်ပါဘူးဘုရား။ အရိယာတွေ ဘာတွေတော့ဖြစ်နေမှာပါဘုရား။

ဒါပေမယ့် ဒကာကြီးက မလုပ်ဘဲ နေတာကိုးဗျ။ အေး–ဟိုတုန်းက မလုပ်ခဲ့တာ နေပေစေ။ ဒါက နောက်တုန်းက နားမထောင်တာ နေပေစေ။ အခု နားမထောင်ရင် တခါ ဘယ်ထိအောင် သွားမှာလဲဗျ။

ဖြေ။ ။အဝီစိထိအောင် သွားမှာပါဘုရား။

မေး။ ။အရင်တုန်းက အသက်ပိုင်းက တော်တော် ကျန်သေးတာကိုးဗျ။ အခုကော အသက်ပိုင်းက တော်တော်ကျန်သေးသလား။

ဖြေ။ ။မကျန်တော့ပါဘူးဘုရား။

မေး။ ။၆၆–နှစ်ဆိုတော့ ဘယ်နည်းနဲ့မှ အကြာကြီး မနေရတော့ဘူး မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။အခုကတည်းက စပြီးတော့ ကြိုးစားပါတော့မယ်ဘုရား။

မေး။ ။ဖြည်းဖြည်းလုပ်ဦးမှာလား။

ဖြေ။ ။လုပ်ပါ့မယ်ဆိုတော့လဲ မုသားများ ပါနေမလား မသိဘူးဘုရား။ ဖြည်းဖြည်း ပဲ တက်ပါစေဦးဘုရား။ အရှင်ဘုရားကိုလဲ မလိမ်ဝံ့ဘူး ဘုရား။ ကြိုးစားပါ့မယ်လို့ အရှင်ဘုရားကို လျှောက်ထားပြီး အိမ်ကျ

မေ့နေရင်လဲ လိမ်ရာ ကျပါလိမ့်မယ်ဘုရား။

မေး။ ။အဟုတ်လုပ်ပါ့မယ်လို့ ပြောလိုက်တော့ ဘယ့်နှယ်လဲ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါက အဟုတ်လုပ်မယ်လို့ ပြောထားတာဆိုပြီး၊ အဲဒါကမှ ဆောက်တည်ရာ ရောက်လိမ့်မယ်။

ဖြေ။ ။အပြစ်မရှိဘူးဆိုရင် တပည့်တော် ရဲရဲကြီး အာမခံရဲပါတယ်ဘုရား။ နေပါဦး ဒကာကြီးရယ်၊ သည်လိုပြောကြပါစို့ရဲ့။ အဲဒါ ဒကာကြီးရယ် အပြစ်မရှိဘူးလို့ပဲ ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ၊ မလုပ်ဘဲနေရင် ဘယ့်နှယ်တုံးဗျ။ အကျိုးရှိသွားတာလား။ အပြစ်ရှိသွားတာလား။

ဖြေ။ ။မလုပ်ဘဲ နေရင်တော့ အကျိုးမဲ့သွားပါတယ်ဘုရား။

မေး။ ။ဘယ်သူက အကျိုးမဲ့တယ်လို့ ပြောမှာလဲ။ အကျိုးမဲ့တယ်ဆိုတာနဲ့ အကျိုးမဲ့သလားဗျ။

ဖြေ။ ။တပည့်တော်က အရှင်ဘုရားကို ရဲရဲကြီး အာမခံရော။ အိမ်ကျတော့ မလုပ်ဖြစ်ဘူး။ မလုပ်ဖြစ်တော့ ကုသိုလ်လဲ မရတဲ့အပြင် အကုသိုလ် ဖြစ်သွားပါတယ်ဘုရား။

မေး။ ။သည်လိုမဖြစ်ဘဲ လျော့နေတော့ကော။

ဖြေ။ ။လျော့နေဘော့လဲ အကုသိုလ် ဖြစ်တာပဲဘုရား။ ပြောပြီးမှ လျော့တော့ တပည့်တော်မှာ မုသားက တခါထပ်ပြီးတော့ ဝင်လာပါတယ်ဘုရား။

မေး။ ။ပြောလိုက်တာက ပြောခ,ရသေးတယ်ဗျ။

ဖြေ။ ။ပြောခ,ရရင် ပြောပါ့မယ်ဘုရား။

မေး။ ။လိမ်ရင် အပြစ်ရှိမှာလို့ ထင်ရင် မကြောက်ဘူးလား။

ဖြေ။ ။ကြောက်ပါတယ်ဘုရား။

မေး။ ။ဒါဖြင့် လျော့ချင်ပြီး လုပ်မှာလား။

ဖြေ။ ။တပည့်တော်က တပည့်တော်စိတ်ကို တပည့်တော် သိတယ်ဘုရား။ အိမ်ကျရင် လျော့မှာဘုရား။ အခု သည်လိုဆိုတော့ မလျော့ပါဘူးဘုရား။ ဒီလို တင်းတင်းကျပ်ကျပ် အာမခံထားရင် မလျော့ဝံ့ပါဘူးဘုရား။

မေး။ ။ဒါဖြင့် ဒီလိုလုပ်ပါလား။ လုပ်မှာလားဗျ။

ဖြေ။ ။လုပ်ပါ့မယ်ဘုရား။

ကောင်းပါ့ဗျာ။ လျော့တာ ပေါ့တာကိုသိတယ်။ သိပြီဆိုမှဖြင့်ရင်ပဲ

နေရာ ကျပြီဗျ။ ဒကာကြီး၊ဒကာမကြီးများရဲ့ လျော့တာ ပေါ့တာ သိတော့ ဘယ့်နှယ်လဲဆိုရင် ရှော့လို့ ပေါ့လို့တော့ မဖြစ်ဘူးဆိုပြီး သည်လိုဖြစ်ပါလိမ့်မယ်။ လျော့တာပေါ့တာ မသိဘူးဆိုရင် သူ့ဟာသူ အတော်ဝီရိယ ကောင်းနေပြီလို့ ထင်ရင် ဘယ့်နှယ်လဲ။ ရှေ့တိုးပါဦးမလား။

ဖြေ။ ။တပည့်တော်က စိတ်ကြီးဝင်နေရင် ရှေ့မတိုးတော့ပါဘူးဘုရား။

အေး–အခုနလို လျော့တယ်၊ ပေါ့တယ်လို့ အမှန်သိနေရင် နေရာကျလှပြီဗျ။ လျော့မှန်းပေါ့မှန်းသိရင် လူလျော့လူပေါ့အဖြစ်က တခါတည်းလွတ်အောင်ကြိုးစားပြီး ထူထောင်ကြ၊ အားထုတ်ကြဗျား။

[၁၉၅၅–ခုနှစ်၊ မေလ ၁၄ရက်နေ့ ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။]



# အလုပ်ထဲမှာ တရားပါ

## တရားတော်

**အလုပ် မအားသေးလို့**

ဘုရားအဆုံးအမ ရပြီဆိုမှဖြင့် ရှေးက ရှင်ဘုရင် သူဌေးတွေ၊ ရှင်ဘုရင် သူဌေးတွေ မဟုတ်တဲ့ လူတွေလဲ ခုလို ဆောင်ကြတာဗျာ့။ ရှင်ဘုရင် လုပ်ရင်းလဲ ကိုယ်တောင့်တရည်ရွယ်ချက် ပြီးတာဗျ။ သူဌေးအလုပ် လုပ်ရင်းလဲပဲ ကိုယ့်တောင့်တ ရည်ရွယ်ချက်တွေ ပြီးပါတယ်ဗျ။ တချို့ ရှင်ဘုရင် သူဌေး မဟုတ်ကြဘဲ ခန္ဓာဝန်အတွက် စားဖို့ သောက်ဖို့တွေကို မပြုဘဲနေလို့ မဖြစ်ဘူး။ ဒါတွေကို ပြုရင်းလဲပဲ သည်လို ဆောင်ကြရတာပဲဗျ။ ဆောင်ကြတော့ တောင့်တတဲ့အတိုင်း ပြီးလိုက်ကြ တာဗျ။ ဘယ်လိုများ ပြီးပါသလဲဆိုရင် ရှင်ဘုရင်ကလဲ ရှင်ဘုရင်လုပ်ရင်း၊ သူဌေးကလဲ သူဌေး လုပ်ရင်း ကိုယ်တစ်ယောက်တည်းရယ်လို့ မဟုတ်ဘူး။ တော်တော်ကြာတော့ အကုန်လုံး အခြံအရံများနဲ့တကွ တပြိုင်နက်တည်း အစီးအပွားတွေဟာ များပါတယ်ဗျ။

ရှင်ဘုရင်လဲ သူ့မူးမတ်ဗိုလ်ပါ မောင်းမမိဿံ အခြွေအရံ အသင်းအပင်း တွေနဲ့ အကုန်လုံး ချမ်းသာသုခတွေဟာ တညီတည်း ရကြပါတယ်ဗျ။ သူဌေးတွေလဲ ဒီလိုပဲဗျ။ အထက်က သိကြား၊ ဗြဟ္မာ၊ နတ်တွေလဲ သည်လို ပဲဗျ။

ရှေ့က ဝီရိယသွက်လက်ဖျတ်လတ်ပြီး ရှက်ဆောင်တဲ့လူတွေက သွားပါတယ်ဆိုရင် နီးရာနီးရာဖြစ်တဲ့ အခြေအရံတွေကလည်း ပျော်ရွှင်ပြီး လိုက်ကြတော့တာပဲဗျ။ ဒါကြောင့်အချိန်တစ်ခုတည်း၊ တပြိုင်တည်း တောင့်တရည်ရွယ်ချက်တွေဟာ ပြီးစီးသွားကြတာဗျ။ တစ်ယောက်တည်း မဟုတ်ပါဘူး။ သည်တော့ တစ်ယောက်တည်းပြုလဲ ဖြစ်တာပဲ။ များစွာသော ပရိသတ်တွေထဲမှာ အာရုံပြုရင်ကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

သားတွေ သမီးတွေ မြေးတွေနဲ့ နေရင်းကော။ (ဖြစ်ပါတယ်ဘုရား။)

အေး. . .ရှေးကအရှင်တွေကတော့ သည်လို ဆောင်ကြတာပါပဲဗျ။ သို့ပေမယ့် ရှေးကအရှင်တွေ ဆောင်တာလဲ သူတို့ပြောတတ်တယ်။ မှတ်ထားတာတွေ ရှိတယ်။ မှတ်ထားပေမယ့် စိတ်က ဘယ်လိုလဲဆိုရင် ရှေးကသာဖြစ်တာ၊ အခုတော့ မဖြစ်ဘူးလိုလိုနဲ့။ သူတို့ပြောလို့သာ ပြောတာ၊ သူတို့အကုန်လုံး နားလည်ပြီး သိထားတာချည်းပါပဲ။ သူတို့မှာ အလုပ်ရှုပ်လို့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေနဲ့ သည့်ပြင် အလုပ်တွေ ဆောင်စရာရှိသေးလို့ ဒါကြောင့် မဖြစ်သေးဘူး။ အားလပ်တဲ့ အချိန်ရောက်မှပဲ ပြုမယ်လို့ စိတ်ကဖြစ်တယ်။ စိတ်က ဖြစ်ရုံမကဘူး။ မိတ်ဆွေသင်္ဂဟတွေကိုပဲ ဒီလို ပြောလိုက်တာပဲ တင်ပါရဲ့ဗျာ။

မေး။ ။ဘယ်တော့ အားကြမှာတုန်းဗျာ့။

ဖြေ။ ။တပည့်တော်တို့ လုပ်နေဟာကတော့ ဟိုကိစ္စရှိသေးတယ်။ မနက်ကိစ္စရှိသေးတယ်။ ဆွမ်းလောင်းကိစ္စ ရှိသေးတယ်။ နေ့ခင်းလဲပဲ ဒီလိုပဲ ကိစ္စတွေ ရှိရသေးတယ်နဲ့၊ ဘယ်နှနာရီက ဘယ်နှနာရီကျတော့မှပဲ ဘုရားဆုံးမတဲ့ အလုပ်ကို လုပ်မယ်ဆိုပြီး တစ်နေ့ကို နာရီနဲ့ လုပ်ပါတယ်ဘုရား။ ဘယ်တော့မှ အားတယ် မရှိပါဘူးဘုရား။

ဝိသာခါ၊ အနာထပိဏ်တို့လို

ရှေးအရှင်တွေကတော့ တဆက်တည်း မပြတ်အောင် သည်လို ထူထောင်တာဗျ။ ဒါကြောင့် သူတို့မှာ အစီးအပွားတွေဟာ ပြီးကြတာဗျ။ ဝိသာခါ ဒကာမကြီးတို့များဆိုရင် သူ့ရဲ့ အခြေအရံ အသင်းအပင်းတွေဟာ အကုန်လုံး မရေတွက်နိုင်ဘူးတဲ့ဗျ။ သူ့မှာ အစစ်ကို မြေးတွေ မြစ်တွေရှိတယ်ဗျ။ ဘယ်လောက်များ များပါသလဲဆိုရင် မြေးက ရှစ်ရာတဲ့ဗျ။ အဲဒါဟာ

မြေးအရင်းချည်းပဲဗျ၊ မြစ်က ရှစ်ထောင်တဲ့ဗျ။ အဲဒါလဲ အရင်းချည်းပဲတဲ့ဗျ။ အခုတော့ သူတို့မှာ မြေးဆိုပေမယ့် မြေးတော့ ဟုတ်ပါရဲ့။ ဟိုလိုမြေး ဒီလိုမြေးတွေက အတော်များသေးတာဗျ။ ဟိုကတော့ အဲသည်လိုဟာတွေ မပါဘူးဗျ။ အရင်းချည်းပဲတဲ့ဗျ။ အဲဒါတွေနဲ့ ရွက်ဆောင်တာဗျ။ ကျေးတွေ ကျွန်တွေအတွက်လည်း အကုန်လုံး ပြုရသေးတယ်။ ကျေးကျွန်တွေ နေထိုင်စားသောက်ဖို့ အလုံးစုံ လုံလောက်အောင်လဲ ပြုရတယ်ဗျ။ အဲဒါတွေကြားက သည်လိုဆောင်တာဗျ။

သူ့သာဝတ္ထိရောက်တဲ့အခါကျတော့ သည့်ပြင် ရှင်ဘုရင် သူဌေးတွေက ကုသိုလ်ပြုတယ်ဆိုရင် အနာထပိဏ်တို့ ဝိသာခါတို့ဟာတော့ သူတို့က အလုံးစုံ အကုန်လုံး နားလည်ပြီးကြတယ်ဆိုတော့ သူတို့အကြောင်းချည်းပဲကိုးဗျ။ အဲဒါကို သူတို့က သိကြတယ်။ သိကြတော့ သူတို့က သဒ္ဓါတရားနဲ့ ကုသိုလ်ပြုမယ်ဆိုရင် ဘယ်လိုလဲဆိုတော့ အနာထပိဏ်တို့ ဝိသာခါတို့ ပြုသလို အလုံးစုံ နေရာတကာ ဖြစ်ချင်ကြတယ်ဗျ။ ဖြစ်ချင်တော့ သူတို့ကို ဖိတ်ကြတာပါပဲဗျ။ အဲသည်လို ဖိတ်လို့ သူတို့က မအားမလပ်တဲ့ အခါဖြစ်နေရင် သူတို့ အားလပ်တဲ့ အချိန်ကျတော့မှ သည်အမှုကို လုပ်ကြတော့တာပဲတဲ့ဗျ။ သည်လိုလုပ်တာ ဘယ်လောက် များသလဲဆိုရင် သာဝတ္ထိမှာလူပေါင်းက ခုနစ်ကုဋေကျော်ဆိုတော့ တစ်ရက်တစ်ရက်မှာ ဘယ့်နှယ်လဲ။ ပြုလိုက်ကြတာတွေ။

မေး။ ။ဘုရားရှိစဉ်အခါက ဘယ်အချိန်များ အားလပ်တဲ့အချိန် ရှိဦးမလဲ။

ဖြေ။ ။အားလပ်တဲ့အချိန် မရှိပါဘုရား။

အဲဒါတွေ အကုန်လုံးမှာ ပါဝင်ပြီး ဆောင်တာတဲ့ဗျ။ သည်တော့ ကိုယ့်ဟာကိုယ် ပြုတဲ့ဟာမှာ ဘယ့်နှယ်ကြောင့် သည်လိုဖြစ်ပါလိမ့်မလဲဆိုတော့ အခု ဒကာကြီး၊ဒကာမကြီးတွေဟာ ကုသိုလ်တစ်ခု ပြုမယ်ဆိုရင် ဆွမ်းခဲဘွယ် ဘောဇဉ်တွေကို အရသာ မြင့်မြတ်မြတ်ကြီး ပြုချင်တယ်။ ကိုယ်က အားလုံးထက် အသာဆုံး ဖြစ်ချင်တယ်။ ဒီတော့ ဘယ်သူဟာ အချက်အပြုတ်ကောင်းတယ်ဆိုတာကို သူတို့ ကြည့်ထားတယ်ဗျ။

မေး။ ။သိကော သိမထားဘူးလား။

ဖြေ။ ။သိပါတယ်ဘုရား။

မေး။ ။အဟုတ်ပြုချင်တဲ့ အခါကျတော့ ကိုယ့်ဟာကိုယ် ချက်မလား၊ သူတို့က ငါ့ထက်သာတယ်။ ငါက သူတို့လို မဖြစ်ဘူး။ ပြုချင်တာက သူတို့လို ပြုချင်တာ။ သည်တော့ ကိုယ့်ထက်သာတဲ့လူကို လာပါကူပါလို့ ခေါ်တယ်မဟုတ်လား။

ဖြေ။ ။သည်လိုပဲ တတ်သိလိမ္မာတဲ့ လူကို ခေါ်ရပါတယ်ဘုရား။

မေး။ ။သူတို့က အခု မအားဘူးဆိုရင် ဘယ့်နှယ်ပြုမလဲ။

ဖြေ။ ။စောင့်တန်စောင့်ပြီး ပြုရမှာပါပဲဘုရား။

အေး–ကိုယ်က သူတို့လို ဖြစ်ချင်တာကိုး။ ကိုယ်ကိုယ်တိုင်ကလဲ သူတို့လို မလုပ်တတ်ပဲကိုးဗျ။ အဲသည်တော့ ကိုယ့်ဟာကိုယ် သိတယ်။ ဘယ်ဒကာကြီးက ဘာလုပ်တတ်တယ်ဆိုတာ သိတယ်ဗျ။ သို့ပေမယ့် ငါလဲ ဒီလောက်တော့ လုပ်တတ်တယ်ဆိုပေမယ့် သူ့တို့လိုတော့ မဖြစ်ဘူး။ ပြုချင်တာက သူ့လို ပြုချင်တာဆိုရင် ဘယ်နှယ့်လဲ၊ သူနဲ့မှ ဖြစ်မယ်။ အခုလဲပဲ အဲသည်လိုဗျ။ သူတို့က အသာဆုံးဖြစ်နေတော့ သူတို့မှာ ဘယ်နေရာမှ မလပ်ဘူးဗျ။ မလပ်တော့ သူတို့ မပါလို့ရှိရင် ဘယ်ဟာမှ နေရာမကျဘူးတဲ့ဗျ။ ဒါကြောင့် ကုသိုလ်ပြုတဲ့အခါမှာ 'အနာထပိဏ်တို့ ဝိသာခါတို့ ပါသလား။ မပါဘူးဆိုရင် 'အလကားပါကွာ'လို့ ပြောကြသတဲ့ဗျ။ စိတ်ထဲမှာ မနှစ်သက်ဘူးတဲ့ဗျ။ သူတို့က အဲသည်လို တတ်တယ်ဗျ။ သူတို့အိမ်မှာလဲ ဘုရားအမူးရှိတဲ့ သံဃာတော်တွေကို နိစ္စဗဒ်ဝတ် ထားတာရှိတယ်။ အဲဒါတွေကိုတော့ ကိုယ်နှင့် ထပ်တူညီမျှ ဆောင်တတ်တဲ့ သားများသမီးများတွေနဲ့ ထားလိုက်ရတာတဲ့ဗျ။

သူတို့မှာ အားလပ်ချိန် မရှိဘူးတဲ့ဗျ။ ဒါပေမယ့် သူတို့မှာ အဲသည်လို ဟာတွေကို လုပ်ရင်းပဲ ဘုရားဆုံးမတဲ့ အဆုံးအမတွေကိုလဲ လိုက်နာတာပဲ။

ပြီးတော့ ဘုရားသာသနာ တည်ရာတည်ကြောင်းဖြစ်တဲ့ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ အမျိုးမျိုးအဖြာဖြာ နှစ်သက်ဖွယ်ရာတွေကိုလည်း ပြုတယ်။ အဲသည်လို ပြုတာက စရဏဆီ၊ အဲသည်လို နေရာတိုင်းမှာ ပြုရင်း အမှန်ယထာဘူတ သိဖို့ရာ ဘုရားဆုံးမတဲ့ အဆုံးအမကို မလွတ်ရအောင်လဲ ဆောင်နေတာဗျ။ ရှေးက အရှင်တွေဟာလဲ သည်လိုဆောင်တာဗျ။ သည်လို ဆောင်သည်ဖြစ်သောကြောင့် အစဉ်အတိုင်းဟာ သူတို့မှာ မြင့်မြတ်ကြ၊

တိုးတက်ကြတာဗျ။ အားလုံးတို့ဟာ သူတို့ရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို မြင်တယ်ဆိုရင် ဘယ်တော့မှ အားမရ မရောင့်ရဲနိုင်ပေါင်တဲ့ဗျား။ ပြီးတော့ သူတို့ စိမ်ပြုပြီးတာတွေ မြင်ရရင်လဲ ဝမ်းမြောက်ကြ ဝမ်းသာလိုက်ကြတာတဲ့ဗျ။

အဲဒါ ဘာလဲဆိုရင် အခုနပြောတဲ့ အချိန်တစ်ခုတည်းမှာ သည်လောက် များနေတဲ့ အလုပ်တွေနဲ့ အားချိန် နားချိန် မထားဘဲ လုပ်နေရပေမယ့် အခုနလို တဆက်တည်းပါအောင် ထူထောင်ပြီးတော့ ယူတာဗျ။

## ရှာစရာမလိုတဲ့ အရှိတရား

အခုနလို ပြုဖွယ်ကိစ္စ ရှိသမျှ သာသနာ တည်ရာတည်ကြောင်းတွေကို အအားအနား မထားဘဲ ပျော်ရွှင်ပြီးတော့ ပြုတာက စရဏ၊ စိတ်ကို တပါး မသွားရအောင် စိုက်စိုက်စူးစူးနဲ့ တည်ထောင်ထားလို့ နေတာက ဝိဇ္ဇာ၊ ဘယ်မှာနေတာလဲ ဆိုရင် ရုပ်နှင့် နာမ်တို့ကို တသိတည်း သိနေတာပေါ့ဗျာ။ အဲသည်လို ရုပ်နှင့် နာမ်ဆိုတော့ ရုပ်က ဘယ်ဒင်း၊ နာမ်က ဘယ်ဒင်းလို့ ဘုရားဟောတော်မူတာ မှတ်ထားတယ်။ အဲသည်လို ဟိုဟာသည်ဟာ အစားစားဖြစ်နေတော့ကို သိတယ် ဆိုပေမယ့် ဟိုလိုတင် လျှောက်သိနေတာ တပြိုင်နက်တည်း မသိဘူး။ တပြိုင်နက်တည်း သိအောင်ကတော့ ထားဆိုတဲ့ နေရာမှာ ထား၊ ထားလို့ တည်နေပြီဆိုတော့ ရုပ်နှင့်နာမ် နှစ်ခုကို အဲသည် နေရာမှာ သေသေချာချာ သိတာတဲ့ဗျ။

ဒါကတော့ နည်းနည်းကလေးမျှသာလျှင် မှတ်သားပါစေတော့လို့ နားလည်အောင် လျှောက်ပြောတာ၊ ဘုရားဟောတော်မူတာကတော့ အားလုံး သိပြီးတွေဗျာ။ ဘုရားဆုံးမတဲ့ အဆုံးအမတွေကတော့ အားလုံးတို့ဟာ မှတ်သားပြီးသား။ မှတ်ရုံမကဘူး၊ လိုက်နာနေကြတယ်၊ ဝီရိယရှိတော့ ဝီရိယဣဒ္ဓိပါဒ်ဟာ ကိုယ်ဝီရိယ ရှိသလောက်တော့ ပေါ်ပေါက်လာလို့ သိသင့်သလောက်သိရင် အဲဒါကို လွတ်မပစ် ချင်လောက်အောင် ဖြစ်တော့ တာပဲ။ လွတ်မပစ်ချင်လောက်အောင် ဖြစ်တာက ဝီရိယဆိုရင် အဲသည်လို ဖြစ်တာဗျ။ ဖြစ်တဲ့အခါမှာ ဘယ့်နှယ်မျာ်း ထင်နေသလဲဆိုရင် ငါ အားလဲ မထုတ်ဘဲနဲ့ ဖြစ်နေတယ်လို့တောင် ထင်တတ်သတဲ့ဗျာ။ ဘယ့်နှယ်ကြောင့် ထင်ပါသလဲဆိုရင် မသိချင်လို့သာ သည်အတိုင်းတိုင်း မသိဘဲ နေတာကိုး။

ဘုရားဆုံးမတဲ့ အဆုံးအမတွေကတော့ အရိုတွေ ဖြစ်နေတာကိုးဗျာ။ အရိုတွေဆိုတော့ ရှာရတာမှ မဟုတ်တော့ သိရမှာကို တသိတည်း သိနေပြီး မြင်ရမှာကို တမြင်တည်း မြင်နေတာကိုး။ သူက ရှာရတာမှမဟုတ်ဘဲ၊ အခု အားလုံးတို့ ပြောဆိုနေတာတွေက ရှိလဲမရှိဘဲနဲ့ ဟာတွေပါဗျား။ ဟုတ်ကဲ့လား၊ ရှိလဲမရှိဘဲနဲ့ ဟာတွေကို ပြောနေကြတယ်ဗျ။ (တင်ပါ့ဘုရား။)

ဟိုစာကတော့ အရိုဗျ၊ သည်တော့ သေသေချာချာ အရိုကို လုပ်တဲ့အခါ ကျတော့ သည်ဟာက ရှာရတာမဟုတ်တော့ သိနေတာပေါ့။

ဖြေ။ ။အရိုကို နည်းနည်းလင်းပါဦးဘုရား။

မေး။ ။အရိုဆိုတာက ရုပ်နှင့်နာမ် အမှန်ရှိတာ မဟုတ်လား။

ဖြေ။ ။ရှိမှန်းတော့ သိပါပြီဘုရား၊ ဘယ်နေရာမှာ ရုပ်–ဘယ်နေရာမှာ နာမ်ဆိုတာ ခွဲခြား၍ စိုက်စိုက်စူးစူးနဲ့ ဣရိယာပုတ်လေးဖြာမှာ တရားနာ ပရိသတ်တို့ တစ်မျိုးတည်းဖြစ်အောင် သနားတော်မူပါဦး ဘုရား။

## ဆင်းရဲကလွတ်မှု တစ်ခုတည်း

အဲဒါက ဘုရားဟောတော်မူတဲ့ ပိဋကတ်သုံးပုံဆိုတာ သုတ် အဘိဓမ္မာ ဝိနည်းဆိုတာတော့ နားလည်တယ်။ ကျယ်ဝန်းတယ်ဆိုတာမှာလဲ ပြောလို့ မကုန်နိုင်အောင် များတယ်ဆိုတာလဲ သိတယ်။ သိပြီးဆိုတော့ ဒီပိဋကတ် သုံးပုံဆိုတာဟာ ဆင်းရဲမှ လွတ်မြောက်အောင် ဆုံးမတော်မူတဲ့ အဆုံးအမတွေ ဆိုတာကို သံဃာတော်ကောင်းတွေက ထပ်တလဲလဲ အမျိုးမျိုးအဖြာဖြာ ယုံမှားသံသယ ဘယ်နေရာမှ မရှိအောင် ခွဲခြမ်းစိတ်ဖြာပြီး မပြတ်အောင် ပြောဟောနေတော့ သည်လိုကလဲ သူတို့က တတ်ပြီးသားဗျာ။ (တင်ပါဘုရား။)

## အသက်ရှူတတ်ရင် တတ်ပြီ

သည်တော့ ဆင်းရဲမှလွတ်မှု တစ်ခုဆိုတာဟာ ဘယ်ကဟာကိုပဲ ဖြစ်ဖြစ်၊ ဘုရားဆုံးမတဲ့ အဆုံးအမမှန်မှန်ကို သန်သန်ဝီရိယနဲ့ ထူထောင်ပြီဆိုရင် အခုနလို ပြုရမယ့်ဟာကို ပြုတယ်။ သန့်ပြန့် စင်ကြယ်ရမယ်ဆိုတာကလဲ အဟုတ်ပြုရင် အဟုတ် စင်ကြယ်တယ်တဲ့။ သည်တော့ စိတ်ထဲမှာ ဘယ်လိုလဲ ဆိုရင် ဘုရားဆုံးမတော်မူတဲ့ အဆုံးအမတွေဟာ များပေမယ့် ဆင်းရဲမှလွတ်မှု တစ်ခုဆိုတာ မှန်တယ်လို့ စိတ်ထဲမှာ အဲသည်တော့မှ နားလည်မယ်။

(တင်ပါဘုရား။)

သို့သော်လဲ ဘယ်ကာပဲလို့ အမည်တပ်ပေမယ့် ဒါလဲဖြစ်တာပဲ။ တို့ဟာကတော့ သည်ဟာမဟုတ်လို့ တစ်မျိုးလို့ ထင်ချင်ထင်မယ်။ မဟုတ်ဘူး၊ ဘယ်ကပဲ မှတ်ထားထား၊ အဲသည်မှတ်ထားတာက ဝီရိယ ထူထောင်လိုက်လို့ရှိရင် သန့်ပြန့် စင်ကြယ်တာချည်းပဲ။

ဖြေ။ ။မှတ်ထားတာက တစ်ယောက်တစ်မျိုးစီ ဖြစ်နေပါတယ်ဘုရား။

မေး။ ။တစ်မျိုးစီ ဖြစ်နေတယ်ဆိုရင် အားလုံးတို့ဟာ အသက်တော့ မရှူဘူးလားဗျာ။

ဖြေ။ ။အသက်တော့ ရှူပါတယ်ဘုရား။

မေး။ ။အသက်မရှူတဲ့လူ ရှိသေးသလား။ (မရှိပါဘုရား။)

မေး။ ။အသက်ရှူတော့ ဘာနဲ့ရှူသလဲ။ (နှာခေါင်းနဲ့ ရှူပါတယ်ဘုရား။)

မေး။ ။အသက်ရှူတယ်ဆိုတာ လေနှစ်ရပ်တို့ ထွက်တာဝင်တာကို ခေါ်တာပဲ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။လေဟာ ဘယ်နေရာကလေးကို တိုက်ပြီးဝင်တယ်ဆိုတာ အားလုံး တပြိုင်နက်တည်း စဉ်းစားလိုက်ရင် မသိဘူးလား။

ဖြေ။ ။တပြိုင်တည်း သိပါတယ်ဘုရား။

မေး။ ။ဘယ်တော့ ဘယ်နေရာကလေးကို တိုက်ပြီး ထွက်သလဲ၊ ဝင်တော့လဲ ဘယ်နေရာကလေးကို တိုက်ပြီးဝင်သလဲ။

ဖြေ။ ။တပည့်တော်မှာ တခါတလေ နှုတ်ခမ်းဖျားမှာ၊ တခါတလေ နှာသီးဝမှာ တခါတလေ နှာခေါင်းအထဲမှာ အေးအေး အေးအေးနှင့် တခါနှင့်တခါ မတူအောင် ဖြစ်နေတယ်ဘုရား။

သို့သော်လဲ ဘယ်မှာဖြစ်ဖြစ် တစ်နေရာရာမှာသာ ထားဗျာ။ တစ်နေရာမှာ ထားရင် မမှားဘူး။ စဉ်းစားကြပါဆိုတာက အဲဒါလို သေသေချာချာ သိစေချင်လို့ သည်လို မေးရတာဗျာ။ ဒကာကြီးက ဘယ်နေရာမှာ ထိသလဲ။ အဲသည် ထိတဲ့ နေရာမှာပဲ လက်နှင့်ထိတော့ သိသလို သိနေဗျာ။

လျှောက်။ ။တပည့်တော်က နှာခေါင်းနှစ်ဘက်မှာ ဟိုနေရာထိလိုက်၊ သည်နေရာ ထိလိုက်နှင့် နှစ်ခု ဖြစ်နေပါတယ်ဘုရား။

နှစ်ခု ဖြစ်မနေနဲ့။ တစ်ခုတည်းသာထား။ ဒကာကြီးဟာက စိတ်ထင်နေတာဗျာ့။ စိတ်ဟာ နှစ်ခုလုပ်လို့ မဖြစ်ဘူး။ စိတ္တက္ခဏ တစ်ချက်မှာ နှစ်ခု

လုပ်လို့ မဖြစ်ဘူး။ မဖြစ်တော့ အခုနပြောတဲ့ဟာက ဘယ်လိုကြောင့်လဲဆိုရင် သူထင်ချင်သလို ထင်နေလို့ စိတ်က မြန်လွန်းလို့သာ ထင်နေတာ။ သည်တော့ စိုက်စိုက်စူးစူးနဲ့ ထားရမယ့်အတိုင်းသာ ထား။ ထားလို့ တည်နေပြီးဆိုတော့ အကုသိုလ်တွေ စင်ကြယ်တယ်။ သည်တော့ ထားရမယ်ဆိုတဲ့ နေရာမှာ ထိုင်ပြီးတော့ စိုက်စိုက်စူးစူးထားရင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။မတ်တတ်ရပ်ရင်း လမ်းသွားရင်းကော။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။စားဖို့သောက်ဖို့ အလုပ်တွေ လုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။တစ်ယောက်တည်းသွားရင်းကော။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။ပရိသတ်အများကြီးနဲ့ကော။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။သူတကာ စကားပြောနေရင်းကော။

ဖြေ။ ။ဝင်မပြောရင် ဖြစ်ပါတယ်ဘုရား။ ဝင်ပြောရင် လွတ်လွတ်သွားပါတယ်ဘုရား။

မေး။ ။လွတ်သွားတယ်ဆိုတာ ဘာကြောင့်လဲ၊ ရှေးက အရှင်ကောင်းများ ဝီရိယကို မီလို့လား။

ဖြေ။ ။နည်းနည်းကလေးမှ မမီလို့ပါဘုရား။

**ဝီရိယတွေ ဘာလို့ချန်ထား**

မမီလို့ လွတ်တာဟာ မဖြစ်သင့် မဖြစ်ထိုက်လို့ မဟုတ်ဘူးဆိုတာ သိသွားရော။ သိသွားတော့ ကိုယ်ကလဲ ရှေးက အရှင်ကောင်းများတို့ကဲ့သို့ ချမ်းသာသုခ ရချင်တာဖြစ်တော့ ရှေး အရှင်ကောင်းများတို့ကဲ့သို့ ဝီရိယကို မီအောင် ထူထောင်မယ်ဆိုပြီးတော့ သည်နေရာမှာ ဝီရိယကို တိုးလိုက်ရုံပေါ့ဗျာ။ လိုမှန်းသိရင် တိုးလိုက်ရုံပါပဲဗျာ။ သည်လို တိုးလိုက်ရင် ရှေးအရှင်ကောင်းများရဲ့ ဝီရိယကို မီမယ် ညီမယ်။ မမီဘူးဆိုတာသိနေရင် မီအောင်တိုး။ ကိုယ့်မှာ ဝီရိယတွေကတော့ ရှိပြီးသားချည်းပဲ မဟုတ်လား။

ဖြေ။ ။ရှိပြီးသားတွေချည်းပါပဲဘုရား။

မေး။ ။သည်ဝီရိယတွေကို အခုလို အသုံးမချဘူးလားဗျာ။

ဖြေ။ ။မချပါဘုရား။

မေး။ ။နို့ သည်ဝီရိယတွေကို အသုံးချမယ်ဆိုရင် အခုလို အချိန် ဘဝ ကောင်းတဲ့အခါမှာ သည်ဝီရိယတွေကို အသုံးချလိုက်မယ်ဆိုရင် သံသရာတစ်လျှောက်လုံးအတွက် သေသေချာချာ ပြီးစီးအောင်မြင် သွားမယ်မဟုတ်လား။

ဖြေ။ ။ပြီးစီးအောင်မြင် သွားမှာပါပဲဘုရား။

ရှေးအရှင်တွေကတော့ သည်လိုဝီရိယကို သည်လိုအသုံးချပြီး ကိုယ်လို ချင်တဲ့ဟာကို အပြီးအဆုံးတိုင်မြောက်အောင် ယူကြတာဗျာ။ သည်တော့ ဒကာကြီး၊ဒကာမ ကြီးတွေက ဝီရိယတော့ ရှိပါတယ်။ သည်ဝီရိယတွေကို အသုံးမချဘဲနဲ့ ဘာလုပ်ဖို့ ထားတာလဲဗျာ။ (အသုံးမချတတ်လို့ပါဘုရား။)

သည်တစ်ခါတော့ အခုနလို ဂရုစိုက်ပြီး အဟုတ်သာထား။ နေလိမ့်မယ်၊ မနေဘူးဆိုတော့ ဝီရိယ နည်းနေလို့ပါဆိုပြီး ဝီရိယတိုးလိုက်ရုံပဲဗျာ။ ကိုယ့်မှာ ဝီရိယတွေက အဆင့်သင့်ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား။)

မေး။ ။အသာတိုးလိုက်ရုံပါပဲဗျာ။ နောက်တစ်ခါ ဟိုမှာ မနေသေးဘူး ဆိုရင်ကော။

ဖြေ။ ။မနေသေးဘူးဆိုရင် ဝီရိယ ထပ်တိုးရမှာပဲဘုရား။

မေး။ ။သည်လို ဝီရိယတိုးရတာ ခက်သလားဗျာ။ 'ကဲဟဲ့'–ဆိုလိုက်ရင် ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။သည်လို အားခဲရင် ဖြစ်ပါတယ်ဘုရား။

သို့သော်လဲ သူများ အားထုတ်နေတုန်းမှာ 'ကဲဟဲ့'လို့ မလုပ်နဲ့ ကြားလား၊ အလုပ်လုပ်တာကို ပြောတာဗျ။ ကဲဟဲ့လို့များ လုပ်နေရင် သူများက သာသာ အားထုတ်နေတာ ပျက်သွားမှာဗျာ။ သည်တော့ သူများ စိတ်မတိုဘူးလား။ သူများ စိတ်တိုတာ မတိုတာ ဖယ်ထား။ ကိုယ့်မှာ အပြစ်မရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား။)

အဲသည်လို အပြစ်မရောက်အောင် ဘုရားရှင်က အားလုံးတို့ကို ဘယ်ကိစ္စပြုပြု ကိုယ်ပြုချင်သလို မပြုရဘူး၊ ဘယ်လိုတုန်းဆိုတော့ ဥပမာ ဟိုနေရာက ရေအိုးကို သည်နေရာကလေးကို ချထားချင်တယ်ဆိုပြီး သွားမလုပ်နဲ့။ သူတို့က သည်အတိုင်းတိုင်းထားတာ ကြိုက်ချင် ကြိုက်နေမယ်။ သဘောကျချင် ကျနေမယ်။ သည်နေရာကို ပြောင်းလိုက်တော့ သဘောကျချင်မှ

ကျမယ်။ ကိုယ်ကတော့ ဘယ်လိုလဲဆိုရင် ဟိုနေရာမှာထားတာ မကောင်းပါဘူး။ သည်နေရာကမှ ကောင်းမှာပါလို့ဆိုပြီး တခါတခါ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

အဲဒါကို သွားပြောင်းလိုက်ရင် သည့်ပြင် အရှင်တွေက ဟိုမှာကောင်းလျက်သားနဲ့ ဒကာကြီးက အလကား သွားပြောင်းတယ်လို့ စိတ်ထဲမှာ ဖြစ်ချင်ဖြစ်နေမှာ။ အဲသည်လို ပြောင်းချင်တာက ဘာကြောင့်လဲ ဆိုလို့ရှိရင် အများချမ်းသာစေချင်လွန်းလို့။ အများ သဘောကျစေချင်လွန်းလို့။ အများကိစ္စဆောင်တာကိုးဗျာ။ ကိုယ့်မှာ ဆင်းရဲတာ၊ ပင်ပန်းတာကို အရေးမစိုက်ဘူး။ သူတော်ကောင်းများတို့ဟာက အဲသည်လိုပဲ။ အားလုံးရဲ့ စိတ်သဘောအကြိုက်ကိုသာလျှင် ဆောင်ကြတာဗျ။ ကိုယ်နဲ့ နှုတ်နဲ့ ဘုရားအဆုံးအမတည်အောင် အဲသည်လို လျှောက်လုပ်တာဗျာ။ ဘုရားဆုံးမတဲ့ အဆုံးအမတွေကရှိသေးတယ်။ သည်တော့ ရမ်းလုပ်လို့ မဖြစ်ဘူး။ ကိုယ်လုပ်ချင်သလိုလုပ်လို့ မဖြစ်ဘူး။

**အပျင်းကြီးရင် ဘာမှမရ**

မဖြစ်ပုံကို ပြောမယ်၊ ကိုယ်က အင်မတန် ပျင်းတယ်။ သည်တော့ သားသမီးတွေရဲ့ ဝတ်၊ မြေးမြစ်တွေရဲ့ ဝတ္တရားတွေကို အကုန်လုံးလုံလောက်အောင် လုပ်ချင်ရဲ့လား။

ဖြေ။ ။လုပ်ချင်ပါတယ်ဘုရား။

မေး။ ။အကုန်လုံးစုံအောင် လုပ်သလား။

ဖြေ။ ။အကုန်လုံးစုံအောင် လုပ်ချင်ပေမယ့် မပြည့်စုံပါဘူးဘုရား။

မေး။ ။မပြည့်စုံတာဟာ စုံအောင် မလုပ်တာဗျာ။ ဘယ်လိုလဲဆိုရင် သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေက ဘာတွေ ဝတ်ချင် စားချင်သလဲ။

ဖြေ။ ။အခုကာလပေါ် အဝတ်အစားတွေ ဝတ်ချင်ပါတယ်ဘုရား။

မေး။ ။သည့်ပြင်ကော ဘာတွေလဲဗျ။ သည့်ပြင် လူတွေနဲ့ မီအောင် ညီအောင် မဝတ်ချင်ဘူးလား။

ဖြေ။ ။ဝတ်ချင်ပါတယ်ဘုရား။

မေး။ ။ဒကာကြီးက အဲသည်လို မီအောင် ညီအောင် သားသမီးတွေ မြေးမြစ်တွေ သဘောကျအောင် ပေးနိုင်ရဲ့လား။

ဖြေ။ ။မပေးနိုင်ပါဘူးဘုရား။

မေး။ ။မပေးနိုင်တာက ဘာကြောင့် မပေးနိုင်တာလဲ။

ဖြေ။ ။သူတို့လိုချင်တဲ့ အဝတ်အစားတွေက အင်မတန် အဖိုးတန်ပါတယ်ဘုရား။

မေး။ ။အဖိုးတန်ပေမယ့် သူများတွေတောင် သူတို့သားသမီးတွေကို ဆင်နိုင်သေးရင် ဒကာကြီးက ဘာကြောင့် မဆင်နိုင်သလဲဗျာ။

ဖြေ။ ။ဥစ္စာပစ္စည်းက သူတို့ အဆင့်အတန်း မီအောင် မပေးနိုင်ပါဘူးဘုရား။

မေး။ ။မပေးနိုင်တာက ဘာကြောင့် မပေးနိုင်တာလဲ။

ဖြေ။ ။ရှေးဘဝကုသိုလ်ကံ နည်းလို့ပါဘုရား။

မေး။ ။ရှေးဘဝကုသိုလ်ကံ လှည့်ချနေပြန်ပြီ။ ရှေးကုသိုလ်ကံက နည်းလို့လား၊ ဒကာကြီး ပျင်းလို့လား။

ဖြေ။ ။ပျင်းလို့တော့ မဟုတ်ပါဘူးဘုရား။ လုပ်လည်း မလုပ်တတ်၊ လုပ်ဖို့ အချိန်ကလည်း ကုန်နေတော့ သည်အတိုင်းပဲ နေရပါတယ်ဘုရား။

မေး။ ။အခု သူတို့သားသမီးတွေကို လုံလုံလောက်လောက် ပေးနိုင်တာဟာ ဘယ်မြို့သားတွေလဲ။

ဖြေ။ ။ရန်ကုန်မြို့သားတွေပါဘုရား။

မေး။ ။ဒကာကြီးက ဘယ်မြို့သားလဲဗျာ။

ဖြေ။ ။ရန်ကုန်မြို့သားပါပဲဘုရား။

မေး။ ။ဟုတ်ပါရဲ့၊ ရန်ကုန်မြို့သားပါပဲ။ အခု သုဂတိခွင်ရောက်အောင် မြှောက်တင် လိုက်တာက ဘယ်သူက မြှောက်တင်လိုက်တာလဲ။

ဖြေ။ ။ရှေးက ကုသိုလ်ကံက မြှောက်တင်လိုက်ပါတယ်ဘုရား။

မေး။ ။လူ့ပြည်ကို အတူတူရောက်လာတာဗျာ။ လူ့ခွင်မှာလဲ ဘယ်နေရာလဲ ဆိုရင် ရန်ကုန်မြို့ချည်းပဲ တပြိုင်နက်တည်းဗျာ။ အဲဒါ ကုသိုလ်မတူသေးဘူးလား။

ဖြေ။ ။မတူသေးပါဘူးဘုရား။

မေး။ ။ဘာကြောင့် မတူသလဲ။ ရန်ကုန်မှာချည်းပဲ လာဖြစ်တာပဲ။ ပြီးတော့ ဒကာကြီးကလဲ လူ၊ သူတို့ကလဲ လူပဲမဟုတ်လား။

ဖြေ။ ။ဒါပေမယ့် ပစ္စည်းဥစ္စာ အဆင့်အတန်း အပုံကြီး ကွာနေပါတယ်ဘုရား။

မေး။ ။အခု ဒကာကြီးထက် သာတယ်ဆိုတဲ့ လူတွေဟာ လူ့ဘဝရောက်လာ တုန်းက စိန်တွေရွှေတွေ ဝတ်လျက် အကုန်ပါသလား။

ဖြေ။ ။သူတို့အမေ မိဘတွေမှာ ရှိပြီးသားပါဘုရား။

မေး။ ။သူတို့မိဘတွေကကော မွေးကတည်းက ပါလာတာလား။

ဖြေ။ ။မွေးတုန်းက မရှိပါဘူးဘုရား။ အခု ပစ္စုပ္ပန် ဘဝကျတော့မှ လုံ့လ ဝီရိယ အစွမ်းကြောင့် ပစ္စည်းဥစ္စာ တိုးတက်လာပါတယ်ဘုရား။

မေး။ ။သည်တော့ လူချင်းအတူတူ သူက များများရထားတယ် ဆိုတာက ဘာကြောင့်လဲ။ (ဝီရိယကောင်းလို့ပါဘုရား။)

မေး။ ။များများမရတာကကော။ (ဝီရိယနည်းလို့ပါဘုရား။)

မေး။ ။သည်တော့ သူတို့က ဝီရိယများကြတော့ သူတို့သားသမီးတွေကို သူတို့လိုချင်တာတွေ အကုန်လုံး ဆင်နိုင်၊ ပြင်နိုင်၊ ပေးနိုင်ကြတယ် မဟုတ်လား။ အခု ဒကာကြီးက ဘာကြောင့် မပေးနိုင်တာလဲ။

ဖြေ။ ။တပည့်တော် ဝီရိယနည်းလို့ပါဘုရား။

မေး။ ။အခုနတော့ သည်လိုမပြောဘဲ ကပ်သီးကပ်သပ် လျှောက်ပြောနေတယ်။

ဖြေ။ ။တပည့်တော်မှာ အသက်ကြီးနေတော့ ဝီရိယရှိပေမယ့် မလုပ်နိုင်ပါဘူး ဘုရား။ ဒါကြောင့် လခတွေဘာတွေ ပေးပြီးတော့ ဘယ်သူကမှ မငှားတော့ပါဘူးဘုရား။

မေး။ ။မငှားရင် ကိုယ်ပိုင်လုပ်ငန်း လုပ်ပါလားဗျ။

ဖြေ။ ။ကိုယ်ပိုင်လုပ်တဲ့ ပညာကလဲ မတတ်ပါဘူးဘုရား။

ဘာကြောင့် မတတ်ရမှာလဲ။ ဘုရားဆုံးမတဲ့ဟာတွေ ရှိတယ် မဟုတ်လား။ ဘယ်လိုဟာ လုပ်ရမလဲဆိုရင် ဘာဖြစ်ဖြစ် လုပ်၊ ဝီရိယရှိပြီး တော့ကို အလုပ် လုပ်ရမယ်။ ဘယ့်နှယ် လုပ်ရမလဲဆိုရင် မနားမနေ လုပ်ရမှာတဲ့ဗျာ၊ ဟုတ်ကဲ့လားဗျာ။

မေး။ ။အခု ဒကာကြီးက သည်လိုလုပ်ရဲ့လား။

ဖြေ။ ။မနားမနေဆိုတော့ အခု အသက်အရွယ်ကျမှတော့ လောကီဘက်က မလုပ်နိုင်ပါဘူးဘုရား။ အခုန ဘုရားရှင် အမိန့်ရှိတဲ့ နာသီးဝ ထိသိ တော့ဖြင့် မနေမနား လုပ်ဖို့ ကြိုးစားလုပ်ပါပြီဘုရား။

## ညကို အနိုးလွှတ်၊ နေ့ကို အလျှံလွှတ်

မေး။ ။အေး–အခုနဟာလဲလုပ်၊ ဒါလဲ လုပ်မှဗျ။ ရှေးက လုပ်ပုံက ဘယ်လို လုပ်ရသလဲဆိုရင် ဝီရိယထူထောင်ကြပုံက **ညမှာ အနိုးလွှတ်**ရတယ်ဗျာ့။ **နေ့မှာတော့ အလျှံ**တဲ့ဗျ။ အားချိန် နားချိန် မရှိဘူး။ ဘယ်လိုများ လုပ်ရမလဲဆိုရင် အနိုးလွှတ်တယ်ဆိုတာက ဘယ်လောက် ဘယ်လောက် ရအောင် ဘာလုပ်ရမယ် ဆိုတာကို စီစဉ်လိုက်တာဗျ။ ဟုတ်ကဲ့လား။ နောက် လင်းသည်နှင့် တပြိုင်နက်တည်း ညက စီစဉ်ထားတဲ့အတိုင်း တောက်လျှောက်ကြီး လုပ်တာပဲတဲ့ဗျာ။ အဲဒါ အလျှံ လွှတ်တာတဲ့ဗျာ။

မေး။ ။အခု ဒကာကြီးများ သည်လိုလုပ်ရဲ့လား။

ဖြေ။ ။သည်လို မလုပ်ပါဘူးဘုရား။

မေး။ ။ညမှာ ဘာလုပ်သလဲ။ (အိပ်တာပါပဲဘုရား။)

မေး။ ။နေ့တော့ကော။ (နေ့ခင်းလဲ တစ်ခါအိပ်တာပဲဘုရား။)

မေး။ ။ဒါတောင် ပစ္စည်းမရှိသေးဘူးလား။ ဒါ ကုသိုလ်ကံလားဗျာ။

ဖြေ။ ။တပည့်တော်က တပည့်တော် အပြစ်လွှတ်အောင် ကုသိုလ်ကံ ချတာပါဘုရား။

မေး။ ။ဟိုကပြုထားတဲ့ ကုသိုလ်ကံက ဘယ့်နှယ်ပြောမလဲ။

ဖြေ။ ။ဒကာကြီးက ကျုပ်ချည်း အပြစ်ချနေတယ်။ သူကတော့ ဘာမှမလုပ် ဘူးလို့ ပြန်ပြီး ရန်တွေ့မှာပါဘုရား။

အေး...ဒါကြောင့် ဝီရိယဆိုတာ အခုလို ပြုရတာတဲ့ဗျ။ သူတို့ အခုအလုပ် လုပ်တယ်ဆိုပေမယ့် ညကျတော့ အိပ်တော့လဲ ဘာလုပ်ရမယ်ဆိုတာ စိတ်ကူးတာနဲ့ အချိန်ကုန်တာပဲဗျ။ မနက်လဲ ဘာလုပ်ရမယ်ဆိုတာ စိတ်ကူး။ (နေ့ခင်းကျတော့ ခဏတစ်ရေး အိပ်ပါသေးတယ်ဘုရား။)

မေး။ ။ဒါဖြင့် အခုနလို ဖြစ်ပါ့မလား။

ဖြေ။ ။မဖြစ်ပါဘူးဘုရား။

## စီးပွားဥစ္စာ ရှာဖွေသုံးစွဲနည်း

ရှေးက အရှင်တွေကတော့ သည်လိုလုပ်တာဗျာ။ ညကျတော့ အနိုး

လွှတ်တယ်တဲ့ဗျ။

ညမှာ ငါ့,မနက်(နံနက်)ကို ဘာလုပ်ရမယ်ဆိုပြီး တစ်သိန်းလောက် လိုချင်ရင် တစ်သိန်းပေါ့ဗျာ။ အဲသည်လို အချိန်တစ်ခုမှာ ဘယ်လောက် ရအောင်ဆိုပြီး ကြံစည်စိတ်ကူး စီစဉ်တာဟာ အဲဒါ အခိုးလွှတ်တာဗျ။ အဲသည်လို စီစဉ်လို့ စီစဉ်ပြီးသား ရှိနေတော့ မနက်လင်းသည်နှင့် တပြိုင် နက် တစ်ခါတည်း လျှောက်လုပ်တာတဲ့ဗျ။ သည်တော့ အကုန်ရတာဗျ။ ပြီးတော့ ရလာတဲ့ အခါကျတော့လဲ သူ့ဟာနှင့်သူ တန်သလို သုံးတာစွဲတာတဲ့ဗျ။

ဥပမာ ကနေ့ ကိုယ်အလုပ်လုပ်လို့ ရတာကို ဘယ်လိုလုပ်ရမလဲဆိုရင် အကုန်လုံး မသုံးရဘူး။ ဘယ်လိုလဲဆိုရင် ရတဲ့ဟာကို လေးပုံပုံ၊

အဲသည်လေးပုံမှာ တစ်ပုံကို စားတဲ့ဗျ။

နှစ်ပုံကတော့ အရင်းအနှီးထားတဲ့ဗျ။

ဟိုတစ်ပုံကတော့ အသုံးရှိရင် သုံးရအောင် သေသေချာချာ သိမ်းထား တဲ့ဗျ။

သုံးစရာရှိရင် သုံးရအောင်ဆိုတာက အခုနပြောတဲ့ အဝတ်အစားဆင်ဖို့ မဟုတ်ဘူး။ စားဖို့ သောက်ဖို့လဲ မဟုတ်ဘူး။ အိုတဲ့ နာတဲ့အခါမှာလည်း သုံးဖို့ မဟုတ်ဘူး။ လှူဖို့တန်းဖို့ဟာက စားတဲ့အထဲက လှူရတယ်။ အသုံးရှိရင် သုံးဖို့ဆိုတာက တခါတလေ ရှောင်မရတိမ်းမရတဲ့ သုံးစရာ အခွင့်ဟာ ပေါ်လာတတ်တယ် မဟုတ်လား။ (ပေါ်လာတတ်ပါတယ်ဘုရား။)

အေး...အဲသည်လိုအခါမှာ သုံးဖို့အတွက် ထားတာဗျ။ သုံးစရာ ဆိုတာက ဟိုဟာသုံး၊ သည်ဟာသုံး၊ ဟိုဟာဝယ်ချင်၊ သည်ဟာဝယ်ချင်တာဟာ အသုံးမဟုတ်ဘူး။ အသုံးပေါ်လာတယ်ဆိုတာက အခုနလို မရှောင်သာ၊ မတိမ်းသာ မမျှော်လင့်ဘဲနဲ့ သုံးစရာ ပေါ်လာတဲ့အခါ၊ အဲသည်လို အခါမျိုးဟာ အားလုံးတို့မှာ မရှိတတ်ဘူးလား။ (ရှိပါတယ်ဘုရား။)

အေး...အဲသည်လိုအခါမှာ သုံးဖို့ဗျ၊ သည့်ပြင်ဟာအတွက် ဘယ်တော့မှ မသုံးရဘူး။ အဲဒါအတွက်က တစ်ပုံ၊ စားဖို့ သောက်ဖို့အတွက်က တစ်ပုံ၊ အရင်းအနှီးအတွက်က နှစ်ပုံ၊ အဲသည်လို အမြဲထားပြီး လုပ်ရတယ်။ တစ်နေ့လုပ်လို့ရရင် အဲသည်လို ထားလိုက်ဗျ။

မြေ။ ။အဲသည်လို ထားလိုက်ရင် စားဖို့မလောက်ပါဘူးဘုရား။

မေး။ ။ဒကာကြီး အခု ဘယ်လောက်ရသလဲ။

ဖြေ။ ။လေးရာရပါတယ်ဘုရား၊ လေးရာ လေးပုံပုံ၊ တစ်ပုံစားရမယ်ဆိုတော့ တစ်ရာဆိုတာ အခုအခါမှာ ထင်းဖိုး၊ ရေဖိုးလောက်ပဲ ရှိပါတယ်ဘုရား။ ဆန်ဖိုး မပါသေးပါဘူးဘုရား။

မေး။ ။ဒါပေမယ့် အဲဒါနဲ့ပဲ ဖြစ်အောင်စား။

ဖြေ။ ။ဆန်နှင့်ဆားလောက်တော့ စားလောက်ပါတယ်ဘုရား။

မေး။ ။ဆားမပါဘဲနဲ့ကော စားလို့ မဖြစ်ဘူးလား။

ဖြေ။ ။ဆားမပါဘဲနဲ့ စားရင် ဒူးခေါင်းကြီးတယ်လို့ ဆိုကြပါတယ်ဘုရား။

မေး။ ။ဆန်ချည်းပဲစား၊ ဆားမပါရင် နေပေစေ၊ အဲဒါ ထမင်းဖြစ်အောင် မချက်လောက်ဘူးလား။

ဖြေ။ ။ထမင်းဖြစ်အောင် ထင်းကတော့ အတော်ရှားပါတယ်ဘုရား။

မေး။ ။ရှားချင်ရှားပေစေ၊ သည်တစ်ရာနဲ့ ထမင်းမဖြစ်ရင် နေပေစေ၊ ထမင်းမဖြစ်ရင် ဘာလုပ်ရမလဲဆိုရင် များများရတဲ့အလုပ်မျိုး၊ ဆန်ပြုတ်ဆိုရင် ရပါတယ်ဗျ။

မေး။ ။ဒကာကြီးအိမ်မှာ လူဘယ်နှစ်ယောက်ရှိသလဲ။

ဖြေ။ ။ဆယ်ယောက်ရှိပါတယ်ဘုရား။

မေး။ ။ဆယ်ယောက်ရှိရင် ရေဆယ်မှုတ် ထည့်လိုက်ရင် လောက်ပါတယ်ဗျ၊ ဧည့်သည်နှစ်ယောက် လာရင်ကော။

ဖြေ။ ။နောက်နှစ်မှုတ် ထပ်ထည့်လိုက်ရုံပါပဲဘုရား။

မေး။ ။ဧည့်သည်ကိုဖိတ်ကျွေးချင်ရင်ဆွဲကျုပ်ဆီမှာ ဒါပဲရှိတယ်။ အဲသည်တော့ ဒါပဲတိုက်၊ ကိုယ့်သားသမီးတွေလဲ ဒါပဲတိုက်၊ အဲဒါဟာ ဘုရားဆုံးမတဲ့ အဆုံးအမကို ပြောတာဗျ။ သည်လိုဆိုရင် မဖြစ်ဘူးလား။

ဖြေ။ ။သိပ်ပြီးတော့ မဖြစ်ဘူးဘုရား။ သားသမီးတွေက ဆန်ပြုတ်မို့လို့ ငိုတယ်ဘုရား။

မေး။ ။အဲဒါ သူတို့က ရလိမ့်မလားလို့ ငိုတာဗျ။ သူကလဲ ဒါစား၊ ကိုယ်ကလဲ ဒါစားဆိုရင် စားမှာပဲဗျ။ မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်အောင်လုပ်ရင်တော့ ဖြစ်မှာပဲဘုရား။

မေး။ ။ဒါဟာ ဖြစ်အောင်လုပ်ရမှာဗျ၊ အလှူအတွက်လဲ လှူဆိုရင် မဖြစ်

ဘူးလား။

ဖြေ။ ။တပည့်တော်က ဆန်ပြုတ်အလှူခံပုဂ္ဂိုလ် တော်တော်ရှားပါတယ်ဘုရား။

မေး။ ။လှူပဲ လှူစမ်းပါအုံးဗျာ။ လာပြီး အလှူခံတယ်ဆိုရင် ကိုယ့်မှာ ဒါပဲရှိတော့ ဒါပဲလှူ။ တိုးပြီးတော့ မကုန်ဘူး။ အခုနလို ရေထိုးလိုက်ရင် ပြီးတာပဲဗျ၊ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အေး–သည်လိုလုပ်ရတယ်ဗျ။ ဒါ ဖြစ်တဲ့ဟာ လျှောက်ပြောရတာကိုးဗျ၊ အဲသည်တော့ သည်လိုဆိုရင် လောက်သွားတာပဲဗျ။ တစ်နေ့လုပ်လိုက်တာ ဘယ်လောက်ရသလဲ၊ လေးရာရတယ်ဆိုရင်–

ဖြေ။ ။တပည့်တော်ရတဲ့ လေးရာက တစ်လကို ပြောတာပါဘုရား။

မေး။ ။အေး–ဒါဖြင့်လဲ အခုန ပြောသလိုသာလုပ်ဗျ။ ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။လုပ်ရင်ဖြစ်ပါတယ်ဘုရား။

မေး၊ ။သည်လိုဆိုရင် နက်ဖြန်ခါရတာက သည်လောက်ပဲရတယ် ထားပါဦး။ နောက် အရင်းအနှီးက ဘယ်လောက်တုံး။

ဖြေ။ ။နှစ်ရာပါဘုရား။

မေး။ ။အဲဒီအရင်းအနှီးနှစ်ရာ မြတ်ဦးမှာ ရှိသေးတယ်။

ဖြေ။ ။ရှုံးမှာလဲ ရှိသေးတယ်ဘုရား။

မေး။ ။မရှုံးဘဲ မြတ်အောင်လုပ်ဗျ။ အဲသည်တော့ အရင်းအနှီး နှစ်ရာမှာ ဘယ်လောက်မြတ်မလဲ။

ဖြေ။ ။နှစ်ရာဆိုတော့ နှစ်ကျပ်ထားပါတော့ဘုရား။

မေး။ ။မနေ့ကတော့ ဘာမှမရှိသေးဘူး။ ကနေ့တော့ တိုးလာပြီ၊ ကနေ့ထက် နက်ဖြန်ခါ တိုးပြီမဟုတ်လား။

ဖြေ။ ။တိုးပါတယ်ဘုရား။

မေး။ ။အခုနအမြတ်က, နှစ်ကျပ်ဆိုတော့ လေးပုံပုံ ဘယ်လောက်လဲ။

ဖြေ။ ။ငါးမူးစီပါဘုရား။

မေး။ ။ငါးမူးစီဆိုတော့ စားဖို့ဘယ်လောက် ဖြစ်လာသလဲ။

ဖြေ။ ။ပထမ သုံးကျပ်ဆိုတော့ အခုဆိုရင် သုံးကျပ်ခွဲလောက် ဖြစ်လာပါပြီဘုရား။

မေး။ ။သုံးကျပ်ခွဲလောက်တော့ ဘယ့်နှယ်လဲ။ ထမင်းဖြစ်မလား။
ဖြေ။ ။ဆားတော့ ထည့်နိုင်ပါပြီဘုရား။
မေး။ ။ထမင်းတော့ မဖြစ်သေးဘူးထင်တယ်။ ပြီးတော့ တစ်နေ့ထည့်လိုက်တော့ အရင်းအနှီးကရော တိုးမသွားဘူးလား။
ဖြေ။ ။နောက်တစ်ရက်ကျတော့ ငွေချေးတဲ့လူက မချေးတော့ဘူးဘုရား။
မေး။ ။သူများအားကိုး မလုပ်နဲ့၊ ဖြစ်တဲ့နည်းနဲ့လုပ်။
ဖြေ။ ။ဖြစ်တဲ့နည်းကလဲ အင်မတန် သေချာတဲ့နည်းတော့ ရှိပါတယ်ဘုရား။ အစိုးရဘဏ်မှာ အပ်ထားရင် အတိုးက ငွေတစ်ရာ တစ်နှစ်ကို နှစ်ကျပ်နဲ့ နှစ်ဆယ့်ငါးပြား ပေးပါတယ်ဘုရား။
မေး။ ။ဒါကတော့ ဒကာကြီးတွေ လုပ်တတ်ပါတယ်။ ဘယ့်နှယ်ပဲလုပ်လုပ်၊ တိုးသွားမှာကတော့ အမှန်ပဲဗျ။ အဲသည်လို အရင်းအနှီး တိုးတိုးသွားရင် စားဖို့ သောက်ဖို့ကလဲ တိုးတိုးလာမယ်မဟုတ်လား။ တော်တော်ကြာတော့ တစ်ရက်ရတဲ့ ဥစ္စာဟာ တစ်ရက်စားလို့ မကုန်နိုင်အောင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)
မေး။ ။အဲသည်လို မှန်မှန်လုပ်သွားရင် နေ့တိုင်း နေ့တိုင်း တိုးသွားမှာပါဗျ။ အခု ဒကာကြီး သည်လို လုပ်ရဲ့လား။
ဖြေ။ ။သည်လိုလုပ်မှပဲ စနစ်ကျမှာပါဘုရား။

အဲဒါ ဘုရားဆုံးမတာ မဟုတ်လား။ လုပ်ရမှာက အခုနလိုလုပ်၊ ပစ္စည်းရှာရမှာက အခုနလိုရှာ၊ ရလာတဲ့ဟာကို သုံးစွဲရမှာက သည်လိုသုံးစွဲ၊ သည်တော့ ဘယ်လောက်ကြာအောင် လုပ်ရမလဲ။ မကြာပါဘူးဗျာ့။ သည်လိုသာ လုပ်သွားရင် ပိုလျှံလာပြီး အများကြီး ဖြစ်ပါတယ်ဗျ။ သည်လို ပိုလျှံလာရင် ဘုရားရှင်သာသနာ တည်ရာတည်ကြောင်းတွေနဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေအတွက် မပေးနိုင်ဘူလား။ မလှူနိုင်ဘူးလား။ (ပေးနိုင်လှူနိုင်ပါပြီဘုရား။)

ဘုရားသာသနာ တည်အောင်ကလဲ အဟုတ်လုပ်မယ်ဆိုရင် မလုပ်နိုင်ဘူးလား။ အဲသည်လို သာသနာ တည်လာတဲ့အခါကျတော့ အားလုံးသော သတ္တဝါတွေ အစီးအပွား များရာများကြောင်းအတွက် ကိုယ်က အခုလို မလွတ်အောင် ထားသွားမယ်ဆိုရင် နေရာတိုင်း နေရာတိုင်းမှာ ဘယ့်နှယ်

ဖြစ်ကုန်မလဲ။

ဖြေ။ ။နေရာတိုင်းမှာ အထမြောက်ပါလိမ့်မယ်ဘုရား။

မေး။ ။ဘုရားရှင်ကလဲ သည်လိုဆုံးမတာဗျ။ ရှေးက အရှင်တွေ သည်လို လုပ်တာဗျ။ အခု ဒကာကြီးတွေ သည်လိုလုပ်သလား။

ဖြေ။ ။လုပ်ဆဲ လုပ်လတ္တံ့ပါပဲဘုရား။

**ဆေးလိပ်သောက်တဲ့ ရလဒ်**

အေး...တချို့တွေဟာ အပိုတွေ အင်မတန်သုံးတယ်ဗျ။ တို့ ဒကာကြီး တစ်ယောက် ပြောဖူးတယ်။ သူက ဘာတုန်းဆိုတော့ ငါတော့ အပိုတွေ မလုပ်ဘဲ နေမယ်ဆိုပြီး သူများဆေးလိပ်သောက်တာ တစ်နေ့ဘယ်လောက် ကုန်သလဲ။ ငါမသောက်ဘူးဆိုပြီ နေတာပဲဗျ။ တော်တော်ကြာတော့ များများကြီး စုမိပြီဆိုတော့မှ ရေမကျောင်းကြီး ဆောက်တာတဲ့ဗျ။ သူများဖြုန်းတာကို မဖြုန်းဘူးဆိုပြီး လုပ်လိုက်တာဗျ၊ ဆေးလိပ်သောက်တာက ဘာအကျိုးရှိသလဲဗျ။

ဖြေ။ ။ဆေးလိပ်သောက်နေရင် ဘာမှ အကျိုးမရှိပါဘူးဘုရား။ သောက်သည့် အတွက် အကျိုးတောင် ယုတ်ပါသေးတယ်ဘုရား။

မေး။ ။ဒကာကြီး ဆေးလိပ်မသောက်ဘူးလား။

ဖြေ။ ။သောက်ပါတယ်ဘုရား။

မေး။ ။ဆေးလိပ်သောက်ချင်တာက ကုသိုလ်ရသလား။

ဖြေ။ ။ဆေးလိပ်သောက်ချင်တာနေတာက လောဘတဏှာပါဘုရား။

မေး။ ။ဆေးလိပ်သောက်ချင်တာ၊ သောက်ချင်လျက်နှင့် သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပဲဘုရား။ ဒါကြောင့် တပည့်တော်က အပါယ် မကျအောင် ဆေးလိပ်သောက်ချင်ရင် သောက်ချင်တဲ့စိတ် ကြာကြာ မဖြစ်ရအောင် မြန်မြန် သောက်လိုက်တာပဲဘုရား။

မေး။ ။သောက်ရင်းနဲ့သေရင် လောဘတဏှာ သမုဒယနဲ့ သေတာပဲဗျ။ ဆေးလိပ်သောက်တာ ကောင်းလိုက်တာဆိုပြီး သေရင်ကော။

ဖြေ။ ။လောဘစိတ်ဖြစ်ပြီး အပါယ်ကျမှာပဲဘုရား။

မေး။ ။မကောင်းလိုက်တာဆိုပြီး သေရင်ကော။

ဖြေ။ ။အပါယ်ကျမှာပါဘုရား။

မေး။ ။ဒကာကြီးဟာက ဘာမှအသုံးမကျဘဲ အပါယ်ကျဖို့ချည်းပါပဲလားဗျ။
ဖြေ။ ။ချမ်းသာလိမ့်မလားလို့ လုပ်တာပဲဘုရား။ ဆင်းရဲနဲ့ချည်း တွေ့နေရပါတယ်ဘုရား။
မေး။ ။ဥပုသ်စောင့်ရင်း၊ ဆေးလိပ်သောက်ချင်လျက်နဲ့ သေသွားရင် ဘယ့်နှယ်လဲ။
ဖြေ။ ။အပါယ်ကျမှာပဲဘုရား။
မေး။ ။ဆေးလိပ်သောက်ရင်း ကောင်းလိုက်လေဗျာ့...နဲ့ သေရင်ကော။
ဖြေ။ ။အပါယ်ကျမှာပါပဲဘုရား။
မေး။ ။မကောင်းလိုက်လေဗျနဲ့ သေရင်ကော။
ဖြေ။ ။ဒေါသစိတ်ဖြစ်ပြီး အပါယ်ကျပြန်မှာပဲဘုရား။
မေး။ ။ဆေးလိပ်သောက်ရင်း စိတ်က ဟိုရောက် သည်ရောက်နဲ့ သေရင်ကော။
ဖြေ။ ။မောဟဖြစ်ပြီး အပါယ်ကျမှာပဲဘုရား။
မေး။ ။ဒကာကြီးဟာကောင်းတာ တစ်ချက်မှ မရှိပါလား။ ဒါဖြင့် ဘယ့်နှယ်လုပ်မှာလဲ။
ဖြေ။ ။ထိသိကို အာရုံမပြတ်ထားမှပါဘုရား။
မေး။ ။သည်လိုဆိုရင် ဆေးလိပ်သောက်ချင်လိုက်တာနဲ့မျှား လာဦးမှာလား။
ဖြေ။ ။ထိသိကို ဝီရိယကောင်းနဲ့ထားရင် ဆေးလိပ်သောက်ချင်တဲ့စိတ်ပျောက်သွားမှာပဲဘုရား။
မေး။ ။ဆေးလိပ်ဖိုးကကော ကုန်ဦးမလား။
ဖြေ။ ။မကုန်ပါဘူးဘုရား။
မေး။ ။ဒီတော့ ဆေးလိပ်သောက်ချင်တဲ့ အချိန်မှာ ဘာရမလဲ။
ဖြေ။ ။အပါယ်ရပါတယ်ဘုရား။
မေး။ ။မသောက်ဘဲနေတော့ ဘာရမလဲ။ ထိသိမပါဘဲနေရင်လေ။
ဖြေ။ ။ဘုရားဆုံးမတဲ့ အဆုံးအမနဲ့ နေရင်တော့ ကုသိုလ်ဖြစ်ပြီး ကိုယ်လိုချင်တဲ့ ဗောဓိကို ချက်ချင်းရပါတယ်ဘုရား။
မေး။ ။အချိန်တိုင်း အချိန်တိုင်း ဘာတွေတိုးသလဲ။
ဖြေ။ ။အချိန်တိုင်း အချိန်တိုင်း ဆောင်နေရင် ကုသိုလ်တွေနဲ့ချည်း တိုးနေပါတယ်ဘုရား။
မေး။ ။အေး...သီလ သမာဓိ ပညာတွေလဲ တိုးတက်နေတော့တာပဲ။

မတိုးချင်ပါဘူးဆိုလို့ ဖြစ်သလား။

ဖြေ။ ။မဖြစ်ပါဘူးဘုရား။ တိုးနေမှာပဲဘုရား။

မေး။ ။အချိန်ရလာတဲ့ အခါကျတော့ လျော့ချင်ပါတယ်ဆိုတောင် မလျော့ပါဘူးဗျ။ ပါးစပ်က လျော့ချင်ပါတယ်လို့ပြော၊ အလုပ်က လုပ်နေမယ်ဆိုရင် လျော့ပါ့မလား။

ဖြေ။ ။မလျော့ပါဘူးဘုရား။

မေး။ ။ရှေးက အရှင်တွေက အဲသည်လိုသွားတာတဲ့ဗျ။ ရှေးက သူတို့ ဥပုသ်စောင့် သွားမယ်ဆိုရင် အခုနဟာတွေ ပါတယ်လို့ ကြားဖူးသလား။

ဖြေ။ ။မကြားဖူးပါဘူးဘုရား။

မေး။ ။ဝတ်ပြုရာမှာ ဆေးလိပ်သောက်မပါရင် ချွတ်ယွင်းတယ်လို့ ပါသလား။

ဖြေ။ ။မပါပါဘူးဘုရား။

မေး။ ။ဘာသာပါသလဲ။

ဖြေ။ ။ဘုရားဆုံးမတဲ့ အဆုံးအမကို သမာဓိတည်အောင် လုပ်ရမယ်လို့သာ ပါပါတယ်ဘုရား။

**မတောင့်တဘဲ ရတဲ့အကျိုးတွေ**

ဟုတ်တယ်ဗျ၊ သီလဘက်က 'အာဘိသမာစာရိကဝတ်၊' ပြုသင့်ပြုထိုက်တာကို ပြုရင်း ကိုယ့်မလွတ်အောင်ထားဘို့ ဒီလိုသာ ဆုံးမတယ်မဟုတ်လား။ အဲဒါတွေတော့ ရတယ်မဟုတ်လား။ သီလအားဖြင့် သမာဓိတည်အောင် လုပ်ရမယ်။ တဏှာဒိဋ္ဌိကို ကွာအောင် လုပ်ရမယ်လို့ဆိုပြီး သီလဆောက်တည်နိုင်းတာဗျ။ ဝီရိယ ထူထောင် ရမှာကလဲ မရသေးတာကို ဘယ့်နှယ်လုပ်ရမှာလဲ။

ဖြေ။ ။မရသေးတဲ့ ကုသိုလ်ကိုရအောင်၊ ရပြီးသား ကုသိုလ်ကို ပွားများရမယ်လို့ ဆိုပါတယ်ဘုရား။

မေး။ ။ဒါဖြင့် တစ်မျိုးလုပ်ရသေးလား။

ဖြေ။ ။ထိသိမှာ အကုန်လုံး ပါပါပြီဘုရား။။

မေး။ ။အဲသည်လို လုပ်ရင်း အခုန ပြောတဲ့ဟာကိုပါ လုပ်ရင် ပစ္စည်းပိုင်းကကော မတိုးဘူးလား။

ဖြေ။ ။ပစ္စည်းပိုင်းကလဲ တိုးနေပါတယ်ဘုရား။

မေး။ ။နောက် ဒီဟာကို စိတ်ကထားရင်း စားလို့ရှိရင်လဲ များများစားမလား၊

နည်းနည်းစားမလား။

ဖြေ။ ။သည်ဟာကို မလွတ်အောင် စားနိုင်ပါတယ်ဘုရား။

မေး။ ။နည်းနည်းစားမှာလား။

ဖြေ။ ။နည်းနည်းစားမှာပါဘုရား။ ထိသိကို အာရုံရောက်နေတော့ အစား လျော့ပါတယ်ဘုရား။

မေး။ ။အစားလျော့သွားတော့ အနေခက်သလား။

ဖြေ။ ။အနေသက်သာသွားပါတယ်ဘုရား။

မေး။ ။ဗိုက်မလေးတော့ ညကော အိပ်ချင်ဦးမလား။

ဖြေ။ ။မအိပ်ချင်ပါဘူးဘုရား။

မေး။ ။သည်တော့ ထိနမိဒ္ဓ လာသေးသလား။

ဖြေ။ ။လာတော့ လာပါတယ်ဘုရား။

မေး။ ။ဒါပေမယ့် ဗိုက်ထဲမှာ ဟာနေတော့ အနားတောင် ကပ်မှာမဟုတ်ဘူး။

ဘုရားဆုံးမတဲ့အဆုံးအမတွေကို အကုန်လုံးဟာ သည်ကစပြီး မလုပ်ကြတာဗျ၊ ပြီးပြီဆိုတော့ သူတို့ဟာက ဘယ်အပေါ်မှာချည်း ပြစ်ချတာလဲဆိုရင် ဘာမှ ပြန်မပြောနိုင်တဲ့ ရှေးက ကုသိုလ်ကံအပေါ်မှာချည်း အပြစ်ဖို့နေတာဗျ။ (တင်ပါ့ဘုရား။)

အေး...ဒါကြောင့် အခုနလို အစက စပြီးထား၊ ပြုဖို့ရာတွေကို ဝီရိယ ထူထောင်ပြီး ပြုမယ်လုပ်မယ်ဆိုရင် ကိုယ်လိုချင်တဲ့ တောင့်တချက်တွေ ပြီးပါတယ်ဗျ။ ရှေးအရှင်တွေကတော့ သည်လိုဝီရိယတွေနဲ့ ထူထောင်ပြီး ယူကြတာဗျ။ စည်းကမ်းနဲ့ ဘာနဲ့ သုံးမယ်ဆိုရင် သူတို့ ဒါတွေတော့ မှတ်ထားပါတယ်ဗျ။ ခတ္တိယမဟာသာလဗြဟ္မဏမဟာသာလဆိုတာတွေ ရှိတယ်မဟုတ်လား။ အလုပ်လုပ်လို့ ဝင်လာရတာရယ်၊ သုံးတာရယ်ဟာ အချိုးကျအောင် အခုနအတိုင်း လုပ်တယ်ဗျ။ အခု ဒကာကြီးများ သည်လို စည်းကမ်းထားသလား။

ဖြေ။ ။စည်းကမ်းလွတ်တာ များပါတယ်ဘုရား။

မေး။ ။အလုပ်လုပ်တဲ့ နေရာမှာလဲ အခုန ဘုရားဆုံးမတဲ့အတိုင်း ဖြစ်သလားဗျ။

ဖြေ။ ။မေ့လျော့နေပါတယ်ဘုရား။

အေး...အဲဒါကြောင့်မို့ဗျ။ ဘုရားဆုံးမတဲ့ အဆုံးအမတော်တွေဆိုတာက

သေသေချာချာမှတ်ထား။ မှတ်ထားပြီး သည်အတိုင်းတိုင်း ဖြည့်ကျင့်ပြီဆိုတော့ အကုန်လုံးတို့ဟာ ဝီရိယတွေနဲ့ ထူထောင်ပြီဆိုတော့ ဘယ်အခါမှ မချွတ်ယွင်းတော့ပါဘူးဗျ။ ရှေးအရှင်တွေက သည်လို သွားကြတာဗျ။ ကိုယ့်အတွက်တင် မကဘူး။ အားလုံးတို့အတွက်တွေတောင် ဆောင်သွားသတဲ့ဗျ။ အဲသည်လို ဝီရိယတွေနဲ့ ထူထောင်ကြပြီဆိုရင်၊ မလိုချင်ဘဲနဲ့ ရတာတွေလဲ အများကြီး ရှိတယ်။ ဘယ်လိုလဲ ဆိုရင် နိဗ္ဗာန်မရသေးမီ စပ်ကြားမှာ ရှင်ဘုရင်ဖြစ်အောင်၊ စကြဝတေးမင်းဖြစ်အောင်၊ သူဌေးဖြစ်အောင်၊ အထက်က သိကြားဗြဟ္မာတွေ ဖြစ်အောင်။ ဖြစ်တဲ့အခါမှာလဲ ဘယ်သူမှ မတုနိုင် မပြိုင်နိုင်အောင်ဟာ နဂိုက မှန်းသလား၊ မမှန်းပေမယ့် လောကကြီး တစ်ခုလုံးမှာ တုနိုင် ပြိုင်နိုင်တဲ့လူ ရှိသလား။

ဖြေ။ ။တုနိုင် ပြိုင်နိုင်တဲ့လူ မရှိပါဘူးဘုရား။

အဲဒါတွေဟာ မလိုချင်ဘဲနဲ့ ရတာဗျ။ မလိုချင်ပေမယ့် သည်ဘဝတွေဟာ ရမှာပဲဗျ။ မလိုချင် မတောင့်တဘဲနဲ့ နိဗ္ဗာန်မရမီ စပ်ကြားမှာ သည်ဘဝတွေကတော့ ရမှာဗျ။ ဒါကြောင့် ကုသိုလ်များ ပြုတဲ့အခါမှာ မပျင်းနဲ့၊ အပျင်းကို လက်သင့်မခံရင် အကုန်လုံး အဆင့်အတန်း တက်တော့တာပဲ။ ကုသိုလ်ပြုတဲ့အခါမှာ ပျင်းပျင်းနဲ့ပဲ လုပ်လုပ်၊ ပျော်ပျော်နဲ့ပဲ လုပ်လုပ်၊ လုပ်ရင် မလုပ်ဘဲနဲ့နေတာထက် ကောင်းတယ်။ သာသနာအတွင်းမှာ အဟုတ်ကို မလုပ်ချင်ဘဲနဲ့ လုပ်လိုက်ဦးဗျာ။ လုပ်တဲ့အကျိုးကတော့ ပေးတော့တာပဲ။

ဘာကြောင့်လဲဆိုရင် အခုလို မြင့်မြင့်မြတ်မြတ်ဟာတွေကို ပြုတာထားပါဦး။

## ကြဲကြဲဖန်ဖန် ကြံတောနတ်

ရှေးအခါတုန်းက ရှင်သာရိပုတ္တရာ အရှင်မြတ် ခရီးစဉ် ကြွတဲ့အခါက ဟိုမှာ ကြံတောကြီးကို အစိုးရတဲ့ နတ်က အရှင်မြတ်ကို လျှောက်သတဲ့ဗျ။ ဘယ်လိုကြောင့် လျှောက်သလဲဆိုရင် သူဟာ ကြံတောကြီးကို အစိုးရတဲ့နတ် ဖြစ်ပါတယ်။ သည်ကြံတောကြီးကို အစိုးရပေမယ့် ငါ့ကြံတော ငါပိုင်တာပဲ ဆိုပြီးတော့ သုံးဖို့၊ စွဲဖို့၊ ယူဖို့ ဝင်လာတဲ့အခါမှာ မဝင်နိုင်ဘူးတဲ့ဗျ။ သူဝင်လာလိုက်တယ်ဆိုရင် ကြံရွက် ကြံလက်တွေက ဆီးပြီးတော့ အတင်း

ထိုးကြ ခုတ်ကြသတဲ့ဗျ။ အဲသည်တော့ သည်နတ်ဟာ အထဲကို မဝင်နိုင်ဘူး တဲ့ဗျ။ သူ့ကြံတောတော့ သူ့ကြံတောပဲ။ သူ့ရဲ့ ရှေးကုသိုလ်ကြောင့် ယူလို့ တော့ မရဘူးတဲ့ဗျ။

ဘာလို့ ယူလို့မရသလဲဆိုရင် သူက သည်အတိုင်းတိုင်း ယူတာကိုး။ သည်အတိုင်းတိုင်း ယူတော့ ကြံရွက် ကြံလက်တွေက ထိုးကြ၊ ခုတ်ကြသတဲ့ဗျ။ အရှင်မြတ် ကြွလာတဲ့အခါကျတော့မှ ရှိခိုးပူဇော်ပြီး၊ မှန်လှပါဘုရား၊ ဘုရားတပည့်တော်သည် သည်ကြံတောကို အစိုးရတဲ့အကြောင်း၊ ဒါပေမယ့် အသုံးမပြုနိုင်တဲ့အကြောင်း၊ ဘုရားတပည့်တော်ဝင်တဲ့အခါ ကြံရွက်တွေဟာ အတင်းထိုးကြ၊ ခုတ်ကြတဲ့အတွက် တပည့်တော် မဝင်နိုင်ကြောင်း လျှောက်တဲ့ အခါမှာ အရှင်မြတ်က နင်အခုလို ဖြစ်ရတာဟာ ရှေးဘဝက ဘယ်လိုကုသိုလ် ပြုလိုက်လဲဆိုရင် သေသေချာချာ သဒ္ဓါတရားနဲ့ပြုတာ မဟုတ်ဘူးတဲ့။

ဘယ်လိုလဲဆိုရင် သူက ကြံစည်းကြီးကို ထမ်းလာတာတဲ့ဗျ။ အဲသည်လို ကြံစည်းကြီး ထမ်းလာတာကို သူငယ်တွေကမြင်တော့ ဝိုင်းပြီး တောင်းကြတာ တဲ့ဗျ။ သည်တော့ သူကလဲ မပေးချင်ဘူးတဲ့ဗျ။ မပေးချင်တော့ ဘယ့်နှယ် လုပ်သလဲဆိုရင် သူက ကြံစည်းကြီးကို မပေးရအောင် အတင်းပြေးတာတဲ့ဗျ။ အဲသည်လိုပြေးတော့ ကလေးတွေကလဲ နောက်က အတင်းလိုက်တာတဲ့ဗျ။ ကြံတပိုင်းပေးပါခင်ဗျာ၊ ကြံတပိုင်းပေးပါခင်ဗျားနဲ့ အတင်းလိုက်တောင်းတာ တဲ့ဗျ။ ကလေးတွေက လိုက်တောင်းလေ၊ သူက ပြေးလေပဲဗျ။ သူက မပေး ချင်တော့ သည်ကလေးတွေ တောင်းကတည်းက သည်ကလေးတွေနဲ့ တဲ့ပါ့ မလား။ (မတဲ့ပါဘူးဘုရား။)

နောက်ကျတော့ သူပြေးရင်းပြေးရင်းနဲ့ လွတ်အောင် မပြေးနိုင်ဘူးတဲ့ဗျ။ အဲသည်လို လွတ်အောင် မပြေးနိုင်တော့မှ ကလေးတွေနဲ့လဲ မတဲ့ပြီး၊ တခါ တည်း နောက်ပြန် ထိုးပစ်ပြီး ပေးခဲ့တာပဲတဲ့ဗျ။ တစ်သက်လုံး သည့်ပြင် ဘာကုသိုလ်မှ မလုပ်ခဲ့ဘူး။ အခုနလို ကလေးတွေက ဝိုင်းတောင်းတဲ့ အခါ ကျတော့မှ သူက မပေးချင်ဘဲနဲ့ ပေးလိုက်တာ၊ နောက်ဆုံး ရှောင်မရ တိမ်းမရ ဖြစ်တော့မှ ကြံစည်းကြီးကို စိတ်တိုတိုနဲ့ နောက်ပြန် ပစ်ပေးခဲ့တာတဲ့ဗျ။

ဒါကြောင့် အခုလို လာဖြစ်တာတဲ့ဗျ။ သူက အခုလို လျှောက်တော့မှ အရှင်မြတ်က ဘယ်လို မိန့်တော်မူသလဲဆိုရင် အသင့်အား သည်ကြံရွက်တွေက မထိုးမခုတ်စေချင်ရင် နောက်ပြန်ဝင်လို့ မိန့်တော်မူသတဲ့ဗျ။ အဲသည်လို

နောက်ပြန်ဝင်တော့ ကြံရှက်တွေက ဘယ်နှယ်မှ မလုပ်တော့ဘူးတဲ့ဗျ။ သည်တော့မှ သူလိုချင်တာ ယူလို့ရသတဲ့ဗျ။ အဲသည်လို ယူလို့ရတဲ့ ကြံတွေကို အရှင်မြတ်အား သေသေချာချာ ဆက်ကပ်လှူဒါန်းလိုက်တော့မှ အခုနလို နောက်ပြန်မဟုတ်တော့ဘဲ ရှေ့တည့်တည့်က ဝင်လို့ ရသွားသတဲ့ဗျ။ အခုလဲပဲ နေရာမကျတာရှိရင် ပြင်လိုက်ရင် ဖြစ်ပါတယ်ဗျ။ အခု ဒကာကြီးတို့ဟာ ဘယ်လို လုပ်နေလို့မှ ရသလဲ။

ဖြေ။ ။တပည့်တော်တို့က ရှေ့နဲ့ချည်း ဝင်နေလို့ပါဘုရား။

မေး။ ။ဝီရိယနည်းတာကို ဝီရိယမနည်းအောင် ပြောတာဗျ။ ဝီရိယ နည်းမှန်းသိရင် မနည်းအောင် ထူထောင်ကြဗျ။ ဝီရိယဆိုတာဟာ နေရာတိုင်း ပိုတယ်လို့ ရှိသလား။

ဖြေ။ ။ပိုတယ်လို့ မရှိပါဘူးဘုရား။ တပည့်တော်တို့ဟာ ပစ္စုပ္ပန်ရော၊ သံသရာရော အခု ဘဝလောက် တစ်ခါမှ ဝီရိယ မထူထောင်ဘူးသေးတဲ့ ဘဝတွေချည်းပါပဲဘုရား။

မေး။ ။အခုတော့ ဒကာကြီးလုပ်ပုံကို အားရရဲ့လား။

ဖြေ။ ။အခုလဲ တပည့်တော်ကိုယ် တပည့်တော် အားမရသေးပါဘူးဘုရား။ သည်ထက် တိုးပါဦးမယ်ဘုရား။

မေး။ ။အလုပ်ကတော့ မလုပ်တာ တယ်မရှိပါဘူး။ အလှူလဲ လှူတာပဲ မဟုတ်လား။ အဲသည်လို လှူတဲ့အခါမှာ အကုန်လုံး နေရာကျအောင် လှူရဲ့လား။

ဖြေ။ ။အကုန်လုံး နေရာ မကျတကျတွေပါပဲဘုရား။

မေး။ ။အလှူ လှူတဲ့နေရာမှာလဲ အကုန်လုံး သဘောကျချည်းပဲဖြစ်အောင် လုပ်ရမှာ မဟုတ်ပါဘူး။ ဟုတ်ကဲ့လား။

ဖြေ။ ။မဟုတ်သေးပါဘူးဘုရား။ ဒါပေမယ့် အခုတော့ လုပ်တတ်ပါပြီဘုရား။

မေး။ ။အခုလိုပြောနေပေမယ့် သူတို့ကလျှောက်ပြီးတော့သာ မှတ်ထား၊ ဟိုလိုကတော့ လုပ်ကို မလုပ်သေးဘူးထင်တယ်။ နေ့တိုင်းတော့ လှူနေတာပဲ မဟုတ်လား။

ဖြေ။ ။နက်ဖြန်ခါကစပြီး လုပ်ပါ့မယ်ဘုရား။

မေး။ ။သူတို့ လုပ်လိုက်တာတွေကတော့ အကောင်းချည်းပဲ။ အကောင်းချည်း ပေမယ့် အခုနလိုတော့ မဖြစ်ဘူး။ ပြီးတော့ သားတွေ သမီးတွေ

မြေးတွေ မြစ်တွေနဲ့လဲ အခုနပြောသလို ဖြစ်သလား။ (ဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။)

မေး။ ။သက္ကာယ နိဗ္ဗာနကော ဖြစ်သလား။

ဖြေ၊ ။မဖြစ်သေးပါဘူးဘုရား။

အေး...အဲဒါတွေကို သိပြီးပြီဆိုတော့ ကိုယ်လိုချင်တဲ့ဗောဓိကို ရှေးအရှင်တွေရဲ့ ဝီရိယကို မီအောင်၊ ညီအောင်ပြုကြ၊ ပြုဖို့ရာကလဲ မခက်ပါဘူး။-ဒါကြောင့် ဝီရိယတွေနဲ့ ထူထောင်ပြီး ကြိုးစားကြ၊ အားထုတ်ကြဗျား။

[၁၉၅၅–ခုနှစ်၊ မေလ ၁၅ရက်နေ့ ည၊ တက္ကသိုလ်ဓမ္မာရုံ၌ ဟောပြောသည်။]

ရှိတယ်၊ မသုံးလို့

"အားလုံးတို့ဟာ

ဝီရိယ ရှိပြီးသားဗျာ။

ရှိပြီးသား သည့်ဝီရိယကို အသုံးမချကြဘူးဗျာ"

# လောကီရတနာနှင့် ဓမ္မရတနာ

## တရားတော်

**လိုမှန်းသိမှ ဖြည့်လို့ရ**

ရှေးအရှင်တွေလို ချမ်းသာသုခကို လိုချင်ပါတယ်ဆိုလျှင် သည်အရှင်တွေရဲ့ ဝီရိယကို မီအောင် ညီအောင်ဟာ ဘယ်လောက်လိုတယ်ဆိုတာကိုကော ဘယ်သူ့ မေးရဦးမှာလဲ။

ဖြေ။ ။ဘယ်သူ့မှ မမေးဘဲ ကိုယ်ကိုယ်တိုင် သိပါတယ်ဘုရား။

မေး။ ။သိတော့ သည်အရှင်တွေရဲ့ ဝီရိယကို မီအောင် ညီအောင်ဟာ ဝီရိယ တိုးတိုးသွားဖို့ မဟုတ်လားဗျာ့။

ဖြေ။ ။တင်ပါ့ဘုရား။ တပည့်တော်တို့ ဝီရိယကတော့ ရှေးအရှင်တို့ ဝီရိယထက် အောက်တန်းကျနေပါတယ်ဘုရား။

အဲသည်လို လိုမှန်းသိရင် လိုမှန်းသိတာကိုပင်လျှင်ပဲ မြင့်မြတ်လှပြီဗျာ့။ လိုတော့ လိုနေတယ်၊ လိုမှန်းမသိလို့ ဖြစ်နေလျှင်တော့ အခုလိုသူ့ဟာက မလိုဘူးလို့ စိတ်က ထင်နေတယ်။

မေး။ ။ဒီတော့ အရှင်တွေရဲ့ ဝီရိယကို မီအောင် ဘယ့်နှယ်လဲ။ သူ . . . ဝီရိယ ထူထောင်ပါဦးမှာလား။

ဖြေ။ ။ဝီရိယ မထူထောင်ပါဘူးဘုရား။

မေး။ ။ဟုတ်တယ်ဗျာ့။ သူက မလိုပါဘူးလို့ စိတ်က အောက်မေ့နေမှာ၊ သည်တော့ မထူထောင်တော့ဘူးဗျာ့။ သည်တော့ လိုတယ်လို့ သိပြီ

ဆိုတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။လိုတယ်ဆိုတာ ကိုယ်တိုင်သိနေပါတယ်ဘုရား။ စမ်းကြည့်တဲ့အခါမှာ နှာသီးဝမှာ ထွက်လေ၊ ဝင်လေ ထိခိုက်တယ်။ ထိခိုက်ချက်ကလေးကို စူးစိုက်ပြီး မှတ်နေတဲ့အခါမှာ တော်တော်ကြာရင် လွတ်သွားရင်း ဝိတက်၊ ဝိစာရနှင့် လိုက်ဖမ်း၊ လိုက်ဖမ်းပြီး ဝိစာရက ဖမ်းချုပ်ထားရင် စိတ်ကလေးက လွတ်လွတ်သွားတဲ့အတွက် တပည့်တော်တို့၏ ဝီရိယသည် ရှေးအရှင်များ၏ ဝီရိယထက် အင်မတန် အောက်တန်းကျ ဖြစ်နေတာ သိပါတယ်ဘုရား။

လိုမှန်းသိပြီဆိုတော့ ဝီရိယမလိုအောင် ထူထောင်ကြဗျာ့။ ထူထောင်ပြီးဆိုတော့ မလိုဘူးဗျာ့။ ဝီရိယများဟာ ဘယ်လိုတုန်းဆိုတော့ ရှိပြီးသားဗျာ။ အားလုံးတို့ဟာ ဝီရိယရှိပြီးသားဗျာ့။ ရှိပြီးသား သည်ဝီရိယကို အသုံးမချကြဘူးဗျာ့။ အသုံးကို မချလို့ပါဗျာ။

ဖြေ။ ။သည်ဝီရိယကို တပည့်တော်တို့က တွေးကြည့်တာ ဘယ်ဆီရောက်နေမှန်း မသိပါဘုရား။

မေး။ ။ရှိမှာပဲဗျာ့။ အကုန်မသုံးလို့ပါဗျာ့။ ဟုတ်ကဲ့လား။

ဖြေ။ ။ဝီရိယကို အကုန်လွတ်ပြီးလို့ ထင်တာပဲဘုရား။ ဝိတက်၊ ဝိစာရကြားထဲက ဘယ်လို လွတ်သွားမှန်း မသိပါဘူးဘုရား။ တပည့်တော်တို့ကလဲ သည်စိတ်ကလေး နောက်ကို လိုက်သွားတာပဲဘုရား။

မေး။ ။အဲသည်လို လိုက်သွားတာဟာ ဝီရိယ လိုလို့လား၊ မလိုလို့လားဗျာ့။

ဖြေ။ ။လိုလို့ပါဘုရား။

လိုမှန်းသိရင် သူတို့ မဝင်သာအောင် သည်က ဝီရိယ ထားလိုက်ရုံပါတဲ့ဗျာ့။ ဘယ်လို ထူထောင်မလဲဆိုရင် သည်နေရာမှာ သည်လို ဖြစ်တတ်မှန်းသိရင် သည်နေရာကို ဤကဲ့သို့ မဝင်နိုင်အောင် စိတ်က သည်လိုထူထောင်ပြီဆိုရင် နောင်ကို သည်နေရာကတော့ မလာဘူးဗျာ့။ သည်နေရာမှာ တခါထဲ လုံလောက်သွားတယ်။ နောက်ကို ဒီလိုချည်းပဲ ထူထောင်ဗျာ့။ ထူထောင်ပြီဆိုမှဖြင့် လိုတဲ့နေရာမှာ တိုးဦးမယ်။ တိုးတဲ့အခါ သည်နေရာ လိုတယ်ဆိုရင် သည်နေရာမှာ မလိုအောင် စိတ်ကထား။ ထားလို့ရှိလျှင် သည်လိုနဲ့ချည်း ထူထောင် ထူထောင်သွားလို့ရှိလျှင် နောင်လိုတဲ့နေရာမှာ မရှိဘဲ ဖြစ်ကုန်ပါလိမ့်မယ်။ ရှေးအရှင်တွေဟာ သည်လို သိတာဗျာ့။ (တင်ပါ့ဘုရား။)

**စာအံ စာကျက်သလို**

ဒကာကြီးများ စာအံ၊ စာကျက်သလို ပြောလဲ ဖြစ်တာပဲ။ စာအံ စာကျက်တာကတော့ ငယ်ငယ်တုန်းက လုပ်လာတာဖြစ်တော့ ဘယ်သူမှ မလုပ်ဖူးဘူးလို့ ပြောမှာ မဟုတ်ဘူး။

ဖြေ။ ။အကုန်လုံး လုပ်ဖူးပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ်ရပြီးသား စာကတော့ ချောချောမောမော ဖြစ်သွားတယ်မဟုတ်လား။

ဖြေ။ ။ရပြီးသားလူများကတော့ ချောချောမောမောပါပဲဘုရား။

မေး။ ။မရသေးတဲ့ လူများကကော။

ဖြေ။ ။မရသေးတဲ့ လူများကတော့ ဟိုကမေ့၊ သည်ကမေ့နှင့် ထစ်ထစ်ငေါ့ငေါ့ ပါပဲဘုရား။

မေး။ ။သည်လို မရ တဲ့ နေရာကို သည်အတိုင်းတိုင်း ထားသလား။

ဖြေ။ ။သည့်အတိုင်းတိုင်း မထားပါဘူးဘုရား။ ပြန်ပြန် ဆိုပါတယ်ဘုရား။

မေး။ ။နောက်ရတော့ ဘယ့်နှယ်လဲ။ သည်နေရာမှာ ယခုနလို မဆိုတတ်ဘဲ ဖြစ်နေသလားဗျာ့။

ဖြေ။ ။အင်မတန် ကောင်းကောင်းမွန်မွန် ဖြစ်သွားပါတယ်ဘုရား။

မေး။ ။နောက် ယခုနလို မရသေးလို့ ဆိုလို့မဖြစ်တဲ့ နေရာ ရှိပြန်တော့ကော။

ဖြေ။ ။သည်လိုပဲ ထပ်ခါထပ်ခါ ပြန်ပြီးတော့ ဆိုသွားရင် ချောမောသွားမှာပဲ ဘုရား။

မေး။ ။နောက်တော့ အကုန်လုံး ဘယ့်နှယ်လဲ။

ဖြေ။ ။အကုန်လုံး ချောမောသွားပါတယ်ဘုရား။

**မတ်တတ်အရပ်စမ်းတဲ့ ကလေးလို**

မေး။ ။အေး–အခုလဲပဲ ဝီရိယထူထောင်ပြီးတော့ ဒကာကြီးများ ငယ်ငယ်တုန်းက ဘာတုန်းဗျာ့ မတ်တတ်ရပ်နိုင်ရဲ့လား။

ဖြေ။ ။မတ်တတ် မရပ်နိုင်ပါဘူးဘုရား။

မေး။ ။မတ်တတ်ရပ်ချင်တဲ့ အခါကျတော့ သည်ကလေးဟာ ဘယ့်နှယ်လဲ။

ဖြေ။ ။မတ်တတ်ရပ်ချင်တဲ့အခါမှာ လေးဘက်ထောက်ပါတယ်ဘုရား။

မေး။ ။ပြီးတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။မတ်တတ် စမ်းရပ်ကြည့်ပါတယ်ဘုရား။
မေး။ ။ရပ်စမ်းကြည့်တော့ ယိုင်ယိုင်လဲတယ် မဟုတ်လား။
ဖြေ။ ။လဲပါတယ်ဘုရား။
မေး။ ။အဲသည်လိုသွားတော့ သူ မတ်တတ်ရပ်ချင်တာဟာ အခုလိုပဲ လဲပေစေဆိုပြီး သာသာကလေး နေသလား။
ဖြေ။ ။မနေပါဘူးဘုရား။ လဲရာက ထပြီး မတ်တတ်ရပ် စမ်းကြည့်ပါတယ်ဘုရား။
မေး။ ။တော်တော်ကြာ လဲပြန်ရော၊ အဲသည်တော့ တော်ပြီလေ လဲပြန်ပြီလို့ သည်လို သာသာကလေး နေမလား။
ဖြေ။ ။မနေပါဘူးဘုရား။ ထပ်ပြီး ရပ်တာပဲဘုရား။
မေး။ ။နောက်တော့ ဘယ့်နှယ်လဲ။
ဖြေ။ ။မတ်တပ် ရပ်နိုင်သွားပါရောဘုရား။
မေး။ ။လဲသေးသလား။
ဖြေ။ ။မလဲတော့ပါဘူးဘုရား။
မေး။ ။အဲသည်လို မလဲဘဲ မတ်တတ်ရပ်နိုင်သွားပြီးတော့ အားသန်လာတဲ့အခါ သူ့ကို ဖြေဖြေးသွားပါဆိုလို့ ရသေးရဲ့လား။
ဖြေ။ ။မရပါဘူးဘုရား။ သည်အခါ မြန်မြန်သွားပါတယ်ဘုရား။
မေး။ ။မြန်မြန်သွားတော့ တခါတည်း သွက်လက်ပြီး အားရှိနေပြီ ဖြစ်သောကြောင့် တခါတခါမှာ ခြေနှစ်ခုဟာ မြေတွင် မနေဘဲ အထက်ကို ခုန်တက်ပြီး နေတယ်မဟုတ်လား။
ဖြေ။ ။နေပါတယ်ဘုရား။
မေး။ ။အထက်ကို ခုန်တက်ပြီးနေတော့ မြေကြီးနှင့် ခြေနှင့် ထိသလား။
ဖြေ။ ။မထိပါဘူးဘုရား။
မေး။ ။သူက ခြေနှစ်ခု လိမ်ပြုများ နေလိုက်သေး မဟုတ်လား။
ဖြေ။ ။တင်ပါဘုရား။
မေး။ ။အလေ့အကျင့် ရပြီဆိုမှဖြင့် အစတုန်းကတော့ မသွားနိုင် မလာနိုင်သူ လေ့ကျင့်ခါစ သည်လိုဖြစ်သလား။
ဖြေ။ ။လေ့ကျင့်ခါစ သည်လို မဖြစ်ပါဘူးဘုရား။
မေး။ ။နောက်ကျတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။နောက်ကျတော့ အင်မတန် သွက်လက်ပြီး နေရာကျပါတယ်ဘုရား။
မေး။ ။သည်တော့ သူ့ကို ဖြေဖြေးသွားဆိုလို့ ဖြစ်သေးသလားဗျာ့။
ဖြေ။ ။မဖြစ်ပါဘူးဘုရား။

ဖြေဖြေးသွားဆိုတာတောင် မဖြစ်တော့ဘူး၊ မြန်မြန်သွားချင်တယ်၊ ခုန်ချင်တယ်ဗျာ့။ အေးဗျာ အခုလဲ ခုန ကလေးများဟာ ထိုင်ရာက ထတာလိုဗျာ့။

မေး။ ။သည်လိုပဲ စိတ်ကို ထားတယ်၊ ထားလို့ မနေဘူးဆိုရင် ဘယ့်နှယ်လဲ။
ဖြေ။ ။မနေဘူးဆိုရင် ထပ်ပြီးနေအောင် ဝီရိယတွေ တိုးပေးရမှာပါပဲဘုရား။
မေး။ ။သည်ကျတော့လဲ ခုတင်ခု၊ ခုတင်ခု မဟုတ်ဘူးတဲ့ဗျာ့ ဘယ့်နှယ်လဲ။
ဖြေ။ ။ခုတင်ခု ခုတင်ခုပဲ ဝီရိယတွေ တိုးတက်ရမှာပါပဲဘုရား။
မေး။ ။နောက်ကျတော့ ဘယ့်နှယ်လဲ၊ သည်လို လွတ်လွတ်သွားတာ ဖြစ်ဦးမလား။
ဖြေ။ ။နောက်ကျတော့ မလွတ်ဘဲ နေမှာပါဘုရား။

အေး–ရှေးအရှင်တွေဟာ သည်လို ထူထောင်ကြတာတဲ့ဗျာ့။ အခုလဲပဲ စိတ်က တခြားသွားပါတယ်ဆိုရင် 'ကဲ့ဟဲ့'ဆိုပြီးတော့ ကိုယ်က သည်လိုသာ လုပ်ကြဗျာ၊ ကြားလား။ (တင်ပါ့ဘုရား။)

မေး။ ။စိတ်က တခြားသွားလေလေ၊ ကိုယ်က ဘယ့်နှယ်လုပ်မှာလဲ။
ဖြေ။ ။စိတ်က တခြားသွားလေလေ၊ ဝီရိယသုံးပြီး အားခဲပြီး ထပ်ခါတလဲလဲ ပြန်ပြီးတော့ သည်လျော့တဲ့ နေရာမှာ ဖြည့်ပေးရန် ဖြစ်ပါတယ်ဘုရား။

အေး–အရှင်ကောင်းတွေဟာ အဲသည့်လို့ထူထောင်ပြီး သွားကြတာဗျာ့။ အဲသည်လို ထူထောင်သွားတဲ့ အခါကျတော့ သူတို့မှာ အကုန်လုံး မှန်းထားသည့်ထက် တိုးရကြပါတယ်ဗျာ့။ ဘာကြောင့်လဲဆိုရင် အခု အခါကောင်းကြလို့၊ ဘဝကောင်းကြလို့ ယခုလို ဘုရားပွင့်တော်မူတဲ့အခါ၊ သာသနာရှိတဲ့ အခါမျိုးမှာ သုဂတိဖြစ်ကြတဲ့ လူ့ဘဝ၊ နတ်ဘဝ ရကြပြီဆိုတော့ သည်ကပဲ အကုန်လုံး လိုချင်တာတွေကို ဝီရိယ ထူထောင်ပြီးတော့ အရယူကြတာချည်းပဲ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။သည်တော့ သည်အချိန်အခါမျိုးမှာ ကိုယ်မှန်းထားတဲ့ အတိုင်း မရတာ၊ မပြီးတာ ရှိသေးသလားဗျာ့။
ဖြေ။ ။မရှိပါဘုရား။

**ပိုက်ဆံထုပ်ကြီး ရှိသေလေးစားသလို**

ရှေးအရှင်တွေဟာ နှစ်သက်တဲ့ အသီးသီး ဗောဓိတွေကို ဒီအချိန်အခါ တွေမှာ ယူကြတာချည်းပဲဗျာ့။ သည်အချိန်အခါ မရခင်သာ မျှော်လင့်တောင့်တ ပြီးတော့ သည်အချိန်အခါ ရောက်အောင် တောင့်တပြီး နေကြပါတယ်။ ရပြီဆိုသည်နှင့် တပြိုင်နက် ကိုယ်မှန်းထားတဲ့ တောင့်တချက်တွေဟာ အခု လို ပြီးကြပါတယ်ဗျာ့။ သည်တော့ သည်အချိန်အခါ ဘဝကောင်းတာ သိပြီး ဝီရိယကောင်းကြရင် မှန်းထားတဲ့အတိုင်း ပြီးတာပဲ၊ ဘယ်သူ့မှ မမေး ရဘူး။ အခု အားလုံးတို့ဟာ တရားနာ လာကြတယ်မဟုတ်လား။ သူတို့မှာ ရောက်လေရာရာမှာ တရားဟော ခမ္မက်ထိက လုပ်နေကြတာပါဗျာ့။ ဟုတ်ရဲ့လားဗျာ့။ ဟုတ်ပါတယ်ဗျာ။ သူများထက်ကောင်းမှ သူတို့က ပိုပြီး ဟောတတ်တယ်။ ပြောတတ်တယ်ဗျာ့။ ဘယ်လိုတုန်းဆိုတော့ သိထားတာက အများကြီးဗျာ့။ သည်တော့ ကိုယ်သိထားတာတွင်ပင်လျှင်ပဲ သိသလောက်က လေးကို မချို့ယွင်းရအောင် ထူထောင်ကြပါဗျာ့၊ သည့်ပြင်က များများမလို သေးပါဘူး။ သူတို့က သိထားတာက ဘာတုန်းဆိုရင် မမေ့မလျော့ဘဲနှင့် ဝီရိယ ထူထောင်ဖို့ရာတွေ သိတယ်။ ပြီးတော့ သည်းခံခြင်းနှင့် ဘာတုံး နိဝါတသက္ကစ္စဆိုတာတွေ အကုန်လုံး သိတယ်မဟုတ်လား။ (အကုန်သိပါတယ် ဘုရား။)

မေး။ ။သိတဲ့အတိုင်းသာ အကုန်လုံး ဂရုစိုက်ပြီး အဲသည်လို သွားပါဗျာ့။ သည်တော့ သက္ကစ္စနှင့် အလုံးစုံတို့ဟာ ဘယ်ဟာမှ မချို့ယွင်းရအောင် သွားမည်ဆိုလျှင်၊ သည်းခံခြင်းတွေနှင့် အဲသည်လိုသာ တိုးမြှင့်သွား မည်ဆိုလျှင် အချိန်တိုင်း တို့မှာ ဘယ်ဟာများ တောင့်တတဲ့အတိုင်း မပြီးနိုင်စရာ ရှိသေးသလဲဗျာ့။

ဖြေ။ ။မရှိတော့ပါဘုရား။

ရှေးအရှင်တွေကတော့ သည်လိုသွားတာဗျာ့။ ဥပမာ– ဘယ်လိုတုန်း ဆိုလျှင် သည်းခံခြင်းနှင့် မေတ္တာနှင့် ကိုယ်အလိုရှိတဲ့ ဟာကို သက္ကစ္စနှင့် ပြုသွားတယ်ဆိုတော့ သက္ကစ္စမျိုးဟာ ဘယ်ဒင်း များလဲဆိုလျှင် ဥပမာ– သည်လို ပြောကြပါစို့။ ရွှေတို့ ငွေတို့ဟာ သူတို့ အသုံးကျမှန်း သိတော့ ကြိုးစားရှာကြတယ်။ ရှာတော့ ရရောဗျာ့။ ဥပမာ– ငွေတစ်သိန်းစီ၊ ငွေတစ် ကုဋေစီဆိုပြီးတော့ အားလုံးကို ဝေမယ်ဗျာ့။ ဝေတော့ရကြရော။ ရကြတော့

ဘယ့်နှယ်လဲဗျာ့။ ယူလာည့်ကြဆိုရင် ဘယ့်နှယ်လဲ ပျော်ပျော်ကြီး ယူမလား။ ပျင်းပြီး ယူမှာလား။

ဖြေ။ ။ပျော်ပျော်ကြီး ယူမှာပါဘုရား။

မေး။ ။အဲဒါ နှစ်သက်တာဗျာ့။ ဟုတ်ကဲ့လား။ (မှန်ပါ့ဘုရား။)

မေး။ ။နှစ်သက်တော့ သည်ဟာရသည်နှင့် တပြိုင်နက်တည်း၊ ဘယ့်နှယ်လဲ မထိမဲ့မြင်နှင့် တော်သလို နေရာမှာ ထားမှာလား။

ဖြေ။ ။အင်မတန် သေသေချာချာ သိမ်းထားမှာပါဘုရား။

မေး။ ။ဆောင်ရာ ပြုရာမှာရော။

ဖြေ။ ။အင်မတန် သေချာမှာပါဘုရား။

မေး။ ။သည်ဟာကိုတော့ အဲသည်လို ရသည်နှင့် တပြိုင်နက်တည်း၊ ဤကဲ့သို့ အရှိအသေ သက္ကစ္စနှင့် သည်လိုပြုကြတော့ သွားတဲ့အခါ သည် သောင်း၊ သိန်း၊ ကုဋေအထုပ်ကြီးကို ထားပစ်ခဲ့မှာလား။ (ယူသွားမှာပါ ဘုရား။)

မေး။ ။ခဏကလေး ထားပစ်ခဲ့မှာလားဗျာ့။ (မထားခဲ့ပါဘူးဘုရား။)

မေး။ ။အခြားတပါး သွားတဲ့အခါ နေပေ့စေဆိုပြီး ထားပစ်ခဲ့မှာလား။

ဖြေ။ ။မထားခဲ့ပါဘူးဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။ (တခြားလူ ယူသွားမှာ စိုးလို့ပါဘုရား။)

မေး။ ။သည်မှာ တခြားလူမှ မရှိဘဲ နေပေ့စေ၊ ငါ့ သိတင်းသုံးဖော်တွေနဲ့ပဲဆိုပြီး အဲသည်လို ထားပြီး တခြားသွားမှာလား။

ဖြေ။ ။သိတင်းသုံးဖော်တွေလဲ မယုံ့တယုံပါဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ။ ပြီးတော့ အမှတ်တမဲ့နဲ့ သွားတဲ့အခါမှာ သည်နေရာ ကလေးမှာ မေ့နေခဲ့တယ်။ မေ့နေလို့ အမှတ်ရတဲ့ အချိန်ကျတော့လဲ နေပေ့စေဆိုပြီး သည်လို သွားမှာလား။

ဖြေ။ ။သည်လို မသွားပါဘူးဘုရား။ ချက်ချင်းပြန်ပြီး ရှာမှာပါဘုရား။

မေး။ ။ဘာကြောင့်လဲ။

ဖြေ။ ။အင်မတန် နှမြောစုံမက်လို့ပါဘုရား။ သည်လိုလဲ မေ့ထားခဲ့မှာ မဟုတ်ပါဘူးဘုရား။ အင်မတန် သတိ ဝီရိယနှင့် တရိုတသေ တလေးတစား (သက္ကစ္စထားပြီး) လက်က တစမ်းတည်း စမ်းနေမှာပါ ဘုရား။ ဟုတ်တယ်ဗျာ့။ အဲဒါ ဘာလဲဆိုရင် ရွှေငွေ အသုံးမကျမှန်း

သိလို့ ရွှေငွေကို သည်လို အလေးဂရု ပြုတာဗျာ့။

မေး။ ။သည်ရွှေငွေနှင့် ယခု ဒကာကြီး ဘုရားဆုံးမတဲ့ တရားရတနာနှင့် ဘယ်သင်းက အဖိုးထိုက်တန်ပါသလဲဗျာ့။

ဖြေ။ ။တရားရတနာက အင်မတန် မနှိုင်းယှဉ်လောက်အောင် အဖိုးထိုက်တန် ပါတယ်ဘုရား။

**ဓမ္မရတနာထုပ်ကြီး မေ့ကျန်ခဲ့ရင်**

မေး။ ။သည်လို အဖိုးထိုက်တန်တော့ အခုလို ဘုရားအဆုံးအမ ရတယ်၊ ရတော့ အချိန်ကျရင် ကိုယ့်နေရာကိုယ် ပြန်တယ်။ ပြန်ကြတော့ ဒါကို တခါတည်း သည်နေရာမှာ မနေရစ်ခဲ့ဘဲ မထားခဲ့ဘဲနှင့် တခါတည်းပါအောင် ဆောင်သွားမှာလားဗျာ့။

ဖြေ။ ။တပည့်တော်တို့ဖြင့် ဓမ္မာရုံတွင်ပဲ ကျန်နေခဲ့ပါတယ်ဘုရား။

မေး။ ။ဘယ်လောက်ကြာတော့ အမှတ်ရသလဲ။

ဖြေ။ ။ထွက်ကတည်းက အမှတ်ရတာပဲဘုရား။

မေး။ ။အမှတ်ရတော့ ပြန်ယူသလား။

ဖြေ။ ။နေပေ့စေ ကားမမီဘဲ နေလိမ့်မယ်ဆိုပြီး သုတ်သုတ်နှင့် သွားတာပါပဲ ဘုရား။

မေး။ ။နို့-ခုန ရွှေငွေနှင့် ဘုရားဆုံးမတဲ့ အဆုံးအမတွေဟာ ဘယ်သင်းက မြင့်မြတ်ပါသလဲဆိုတော့ ဘယ်လိုပြောသလဲ။

ဖြေ။ ။ဘုရားအဆုံးအမက အဆမတန် မြင့်မြတ်ပါတယ်ဘုရား။

မေး။ ။အခုန ရွှေငွေတစ်သိန်းလောက် ကျန်နေလို့ အမှတ်ရတဲ့အချိန်မှာ ယခုန ကားမမီဘဲ နေလိမ့်မယ်ဆိုပြီး ပြန်မယူဘဲ ကားစီးပြီး သွားမှာ လား။

ဖြေ။ ။ငွေတစ်သိန်းဘက်ကို ပြန်လာမှာပဲဘုရား။ ကားမမီလဲပဲ မသကာ သည်ငွေတစ်သိန်းနှင့် သည်နေရာမှာပဲ အိပ်နေမှာပဲဘုရား။

မေး။ ။ယခုနတော့ တရားရတနာက အဖိုးထိုက်တန်ဆိုပြီး ယခုတော့ ဘယ့်နှယ်ဖြစ်ပြန်လဲ။

ဖြေ။ ။အခုတော့ ငွေတစ်သိန်းက ထိုက်တန်နေပါတယ်ဘုရား။ ဒါက လောဘနှင့် အင်မတန် ပဏာစားနေပါတယ်ဘုရား။

မေး။ ။အဲသည်လို ပဏ္ဏာစားနေရင်း အဲသည် ငွေတစ်သိန်း ရပြီဆိုတော့ သည်ဟာနှင့် ပြုံးပြုံးကြီး သေမယ်ဆိုရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ကျမှာပါဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။ သည်ဟာနှင့်လေ ဒါနှင့် ပျော်ပြီး သေရင်ကော။

ဖြေ။ ။နို့–သည်ဟာနှင့် အပါယ်မကျခင် သူ့ရတော့ ချမ်းချမ်းသာသာ ဖြစ်သလား။

ဖြေ။ ။သူရတဲ့ နေ့ကစပြီးတော့ အင်မတန် ဆင်းရဲပါတယ်ဘုရား။

မေး။ ။အိပ်လို့ပျော်မှ ပျော်ပါ့မလား။ (မပျော်ပါဘူးဘုရား။)

မေး။ ။ဒါဖြင့် ဘယ်မှာလဲ။

ဖြေ။ ။သူ အသုံးကျတာက မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ တွေကိုတော့ဖြင့် ဖြည့်စွက်လိမ့်မယ်လို့ ဝမ်းသာပြီး ချမ်းသာနေပါတယ် ဘုရား။

မေး။ ။ယခုန ဘုရားအဆုံးအမကို အာရုံပြုတာကတော့ ဘယ့်နှယ်လဲ။ ယခုအာရုံပြုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ယခု မြတ်စွာဘုရား အာရုံပြုတဲ့ ချမ်းသာက လောဘ၊ ဒေါသ၊ မောဟ လွတ်ကင်းတဲ့ ချမ်းသာပါဘုရား။ ဟိုဘက်က ငွေတစ်သိန်း ကတော့ ကာမတရားတွေနှင့် ဆက်သွယ်ပြီးတော့နေတဲ့ ချမ်းသာသုခပါ ဘုရား။

မေး။ ။သို့ကြောင့် ယခု အာရုံပြုမယ်ဆိုရင် အားလုံး စူးစူးစိုက်စိုက် နေတဲ့ အခါမှာ အခုချက်ချင်း ဆင်းရဲ ဖြစ်သေးသလားဗျာ့။

ဖြေ။ ။မြတ်စွာဘုရား တရားတော်ကို အာရုံစူးစူးစိုက်စိုက် တည်နေတော့ အင်မတန် ငြိမ်းချမ်းတဲ့ သုခကို ခံစားနေရပါတယ်ဘုရား။

မေး။ ။ဒါအခုအတွက်၊ နောင်အတွက် သည်လိုဖြစ်စေချင်ရင် နောင်အတွက် ကောဗျာ့။

ဖြေ။ ။နောင်အတွက်လဲ သံသရာတလျှောက်လုံး အင်မတန် လောဘ၊ ဒေါသ၊ မောဟကင်းတဲ့ ချမ်းသာကို ခံစားရပါတယ်ဘုရား။

မေး။ ။အခုနဟာတော့ ရကတည်းက ဘယ့်နှယ်လဲ။

ဖြေ။ ။ရကတည်းက တပည့်တော်တို့၏ ပုထုဇဉ်မှာတော့ဖြစ်ရင် အင်မတန် ချမ်းသာသုခကြီး တစ်ခုလုံးပဲ၍ အားလုံးသော ကမ္ဘာသားများက

မျက်စိအာရုံ၊ နားအာရုံ အစရှိသည်တို့မှာ ချမ်းသာသုခပဲလို့ အမြဲ မှတ်ပြီးတော့ ထားတော့ ဒါနှင့်ပဲ သံသရာတစ်လျှောက်လုံး ဖြစ်ပြီးတော့ ယခုထက်ထိ နစ်နေပါသေးတယ်ဘုရား။

မေး။ ။သည်တော့ စိုးရိမ်ကြောင့်ကြမှု ငြိမ်းသလားဗျာ့။

ဖြေ။ ။မငြိမ်းပါဘူးဘုရား။ သို့ပေမယ့် တပည့်တော်တို့က ဒါက ချမ်းသာပဲလို့ ဆိုပြီး အင်မတန်မှ နှစ်နှစ်ခြိုက်ခြိုက်ကြီး လိုက်ရှာနေကြပါတယ်ဘုရား။

မေး။ ။ယခုကတည်းက စိုးရိမ်ကြောင့်ကြ နှစ်နှစ်ခြိုက်ခြိုက်နှင့် ပူပန်ရပြီ ဒါကို နှစ်နှစ်သက်သက်နှင့် သေသွားရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အပါယ်ကျမှာပဲဘုရား။

ဖြေ။ ။ပုထုဇဉ်များ သည်ဟာကို ချမ်းသာလို့ ထင်ပြီး၊ အရိယာများကတော့ ဒါကို ဒုက္ခ၊ ဒုက္ခလို့ ထင်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော်တို့က ဒုက္ခလို့ မထင်ပါဘူးဘုရား။ ချမ်းသာတယ်၊ ချမ်းသာတယ်နှင့် မျက်စိအင်မတန် လည်နေပါတယ်ဘုရား။

မေး။ ။လည်နေရင်၊ အခုနလိုထားရင် အခုနလို စိတ်က ဖြစ်နေပါဦးမလား။

ဖြေ။ ။မဖြစ်ပါဘူးဘုရား၊ အဟုတ်လုပ်ရင် တကယ်ချမ်းသာမှန်း သိပါတယ် ဘုရား။ လောဘ၊ ဒေါသ၊ မောဟလွတ်ကင်းပြီး တကယ့်အစစ် ချမ်းသာမှန်း သိပါတယ်ဘုရား။

ဟိုက လောဘရုံတဲ့ ချမ်းသာဟာ ချမ်းသာမဟုတ်ဘူး။ ဒုက္ခရယ်လို့ အဲသည်အခါမှာ သိပါရောဗျာ့။ အေး–ရှေးအရှင်တွေက ဘုရားဆုံးမတဲ့ အဆုံးအမကို ရကြတဲ့အခါ ကောင်းမွန်စွာ မှတ်သားပြီး လိုက်နာ၊ လိုက်နာပြီ ဆိုလို့ ဆိုက်လာတော့ ယခုပြောတဲ့ ပစ္စည်းတို့ ဘာတို့ဟာ ဘယ့်နှယ်လဲ လိုချင်သေးသလား။

ဖြေ။ ။မလိုချင်ပါဘူးဘုရား။ ရှိတဲ့ပစ္စည်းတွေတောင် စွန့်ပစ်ချင်တဲ့ဆန္ဒ ပေါ်ပေါက်ပါတယ်ဘုရား။

ရှေးအရှင်တွေဟာ သည်လို ဆောင်ရွက်သွားကြတော့ သည်လိုချမ်းသာ တွေနှင့် ပစ္စုပ္ပန်ရော သံသရာရော လုံလောက်ပြီး သွားပါတယ်ဘုရား။ ဒါ အခါဘဝ ကောင်းကြတာ သိပြီးတော့ ဝီရိယနှင့် ထူထောင်ယူကြတဲ့ သူတော်ကောင်း အစားစားတို့မှာ ဤကဲ့သို့ ပြီးစီးကြပါသတဲ့ဗျာ့။ အခုလဲပဲ အားလုံးသော သူတော်ကောင်း အစားစားတို့မှာ သည်အရှင်တွေကဲ့သို့

သာသနာနှင့် ဘုရားဆုံးမတဲ့ အဆုံးအမကို မှတ်သားပြီးတော့ သည်အရှင်တွေရဲ့ ဝီရိယကို မီအောင် ညီအောင် ထူထောင်လို့ရှိရင် သည်အရှင်ကဲ့သို့ပင်လျှင်ပဲ ချမ်းသာသုခတွေဟာ အခါမလင့် ဆိုက်ပါလိမ့်မယ်ဗျာ။ ဆိုက်လာတဲ့အခါ ကျတော့ ထပ်တူညီမျှ ဤကဲ့သို့ သူတော်ကောင်း အစားစားတို့မှာ တောင့်တတဲ့အတိုင်း ပြီးကြပါလိမ့်မယ်ဗျာ။

ထိုသို့ဖြစ်သောကြောင့် သည်အရှင်တွေကဲ့သို့ အခါကောင်းပုံ၊ ဘဝကောင်းပုံကလဲ ထပ်တူညီမျှ၊ သည်တော့ ဘုရားအဆုံးအမကို မှတ်သားပြီးသားကလည်း ရှိနေတော့ ဘယ်လောက်သာ လိုပါသလဲဆိုရင် 'သည်အရှင်တွေကဲ့သို့ ဝီရိယကို မီအောင် ညီအောင် ငါတို့သည် ထူထောင်မယ်'လို့ စိတ်ဆန္ဒ ပေါ်ပေါက်လာအောင် ပြုရုံပါပဲ။

ဤကဲ့သို့ ဆန္ဒ ပေါ်ပေါက်လာပြီဆိုမှဖြင့် ဝီရိယက ထက်ချပ်မကွာ ပါလာလိမ့်မယ်။ ပါလာရင် ဝီရိယိဒ္ဓိပါဒ် ချက်ချင်း အဲသည်လို ဖြစ်တဲ့အခါကျတော့ လျော့ပါပေါ့ပါဆိုလို့ သူတပါးတို့က ပြောပေမယ့် လျော့ကြပေါ့ကြမယ် မဟုတ်ပါဘူးဗျာ။ ရှေးအရှင်တွေက အားမရ မရောင့်ရဲနိုင်ဘဲ ရှင်ကြ၊ ပျော်ကြသလို ရှင်မှာ ပျော်မှာပါပဲဗျာ။

ဒါကြောင့် အချိန်အခါဘဝကောင်းတာ သိပြီးပြီဆိုတော့ ရှေးအရှင်များတို့ တောင့်တချက် ပြီးသလို ပြီးအောင် ဝီရိယကို ထူထောင်ပြီး၊ ကြိုးစားကြ၊ အားထုတ်ကြဗျာ။

[၁၉၅၅–ခုနှစ်၊ မေလ ၁၆–ရက်နေ့ည၊ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ဟောကြားသည်။]

ထိန်-မိဒ္ဒ ရန်သူတိုက်နည်း

- အဲတာ ပျင်းလဲပဲ လုပ်၊

ပျော်လဲပဲ လုပ်ဗျ။

ပျင်းလဲပဲ အစီးအပွားများမှန်းသိရင်

လုပ်သာလုပ်။

ပျော်လဲပဲ လုပ်သာလုပ်။

# အပြောရပ်ကြစို့

## တရားတော်

**စန္ဒကူးနံ့သာ၊ ကြံ့ အရသာလို**

ရှေးအရှင်တွေကတော့ အအားအနား မထားဘဲ ကိုယ်မှန်းထားတဲ့ ဗောဓိကို ပြီးအောင် တစ်ဆက်တည်း ယူကြတာတဲ့ဗျ။

လျှောက်။ ။'တစ်ဆက်တည်း'ဆိုတာ အမိန့်ရှိပါဦးဘုရား။

ဣရိယာပုတ် လေးပါးမှာပေါ့ဗျာ။ တဆက်တည်း အချိန်တိုင်း အချိန်တိုင်းဟာ အရှိကို ဆောင်ပါတဲ့ဗျ။ ဘယ်လိုတုန်းဆိုရင် ဘယ်ဣရိယာပုတ်ပဲဖြစ်ဖြစ်၊ ဘယ်အချိန်အခါ ဖြစ်ဖြစ်၊ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံဆိုတဲ့ နှစ်သက်ဖွယ်နဲ့ တွေ့ရင် တွေ့မယ်။ မနှစ်သက်ဖွယ်တွေနဲ့ တွေ့ရင် တွေ့မယ်။ အဲဒီလို တွေ့တဲ့အခါမှာ ဘယ်အချိန်မဆို အစီးအပွားဟာ အရှိချည်း ဆောင်ကြတာဗျ။ တဆက်တည်း တသီ တတန်းကြီးပဲဗျာ။ ဘယ်လိုတုန်းဆိုရင် စန္ဒကူးနံ့သာ အနှစ်များလိုပဲဗျ။ စန္ဒကူးနံ့သာ အနှစ်များဟာ ဘယ့်နဲ့တုန်းဆိုရင် ရှုတ်ချက်ရဲ့ကြတဲ့ လူတွေကောဗျ။ စန္ဒကူးနံ့သာဆိုတာဟာ အနံ့ကောင်းတာလား၊ မကောင်းတာလား။

ဖြေ။ ။အနံ့ကောင်းပါတယ်ဘုရား။

မေး။ ။အနံ့ကောင်းတယ်ဆိုတာ အကုန်လုံး နှစ်သက်တာမဟုတ်လား။

ဖြေ။ ။အကုန်လုံး နှစ်သက်ပါတယ်ဘုရား။

မေး။ ။အဲသည်လို အနှစ်ဖြစ်တဲ့ စန္ဒကူးနံ့သာများဟာ ဘယ့်နှယ်လဲ။

ဆဲရေးတိုင်းထွာပြီး ရှုတ်ချကဲ့ရဲ့နေတဲ့ သူများကော ကြိုင်သလား၊ လှိုင်သလားဗျ။

ဖြေ။ ။သူလဲ ကြိုင်လှိုင် မွှေးပါတယ်ဘုရား။

မေး။ ။ချီးမွမ်းပြီးတော့ ကျေးဇူးဂုဏ်တွေကို ပြောဆိုနေတဲ့ သူများကောဗျာ။

ဖြေ။ ။သည်လိုပဲ မွှေးကြိုင်တာပဲဘုရား။

မေး။ ။ပြီးတော့ ကျေးဇူးဂုဏ်တွေကို ချီးမွမ်းလေးစား ပြုနေတဲ့ သူများကို ပိုပြီးတော့ မွှေးသလား၊ ကြိုင်သလားဗျာ။

ဖြေ။ ။အတူတူ မွှေးကြိုင်ပါတယ်ဘုရား။

မေး။ ။ဆဲရေးတိုင်းထွာပြီး နေတဲ့သူများကိုကော ဟိုလောက်မမွှေးဘဲ သူ့တော့ နည်းနည်းကလေးပဲ မွှေးမှာလားဗျာ။

ဖြေ။ ။ထပ်တူညီမျှ မျက်နှာမလိုက်ဘဲ မွှေးမှာပါဘုရား။

မေး။ ။သည်စန္ဒကူးနံ့သာဟာ တကြိုင်ကြိုင် တလှိုင်လှိုင်နဲ့ နေတာဟာ ဘယ်အချိန်များ မကြိုင်မလှိုင်တဲ့ အချိန် ရှိသေးသလဲ။ (မရှိပါဘူးဘုရား။)

အဲသည်လိုပဲ ဘုရားဆုံးမတဲ့ အဆုံးအမ ရကြပြီဆိုမှဖြင့် မြင့်မြတ်ကြတဲ့ သူတော်ကောင်း အစားစားတို့မှာ အစီးအပွားတွေကို ဘယ်အချိန်မှ နည်းနည်းကလေးမှ မလွတ်ပါဘူးတဲ့ဗျ။ အနိဋ္ဌာရုံနှင့် တွေ့လဲပဲ ကိုယ်လိုချင်တဲ့ဟာကို ရအောင် မချတဲ့ ဝီရိယနှင့် အရယူထား။ ဣဋ္ဌာရုံနှင့် တွေ့လဲ ကိုယ့်လိုချင်တဲ့ ဟာကို အရယူတာပဲတဲ့ဗျ။ အစဉ်အတိုင်း သည်လိုပဲတဲ့ဗျ။ ပြီးတော့ အခ ကြပင်တို့လိုတဲ့ဗျ။ ကြံများဟာ အရသာ ဘယ်လိုနေသလဲ။

ဖြေ။ ။ချိုပါတယ်ဘုရား။

မေး။ ။အရသာချိုတာဟာ ရှုတ်ချကဲ့ရဲ့ပြီး စားကြသောက်ကြတဲ့ သူတွေ ကျတော့ကောဗျာ။ (ချိုပါတယ်ဘုရား။)

မေး။ ။ချီးမွမ်းပြီးတော့၊ အမျိုးမျိုးအဖြာဖြာ ကျေးဇူးဂုဏ်တွေကို ပြောဆို နေတဲ့ သူတွေကောဗျာ။ (ချိုပါတယ်ဘုရား။)

မေး။ ။အချိန်ကကောဗျာ။ (ဘယ်အချိန်စားစား ချိုတာပါပဲဘုရား။)

မေး။ ။ဣရိယာပုတ်ကကောဗျာ့။

ဖြေ။ ။ဘယ်ဣရိယာပုတ်မဆို ချိုတာပါပဲဘုရား။

အေး...ရှေးကအရှင်တွေဟာ သည်လိုပဲဗျ။ ဘုရားအဆုံးအမကို ရကြပြီဆိုတော့ 'ကဲ့ဟဲ့'ဆိုပြီး ကိုယ်အလိုရှိတဲ့ မှန်းထားချက်ပြီးအောင်

ဆောင်တာဗျ။ တခါတည်း တချိန်တည်း ချုံနေတာတဲ့ဗျ။ (တင်ပါဘုရား။)

အဲဒါကြောင့် သည်အရှင်တွေဟာ အကုန်လုံးပြီးတာဗျ။ ဣရိယာပုတ်လေးဖြာမှာ သည်လိုပဲ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံဆိုတဲ့ နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ်ဆိုတာတွေကို လျှောက်ပြောစမ်းပါဆိုလျှင် အချိန်တစ်ခုမှာတင်ပဲ အကုန်လုံးစေ့အောင် ပြောနိုင်မလား။

ဖြေ။ ။မပြောနိုင်ပါဘူးဘုရား။

မေး။ ။နှစ်သက်ဖွယ်ဖြစ်၊ မနှစ်သက်ဖွယ်ဖြစ်တဲ့ဟာ နောက်က ပြထားတဲ့ အကြောင်းအားလျော်စွာ ဘယ်တော့မှ မဖြစ်တော့ဘူးဗျ။ ဒါတွေကို ရှိကြတဲ့ အခါမှာ ပကတိအတိုင်း နှစ်သက်ဖွယ်နဲ့ တွေ့ရင် ဘယ်လို ဖြစ်မလဲ။

ဖြေ။ ။နှစ်သက်ဖွယ်နဲ့ တွေ့ရင် လောဘ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။မနှစ်သက်ဖွယ်နဲ့ကောဗျ။ (ဒေါသ ဖြစ်သွားပါတယ်ဘုရား။)

မေး။ ။အဲသည်လို ဖြစ်နေရင် ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံဟာ ဘယ်တော့မှ မပြတ်အောင် တဆက်တည်း တွေ့ပြီး နေတာကို သည်အတိုင်းတိုင်းသာ ဖြစ်နေမယ်ဆိုရင် ပစ္စုပ္ပန် သံသရာနှစ်ဖြာကို စိတ်နှလုံးအလို တောင့်တတဲ့ အတိုင်းဟာ သဘောကျ ပြီးနိုင်ပါ့မလား။ ဖြစ်နိုင်ပါ့မလား။

ဖြေ။ ။မဖြစ်နိုင်, မပြီးနိုင်ပါဘူးဘုရား။

မေး။ ။အခုနလို ရှေးသူတော်ကောင်း၊ မြင့်မြတ်ကြတဲ့ သူတော်ကောင်းများသည် စန္ဒကူးနံ့သာ အနှစ်နဲ့ တူတယ်ဆိုတော့ အဲသည်လိုများ တူသွားရင်ကောဗျာ။

ဖြေ။ ။အဲသည်လို တူသွားရင် ကိုယ်လိုချင်တဲ့ ဗောဓိကို ရနိုင်ပါတယ်ဘုရား။

မေး။ ။အေးဗျ၊ အဲဒါ အချိန်အခါ ဘဝက လွယ်တာဗျ။ သည်ထက်လွယ်တဲ့ အချိန်ဟာ ရှိပါသေးသလားဗျ။

ဖြေ။ ။သည်ထက်လွယ်တဲ့အချိန် မရှိပါဘူးဘုရား။ တပည့်တော်တို့မှာ သံသရာအစက စပြီးတော့ သည်လို ဉာဏ်မျိုး၊ သည်လို အသိမျိုး၊ တစ်ခါမှ မရစဖူး ဖြစ်လို့ အခုထက်တိုင် ကိလေသာထဲမှာ မျောနေလျက်ပါဘုရား။

မေး။ ။အေး–သည်တော့ ရှေးအရှင်တွေကဲ့သို့ စန္ဒကူးနံ့သာ ဖြစ်ဖို့ရာ ခက်သလားဗျ။ (မခက်ပါဘူးဘုရား။)

မေး။ ။တမွေ့တဲ မွေးရုံပါပဲဗျ၊ ဒါဖြင့် တမွေးတည်း မွေးဖို့ကတော့ ခက်သလားဗျာ။ (မခက်ပါဘူးဘုရား။)

မေး။ ။အခုနလို ထားလိုက်ရင်၊ တကြိုင်တည်း ကြိုင်၊ တမွေးတည်း မွေး နေကောမှာပဲဗျ။ အစက သည်လိုထားရင် နောက် လျော့စရာ ရှိသေး သလား။

ဖြေ။ ။နောက် လျော့စရာ မရှိပါဘူးဘုရား။

မေး။ ။ဘယ်လိုဖြစ်မလဲ။

ဖြေ။ ။ရှေ့ကို တိုးတက်သွားဖို့ရာသာ ရှိပါတယ်ဘုရား။

မေး။ ။သည်အချိန်မှ၊ ဟိုအချိန်မှ မွေးသထက် မွေး၊ ကြိုင်သထက် ကြိုင်၊ လှိုင်သထက် လှိုင် ဖြစ်သလား။

ဖြေ။ ။အချိန်မရွေး မွေးနေတာပဲဘုရား။

မေး။ ။ကြိုင်ဖို့၊ လှိုင်ဖို့ရာ လိုက်လုပ်ရသေးသလား။

ဖြေ။ ။မလုပ်ရပါဘူးဘုရား။ တပည့်တော်တို့ရဲ့ လုံ့လ ဝီရိယအပေါ်မှာ တည်နေပါတယ်ဘုရား။

မေး။ ။လုံ့လ ဝီရိယဆိုတာလဲ အဆင်သင့် ရှိတယ်မဟုတ်လား။

ဖြေ။ ။အဆင်သင့် ရှိပါတယ်ဘုရား။

အေး...ရှိတဲ့ ဝီရိယကို ကိုယ်လိုချင်တဲ့ တောင့်တချက်ပြီးအောင် အသုံးချရုံပါပဲဗျ။ (တင်ပါ့ဘုရား။)

ဝီရိယ ရှိပြီဆိုမှဖြင့် အကုန်လုံးတို့ဟာ ပြီးတာပါပဲဗျ။ ဒါကြောင့်မို့ 'ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ။ဝီရိယဝတော–ဝီရိယ ရှိသောသူအား။ ကိံ နာမ ကမ္မံ–အဘယ်အမှုမျိုးသည်။ နသိဇ္ဈတိ–မပြီးပဲရှိအံ့နည်း။' သည်တော့ အဘယ်အမှုမျိုးမဆို ဝီရိယနှင့် ဆောင်ရွက်ရင် မဖြစ်ဘဲ နေပါ့မလား။ (ဖြစ်မှာပါပဲဘုရား။) ဖြစ်တာပေါ့ဗျ။ သည့်ထက်လွယ်တဲ့ အချိန်ကော ရှိပါ သေးသလား။ (မရှိပါဘူးဘုရား။)

**ထိနမိဒ္ဓ ရန်သူတိုက်နည်း**

အဲတာ ပျင်းလဲပဲ လုပ်၊ ပျော်လဲပဲ လုပ်ဗျ။ ပျင်းလဲပဲ အစီးအပွားများမှန်း သိရင် လုပ်သာလုပ်၊ ပျော်လဲပဲ လုပ်သာလုပ်။ (တင်ပါ့ဘုရား။)

မေး။ ။ယခု ဝီရိယ ထူထောင်ပြီဆိုတော့ ထိနမိဒ္ဓ (ထိုင်းမှိုင်း)၊ ကောသဇ္ဇ

(ပျင်းရိ)တို့ဟာ လာလိမ့်မယ်။လာပေမယ့်ငါမအိပ်ဘူးဆိုပြီး အတင်း လုပ်ရင် မရဘူးလား။

ဖြေ။ ။အင်မတန် သန်သော ဝီရိယနှင့် လုပ်ရင် ရပါတယ်ဘုရား။

မေး။ ။ဘယ်အချိန်ကျမှ အဟုတ်လုပ်မလဲ။ ယခုတော့ မအိပ်ချင်သေးဘူး၊။ ကိစ္စရှိသေးသလား။ ဘယ်အချိန်ကျမှ အဟုတ်လုပ်မလဲ။

ဖြေ။ ။နာရီပြန် နှစ်ချက် သုံးနာရီလောက်ကျတော့ အတော်ပန်းလာပြီဘုရား။ ဒီတော့ ဘယ့်နှယ်လုပ်မလဲ။ ဒီတော့ အပါယ်ငရဲနှင့် ထိနမိဒ္ဓကလာပြီး စစ်တိုက်မှာ၊ သူနှင့် တိုက်ရာမှာ မလာခင်တိုက်နေလို့ မဖြစ်ဘူး။ ရန်သူဆိုတာ သူမလာခင် လိုက်တောင် ရှာရမှာဗျ။ ယခုဆိုလျှင် နေရာကျလိုက်တာ ဒကာကြီးတွေက သာသာကလေး ထိုင်နေရင် သူက ကိုယ်ရှိရာ လာမှာဗျ။ သူ့ကိုတိုက်ပြီးတော့ အနားမကပ်ဝံ့အောင် ခြောက်ပစ်မှ တော်မှာဗျ။ လျှောက်။ ။သူက ချောင်းနေမှာပါဘုရား။မေး။ ။လာရင် မလွယ်ဘူးလား။

ဖြေ။ ။လာရင်တော့ တပည့်တော်တို့က အသင့် လက်ခံလိုက်ပါတယ်ဘုရား။

မေး။ ။လာတဲ့အခါမှာ ရန်သူမှန်းသိရင် ဘယ်လိုလဲဆိုတော့၊ မုဆိုးများဟာ လက်နက်စွဲကိုင်ပြီး တောထဲမှာ ဘာရှာသလဲဗျ။

ဖြေ။ ။အမဲလိုက်ရှာပါတယ်ဘုရား။

မေး။ ။ဘာကောင်တွေလဲဗျ။ (သမင်၊ ဒရယ် အစရှိသည့်တို့ပါဘုရား။)

မေး။ ။အေးဗျ၊ ရှာတော့ တွေ့ရော၊ တွေ့တော့ ဘယ့်နှယ်လုပ်သလဲ။

ဖြေ။ ။ဖမ်းပါတယ်ဘုရား။

မေး။ ။ယခုလဲ ရန်သူမှန်း သိနေတာဗျ။ ထိနမိဒ္ဓကတော့ ဒို့ဟာ ကိုယ်က ဝီရိယနှင့် ထူထောင်အားထုတ်နေတော့ သူတို့လာမယ်ဆိုရင် ဘယ့်နှယ် လဲဗျ။

ဖြေ။ ။သူတို့ကို သမင်၊ ဒရယ်များ ပစ်သလို အသေသတ်ပစ်ရမှာပါဘုရား။

မေး။ ။လက်နက်လဲ ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား။)

မေး။ ။အေး...အေး...ဒါဖြင့်လဲ ဒီလိုလုပ်ရုံ ရှိတာပဲဗျ။ အဲသည်လိုမှန်းသိရင်၊ ငါတော့ အားထုတ်တော့မယ်ဆိုရင် သူတို့က တိမ်းရှောင်နေမလား။ ကိုယ့်ဆီလာမှာလား။

ဖြေ။ ။သူတို့ကတော့ ချောင်းနေမှာပါပဲဘုရား။ သည်ဒကာကြီးက ပါးစပ်က ပြောတာ ပြောနေတာပဲ၊ တို့ဝင်ရင် ရမှာပဲလို့ လာရင် လာမှာပါဘုရား။

မေး။ ။အဲသည်လိုလာတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။သည်တခါတော့ သမင်၊ ဒရယ်ပစ်သလို ပစ်သတ်လိုက်မှာပါဘုရား။

မေး။ ။ကောင်းပါဗျာ။ အဲဒါ ဒကာကြီး တစ်ယောက်ထဲလား။ အားလုံး ကလား။

ဖြေ။ ။တပည့်တော်နှင့် ထပ်တူထပ်မျှ သိမှ လက်နက် အတော်များများစုပြီး လာကြပါတယ်ဘုရား။

မေး။ ။ဟုတ်ကဲ့လား။ အေး သည်လို ပြောဖော်ရတာဖြင့် ကောင်းမှာပေါ့ဗျ။

ဖြေ။ ။သည် ပရိသတ်တွေက အတော်ဝီရိယရှိတဲ့ ပရိသတ်တွေပါဘုရား။ မိုးတွေ လေတွေနဲ့၊ မိုးရွာရင် ရွာပေ့စေဆိုပြီး အင်မတန် လုံ့လ ဝီရိယ ကဲပြီးတော့ လာကြပါတယ်ဘုရား။ သည်လောက် ဝီရိယရှိတော့ ထိနမိဒ္ဓလာရင် အသေသတ်မယ့် တရားနာ ပရိသတ်ချည်းပါပဲဘုရား။ ကောင်းပါ့ဗျာ။ အဟုတ်လုပ်ကြဗျာ။ ဟိုလိုဆိုရင်တော့ မဖြစ်သေးဘူးဗျ။ ပါးစပ် ပြောပြောနေလို့ မဖြစ်ဘူး၊ တခါတည်းပဲ အဟုတ်လုပ်စမ်းကြပါဗျာ။

လျှောက်။ ။တပည့်တော်တို့ ရန်ကုန်မှာက ဆရာဝန်တွေ တယ်ကောင်းတယ် ဘုရား။ မအိပ်ရင် အိပ်ဆေးပေးတာနဲ့၊ တစ်ခါတလေများ အိပ်ဆေးကို တင်ပါးတောင် ထိုးသွင်းလိုက်သေးတယ်။ အဲဒီလို ထိုးပြီး သူတို့လဲသွားရော ဒီမှာလဲ အိပ်ပျော်သွားလိုက်တာ သတိတောင် မရဘူး။ တပည့်တော်တို့ ရန်ကုန်မှာက **ထိနမိဒ္ဓ ဆရာဝန်တွေ** သိပ်များနေပါတယ်ဘုရား။ တပည့် တော်တို့ကတော့ ထိနမိဒ္ဓကို တိုက်ပါတယ်ဘုရား။ ဘာကြောင့် တိုက်သလဲ ဆိုရင် တစ်သက်လုံး အနမတဂ္ဂ အစမရှိသော သံသရာကနေပြီး လုပ်လာတဲ့ အပါယ်ကျစေတတ်တဲ့ အလုပ်တွေဟာ အများကြီး ရှိနေပါတယ်။ နောင် လာလတ့်သော ကာလ၌ ပြုလုပ်မည့် အလုပ်တွေလဲပဲ အများကြီးနေတာကို အခု ထိသိကို သတိမူပြီးတော့ စိုက်စိုက်စူးစူး ခဏကလေး လုပ်လိုက်တာ နဲ့ပဲ ဒါတွေ ပပျောက်တယ်လို့ ဆိုတာနဲ့ သည်ထိသိအပေါ် ဝီရိယ စိုက်နေ ပါတယ်ဘုရား။ သို့သော်လဲ မည်ကဲ့သို့သော အဆင့်အတန်းလောက်ကျမှ ပြုခဲ့ပြီးသော အကုသိုလ်၊ ပြုဆဲ ပြုလတ္တံ့သော အကုသိုလ်တွေဟာ ဘယ်အဆင့် အတန်းလောက်ကျမှ ပျောက်မလဲဘုရား။

ဒါကတော့ ဘယ်လိုတုန်းဆိုလို့ရှိရင် ကိုယ်အလိုရှိတဲ့ လမ်းကို မေးပါ တော့ဗျာ့။ မေးတော့လဲ လမ်းမှန်ကို ပြောရောဗျာ။ ပြောတော့၊ သိရော၊

သိပြီဆိုမှဖြင့် သွားရုံ လိုတော့တာပဲဗျ။ သွားပြီ ဆိုမှဖြင့် တလှမ်းသွားရင် တလှမ်းရောက်လိမ့်မယ်။ နှစ်လှမ်းသွားရင်ကော။ (နှစ်လှမ်းရောက်ပါတယ် ဘုရား။)

အေးဗျ၊ သည်လမ်းဟာ ကိုယ့်အလိုရှိရာ ရောက်မယ့် ခရီးလမ်းဖြစ်တော့ သွားသလောက် ရောက်ပါလိမ့်မယ်ဗျ။ ဟိုရောက်တော့ မသိဘဲ နေပါ့မလား။ ရောက်တဲ့နေရာကျတော့ သိမှာပါဗျ။ (သိမှာပါပဲဘုရား။)

အခု သည်လိုသွားဗျဆိုတော့ အခု ဒကာကြီးများကလဲ ကဲပါဗျဆိုပြီး ထားလိုက်စမ်းဆိုရင် ဝီရိယနှင့် ထူထောင်ပြီး ထားလိုက်ရင်ရော၊ သည်တော့ ဝီရိယ ပေါ်လာမယ်။ ပေါ်လာပြီဆိုတော့ အခါခပ်သိမ်း လောဘ၊ ဒေါသ၊ မောဟတွေဟာ ဘယ်အချိန်များ သည်မီးလျှံဟာ ငြိမ်းတဲ့ အေးတဲ့ အချိန် ရှိရဲ့လား။

ဖြေ။ ။သတိလွတ်နေရင်တော့ ငြိမ်းတဲ့ အေးတဲ့ အချိန် မရှိပါဘူးဘုရား။

မေး။ ။ကဲ–ဘုရားဆုံးမတဲ့ အဆုံးအမကို သည်လို အာရုံပြုပါဆိုတော့ အခု ချက်ချင်း အာရုံပြုလိုက်တော့ လောဘ ဒေါသ မောဟဆိုတဲ့ မီးတွေ ရှိသေးသလား။

ဖြေ။ ။ချက်ချင်း အာရုံပြုပြီး ချက်ချင်း ရှုးရှုးစိုက်စိုက်နေရင် လောဘ ဒေါသ မောဟမီး လွတ်ပါတယ်ဘုရား။

မေး။ ။သည် လောဘ ဒေါသ မောဟတွေဟာ ဘယ်လိုသွား ဘယ်လိုလာ ကော မြင်ရသေးသလား။

ဖြေ။ ။မမြင်ရပါဘူးဘုရား။

မေး။ ။အေးဗျ။ ဘုရားအဆုံးအမက အင်မတန် အားကောင်းတယ်။ သည့်ထက်များ အချိန်ကြာကြာ ထားလိုက်ရင် သူ့တို့ ဘယ့်နှယ်နေမလဲ။

ဖြေ။ ။သည့်ထက် အချိန်ကြာသွားရင် ဝေးသထက်ဝေးပြီး ရှောင်သွားပါ လိမ့်မယ်ဘုရား။

မေး။ ။အေး. . .သည်လောက်အားကောင်းတာဗျ။ အကုသိုလ်ဆိုတာဟာ ဘာမှ အားမရှိဘူးဗျ။ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

ဒါ ဘုရားအဆုံးအမဗျ။ သာသနာဆိုတာ ဘုရားရှင်က ကိုယ်တော်တိုင် ထိုးထွင်းသိပါတဲ့အတိုင်း သေသေချာချာ ဆုံးမထားတာဖြစ်တော့ ဘယ်မှာ မှားနိုင်လိမ့်မလဲဗျ။ (တင်ပါ့ဘုရား။)

ဘုရားရှင်ကတော့ ဘုရားရှင် အလုပ်လုပ်၊ သာဝကများက သာဝက အလုပ် လုပ်ရုံပဲဗျ။ ဘုရားရှင်ကတော့ 'ချစ်သား၊ ချစ်သမီးတို့ ဤကဲ့သို့ ဆင်းရဲတွေက ရှိတယ်။ ကဲ–ဆင်းရဲတွေက လွတ်မြောက်အောင် ဤကဲ့သို့ ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ တည်တာတွေကို ဖြည့်ကြ၊ ကျင့်ကြ၊ ဝီရိယထုထောင်ကြ' လို့ အဲသည်လို ဆုံးမတော်မူတာကိုး။ သည်အဆုံးအမကို ရထားတဲ့ အားလုံး သော လူနတ်ဗြဟ္မာတွေဟာ ဆင်းရဲမှ လွတ်ဖို့၊ ဆင်းရဲမှ ဘယ်လို လွတ်မလဲဆိုရင် အသီးသီး မှန်းထားတဲ့ ဗောဓိတွေ ရှိတယ်။ ကိုယ်အလိုရှိတဲ့ ဗောဓိနဲ့ လွတ်မယ်။ အဲသည်လို ဆုံးမတော်မူတော့ ဘယ်ဗောဓိကို ဆိုတာ ကတော့ အားလုံး နားလည်ကြပါတယ်ဗျ။ အဲဒါ ဘုရားရှင်ရဲ့ အလုပ်ဗျ။ ရအောင် ပြုရမှာကတော့ ဘယ်သူတွေတုန်းဆိုရင် အသီးသီး ကိုယ့်ဗောဓိနှင့် ကိုယ်မှန်းထားတဲ့ ဗောဓိ အရှင်သခင်တွေပေါ့ဗျာ။ ကိုယ်လိုချင်တဲ့ ဗောဓိရ အောင်ဟာ သာသာကလေး ယူရုံပါပဲဗျ။ (တင်ပါ့ဘုရား။)

**သေသူ၏ ဝိညာဉ်အတွက် အလုပ်ရှုပ်**

မေး။ ။သည်တော့ ခက်သေးသလားဗျ။

ဖြေ။ ။မခက်ပါဘူးဘုရား။ တပည့်တော်တို့မှာ ခက်နေတာက ထိသိကို စိတ်စူးစိုက်နေတဲ့ အခါမှာ လောဘ၊ ဒေါသ၊ မောဟကင်းတယ်။ သက္ကာယဒိဋ္ဌိ သတ်တယ်လို့ဆိုတော့ တပည့်တော်တို့မှာ လတ်တလောအားဖြင့် သက္ကာယ ဒိဋ္ဌိကြီးက အင်မတန် ထင်ရှား ဖြစ်နေပါတယ်ဘုရား။ ဘယ်လို ထင်ထင်ရှားရှား ဖြစ်နေသလဲဆိုရင်၊ တပည့်တော်တို့ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတွေဟာ သေတဲ့အခါကျရင် သက္ကာယဒိဋ္ဌိကြီးကို စံနမူနာအဖြစ်နဲ့ တော်တော် ယုံယုံကြည်ကြည် လုပ်နေပါတယ်ဘုရား။

တကယ်လို့ ဥပမာ တပည့်တော် သေပြီဆိုပါတော့၊ ကျန်တဲ့လူများက တပည့်တော် ခေါင်းကြီးပေါ်မှာ သည်ဒကာကြီးဟာ ဆေးတံကောက်ကောက် ကြီး ကြိုက်တယ်ဆိုပြီး အဲသည် ဆေးတံကောက်ကောက်ကြီးကို တင်ထားပါ တယ်ဘုရား။ အဲဒါ ဘယ်သူသောက်ဖို့လဲ။ သေသွားတဲ့ တပည့်တော် သောက်ဖို့လား။ ကျန်တဲ့ ဝိညာဉ်ကလေးက သည်ဆေးတံကြီးကို သောက်ဖို့ လား။

အဲဒါတွင် မကသေးပါဘူး၊ သည့်ထက်ကဲတာ ရှိပါသေးတယ်။

သချိုင်းရောက်တော့ သရဏဂုံ တင်ခါနီးလုရင် နီးစပ်တဲ့ ဆွေမျိုးများက ခေါင်းကြီးကို ဖွင့်ပြီး ထ,ထ တရားနာရအောင်လို့ ခေါ်တာ ဘယ်သူ့ကို ခေါ်တာလဲ။ တပည့်တော် အလောင်းကြီးကို ခေါ်တာလား။ တပည့်တော်က သေသွားတော့ ကျန်တဲ့ ဝိညာဉ်ကလေးက ခေါင်းထဲမှာ လိုလို၊ အပြင်မှာလိုလို ဖြစ်နေပါတယ်ဘုရား။

ဒါနဲ့ တပည့်တော်က ဘေးက လူတွေကို မေးကြည့်ပါတယ်။ အခုလို သရဏဂုံ တင်ထားတာ ဘာဖြစ်လို့လဲမေးတော့၊ သူတို့က ဒါဟာ ကျန်ရစ်ခဲ့တဲ့ လူတွေကို တင်တာလို့ ပြောတယ်ဘုရား။ ဟိုက အသေကောင်ကြီးကို တင်တာ မဟုတ်ဘူးတဲ့ ဘုရား။ ပြီးတော့ ခုနစ်ရက်လည်တဲ့ အခါကျတော့လဲ တပည့်တော်ကို တပည့်တော်ဆောက်ထားတဲ့ အိမ်ကနေပြီး နှင်ပစ်ပါတယ် ဘုရား။ သည်နေရာမှာ အင်မတန် ဝမ်းနည်းစရာ ကောင်းပါတယ်ဘုရား။

အဲဒီလို သက္ကာယဒိဋ္ဌိကြီးကို စွဲလမ်းပြီး လုပ်နေကြပါတယ်ဘုရား။ သည်တော့ သက္ကာယဒိဋ္ဌိ မလွတ်သမျှ ကာလပတ်လုံး၊ ပြုခဲ့ပြီးသော ကုသိုလ်တို့မှလည်းကောင်း၊ ပြုဆဲ ပြုလတ္တံ့သော ကုသိုလ်တို့မှလည်းကောင်း သည်သက္ကာယဒိဋ္ဌိကို စွဲ၍ မပြတ်ဘူးလို့ ကြားဖူးပါတယ်ဘုရား။ သည်တော့ သက္ကာယဒိဋ္ဌိလွတ်အောင် ထိသိနှင့် ဆက်ပြီး သနားပါဦးဘုရား။

သည်ဟာကတော့ ပုဂ္ဂိုလ်ပဲ၊ လူပဲ၊ နတ်ပဲရယ်လို့တော့ ရှိတာ မဟုတ်ဘူးဗျ။ ဘာသာ ရှိသလဲဆိုရင် ရုပ်နှင့်နာမ်သာ ရှိတာဗျ။ သည်တော့ သည်ကဲ့သို့ ဖြစ်နေတဲ့ ဥစ္စာက ဘာကြောင့်လဲဆိုရင် ရုပ်နှင့်နာမ်ကို မသိလို့ဗျ။

ဖြေ။ ။ရုပ်အကြောင်း၊ နာမ်အကြောင်းကို ဟုတ်မှန်သော ယထာဘူတဉာဏ်နှင့် မသိလို့ပါဘုရား။

မေး။ ။သည်တော့ ရုပ်နှင့်နာမ်အကြောင်း အမှန်ကို သိပြီးဆိုတော့ ဘာလဲ။

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။ရုပ်နှင့်နာမ် မသိတာက ဘာလဲ။ (အဝိဇ္ဇာပါဘုရား။)

မေး။ ။သည်တော့ နှာသီးဖျားကလေးကို သိပြီးနေပြီဆိုတော့ နှာသီးဖျားကလေးက ရုပ်၊ သိတာကလေးက နာမ်၊ သည်လို နှာသီးဖျားကလေးကို စိုက်စိုက်စူးစူး သိနေတဲ့အခါမှာ ဘယ်နှယ့်တုန်းဗျ။ လူပဲလို့ စိတ်ထဲမှာက အထင်မှားသေး သလားဗျ။

ဖြေ။ ။လူပဲလို့ အထင်မမှားပါဘူးဘုရား။
မေး။ ။နတ်ပဲလို့ကောဗျာ။ (မမှားပါဘူးဘုရား။)
မေး။ ။သူပဲ ငါပဲလို့ကောဗျာ။ (အထင်မမှားပါဘူးဘုရား။)
မေး။ ။ဒကာကြီး၊ ဒကာမကြီးပဲလို့ကောဗျာ။ (အထင်မမှားပါဘူးဘုရား။)
မေး။ ။သားရယ်၊သမီးရယ်၊ မြေးရယ်၊ မြစ်ရယ်လို့ကော လာသေးသလား။ (မလာပါဘူးဘုရား။)
မေး။ ။အဲသည်အချိန်မှာ ဘယ့်နှယ်လဲ။ အခုပြောတဲ့ သက္ကာယဒိဋ္ဌိ ရှိသေးသလား။
ဖြေ။ ။သက္ကာယဒိဋ္ဌိ ကင်းကွာနေပါတယ်ဘုရား။
မေး။ ။အခု သည်လို စွဲလမ်းချင်တိုင်း စွဲလမ်းနေပေမယ့် အခု ဘုရားဆုံးမတဲ့ အဆုံးအမအတိုင်း လိုက်နာတော့ သည်ဟာတွေ ဘယ့်နှယ်တုန်းဗျ၊ ရှိသေးသလား။
ဖြေ။ ။မရှိပါဘူးဘုရား။
မေး။ ။အဲသည်လို သိရမှာကို သိနေတော့ သက္ကာယဒိဋ္ဌိ ကွာတယ်မဟုတ်လား။
ဖြေ။ ။ကွာပါတယ်ဘုရား။
မေး။ ။ဒါက အခုလား၊ အခု ကွာတယ်မဟုတ်လား။ သည့်ထက်ကြာကြာ ထားတော့ကောဗျာ။
ဖြေ။ ။သည့်ထက် ကြာကြာထားတော့ သည့်ထက် အဆပေါင်းများစွာ ကွာပါတယ်ဘုရား။
မေး။ ။အေး-ဥပမာစကားဖြင့် ယခုပဲ သက်တမ်းစေ့နေတဲ့ အဘိုးအိုကြီးကိုပဲ ပြောကြပါစို့၊ သည်အချိန်ကလေးမှာ ဒါကလေးကို သိရက်နဲ့ စုတိကျလို့ သေသွားရင် ယခုန ဘေးတွေ သင့်ပါဦးမလား။
ဖြေ။ ။အပါယ်ဘေးတွေ လွတ်ပါတယ်ဘုရား။
မေး။ ။အဝိဇ္ဇာတွေကော လာဦးမလား။ (မလာပါဘူးဘုရား။)
အေး-တောက်လျှောက်ကြီးကို ချမ်းသာသွားတာဗျာ။ ဒါကြောင့် ဟိုလိုပြောတော့ ကြာနေဦးမယ်၊ အဝိဇ္ဇာနဲ့ ဝိဇ္ဇာ သည်လို ပြောကြပါစို့။
လျှောက်။ ။ဒါဖြင့် တပည့်တော် သေတော့ ဝိညာဉ်ကလေးဟာ လေးငါးခြောက်ရက်လောက် အိမ်နားမှာ ဝေ့လယ်ဝေ့လယ်နဲ့ နေတယ်ဆိုတာ လုံးလုံးကြီး မှားတာပေါ့ဘုရား။

ဒါကတော့ ယခုနလို ငါ့အိမ်ဟဲ့ဆိုပြီး သေရင်တော့ ငါ့အိမ်နား နေလိမ့်မယ် ထင်ပါရဲ့။ အဲဒါကြောင့်မို့ သူ ဒုက္ခရောက်တာဗျ။ ငါ့သားပါ ငါ့သမီးပါနဲ့ သည်လို သေရင်ကောဗျာ။

ဖြေ။ ။ဒါနဲ့ သေရင်တော့ သည်လိုပဲ ရစ်ဝဲရစ်ဝဲနဲ့ ဆေးတံတို့ ဘာတို့တောင် ဝင်သောက်ရင် သောက်နေမှာပါဘုရား။

မေး။ ။အေး–ဒါကတော့ အခုနဟာနဲ့ သေရင် ပြောတာဗျ။ အဲ– 'ငါလုပ်ထား' လိုက်တာတွေကလည်း မနည်းဘူးထင်တယ်။

ဖြေ။ ။ငါလုပ်တာ ငါ့အိမ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း ဒီလိုဟာတွေ တန်းလန်းနဲ့ သေမယ့်လူက များပါတယ် ထင်ပါရဲ့ဘုရား။ အဲသည်လို တန်းလန်းတွေ ဘေးဖယ်ထား၊ တစ်ခုတန်းလန်းနဲ့ဆိုရင်တောင် အဲသည်လို နေမှာဗျာ၊ ကြားလား။ (တင်ပါ့ဘုရား။) အဲဒါကြောင့် သည်လို မဖြစ်အောင်လုပ်ဗျာ။ ကိုယ်ကသာ တန်းလန်းဖြစ်နေတာ၊ ဟိုကတော့ ဝေယူလို့ ကုန်ပြီဗျာ။ (တင်ပါ့ဘုရား။)

မေး။ ။သည်တော့ ကိုယ့်မှာတော့ ဘာလာဖြစ်နေသလဲ။

ဖြေ။ ။ကိုယ့်မှာတော့ 'ငါ့ဟာ ငါ့ဟာ'နဲ့ နေမှာဘုရား။

မေး။ ။ဒီတော့ ချမ်းသာရှေ့လား။

ဖြေ။ ။မချမ်းသာပါဘူးဘုရား။ အမှန်ဆင်းရဲပါတယ်ဘုရား။

အဲသည်လို မဖြစ်အောင် ယခုကတဲက သည်လိုပြုကြ၊ ဒါကလေးကို မလွတ်နဲ့၊ ရှေ့တိုးပြီး မြင့်မြင့်မြတ်မြတ် ပြုပြီဆိုမှဖြင့် သံသရာတစ်လျှောက်လုံး အတွက် ခုနလို မလွဲတော့ဘဲ အမှန်ကို သိတော့မှာဗျာ။

လျှောက်။ ။တပည့်တော် လျှောက်တာက သည်ဝိညာဉ်ကလေးဟာ နိစ္စ မသေမပျောက် ဖြစ်နေပြီး လူကောင်ကြီးကသာ သေသွားတယ်။ သည်ဝိညာဉ်ကောင် ကလေးကတော့ တန်းလန်းပဲ အဆက်မပြတ် ရှိနေတယ် လို့များ တပည့်တော်တို့ မြန်မာ ဗုဒ္ဓဘာသာ လူမျိုးတို့ရဲ့ အယူဝါဒကြီးကို အင်မတန် စွဲတဲ့ဟာကို တပည့်တော် လျှောက်ထားတာပါဘုရား။

**တကယ့်ဆားကိုသာ အဟုတ်စားကြည့်**

ဒါကတော့ ယခုနဟာကလေး ထားတော့ သိနေတယ်ဆိုရင်တော့ သည်ဟာက ယခုလို ရုပ်တို့ နာမ်တို့ သဘောဟာက တခါတည်းပဲ

သူ့လက္ခဏာနဲ့သူ ရှိတယ် ဟုတ်ကဲ့လား။ (တင်ပါ့ဘုရား။)

သူ့လက္ခဏာက ဘယ်လိုတုန်းဆိုရင် ဖြစ်ပြီးတော့ ပျက်တယ်။ ဒါတော့ သည်နေရာကလေးမှာ ထားတယ်၊ ထားပြီဆိုတော့ ဟိုဟာက မပြောလဲ သိဖို့ရာ ရှိတယ်။ ရုပ်နဲ့နာမ်မှာ သည်လို သိအောင်ထား၊ ထားတော့ သည်ရုပ်နဲ့ သည်နာမ်ဟာ ဖြစ်ပြီးရင် ပျက်နေတာပဲ မဟုတ်လား။ ဒါက နားလည်ပြီးသား ဖြစ်နေပြီး လျှပ်တပြက်မှာ ဘယ်လောက်ပျက်တယ်။

ဖြေ။ ။ကုဋေတစ်သိန်းပါဘုရား။

အဲသည်လို ဖြစ်ပျက်နေတဲ့ဟာကို အမြဲလို့ ထင်နေတာဗျာ့။ အဲဒါ ဘာကြောင့်လဲဆိုရင် **မကြည့်လို့ မမြင်တာ၊ မမြင်လို့ မသိတာဗျ**။

လျှောက်။ ။တပည့်တော်တို့ကို ထိသိနှင့် အနိစ္စ တွဲပြီးတော့ ဘယ်လို သိရမလဲဘုရား။ သည်နေရာမှာထား၊ထားတော့ နေလိမ့်မယ်။ နေပြီဆိုတော့ ဖြစ်တယ်။ ဖြစ်တယ်ဆိုတော့ သူက ပြောလိမ့်မယ်။ သူက ဘယ့်နှယ်ပြောမလဲဆိုရင် ဆားငန်တယ်လို့ ဒကာကြီးက ပြောတော့ ဆားကို မစားဖူးသေးတဲ့ သူက ဆားငန်တယ်ဆိုတာ အကုန်လုံး မှတ်ထားမှာပဲ။ ဆားငန်တယ်ဆိုတာ ဆားမစားဖူးသေးတဲ့ တို့ကတော့ မှတ်မိပြီ။ သည်တော့ ဆားကော သိသလားဆိုတော့ တို့ကတော့ သိတယ်လို့ ပြောလိုက်မယ်၊ ဆားဆိုတာ ငန်တယ်လို့ ပြောနေလိုက်မယ်။ ဒကာကြီးကတော့ စားဖူးလို့ သိနေပြီ။ အဲဒါ တို့ပြောမယ်၊ ဒကာကြီးတွေ ဆားငန်တာ သိသလို တို့လဲ သိတာပဲလို့ ပြောမယ် ဘယ့်နှယ်လဲ။

ဖြေ။ ။ဒါ မသိသေးဘဲနဲ့ ပြောခြင်းသာ ဖြစ်ပါတယ်ဘုရား။ 'ငါပြော စာပြော'ပါပဲဘုရား။

မေး။ ။ဆားငန်တယ် ငန်တယ်လို့ တို့က မအိပ်မနေ ပြောနေမယ်ဗျာ၊ ဒကာကြီးလို သိပြီးနေတယ်လို့ ထင်မယ်ဗျာ၊ ဘယ့်နှယ်လဲ။

ဖြေ။ ။ထင်နေလဲ စိတ်ကြီးဝင်ပြီး ထင်နေတာပဲ ရှိပါတယ်ဘုရား။

မေး။ ။သည်တော့ ယခုနလို ဆားငန်တယ် ဆိုတဲ့ဟာကို တစ်လပြောမယ်၊ တစ်နှစ်ပြောမယ်၊ အနှစ်တစ်ရာ ပြောနေမယ် ရွတ်နေမယ်ဆိုရင် ဒကာကြီးလို သိပါ့မလား။

ဖြေ။ ။စားမကြည့်ဘူးတဲ့ လူကတော့ မသိပါဘူးဘုရား။

မေး။ ။ဒါဖြင့် ဘယ်တော့မှ သိမလဲ။

ဖြေ။ ။တကယ် ကိုယ်တိုင်စားကြည့်မှ သိမှာပါဘုရား။
မေး။ ။ဘယ်ဟာကို စားရမလဲ။
ဖြေ။ ။ဆားကို ကိုယ်တိုင်စားကြည့်မှ တကယ်ငန်တဲ့ဟာကို သိပါလိမ့်မယ် ဘုရား။
မေး။ ။ပါးစပ်ထဲက ဆားကို စားမှ သိမှာလား။
ဖြေ။ ။ပါးစပ်ထဲက ဆားကို ပြောတာမဟုတ်ပါဘူးဘုရား။ တကယ့်ဆားကို ပြောတာပါဘုရား။
မေး။ ။စာနဲ့ရေးထားတဲ့ ဆားကို စားရမှာလား။
ဖြေ။ ။စာနဲ့ ရေးထားတဲ့ ဆားမဟုတ်ပါဘူး။ ဈေးထဲက တကယ့်ဆားကို စားရမှာပါဘုရား။
မေး။ ။အဲဒါ ဆားမှန်မှန်ကို ကိုင်နေ ရှယ်နေရုံနဲ့ ဘယ့်နှယ်လဲဗျ။
ဖြေ။ ။ကိုင်နေ ရှယ်နေရုံနဲ့ မငန်သေးပါဘူးဘုရား။
မေး။ ။ဘယ်လိုလုပ်မှ ငန်မှာလဲ။
ဖြေ။ ။လျှာပေါ်ရောက်မှ ငန်မှန်း သိပါလိမ့်မယ်ဘုရား။

အခုနပဲ ရုပ်နှင့်နာမ်ဆိုတာ ရုပ်စကား နာမ်စကား ပြောဆိုပြီး ရုပ်နာမ်တို့ ဖြစ်ပျက်နေတဲ့ လက္ခဏာနှင့်တကွ သဘောတွေကိုလဲ ပြောတတ်နေကြပြီ။ အဲဒါ ဘာမို့လို့ ယခုနလို လုပ်နေကြသလဲဆိုရင် ယခုနလို မစားလို့ဗျ။ စားပြီဆိုတော့ တကယ်ငန်မှန်း သိပါလိမ့်မယ်ဗျ။ သည်အခါကျတော့ ဒကာကြီးက ဘေးနားက နေပြီး 'အရှင်ရဟန်း ငန်ပြီ ငန်ပြီ'လို့ ပြောရဦးမလား။
ဖြေ။ ။မပြောရပါဘူးဘုရား။ ကိုယ်တိုင်ငန်ကြောင်း ဒိဋ္ဌ သိပါလိမ့်မယ်ဘုရား။
မေး။ ။အဲဒါ ဘာကြောင့်လဲ။ (ဒိဋ္ဌ စားကြည့်လို့ပါဘုရား။)

## ရှုတ်ခဲ့ရတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ

မေး။ ။အေး...အခုလဲပဲ ယခုန ရုပ်တို့ နာမ်တို့ဟာ မမြဲဘူး။ သူ့လက္ခဏာ သူ့သဘောလဲ ပြောတတ်နေကြပြီ။ ဒါတွေဟာ အမှန်တွေပေါ့။ ဖြစ်ပြီးတော့ ပျက်တယ်ဆိုတာဟာ မြဲတာကို ပြောတာလား၊ မမြဲတာကို ပြောတာလား။
ဖြေ။ ။မမြဲတာကို ပြောတာပါဘုရား။
မေး။ ။အဲဒါ အနိစ္စပဲဗျ။ ပြီးတော့ ပျက်နေတဲ့ ဥစ္စာဟာ ဆင်းရဲသလား၊

ချမ်းသာသလား။ (ဆင်းရဲပါတယ်ဘုရား။)

မေး။ ။အဲဒါဘာလဲ။ (ဒုက္ခပါဘုရား။)

မေး။ ။အဲဒါကို မပျက်အောင် ထားနိုင်သလား။

ဖြေ။ ။မထားနိုင်ပါဘူးဘုရား။

မေး။ ။အဲဒါ အစိုးရသလား။ (အစိုးမရတော့ပါဘုရား။)

မေး။ ။အဲဒါ ဘာခေါ်သလဲ။ (အနတ္တပါဘုရား။)

မေး။ ။ဒါတွေတော့ ဆိုတတ် ပြောတတ်တယ်မဟုတ်လား။

ဖြေ။ ။ဆိုတတ်ပါတယ်ဘုရား။ ဒါကတော့ တစ်သက်လုံး ဆိုလာတာပါ ဘုရား။

## စိပ်ခဲ့ရတဲ့ ပုတီးတွေ

မေး။ ။ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီး ပုတီးစိပ်ဖူးတယ်မဟုတ်လား။

ဖြေ။ ။စိပ်ဖူးပါတယ်ဘုရား။

မေး။ ။ငယ်ငယ်တုန်းက ပုတီးကော အခု ရှိသေးတယ်မဟုတ်လား။

ဖြေ။ ။မရှိပါဘူးဘုရား။ မနေ့တနေ့က စိပ်တဲ့ပုတီးတော့ ရှိပါတယ်ဘုရား။

မေး။ ။ငယ်ငယ်တုန်းက ပုတီး ဘယ်ရောက်သွားသလဲ။ (ပျောက်သွားပါတယ် ဘုရား။)

မေး။ ။ပျောက်တာက ပုတီးဘယ်နှကုံး ရှိပြီလဲ။ (မရေတွက်နိုင်ပါဘူး ဘုရား။)

မေး။ ။ပုတီးစိပ်တာ အလုံးကြီးကြီးနဲ့ စိပ်ဖူးသလား။ (စိပ်ဖူးပါတယ်ဘုရား။)

မေး။ ။အလုံးငယ်ငယ်နဲ့ကော။ (စိပ်ဖူးပါတယ်ဘုရား။)

မေး။ ။အလတ်စားနဲ့ကော။ (စိပ်ဖူးပါတယ်ဘုရား။)

မေး။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တသိရင် နေရာကျတာပဲ မဟုတ်လား။

ဖြေ။ ။သို့ပေမယ့် တကယ် မသိပါဘုရား။ အရင်တုန်းက အနိစ္စ၊ ဒုက္ခ၊ အနတ္တဟာ သန္တတိအနိစ္စလို့ ထင်နေပါတယ်ဘုရား။

## ရူပက္ခန္ဓာ အနိစ္စ ပုတီးတစ်လုံးချ

မေး။ ။ဘုရားဟောတော်မူတာတွေကတော့ အမှန်တွေချည်းပဲ။ ဒါပေမယ့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာတွေကို သည်လို ဆိုနေရုံနဲ့ ပြီးသလား။

ဖြေ။ ။တပည့်တော်တို့က သည်လိုပဲ ပါးစပ်နဲ့ အမှားသိနဲ့ နေတာပါပဲဘုရား။
'ရူပက္ခန္ဓာ အနိစ္စ'ဆိုပြီး ဒီလိုပဲ ရွတ်နေတာပဲဘုရား။

မေး။ ။အနိစ္စ ဒုက္ခ အနတ္တဆိုပြီးတော့ ခန္ဓာငါးပါးဆိုတာကော။

ဖြေ။ ။ခန္ဓာငါးပါလဲ အကုန်လုံး တလုံးတည်း ဆိုတာပဲဘုရား။

'ရူပက္ခန္ဓာ အနိစ္စ၊ ဝေဒနာက္ခန္ဓာ အနိစ္စ၊ ဝိညာဏက္ခန္ဓာ အနိစ္စ၊ သင်္ခါရက္ခန္ဓာ အနိစ္စ၊ သညာက္ခန္ဓာ အနိစ္စ'ဆိုပြီး သည်လိုပဲ အလွတ်ရထားတာကို ငေးငေးမောမောနဲ့ စိပ်ပုတီး တစ်လုံးပြီး တစ်လုံးချ၊ စိတ် ဟိုရောက် သည်ရောက်၊ ကြောင် ငါးကင်စားနေတာ တွေ့တော့လဲ ဓားနဲ့ကောက်ပစ်လိုက်၊ မြေးကလေး ထချီနဲ့ သည်လိုနဲ့ပဲ ပြီးခဲ့ကြတာပါပဲဘုရား။ စိတ်တခြား၊ စိပ်ပုတီး တခြားပါပဲဘုရား။

မေး။ ။သည်တော့ ဆားကို ကိုယ်တိုင်စားပြီးဆိုတော့ 'အသင်ရဟန်း ငန်ပြီ ငန်ပြီ'လို့ ပြောရဦးမလား။

ဖြေ။ ။မပြောရပါဘူးဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။ (ငန်တာလို့ ကိုယ်တိုင်သိနေလို့ပါဘုရား။)

မေး။ ။အခုလဲပဲ အခုနလိုသာ ထား၊ ထားရင် နေလိမ့်မယ်။ နေပြီဆိုရင် ဆားဟာ သူ့သဘောကိုက ငန်တာဖြစ်လို့ စားတဲ့သူ ငန်တာ မဟုတ်လား။

ဖြေ။ ။ငန်ပါတယ်ဘုရား။

အခုလဲပဲ သေသေချာချာ ရုပ်နှင့် နာမ်တို့ကို ကြည့်ရှုလို့ နေပြီဆိုတော့ အခုန ရုပ်ရဲ့သဘော နာမ်ရဲ့သဘော လက္ခဏာတို့ကို သေသေချာချာကိုပဲ မြင်တော့ သိပါလိမ့်မယ်။ ရွတ်ဆို မနေရပါဘူးဗျာ။

လျှောက်။ ။ရုပ်နှင့်နာမ်ကို သိပါပြီဘုရား။ ဒါပေမယ့် အနိစ္စလက္ခဏာကို ဘယ်လို အောက်မေ့ရမလဲဘုရား။ လက်ဖျစ်တတွက် ကုဋေတစ်သိန်း ဆိုတာကို ကုဋေတစ်သိန်း ထိအောင် လိုက်ပြီး သိရမှာလားဘုရား။ သုံးလေးသောင်း၊ သုံးလေးရာ၊ သုံးလေးခုပဲ သိရင် တော်ပြီလို့ သည်လို အနိစ္စလက္ခဏာကို သိအောင် ပြုရမလား။ သို့မဟုတ် သန္တတိအနိစ္စ ဆိုတဲ့-လက်ဖျစ်တစ်တွက် လျှပ်တပြက်မှာ အခု နှာသီးဖျားမှာ ဝင်လေဟာ ထိသွားပြီ။ ဆုံးသွားပြီ။ အခု ထွက်လာပြန်ပြီ။ ဆုံးသွားပြီလို့ သည်လို သန္တတိ အနိစ္စကိုပဲ သိအောင် လုပ်ရမလား။ လက်ဖျစ်တစ်တွက် ကုဋေတစ်သိန်း

ထဲက သုံးလေးခုလောက်ပဲ လုပ်ရမလား။ ဘယ်လောက်ထိအောင် စိတ်စိုက်ရမှာလဲဘုရား။

**တစ်ခုသိရင် အကုန်သိမယ်**

မေး။ ။ဒကာကြီးက ဆားငန်တယ်လို့ ပြောတယ်။ ငန်တယ်လို့ပြောတော့ အခု ဒကာကြီးများ ဈေးတွေ ဘာတွေ ရောက်ဖူးတယ်မဟုတ်လား။

ဖြေ။ ။ရောက်ဖူးပါတယ်ဘုရား။

မေး။ ။သည်ဈေးထဲမှာ ဆားဘယ်လောက်ရှိသလဲ။

ဖြေ။ ။တောင်းကြီးနဲ့ ပုတ်ကြီးနဲ့ အများကြီးပဲ ရှိပါတယ်ဘုရား။ တချို့ဂိုဒေါင်ကြီးနဲ့တောင် ရှိပါတယ်ဘုရား။

မေး။ ။သည်တော့ ဆားငန်တယ်ဆိုတာဟာလဲသည်လို တစ်ဈေးလုံးမှာ ရှိတဲ့ ဆားကို စားမှာလား။

ဖြေ။ ။မဟုတ်ပါဘူးဘုရား။ ဆားတပွင့်လောက် မြီးရုံနဲ့ ငန်တာကို သိပါတယ်ဘုရား။

မေး။ ။သည်တော့ သူများက ဆားကို လိမ်ပြောလို့ ဖြစ်သေးသလား။

ဖြေ။ ။လိမ်ပြောလို့ မဖြစ်ပါဘူးဘုရား။ သကြား လိမ်ကျွေးပေမယ့် ဒါ ဆားမဟုတ်ဘူးဆိုတာ ချက်ချင်း သိပါတယ်ဘုရား။

မေး။ ။သည်တော့ ဆားငန်တာကို သိချင်တဲ့လူဟာ အခုလို ဆားကို စားရင်ပဲ ဆားငန်တယ် သိမယ်မဟုတ်လား။

ဖြေ။ ။သိပါတယ်ဘုရား။

မေး။ ။နောက် မှားဦးမလား။ (မမှားပါဘူးဘုရား။)

မေး။ ။အေး...ယခုလိုပဲ သေသေချာချာ ဘုရားဆုံးမတဲ့အတိုင်း လိုက်နာလို့မို့ သေသေချာချာ ရုပ်နှင့်နာမ်မှာ သည်လိုထားတော့ နေရော၊ နေတော့ ရုပ်နှင့်နာမ် လက္ခဏာတို့ဟာ သူ့ဟာသူ ဖြစ်ပျက်တာတွေကို မြင်ရော၊ မြင်တော့ သိရော၊ နောက်ကို ဘယ့်နှယ်တုန်း၊ သူများက လိမ်ပြောတယ်ဆိုရ ယုံဦးမလား။

ဖြေ။ ။မယုံပါဘူးဘုရား။ ကိုယ်တိုင် သိပါပြီဘုရား။

မေး။ ။အေး...ဒါကတော့ အပြောမဟုတ်ဘူးဗျ။ အခုန ဆားစားတော့ ငန်တယ် သိသလိုဗျ။ တစ်ဈေးလုံး ဆားတွေကို စားမှ မဟုတ်ဘူး။

ဒကာကြီးများ အိမ်မှာ ဆားမရှိဘူးလား။
ဖြေ။ ။ရှိပါတယ်ဘုရား။
မေး။ ။ဘယ်လောက်ရှိသလဲ။
ဖြေ။ ။တစ်အိုးလောက် ရှိပါတယ်ဘုရား။
မေး။ ။အဲသည် တစ်အိုးလုံးကုန်အောင် စားရမလား။
ဖြေ။ ။မစားရပါဘူးဘုရား။ လက်နှင့် တစ်တို့လောက် စားရင် သိပါတယ်ဘုရား။
မေး။ ။အဲဒါ သိချင်တဲ့သူဟာ ဒါနဲ့ပဲ မဖြစ်ဘူးလား။
ဖြေ။ ။ဒါနဲ့ပဲ ဖြစ်ပါတယ်ဘုရား။
မေး။ ။သည်လောက်နှင့်တော့ မဖြစ်သေးဘူးတဲ့ဗျာ။ ငါ့ဆီမှာ တစ်အိုးလုံးရှိတယ်။ အဲသည် တစ်အိုးလုံးကို စားဆိုပြီးကုန်အောင် ကျွေးမှာလား။
ဖြေ။ ။မကျွေးပါဘူးဘုရား။ လက်တစ်တို့လောက်ပဲ ကျွေးမှာပါဘုရား။
မေး။ ။သည်လို ကျွေးလိုက်တော့ သည်ဆားကိုပဲ ငန်တာ သိမှာလား။ သည့်ပြင်က ဆားတွေ ငန်တာ မသိဘူးလား။
ဖြေ။ ။သည်ဆားတင် မဟုတ်ပါဘူးဘုရား။ သည့်ပြင် ဆားတွေပါ သည်အတိုင်း သိပါတယ်ဘုရား။
မေး။ ။ဒကာကြီးဟာက တစ်အိုးလုံးမှ မဟုတ်ဘဲ၊ နည်းနည်းကလေး ပေးတာ။
ဖြေ။ ။နည်းနည်းကလေးနဲ့ပဲ အကုန်လုံး ဆားငန်တဲ့အကြောင်း အကုန်လုံး သိနိုင်ပါတယ်ဘုရား။
မေး။ ။ဒါပေမယ့် ဟိုအိုးထဲက ဆားက တစ်မျိုးထင်တယ်လို့ သည်လိုကော တွေးဦးမလား။
ဖြေ။ ။မတွေးပါဘူးဘုရား။ အကုန်လုံး ငန်တာကို သေသေချာချာ ယုံပါတယ်ဘုရား။
မေး။ ။သည်ဆားက သည်အိုးထဲက ဆားမို့လို့ အတူတူဖြစ်တာ။ ဈေးထဲက ဆားက တစ်မျိုးလို့များ မထင်ဘူးလား။
ဖြေ။ ။မထင်ပါဘူးဘုရား။
မေး။ ။ပြီးတော့ ရန်ကုန်က ဆားကသာ ငန်တာ။ မန္တလေးက ဆားက တစ်မျိုးထင်တယ်လို့ သည်လိုကော မတွေးဘူးလား။

ဖြေ။ ။မန္တလေးကလဲ သည်ဆားပါပဲဘုရား။ အတူတူပါပဲဘုရား။ သည်ဆားကို တစ်တို့စားကြည့်ရင် ငန်တာကို ကိုယ်တိုင် ဒိဋ္ဌသိမယ့် ပုဂ္ဂိုလ်ချည်းပါပဲဘုရား။

အေး...အခုနလို မှတ်ရမယ်။ ဟိုလိုကတော့ ဘုရားရှင်က သဗ္ဗညုတ ဉာဏ်တော်ဖြင့် လျှပ်တစ်ပြက်မှာ ဖြစ်တာ ပျက်တာက ကုဋေတစ်သိန်းလို့ ဆိုပြီး အမှန်သိတာဗျ။ ဘုရားရှင်သိတာက ဒီလိုသိတာဗျ။ **တို့တတွေကတော့ ဆားငန်တာ သိရင်လဲ မမှားပါဘူးဗျ။ တော်လောက်ပါပြီ။**

လျှောက်။ ။ဆားငန်တာနဲ့ လေထွက်လေဝင် သိတာကလေးကို ဆက်ပြပါဦးဘုရား။

ဒါကတော့ စိတ်ကလေးကို အခုနလို ထား။။ ထားတော့ နေလိမ့်မယ်။ နေရင် သည်ဟာက တစ်ဆက်တည်း မနားဘဲ ဖြစ်ပျက်ပြီး နေမယ်။ အဲဒါကို မြင်မယ်။ မြင်တဲ့အခါကျတော့ ဆားငန်တာကို သိသလိုပေါ့ဗျာ။ ဖြစ်ပျက်နေတာတွေဟာ ဖြစ်ပြီးတော့ ပျက်နေတာပဲ မဟုတ်လား။

လျှောက်။ ။အဲသည်လို ဖြစ်ပျက်နေတာဟာ လက်ဖျစ်တတွက် ကုဋေ တစ်သိန်းထိအောင် မြင်နိုင်ပါ့မလားဘုရား။

မေး။ ။ဒကာကြီး သိချင်တာက ငန်တာကို သိချင်တာလား။ ဆားအပွင့်ပေါင်း ဘယ်လောက်ဆိုတာ သိချင်တာလား။

ဖြေ။ ။ငန်တာကို သိချင်တာပါဘုရား။

## ဒါမလုပ်ခင် ဆိုချင်ဆိုနေဦး

ငန်တာကို သိချင်ရင် တော်လောက်ပြီ။ သည်လောက်ကလေး ဖြစ်ပြီးတော့ ပျက်နေတာကို စိတ်ငြိမ်ပြီဆိုတော့ 'သမာဟိတော ယထာဘူတံ ပဇာနာတိ'လို့ ဘုရားရှင်က ဟောတော်မူတယ်။ ဒါတွေက ငယ်ငယ်တုန်းကတည်းက သွက်လက် ဖျတ်လတ်တယ် မဟုတ်လား။ ဒါပေမယ့် အခုနလိုတော့ နေအောင် မထားဘူး။ မထားဘဲနဲ့ အခုနလို ဆိုနေတာဗျ၊ သူ့ဟာက ပုတီး ဘယ်နှစ်ပတ် မြန်မြန်ပြီးချင်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။မြန်မြန်ပြီးချင်တော့ ဖြုတ်ဖြုတ်နဲ့ စိပ်တာပဲဘုရား။ တချို့လဲ စကား တပြောပြောနဲ့ လက်ကတော့ ဖြုတ်ဖြုတ်နဲ့ အဲဒါ ပုတီးအပတ်ပေါင်း ၈၄-ပတ်ရရင် အမြင်တောင် ရသလိုလို၊ မန္တလေးက ပြောတာကို

ကြားသလိုလို၊ မနက်ဖြန် ထိပေါက်တော့ မလိုလို၊ ရတဲ့ဂဏန်း ထိုးထိုးလို့ ဆိုပြီး ပုတီးအပတ် ၈၄–ပတ်ပြည့်အောင် စိပ်တာပါဘုရား။

အေး...ဒါလဲ ကောင်းတော့ ကောင်းပါရဲ့ဗျာ။ ဘယ်လို ကောင်းသလဲ ဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုနေတဲ့ အခိုက်အတန့်မှာ ဘာကျေးဇူးများ ရှိသလဲဆိုတော့ အခုနလို မဟုတ်ဘဲ ဝစီကံ အကုသိုလ်တို့ ဘာတို့တော့ မဖြစ်ဘူး ထင်တယ်။ (မဖြစ်ပါဘူးဘုရား။)

**ဒါမလုပ်ခင် စပ်ကြားတော့ အဲဒါပဲ ဆိုနေကြ၊** ကြားလား။ မဆိုဘဲ မနေနဲ့။ ဘာဖြစ်လို့လဲဆိုရင် ဒါဆိုနေရင် အခုနပြောတဲ့ ဟာတွေတော့ မဖြစ်ဘူး။ ဒါကြောင့်မို့ အဲဒါသာ ဆိုနေ၊ ဆားငန်တယ်ဆိုတာ သူများ ပြောတာကို မှတ်ထားပြီး ဟိုလိုတော့ မသိသေးဘူး။ ဒါကြောင့် ခုလို လုပ်တာကတော့ များလှပြီ။ ဒါကြောင့် အခုလို လုပ်မည့်အစား အခုလိုထား၊ ကြားလား။ ထားရင် နေလိမ့်မယ်။ နေရင် အခုန ဖြစ်ပျက်နေတာတွေကို သိတော့မှာပဲ၊ မသိချင်လို့ မဖြစ်ဘူး။

လျှောက်။ ။တပည့်တော် စိတ်ထဲ တွေးနေတာက သန္တတိအနိစ္စနှင့် မလုံလောက်ဘူးလို့လဲ သံသယ ရှိနေပါတယ်ဘုရား။

မေး။ ။ဒကာကြီးရယ်၊ ဖြစ်ပြီးတော့ ပျက်နေတယ်ဆိုတာဟာ တဖြစ်တည်း ဖြစ်ပြီး တပျက်တည်း ပျက်နေတာပဲ မဟုတ်လား။

ဖြေ။ ။ဖြစ်တာ ပျက်တာနဲ့ ကုဋေတစ်သိန်းဆိုတာလဲ ယုံပါပြီဘုရား။ သို့သော်လဲ လက်ဖျစ်တတွက်မှာ ကုဋေတစ်သိန်းဆိုတော့ ဒါတွေကို အကုန်လုံး မီအောင် ပါးစပ်က မဆိုနိုင်ပါဘူးဘုရား။

မဆိုနိုင်ရင်နေပါစေ၊ ဒါက ဆိုဖို့ မဟုတ်ပါဘူး။ ဆားငန်တာသိဖို့ပဲ။ ဖြစ်တာပျက်တာကို မြင်တော့ သိမယ်။ အဲဒါ သိနေရင်ပဲ နေရာကျပြီ။ တိုတောင်းသော အချိန်ကလေးမှာပင်လျှင်ပဲ လက်ဖျစ်တတွက် လျှပ်တပြက်မှာ ဖြစ်ပြီး ပျ[illegible]ကို သိရင် အဲဒါကို စဉ်းစားလိုက်ရင် ရုပ်တွေ နာမ်တွေဟာ ငြိမ်ငြိမ်[illegible] ဖျောက်ဖျောက်နဲ့ နေတာကို အခုလို စိတ်ထားလိုက်ရင် သည်လို သိ[illegible]၊ ကြားလား။ (တင်ပါ့ဘုရား။)

ဒါ[illegible] [illegible]တာမဟုတ်ဘူး၊ **အရှိတွေဗျ။ တခြား သွားရှာရတာ မဟုတ် ဘူး၊ နှာခေါင်း[illegible] [illegible]လနှင့်တင်ပဲ အနိစ္စကို သိနိုင်ပါတယ်ဗျ။** လေကို မမှတ်ချင် နေပါစေ။ ဘာဖြစ်လို့လဲဆိုတော့ ဟိုဟာက သိမ်မွေ့သွားရင် ဒုက္ခ

ရောက်နေဦးမယ်။ သိမ်မွေ့သွားတော့ ထင်ရှားအောင် လုပ်ရမယ်ဆိုပြီး လုပ်နေဦးမယ်။ သည်ဟာကတော့ လက်နှင့်ထိတော့ သိသလိုကလေး စိုက်စိုက်စူးစူးနေရင် တော်ပြီ။ အဲဒီလိုနေရင် ဖြစ်ပျက်နေတာကို သိမယ်။ အဲသည်လိုနေရင်ပဲ တော်ပါပြီ။ အဲသည်လို ရုပ်နှင့်နာမ်ဟာ ဖြစ်ပြီး ပျက်တယ်၊ မမြဲဘူးလို့ ဟောတော်မူတာဟာ အနိစ္စပဲ။ ဖြစ်ပျက်နေတာကို မြင်ရင် ဘာတုံး။ ဖြစ်ပြီးတော့ ပျက်တာကို မဖြစ်အောင်၊ မပျက်အောင် ဘယ့်နှယ်မှ မတတ်နိုင်ဘူး မဟုတ်လား။ အဲဒါကိုလည်း သိမှာပဲ။ အခု အသိမျိုးသာ သိရင် အနိစ္စဆိုတာလဲ ဘယ်ဟာမှ မဟုတ်ဘူး။ ဒုက္ခဆိုတာကော ဖြစ်ပြီး ပျက်တာပဲ။ အစိုးမရတာကော၊ အစိုးမရတာလဲ ဖြစ်ပြီး ပျက်တာပဲ ဟုတ်ကဲ့လား။ (သိပါပြီဘုရား။)

အေး...ဒါကြောင့် အခုနလို ထားကြ၊ အဲဒီလို ထားနေရင် သိသင့် သိထိုက်တဲ့ ဟာတွေကို တိုးတိုးလိုက်ဦးမယ်။ (တင်ပါဘုရား။)

အသိ တိုးတိုးလိုက်တာကို စဉ်းစားလိုက်တော့ သည်လို ပြောကြပါစို့ရဲ့။ ဟိုဟာလဲပဲ သိလွယ်ပါတယ်။ သည့်ပြင် လွယ်တဲ့ဟာကို ပြောမယ်။ အခုန သင်္ကန်းဗျာ၊ အဝတ်ဗျာ၊ ခေါ်တော့ ဘယ့်နှယ်ခေါ်သလဲ။

ဖြေ။ ။လုံချည် အင်္ကျီလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ်မှာ ဖြူဖြူမြင်တော့ ဘာခေါ်သလဲ။

ဖြေ။ ။အင်္ကျီခေါ်ပါတယ်ဘုရား။

မေး။ ။ဘာအင်္ကျီလဲ။ (ပိတ်ပါဘုရား။)

မေး။ ။အဲသည် ဖြူဖြူကို မြင်တော့ ဘာခေါ်သလဲ။

ဖြေ။ ။အင်္ကျီဖြူလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။ဝါဝါမြင်တော့ကော။ (အင်္ကျီဝါလို့ ခေါ်ပါတယ်ဘုရား။)

မေး။ ။အဝတ်ကို မြင်နေရင်တော့ အဝတ်ပဲ မြင်နေတယ်၊ ဒါကို သေသေချာချာ ကြည့်လိုက်တော့ အမျှင်အမျှင်နဲ့ ယက်ထားတာ မဟုတ်လား။ ထိုင် ကြည့်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။တစ်ဆက်တည်းပါဘုရား။

မေး။ ။အေး...တစ်ဆက်တည်းဗျ။ အဲဒါကို ကိုယ်တိုင်မြင်ပြီးရင် အမျှင်တွေပဲ ဆိုတာသိပြီး အဲသည်တော့ ဒါတွေဟာ အမျှင်ကလေးတွေပဲလို့ ပြောဦးမလား။

ဖြေ။ ။မပြောရပါဘူးဘုရား။ သေသေချာချာကြည့်ရင် မြင်နိုင်ပါတယ်ဘုရား။
မေး။ ။ထိုနည်းတူစွာပဲ သဲတွေ ဘာတွေ စုပုံပြီး အလုပ်လုပ်ဖို့ ပုံထားတာ မြင်တယ်မဟုတ်လား။
ဖြေ။ ။မြင်ပါတယ်ဘုရား။
မေး။ ။အဲဒါသွားကြည့်တော့ ဘယ့်နှယ်လဲ။
ဖြေ။ ။သဲကလေးတွေ တလုံးစီပါဘုရား။

အေး...အဲသည်လို ပြောတာဗျ။ အဲဒါက ဘုရားဟောတော်မူတာကို လျှောက်ပြောတာဗျ။ တို့သိတာ မဟုတ်ဘူး။ ဘုရားဟောတော်မူတာက အမှန်တွေဗျ။ ဘုရားရှင် ဆုံးမတဲ့အတိုင်း နေရင် ဘယ့်နှယ်လဲ။ အနိစ္စရော၊ ဒုက္ခရော၊ အနတ္တရော ဆားငန်တာကို သိသလို ကိုယ်တိုင်သိပါလိမ့်မယ်။ အရှိတွေကို သိပါလိမ့်မယ်ဗျ။ ရှာရတာ မဟုတ်ပါဘူး။
လျှောက်။ ။ပညတ်က မရှိတာ၊ ပရမတ်က ရှိတာပါဘုရား။

အေး...အဲသည်လိုတော့ ဒကာကြီးတို့ ပြောတတ်ပါတယ်ဗျ။ ဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကို သည်လိုထားပြီဆိုတော့ သည်လို သိပြီး အမြဲနေတယ် ဆိုတာကို 'အပ္ပမာဒ'ခေါ်တာဗျ။ သည်အပ္ပမာဒနှင့် သွားကြပြီ ဆိုမှဖြင့် လိုချင်တဲ့ နိဗ္ဗာန်ကို စံဝင်ကြတယ်ဆိုတာ အသီးသီး နှစ်သက်ဖွယ်ဖြစ်တဲ့ ဗောဓိနှင့် နိဗ္ဗာန် စံဝင်ရတယ်။

အဲသည်လို အသီးသီးသော ဗောဓိနှင့် ပြီးချင်ကြတယ်ဆိုရင် ဘုရားဆုံးမတဲ့အတိုင်း အဆုံးအမကို မှတ်သားပြီး ဣရိယာပုတ်လေးဖြာမှာ ဘယ်ဟာမှ မပြတ်အောင် ထူထောင်ပြီး အားထုတ်ကြ၊ ကြိုးစားကြဗျား။

[၁၉၉၅-ခုနှစ်၊ မေလ ၁၇-ရက်နေ့ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။]

လုပ်စရာရှိတာလုပ်မှ သိလပြည့်စုံ
- ဒီအရှင်တွေဟာ
ပြုဖွယ်ကိစ္စရှိသမျှတွေ
အကုန်လုံးကိုလည်း ပြုရတာပဲဗျ။
မပြုရင် သိလနဲ့ မပြည့်စုံဘူး။
ဒါကြောင့် ပြုရတာဗျ။

# ဒီတစ်ခါမှ နေရာမကျလျှင်

## တရားတော်

### တာဝန်ဝတ္တရားဖြည့်မှ သီလပြည့်

ရှေးက သူတော်ကောင်း အစားစားတို့ဟာ ဘုရားရှင် အဆုံးအမ ရသည့် အချိန်ကစပြီး တဆက်တည်း ဆောင်ရွက်တာတဲ့ဗျ။ ဘာတွေ ပြုရ သလဲဆိုတော့ ခန္ဓာဝန် အတွက်ကတော့ ပြုရတာပဲဗျ။ သည့်ပြင်ဟာတွေလဲ ဆောင်ရတယ်။ အဲသည်လိုဟာတွေ အသီးသီးဟာ ဘယ်ဟာမှ မပြတ်ရအောင် ဆောင်တာဗျ။ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမတွေကို သိတဲ့ အသီးသီးတို့ဟာ ဒါတွေကို မချို့ယွင်းရအောင် ပြုရပါတယ်ဗျ။။ ဒီလိုပြုပြီဆိုတော့ ဒါတွေနဲ့ ပြည့်စုံမှသာ သီလနှင့် ပြည့်စုံတာကိုးဗျ။

ဒါတွေကို မပြုဘူးဆိုမှဖြင့် သီလနှင့် မပြည့်စုံဘူးတဲ့ဗျ။ 'အာဘိသမာ စာရိက' ဝတ်ချို့ယွင်းနေပြီး မပြည့်စုံရင် ဘယ်လိုပါလဲဆိုရင် တောင့်တတဲ့ အတိုင်းဟာ မပြီးပေါင်တဲ့ဗျ။ ဒါကြောင့် ရှေးအရှင်ကောင်းတွေဟာ စိတ်နှလုံး အလို တောင့်တတဲ့အတိုင်း ပြီးအောင် အကုန်လုံးကို ဘာမှ မလပ်ရအောင် ယခုလို ပြုရပါတယ်ဗျ။

ဒါတွေ မပြုရင် မပြည့်စုံဘူး။ မပြည့်စုံရင် သီလနဲ့ မပြည့်စုံဘူး။ သီလကျိုးတယ်။ သီလပြောက်တယ်။ သီလကျားတယ်။ သီလကွာတယ်လို့ ဆိုကြတယ်။ ဒါကြောင့် ဒါတွေနဲ့ မပြည့်စုံရင် သီလနဲ့ မပြည့်စုံဘူး။ သီလနဲ့ မပြည့်စုံရင် မှန်းထားတဲ့ နှစ်သက်တဲ့ ဗောဓိအသီးသီးတို့ဟာ ဘယ်

ဟာမှ မပြီးဘူးတဲ့ဗျ။ မဆိုက်လာဘူးတဲ့ဗျာ။

**ဝေယျာဝစ္စထဲမှာ တရားပါ**

ဆန္ဒပြင်းပြတဲ့ အရှင်တွေဖြစ်တော့ ဒါတွေကိုဆောင်ရင်း ထားဆိုတဲ့ နေရာမှာ ထားတာဗျ။ ထားတော့ ဣရိယာပုတ်လေးဖြာမှာ တဆက်တည်း ပါအောင် ပြုတာတဲ့ဗျ။ ဒီအရှင်တွေဟာ ပြုဖွယ်ကိစ္စ ရှိသမျှတွေ အကုန်လုံးကို လည်း ပြုရတာပဲဗျ။ မပြုရင် သီလနဲ့ မပြည့်စုံဘူး။ ဒါကြောင့် ပြုရတာဗျ။

အခု ပြုကြတဲ့ဟာက ရှေးအရှင်တွေများ မြင်ရင် ဘယ်လောက်များ ရယ်ချင်လိမ့်မလဲလို့ဗျာ။ လုပ်ပုံ ဘာမှ ဝီရိယ မရှိဘူးဗျ။ ဒါဟာ တို့ကိုပြောတာ ပါဗျ။ ဒကာကြီး ဒကာမကြီးတွေကို မဆိုပေါင်ဗျာ။ ဒီပြင် အရှင်ကောင်းတွေ ကတော့ ဝီရိယ ကောင်းတယ်ဗျ။ တို့ပျင်းတာ၊ ဖျင်းတာကို ပြောတာပါဗျ။ တံမြက်စီး လှဲဆိုရင်လဲ ကောင်းကောင်းလှလှ လှဲတာမဟုတ်ဘူး။ အမှိုက်ကျူး တာလဲ မကျူးပေါင်ဗျာ။ ဘာမှ ကောင်းကောင်းမွန်မွန် လုပ်တာ မရှိဘူး။ ရှေးအရှင်တွေ ပြုတာက ဘယ်လိုပြုသလဲဆိုတော့ ယခုနလို ဝီရိယတွေနဲ့ ထူထောင်ပြီး ဣရိယာပုတ်လေးဖြာမှာ၊ ဥပမာ–နံနက် ဆွမ်းခံမသွားခင် ပြုသင့်ပြုထိုက်တဲ့ အားလုံးသော ပြုဖွယ်ကိစ္စတွေ၊ ဥပဇ္ဈာယ် ဆရာကို ပြုရ မယ့် ပြုဖွယ် ဝတ္တရားတွေ၊ သေနာသနဝတ်တွေကို အချိန်တိုင်း အချိန်တိုင်း ပြုရတယ်ဗျ။

ပြီးတော့မှ စေတီရင်ပြင် ဗောဓိရင်ပြင်မှာ ဘာတွေရှိသလဲဆိုရင် သဲတွေ ရှိတယ်။ အဲဒီ သဲဟောင်းတွေကို ထမ်းပြီး ထုတ်လိုက်သေးတယ်။ ပြီးတော့မှ သဲအသစ်တွေကို ထမ်းသွင်းတာတဲ့ဗျ။ သွင်းပြီးပြီဆိုတော့မှ အညီအညွတ် ပြုတာဗျ။ ဘယ်လိုပါလဲဆိုရင် ငွေပြားများကို ကြည့်အသွင် ညီအောင်တဲ့ဗျ။ အဲသည်လိုဟာတွေ သွက်လက် ဖျတ်လတ်ပြီးတော့ ဘုရားရှင်ကို တည်ပြီးတော့ အမြဲပြုတာတဲ့ဗျ။ အဲဒီလို ပြုပြီးတော့ ဒါကလဲ ပြုလျက်ပဲ။ ဟိုဟာက သီလဘက်၊ အခုန ဒကာကြီး ဒကာမကြီးများ ထိုင်ပြီးတော့ ထား တော့ စိုက်စိုက်စူးစူး တည်နေတယ်။ အဲဒီလို ဘယ်အချိန်မှ မပြတ်အောင် အဲဒီလို ဖြစ်တာဗျ။

**ချိန်ခါမရွေး ဆိုက်မယ်**

ရှေးအရှင်တွေ အကုန်လုံးတို့ဟာ ဆွမ်းခံသွားလဲ ဖြစ်တာပဲဗျ။ ဆွမ်းခံပြန်လဲ ပါတာပဲဗျ။ ဆွမ်းစားလဲပဲ ဒါကတော့ မလွတ်ဘူးတဲ့ဗျ။ အဲဒီလို ပြုကြသည် ဖြစ်သောကြောင့် ရှေးအရှင်တွေမှာ ဘယ်လိုများ ပြီးကြပါသတုန်းဆိုတော့၊ တချို့အရှင်တွေမှာ ဆွမ်းစားကျောင်း၊ ဆွမ်းစားဇရပ်တွေ၊ ဆွမ်းဘုဉ်းပေးတဲ့ နေရာတွေပေါ့ဗျာ။ အဲဒီလို ဆွမ်းစားကျောင်း ဆွမ်းစားဇရပ်တွေမှာ မှန်းထားတဲ့အတိုင်း မပြီးစီးဘူးတဲ့ ဆွမ်းစားကျောင်း ဆွမ်းစားဇရပ်ရယ်လို့ မရှိပါဘူးတဲ့ဗျာ။ အရှင်ကောင်းတွေဟာ ဆွမ်းစားရင်း နေရာကျတာ.ဗျ။

ဘာကြောင့် နေရာကျသလဲဆိုရင် သူတို့မှာ အစဉ်အားဖြင့် အရိယာ ထူထောင်တယ်။ ထူထောင်တဲ့အခါမှာ ဆွမ်းစားတဲ့အချိန်မှာ ဆိုက်သင့် ဆိုက်ထိုက်တယ်ဆိုရင် ဆွမ်းစားနေရင်လဲပဲ ချမ်းသာသုခတွေဟာ ဆိုက်ဘောတာပဲဗျာ။ ဘာကြောင့် ချမ်းသာသုခတွေဟာ အဲဒီလို ဆိုက်ပါသလဲဆိုရင် ဘုရားအဆုံးအမကို တဆက်တည်းပါအောင်ဟာ ယူဆောင်နေတော့ ဒီဆွမ်းစားတဲ့ အချိန်မှာ ဆိုက်သင့် ဆိုက်ထိုက်တဲ့ အဖြစ်ကို ဖြစ်တာဗျာ့။ ဒီအတိုင်းတိုင်းတော့ မဆိုက်ဘူးတဲ့ဗျ။

လျှောက်။ ။ဆွမ်းစားတုန်းမှ ဆိုက်သလားဘုရား။

အချိန်တိုင်းတဲ့ဗျ။ ဆွမ်းစားနေတုန်း ဆိုက်သင့် ဆိုက်ထိုက်တယ်ဆိုရင် ဆွမ်းစားပြီးမှ ဆိုက်မယ်လို့ အချိန်အခါကို ဆိုင်းငံ့မထားဘူးတဲ့ဗျ။ ဒါ ဘာကြောင့်လဲဆိုရင် ရွက်ဆောင်တာက အချိန်တိုင်း အချိန်တိုင်း မပြတ်ဘဲ တဆက်တည်း ဆောင်တာကိုးဗျ။ ဥပမာ ဘယ်လိုတုန်းဆိုတော့၊ အခု ဒကာကြီးအိမ် သွားကြပါစို့ရဲ့။ ဒကာကြီးအိမ်က ဘယ်နားမလဲ။ ဘယ့်နှယ် သွားရလဲ။ ကားစီးသွားရမလား။

ဖြေ။ ။ခြေလျင်သွားမှာပါဘုရား။

မေး။ ။ခြေလျင်သွားတော့ ဒကာကြီးက ဝီရိယနဲ့ ဒီအတိုင်းတိုင်း ဘယ်တော့မှ မပြတ်အောင် ထူထောင်ပြီးသွားရင် တစ်လှမ်းနဲ့ တစ်လှမ်း တူပါ့မလား။

ဖြေ။ ။တစ်လှမ်းနဲ့တစ်လှမ်း မတူပါဘူးဘုရား။

အေး-တစ်လှမ်းနဲ့ တစ်လှမ်း မတူအောင် မြင့်မြတ် တိုးတက်တယ်ဗျ။ ဒီတော့ ဥပမာ-နာရီဝက်လောက် သွားတယ်ဆိုရင် ဒီအချိန်မှာထားတော့ ဒီလောက်ရှိတယ်။ နာရီဝက်လောက်ကြာတော့ကို ဒီအချိန်လောက် ဘယ့်နှယ်

တုန်းဗျ။ ဒီအချိန်မှာ ကိုယ်ထူထောင်လို့ သိရှိ ရိပ်မိပြီးသားကလေးတွေ ရှိတယ်။ ဒီလို သိရှိ ရိပ်မိပြီးသားတွေ ရှိသလောက်ပင် ကပ့်မလား။

ဖြေ။ ။နာရီဝက်လောက်ကြာတော့ အစတော့ဖြင့် တပည့်တော်က ထွက်လေဝင်လေတို့ကို နှာသီးဝမှာ စိတ်စိုက်ပြီးတော့ သွားပါတယ်ဘုရား။ အစတော့ မသိတသိ ဖြစ်နေပါတယ်ဘုရား။ နောက် နာရီဝက်လောက်ကြာတော့ အတော်သိလာပါတယ်ဘုရား။ အဆင့်အတန်း မြင့်လာပါတယ်ဘုရား။

မေး။ ။အိမ်ရောက်တော့ ဒီထက် တိုးမနေဘူးလား။

ဖြေ။ ။တိုးလာပါတယ်ဘုရား။

မေး။ ။အေး–အဲဒါဘာလဲဆိုရင် အိမ်ရောက်ပြီး မတိုးသေးဘူး။ ဘယ်အချိန်ကျမှ သူဆိုက်မှာလဲ။ ဒီတော့မှ တိုးမယ်။ ဘာသိဘာသာ လွတ်လွတ်လပ်လပ် နေမှာပဲ တိုးမလားလို့ ဖြစ်သလား။

ဖြေ။ ။အခါမလင့် ပြီးစီးသင့်တဲ့ အချိန်မှာ ပြီးစီးသွားမှာပါဘုရား။

အခုလဲ ဒီအရှင်တွေမှာ မပြတ်အောင် ထူထောင်နေတော့ ယခုနလို ဆိုက်သင့် ဆိုက်ထိုက်တဲ့အချိန်မှာ ဆွမ်းစားရင်းကိုပဲ ဆိုက်တာပဲဗျ။ (တင်ပ့်ါဘုရား။)

မေး။ ။တချို့ ဘယ်လိုတုန်းဆိုတော့ ဉတုသပ္ပါယ မမျှဘူး။ မမျှတော့ တခါတလေ ချေကြ မွန်ကြ။ အဲဒီလို ချေရင်းတဲ့ဗျ။ ချေတာကော နားလည်သလား။

ဖြေ။ ။နားလည်ပါတယ်ဘုရား။ ဟပ်ချိုးလို့ ချေတာပါဘုရား။

အဲဒီလို ချေတဲ့အချိန်အခါမှာ အခု ချေနေတုန်းဆိုပြီး မဆိုက်ဘဲ မနေဘူးဗျ။ ဒီလို ချေနေတုန်း အချိန်မှာပင်လျှင်လဲ ဆိုက်သင့် ဆိုက်ထိုက်မယ်ဆိုရင် ဆိုက်တာပဲဗျ။ အခု ရှက်ဆောင်နေကြတဲ့ ဒကာကြီးတွေဟာ မပြတ်အောင် ဆောင်နေတယ်ဆိုပေမယ့် တခါတခါ ဉတုသပ္ပါယ မမျှဘူးဆိုရင် ကိုယ်က လုပ်တာ မဟုတ်ဘူး။ အခုနလို ချေတဲ့အခါလဲ ချေတယ်မဟုတ်လား။

ဖြေ။ ။ချေပါတယ်ဘုရား။ ချေတဲ့အခါကျတော့ ထိသိကို လွတ်သွားပါတယ်ဘုရား။

ဒကာကြီးများက ရှေ့ရှေ့ လုပ်ထားလို့ ဖြစ်မှာပဲ။ ရှေ့ရှေ့မလုပ်ခင် ချေတဲ့အခါမှာ ချေလျှင်ပင်ပဲ ခုနလို သူ့ဟာနဲ့သူ ဖြစ်မှာပဲဗျ။

ချော့ျာက်။ ။တပည့်တော်ဖြင့် ထမင်းစားတုန်းတော့ တော်တော်ကလေး ရသေးတယ်။ သို့သော်လည်း ငရုတ်သီး ကိုက်မိတဲ့အခါ စပ်တာနဲ့ ထိသိ ပြတ်သွားရောဘုရား။

မေး။ ။ဒကာကြီးဟာက ဒီလို ပြောကြပါစို့ရဲ့။ လုံအောင် မမိုးတဲ့အိမ်။ မိုးမရွာခင်တော့ မယိုဘူး မဟုတ်လား။

ဖြေ။ ။မိုးမရွာခင်တော့ လုံနေပါတယ်ဘုရား။

မေး။ ။မိုးရွာရင်ကော။ (မိုးရွာရင် ယိုပါရောဘုရား။)

မေး။ ။အေး...အခုန ငရုတ်သီးစားတော့ စပ်ပါတယ်ဆိုတော့ အိမ်လုံတာလား၊ မလုံတာလား။

ဖြေ။ ။မလုံလို့ပါဘုရား။

မေး။ ။မလုံရင် အဲဒါ မိုးရုံပဲဗျ။ ဒကာကြီး ထပ်မိုးရဲ့လား။

ဖြေ။ ။ထပ်ပြီးတော့ မမိုးရသေးပါဘုရား။

မေး။ ။အေးဗျ၊ ဒီနေရာက ဒီလို ယိုတယ်ဆိုရင် ဒီနေရာကို မိုးဗျ။ ဒီနေရာကို အဟုတ်ဖာလိုက်ရင် နောက် ဒီနေရာက မိုးမယိုဘူး မဟုတ်လား။

ဖြေ။ ။မယိုပါဘူးဘုရား။ ငရုတ်သီးစပ်တာကတော့ စိတ်ချသွားရပါပြီဘုရား။

## ခြေလှမ်းတိုင်းမှာ သတိပါ

မိုးဆိုတဲ့ ဟာမျိုးက ဒီနေရာမှာ ဖြစ်တတ်တယ်ဆိုရင် နောက်တခါ မဖြစ်အောင် ဒီလို ဝီရိယထူထောင်လိုက်ရင် ဒီနေရာက နောက်တခါ ဖြစ်မယ်မဟုတ်ဘူး။ နောက် ဒီလိုပဲ ယိုတဲ့ဟာ ရှိသေးတယ်ဆိုရင် သိမှာပဲ။ အဲဒါ မယိုအောင် လုပ်ဗျ။ ရှေးအရှင်တွေဟာ ဒီလို ထူထောင်တာဗျ။ ဆွမ်းခံသွားတဲ့အခါမှာ ထူထောင်ခါစဆိုတော့ တစ်ခါတလေ ထိုင်ပြီးတော့ ထားတော့ ရှုးရှူးစိုက်စိုက် နေတယ်။ အဲဒီအခါတိုင်း ပါအောင် ထူထောင် သွားတဲ့အခါ တစ်ခါတလေကျတော့ တစ်လှမ်းတစ်လှမ်းမှာ ထားတဲ့နေရာ မနေဘဲ လပ်နေတယ်။ အဲဒီလို လပ်နေတော့ ဒီအရှင်တွေဟာ သိတယ်။ သိတော့ နေအောင် ထားပြီးမှ လှမ်းတယ်။ အခု ဒီနေရာမှာ မနေဘဲနဲ့ ခြေလှမ်းတစ်လှမ်း လပ်နေပါပကောဆိုပြီး ဒီနေရာမှာ တစ်ခါ နောက်ပြန် တစ်လှမ်းလှမ်းပြီး နေအောင် ထားတာတဲ့ဗျ။ နေပြီဆိုတော့မှ ရှေ့ကို

ဆက်လှမ်းတာတဲ့ဗျ။

အခုနလို လပ်နေရင် ရှေ့ဆက်မလှမ်းဘဲ လပ်နေတဲ့ ခြေလှမ်းကို နောက်ပြန်ဆုတ်ပြီး ရှေ့ကို ဆက်လှမ်းတာတဲ့ဗျ၊ ဘာဖြစ်လို့လဲဆိုရင် ဒီတစ်ခါ မနေတဲ့ဟာကို ရှေ့ဆက်ပြီးတော့ မမေ့အောင်ဗျ။

ဒီအတိုင်းတိုင်း သွားမယ်ဆိုရင် နောက်ကို အကျင့်ဖြစ်နေမှာဗျ။ သည်အကျင့်ဟာ ကောင်းတဲ့အကျင့် မဟုတ်ဘူး။ လျော့တဲ့ ပေါ့တဲ့ အကျင့်ဗျ။ ဒါကြောင့် သည်အကျင့် ပါမှာစိုးလေတော့ မပါအောင်လို့ဗျ။ ရှေ့ဆွမ်းခံသွားမယ်ဆိုရင် နည်းနည်းလေးမှ မတွေဝေအောင်လို့ တွေဝေပြီး သွားမိတာကို နည်းနည်းကလေးမှ မပါစေချင်ဘူးတဲ့ဗျ။

မေး။ ။ဒီတော့ ဒီနေရာမှာ မေ့တတ်တဲ့ဟာ နောက် မေ့ပါအုံးမလား။

ဖြေ။ ။နောက် မမေ့ပါဘူးဘုရား။

**ထမင်းချက်ရင်းလဲ ရ**

အေးဗျ၊ ရှေးက သူတော်ကောင်းများက အဲဒီလို ဆောင်ရွက်သွားတာဗျ။ ဒီလိုချည်းပဲ ဆောင်သွားတော့ အချိန် တစ်ခုနှင့်တစ်ခု မတူအောင် သီလ၊ သမာဓိ၊ ပညာတို့ဟာ တိုးတက်ပြီးတော့ ဆွမ်းစားချိန်မှာပင်လျှင်ပဲ ဆိုက်သင့် ဆိုက်ထိုက်တဲ့ အချိန်ဖြစ်တော့ ဆွမ်းစားရင်း အဲဒီမှာ ချမ်းသာသုခ ဆိုက်တာပဲဗျ။ တချို့ သပိတ်ထားရင်း၊ တချို့ သင်္ကန်းဝတ်ရင်း၊ ရုံရင်းဗျ။ အဲသည်လိုဟာတွေ အများကြီးဗျ။

တချို့ ဒကာမကြီးတွေဆိုရင် ဟင်းချက်ရင်း၊ ထမင်းချက်ရင်းဆို။ အဲဒါ ဘာကြောင့်လဲဆိုရင် မပြတ်အောင် ထားလို့ဗျ။ အခုတော့ တခါ တခါကျရင် လုပ်မှာဗျ။ ဘယ်လိုလဲဆိုတော့ အခုအချိန်မှာ ချက်ပြုတ်ရဦးမည်။ ဒီအချိန်မှာ မဖြစ်သေးဘူး။ ဘာလုပ်ရအုံးမယ် ဆိုပြီး နေတာဗျ။ အခုနလို ဆောင်ရင် မဖြစ်ဘူးလားဗျ။ (ဖြစ်ပါတယ်ဘုရား။)

အေး...ဖြစ်မှန်းသိလျက်နှင့် ဒီအတိုင်းတိုင်း နေကြတာဗျ။ ရှေးက အရှင်တွေကျတော့ ဒီလိုမဟုတ်ဘူး။ နားတာ မဟုတ်ဘူး။ တဆက်တည်း ဆောင်တာဗျ။ ဒါကြောင့်မို့ သူတို့မှာ ထမင်းချက်ရင်း၊ ဟင်းချက်ရင်း ဖြစ်တာဗျ။ နေရာကျတာဗျ။ ဒါကြောင့် အခုန အရှင်တွေကတော့ သည်လို ပါတဲ့ဗျ။ သည်လို ဆောင်ကြတာဗျ ။ တကယ်လို့ ထိနမိဒ္ဓ လာမယ်ဆိုရင်

သည့်အတိုင်းတိုင်းနေရင် သူက ဝင်ချင် ဝင်လာမှာဗျ။ ထိုင်နေရင်လဲ အိပ်လို့ ရပါတယ်။ အေး–ဒါကြောင့် အခုနလို ထားပြီး နေမယ်ဆိုရင် အိပ်ချင်လာအုံးမလား။ ထမင်းချက်ရင်း အိပ်ပျော်ဖူးသလားဗျ။

ဖြေ။ ။အိပ်မပျော်ဖူးပါဘူးဘုရား။ ထမင်းချက်ရင်း အိပ်ပျော်သွားရင် လက်မီးလောင်မှာပါဘုရား။

မေး။ ။အေး...ဒါဖြင့် နေရာကျတာပေါ့ဗျ။ ဣရိယာပုတ်က ထိနမိဒ္ဓလာနိုင်တဲ့ ဣရိယာပုတ် မဟုတ်ဘူး။ သည်တော့ ငါ မတော်လို့များ ထိနမိဒ္ဓလာရင် အိပ်ပျော်သွားအုံးမလားလို့ စိုးရိမ်ရဦးမလား။

ဖြေ။ ။မစိုးရိမ်ရပါဘူးဘုရား။

မေး။ ။အေး...သည်တော့ ထမင်းလဲချက် ဟိုဟာလဲ လုပ်ဆိုတော့ မအိပ်ချင်တော့ဘူး ထင်ပါရဲ့။

ဖြေ။ ။မအိပ်ချင်တော့ပါဘူးဘုရား။

မေး။ ။အေး အေး၊ နေရာကျလိုက်တာ။ အဲဒါပေါ့ဗျ။

ဖြေ။ ။လွယ်ပါတယ်ဘုရား။

မေး။ ။ဒါဖြင့် ဒကာကြီးက ဒီလို တဆက်တည်းပါအောင် လုပ်ရဲ့လား။

ဖြေ။ ။မပါသေးဘူးဘုရား။ အိပ်ပျော်သွားတဲ့အခါ လွတ်နေပါတယ်ဘုရား။

မေး။ ။အိပ်ပျော်တာက ဝီရိယကောင်းလို့လား၊ ဝီရိယမကောင်းလို့လား။

ဖြေ။ ။ဝီရိယမကောင်းလို့ အိပ်ပျော်သွားတာပါဘုရား။

မေး။ ။ဝီရိယမကောင်းလို့လား။ ဝီရိယ ရှိလျက်နဲ့ ဒကာကြီး မသုံးလို့လား။

ဖြေ။ ။တပည့်တော် မသုံးလို့ပါဘုရား။

မေး။ ။သည်လို ပြောရင်တော့ ဟုတ်ပြီ။ နို့မဟုတ်ရင် ဝီရိယက ခံချင်မှာမဟုတ်ဘူး။ သူ မခိုင်းလို့ပါဗျ။ ခိုင်းရင်လုပ်မှာဗျ။

အခုလဲပဲ အားလုံးတို့ဟာ ဒီပြင်ဟာကတော့ လိုလှမယ်မဟုတ်ဘူး။ သူတို့မှာ မှတ်ထားလိုက်တာတွေကလဲ အများကြီး။ အကုန်လုံး နားလည်ပြီးသားတွေချည့်ပဲ။ အဲဒါတွေကတော့ ပြောဖို့ ဆိုဖို့ မလိုဘူးဗျ။ ဘာကြောင့်လဲဆိုရင် သုတ်က ဘယ်သင်း၊ အဘိဓမ္မာက ဘယ်သင်း၊ ဝိနည်း ဘယ်သင်း၊ ခန္ဓာအာယတန ဓာတ်၊ ပရမတ် သစ္စာ။ ဒါတွေ လျှောက်ပြောနေရင် သူတို့က တတ်ပြီးသား၊ နားလည်ပြီးသားတွေပါဗျာ။

ဒါပေမယ့် ဒါတွေ အကုန်ဟုတ်ဘူးဗျ။ ဒါတွေထဲက ကိုယ်နှစ်သက်တာ

တစ်ခုခုဗျ။ အဲသည် ကိုယ်နှစ်သက်ရာ တစ်ခုခုကို အဟုတ်သာ ဝီရိယနဲ့ ထူထောင်ကြဗျ။

ဝီရိယ ထူထောင်ကြပြီဆိုရင် ဘယ်ဟာက စလုပ်ရသလဲဆိုရင် ရှေးအရှင်တွေက သည်လို ဆောင်ကြတာ။ တို့လဲပဲ ထပ်တူထပ်မျှ သည်လို ဆောင်မယ်။ တို့လိုပဲ ဝီရိယရှိတယ်။ ဘုရား အဆုံးအမတွေလဲ ရပြီးသား။ သည်တော့ သည်လို အဆုံးအမဥ္စ တည်ပြီးသား ဖြစ်နေတော့ ချမ်းသာသုခတွေ ထပ်တူညီမျှ ရလိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာ။ ဖြစ်ပေါ်လာရင် ဝီရိယ ထက်ချပ်ပါလာ။ ဝီရိယထက်ချပ်ပါလာရင် အဲသည်လိုဟာတွေဆောင်တော့မှာပဲ။

ဆောင်တဲ့နေရာမှာလဲ ရှေးအရှင်တွေ ဘယ်လိုဆောင်တယ်။ ဘယ်လို ဖြစ်တယ် ဆိုတာလဲ သိနေပြီ။ ရှေးအရှင်တွေက သည်လိုဆောင်လို့ သည်လိုရတာ။ တို့လဲ သည်လိုဆောင်မယ်ဆိုတဲ့ ဆန္ဒတွေ ပေါ်လာမှာဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဆန္ဒတော့ ပေါ်လာပါတယ်ဘုရား။

မေး။ ။အဲသည် ဆန္ဒရော မွေးထားရဲ့လား။

ဖြေ။ ။မွေးထားပါတယ်ဘုရား။

မေး။ ။တောက်လျှောက်မွေးရဲ့လား။

ဖြေ။ ။တောက်လျှောက်တော့ မမွေးနိုင်သေးပါဘူးဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။ဣဋ္ဌာရုံနဲ့တွေ့တော့ စိတ်က ကာမတရားတွေနဲ့ ဆက်စပ်နေတော့ ဟိုဘက် လိုက်သွားပါတယ်ဘုရား။ အဲသည်အခါမှာ မေ့သွားပါတယ် ဘုရား။

မေး။ ။ဒကာကြီး ထားဆိုတဲ့ နေရာမှာ ထားတော့ ဘာပေါ်မှာ ထားရသလဲ ဆိုရင် ထားဆိုတဲ့ နေရာကလေးဟာ ရုပ်ပေါ် နာမ်ပေါ်မှာ ထားတာ မဟုတ်လား။

ဖြေ။ ။ရုပ်ပေါ်နာမ်ပေါ်မှာ ထားပါတယ်ဘုရား။ နှာသီးဝဆိုတာလဲ အများ သိအောင်သာ ပြောတာပါဘုရား။ ရုပ် ၂၈–ထဲမှာ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗဓာတ်နှင့် ထိတဲ့အခါမှာ သိဆိုတဲ့ နာမ်တရားကလေးဟာ

ထိထိချင်း သိတယ်။ အဲသည်လို သိပျက် သိပျက် ဆိုတာကလေးကို အာရုံစိုက်ရင်း နေပါတယ်ဘုရား။

**အဖြစ်အပျက်ထဲမှာ နှစ်သက်စရာမရှိ**

မေး။ ။အဲသည်လိုဆိုတော့ အခုန ထားဆိုတဲ့ နေရာကလေးမှာ ထားလို့ နေတယ်ဆိုရင် ရုပ်နာမ်နှစ်ခုဟာ ဖြစ်ပြီးတော့ **တပျက်တည်း ပျက်**နေတာကို **တသိတည်း သိ**မနေဘူးလား။

ဖြေ။ ။တဆက်တည်း သိနေပါတယ်ဘုရား။

မေး။ ။သိနေရင် ဘယ့်နှယ်လဲဗျ။ အကုန်လုံးဟာ ရုပ်နှင့် နာမ်အပြင် ရှိသေးသလား။

ဖြေ။ ။ရုပ်နာမ်အပြင် တစ်လောက်လုံး ဘာမှ မရှိပါဘူးဘုရား။

မေး။ ။သည်တော့ ဖြစ်ပြီးတော့ ပျက်နေတယ် ဆိုတာကို ဆိုပြီးတော့ မြင်နေတဲ့ အခါကျတော့ကော ဘယ့်နှယ်လဲ။ အခုလို ဖြစ်ပျက်နေတဲ့ ဟာကို နှစ်သက်ပါရဲ့လား၊

ဖြေ။ ။ဖြစ်ပျက်နေတဲ့ ဟာတွေဟာ အနိစ္စမှန်း အစဉ်သိနေရင် မနှစ်သက်ပါဘူးဘုရား။

မေး။ ။သည်လိုထားတော့ ထားတယ်မဟုတ်လား။

ဖြေ။ ။ထားတော့ ထားပါတယ်ဘုရား။ အနိစ္စမှန်းလဲ သိတယ်။ ဒါကို နိစ္စ ထင်ပြီး နှစ်သက်နေတာပါဘုရား။ အနိစ္စ လွတ်သွားတဲ့အခါမှာ နိစ္စ ဟာ အင်မတန် ကောင်းတယ်လို့ဆိုပြီး အာရုံကို စုံမက်တဲ့အခါမှာ သမုဒယ ဖြစ်ပြီးတော့ ဆင်းရဲဒုက္ခ ဖြစ်ပြန်ပါရောဘုရား။

မေး။ ။အဲဒါကတော့ ဒကာကြီးရယ်–သူတို့ဟာ ဒီနေရာကလေးမှာ သိတဲ့ အချိန် ထားတဲ့အချိန်မှာ မဟုတ်ဘူး။ မထားတဲ့ အချိန်မှာ ဖြစ်တာပါဗျ။

ဖြေ။ ။တင်ပါ့ဘုရား။ မထားတဲ့အချိန်မှာပါဘုရား။ ထားတဲ့အချိန်မှာတော့ အနိစ္စလက္ခဏာကို မြင်လေတော့ နှစ်သက်ခြင်း၊ တပ်မက်ခြင်း၊ လိုချင်ခြင်းတို့ ကင်းပါတယ်ဘုရား။

မေး။ ။သည်တော့ အခု မလိုချင်တာ၊ မနှစ်သက်တာဟာ တော်တော်ကလေး ကြာတော့ ဘယ့်နဲ့လဲ။

ဖြေ။ ။သည်လို အနိစ္စဉာဏ် ရင့်သန်လာရင် အနတ္တဉာဏ်လဲ ပေါ်လာပါ လိမ့်မယ်ဘုရား။

မေး။ ။သည်တော့ ဘယ့်နှယ်လဲ၊ ဒါတွေကို နှစ်သက်ပါဦးမလား။ လိုချင်ပါဦးမလား။

ဖြေ။ ။မလိုချင်ပါဘူးဘုရား။ အနိစ္စလက္ခဏာကို အစဉ်အတိုင်း တဆက်တည်း သိနေခဲ့လို့ရှိရင် အနိစ္စဖြစ်နေတာ ဒုက္ခပဲလို့ဆိုပြီး ဒုက္ခသစ္စာကို တခါတည်း သိနေပါတယ်ဘုရား။ တပည့်တော်တို့ ရုပ်နာမ်တို့ မသိလို့ ဆိုတာကတော့ သမုတိနယ်က ဒုက္ခပါဘုရား။ အမြဲတစေ ဖြစ်နေတဲ့ အနိစ္စကို အာရုံစိုက်နေတဲ့ အခါမှာ ဒုက္ခသစ္စာကို ထင်မြင်ပြီးသား ဖြစ်နေပါတယ်ဘုရား။

မေး။ ။သည်လို ဖြစ်နေတဲ့ အခါကျတော့ အခုနဟာတွေ လာဦးမလား။

ဖြေ။ ။မလာပါဘူးဘုရား။

မေး။ ။ဒါဖြင့် အခုနလို သူ့အတိုင်းတိုင်း ထူထောင်သွားမယ် ဆိုလို့ရှိရင် မိုးလုံတော့ မိုးမယိုဘူးဗျ။ လွယ်လိုက်တာဗျာ။ ခက်သလားဗျာ။

ဖြေ။ ။မခက်ပါဘူးဘုရား။

အဲဒါကြောင့်မို့ ရှေးအရှင်တွေဟာ ဘုရားအဆုံးအမကို ရကြပြီဆိုတော့ ရသည့်အချိန်ကစပြီး တို့တော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးအောင် ဆိုပြီးသည်အတိုင်းတိုင်း မပြတ်ဘဲ ဆောင်တာဗျ။ အဲသည်လို ဆောင်တဲ့အခါမှာ ဆောင်သည်အလျောက် ဝီရိယရှိတော့ ဝီရိယိဒ္ဓိပါဒ်တွေ ပေါ်ပေါက်လာပြီး မြင့်မြတ်တိုးတက်လာ တော့ အဲသည်အခါမှာ ပျော်ကြ ရွှင်ကြနဲ့၊ အားမရ မရောင့်ရဲနိုင်ကြနဲ့ အဲသည်လို ဖြစ်တာပဲဗျ၊

**မစင်ဘင်ပုပ် အထုပ်လှလှကလေး**

အဲဒါ ဘုရားရှေ့လက်ထက်တော်ကသာ သူတော်ကောင်းတွေ သည်လို ဖြစ်တာ မဟုတ်ဘူး။ အခုလဲ သူတော်ကောင်း အစားစားတို့ဟာ သည်လို ဝီရိယ ထူထောင်ကြမယ်ဆိုရင် အဲသည်လိုပဲ ဖြစ်ပါလိမ့်မယ်ဗျ။ ဘယ်လို ဖြစ်မှာတုန်းဆိုတော့ အခုန ဟာတွေလိုပေါ့လေ။ မြင်ရပြီ သိပြီဆိုတော့ ဥပမာ–ဒကာကြီးများကို အထုပ်ကြီး တစ်ခု၊ အဝတ်လှလှကလေးနဲ့ ထုပ်ပြီး လမ်းမှာ ချထားတယ်။ သည်အထုပ်ကြီးက အတွင်းမှာတော့ မစင်တွေ ထည့်ထားတယ်ဗျ။ အဲဒါကြီးကို မြင်တော့ ဒကာကြီး ကောက်မှာလား။

ဖြေ။ ။အထုပ်ကြီးက မျက်စိအမြင်မှာ အင်မတန် လှနေရင်တော့ ကောက်မှာ

ပဲဘုရား။

မေး။ ။ကောက်မိတော့ သည့်အတိုင်း ထားမှာလား။ အတွင်းက ဘာရှိသလဲ လို့ဆိုပြီး ဖွင့်ကြည့်မှာလား။

ဖြေ။ ။ဖွင့်ကြည့်မှာပါဘုရား။

မေး။ ။အထဲက စိန်တွေ ရွှေတွေလား ဆိုပြီး ဖွင့်ကြည့်တော့ အတွင်းက မစင်ပုပ်တွေကို တွေ့ရော၊ တွေ့တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။လွှင့်ပစ်ချင်ပါတယ်ဘုရား။

မေး။ ။အခုန လှလှကလေးကို တွေ့တုန်းကလို ပြုံးချင်သေးသလား။

ဖြေ။ ။မပြုံးနိုင်ပါဘူးဘုရား။

မေး။ ။သည့်တော့ ဒါကြီးကို ယူထားမှာလား။

ဖြေ။ ။မယူထားပါဘူးဘုရား။ တခါတည်းကို လွှင့်ပစ်လိုက်မှာပါဘုရား။

မေး။ ။အဲသည်ဟာကို ယူမိတာ သူများကို ပြောဦးမှာလား။

ဖြေ။ ။မပြောပါဘူးဘုရား။ သူများမမြင်အောင် ကသီလင်တ ပစ်လိုက်မှာပါ ဘုရား။

မေး။ ။အဲဒါ နှမြောလျက်နဲ့ ပစ်မှာလား။

ဖြေ။ ။မနှမြောပါဘူးဘုရား။ အင်မတန် ရွံ့ရှာပြီး ပစ်ချင်လို့ ပစ်လိုက်တာ ပါဘုရား။

မေး။ ။ဘယ်သူက ပြောရဦးမလဲ။ ဒါမကောင်းဘူး, ပစ်လိုက်လို့ သူများက ပြောရဦးမလား။

ဖြေ။ ။အပြောမစောင့်တော့ဘဲ ချက်ချင်း ပစ်လိုက်မှာပါဘုရား။

မေး။ ။အခုနတော့ နှစ်သက်ဖွယ် လှလှကလေးကို ဒကာကြီး ပြောတယ် မဟုတ်လား။ အဲ...ဒကာကြီးက ဖြေမကြည့်လို့ ထင်ပါရဲ့။

ဖြေ။ ။ဖြေမကြည့်လို့ပါဘုရား။ တပည့်တော်တို့ ပညတ်အမြင်မှာ အင်မတန် သဘောကျလို့ အနိစ္စ ဒုက္ခအနတ္တ လက္ခဏာကို မမြင်သည့်အတွက် မျက်စိလည့်စားတာကို ခံနေရပါတယ်ဘုရား။

ရှေးအရှင်တွေက ဒီလိုချည်းပဲဗျ။ ဘုရားပွင့်တော်မူတဲ့ အခါကျပြီဆိုတော့ ဘုရားထံမှောက်သို့ များစွာသော လူနတ်ဗြဟ္မာတို့ ရောက်ကြတယ်။ ရောက်ကြ တဲ့အခါကျတော့ အတုအစူ မရှိပါတဲ့ မဟာကရုဏာတော် အရှင်သခင် ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း သိစေတော်မူတယ်။ သိစေတော်

မူတဲ့အခါမှာ ဘုရားအဆုံးအမကို မှတ်သားပြီးတော့ ဒါကတော့ လိုချင်လွန်းလို့ အပြီး နာကြတာကိုဗျ။ အဲဒီလို မှတ်သားပြီးပြီဆိုတော့ မချတဲ့ ဝီရိယနဲ့ တဆက်တည်းချည်းပါအောင် ကြိယာပုတ်လေးဖြာမှာ ဒီလို ဆောင်ကြတာပဲဗျ။ အဲဒီလို ဆောင်တဲ့အခါကျတော့ ဒါတွေက ဘယ်လိုလဲဆိုတော့ အမှန်တွေ မြင်ပြီးတော့ အမှန်တွေ သိကြတာတဲ့ဗျ။ သိတဲ့အခါကျပြီဆိုတော့ အခုနလို မစင်ပုပ်တွေကို မြင်ရသလောက် က,ပါ့မလား။

ဖြေ။ ။မစင်ဘင်ပုပ်ကို မြင်ရတာထက် အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်တဲ့ ရှေးအရှင်ကောင်းများက သာပြီးတော့ စွန့်ပယ်ချင်ပါတယ်ဘုရား။

မေး။ ။ဒါကို ဒကာကြီးက သာသာကလေး ယူထားမလား။

ဖြေ။ ။မယူထားပါဘူးဘုရား။ ချက်ချင်း ပယ်လိုက်မှာပါဘုရား။

မေး။ ။အဲဗျာ–သိသည်နှင့် တပြိုင်နက် ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။သိသည့်နှင့်တပြိုင်နက် ပယ်မှာပါဘုရား။

အခုလဲပဲ ဘုရားဆုံးမတဲ့ အဆုံးအမတွေကို လိုက်နာ၊ လိုက်နာပြီဆိုမှဖြင့် မြင်မယ်။ မြင်ပြီဆိုမှဖြင့် သိမယ်။ သိရင် အဲဒီလို ဖြစ်တာပဲဗျ။ ဒါကြောင့် ဘုရားရှေ့လက်ထက်တော်က အရှင်မြတ်တွေဟာ ရှင်ဘုရင်တွေ၊ သူဌေးတွေ အစားစားတွေဟာ ဒီလိုပါပဲဗျ။ ဘုရားဆုံးမတဲ့အတိုင်း မှတ်ပြီးတော့ လိုက်နာ၊ လိုက်နာတဲ့ အခါကျတော့ ဒီလိုဟာတွေနဲ့ နေသေးရဲ့လား။

ဖြေ။ ။မနေတော့ပါဘူးဘုရား။

မေး။ ။အေး...ဘုရားရှေ့လက်ထက်တော်က ပညာအရာမှာ ဧတဒဂ်ရတဲ့ သူဌေးမကြီးဟာ ဘယ်သူလဲဗျ။

ဖြေ။ ။ခေမ္မာဒိန္နာလားဘုရား။

**အလှဘုရင် ခေမာအရှင်မ**

မဟုတ်ဘူးဗျ၊ ခေမာ ဘုရင်မကြီးဗျ။ သူ့မှာက ပါရမီရှိပြီးသားဗျ။ ဘုရားရှင် ကြွလာတော်မူတော့ သူက ပါရမီ ရှိပြီးသားဖြစ်တော့ ဘုရားက ဘယ်လို ဆုံးမတော်မူတယ်။ ဘယ်ကဲ့သို့ ဆိုတာကတော့ သူများပြောလို့ သိထားတာကိုးဗျ။ ဒီတော့ သူက တော်သလို ဟောတာလေးကိုတောင် ဘုရားရှင်က ကဲ့ရဲ့တော်မူတယ်။ ငါ့ဆိုရင်ဖြင့် ကဲ့ရဲ့တော်မူမှာပဲလို့ စိတ်က ထင်နေတာကိုးဗျ။ ဒီတော့ သူက ဘုရားထံမှောက်သို့ မသွားဘူးတဲ့။

သူမသွားတာက ဒါကြောင့် မသွားတာဗျ။ သူက အလှဆုံးမို့လို့ဗျ။

နောက်ကျတော့မှ ရာဇဂြိုလ်ပြည့်ရှင် ဗိမ္ဗိသာရ မင်းကြီးဟာ သူ့လို ထပ်တူညီမျှ ဖြစ်စေချင်တာကိုးဗျ။ သို့သော်လည်း ဘုရားရှင်ထံကို သွားဖို့ အကြောင်း ဟိုလိုခိုင်းလို့ 'နင်သွားဟဲ့၊ မသွားဘူးလား'ဆိုရင်တော့ ဖြစ်တော့ ဖြစ်မှာပဲ။ သို့သော်လဲပဲ ဒီလိုဆိုရင် ဘုရင်မကြီးကို ဒီလို ပြောရမယ်ဆိုရင် ခပ်ရိုင်းရိုင်း ဖြစ်မှာစိုးလို့ သွားချင်အောင် လုပ်ရသတဲ့ဗျ။ ဘယ်လိုလဲဆိုရင် ဥယျာဉ်တော်များ သာယာပုံကို ကဗျာဖွဲ့တတ်တဲ့ လူတွေကို ခိုင်းတယ်။ ကဗျာကလည်း သွားချင်စိတ်တွေ ပေါ်လာအောင် ဖွဲ့ပြီးတော့ အဲဒါတွေကို နန်းတွင်း နန်းပြင်မှာ သီဆိုစေတယ်။

အဲဒီလို သီဆိုနေတာကို ကြားတော့ သူက အဟုတ်သွားချင်တာဗျ။ အရင်တုန်းကတော့ ရောက်နေကျပါပဲ။ အခု ဘုရားရှင် သီတင်းသုံးတော်မူနေလို့ မသွားတာဗျ။ ဒီတော့မှ ဘုရင်ကြီးကို သံတော်ဦးတင်တာဗျ။ ဒီလို သံတော်ဦးတင်တော့ ရှင်ဘုရင်က သဘောကျတာပေါ့ဗျ။ သူကတော့ သွားစေချင်တာကိုဗျ။ အဲဒီလို သွားရင် နေရာကျမှာကို သိလို့ဗျ။ အေးအေး သွားဆိုပြီးတော့ သွားစေချင်တယ်ဗျ။ နောက်ကျတော့ အမတ်တွေကို မှာလိုက်တယ်။

'ဟဲ့ နင်တို့ ဘုရင်မကြီးဟာ ဘုရားထံမှောက်သို့ ရောက်ပါစေ။ တကယ်လို့များ မရောက်ဘဲနဲ့ ဥယျာဉ်တော်ကနေ လှည့်ပြန်လာရင် အာဏာဟဲ့'လို့ မှတ်လိုက်တာဗျ။ ဒီကျတော့မှ မှူးမတ်တွေက–

'မှန်လှပါ အရှင်မကြီးဘုရား။ ဘုရင်မင်းမြတ်က အမိန့်တော် မှာလိုက်ပါတယ်။ ဘုရားရှင် ထံမှောက်သို့ ရောက်ရပါမယ်။ မရောက်ရင် အာဏာပါ'လို့ သံတော်ဦးတင်တော့မှ သွားတယ်ဗျ။ သွားတော့ သူနဲ့တည့်အောင် ဘုရားရှင်က ပြထားတယ်မဟုတ်လား။ ဒီကျတော့မှ ဘုရားရှင်က ချစ်သမီးရယ်ဆိုပြီး အမှန်ကို သိအောင် အခုနရုပ်နာမ်ပေါ်ကို ရှုစေတာ မဟုတ်လား။ အခု တော့ အဲဒီလို လုပ်တာ၊ တော်တော်ကြာ ဒီလိုဖြစ်တာပဲ မဟုတ်လား။

အဲသည်တော့ ခုနဟာတွေကို သေသေချာချာ မြင်တဲ့အခါကျတော့ အထမြောက် ပြီးစီးသွားတာဗျ။ ခဏလေးရယ်ဗျ။ အဲဒီကျတော့မှ ဒီလိုဖြင့် မဖြစ်ဘူးဆိုပြီး အရင်တုန်းကလို မဟုတ်တော့ဘူးဗျ။ အဲသည်လို မြင့်မြတ်တဲ့ အဖြစ်ကို ဖြစ်ကြပြီဆိုမှဖြင့် ယုတ်ညံ့တဲ့ အသွင်က ခံနိုင်တာ မဟုတ်တော့ဘူးဗျ။

ယုတ်ညံ့တဲ့ အသွင်အပြင်ဆိုတာ အခုန သူ့ရဲ့ အသွင်အပြင်ပေါ့ဗျ။ ဒီလို အမြတ်တွေကို ဆိုက်လာတော့ မခံနိုင်ဘူး။ ဒီတော့ ဘယ့်နှယ်ပြုရသလဲ၊ မြင့်မြတ်တဲ့ အသွင်အပြင်နဲ့မှသာ တည်နိုင်တာဗျ၊ ဒါကြောင့် ဆံမွေးနှုတ်မွေကို စွန့်ပြီး ဘုရင်မင်းမြတ်ထံ တောင်းပန်တာဗျ။

"ဘုရားကျွန်မသည် အရှင်မင်းကြီး ခွင့်ပြုမယ်ဆိုရင် သာသနာ့ဘောင် ဝင်ပြီး သာသနာ့ဝန်ကို ထမ်းချင်ပါတယ်ဘုရား"လို့ လျှောက်တယ်တဲ့ဗျ။ သည်တော့မှ ဘုရင်မင်းမြတ်က ဝမ်းသာတာပေါ့ဗျာ။

လျှောက်။ ။ဒီ ခေမာမိဖုရားကြီးဟာ တခါတည်းပဲ အရဟတ္တမဂ် ဖြစ်သွားသလားဘုရား။ သို့မဟုတ် သောတာပန်လောက် အဆင့်အတန်း ရောက်သလားဘုရား။

ဆရာတော်။ ။သူကတော့ တဆက်တည်း၊ တပြိုင်နက်တည်း အရဟတ္တမဂ် ဖြစ်သွားတာဗျ။

လျှောက်။ ။ရှေးအရှင်ကောင်းများကတော့ မျက်စိနဲ့ မြင်တာကို မဓာန မပြုဘဲ ရုပ်နာမ်၏ အနိစ္စလက္ခဏာကို စွဲမြဲ မပြတ် မြင်သောကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ် တဆက်တည်း ဖြစ်သွားပါသလားဘုရား။

မေး။ ။ဒါကတော့ သူတို့ စပြီးသွားတာက အခုနလို ဖြစ်တော့ အခုလို ဖြစ်တာပေါ့ဗျ။ ဒကာကြီး၊ ဒကာမကြီးတွေက ကုသိုလ်ပြုနေတုန်း နှေးနှေးပြုတော့၊ အခုလဲပဲ နှေးနေတာ ထင်ပါရဲ့။

ဖြေ။ ။တပည့်တော်တို့ကတော့ နှေးနှေးနေပါတယ်ဘုရား။

မေး။ ။တဆက်တည်းပြုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တဆက်တည်းပြုတော့ တဆက်တည်း တူသောအကျိုး ပေးမှာပါဘုရား။

## ရှင်ဘုရင် သူဌေး ဖြစ်ချင်သေးသလား

မေး။ ။ဒကာကြီးက နှေးတဲ့ဟာကို သဘောကျသလား၊ တဆက်တည်းကို သဘောကျသလား။

ဖြေ။ ။တဆက်တည်းကို သဘောကျပါတယ်ဘုရား။

မေး။ ။အဲသည်လို သဘောကျရင် အဲသည်လိုလုပ်ဗျ။

ဖြေ။ ။အဲဒါကတော့ မြင့်လွန်းအားကြီးလို့ မလှမ်းဝံ့ပါဘူးဘုရား။

မေး။ ။အခုနတော့ အဲဒါ ကြိုက်တယ်ဆိုပြီး ယခုတော့ ဘယ့်နှယ်ဖြစ်တာလဲ။

ဖြေ။ ။ကြိုက်တာကတော့ ကြိုက်ပါတယ်ဘုရား။ ဒါပေမယ့် နည်းနည်းကတော့ သောတာပန်အဖြစ်နဲ့ နတ်ပြည်တို့ ဘာတို့မှာ အပျော်အပါးကလေးတော့ ခံချင်ပါသေးတယ်ဘုရား။

မေး။ ။နေပါအုံး ဒကာကြီးရဲ့ အိုရတာ၊ နာရတာ၊ သေရတာ ပျော်ပါ့မလား။

ဖြေ။ ။တပည့်တော်တို့ကတော့ နည်းနည်း အိုချင်သေးပါတယ်ဘုရား။ လေးငါးခြောက်ခါလောက်တော့ အိုချင်ပါသေးတယ်၊ နာတာကတော့ နတ်များ မနာရဘူးလို့ ထင်ပါတယ်ဘုရား။

မေး။ ။ကဲပါဗျာ၊ ဒါဖြင့် ဒကာကြီးများရဲ့ ရှင်ဘုရင်တွေ၊ သူဌေးတွေ၊ သိကြားတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ မရှိဘူးလား။ သူတို့ တစ်ယောက်ထဲလားဗျ။

ဖြေ။ ။အများကြီးပါဘုရား။

မေး။ ။အဲသည် အများကြီး ဘယ့်နှယ်တုန်းဗျ။ ခိုင်မြဲနေမှာလား။

ဖြေ။ ။မမြဲပါဘူးဘုရား။ သေမျိုးချည်းပါပဲဘုရား။

မေး။ ။ဒီတော့ အခုန တည်ပြီးကော့ နေတဲ့ ဥစ္စာတွေဆိုပြီး အဲဒါတွေဟာ ချွတ်ချော်တိမ်းပါးလို့ သေတာ မဟုတ်ဘူးလားဗျ။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲသည်အခါမှာ ဒကာကြီးက ပြုံးပြုံးကြီး နေနိုင်မှာလား။

ဖြေ။ ။အင်မတန် ဆင်းရဲမှာပါဘုရား။

မေး။ ။ရှင်ဘုရင်မကြီးဆိုပါတော့ဗျာ။ ဒကာကြီး ဘယ့်နှယ်လဲ ပြုံးပြုံးကြီး နေမှာလား။

ဖြေ။ ။မပြုံးပါဘူးဘုရား။ ဒါပေမယ့် တော်ရုံလောက် ဝမ်းနည်းမှာပါဘုရား။

မေး။ ။ဘယ့်နှယ်ကြောင့်လဲ။

ဖြေ။ ။တပည့်တော်က ရှင်ဘုရင်ကြီးကိုဘုရား။ တခြားရှင်ဘုရင်မတွေက အများကြီး ကျန်ရစ်ခဲ့ဦးမှာကိုးဘုရား။

မေး။ ။ဒါဖြင့် ဒကာကြီး ပြုံးပြုံးကြီးနေမှာလား။

ဖြေ။ ။ပြုံးတော့ မပြုံးပါဘူးဘုရား။ နမြောစုံမက်တော့ ဝမ်းနည်းမှာပါဘုရား။

မေး။ ။ဝမ်းနည်းတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ငိုတန် ငိုရမှာပါဘုရား။
မေး။ ။ငိုတာ ဝမ်းနည်းလို့လား၊ အဲဒါ ကောင်းသလားဗျ။
ဖြေ။ ။မကောင်းပါဘူးဘုရား။
မေး။ ။တစ်ခါတလေ အဲသည် သားသမီးတွေ နေမကောင်းရင် ဘယ့်နှယ်လဲ။
ဒကာကြီး ပြုံးပြုံးကြီးနေမှာလား။
ဖြေ။ ။မနေပါဘူးဘုရား။ တပည့်တော် စိတ်ပူနေမှာပဲဘုရား။
မေး။ ။အဲဒါ ကောင်းသလားဗျ။
ဖြေ။ ။မကောင်းပါဘူးဘုရား။
မေး။ ။မကောင်းရင် အခုနလို ရှင်ဘုရင်များ လုပ်ချင်သေးသလား။
ဖြေ။ ။လုပ်ချင်ပါသေးတယ်ဘုရား။
မေး။ ။အဲသည်လို ငိုချင်သေးသလား။
ဖြေ။ ။တပည့်တော်တို့က ငိုရတာကိုပဲ ပျော်နေပါတယ်ဘုရား။

**တစ်ခါနေရာမကျ ဒုက္ခအသရေ**

မေး။ ။ဒကာကြီးကကော အဖျားအနာ လွတ်မှာလား။
ဖြေ။ ။မလွတ်ပါဘူးဘုရား။
မေး။ ။ဖျားရတာ ကောင်းသလား။
ဖြေ။ ။တပည့်တော်တို့ကတော့ ဖျားနေတဲ့အခါမှာလည်း ပျော်ပျော်ပဲဘုရား။
ငါပျောက်ရင် ဘယ်ထမင်းစားပွဲ သွားလိုက်မယ်။ ဘယ်ရက်ချိန်းတော့
ဖြင့် မိတန်ကောင်းပါရဲ့ဆိုပြီး ပြုံးပြုံးကြီး ပျော်ပျော်ပဲ ဘုရား။
မေး။ ။အဟုတ်ဖျားနေတဲ့ အခါမှာရော။
ဖြေ။ ။အဟုတ်ဖျားတော့လဲ အမယ်လေး ဘာလေး၊နဲ့ ညည်းနေတာပဲဘုရား။
မေး။ ။အဲဒါကတော့ ပျော်သလား။
ဖြေ။ ။မပျော်ပါဘူးဘုရား။ သို့သော်လည်း တပည့်တော်တို့ ပုထုဇဉ်တွေ
ပုပုရွရွ မှန်သမျှမှာ ဒီလို ဒုက္ခတွေနဲ့ ပျော်ပျော်ပဲ နေကြတာပဲဘုရား။
မေး။ ။အဲသည်လို နေကြရင်းနဲ့ သေသွားရင် ဘယ်ရောက်မလဲ။
ဖြေ။ ။အပါယ်ရောက်မှာပါပဲဘုရား။
မေး။ ။ပြီးတော့ ပျော်ပျော်ကြီး ပြုံးပြုံးကြီးနဲ့ သေသွားရင်ကော။
ဖြေ။ ။ပျော်ပျော်ကြီး ပြုံးပြုံးကြီး လောဘစိတ်တို့နဲ့ သေသွားရင် အပါယ်

ရောက်မှာပါပဲဘုရား။

မေး။ ။အခုနလို စိတ်ထဲ သဘောမကျလို့ သေသွားရင်ကောဗျာ။

ဖြေ။ ။ဒေါမနဿစိတ်နဲ့ အပါယ်ရောက်မှာပဲဘုရား။

မေး။ ။ဒီလို မဟုတ်ဘဲ ဟိုရောက် သည်ရောက် စိတ်နဲ့ သေသွားရင်ကော။

ဖြေ။ ။မောဟစိတ်နဲ့ဆိုလဲ အပါယ်ရောက်မှာပါပဲဘုရား။

မေး။ ။ဒီတော့ ဒကာကြီးက ပြုံးချင်တာကို ပြုံးရပါဦးမလား။

ဖြေ။ ။ပြုံးရမလားလို့ လုပ်လာတာ ဒုက္ခနဲ့ချည်းတွေ့နေပါတယ်ဘုရား။

မေး။ ။တစ်ခါ နေရာမကျ ဘယ်လောက်ကြာနေမှာလဲ။

ဖြေ။ ။အကြာကြီးပါဘုရား။

မေး။ ။ဘယ်လောက်ကြာမလဲ။

ဖြေ။ ။ကုဋေပေါင်း အတော်ကြာကြာကြီး ငရဲမှာ ခံမှာပါဘုရား။ ဘယ်လောက်ကြာမလဲဆိုရင် တချို့ ကမ္ဘာနဲ့ ချီပြီးတော့ ခံရပါတယ်ဘုရား။

မေး။ ။အဲသည်လိုမျိုး ခံချင်သေးသလား။

ဖြေ။ ။မခံချင်ပေမယ့် ချမ်းသာတစ်ခုကို အာရုံပြုပြီး ဆင်းရဲကြီး ဖြစ်အောင် လုပ်တဲ့ ပုထုဇဉ်တွေပါဘုရား။

အဲဒါဟာ အခုနလို မမြင်ချင်လို့ဗျ။ ဒါကြောင့် အခုနလိုဟာတော့ မလုပ်ကြနဲ့။ ဘာရယ်ညာရယ်လို့ ရွေးနေလို့ မဖြစ်ဘူး။ အခုန ထားဆိုတဲ့ နေရာကလေးမှာသာ သံသရာတစ်လျှောက်လုံးအတွက် ဇချင်တယ်ဆိုရင် အဲသည်လို ထားဗျ။ ရှေးအရှင်တွေဟာ ခဏလေးရယ်ဗျ။

အစကတော့ ပြုံးပြုံးကြီးနဲ့ နေရကောင်းမလားလို့ ဆိုပြီး နေတာပဲဗျ။ နောက်ကျတော့ ဘုရားရှင်နဲ့ တွေ့တဲ့အခါ သဗ္ဗညုတ အရှင်သခင်ဖြစ်တော့ 'ဒင်းတော့ ဒါနဲ့မှ ဖြစ်မှာ'ဆိုပြီး သူ့ကို တရားတစ်မျိုး ဟောရတာ မဟုတ်ပါဘူးဗျာ့။ အဲသည်ကျတော့မှ သူနားလည်လောက်အောင် ပြတော့မှ ဖြစ်တော့တာတဲ့ဗျ။ 'ချစ်သမီးရယ်'ဆိုပြီး သာသာကလေးရယ်ဗျ။ ဒီတော့မှ တရားဟောနေစဉ်မှာပဲ အရဟတ္တမဂ် ဖြစ်တာဗျ။

ဖြေ။ ။အခု တပည့်တော်တို့ တရားနာနေတဲ့ အချိန်လောက်တောင် ကြာချင်မှ ကြာမှာပါဘုရား။

မေး။ ။အေး...အဲဒါက ထားဆိုတဲ့နေရာမှာ ထားလိုက်တာကိုးဗျ။ ဒကာမကြီးများက အဲသည်လို ထားရဲ့လား။

ဖြေ။ ။တပည့်တော်တို့တော့ ထားတာပါပဲဘုရား။ ထားတော့လဲ နေတယ် ဆိုပေမယ့် လွတ်တာတွေက များပါတယ်ဘုရား။

မေး။ ။လွတ်တာက တစ်ရက်မှာ ဘယ်လောက်များသလဲ။

ဖြေ။ ။အတော်တော့ များပါတယ်ဘုရား။

မေး။ ။ဘယ်လောက်လဲဗျ။ နာရီနဲ့ ပြောစမ်းပါဗျ။ တစ်ရက် ဘယ်နှစ်နာရီ ရှိသလဲ။

ဖြေ။ ။နှစ်ဆယ့်လေးနာရီ ရှိပါတယ်ဘုရား။

မေး။ ။အဲဒီမှာ လွတ်တာ ဘယ်နှစ်နာရီလဲ။

ဖြေ။ ။နာရီနှစ်ဆယ်ကျော် ဆိုပါတော့ဘုရား။

မေး။ ။နှစ်ဆယ်က ငါးနာရီကျော်တာလားဗျ။

ဖြေ။ ။ဒါတောင် နည်းနေမလား မသိပါဘူးဘုရား။

ဟုတ်ပါတယ်ဗျာ။ သို့သော်လဲပဲ လိုတာကို သိရင် နေရာကျလှပြီ မဟုတ်လားဗျ။

ဖြေ။ ။တပည့်တော်တို့မှာ အင်မတန် လိုနေပါတယ်ဘုရား။ နှစ်ဆယ့်လေးနာရီ မှာ နှစ်ဆယ်ကျော်ပါတယ်ဘုရား။

မေး။ ။ခြောက်နာရီလောက်များ ကျော်ရင်တော့ ကောင်းရောဗျ။

ဖြေ။ ။သူများဆီကကို ချေးရမှာပါပဲဘုရား။

## ရဟန္တာနှင့် ဝတ်ကြောင်ဘဝ

အေး အေး. . .လိုတာကိုသိရင် နေရာကျပါပြီ။ အခု ဒကာကြီးတို့မှာက ပါရမီကလည်း ရှိပြီးသားဗျ။ အဲဒါ ယူရုံကလေးကို မယူတာဗျ။ အခုန ခေမာဘုရင်မကြီးဟာ နေရာတကာ အကုန်ပါပြီးသားဗျ။

လျှောက်။ ။အဲဒီဘုရင်မကြီးဟာ မိဖုရားအဖြစ်နဲ့ အရဟတ္တမဂ်နေလို့ မဖြစ်ဘူးလားဘုရား။

ဆရာတော်။ ။မဖြစ်ဘူးဗျ။ သူ့မှာ အခုနဟာ ကူမှ မတူနိုင်ဘဲကိုး။ ဒီတော့ ပရိနိဗ္ဗာန် စံဝင်ရမယ်။

လျှောက်။ ။ဒကာကြီးက ဒီအဝတ်အစားနဲ့ လူ့ပြည်မှာ နေရင် အရဟတ္တဖိုလ် မဖြစ်နိုင်ဘူးလားဘုရား။

ဆရာတော်။ ။တူလို့ မရဘူးဗျ။ ဒီအတိုင်း နေရင် ပရိနိဗ္ဗာန် စံဝင်ရမယ်။

လျှောက်။ ။ချက်ချင်းပဲလားဘုရား။

ချက်ချင်းဆို ရက်မဆိုင်းရဘူးဗျ။ အရဟတ္တမဂ် အရဟတ္တဖိုလ် ဖြစ်ရင် ခုနလို မကိုင်္ဂတွေ၊ သရဖူတွေနဲ့ မနေနိုင်ဘူး။ ဒါကြောင့် အခုနလို ရှင်ဘုရင်ထံမှာ တောင်းပန်ပြီးတော့ မြင့်မြတ်တဲ့ အသွင်အပြင်နဲ့ဆိုတော့ အားလုံး အစီးအပွားတွေ ဘာတွေ ဆောင်နိုင်တာဗျ။ အဲဒါ မြင့်မြတ်တဲ့ အသွင်ဗျ။ အဲဒီ အသွင်အပြင်ဟာ အင်မတန် မြင့်မြတ်တယ်ဗျ။ ဘယ်ထိ အောင် မြင့်မြတ်သလဲဆိုရင် တို့ယနေ့ ရဟန်းပြုတဲ့ ဥပသမ္ပဒါ ကံဆောင်တဲ့ ရဟန်းများကို ရဟန္တာဖြစ်တဲ့ သာမဏေငယ်များက ဝတ်ကြီးဝတ်ငယ် ပြုနိုင်တယ်။ ရှိခိုးပူဇော်ခြင်း ခံနိုင်တယ်။ 'အရဟတ္တဇ'ဆိုတာက ဒီလို ခံနိုင်တယ်။ အရဟတ္တမဂ် အရဟတ္တဖိုလ်ရတဲ့ ရဟန်းများက အင်မတန် မြင့်မြတ်တာဗျ။ ဒါကြောင့် ကိုယ်ဟာ တောင့်တတဲ့အတိုင်းဟာ အကုန် နေရာကျလာမှာဗျ။ တိုးမပြုရပါဘူးဗျ။ အရဟတ္တမဂ်ကိုရင်က ယနေ့ ပုထုဇဉ် ရဟန်းကို ရှိခိုးပူဇော်ရတယ်။ ယနေ့ပြုတဲ့ ရဟန်းကိုလဲ ခေမာ မိဖုရားတို့လို ရဟန္တာမကြီးတွေက ရှိခိုးရတယ်။

လျှောက်။ ။ယနေ့ပြုတဲ့ ရဟန်းကိုလဲ ခေမာမိဖုရားကြီးတို့လို ရဟန္တာမကြီးတွေက ရှိခိုးရမှာလားဘုရား။

ရဟန္တာမကြီးတွေကတော့ ရဟန်းယောကျာ်းကို ရှိခိုးရမှာပဲဗျ။ အဲဒီလို ကြီးကျယ်ခမ်းနားတာဗျ။ ဒီတော့ အင်မတန် ကျေးဇူးဂုဏ်တွေ များတယ်။ ဒီတခါပဲ ကျေးဇူးဂုဏ်တွေ ရှိတဲ့ဟာကို ပူဇော်ကြရ ကြည်ညိုကြ ရတယ်ဆိုရင် ခဏကလေး ဖြစ်ဦးတော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးနိုင်တယ်ဗျ။ အဲဒီလို မြင့်မြတ်တာဗျ။

ဒါကြောင့် အချိန်အခါ ဘဝကောင်းပါတယ်ဗျ။ အဲဒီလို အချိန်အခါ ဘဝကောင်းတာ သိပြီးပြီဆိုတော့ ရှေးအရှင်တွေကတော့ ကိုယ်လိုချင်တာတွေကို ဝီရိယ ထူထောင်ပြီးတော့ ယူတော့ ရတယ်။ ဘယ်လိုယူသလဲဆိုတော့ အချိန်တိုင်း အချိန်တိုင်း ယူလို့ ရပါတယ်ဗျ။ ယခုလဲ မြင့်မြတ်တဲ့ အချိန် အခါ ဘဝကို သိပြီးတော့ ပြည့်စုံအောင် ကြိုးစားကြ၊ အားထုတ်ကြဗျ။

[၁၉၅၅–ခုနှစ်၊ မေလ ၁၈–ရက်နေ့ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။]

**မချိုးမွမ်းချင်နေ၊ မကဲ့ရဲ့မိစေနှင့်**

အေး . . . ဒါကြောင့်

ဘယ်နည်းနဲ့မှ မကဲ့ရဲ့နဲ့။

ချီးမွမ်းရင်တော့ဖြင့်

ရပါသေးတယ်။

ချီးမွမ်းတာကိုလဲ

မတော်တာကို သွားပြီး ချီးမွမ်းမိရင်

ဘယ့်နှယ်လဲ။

# အရိယူပဝါဒ ကံကြီးထိုက်သူ

## တရားတော်

**ဝိဇ္ဇာနှင့်စရဏ တွဲလုပ်မှ**

ဒကာကြီး၊ ဒကာမကြီးများ သိတဲ့အတိုင်း တာဝတတိံသာနတ်ပြည်မှာ သိကြားမင်းဆိုတာရှိတယ်။ သိကြားမင်းဟာ ဝေဇယန္တာနန်းကနေပြီး ရထားနှင့် သွားစရာ လာစရာရှိတဲ့အခါမှာ ရထားပေါ် မတက်ခင် အောက်မျက်နှာကို ရှေ့ရှုပြီး တစ်ခါတည်း ရှိခိုးပူဇော်လိုက်သေးသတဲ့။ အောက်လူ့ဘုံရပ်ထံ ရှေ့ရှုပြီးတော့ အဲသည်လို ရှိခိုးပူဇော်တဲ့အခါကျတော့မှ ဘယ်လိုတုန်းဆိုတော့ သူ့ရဲ့ရထားမှူးက မာတလိ ဆိုမဟုတ်လား။ သူက သိကြားမင်းကို မေးတာတဲ့ဗျ။ "အောက်မျက်နှာ အဖို့မှာ အရှင်သိကြားမင်း ရှိခိုးပူဇော် ထိုက်တဲ့လူအများ ရှိပါသေးသလား"လို့ မေးတဲ့အခါကျတော့မှ "ရှိတယ် မောင်မာတလိရဲ့" တဲ့။

ဘယ်သူလဲဆိုရင် လူ့ခွင်၌ တည်ပြီးတော့ တရားသဖြင့် ပစ္စည်းဥစ္စာ ရှာပြီးပြီဆိုတော့ သားသမီး အစရှိသည်တို့ကို ကျွေးမွေးကြတဲ့ သူတွေတဲ့ဗျ။ ကြားလား။ "အဲသည်လူတွေကို ငါ ရှိခိုးတာ မာတလိရဲ့" လို့ ပြန်ပြောတယ်တဲ့ဗျ။ အဲဒါ သူတော်ကောင်းတွေကို ရှိခိုးတာဗျ။

လျှောက်။ ။ဒါဖြင့် တပည့်တော်တို့လဲ သိကြားမင်း အရှိခိုး အတော်ခံပြီးပြီ ထင်တယ်ဘုရား။

တဒင်္ဂပဟာန် ဆိုရင်တော့ ဖြစ်သွားမှာပဲ။ အခု ဒကာကြီး၊ ဒကာမကြီး

တွေ လုပ်တာကိုတော့ ဟုတ်တယ်၊ မဟုတ်ဘူးလို့ မပြောနိုင်ဘူးဗျ။ တရားသဖြင့် ရှာကြံပြီး သားသမီးများကို ကျွေးတဲ့နေရာမှာ ဘယ်လိုတုန်းဆိုတော့ နေရာတိုင်းမှာ ကိုယ်နဲ့၊ နှုတ်နဲ့ ၊ စိတ်နဲ့ ဆောင်ကြတဲ့အခါကျတော့ ဘယ်နေရာမှ စိတ်ကလေးကို မသွားရအောင် စူးစူးစိုက်စိုက် ထားသလား။

## ဓမ္မေန ဒါရံ ပေါသေတိ

ဖြေ။ ။သည်လိုတော့ မဟုတ်ပါဘုရား။ မောပန်းတကြီး ရှာပြီးတော့ သားသမီးတွေကို ကျွေးမွေးတာပဲဘုရား။

အေးလေ ဆိုထားတာက 'ဓမ္မေန ဒါရံ ပေါသေတိ- တရားသဖြင့် ရှာကြံပြီးတော့ ပြုစု ကျွေးမွေးတဲ့သူတွေ ရှိတယ်' တဲ့ဗျ။ အဲသည်လူတွေကို ငါ ရှိခိုးတာ မာတလိရဲ့တဲ့ဗျ။ သည်တော့ အခုနက သိကြားမင်း ရှိခိုးတာမှာ ဒကာကြီး ပါတယ်၊ မပါဘူး ဆိုတာ ဒါနဲ့သာ ချိန်ကြည့်ကြပေတော့ဗျာ။

တို့ကတော့ ဒကာကြီး မပါဘူးလို့လဲ မပြောနိုင်ဘူး။ ပါတယ်လို့လဲ မပြောနိုင်ဘူး။ အဲသည်တော့ အခုနဟာနဲ့သာ ချိန်ကြည့်ပေတော့။ တစ်ပိဿာလေးဆိုတာ အခုနဟာပဲဗျ။ အဲသည်အလေးနဲ့ တကာကြီးဟာ ပြည့်တယ်၊ မပြည့်ဘူးဆိုတာ ချိန်ကြည့်ဗျ။ အဲဒါနဲ့ ချိန်လို့ ပြည့်တယ်ဆိုရင် 'ဓမ္မေန ဒါရံ' ဆိုတာဟာ ဟုတ်ပါရောဗျ။ ဒါနဲ့ မညီသေးလို့ရှိရင် ချိန်တယ်ဆိုတဲ့ဟာမျိုးက အလေးကို တစ်ဘက်က ထည့်၊ တစ်ဘက်က သည့်ပြင် လိုချင်တဲ့ပစ္စည်းကို ထည့်ချိန်တာပဲ ထင်ပါရဲ့။ သည်တော့ တို့ဟာနဲ့ အလေးနဲ့ ညီမျှရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အလေးနဲ့ညီမျှဖို့ သိပ်မလိုတော့ဘူး။ နည်းနည်းတော့ နီးလာပါပြီဘုရား။

မေး။ ။ဘယ်လောက် လိုသေးသလဲ။

ဖြေ။ ။ရှစ်ဆယ် ကိုးဆယ်ကျော်လောက် လိုပါတယ်ဘုရား။

မေး။ ။ကိုးဆယ်က ဘယ်လောက်ကျော်လို့လဲ ဒကာကြီးရဲ့၊ ကိုးဆယ်က ရှစ်, ကိုး, တစ်ဆယ်, ဆယ့်တစ်လောက်များ လိုနေဦးမလား။ တစ်ပိဿာပြည့်မှာ ကိုးဆယ်ကျော်ဆိုတော့ ဆယ့်ငါးလောက်များ လိုနေမှာလား။

ဖြေ။ ။ကိုးဆယ်ရဲ့ ဟိုဘက်မှာ မလောက်လို့ သူများဆီ ချေးရပါသေးတယ်

ဘုရား။

မေး။ ။အေး...သည်လို လိုတာသိရင် တော်ပါပြီ၊ လိုတာသိရင် ပြည့်အောင် ဖြည့်တော့မှာဗျ။

လျှောက်။ ။အခုနပြောတဲ့ ဓမ္မေနဒါရုံနဲ့ချိန်ပြီး တပည့်တော်တို့က သိကြား မင်းကို ပြန်ရှိခိုးရမှာ ထင်ပါရဲ့ဘုရား။

အေး-ဒါတော့ မသိဘူးလေ။ ကိုယ့်ဟာကိုယ် သိမှာပဲ။ အဲဒါ မအားဘူးဆိုပြီး နေလို့ဗျ။ ရှေးအရှင်တွေဟာဆိုရင် တောင့်တတဲ့အတိုင်း စိတ်နှလုံးအလို ပြီးသွားကြတာချည်းပဲဗျ။ ဘုရားရှေ့လက်ထက်တော်က နိဗ္ဗာန်ကို စံဝင်ကြွသွားတဲ့ ပုဂ္ဂိုလ်တွေဟာ မရေမတွက်နိုင်ဘူးဗျ။ အဲဒါတွေဟာ ရဟန်းတွေလား၊ လူတွေလားဗျ။

ဖြေ။ ။ရဟန်းက နည်းပြီး လူက များပါတယ်ဘုရား။

မေး။ ။အဲဒါ 'ဓမ္မေနဒါရုံ' တွေ ကြားလား။ လူတွေက ဘယ်နှစ်ဆလောက် များသလဲဗျ။

ဖြေ။ ။ရဟန်းက နည်းနည်းပါဘုရား။ လူတွေက အဆ တစ်ထောင်, နှစ်ထောင် လောက် များပါတယ်ဘုရား။

သည့်ပြင်ဟာတွေ ထားစမ်းပါဦး။ သာဝတ္ထိမြို့သူမြို့သားတွေကိုပဲ ကြည့်စမ်းပါဦး။ အဲဒါတွေကလဲ သူတို့ သိပြီးသား၊ နားလည်ပြီးသားတွေ နေမှာပါဗျာ။ သူတို့ကတောင် သူများကို တရားဟောနေတဲ့ ပုဂ္ဂိုလ်တွေပဲဗျ။ (မဟောပါဘူးဘုရား။)

ဟောပါသော်ကောဗျာ။ မေဏ္ဍာရှင်၊ ကရဏာရှင်တွေက ဘယ်တော့မှ မပြတ်ဘဲ အချိန်တိုင်း အချိန်တိုင်း ညွှန်ကြားဆုံးမနေတာ မဟုတ်လား။ အဲသည်တော့ ပျင်းလဲပဲ နာရတာပဲ၊ ပျော်လဲပဲ နာရတာပါပဲ။ အဲဒါနဲ့ ဒါတွေကို အကုန် မှတ်မိနေတာဗျ။ (တင်ပါ့ဘုရား။)

မေး။ ။သာဝတ္ထိပြည်ကို ဘုရားရှင်ကြွသွားတော်မူတော့ကို တောင့်တတဲ့အတိုင်း ပြီးကြတာဟာ ဘယ်လောက်များသလဲဗျ။

ဖြေ။ ။လူဦးရေ ခုနစ်ကုဋေထဲမှာ အရိယာက ငါးကုဋေကျော် ရှိပါတယ်ဘုရား။

မေး။ ။ရဟန်းထဲက ဘယ်နှစ်ကုဋေလောက်များ ပါသလဲ။

ဖြေ။ ။သာဝတ္ထိမှာ တစ်ကုဋေတောင် ရှိမယ်မဟုတ်ပါဘူးဘုရား။

မေး။ ။အားလုံးပေါင်းရင်ကောဗျာ။

ဖြေ။ ။အားလုံးပေါင်းရင်တောင်မှ တစ်ကုဋေလောက်ပဲ ရှိပါလိမ့်မယ် ထင်တယ်ဘုရား။

## သိကြားရှိခိုး ခံရအောင်

အဲဒါ အခုနလိုပိုင်းက သွားကြတာဗျ။ အဲဒါ အလုပ်တွေကို လုပ်ရင်းဗျ။ သားတွေ သမီးတွေနဲ့ပဲ နိဗ္ဗာန်စံဝင်သွားကြတာဗျ။ အခုနပြောတဲ့ ဓမ္မေနဒါရုံဆိုတာ ဘယ်လိုလုပ်ရမှာလဲဆိုရင် အခုနပြောတဲ့အတိုင်း စရဏရော၊ ဝိဇ္ဇာရော နှစ်ခုစလုံး တွဲလုပ်မှ သိကြားမင်း ရှိခိုးခံရမှာဗျ။

လျှောက်။ ။တပည့်တော်က သိကြားမင်း ရှိခိုးခံရတာကို သိပ်သဘောကျနေပါတယ်ဘုရား။

အေး–သိကြားမင်းကတော့ ရှိခိုးတာပဲဗျ။ ကိုယ့်ဆီရောက်တာ မရောက်တာ တော့ မပြောတတ်ဘူး။ အခုနလိုဆိုရင် ရှိခိုးခံရမှာပဲဗျ။

လျှောက်။ ။သူ့ဟာက ရှိခိုးတယ်ဆိုပေမယ့် ဓမ္မေနဒါရုံဆိုတော့ တပည့်တော်တို့ မပါသေးဘူး ထင်ပါတယ်ဘုရား။

မေး။ ။ဒါကတော့ ဒကာကြီးပဲ သိမှာပဲ။ ဒကာမကြီးတွေကကော။

ဖြေ။ ။တကာမကြီးတွေကလဲ မနက်ဖြန်ကစပြီး သိကြားမင်း ရှိခိုးခံရမယ့် ဒကာမကြီးတွေ အများကြီး ပါပါတယ်ဘုရား။

မေး။ ။ဒါဖြင့် သည်ကနေ့တော့ သည်အတိုင်း နေမှာလား။

ဖြေ။ ။ညတော့ ပြန်ပြီး အိပ်မှာပါဘုရား။

မေး။ ။ဘယ့်နှယ်လဲ၊ ဒကာကြီးကတော့ သည်လိုပြောနေပြီဗျ။ အဲဒါ နှိမ့်ချပြောတာလား၊ အဟုတ်ပြောတာလား မသိဘူး။

ဖြေ။ ။တပည့်တော်က ဒကာမကြီးများ မအိပ်ဘဲနဲ့ ထိသိကို မလွတ်ဘဲ အာရုံ စိုက်ပါစေတော့လို့ ပြောတာပါဘုရား။

သူ့ဟာက ဒကာမကြီးတွေကို ကြောက်ရသေးတာကိုးဗျ။

(အခုလို ပြောတာတောင်မှ လမ်းမှာ ဘယ့်နှယ်လုပ်မယ် မသိသေးဘူးဘုရား။ ခဲနဲ့ပေါက်မလား၊ ရိုက်မလား မသိသေးဘူးဘုရား။)

မေး။ ။အခုလို ပြောတာကို လျော့တော့တော့ ပေါ့တော့တော့ လျှောက်ပြောတယ်လို့ မမှတ်ကြနဲ့၊ ကြားလား။

ဖြေ။ ။တင်ပါ့ဘုရား။

## အာစာရ အရိယာမှ

အခုလိုပြောမှ နားလည်လွယ်တယ် ဆိုပြီး လျှောက်ပြောတာဗျ။ ရှေးက အရှင်တွေဟာဆိုရင် သိကြားမင်း ရှိခိုးပါသော်ကောဗျ။ သူတို့မှာက လုံးဝ လုံလောက်နေပြီ။ လုံလောက်ဖို့ရာ ဘယ်က စရသလဲ ဆိုတော့ အရိယာဆိုတာက **အာစာရ အရိယာ** ဖြစ်ဖို့ရာ ဘုရားအဆုံးအမတွေ ရှိတယ်။ အဲဒါကို ဖြည့်တယ် ကျင့်တယ်ဗျ။ အဲသည်လို ဖြည့်ကျင့်နေတဲ့ဟာ အာစာရ အရိယာဗျ။ ဖြည့်ကျင့်နေဆဲ၊ ဖြည့်ကျင့်နေတုန်းဆိုတာ အတူတူပဲ မဟုတ်လား။ သည်တော့ ဘုရားဆုံးမတဲ့အတိုင်း မှတ်၊ မှတ်ပြီးပြီဆိုတော့ ဤကဲ့သို့ ပုထုဇဉ်အနွယ်က ဖြတ်ဖို့ရာ ဖြည့်ကျင့်တယ်။ အဲသည်လို ဖြည့်ကျင့်ရင်ပဲ အရိယာ ဖြစ်ပါပြီဗျ။ အဲဒါက အာစာရ အရိယာ ဖြစ်တာ နော်။

ဒါက အဟုတ်ကို စိုက်စိုက်စူးစူးနေမှ။ မနေတဲ့အခါ ကျပြန်ပြီဆိုတော့ အာစာရ မဟုတ်ဘူးဗျ။ ဘာ့ကြောင့်လဲဆိုတော့ အဲသည်လိုအခါမှာ သေသွားပြန်ရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်သွားမှာပဲဘုရား။

အဲဒါက မဟုတ်သေးဘူးဗျ။ ပါးစပ်က ဟုတ်တယ်ဆိုပေမယ့် ဟိုဟာကလဲ ဟုတ်မှဖြစ်တာ၊ မှတ်ထားနော်။ အဲဒါ အာစာရပဲ။ ဘယ်သူ့မှ မမေးရပါဘူးဗျာ။ ကိုယ့်ဟာကိုယ်လဲ သိတာပဲဗျ။ နို့မဟုတ်ရင် သူများ မေးနေရဦးမယ်။ အာစာရ အရိယာဆိုတာ အမြဲတစေ ထိသိကို စိတ်က စိုက်စိုက်စူးစူးထားရင် အာစာရပဲ။ ဒါကိုတော့ နားလည်ပြီ မဟုတ်လား။ အခုနလိုထား၊ ထားရင်နေမယ်။ နေရင် အဲဒါ အာစာရ အရိယာ ဖြစ်တာပဲ။ အဲသည်နေရာမှာ မနေရင် အာစာရ မဟုတ်ဘူးတဲ့။ မနေရင် အပါယ်ကျမှာပဲ။ အပါယ်ကျတော့ ဆင်းရဲသလား၊ ချမ်းသာသလား။

ဖြေ။ ။ဆင်းရဲပါတယ်ဘုရား။

မေး။ ။ဘာ့ကြောင့်လဲ။

ဖြေ။ ။လောဘ၊ ဒေါသ၊ မောဟ တွေကြောင့်ပါဘုရား။

မေး။ ။အေး၊ ဒါကြောင့် လူဆင်းရဲဖြစ်ရင် အပါယ်ရောက်မှာပဲ။ လူချမ်းသာ ဖြစ်ရင်တော့ အထက်ရောက်မှာပဲ။ သည်တော့ လူချမ်းသာ ဖြစ်အောင် ခက်သလားဗျာ။

ဖြေ။ ။မခက်ပါဘူးဘုရား။

## ဒဿန အရိယာ–သို့

အေး၊ အဲဒါ မှတ်ထား၊ ကြားလား။ ရှေးအရှင်ကောင်းတွေကတော့ တစ်ခါ ပြောလိုက်ရင် နောက်တစ်ခါ မပြောရတော့ပါဘူးဗျ။ ဟိုတကာကြီး၊ တကာမကြီးတွေကတော့ ဘယ်လိုလဲ မပြောတတ်ဘူး။ ဘယ်နှစ်ခါ ပြောရမှာလဲဗျ။

ဖြေ။ ။တပည့်တော်တို့ကတော့ တစ်သက်လုံး ပြောနေရမှာပါဘုရား။

မေး။ ။သို့သော်လဲ အာစာရ အရိယာ ဖြစ်ချင်ရင် သည်အချိန်ကစပြီး အခုနလို ထာလိုက်ကြဗျား။ သည်လိုထားလိုက်ရင် ဆင်းရဲမှာလား။

ဖြေ။ ။မဆင်းရဲပါဘူးဘုရား၊ ချမ်းသာရမှာပါ။

မေး။ ။အဲဒါ လူချမ်းသာ ဖြစ်တာပဲဗျ။ ဒါဖြင့် စိန်တောင် ရွှေတောင်ကြီး ပေါက်တာနဲ့ အဲဒါကလေးထားဆိုလို့ ထားလိုက်တာနဲ့ ဘယ်ဟာက ချမ်းသာသလဲ။

ဖြေ။ ။စိန်တောင်ရွှေတောင်ကြီးက မချမ်းသာပါဘူးဘုရား။ အခုနက စိတ်ကို စိုက်စိုက်စူးစူးကလေး ထားတာက ချမ်းသာပါတယ်ဘုရား။

အေး–အဲသည်စိန်တောင်ရွှေတောင်ကြီးထက် ချမ်းသာပါတယ်ဗျ။ ဟိုဟာက ဘာမှ နေရာကျတာ မဟုတ်ဘူး။ ဒါကြောင့် အခုနလို လုပ်ကြဗျ။ အဲသည်လို မှန်မှန် လုပ်သွားပြီဆိုမှဖြင့် သေသေချာချာ အမှန်ကို မြင်မယ်။ မြင်ရင်သိမယ်။ သိပြီးဆိုတော့ 'ဒဿန အရိယာ' သေချာပါပြီဗျ။

## သာဓုအခေါ် ခံထိုက်အောင်

မေး။ ။အဲဒါ ခက်သလားဗျာ။

ဖြေ။ ။မခက်ပါဘူးဘုရား။

မေး။ ။အင်မတန် လွယ်ပါတယ်ဗျ၊ ဘာလိုသေးလဲ။

ဖြေ။ ။အခုနတုန်းက တစ်ခါတော့ ရပြီးပါပြီဘုရား။

မေး။ ။ဘယ်တုန်းကလဲ။

ဖြေ။ ။အခုန ဒကာကြီး စိတ် စူးစူးစိုက်စိုက်ကလေး ထားကြည့်လိုက်စမ်း ဆိုတုန်းက ရလိုက်ပါပြီဘုရား။

မေး။ ။အခု စွန့်ပစ်လိုက်ပြီလား။

ဖြေ။ ။အခုတော့ မေးရင်းစမ်းရင်း ထိသိ ပျောက်သွားပါပြီဘုရား။

မေး။ ။ကောင်းပါ့ဗျာ၊ သည်အချိန်မှာ သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်တော့ သေချာနေပါတယ်ဘုရား။

မေး။ ။ဒါနဲ့ အပါယ်ကျတော့ မရောက်ချင်ဘူးဆို၊ အခု သွားနေပြန်ပြီလား။

ဖြေ။ ။မရောက်ချင်ပေမယ့် ထိသိလွတ်သွားရင် ကျမှာပါပဲဘုရား။

မေး။ ။အေး–အေး၊ သေသေချာချာ မှတ်ထား။ ဒါအမှန်ပဲဗျ။ သူများတကာက သီလ စောင့်ထိန်းတဲ့အခါ၊ ဥပုသ်စောင့်တဲ့အခါ ၊ ကုသိုလ်ပြုတဲ့အခါမှာ ကိုယ်က ဘယ့်နှယ့်ခေါ်သလဲဗျ။ သာဓု–သာဓုနဲ့ ခေါ်တယ်မဟုတ်လား။

ဖြေ။ ။ခေါ်ပါတယ်ဘုရား။

မေး။ ။ကိုယ်က သာဓုခေါ်ပေမယ့် သူက ဟိုလိုနေရဲ့လား။

ဖြေ။ ။ဟိုလိုမနေရင်တော့ သာဓုအခေါ်ခံတဲ့လူလဲ သက်သာမယ်မဟုတ်ပါဘူး ဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။အမျှပေးတဲ့လူကိုက ဗလာ ဖြစ်နေတာကိုးဘုရား။

မေး။ ။အေး၊ ဒါပေမယ့် သာဓုခေါ်တော့ လွယ်တယ် မဟုတ်လား။

ဖြေ။ ။တပည့်တော်တို့ကတော့ ရတာ လျှောက်ဆိုတာပဲဘုရား။

မေး။ ။သည်တော့ ခေါ်ချင်ရင် ဘယ့်နှယ့် လုပ်ရမလဲ။

ဖြေ။ ။သေသေချာချာ သာဓု မခေါ်ရင် လာကြစမ်းပါဦး၊ ခင်ဗျားတို့ကို စစ်စမ်းပါရစေဆိုပြီး စစ်ဆေးပြီးမှ သာဓုခေါ်မှ ဖြစ်မှာပါဘုရား။

မေး။ ။သူရှိခိုးနေတာကို သေသေချာချာ မြင်နေရတယ် မဟုတ်လား။

ဖြေ။ ။ရှိခိုးနေတာ မြင်နေပေမယ့် စိတ်က ဘယ်စိတ်ကူးနေမှန်းမှ မသိဘဲ ဘုရား။

တပည့်တော်တို့ ဘုရားရှိခိုးရင် ဣတိပိသောကို မေ့ပြီး ရှိခိုးနေလိုက်တာ နှစ်ပတ်သုံးပတ်ကိုလည်ပြီး ဆုံးမှန်းတောင် မသိလိုက်ဘူးဘုရား။

မေး။ ။အေး၊ အခုလိုလျှောက်ပြီး သတိပေးထားတော့ နားလည်လွယ်ပါတယ် ဗျာ။ သည်တော့ သည့်ပြင် အရိယာက နေပစေဦး၊ အာစာရ အရိယာဆိုတာ အခုချက်ချင်း လုပ်မယ်ဆိုရင် ဘယ့်နှယ့်လဲ။

ဖြေ။ ။ချက်ချင်း ဖြစ်ပါတယ်ဘုရား။

မေး။ ။သည်အတိုင်းသာ တည်သွားမယ်ဆိုရင် ဒဿန အရိယာကော။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။
မေး။ ။သည်လို အာစာရ အရိယာဆိုရင် အပါယ်ကျပါ့မလား။
ဖြေ။ ။မကျပါဘူးဘုရား။
မေး။ ။ဒဿနအရိယာကော။
ဖြေ။ ။အပါယ်မကျပါဘူးဘုရား။
မေး။ ။အာစာရအရိယာကို စပြီးလုပ်။ လုပ်လို့ တော်တော်ကြာပြီဆိုတော့ ဘာအရိယာ ဖြစ်မလဲ။
ဖြေ။ ။ဒဿန အရိယာ ဖြစ်ပါတယ်ဘုရား။
မေး။ ။အဲဒါက အိမ်မှာရှိတာနဲ့ တိုင်ပင်ရဦးမလား။
ဖြေ။ ။မတိုင်ပင်ရပါဘူးဘုရား။ အာစာရအရိယာ ဖြစ်ချင်တဲ့လူက အခုကစပြီး လုပ်သွားရမှာပါဘုရား။

## နားပိတ်ထားတိုင်း အကောင်းမဟုတ်

မေး။ ။အိမ်ရောက်ဖို့ ဆူပူနေတော့ ဘယ့်နှယ့်လဲ ဖြစ်ပါဦးမလား။
ဖြေ။ ။အိမ်က ဆူပူနေပေမယ့် တပည့်တော်အဖို့ ကြိုးစားရမှာပဲဘုရား။
မေး။ ။တော်တော်ကြာ သူတို့က နေရာမကျလို့ ဘာဘာညာညာ လုပ်ဦးမှာလား။
ဖြေ။ ။မလုပ်ပါဘူးဘုရား၊ နားပိတ်နေမှာပါပဲဘုရား။
မေး။ ။နားပိတ်နေရုံနဲ့ ဖြစ်ပါ့မလား။
ဖြေ။ ။သူတို့ပြောတာ မကြားရင် ပြီးတာပဲဘုရား။
မေး။ ။ဒါဖြင့်ရင် အရပ်ထဲမှာ နားမကြားတဲ့ ဒကာကြီးတွေ ရှိတယ် မဟုတ်လား။
ဖြေ။ ။ရှိပါတယ်ဘုရား။
မေး။ ။သူတို့ ဘာအရိယာဖြစ်သလဲ။
ဖြေ။ ။သူတို့တော့ အော်ပြောတောင် မကြားပါဘူးဘုရား။
မေး။ ။သူတို့ကော အခုနလို အရိယာ ဖြစ်သလား။
ဖြေ။ ။မဖြစ်ပါဘူးဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။သူတို့စိတ်က လောဘ၊ ဒေါသ၊ မောဟနဲ့ နေတော့ မဖြစ်ပါဘူးဘုရား။

မေး။ ။ဒါနဲ့ တကာကြီးက နားမကြားရင် ပြီးတယ်ဆို။

ဖြေ။ ။ကြားရင် ထိသိ လွတ်သွားမှာစိုးလို့ မကြားအောင် ကြံကြံတာပါဘုရား။

မေး။ ။နားပိတ်ထားပေမယ့် အခုနလို ဖြစ်ရဲ့လား။

ဖြေ။ ။အရပ်ထဲက နားပင်းတဲ့ လူကြီးနဲ့ နှိုင်းယှဉ်ရင်တော့ အရပ်ထဲက နားပင်းတဲ့ လူကြီးနဲ့ တသားတည်း ဖြစ်မှာပါပဲဘုရား။

မေး။ ။ဒါဖြင့် ဘယ့်နှယ့်လုပ်မလဲ။

ဖြေ။ ။နားပိတ်သည်ဖြစ်စေ၊ မပိတ်သည်ဖြစ်စေ၊ ထိသိ မလွတ်အောင်လုပ်မှ ဖြစ်မှာပါပဲဘုရား။

အေး၊ အဲဒါကမှ လုံတာဗျ။ ဟိုဟာက မလုံဘူးဗျ။ မကြားအောင် လုပ်တဲ့နည်းဟာ အများကြီး ရှိပါတယ်ဗျ။ ဘယ်လောက်ပဲများနေနေ စင်စစ်မှာတော့ အခုနပြောတဲ့ အမှန်ကို သိဖို့ချည်းပဲ မဟုတ်လား။ သည်တော့ အမှန်ကို သိဖို့ရာ ငါ အခုလုပ်မယ်ဆိုပြီး ထားလိုက်ရင် ဘာဖြစ်မလဲ။

ဖြေ။ ။အာစာရ အရိယာ ဖြစ်ပါတယ်ဘုရား။

## မရှိုးမွှမ်းချင်နေ၊ မကဲ့ရဲ့မိစေနှင့်

မေး။ ။အဲသည်တော့ ကဲ့ရဲ့တာ၊ ရှုတ်ချတာတွေဟာ ကောင်းသလား။

ဖြေ။ ။မကောင်းပါဘူးဘုရား။ ဒါပေမယ့် ထိသိလွတ်လို့ ကဲ့ရဲ့တာပါဘုရား။

မေး။ ။ကဲ့ရဲ့တာက ကောင်းကောင်းနေတဲ့အခါမှာ ကဲ့ရဲ့ရင် ဘယ့်နှယ့်လဲ။

ဖြေ။ ။သည်လိုဆိုရင် ကဲ့ရဲ့တဲ့လူ အပါယ်ဘုံကို တောက်လျှောက်သွားမှာပဲဘုရား။

မေး။ ။ဒါဖြင့် ဒကာကြီးက ချီးမွမ်းမှာလား။

ဖြေ။ ။ချီးမွမ်းမှ သက်သာမှာပဲဘုရား။

မေး။ ။ချီးမွမ်းတော့ကော တစ်ယောက်မကျန် အကုန်လုံးကို ချီးမွမ်းမှာလား။

ဖြေ။ ။ချီးမွမ်းမှာပါဘုရား။ သူက ထိသိကလေးကိုသာ သူ့ဘာသာ စိတ်စွဲနေတာကို သိမှ မသိနိုင်ပဲကိုးဘုရား။

မေး။ ။တကာကြီးတို့ သည်လိုနေရဲ့လား။

ဖြေ။ ။တပည့်တော် မနေပါဘူးဘုရား။ တခြားလူတွေတော့ နေကောင်းနေပါလိမ့်မယ်ဘုရား။

မေး။ ။အခုလိုနေတဲ့ လူတွေကို ကဲ့ရဲ့မိရင် ဘယ့်နှယ့်လဲ။ ကိုယ်လုပ်နေတဲ့ အလုပ်ဟာ ရှေ့ဆက်ရပါ့မလား။

ဖြေ။ ။အဟုတ်ကို ကဲ့ရဲ့မိရင် ရှေ့ဆက်လုပ်လို့ မရပါဘူးဘုရား။

မေး။ ။အေး၊ ဒါကြောင့် ဘယ်နည်းနဲ့မှ မကဲ့ရဲ့နဲ့။ ချီးမွမ်းရင်တော့ဖြင့် ရပါသေးတယ်။ ချီးမွမ်းတာလဲ မတော်တာကို သွားပြီး ချီးမွမ်းမိရင် ဘယ့်နှယ့်လဲ။

ဖြေ။ ။တပည့်တော် ချီးမွမ်းလို့ အားတက်လာတော့ တပည့်တော်က အလကား ကုသိုလ် ရပါတယ်ဘုရား။

မေး။ ။အိပ်ပျော်နေတဲ့ လူကို ချီးမွမ်းမိရင် အားတက်ပြီး ဖိအိပ်တော့မှာ မဟုတ်လား။

ဖြေ။ ။တပည့်တော် ထိုင်ပြီးတော့ သည်ဒကာကြီး၊ ဒကာမကြီးတွေတော့ အာစာရ အရိယာဖြစ်ဖို့ စပြီလို့ဆိုပြီး သာဓု-သာဓုနဲ့ ဆိုရင် သူတို့ သိပ်အားတက်လာမှာပါဘုရား။

မေး။ ကဲ့ရဲ့မိရင် ဘယ့်နှယ့်လဲ။

ဖြေ။ ။တပည့်တော် ပြစ်မှားမိသည့်အတွက် အကုသိုလ် ဖြစ်သွားပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ်လိုချင်တာ အားထုတ်လို့ ရဦးမလား။

ဖြေ။ ။မရတော့ပါဘူးဘုရား။

## ကြောက်စရာ အရိယာ ပြစ်မှားမှုကြီး

ဒါကြောင့် ကြည်ညိုတယ်ဆိုတာလဲ ကြည့်ပြီး ကြည်ညိုရမယ်ဗျ။ ကြည်ညိုစရာတွေ အပုံပဲဗျ။ ဘာ့ကြောင့်သည်လို ပြောရသလဲဆိုရင် ရှေးအခါက သီဟိုဠ်ကျွန်းမှာ မထေရ်ကြီးတစ်ပါး ရှိသတဲ့။ သူတို့ မဇ္ဈိမဒေသမှာ ဘယ်လိုထုံးစံ ရှိသလဲဆိုရင် မနက်စောစောမှာ ဝီရိယရှိကြတော့ မနက်တိုင်း မနက်တိုင်း အစောကြီးထပြီး ယာဂုဆွမ်း လောင်းဟန်တူပါရဲ့။ သံဃာများအတွက် တစ်မျိုး လုပ်ဟန်တူတယ်။

သည်တော့ အလိုရှိတဲ့ သံဃာတော်များဟာ စောစောကြွပြီး ယာဂုဆွမ်းခံကြတယ်။ ဆွမ်းခံပြီး ဘုဉ်းပေးတော်မူကြတယ်။ အဲသည်မှာ အခုနပြောတဲ့ မထေရ်ကြီးတစ်ပါးဟာ စောစောကြီး လေနာထလေတော့ ယာဂုဆွမ်းခံရန် ကြွသွားတော်မူတာတဲ့ဗျ။ ယာဂုဆွမ်းလောင်းတဲ့နေရာရောက်တော့ ယာဂုဆွမ်းခံပြီး လေနာကလဲ ဆိုးဝါးနေတော့ အခြားအရပ်ကိုတောင် ရောက်အောင် မသွားနိုင်ဘူးတဲ့ဗျ။ ယာဂုဆွမ်းနဲ့ ကလဲ တည့်တော့ သည်နေရာမှာပဲ ထိုင်ပြီး ဘုဉ်းပေးတော်မူရသတဲ့ဗျ။

သည်တော့နောက်က ယာဂုဆွမ်းခံတဲ့ ရဟန်းငယ်က သည်လို အချင်းအရာကို မြင်တာကိုးဗျ။ မြင်တော့ ဘယ့်နှယ့်မှတော့ မလုပ်ပါဘူး။ ဒါပေမယ့် စိတ်က နည်းနည်း မှတ်လိုက်သတဲ့။ သည်အရှင့်နှယ်နော် တကတဲပါမှပဲ မိမိကိုယ်မိမိ သာရပ္ပနဲ့ မညီဘူး။ အခုပဲ လောင်းလိုက်တယ်။ အခုပဲ ချက်ချင်းသည်နေရာမှာထိုင်ပြီး ဘုဉ်းပေးတယ်လို့ သည်လို စိတ်ထဲက သင်မှတ်လိုက်တာတဲ့ဗျ။ ထိုအရှင်ကတော့ ဘယ်လိုလဲဆိုရင် လေနာက ဆိုးနေတော့ အခြားအရပ်ကို ရောက်အောင် မသွားနိုင်လို့တဲ့ဗျ။ လေနာ ပျောက်ချင်လို့ဗျ။ ဒါကြောင့်လဲ သည်နေရာမှာပဲ ထိုင်ပြီး ဘုဉ်းပေးတော်မူလိုက်တာဗျ။

ရှေးကတော့ သပိတ်ပဲ ရှိတာပဲ။ အခုလို မဟုတ်ပါဘူး။ အခုတော့ ဇွန်းနဲ့ ဘာနဲ့ဗျ။ အဲဒီလို ရဟန်းငယ်က စိတ်ထဲမှာ ခဏကလေး ဖြစ်လိုက်တာဗျ။ ဒီတော့ ဟိုမထေရ်ကြီးက ရဟန်းငယ်စိတ်မှာ အခုလို ဖြစ်တာကို သိတော်မူသတဲ့ဗျ။ ဒီတော့ ရဟန်းငယ်မှာ အပြစ် မဖြစ်ရအောင်လို့ ဒီလိုဆို မဖြစ်ဘူးဆိုပြီး ဘယ်လောက် မေတ္တာ၊ ကရုဏာ ရှိပါသလဲဆိုရင် ဒင်း ဆွမ်းခံပြီး ဘယ်အရပ်ကို သွားမှာလဲ။ ဘယ်နေရာမှာ ဆွမ်းစားမှာလဲ။ ဘယ်အရပ်မှာလဲ ဆိုတာကို ကြည့်တော်မူတဲ့အခါကျတော့ သိတာကိုးဗျ။ သိတော့မှ ဒီက ဆွမ်းဘုဉ်းပေးတော်မူပြီး အဲဒီရဟန်းငယ် ဆွမ်းစားမယ့်နေရာကို ကြွသွားတော်မူတာဗျ။

အဲဒီလို ကြွသွားတော်မူလို့ ရောက်တဲ့အခါကျတော့ အခုန ရဟန်းငယ်က ခရီးဦးကြိုဆိုပြီး ပြုသင့်ပြုထိုက်တဲ့ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဘာမှ အကြွင်းအကျန် မရှိအောင် ပြုတာဗျ။ အဲဒီလို အာဘိသမာ စာရိက ဝတ်တွေကို ပြုတဲ့အခါကျတော့ မထေရ်ကြီးလဲ ချမ်းချမ်းသာသာ သီတင်း

သုံးတော်မူနေတဲ့အခါကျတော့မှ အနားသွားပြီး ဆည်းကပ်တာဗျ။ အဲဒီ အခါကျတော့မှ အခုန မထေရ်ကြီးက –

'ငါ့ရှင် ဘယ့်နှယ်လဲ၊ ကိစ္စများ ပြီးပါပြီလား' လို့ မေးတော့ "ကြိုးစားပြီး အားထုတ်နေတုန်းပါဘုရား" လို့ လျှောက်တဲ့။ ဒီတော့ မထေရ်ကြီးက 'ဒါဖြင့် ငါ့ရှင်၊ ရှေ့ဆက်ပြီး အားမထုတ်နှင့်တော့' လို့ ဆိုလိုက်တော့ ချက်ချင်းပဲ အခုန မထေရ်ငယ်ကလဲ သူ မနက်က စိတ်ထဲ မှတ်လိုက်မိတာကို သိသတဲ့ဗျ။ ဒီတော့မှ ငါတော့ မဖြစ်ဘူး ရှိခိုးတောင်းပန်မှပဲ ဆိုပြီး –

"မှန်လှပါဘုရား၊ ဘုရားတပည့်တော်သည် မိုက်သည့်အလျောက်၊ ဆိုးသည့် အလျောက် အခုလို အရှင်ကောင်းကို ပြစ်မှားမိပါတယ်ဘုရား။ နောက်တစ်ဖန် ဘုရားတပည့်တော်သည် ဤကဲ့သို့ မဖြစ်စေခြင်းငှာ သည်းခံတော်မူပါဘုရား" လို့ ကန်တော့တာပဲတဲ့ဗျ။

အဲဒီလို ကန်တော့လိုက်တော့ ပြီးတာပဲဗျ။ သူ့အပြစ်ကို လျှောက်ထားပြီး ဘုရားတပည့်တော် လိုပါသေးသည်ဘုရားလို့ ကန်တော့လိုက်ရင် ပြီးတာပဲဗျ။ ကန်တော့ပြီးတော့ ဆက်လက် အားထုတ်သွားနိုင်တယ်ဗျ။ ဆက် အားထုတ်တော့ မိမိရဲ့ တောင့်တချက် ပြီးတာပဲဗျ။

ဒီလို ပြစ်မှားမိပြီးတော့ အခုနလို မကန်တော့ရင် ဆက်အားထုတ်လို့ မရတော့ဘူးတဲ့ဗျ။ အဲဒါ အရိယာပိုင်းကဟာကို လျှောက်ပြောတာဗျ။

မေး။ ။အခုနလို အားထုတ်နေရင် ဘာဖြစ်မလဲ။

ဖြေ။ ။အရိယာ ဖြစ်ပါတယ်ဘုရား။

မေး။ ။အခုနလို စွပ်စွဲမိရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ရှေ့ဆက် အားထုတ်လို့ မရတော့ပါဘူးဘုရား။

အေး၊ ဒါကြောင့် အခုနလို မဖြစ်ရအောင် သတိပြုရမယ်ဗျ။ သူတို့ ဒီလိုပြုမိတယ်ဆိုရင်လဲ သည့်လို ရှိခိုးပြီး တောင်းပန်မှာ မဟုတ်ဘူး ထင်တယ်။ သူတို့ မတည့်နေလို့။ ဒါကလဲ တစ်နေ့ ဘယ်နှစ်ခါလောက်များ မတည့်နေမှန်းမှ မသိဘဲ။

မေး။ ။ဘယ်နှစ်ခါတုန်းဗျ။

ဖြေ။ ။မရေမတွက်နိုင်ပါဘူးဘုရား။

မေး။ ။အဲဒါတွေ ဖြစ်နေတာကို ကန်တော့ပြီး တောင်းပန်ရဲ့လားဗျ။

ဖြေ။ ။မကန်တော့ပါဘူးဘုရား။

အေး–ဒါကြောင့် ဒါတွေကို နားလည်အောင် ပြောရတာဗျ။ ဥပမာ တစ်ယောက်နဲ့တစ်ယောက် စကားစပ်မိကြရင် ဘာပြောကြသလဲ။ ကိုယ်ပျင်းတာ၊ ကိုယ်ဖျင်းတာ၊ ကိုယ်နေရာ မကျတာကို ပြောကြရဲ့လား၊ ဘယ်လို ပြောသလဲဗျ။

ဖြေ။ ။တိုးတိုးနဲ့ အတင်းပြောတာပါဘုရား။

မေး။ ။ကျယ်ကျယ် ကျယ်ကျယ် ပြောတာကကော။

ဖြေ။ ။ဒါလဲ အတင်းကျယ်ကျယ် ပြောတာပါဘုရား။

မေး။ ။အရပ်ထဲမှာ ပြောကြတာကကော။

ဖြေ။ ။အရပ်အတင်းပါ ဘုရား။

မေး။ ။စေတီရင်ပြင်၊ ဗောဓိရင်ပြင်မှာကော။

ဖြေ။ ။စေတီရင်ပြင် ဗောဓိရင်ပြင်မှာဆိုရင် အတင်းပြောလို့ တယ်ကောင်းပါတယ်ဘုရား။ တရားအားထုတ်ပြီး နားတဲ့အချိန်ကျတော့ လက်ဖက်ရည်ကြမ်းကလေးနဲ့ အတင်းပြောလို့ တယ်ကောင်းတာပဲဘုရား။

ဒါကြောင့် အခုနဟာကို မှတ်ထားကြနော် ကြားလား။ ပြောမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် တစ်ယောက်တစ်ယောက်မှာ ပြောစရာ ကျေးဇူးဂုဏ်တွေ အများကြီး ရှိပါတယ်ဗျ။ ဥပမာ– တစ်ယောက်ယောက်က လမ်းမှာ ကိုးလိုးကန့်လန့်ကြီး အိပ်နေမယ်ဗျာ။ အဲသည်လို အိပ်နေတာကို မြင်တော့ ဘယ့်နှယ်လဲ။ အဲဒီလို အိပ်နေတာဟာ ကြည့်လို့ ကောင်းရဲ့လား။

ဖြေ။ ။ကြည့်လို့ မကောင်းပါဘူးဘုရား။

## ယောဂီပြစ်မှား သတိထား

ဒါပေမယ့် စိတ်က ဘယ်လိုအောက်မေ့ရမလဲ။ အဲ...တစ်ခါတော့ နေရာကျပြီ။ သူက ပြောနေတာပဲ။ ဟိုလို ပြောနေမယ်ဆိုရင်တော့ ကြာနေမယ်ဆိုပြီး–

'အခု ဒီမှာ ငါ့ကို ကြည့်။ ဒီလို အိပ်နေတာဟာ ကြည့်လို့ မကောင်းဘူး။ ဘုရားအဆုံးအမနဲ့ မညီညွတ်ဘူး။ ဘုရားရှင်က ဒီလို မအိပ်ရဘူးလို့ ဆုံးမတာ၊ ဒီလိုနေရင် အစီးအပွား ယုတ်တယ်။ ဒါကြောင့် မင်း ဒီလို မနေနဲ့' လို့ဆိုပြီး လုပ်ပြတာဗျ။ ဟုတ်လား။ ကိုယ့်ကို တရား

ဟောတဲ့ ဓမ္မကထိကကြီးဗျ။ သူ တရားဟောနေတာဗျ။ ဒီလို စိတ်ထဲမှာ မှတ်ရမယ်။

အဲဒီလို စိတ်ထဲမှာ မှတ်ပြီး ဓမ္မကထိကကြီးကို ကျေးဇူးတင်ပြီး ပူဇော်ဖို့ မကောင်းဘူးလားဗျ။ ဒကာကြီး စားမယ့် ကောင်းကောင်း ကလေးတွေကို ဓမ္မကထိကကြီးကို နှီးပြီး ကျွေးလိုက်ဗျ ဟုတ်လား။ အဝတ်ကောင်းကောင်း ကလေးတွေ ရှိရင်လဲပဲ အဲဒီဒကာကြီးကို ပူဇော်လိုက်ဗျ။ ဟုတ်ပါရဲ့လား။ အဲဒီလို စိတ်ကထားပြီး လုပ်လိုက်ရင် ဟိုလို ဖြစ်ပါဦး မလားဗျာ။

ဖြေ။ ။ကဲ့ရဲ့တဲ့အပြစ် မဖြစ်ပါဘူး ဘုရား။

အေး–အဲဒီလို ကျေးဇူးဂုဏ်တွေကို ကြည့်ပြီး ကျေးဇူးတင်ရမယ်ဗျ။ ဒီလိုမှ မဟုတ်ဘဲ 'ဒီအကောင် ဒီနေရာမှာ အိပ်နေတာ ဘယ်သူတုန်းဟ။ ဘယ်က အကောင်လဲ'နဲ့ ဒကာကြီးတို့ ပြောတတ်ပါတယ်။ ဘယ့်နှယ် ပြောမှာလဲဗျ။

ဖြေ။ ။ဒီအကောင် ဘယ်သူတုံး၊ ဘယ်သူ့သားလဲ။ သူ့အမေက ဘယ်သူ သူ့အဖေက ဘယ်သူပဲ။ ဘာဖြစ်လို့ ဒီအကောင်က ဒီနေရာမှာ အိပ်နေရတာလဲ ဆိုပြီး အပြစ်တင်စကား ပြောမှာပါဘုရား။

မေး။ ။အဲဒီတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။စိတ်ဆိုးပါရောဘုရား။

မေး။ ။အေး၊ သူကတော့ မသိရှာဘူးဗျ။ ဒကာကြီးမှာသာ ဘယ့်နှယ်ဖြစ်မှာလဲ။

ဖြေ။ ။တပည့်တော်မှာ အပြစ်ဖြစ်ပါရောဘုရား။

မေး။ ။ဒါဖြင့် အခုနလို ဆက်ပြီး အားထုတ်သွားရင် ဘယ့်နှယ်လဲ။ သူက မတော်တဆ အိပ်ပျော်သွားတာတဲ့ဗျ။ အားထုတ်တာကတော့ အဟုတ်ကို အားထုတ်နေတဲ့ ဒကာကြီး မဟုတ်လား။

ဖြေ။ ။ဒီလို အဟုတ အားထုတ်နေတဲ့သူကို သွားပြီးတော့ ပြစ်မှားမိရင် တပည့်တော် ရေ ဆက်ပြီး လုပ်လို့ မရတော့ပါဘူးဘုရား။

မေး။ ။အေး.... ဒါကြောင့် သူက ဘာရယ်လို့ မသိဘဲနဲ့ အခုနလို သွားပြီးလုပ်မိရင် ကိုယ့်အကျိုးစီးပွား ဘယ့်နှယ်ဖြစ်မလဲ။

ဖြေ။ ။တပည့်တော်မှာ အကျိုးစီးပွား ဆုတ်ယုတ်သွားပါတယ်ဘုရား။

မေး။ ။ဒါကြောင့် အခုနလို 'ဒါဟာ ငါတို့ကို ဒီလို မလုပ်နဲ့'လို့ ပြော

တာပဲ။ ငါတို့ကို တရားဟောနေတဲ့ ဓမ္မကထိကကြီး ဆိုပြီး ကျေးဇူး တင်ရမယ်ဗျ။ ဒီလိုဆိုတော့ ကိုယ့်မှာ ဘယ့်နယ်လဲ။

ဖြေ။ ။ကိုယ့်မှာလဲ အင်မတန် အကျိုးရှိသွားပါတယ်ဘုရား။

မေး။ ။အဲဒါဖြင့် ဒကာကြီးက သည်လို လုပ်မှာလားဗျ။

ဖြေ။ ။သည်လိုတော့လည်း တပည့်တော်တို့မှာ ပုထုဇဉ်ဆိုတော့ စိတ်မှာ လုပ်နိုင်ဖို့ ခဲယဉ်းပါတယ်ဘုရား။

မေး။ ။ဒါနဲ့ အခုနတော့ သိကြားရှိခိုး ခံချင်တယ်ဆိုပြီး၊ အခုတော့ မဟုတ်ပြန်ဘူးလား။

ဖြေ။ ။သည်လောက်ထိအောင် ခက်ခဲမယ်မှန်း မသိလို့ ရှိခိုးခံချင်တာပါဘုရား။

မေး။ ။ဒါလုပ်ရမှာ ခက်သလားဗျ၊ အခုနလို အိပ်နေတာကို မြင်တော့ ကျေးဇူးတင်ရမှာ ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘူးဘုရား။

သည်လို အိပ်နေတာမြင်တော့– သူက တရားဟောနေတာ မဟုတ်လားဗျ။ ဟိုလိုပြောနေရင် ကြာနေမှာစိုးလို့ သူတကာကို သူက အကောင်အထည်နဲ့ လုပ်ပြတာဗျ။ သည်တော့ သူက တရားဟောတဲ့ ဓမ္မကထိကကြီး မဟုတ်လား။ ဒါကြောင့် ဒကာကြီးက ကြည်ညိုပြီး ပူဇော်မယ် မဟုတ်လား။

ဖြေ။ ။ပူဇော်ထိုက်ပါတယ်ဘုရား။

မေး။ ။ပူဇော်ထိုက်ရင် ပူဇော်မှာလားဗျ။

ဖြေ။ ။ပူဇော်ပါမယ်ဘုရား။ တပည့်တော်က သိကြားရှိခိုး ခံချင်တာကိုဘုရား။

မေး။ ။ဒါဖြင့် သည်လို လုပ်တော့မှာလား။

ဖြေ။ ။လုပ်ပါတော့မယ်ဘုရား။ ဒါမှ သိကြားမင်း ရှိခိုးလဲ ခံရ၊အရိယာလဲ ဖြစ်မှာပါဘုရား။

## အပြစ်ဖြစ်လို့ ဖြစ်မှန်း မသိ

အေး...ဒါတော့ နည်းနည်းကျဉ်းကျဉ်း လျှောက်ပြောတာဗျ။ သည်တော့ 'အာစာရ အရိယာ၊ ဒဿနအရိယာ' ဖြစ်အောင် အခုနလို စိတ် လျင်မြန်ပုံတွေကို မဖြစ်အောင် ဘယ်လိုမှတ်ရမလဲဆိုရင်၊ ဥပမာ– အခု သည်နေရာမှာပဲ ပြောကြပါစို့။ အားလုံးက ကောင်းနေကြပြီး၊ ကိုယ်တစ်ယောက်ထဲက

အတော်ပဲ မကောင်းတဲ့ အမှုကို ကိုယ်နဲ့နှုတ်နဲ့ ပြုတယ်။ လုပ်ပုံကိုင်ပုံ နေရာမကျဘဲ ဘုရားအဆုံးအမနဲ့ မတည့်အောင် လုပ်နေတာဗျ။ သည်မှာ ကောင်းနေတာကတော့ အကုန်လုံးက ကောင်းနေကြတာဗျ။ သည်တော့ ကိုယ်တစ်ယောက်ထဲက အခုနလို လုပ်နေတာကို မြင်တဲ့လူတွေက ဘယ်လို အောက်မေ့သွားမလဲ။

"တရားအလုပ် လုပ်နေတာဆိုပြီး မဟုတ်ပါဘူးကွာ၊ ငါ သေသေချာချာ မြင်ခဲ့တာပါကွာ"လို့ ပြောမယ်မဟုတ်လား။ သည်လိုပြောတာကို သည့်ပြင်လူတွေ အကုန်လုံးက ကောင်းနေလျက်သားနဲ့ ကိုယ့်ကို မြင်သွားတာနဲ့ပဲ အကုန်လုံး ရောပါသွားရတယ်။ သည်တော့ သူ့ခမျာ ကိုယ်နေရာ မကျတာနဲ့ ဘယ့်နှယ်ဖြစ်သလဲ။

မေး။ ။အပြစ်ဖြစ်သွားပါတယ်ဘုရား ။

အဲဒါ ဘာ့ကြောင့်လဲ၊ အဲဒါကိုယ့်ကြောင့် သူ့ခမျာ အပြစ်ဖြစ်ရတာဗျ။ အဲသည်လို အပြစ် မဖြစ်ရအောင် သတိထားဖို့ လိုတယ်ဗျ။ ကိုယ့်အတွက်နှင့် သူများကို အပြစ်မဖြစ်စေရဘူး။ ဘာဖြစ်လို့လဲဆိုရင် –

"ငါနေရာမကျတာ ကိစ္စ မရှိဘူး၊ ပြီးတော့ ငါတစ်ယောက်ထဲ မဟုတ်ဘူး။ သည်မှာရှိတဲ့ ဟာတွေက အကုန်လုံး အကောင်းတွေချည်းပဲ။ သည်တော့ ငါ့ကို မြင်သွားရင်ဖြင့် သူ့ခမျာ အပြစ် ဖြစ်တော့မယ်။ သည်တော့ ငါ့အတွက်နဲ့ သူ့ခမျာ အပြစ် မဖြစ်စေနဲ့" လို့ ဆိုပြီး ကိုယ်နေရာမကျတာကို မမြင်အောင် နေရမယ်ဗျ။ ကိုယ်နေရာ မကျလို့ ကိုယ်တစ်ယောက်တည်း အပါယ်ကျရမယ်ဆိုရင် တော်သေးတယ်။ ကိုယ် မကောင်းတာနဲ့ ကိုယ့်ဟာတွေပါ တောက်လျှောက်ကြီး အပါယ်ကျသွားမယ်။ ပြီးတော့ ဟိုကလဲ သည်လိုအကြောင်းကို သိပြီး 'ငါ ပြစ်မှားမိပြီ' ဆိုပြီး လာကန်တော့မှာ မဟုတ်ဘူးဗျ။

ဖြေ။ ။မကန်တော့ပါဘူးဘုရား။

မေး။ ။မကန်တော့လို့ ဆက်လုပ်နေရင် ဘယ့်နှယ်လဲ။


ဖြေ။ ။နစ်သထက် နစ်မှာပဲဘုရား။

အေး–သည်လိုဖြစ်တယ်ဗျ။ ဒါကြောင့် အားလုံးတို့ဟာ ဘုရားဆုံးမတဲ့ အဆုံးအမတွေကို မှတ်ပြီးတော့ တောင့်တတဲ့အတိုင်း ပြီးချင်ရင် အခုနလို

တစ်ဆက်တည်းပြု၊ အဲသည်လို ပြုပြီးဆိုတော့ အားလုံးတို့ဟာ အစီးအပွား များပြီးတော့ အပြစ်ခပ်သိမ်း ကင်းရှင်းချင်လို့ရှိရင် အခုနကလို ပြု။ အဲသည်လိုဆိုရင် အတ္တဟိတ, ပရဟိတ အကုန်လုံး ကောင်းသွားမယ် မဟုတ်လား။ ဒါကြောင့် အခုနပြောတဲ့ အာစာရ အရိယာကို အခုကစပြီး ဆိုမှဖြင့် အကုန်လုံး တောက်လျှောက် ချည်း နေရာကျပါလိမ့်မယ်ဗျ။

ဒါကြောင့် ရှေးအရှင်တွေဟာ မမေ့မလျော့ဘဲ သည်လိုသွားကြတော့ တောင့်တတဲ့အတိုင်း ပြီးကြတယ်ဗျ။ အခုလဲ အားလုံးသော သူတော်ကောင်း အစားစားတို့ဟာ ရှေးအရှင်တွေ တောင့်တတဲ့အတိုင်း ပြီးသလို ပြီးရအောင် ဝီရိယ ထုထောင်ပြီးတော့ ကြိုးစားကြ၊ အားထုတ်ကြဗျား။

[၁၉၅၅–ခုနှစ်၊ မေလ ၁၉–ရက်နေ့ည၊ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ဟောသည်။]



**ပါရမီဆိုတာ**

အကျိုးမရှိတဲ့

"ပါရမီမရှိဘူး" ဆိုတဲ့စကားကို

မပြောနဲ့။

# ဝီရိယကို ဆောင်
# အကျိုးမရှိတာ ရှောင်

## တရားတော်

**ကိုယ့်ဝေစု အရယူထား**

အခု တကာကြီး၊ တကာမကြီးတွေ မြတ်စွာဘုရား သာသနာတော် တည်ရာ တည်ကြောင်းနှင့်တကွ သားသမီး မြေးမြစ်တွေရဲ့ တာဝန်ဝတ္တရားတွေ၊ ခန္ဓာကိုယ်အတွင်း အမှုကိစ္စတွေကို နေ့စဉ် ပြုနေရတယ် မဟုတ်လား။

မေး။ ။အဲဒီလိုဟာတွေ ပြုရတာက ဘာလဲ။

ဖြေ။ ။စေတနာပါဘုရား။

မေး။ ။အေး...အဲဒါက သီလဘက်ကဗျ။ အခုန ပြောသလို စိတ်ကလေးကို ထိုထို ထိုထို တစ်ပါးအာရုံ မသွားစေဘဲ စိုက်စိုက်စူးစူးလေး ထားလို့ နေတာက ဘာလဲ။

ဖြေ။ ။ဝိရတာပါဘုရား။

မေး။ ။သည်တော့ ခုနကလို အမှုကိစ္စတွေကို လုပ်ရင်း သည်စိတ်ကလေးကို ထားလို့ မဖြစ်ဘူးလားဗျ။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲသည်လိုထားလို့ နေတယ်ဆိုရင် ဒါဟာ တစ်ချိန်တည်းမှာ စေတနာရော၊ ဝိရတာရော နှစ်ခုစလုံး ပြီးတယ်မဟုတ်လား။

ဖြေ။ ။ပြီးပါတယ်ဘုရား။

မေး။ ။အေး၊ ဒါကြောင့် အခုနလို ခန္ဓာဝန်အတွက် အမှုကိစ္စတွေလုပ်ရင်း စိတ်ကလေးကို ထားရမယ့်နေရာမှာ တစ်ပါးအာရုံတွေဆီ မသွားစေဘဲ စူးစူးစိုက်စိုက်ကလေးထား၊ ထားတော့ နေတယ်မဟုတ်လား။

ဖြေ။ ။နေပါတယ်ဘုရား။ သို့သော်လည်း အခု တရားနာပရိသတ်တွေထဲမှာ အရှင်ဘုရားရဲ့ တရားကို မနာဖူးသေးတဲ့ လူတွေလဲ ပါပါတယ်ဘုရား။

ဒါကတော့ တကာကြီး တကာမကြီးတွေမှာ မေတ္တာရှင်၊ ကရုဏာရှင်တွေက အမြဲမပြတ် အခါအခွင့် ရတိုင်းရတိုင်း သွန်သင်ဆုံးမထားလို့ သိပြီးသား၊ တတ်ပြီးသားတွေချည်းပါပဲဗျ။ ဘုရားဆုံးမတော်မူတဲ့ ပိဋကတ်သုံးဖြာမှာ သုတ်က ဘယ်ဒင်း၊ အဘိဓမ္မာက ဘယ်ဒင်း၊ ဝိနည်းက ဘယ်ဒင်း ဆိုတာ အားလုံးမှတ်သားပြီး ထားရှိကြပါတယ်ဗျ။ ဒါပေမယ့် ဘုရားရှင် ဆုံးမတော်မူခဲ့တာတွေကတော့ ပြောလို့ မကုန်နိုင်အောင် များပြားပါတယ်။

သည်လိုများပေမယ့် အားလုံးဟာ ဆင်းရဲမှ လွတ်မှုတစ်ခုပဲဗျ။ သည်တော့ ကိုယ်မှတ်ထားတာတွေ အများကြီးရှိတဲ့အထဲက ကိုယ်နှစ်သက်တာ တစ်ခုခုကို ဝီရိယသန်သန်နဲ့ ထူထောင်၍ ဖြစ်တာချည်းပဲဗျ။

လျှောက်။ ။တပည့်တော်တို့မှာ မှတ်ထားတာတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူပါဘူးဘုရား။

မတူပေမယ့် အားလုံးက ဆင်းရဲမှ လွတ်မှု တစ်ခုတည်းပါပဲဗျ။ ဘယ်ဟာကိုပဲ လုပ်လုပ် ဝီရိယရှိဖို့ လိုတာပါဗျ။ ဥပမာတစ်ခု တကာကြီး၊ တကာမကြီးတို့ရယ် အိမ်တိုင်းအိမ်တိုင်းမှာ ဆားတော့ ရှိကြတယ် မဟုတ်လား။

ဖြေ။ ။ရှိကြပါတယ်ဘုရား။

ဘုရားရှင်သာသနာထားခဲ့တယ်ဆိုတာ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့အတွက်သာ ထားခဲ့တာမဟုတ်ဘူး။ ပြီးတော့ အနာထပိဏ်တို့ ဝိသာခါတို့ အတွက်သာ ထားခဲ့တာ မဟုတ်ဘူး။ အားလုံးသော ဝေနေယျသတ္တဝါတွေ အကုန်လုံး အတွက် ထားခဲ့တာဗျ။ သည်လိုထားခဲ့တဲ့ သာသနာအနှစ်ငါးထောင် အတောအတွင်းမှာပဲ အားလုံးတို့ဟာ စိတ်နှလုံး အလိုအတိုင်း ပြီးစီးအောင်မြင်ကြလို့ ချမ်းသာသုခတွေ အသီးသီးနဲ့ ပြည့်စုံသွားကြတာကို မနည်းပေါင်တဲ့ဗျာ။

မေး။ ။သည်တော့ သည်လို ဘုရားရှင် ထားခဲ့တဲ့ သာသနာငါးထောင်ဟာ

အားလုံးသော ကျွတ်ထိုက်ကျွတ်သင့်သော ဝေနေယျသတ္တဝါတွေ အတွက် ထားခဲ့တာဆိုတော့ သည်အထဲမှာ တကာကြီးတို့ရဲ့ ဝေပုံကော မပါဘူးလား။

ဖြေ။ ။ပါပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ့်ဝေပုံဟာ ဘယ်အချိန်မှ ယူရမယ်၊ ဘယ်အချိန်မှာ မယူရဘူးလို့ ရှိသေးသလား။

ဖြေ။ ။သည်လို မရှိပါဘူးဘုရား။ လိုချင်တဲ့အချိန် ရပါတယ်ဘုရား။

မေး။ ။သည်လို ချမ်းသာသုခတွေတော့ ဘယ့်နှယ်လဲ မလိုချင်ဘူးလား။

ဖြေ။ ။လိုချင်ပါတယ်ဘုရား။

မေး။ ။လိုချင်ရင် ယခုကဲ့သို့ ဘုရားရှင်ထားခဲ့တဲ့ သာသနာဝေပုံ ရှိတဲ့အခါမှာ အခုတကာကြီး သုဂတိ လူ့ဘဝကို ရောက်လာတာ ဘယ်လောက်ကြာ သွားပြီလဲ။

ဖြေ။ ။အတော်ကြာပါပြီဘုရား။

မေး။ ။အခု အသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ။ ။အသက် ၆၀ ရှိပါပြီဘုရား။

မေး။ ။နို့ အဲသည်လို အသက် ၆၀ ရှိတဲ့ တကာကြီးဟာ ကိုယ့်အတွက် ဝေပုံ ထားခဲ့မှန်း သိပြီးတော့ ဒါကို အကြွင်းအကျန် မရှိအောင် ယူရဲ့လားဗျ။

ဖြေ။ ။အခု အကုန်လုံး ယူရအောင် ထပြီးလာကြတဲ့ တရားနာပရိသတ်တွေပါ ဘုရား။

မေး။ ။ ရရချင်း မယူထားသေးဘူးလား။

ဖြေ။ ။အခု ယူဆဲ၊ ယူလတ္တံ့၊ ယူတုန်းပါဘုရား။

အေး-ဒါက ကိုယ့်ဝေပုံဗျ။ သည်တော့ ယူတဲ့အချိန်မှာ ရတာပဲဗျ။ သည်ဟာကို ယူကြပြီဆိုတော့ တစ်ခဏစာ တစ်ဘဝစာ မဟုတ်ဘူး။ ဘုရားရှင် ထားတော်မူခဲ့တာက သံသရာ တစ်လျှောက်လုံးအတွက် လုံလုံလောက်လောက်ကြီး ထားခဲ့တာဗျ။ သည်တော့ ကိုယ်သဘောကျသလို အကြွင်းအကျန်မရှိ ယူရုံပါတဲ့ဗျ။ ယူကြပြီဆိုမှဖြင့် အားလုံးတို့ အသီးသီးဟာ ရကြပါလိမ့်မယ်။ အခုယူ အခု ရကြတာဗျ။ (တင်ပါ့ဘုရား။)

ရှေးအရှင်တွေဟာလဲ သည်လိုအချိန် သည်လိုအခါ သည်လိုဘဝမှာပဲ

ဝိရိယတွေ ထူထောင်ပြီး ယူကြသည် ဖြစ်သောကြောင့် ရကြတာပဲဗျ။

လျှောက်။ ။တပည့်တော်တို့မှာတော့ ပါရမီများ လိုနေလို့လား မသိဘူး ဘုရား။ ယူတော့ ယူတာပဲ။ ယူပြီးတဲ့နောက် ပျောက်ပျောက်သွားပါတယ် ဘုရား။

မေး။ ။ဒါကလဲ တကာကြီးရယ် အခု မိုးတွေဘာတွေ ရွာတယ် မဟုတ်လား။

ဖြေ။ ။ရွာပါတယ်ဘုရား။

မေး။ ။ရွာတဲ့အခါကျတော့ အိမ်က မိုးယိုရောဗျာ။ အဲသည်လို ယိုတာဟာလဲ အိမ်ကောင်းလို့လား၊ အိမ်မကောင်းလို့လား ၊ ဘယ်ဟာ မကောင်းတာလဲ။

ဖြေ။ ။မိုးယိုတာကတော့ အိမ် မကောင်းလို့ပါဘုရား။ ဖားသံ ကြားတာကတော့ တပည့်တော် ဝီရိယနည်းလို့ပါဘုရား။

မေး။ ။အိမ်က ညံ့လို့လား၊ အိမ်ရှင်က မပြင်လို့လား။

ဖြေ။ ။အိမ်ရှင်က မပြင်လို့ပါဘုရား။

မေး။ ။ဒါနဲ့ မိုးယိုတာ အိမ်ကို အပြစ်တင်သလားဗျ။

ဖြေ။ ။အိမ်က ဘာမှ ပြန်မပြောတတ်တော့ အိမ်ကိုပဲ အပြစ်ချလိုက်ရတာပဲ ဘုရား။

မေး။ ။ဒါ အိမ်ရှင်အပြစ်လား၊ အိမ် အပြစ်လားဗျ။

ဖြေ။ ။အိမ်ရှင်အပြစ်ပါဘုရား။

မေး။ ။ဒါဖြင့် အခုန ဖားသံကြားတာကကော ပါရမီလားဗျ။

## ပါရမီ မရှိတာလား၊ ဝီရိယ မရှိတာလား

ဖြေ။ ။ပါရမီရှိတဲ့လူတွေတော့ အခုနလို ထားလိုက်ရင် နေတယ်လို့ မှတ်ထား ဖူးပါတယ်ဘုရား။ တပည့်တော်တို့က ပါရမီနည်းတော့ စိတ်ထဲလဲထားလျက်၊ ဖားသံကလဲ ကြားလျက်နဲ့ စိတ်က ဟိုရောက် သည်ရောက် ၊လိုတော့လည်း လိုချင်လိုက်တာ၊ တပည့်တော်ထက် လိုချင်တဲ့ လူတောင်မရှိဘူးလို့ ထင်နေပါတယ်ဘုရား။

မေး။ ။ကောင်းပါ့ဗျာ၊ လိုချင်တယ်ဆိုရင် တကာကြီး ထမင်းစားချင်တယ် မဟုတ်လား။

ဖြေ။ ။စားချင်ပါတယ်ဘုရား။

မေး။ ။အဟုတ်စားချင်တဲ့ အခါကျတော့ တကာမကြီးက ပျင်းပျင်းဖျင်းဖျင်းနဲ့ ရှူးမကျွေးရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ကိုယ်တိုင်ဝင်ပြီး ရှူးစားလိုက်တာပဲဘုရား။

မေး။ ။ရှူးမပေးရင် ငါတော့ မစားသေးဘူးလို့မျှား လုပ်သေးသလား။

ဖြေ။ ။မလုပ်ပါဘူးဘုရား။

မေး။ ။အခုလဲ အားထုတ်ပါ ဆိုတော့ ဖားသံတွေ ကြားတယ်ဆိုတာ အဟုတ် လိုချင်ရင် ကြားပါ့မလားဗျ။

ဖြေ။ ။တပည့်တော် အဟုတ်တော့ လိုချင်ပါတယ်ဘုရား။ ပါရမီက ညံ့နေလို့ ထင်ပါတယ်ဘုရား။

မေး။ ။အခုန ထမင်းတော့ အဟုတ်စားချင်တယ် မဟုတ်လား။

ဖြေ။ ။စားချင်ပါတယ်ဘုရား။

မေး။ ။အဟုတ်စားချင်တော့ သူတို့က မကျွေး နေပစေဆိုပြီး နေသလားဗျ။

ဖြေ။ ။နေပစေလို့ မနေပါဘူးဘုရား။ ကိုယ်တိုင် ရှူးခပ်စားလိုက်တာပဲဘုရား။

မေး။ ။အခုလဲ ဆင်းရဲက အဟုတ်လွတ်ချင်ရင် ဘယ့်နှယ်လဲ၊ သည်ဖားတွေကို လှည့်ချနေမှာလား။

ဖြေ။ ။ဖားတွေကို လှည့်မချပါဘူးဘုရား။ ဖားသံ မကြားအောင်ကိုပဲ ကိုယ့်နားကို ဝီရိယ တင်းပေးမှာပဲဘုရား။

မေး။ ။ဒါဖြင့် သည်လိုလုပ်ဗျ။ ပါရမီက ရှိကြပါတယ်ဗျ။ ဘာက လိုနေတာလဲဗျ။

ဖြေ။ ။ဝီရိယ လိုနေပါတယ်ဘုရား။

## ပါရမီရှိမှ–လို့ ဘုရား မဟော

လိုမှန်းသိရင် မလိုအောင်လုပ်ကြဗျ။ ကြားလား။ အဲသည်လို ဂရုစိုက်ကြပြီဆိုမှဖြင့် ဝီရိယ ကောင်းပြီဆိုမှဖြင့် အဲသည်လိုပါဗျ။ အဲဒါကြောင့်မို့ ပါရမီရယ်၊ ဖားရယ်လို့ မဆိုနဲ့။ ဘယ်လိုတုန်းဆိုတော့ အခွင့်အခါနေရာကျပြီ ဆိုမှဖြင့် အမှန်အတိုင်း၊ တောင့်တတဲ့ အတိုင်းဟာ ယူကြပြီဆိုရင် ကျွတ်ပြီးနိုင်တယ်ဆိုတာကို သိနိုင်တယ်။ သိပြီးပြီဆိုတော့ ဖြောင့်ဖြောင့်ချည်း သည်လိုယူကြ။ ကိုယ်လဲယူ၊ သည့်ပြင်လူတွေလဲ ရစေချင်, ရအောင်လုပ်။

အကျိုးမရှိတဲ့ **'ပါရမီ မရှိဘူး' ဆိုတဲ့ စကားကို မပြောနဲ့။** ကိုယ်လဲ

ပါရမီ မရှိဘူးဆိုပြီး သည်လိုမနေနဲ့။ တည့်တည့်ဖြောင့်ဖြောင့်လုပ်ဗျ။ အဲသည်လိုလုပ်ရင် ကိုယ်လဲ အရှင်တွေလို တည့်တည့်ဖြောင့်ဖြောင့်သွားရင် နေရာကျမယ်။ သည့်ပြင်လူတွေကောဗျာ။

ဖြေ။ ။သည့်ပြင်လူတွေလဲ သည်လို နေရာကျမှာပဲဘုရား။

အေး...ဒါကြောင့် အစီးအပွား ရှိတာကို ပြော၊ အစီးအပွား မရှိတာကို မပြောနဲ့။ **ပါရမီရှိမှဖြစ်တယ်ဆိုတာ ဘုရားဟောတာ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ်တော်သလို ပြောတာဗျ။ ဘုရားဟောတာက ဝီရိယထူထောင်ရင် မဖြစ်ဘူးလို့များ ဟောတော်မူသလား။**

ဖြေ။ ။ဝီရိယ ထူထောင်ရင် ဘယ်ဒင်းမဆို ဖြစ်တယ်လို့ ဘုရားက ဟောပါတယ်ဘုရား။

မေး။ ။ပါရမီရှိမှနဲ့များ ရှိသေးသလား။

ဖြေ။ ။သည်လို မတွေ့ဖူးပါဘူးဘုရား။

အဲသည်လိုဆိုရင် ပစ္စုပ္ပန်ရော၊ သံသရာရော သည်လိုချည်းပဲ သွားမှာပဲ။ ဤကဲ့သို့ ဘုရားအဆုံးအမအတိုင်း သွားကြပြီဆိုရင် ဘယ်ဟာများ စိတ်နှလုံး အလို မပြီးတာများ ရှိဦးမလဲ။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။သည့်ပြင်လူတွေကော ချမ်းသာစေချင်တယ် မဟုတ်လား။

ဖြေ။ ။ချမ်းသာစေချင်ပါတယ်ဘုရား။

မေး။ ။ချမ်းသာစေချင်ရင် အခုနလို အခါခပ်သိမ်းအားဖြင့် စဉ်းစားပြီးတော့ ကိုယ်နှုတ်တို့နှင့် ပြုရင် အကုန်လုံး အစီးအပွား မရှိဘူးလား။

ဖြေ။ ။အစီးအပွား ရပါတယ်ဘုရား။

## ပြောတော့, လုပ်တော့မယ်ဆိုရင် ...စဉ်းစား

အေး- အဒါကို မှတ်ထားကြ။ ပစ္စုပ္ပန်ရော၊ သံသရာရော ကိုယ်လဲ ချမ်းသာချင်တယ်။ သည့်ပြင်အားလုံးတို့လဲ ချမ်းသာစေချင်တယ်ဆိုရင် -

**ကိုယ်နဲ့ ပြုတော့မယ်ဆိုရင်** ငါ့အစီးအပွားများ ရှိသေးသလား၊ အားလုံးရဲ့ အစီးအပွား ရှိသလားဆိုတာကို ပထမ ကြည့်။ ကြည့်တော့ ငါ့အစီးအပွားလဲရှိတယ်။ သည့်ပြင်လူ အစီးအပွားလဲ ရှိတယ်ဆိုရင် ဒါကို ပြု။ ငါလဲ အစီးအပွား မရှိဘူး။ သည့်ပြင်အားလုံးလဲ အစီးအပွား မရှိဘူ

ဆိုရင် မပြုနဲ့။

ပြောပြန်တော့ကော ကိုယ့်အစီးအပွား ရှိသလား၊ သူ့အစီးအပွား ရှိသလား ဆိုတာကို ပထမ စဉ်းစား၊ စဉ်းစားပြီးတော့ သူလဲ အစီးအပွား ရှိတယ်၊ ကိုယ်လဲ အစီးအပွားရှိတယ်ဆိုရင် ပြော။

သူလဲ အစီးအပွား မရှိဘူး၊ ကိုယ်လဲ အစီးအပွား မရှိဘူးဆိုရင် ဒါကို မပြောနဲ့။ အခု တကာကြီးတို့ဟာ သည်လို စဉ်းစားပြီးတော့ မပြောဘူး ထင်တယ်။

ဖြေ။ ။သည်လို မပြောပါဘူးဘုရား။

မေး။ ။လုပ်တော့ကောဗျ။

ဖြေ။ ။လုပ်တော့လဲ တလွဲချည်းပါပဲဘုရား။

မေး။ ။အခုပြောတာက ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘုရား။

အေး–လွယ်လွယ်ကလေးပါဗျ။ သည်တော့ ခက်တာတွေတောင်မှ သူတို့ ကျက်ရ အံ့ရ ပြောရ ဆိုရနဲ့ ခက်လိုက်တာဗျာ။ အခုဟာက သည်လောက် မခက်ပါဘူးဗျ။ သည်တော့ တောင့်တချက်တွေဟာ လွယ်လွယ်ကလေးနဲ့ မပြီးဘူးလား။

ဖြေ။ ။ပြီးပါတယ်ဘုရား။

မေး။ ။သည်လိုချည်း ဒါတွေကို ပြောလို့ ကုန်နိုင်ပါ့မလား။

ဖြေ။ ။မကုန်နိုင်ပါဘုရား။

မေး။ ။အခု ဒကာကြီးတို့ဟာ သည်လိုနဲ့ မပြု၊ မပြောသည်ဖြစ်သောကြောင့် သည့်ပြင်လူတွေလဲ အစီးအပွား မရှိ၊ ကိုယ့်လဲ အစီးအပွား မရှိတာတွေ ဖြစ်ကုန်ရော မဟုတ်လား။

ဖြေ။ ။တင်ပါ့ဘုရား။ သည်လိုမစဉ်းစားဘူး၊ မစဉ်းစားတော့ အစီးအပွားတွေ အကုန် ယုတ်ကုန်ပါတယ်ဘုရား။

မေး။ ။စိတ်ကကော။

ဖြေ။ ။စိတ်ကလဲ အကျိုးရှိ၊ မရှိ စဉ်းစားရပါတယ်ဘုရား။

ဒါတွေကို စဉ်းစား။ စဉ်းစားလို့ သိတော့မှ သည်လို ပြုကြ။ အဲသည်လို ပြုပြီးတော့ သွားကြသည် ဖြစ်သောကြောင့် အစီးအပွားများသည်လဲ ပြောလို့ မကုန်နိုင်ပါဘူးဗျ။ ကိုယ်နဲ့နှုတ်နဲ့ ပြုလို့ အစီးအပွား များတာတွေကော

ပြောလို့ ကုန်နိုင်ပါ့မလား။

ဖြေ။ ။မကုန်နိုင်ပါဘူးဘုရား။

မေး။ ။အဲသည်လို ပြုသွားမယ်ဆိုရင် ပစ္စုပ္ပန်ရော ၊ သံသရာရော အဲသည်လို ပြီးတာပါဗျ။ သည်လောက်ပါပဲဗျ။ များများကြီး မဟုတ်ပါဘူး။ သည်လို ပြုတာ ဘာများ လိုသေးသလဲ။

ဖြေ။ ။ဘာမှ မလိုပါဘူးဘုရား။

မေး။ ။ပါရမီ လိုသေးသလား။

ဖြေ။ ။ပါရမီ မလိုပါဘူးဘုရား။

မေး။ ။ဒါနဲ့ အခုနတော့ ပါရမီ မရှိလို့ ဖားကြောင့် နားကြောင့်နဲ့ ဘာဖြစ်လို့ ပြောနေသလဲ။

ဖြေ။ ။တပည့်တော်တို့လို ခပ်ပျင်းပျင်း လူတွေက ဟိုလွှဲချ သည်လွှဲချနဲ့ပဲ အချိန်ကုန်လာတာပဲဘုရား။

မေး။ ။ပြီးတော့ သားသမီးတွေနဲ့ကော။

ဖြေ။ ။သားသမီးတွေကြောင့်ဆိုပြီးနေတဲ့ တကာကြီး၊ တကာမကြီးတွေလဲ တပည့်တော်တို့နဲ့ အတူတူ အချိန်တွေကုန်နေကြတာပဲဘုရား။

မေး။ ။ရဟန်းသံဃာတွေအတွက် ဆွမ်းချက်ရဦးမယ်၊ ဆွမ်းလောင်းရဦးမယ်နဲ့ လုပ်ချင်လုပ်ဦးမယ်၊ ဟုတ်လား။

ဖြေ။ ။သည်လိုပဲ ပြောကြတာပဲဘုရား။

မေး။ ။ဒါတွေ လုပ်ရင်းနဲ့ လုပ်ရင် သည်ဟာတွေမှာ မဖြစ်တာ ရှိသလား။

ဖြေ။ ။မဖြစ်တာ မရှိပါဘူးဘုရား။

သို့သော်လဲ အခုနလိုလားဗျ။ တစ်ယောက်ယောက် သည်လို ပြောလိုက်ရင် ဒါကတော့ သူ့မှာ တတ်နေတာဗျ။ လုပ်ချင်တာပေါ့ဗျာ။ ဟော–အတော်ကြာ ဆွမ်းခံလာတော့ ဆွမ်းမလောင်းရရင် မခက်ဘူးလား။ ဒါကြောင့် လုပ်နေရတာဗျ။ ဘယ့်နှယ် ဘာညာလို့ ပြောမှာဗျ။ သည်လိုပြော တော့ကလည်း ကိုယ်ပျင်းပေမယ့် ပျင်းတယ်လို့ ပြောလိုက်ရင် အကဲ့ရဲ့ ခံရမှာစိုးလို့ ပိုတာ ထင်ပါရဲ့။

ဖြေ။ ။ကိုယ့်ကိုယ်ကိုယ် ပျင်းတာကို မဖော်ဘဲ ဟိုလွှဲချ၊ သည်လွှဲချ၊ ဖားလွှဲချ၊ ကားလွှဲချနဲ့ ပြောနေတာပါဘုရား။

## အကျိုးရှိအောင် ပြောတတ်၊လုပ်တတ်မှ

ဒါကြောင့် အားလုံးတို့ဟာ အခုန ပြောသလို တည့်တည့်ဖြောင့်ဖြောင့် ပြုရမယ်။ သို့ပြုတော့ ကိုယ့်အတွက်ရတယ်။ အားလုံးအတွက်ပြုတော့ အားလုံးအတွက် ရတယ်။ ကြားဖူးတယ်။ ရှေးက အပရာဇိတမင်း ဆိုတာ ရှိတယ်။ သူ့လက်ထက် လူတွေက ဘယ်လိုလဲဆိုရင် ဒကာကြီး၊ ဒကာမ ကြီးများက ဆင်းရဲတော့ အကြံဖြစ်တယ်။

ဘယ်လို အကြံဖြစ်သလဲဆိုတော့ တစ်နေ့သ၌မှာ ဒကာကြီးတစ်ယောက် ရှင်ဘုရင် ပွဲတော်တည်တဲ့အခါကို သူက စားချင်သတဲ့ဗျ။ စားချင်လိုက်တာတဲ့ဗျ။ နေလို့ကို မဖြစ်တော့ဘူးတဲ့ဗျ။ ရှင်ဘုရင်ပွဲတော်စာ စားဖို့ရာကလည်း မလွယ်ဘူးဗျ။ ဘုန်းရှင်ကံရှင်ဆိုတော့ မလွယ်ဘူးဗျ။ ဘယ့်နှယ့်မှ မဖြစ် နိုင်ဘူးတဲ့ဗျ။ သည်တော့မှ ဒကာမကြီးက အကြံရပြီး သူ့ဒကာကြီးကို ပြောတယ်ဗျ။ ဘယ်လိုလဲဆိုတော့–

"မောင်...ငါတော့ မနေနိုင်တော့ဘူး (ဆိုပြီး အကြံတစ်ခုကို ပြောတယ်။ ဘယ်လိုလဲဆိုတော့) ဆံပင်မုတ်ဆိတ်ကို ရိတ်ပြီး ပရိက္ခရာရှစ်ပါးကို ရအောင်ရှာ။ ရှာပြီး အဲသည် သင်္ကန်းကို ရုံပြီး နန်းတော်ကို သွားပြီး ဘုရင့်ပွဲတော်စာကို အလှူခံပါ"လို့ အကြံပေးတယ်။

အဲသည်တော့မှ ဒကာကြီးကလဲ သူ့ဒကာမကြီး ပြောတဲ့အတိုင်း ရဟန်း လုပ်သွားတာပေါ့ဗျာ။ သည်တော့မှ ပရိက္ခရာရှစ်ပါး၊ သပိတ်သင်္ကန်းနှင့် ရဟန်းရဲ့ ကျင့်ဝတ် အကုန်လုံးပေါ့ဗျာ။ အဲဒါတွေနဲ့ ဘုရားရှင်ဆုံးမတော်မူတဲ့ ဘယ်လိုသွား၊ ဘယ်လိုလာ ဆိုတာကတော့ သိနေနေတော့ အခုန ပြောတဲ့ အတိုင်းဟာ ရဟန်းရဲ့ သာရုပ္ပ ဖြစ်အောင်ဆိုပြီး သည်အတိုင်း သူ လုပ်သွားတာတဲ့ဗျ။

အဲသည်အချိန်မှာပင်လျှင်ပဲ ရှင်ဘုရင်ကို စားတော်ကဲက ပွဲတော်တည်ဖို့ ပွဲတော်စာကို လာဆက်တာကိုးဗျ။ အဲသည်အခါမှာ သူက အခုနလို ပရိက္ခရာရှစ်ပါးနဲ့ ရဟန်းအမူအရာ အသွင်အပြင်နဲ့ လာရပ်တာကိုးဗျ။ သည်လို လာရပ်တာကို မြင်တော့ ရှင်ဘုရင်ကလည်း ကြည်ညိုတာကိုးဗျ။ ကြည်ညိုတော့မှ အေး–တစ်ခါဖြင့် နေရာကျပြီ။ တကတဲပါမှပဲဆိုပြီး ကြည်ညိုပြီးတော့ ငါ မစားတော့ဘူး။ အကုန်လုံး တစ်ခါတည်းပဲ ပွဲတော် ...ကသ်တော့ဘူးဆိုပြီး လှူတာတင်တာတဲ့ဗျ။

'ယနေ့အဖို့မှာ သည်လို ဖြစ်တာဟာ ငါ့ဘုန်း၊ ငါ့ကံ၊ ငါ့ကုသိုလ် ရှိလို့ပဲ' ဆိုပြီး သူက ပျော်ရွှင်ပြီးတော့ လှူလိုက်တာတဲ့ဗျ။ အဲသည်လို လှူပြီး သည့်နောက် သူက အားမရသေးဘဲကိုးဗျ။ အားမရတော့ အမတ်တစ်ယောက်ကို ကြည့်ခိုင်းတာကိုးဗျ။ "မောင်မင်းသည် အရှင်ကို လိုက်ပြီး စုံစမ်းဦး၊ လိုက်ပြီးတော့ ကြည့်ပါဦး" လို့ ခိုင်းလိုက်တော့ သည်အမတ်ကလဲ အစဉ်အတိုင်း လိုက်သွားတာကိုးဗျ။ အခုန ရဟန်းဟာ သည်က သ လိုချင်တာ ရတော့ နန်းတော်က ပြန်ထွက်လာတာကိုး။ မြို့အပြင်ရောက်တော့ အဲသည်မှာ ချုံပိတ်ပေါင်း ထူထပ်တဲ့နေရာ ကျပြီဆိုတော့မှ ဘ လုပ်သတုန်းဆိုတော့ သူ့ သင်္ကန်းကို ဖယ်ရှားပြီး သူ့အဝတ်ကို သူ ဝတ်ဗျ အဲသည်တော့မှ သူ ရခဲ့တဲ့ ပွဲတော်စာကို တစ်ခါတည်းပဲ သူ့အိမ်က ဒကာမကြီးကို ပေးတာပေါ့ဗျာ။

အဲဒါတွေကို အခုန အမတ်က မြင်ပါရောဗျ။ မြင်တော့မှ မှတ်ပြီးတော့ သွားတာဗျ။ ပြန်သွားပြီးတော့မှ သူက စဉ်းစားသတဲ့ဗျ။

'သူလဲ အစီးအပွား မရှိတာ၊

ငါလဲ အစီးအပွား မရှိတာ၊

ရှင်ဘုရင်လဲ အစီးအပွား မရှိတာကိုတော့ ပြောလို့မဖြစ်ဘူး။ အစီးအပွာ ရှိတာကို ပြောမှပဲ တော်မယ်။ ရှင်ဘုရင်လဲ အစီးအပွားရှိအောင်၊ ဟိုသူလဲ အစီးအပွားရှိအောင်၊ ငါလဲပဲ အစီးအပွားရှိအောင် မပြောတတ်ရင် ဘယ်သူမှ ကောင်းမှာ မဟုတ်ဘူး' အဲသည်လို ဟာတွေကို စဉ်းစားပြီး အကုန်လုံ အစီးအပွားရှိအောင် သံတော်ဦး တင်မှပဲ" လို့ စဉ်းစားပြီး သူ သွားပြီ ခစားတယ်ဗျ။

သည်တော့ ရှင်ဘုရင်က ဘယ့်နှယ်လဲ့ မောင်မင်း၊ သည်က ပူဇော်လိုက်တဲ့ အရှင်မြတ်ရဲ့ အာဏာနဲ့ စေခိုင်းလိုက်သည် ဖြစ်သောကြောင့် အစဉ်အတိုင်း လိုက်သွားပါတယ်ဘုရား။ သည်တော့ မြို့ပြင်ကို ရောက်ပါတယ်။ ရောက်တဲ့ အခါ ကျပြီဆိုတော့ သစ်ပင်ချုံနွယ်များ ထူထဲတဲ့နေရာကို ရောက်ပြန်ပါ တယ်ဘုရား။ အဲသည်နေရာကို ရောက်တဲ့အခါကျတော့ ဘုရားကျွန်တော်မျိုး ကြည့်နေစဉ်မှာပဲ 'ရဟန်းအသွင် ကွယ်' သွားပါရောဘုရားလို့ လျှောက်သတဲ့ဗျ။

အဲသည်လို သံတော်ဦးတင်သံကို ကြားတော့ သူက လှူလိုက်ကတည်းက ပျော်နေတာဗျ။ ကြည်ညိုလွန်းလို့ဗျ။ သည်ကျတော့မှ သူက တိုးပြီးတော့

ပျော်တာပဲဗျ။ ပြီးတော့လဲ ကြမ်းကို လက်ဝါးနဲ့ ခတ်ပြီးတော့ 'သည်ဇမ္ဗူ တစ်ခွင်မှာ ငါကဲ့သို့သောမင်း ရှိသေးရဲ့လားဟဲ့' လို့ ဆိုခဲ့ပြီး အထက်ခုန် လိုက်တာတဲ့ဗျ။ အခုနလို လှူလိုက်ရတာကို စိတ်အားဖြင့် ရွှင်ပျော်နေပြီ။ သည်နေ့အဖို့မှာ ပွဲတော် မတည်ဘူးတဲ့ဗျ။ အဲဒါ အမတ်ကလဲ ခုနလို ပြောတာဗျ။ အပြစ်သင့်တော့မှာဗျ။ မင်းမှာကော ။

ဖြေ။ ။မင်းမှာလဲ အကျိုးယုတ်သွားမှာပဲဘုရား။

မေး။ ။ဟိုမှာရော။

ဖြေ။ ။ဟိုမှာလဲ အသတ်ခံရမှာပဲဘုရား။

မေး။ ။သူ့မှာကော။

ဖြေ။ ။သူ့မှာလဲ နေရာကျတော့မှာ မဟုတ်ပါဘူးဘုရား။

အေး–အဲဒါတွေကို သိလို့ အခုနလို အစီးအပွား ရှိတာကို ကြည့်ပြီး သံတော်ဦးတင်တော့ တစ်ခါတည်း ပျော်ရွှင်ပြီး ကြမ်းကို လက်ဝါးနဲ့ ပုတ်ခတ်ပြီး သည်ဇမ္ဗူမှာ ငါကဲ့သို့သောမင်း ရှိသေးရဲ့လားဆိုပြီး ထခုန် လိုက်တာဗျ။ ခုန်လို့ ပြန်ကျလာတော့ တစ်ခါတည်း ခြေနင်းစကြာ ရတာ တဲ့ဗျ။ ဟုတ်ကဲ့လားဗျာ။ အဲဒါ သူ ကောင်းတာဗျ။ ဟုတ်ပါရဲ့လားဗျာ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အခုလဲပဲ တည့်တည့်ဖြောင့်ဖြောင့်ဆိုတာ အခုနလို ပြောမယ်ဆိုရင် ဘယ့်နှယ်တုန်းဗျ။

ဖြေ။ ။တည့်တည့်ဖြောင့်ဖြောင့် ပြောရင် အကျိုးရှိပါတယ်ဘုရား။

မေး။ ။ဘယ်လောက်ထိအောင် အကျိုးရှိမှာလဲဗျ။

ဖြေ။ ။အခုန် ရှင်ဘုရင်ရဲ့ ခြေနင်းစကြာ ရတဲ့အထိ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။က,ပါ့မလား။

ဖြေ။ ။အခုဟာက နိဗ္ဗာန်ပေါက်အထိ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။အဲသည်လို နိဗ္ဗာန်အထိ ပေါက်သွားအောင် လိုကော လိုချင်တယ် မဟုတ်လား ။ (လိုချင်ပါတယ်ဘုရား။)

လိုချင်ရင် ဘုရားရှင် ဆုံးမတဲ့အတိုင်း မှတ်ပြီးတော့ ဝီရိယနှင့်တကွ ထားတယ်။ ထားတော့ အချိန်တိုင်း အချိန်တိုင်း ဘယ်ဣရိယာပုတ်မှာမဆို၊ ဘယ်အမှုကိစ္စကို ပြုရင်းနဲ့မဆို တစ်ယောက်တည်းဖြစ်ဖြစ်၊ များစွာသော ပရိသတ်တွေနဲ့ပဲဖြစ်ဖြစ်၊ သားသမီး မြေးမြစ် ခြွေရံသင်းပင်းတွေနဲ့ပဲဖြစ်ဖြစ်

ရပါတယ်ဗျ။ လုပ်သာလုပ်ပါဗျ။ ရှေးအရှင်တွေဟာလဲ သည်လိုပဲ ပြုကြလို့ အသီးသီးတွေဟာ ကိုယ်မှန်းထား ရည်ရွယ်တဲ့အတိုင်း အသီးသီး ပြီးစီး သွားကြတာတွေဟာ ရေတွက်လို့ မကုန်နိုင်ပါဘူးဗျ။

အခုလဲပဲ အားလုံးတို့ဟာ ကိုယ်နှစ်သက်တဲ့ ဗောဓိအသီးသီး မှန်းထားတာ ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား။) အဲသည်လို ရှိတာကို ပြီးစီးအောင်ဟာ အခုန ပြောတဲ့ဟာတွေကို မမေ့မလျော့ဘဲ ဣရိယာပုတ်လေးဖြာမှာ ဘယ်အခါမှ မပြတ်အောင် ဝိရိယနှင့် ထူထောင်ပြီး ကြိုးစားကြ၊ အားထုတ်ကြဗျား။

[၁၉၅၅–ခုနှစ်၊ မေလ–၂၀–ရက်နေ့ည၊ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ဟောသည်။]

နိဋ္ဌာနဿ ပစ္စယော ဟောတု။

**ဓမ္မာစရိယဦးဌေးလှိုင်**

၁၃၆၂–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀–ရက်၊(၂၆–၈–၂၀၀၀)၊
ရန်ကုန်မြို့။